http://www.dhammadownload.com

မင်္ဂလာကျော့ဝိုင်း…ထွန်း

(သာကီနွယ်)

http://www.dhammadownload.com

မင်္ဂလာကျင့်စဉ်သင်္ဂဟကျမ်း

(သာကီနွယ်)

http://www.dhammadownload.com

မင်္ဂလာကျင့်စဉ်သင်တန်း

(သာကီနွယ်)

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

လက်တွေ့ ကာယကံမြောက်

မင်္ဂလာကျင့်စဉ်သင်တန်း



သာကီနွယ်

(ဓမ္မဗျူဟာ - ပင်တိုင်ကလောင်ရှင်)

http://www.dhammadownload.com

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက် = ၃၂၀၅၇၀၀၉၀၉
ဘာသာရေးဆိုင်ရာ မျက်နှာဖုံးခွင့်ပြုချက် = ၆၀၀၃၆၅၀၇၁၀

ပထမအကြိမ်
၂၀၁၀-ခုနှစ်၊ ဒီဇင်ဘာလ ၊အုပ်ရေ(၁၀၀၀)
တန်ဖိုး-(၁၈၀၀) ကျပ်

အတွင်းစာသားကြီးကြပ် - ဓမ္မဗျူဟာ-ဒေါ်ခင်လှတင် (မဟာသဒ္ဓမ္မဇောတိကဓဇ)

ကွန်ပျူတာစာစီနှင့်ဒီဇိုင်း - ဓမ္မဗျူဟာ - ဒေါ်ဌေးဌေးအောင်

အတွင်းပန်းချီ = ဦးအုန်းလွင်

ပုံနှိပ်သူ = ဦးကျော်ရင် (မြဲ-၀၅၄၁၇)၊ ရွှေခြသေ့ပုံနှိပ်တိုက်
အမှတ် - ၂၂၅၊ ၃၂-လမ်း(အထက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ = ဦးကျော်ဟင်း ၊ ယုံကြည်ချက်စာပေ၊
အမှတ်-၁၁၁ ၊ ၃၃-လမ်း(ထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရာဌာန = ဓမ္မဗျူဟာစာစောင်တိုက်
ကြားတောရလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။ (ဖုန်း-၅၄၆၉၉၇)

" ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း " (CIP)

သာကီနွယ်	၂၉၄.၃

မင်္ဂလာကျင့်စဉ်သင်တန်း / သာကီနွယ် ။ -ရန်ကုန်၊
ယုံကြည်ချက်စာပေ၊ ပထမအကြိမ်၊ ၂၀၁၀။
၃၈၈ -စာ ၊ ၁၅ ×၂၁.၅ စင်တီ။
(၁) မင်္ဂလာကျင့်စဉ်သင်တန်း

http://www.dhammadownload.com

မာတိကာ

- စင်လာချောင်စဦနိဒါန်းစကား
- စာရေးသူအမှာ
- စင်လာသင်တန်းများ ခွင့်လျှစ်နိုင်ကြပါစေ

စဉ်	မင်္ဂလာအမည်		စာမျက်နှာ
၁။	အသေဝနာ စ ဗာလာနံ	(အပဏ္ဏကဇာတ်တော်)	၄
၂။	ပဏ္ဍိတာနဉ္စ သေဝနာ	(မဟာသုတသောမဇာတ်)	၁၅
၃။	ပူဇာ စ ပူဇနေယျာနံ	(သာမညဖလသုတ်တော်)	၂၆
၄။	ပတိရူပဒေသဝါသော စ	(သံဝရဇာတ်)	၄၀
၅။	ပုဗ္ဗေစ ကတပုညတာ	(သီရိဝဍ္ဍမှာသောကမင်းကြီး)	၅၂
၆။	အတ္တသမ္မာပဏိဓိ စ	(တေလပတ္တဇာတ်)	၆၄
၇။	ဗာဟုသစ္စဉ္စ	(သုပ္ပါရကဇာတ်တော်)	၇၇
၈။	သိပ္ပဉ္စ	(အသဒိသဇာတ်တော်)	၈၉
၉။	ဝိနယော စ သုသိက္ခိတော	(သိဂါလသုတ်တော်)	၉၈
၁၀။	သုဘာသိတာ စ ယာ ဝါစာ	(သုဇာတဇာတ်တော်)	၁၀၇
၁၁။	မာတာပိတု ဥပဋ္ဌာနံ	(သောဏနန္ဒဇာတ်တော်)	၁၁၇
၁၂။	ပုတ္တဒါရဿသင်္ဂဟော	(ဥရဂဇာတ်တော်)	၁၃၂
၁၃။	အနာကုလာ စ ကမ္မန္တာ	(တက္ကလဇာတ်တော်)	၁၄၂
၁၄။	ဒါနဉ္စ	(အလောင်းတော် သုမေဓာ)	၁၅၄
၁၅။	ဓမ္မစရိယာ စ	(မဟာဓမ္မပါလဇာတ်တော်)	၁၆၅
၁၆။	ဉာတကာနဉ္စ သင်္ဂဟော	(မဟာသမယသုတ်တော်)	၁၇၈
၁၇။	အနဝဇ္ဇာနိ ကမ္မာနိ	(မဃလုလင်)	၁၈၇

http://www.dhammadownload.com

စဉ်	မင်္ဂလာအမည်		စာမျက်နှာ
၁၈–၁၉။	အာရတီ ဝိရတီ ပါပါ	(ဇနသန္ဓဇာတ်)	၁၉၇
၂၀။	မဇ္ဇပါနာ စ သံယမော	(သားသတ်စားဖခင်)	၂၀၆
၂၁။	အပ္ပမာဒေါ စ ဓမ္မေသု	(ရက်ကန်းသည်မလေး)	၂၁၈
၂၂။	ဂါရဝေါ စ	(ဆဝဇာတ်)	၂၂၆
၂၃။	နိဝါတော စ	(အမ္ဗဇာတ်)	၂၃၅
၂၄။	သန္တုဋ္ဌီစ	(ဖြဟ္မဒတ္တဇာတ်တော်)	၂၄၄
၂၅။	ကတညုတာ	(မဟာအဿာရောဟဇာတ်)	၂၅၃
၂၆။	ကာလေန ဓမ္မဿဝနံ	(ဓမ္မစကြာသုတ်တော်)	၂၆၁
၂၇။	ခန္တီစ	(ရှုဋ္ဌဗောဓိဇာတ်)	၂၆၉
၂၈။	သောဝစဿတာ	(ကေပဏ္ဏဇာတ်တော်)	၂၇၇
၂၉။	သမဏာနဉ္စ ဒဿနံ	(နိဂြောဓ သာမဏေ)	၂၈၆
၃၀။	ကာလေန ဓမ္မသာကစ္ဆာ	(သမ္ဘဝဇာတ်)	၂၉၃
၃၁။	တပေါ စ	(မုဒုလက္ခဏဇာတ်တော်)	၃၀၁
၃၂။	ဗြဟ္မစရိယဉ္စ	(ပိပ္ပလိလုလင်နှင့်မယ်ဘဒ္ဒါ)	၃၁၂
၃၃။	အရိယသစ္စာန ဒဿနံ	(ဩဝါဒပါတိမောက်အခါတော်)	၃၂၂
၃၄။	နိဗ္ဗာန သစ္ဆိကိရိယာ စ	(ဘုရားရှင်ကပိလဝတ် နေပြည်တော် ကြွတော်မူခန်း)	၃၃၂
၃၅။	န ကမ္ပတိ	(ယသောဓရာ ဦးတင်ခန်း)	၃၄၂
၃၆။	အသောကံ	(ဘုရားဖြစ်တော်မူခန်း)	၃၅၁
၃၇။	ဝိရဇံ	(မာရ်နတ်သမီးများ ဖြားယောင်းခန်း)	၃၆၀
၃၈။	ခေမံ	(မင်္ဂလာဇာတ်လမ်း)	၃၇၀

http://www.dhammadownload.com

မင်္ဂလာကျင့်စဉ် နိဒါန်းစကား

ပြည်ထောင်စု မြန်မာနိုင်ငံသားများနှင့်တကွ ကမ္ဘာသူ ကမ္ဘာသား အားလုံးတို့သည် မင်္ဂလာရှိသော သူတော်ကောင်းတွေ အများအားဖြင့် ဖြစ်ကြပါသည်၊ ဗုဒ္ဓမြတ်စွာ၏ အလိုတော်ကျ မင်္ဂလာရှိသောသူတွေ ဖြစ်ကြပါမှ ဗုဒ္ဓဘာသာဝင် ဖြစ်ရကျိုးနပ်ပေမည်၊ ဗုဒ္ဓဘာသာစစ်စစ် ဖြစ်ရကျိုးနပ်ကြရလေအောင် ဗုဒ္ဓမြတ်စွာ၏ ၃၈–ဖြာမင်္ဂလာတရားတော်နှင့် ညီညွတ်စွာ နေထိုင်ရေးကို ကြိုးစား အားထုတ်ကြစေချင်သည်၊ အပြောလွယ်သလောက် လက်တွေ့ အကောင်အထည် ဖော်ရာ၌ ခဲယဉ်းနေတတ်ကြသည်၊ ဥပမာ– ဗုဒ္ဓမြတ်စွာက ''လူမိုက်တို့နှင့် မပေါင်းသင်းရ''ဟု ဟောထားသည်၊ ခေတ်အလိုက် ပြေပြစ်အောင် အပေါင်းအသင်းဆန့်သဘောမျိုးဖြင့် ပေါင်းသင်းဆက်ဆံနေကြသည်၊ ဤသည်ကို အချို့က ထောက်ခံသောသဘော သက်ရောက်နေသည်။

အမှန်မှာ ထိုလူမိုက်နှင့် ပတ်သက်ပြီး မိမိမှာ မင်္ဂလာတရား မပျက်ဘဲ မင်္ဂလာတရား မူလရှိမြဲအတိုင်း ရှိနေသင့်ကြသည်၊ လူမိုက်နှင့် ပေါင်းသင်းမှုအတွက် မင်္ဂလာတရား မိမိမှာ ပျက်ကွက်လောက်လျှင် ခပ်ခွါခွါ နေသင့်ကြသည်၊ မင်္ဂလာတရားသည် အလွန် ကောင်းမွန်သော အကျင့်တရားများဖြစ်၍ ဘာသာတိုင်းနှင့် သင့်လျော်လျောက်ပတ်သည်၊ ဘာသာတိုင်း လက်ခံနိုင်သော အခြေအနေရှိသည်ဟု ဆိုလိုပါသည်။

လူတိုင်းလူတိုင်း များသောအားဖြင့် မင်္ဂလာတရား ပျက်ပြားနေကြသည်၊ မင်္ဂလာတရား လက်ကိုင်ထားကြမှသာ ကမ္ဘာလောကကြီး တိုးတက်ကောင်းမွန်လာနိုင်သည်၊ လူတွေ အကျင့်စာရိတ္တ တိုးတက်မှုရှိရန်အတွက်လည်း မင်္ဂလာတရားသာ အားထားရာရှိသည်၊ မင်္ဂလာတရား ခေါင်းပါးကြသည့်အတွက် (ဝါ) မင်္ဂလာတရားတော်နှင့် မနေထိုင်ကြသည့်အတွက် လူသားတွေမှာ အကျင့်စာရိတ္တတွေ ပျက်ပြားလာကြသည်၊ အကျင့်စာရိတ္တ ပျက်ပြားမှု တားဆီးရေးကို မင်္ဂလာတရားတော်ဖြင့်သာ လုပ်ကိုင် ဆောင်ရွက်သင့်ကြသည်။

မြန်မာနိုင်ငံ ဗုဒ္ဓဘာသာဝင်များသည် ဗုဒ္ဓဘာသာအမည်ကို ခံယူထား

http://www.dhammadownload.com

မြတ်စွာက မင်္ဂလာတရားတော်နှင့် ညီညွတ်စွာ နေထိုင်ကြဖို့ လိုလား နှစ်သက်တော်မူသည်၊ ဗုဒ္ဓမြတ်စွာက မင်္ဂလာတရားတော် ညီညွတ်စွာ နေကြဖို့ လိုလားပါလျက် မင်္ဂလာတရားတော်ကို မျက်ကွယ်ပြုသူများသည် ဗုဒ္ဓမြတ်စွာကို ဆန့်ကျင်ဘက်ပြုရာ ရောက်နေပါသည်၊ ဗုဒ္ဓမြတ်စွာကို ဆန့်ကျင်ဘက်ပြုရာ မရောက်အောင် ကိုယ်တိုင်လည်း မင်္ဂလာတရားတော်နှင့် လျော်ညီစွာ နေထိုင်ကြဖို့ သူတစ်ပါးတို့အားလည်း မင်္ဂလာတရားနှင့် ညီညွတ်စွာ နေထိုင်ရေးကို အားပေးသင့်ကြပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံ၌ မင်္ဂလာတရားတော်နှင့် ပြည့်စုံအောင် နေထိုင်ကြသော ရှေးခေတ်လူများသည် ယခုမျက်မှောက်ခေတ် လူများထက် ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှုကို ရရှိနေကြပါသည်၊ ရောဂါဝေဒနာ နည်းပါးကြပါသည်၊ ငါးပါးသီလ မြဲကြပါသည်၊ ဥပုသ်နေ့တို့၌ ရှစ်ပါးသီလ ဆောက်တည်ကြပါသည်၊ ရပ်မှုရွာမှုကိစ္စ ညီညွတ်ကြပါသည်၊ ရှေးခေတ်လူများလို ကောင်းစားလိုကြပါလျှင် မင်္ဂလာတရားတော်နှင့်အညီ နေထိုင်ကြရန် ဖြစ်သည်၊ မင်္ဂလာတရားတော် ပြန့်ပွားရေး အလေးဂရုပြုပြီး ဆောင်ရွက်ကြပါလျှင် မင်္ဂလာတရားတော်က မင်္ဂလာနှင့် ပြည့်စုံသူတို့ကို ကူညီစောင့်ရှောက်ပါလိမ့်မည်။

ရဟန်းသံဃာတော်များနှင့်တကွ လူကြီးလူငယ် အပေါင်းတို့သည် ဗုဒ္ဓမြတ်စွာ၏ မင်္ဂလာတရားတော်တို့ကို နာကြားရသဖြင့် ယုံမှားသံသယ ကင်းရှင်း၍ အချင်းချင်း သင့်တင့် ညီညွတ်ကြပြီးသော် ဗုဒ္ဓမြတ်စွာ၏ ဂုဏ်တော်ကျေးဇူးတော်တို့ကို လှစ်ဖော် ချီးကျူးကာနေကြသည်၊ ထိုအခါ ဗုဒ္ဓမြတ်စွာ ကြွလာတော်မူ၍ အကြောင်းခြင်းရာကို မေးမြန်းတော်မူရာ မင်္ဂလာနှင့်စပ်သော စကားကို ပြောဆိုမှန်းသိ၍ အလောင်းတော်ဖြစ်စဉ်ကလည်း မင်္ဂလာပြဿနာကို အကျဉ်းချုပ်အားဖြင့် ဖြေကြားတော်မူဖူးကြောင်း မိန့်တော်မူပြီးလျှင် မင်္ဂလာဇာတ်ကို ဟောကြားတော်မူပါသည်။

ထိုမဟာမင်္ဂလာဇာတ်၌ အလောင်းတော် ရက္ခိတရသေ့ကြီးသည် တပည့်ငယ် ရသေ့ငယ်များက လျှောက်ထား မေးမြန်းကြသဖြင့် မင်္ဂလာ ၈-ပါးကို အကျဉ်းအားဖြင့် ဟောကြားတော်မူသည်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

http://www.dhammadownload.com

များပါမကျန် ချမ်းသာစေရန် ရည်သန်သောစိတ်ထားဖြင့် မေတ္တာပွားများခြင်းသည် မင်္ဂလာမည်၏။

၂။ အလုံးစုံသော လူအပေါင်းတို့၌ ထော်လော်ကန့်လန့် မခန့်မညား မပြုနိမ့်ချမှုကို ရှေ့ထားကာ ဖရုသဝါစာ ကြမ်းတမ်းစွာပြောသော နှုတ်သံကို သည်းခံခြင်း ခန္တီသည် မင်္ဂလာမည်၏။

၃။ မိတ်ဆွေ သူငယ်ချင်းတို့ကို အတတ်ပညာဂုဏ်ဖြင့်လည်းကောင်း၊ အမျိုးဂုဏ်အားဖြင့်လည်းကောင်း၊ ဓနဂုဏ်ဖြင့်လည်းကောင်း၊ ဇာတိဂုဏ်အားဖြင့်လည်းကောင်း မထေမဲ့မြင် မပြုခြင်းသည် မင်္ဂလာမည်၏။

၄။ အကျွမ်းတဝင် ချစ်ခင်လှသော ပညာရှိမိတ်ဆွေကောင်းရှိသဖြင့် ထိုမိတ်ဆွေကောင်းတို့အား ပြစ်မှားခြင်းကင်းစွာ ဥစ္စာပစ္စည်းဖြင့်သော်လည်းကောင်း ဝေဖန်ခွဲခြမ်း၍ ပေးကမ်းရသည်၊ ထိုမိတ်ဆွေကောင်းရှိခြင်း၊ မိတ်ဆွေကောင်းတို့အား ပြစ်မှားကင်းစွာ ဥစ္စာဆက်ဆံ ဝေဖန်ဖြန့်ချိခြင်းသည် မင်္ဂလာမည်၏။

၅။ အကြင်ယောက်ျားအား သက်တူရွယ်တူ အပြုအမူ ညီညာဝမ်းသာ ဝမ်းမြောက်အောင် ပြုတတ်၍ လင့်စိတ်ဓာတ်အလိုသာ လိုက်ပြီးလျှင် သုစရိုက်ဆယ်ပါး ကုသိုလ်တရားကိုသာ နှစ်သက်၏၊ ထို့ပြင် လင်ကိုလည်း ရိုသေတုပ်ကွ အကျင့်သီလနှင့်ပြည့်စုံ၊ အမြုံလည်း မဟုတ်ဘဲ ဥတ္တမဇာတ်အမျိုးလည်း မြတ်၏၊ ထိုယောက်ျားအား ထိုထိုဆိုခဲ့ပြီးသော ဂုဏ်နှင့် ပြည့်စုံသောဇနီး ရှိခြင်းသည် မင်္ဂလာဖြစ်သည်။

၆။ အကြင်မင်းမှုထမ်းယောက်ျား စိတ်ထားစင်ကြယ် မြင့်မြတ်၍ ဝီရိယဓာတ်ကောင်းရှိပြီးလျှင် သမာဓိတည်ခိုင်ကာ မဏ္ဍိုင်တိုက်သို့သော စိတ်မြတ်ရှိ၏၊ ထိုမင်းမှုထမ်းယောက်ျား၏ စင်ကြယ်သောစိတ်ဓာတ်နှင့် ကောင်းမြတ်သော ဝီရိယ၊ သမာဓိရှိခြင်းသည် မင်္ဂလာမည်၏။

၇။ အကြင်ပုဂ္ဂိုလ်သည် ကံ—ကံ၏အကျိုးကို ယုံကြည်ပြီးလျှင် ကြည်လင်သောစိတ်ဇော ဝမ်းမြောက်သော သောမနဿပီတိဖြင့် ထမင်းအဖျော်သင့်လျော်သော အလှူဝတ္ထုကို ပေးကမ်း လှူဒါန်း၏၊ ထိုပုဂ္ဂိုလ်၏ ပေးကမ်းလှူဒါန်းသော ဒါနစေတနာသည် မင်္ဂလာမည်၏။

http://www.dhammadownload.com

၈။ ပညာကြီးမားၡ၍ စိတ်ထားတည်ငြိမ်စွာ ကုန္တြေရှင် ဖြစ်တော်မူကြသော အရှင်ရဟန္တာမြတ်သည် အကြင်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို မြင့်မြတ်သော အကျင့်ဖြင့် သင့်တင့်လျောက်ပတ် ကောင်းမြတ်စွာ သင်ကြားပြသတော်မူပြီးလျှင် အရဟတ္တဖိုလ်ကို ခိုလှုံမိစေသည်ဖြစ်အံ့၊ ရဟန္တာတို့၏အလယ် တင့်တယ်စွာ ရအပ်သော ထိုပုဂ္ဂိုလ်၏ အရဟတ္တဖိုလ်သည် မင်္ဂလာမည်၏။

ဘုရားအလောင်းတော် ရက္ခိတရသေ့ကြီး ဖြစ်တော်မူစဉ်အခါကလည်း ဗုဒ္ဓမြတ်စွာ လက်ထက်တော်အခါကကဲ့သို့ပင် ဒိဋ္ဌမင်္ဂလာဂိုဏ်းသား၊ သုတမင်္ဂလာဂိုဏ်းသား၊ မုတမင်္ဂလာဂိုဏ်းသားဟု အကွဲကွဲ အပြားပြား ဖြစ်နေကြသဖြင့် မင်္ဂလာပြဿနာကြီး ဖြစ်ပေါ်လာရသည်၊ ထိုမင်္ဂလာပြဿနာကို တပည့်ရသေ့ငယ်များအား ဗာရာဏသီမင်းတရားက ပြန်ကြားလျှောက်ထားစေသောအခါတွင် တပည့် ရသေ့ငယ်များက ပြန်ကြားဖြေဆိုခြင်းငှာ မစွမ်းနိုင်ကြရာသောကြောင့် ဆရာဖြစ်သော ရက္ခိတရသေ့ကြီးအား ချဉ်းကပ် ဝင်ရောက်လျှောက်ထားသောအခါမှ အထက်ပါ မင်္ဂလာ ၈-ပါးကို ဘုရားအလောင်းတော်မြတ် ဟောကြားတော်မူအပ်သည်၊ အလောင်းတော်ဘဝဖြစ်စဉ်က ဟောအပ်သော မင်္ဂလာတရား ၈-ပါး သည်ပင် အနှစ်သာရတို့နှင့် ပြည့်စုံလှသည်ဖြစ်၍ သဗ္ဗညုတဉာဏ်ရှင် ဖြစ်တော်မူသောဘဝ၊ သမ္မာသမ္ဗုဒ္ဓဘုရားရှင် ဖြစ်သောအခါမျိုး၌ ဟောကြားတော်မူအပ်သော မင်္ဂလာတရားတော်မှာ အဘယ် ပြောဖွယ်ရာ ရှိချေအံ့နည်း၊ အလွန် အကျိုးအာနိသင် ကြီးမားလှပါပေသည်။

ဤကဲ့သို့ ဗုဒ္ဓမြတ်စွာ ဟောကြားသော မင်္ဂလာတရားတော်နှင့် လျော်ညီစွာ နေထိုင်ကြဖို့အတွက် ဤမည်သော "**မင်္ဂလာကျင့်စဉ်သင်တန်း**" စာသားများက စာရှုသူတို့အား အကူအညီ ပေးပါလိမ့်မည်၊ ဤသင်တန်း၏ သင်ခန်းစာလာ မင်္ဂလာနှင့်စပ်သော အကြောင်းအရာ ဖြစ်စဉ်တို့ကို ကြည့်ရှု လေ့လာကြ၍ မင်္ဂလာရှိသူတွေဖြစ်အောင် ကြိုးစား အကောင်အထည် ဖော်နိုင်ကြပါစေဟု ဆုတောင်းရင်း နိဒါန်းစကားကို လက်စသတ်လိုက်ရပေသည်။

ပဓာန-အရှင်ကေသရ

မြသိန်းတန်ကျောင်းတိုက်(၂၅-၄-၂၀၁၀)

http://www.dhammadownload.com

စာရေးသူအမှာ

ဓမ္မလာသင်တန်းများ ဖွင့်လှစ်နိုင်ကြပါစေ

မင်္ဂလာတရားတော် ... မင်္ဂလာတရားဆိုလျှင် ဗုဒ္ဓဘာသာဝင်တိုင်း လိုလို ကြားဖူးနားဝ ရှိပြီး ဖြစ်ကြပေသည်၊ သို့သော် လုံးစေ့ပါဌ်စေ့ ကျကျနန သိသူကား ရှားလှ၏၊ ငယ်ရွယ်စဉ်က ဘုန်းတော်ကြီးကျောင်းတွင် အလျား မှောက်၍ ကုန်းအော်ခဲ့သော **ဘောဒေဝပုတ္တ–** အိုနတ်သားလောက်ဖြင့်ပင် မင်္ဂလာတရားတော်အပေါ် တန်ဖိုးဖြတ်၍ ကျေနပ်နေသူက များလှ၏၊ မင်္ဂလာ တရားကို ထပ်မံ လေ့လာခြင်း၊ သုံးသပ်ခြင်း၊ ဆွေးနွေးခြင်း၊ လက်တွေ့ အသုံး ပြုခြင်းတို့ကား ရှာမှ ရှားလှတော့၏၊ ထို့ကြောင့် မင်္ဂလာတရားနှင့် ဗုဒ္ဓ ဘာသာဝင်များသည် နီးစပ်မလိုလိုနှင့် ဝေးနေသည်၊ သိသလိုလိုနှင့် တကယ် မသိ ဖြစ်နေသည်၊ ထိုသို့ တကယ်မသိကြသဖြင့်လည်း တကယ် မကျင့်သုံး တတ် ဖြစ်ခဲ့ရသည်၊ မင်္ဂလာကို စာအနေဖြင့်သာ သိ၍ အလုပ်အနေဖြင့် မသိ ဖြစ်ခဲ့ရသည်။

မင်္ဂလာတရားကား အလုပ်တရားတည်း၊ ယနေ့လုပ် ယနေ့အကျိုးပြု သည်၊ နက်ဖြန်သဘက် ဆိုင်းမနေ၊ ဤသည်ကို ဗုဒ္ဓဘာသာဝင်တိုင်း လက်ခံ သိရှိထားရန် လိုအပ်နေလေသည်၊ ဤအချက်ကို သတိပြုမိကြသော ပုဂ္ဂိုလ် များက မင်္ဂလာတရားတော်ကို ဟောပြောခြင်း၊ ရေးသားခြင်း၊ ဆွေးနွေးခြင်း၊ အသင်းအဖွဲ့များက ဦးစီး၍ သင်တန်းများ ပို့ချခြင်း၊ စာမေးပွဲများ ကျင်းပခြင်း တို့ကို ပြုခဲ့ကြပေသည်၊ သာဓု ခေါ်ဖွယ်ရာပေတည်း။

ယခု မင်္ဂလာကျင့်စဉ်သင်တန်း (ကာယကံမြောက် ကျင့်သုံးရေး–လက် တွေ့ မင်္ဂလာသင်တန်း) မင်္ဂလာတရားတော်ကို စာအနေထက် အလုပ်အနေဖြင့်

http://www.dhammadownload.com

လက်တွေ့ ကျင့်သုံးနိုင်အောင် အများဆုံး စီစဉ် ရေးသားထားပါသည်၊ အသုံး အနှုန်း အရေးအသား စသည်များကိုလည်း ခေတ်လူများ နားလည်နိုင်သမျှ နားလည်နိုင်အောင် ကြိုးစားထားသည့်အပြင် ပို့ချမှုစနစ်တွင်လည်း ခေတ်နှင့် ဆီလျော်မည့် သင်တန်းပုံစံစနစ်ဖြင့် ဖန်တီးပေးထားရာ အများနှင့် ဆီလျော် လိမ့်မည်ဟု မျှော်ခေါ်မိပါသည်၊ တစ်ဖန် ဇာတ်လမ်းနှင့် ပုံစံကို ရွေးထုတ်ရာ တွင်လည်း တစ်ဘာသာ ဆန်းသစ်စေရန် အများဆုံး ကြိုးစားထားပါသည်။

ဤမင်္ဂလာကျင့်စဉ်သင်တန်းကို ဖတ်ကာမျှဖြင့် ကျေနပ်တော်မူမနေ ကြဘဲ မိမိပတ်ဝန်းကျင်တွင် အပတ်စဉ်, လစဉ် တကယ့်လက်တွေ့ မင်္ဂလာ သင်တန်းများ ပေါ်ပေါက်လာအောင် ကြိုးစားဆောင်ရွက်၍ မင်္ဂလာတရားတော် ထွန်းကားပြန့်ပွားရေးကို တာဝန်တစ်ခုအနေဖြင့် မဖြစ်မနေ ကြိုးစားတော်မူ ကြခြင်းဖြင့် သာသနာတော် အဓွန့်ရှည် တည်တံ့, တိုးတက်, ပြန့်ပွားရေးကို အသိနှင့်အကျင့် ဒွန်တွဲ ဆောင်ရွက်ကြစေလိုပါသည်။

ယင်းသို့ မင်္ဂလာသင်တန်းများ ဖွင့်လှစ်၍ မင်္ဂလာတရားတော် ပြန့်ပွား ရေးကို ကာယကံမြောက် ဆောင်ရွက်ပါက မင်္ဂလာတရားနှင့် စိမ်းကားနေကြ သော ခေတ်လူငယ်များလည်း စိတ်ပါဝင်စားလာစရာ အကြောင်းရှိသည့်အပြင် မင်္ဂလာတရားတော်ကို သင်ယူခဲ့ဖူးသော်လည်း စာအုပ်ထဲတွင် ပြန်ထားခဲ့ကြ သည့် ပုဂ္ဂိုလ်များအတွက်ပါ အကျိုးသက်ရောက်လာစရာ အကြောင်းရှိသည်ကို မျှော်မြင်မိသည့် အားလျော်စွာ သာသနာပြုရန် တာစူနေကြသော ဓမ္မအဆွေ တော်တို့သည် ဤမင်္ဂလာတရားတော်ပြန့်ပွားရေးကိစ္စကို မိမိ၏ အရေးကြီး သော ကိုယ်ရေးကိုယ်တာ ကိစ္စတစ်ခုအလား သဘောထား၍ "မင်္ဂလာသင်တန်း များ" ဖြစ်ပေါ်အောင် မဖြစ်မနေ ကြိုးစားနိုင်ကြဖို့ ဤ "**မင်္ဂလာကျင့်စဉ် သင်တန်း**"ကို ပြီးဆုံးအောင် တတ်မြောက်အောင် တက်ရောက်(ဖတ်ရှု ကျင့်သုံး)ကြပါရန် လေးမြတ်စွာ နှိုးဆော်ရေးသားလိုက်ရပါသည်။

သာဓကီစွယ်(ဦးမြသောင်း)

(၁-၈-၁၉၆၆)

http://www.dhammadownload.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

မင်္ဂလာကျင့်စဉ်သင်တန်း

တလေးရွယ် လိမ္မာနှင့်ဝါမှ၊ ကြီးရင့်တ လိမ္မာမည်။
မလိမ္မာ ဖြည်ထောင်ရကြလျှင်၊ တောင်းမှုမတည်။
တလေးတို့ နေဖြည်၊ တည်စေဖို့ စိတ်စော။
နံနက် မင်္ဂလာနှင့်၊ နေ့တွော ညဉ့်ဝါသုံးလို့ရယ်တွယ်။
ဖြိုးကြစေသော်။ ။ (အရှင်ဇနကာဘိဝံသ)

အားလုံး "မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ"၊ ယခု ဖွင့်လှစ်လိုက်တဲ့ ကာယကံမြောက် ကျင့်သုံးရေး လက်တွေ့ မင်္ဂလာသင်တန်းသို့ မင်္ဂလာရှင်လေးများ စုံစုံညီညီ တက်ရောက်လာတာကို တွေ့ရတဲ့အတွက် ဝမ်းသာအားရ ဖြစ်မိပါတယ်၊ ဝမ်းသာအားရ ဖြစ်မိတာနဲ့အမျှ ဂုဏ်လည်း ဂုဏ်ယူမိပါတယ်၊ မင်္ဂလာတရားတော်ဟာ လောကီ၊ လောကုတ္တရာ နှစ်ဌာနသောကိစ္စများ အောင်မြင်ရေးရရန် သော့ချက်ဖြစ်တဲ့အတွက် ကြီးပွားတိုးတက်ရေးကို ရှေးရှုနေကြတဲ့ ပုဂ္ဂိုလ်တိုင်းဟာ မင်္ဂလာတရားတော်ကို အချက်ကျကျ သိထားသင့်တယ်လို့ ထင်ပါတယ်၊ ပြီးတော့ မင်္ဂလာတရားတော်ဟာ သိထားရုံနဲ့ မပြီးသေးပါဘူး၊ သိထားတဲ့အတိုင်း ကာယကံမြောက် လက်တွေ့ ကျင့်သုံးဖို့လည်း အထူး အရေး

http://www.dhammadownload.com

ကြီးပါတယ်၊ ဒီလို အရေးကြီးတဲ့အတွက်လည်း ဒီသင်တန်းကို "**ကာယကံမြောက် ကျင့်သုံးရေး လက်တွေ့မင်္ဂလာသင်တန်း**" တစ်နည်း "**မင်္ဂလာကျောင်းစဉ် သင်တန်း**"လို့ အမည်တပ်ထားခြင်း ဖြစ်ပါတယ်။

မင်္ဂလာရှင်လေးများဟာ ယခု ဒီသင်တန်းကို စိတ်ပါလက်ပါ တက်ရောက်လေ့လာကြတဲ့နည်းတူ (သိထားတဲ့အတိုင်း) တကယ် လက်တွေ့ ကျင့်သုံးကြဖို့ကိုလည်း ဆရာ အထူးပဲ တိုက်တွန်းပါတယ်၊ ဒါမှလည်း ဒီသင်တန်းကို တက်ရကျိုး နပ်လိမ့်မယ်လို့ ယူဆပါတယ်၊ မင်္ဂလာနဲ့ ပြည့်စုံတယ်ဆိုတာဟာ "မင်္ဂလာနဲ့ ပြည့်စုံပါစေ"လို့ ဆုတောင်းရုံနဲ့ မပြည့်စုံပါဘူး။ တကယ် လက်တွေ့ ကျင့်သုံးမှ ပြည့်စုံပါတယ်၊ မင်္ဂလာနဲ့ ပြည့်စုံသူဟာ မင်္ဂလာကို ပိုင်ဆိုင်သူ ဖြစ်တဲ့အတွက် '**မင်္ဂလာရှင်**'လို့ ခေါ်သင့်ပါတယ်၊ ဒီသင်တန်းကို တက်ရောက်လာကြတဲ့ မောင်တို့ မယ်တို့ဟာ မင်္ဂလာတရားကို လက်တွေ့ ကျင့်သုံးနိုင်ရေးကို ဦးတည်နေကြတဲ့အတွက် မကြာမီမှာ မင်္ဂလာတရားကိုသိပြီး ကာယကံမြောက် ကျင့်သုံးကြလိမ့်မယ်လို့ ဆရာ ယုံကြည်ပါတယ်၊ ဒါကြောင့် ဒီကနေ့က စပြီး မောင်တို့ မယ်တို့ကို ဆရာက မင်္ဂလာရှင်လို့ အမည်ပေးလိုက်ပါရစေ၊ မင်္ဂလာရှင် အမည်ခံတဲ့နေ့ကစပြီး အစစ အရာရာမှာ မင်္ဂလာနဲ့ ပြည့်စုံအောင် ပြောဆိုနေထိုင်ကြဖို့ကိုလည်း ဆရာ အထူးပဲ မေတ္တာရပ်ခံပါတယ်။

မင်္ဂလာရှင်လေးများဟာ အနာဂတ် တိုင်းပြည်ရဲ့ ခေါင်းဆောင်လောင်းများ ဖြစ်ကြပါတယ်၊ ခေါင်းဆောင်ကောင်း ဖြစ်မြောက်ရေးအတွက် အတတ်ပညာကို ကြိုးစားကြတဲ့နည်းတူ အသိပညာကိုလည်း သိအောင် လေ့လာထားရပါမယ်၊ အတတ်ပညာ၊ အသိပညာများကို လေ့လာ တတ်မြောက်ထားကြသလို အကျင့်ပညာကိုလည်း (တတ်သိထားတဲ့အတိုင်း) ကျင့်တတ်အောင် လက်တွေ့ ဆောင်ရွက်ဖို့ လိုအပ်တယ်လို့ ဆရာ ယူဆပါတယ်၊ ယခုလို ငယ်ရွယ်တဲ့ အချိန်ကစပြီး ပညာတတ်ကလေးတွေ၊ လူလိမ္မာကလေးတွေ ဖြစ်အောင် ကြိုးစားမှ ကြီးလာရင်လည်း ပညာတတ်ကြီးတွေ၊ လူလိမ္မာကြီးတွေ ဖြစ်လာနိုင်ပါတယ်၊ ဒီလို ပညာတတ် လူလိမ္မာ ပေါများတဲ့ တိုင်းပြည်ဟာ ကမ္ဘာ့အလယ်မှာ မျက်နှာမငယ်နိုင်ပါဘူး။

http://www.dhammadownload.com



http://www.dhammadownload.com

ဒါကြောင့် မင်္ဂလာရှင် မောင်မယ်တို့ တိုင်းပြည်တာဝန်ယူတဲ့ အလှည့် ရောက်တဲ့အခါ တိုင်းပြည်တာဝန်ကို ကျေကျေပွန်ပွန် ထမ်းဆောင်နိုင်ကြရေး အတွက် ယခုကစပြီး လူလိမ္မာ၊ ပညာတတ်ကလေးတွေဖြစ်အောင် ကြိုးစား ထားကြဖို့ လိုပါတယ်၊ ဒီလို ကြိုးစားတဲ့နေရာမှာ အောင်မြင်ရေးအတွက် အများကြီး အထောက်အကူပြုနိုင်တဲ့ ကြီးပွားတိုးတက်ရေးလမ်းညွှန် မင်္ဂလာ တရားကို မျက်ကွယ်ပြုမထားကြဘဲ လေ့လာ သင်ကြားကြပြီး ကာယကံမြောက် လက်တွေ့ ကျင့်သုံးကြမယ်ဆိုရင် မင်္ဂလာရှင်တို့အတွက်ရော တိုင်းပြည်အတွက် ပါ အကျိုးသက်ရောက်မယ်ဆိုတာ ဆရာ ရဲရဲကြီး ပြောဝံ့ပါတယ်။

ဒီ သင်တန်းကို သင်ယူ လေ့လာတဲ့အခါမှာ မသိသေးတဲ့အချက်တွေ၊ နားမရှင်းတဲ့ အချက်တွေ ရှိခဲ့လို့ရှိရင် အားမနာတမ်း မေးပါ၊ ဆွေးနွေးပါ၊ ဆရာ့အနေနဲ့ တတ်နိုင်သလောက် ကြိုးစားပြီး ဖြေဆိုပါမယ်၊ ဆရာကိုယ်တိုင် လည်း ဒီ မင်္ဂလာတရားတော်ကို လက်တွေ့ ကျင့်သုံးရေးနဲ့ ပတ်သက်ပြီး မကျေညက်လှသေးပါဘူး၊ ကြိုးစားပြီး လေ့လာတုန်း၊ ကျင့်ကြံကြည့်တုန်းပဲ ရှိပါသေးတယ်၊ ဒါကြောင့် ဆရာဟာ ဒီသင်တန်းကို ပဏ္ဍိတ်တစ်ယောက် အနေနဲ့ ပို့ချခြင်းမဟုတ်ဘဲ မိမိ သိထားသလောက်ကိုသာ အရင်းအတိုင်း ဖောက်သည်ချတဲ့သဘော၊ ဒူးတိုက် ဆွေးနွေးတဲ့သဘောဖြင့်သာ ပို့ချ ဆွေးနွေး ခြင်းဖြစ်ကြောင်း ရိုးရိုးသားသား ဝန်ခံထားပါရစေ။

ဒါကြောင့် ဒီသင်တန်းမှာ မင်္ဂလာတရားတော်ကို ကာယကံမြောက် ကျင့်သုံးတတ်ရေးနဲ့ မင်္ဂလာတရားတော်များ တစ်ခုနဲ့တစ်ခု ကွင်းဆက်သွား နေပုံတို့ကိုသာ အဓိကထားပြီး အရပ်ပြော စကားများဖြင့် ပြောပြသွားပါမယ်၊ အဓိပ္ပာယ် အကျယ်တဝင့် စာသုံး ပေသုံးများကို အလိုရှိကြရင်တော့ ရဟန်း ပညာရှင်၊ လူပညာရှင်များ ရေးသားထားကြတဲ့ မင်္ဂလာနဲ့ ပတ်သက်တဲ့ စာအုပ် စာတမ်းများ အများအပြား ရှိပြီးဖြစ်တဲ့အတွက် ထိုထိုစာအုပ်များမှာသာ လေ့လာကြပါလို့ အထူးပဲ မှာကြားထားလိုပါတယ်။

ကဲ- သင်တန်းစကြပါစို့။

http://www.dhammadownload.com

၁။ အသေဝနာ စ ဟလာနံ

[ပေါင်းသင်းဆက်ဆံရေးမင်္ဂလာ ၈ ရှောင်ကြဉ်ရေး]

''မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ''

လောကမှာ လူရယ်လို့ ဖြစ်လာရင် ထီးထီးကြီးနေလို့ မရပါဘူး၊ ပတ်ဝန်းကျင် အပေါင်းအသင်း ဆိုတာဟာ ရှိရစမြဲပါပဲ၊ ပတ်ဝန်းကျင်ဟာ လူတစ်ယောက်ရဲ့ ကောင်းကျိုး ဆိုးပြစ်ကို အများဆုံး ဖန်တီးနိုင်တယ်ဆိုတာ မင်္ဂလာရှင်မောင်မယ်တို့ လက်တွေ့ ဖြစ်ပါလိမ့်မယ်၊ အနီးကပ်ဆုံး သာကေပြရရင် မိမိအသိဉာဏ်ကို စိုက်ထုတ်ပြီး ဘာမျှ မလုပ်တတ်သေးတဲ့ လူမမည်အရွယ်မှာ ကလေးတို့ သဘာဝအတိုင်း ပတ်ဝန်းကျင်ရှိ မိဘ ညီအစ်ကို မောင်နှမ ဆွေမျိုး ဉာတိ စသူတို့ရဲ့ အပြုအမူ၊ အပြောအဆို၊ အနေအထိုင်များကို အမြဲတစေ မှတ်သားနေတတ်ကြပါတယ်၊ ဒီအခါမှာ မိဘစသူတို့ရဲ့ ကိုယ်အမူအရာ နှုတ်အမူအရာ စသည်တို့ဟာ ကလေးများအပေါ် အမြဲ တန်ပြန်နဲ့ဟပ်နေတယ်ဆိုတာ သတိပြုသင့်ပါတယ်။

ဒါကြောင့်မို့ မိဘစတဲ့ ပတ်ဝန်းကျင်က အကျင့်ကောင်း အတတ်ကောင်းတွေကို ကျင့်တတ်ကြရင် ကလေးများဟာလည်း ဒီအကျင့်ကောင်း အတတ်ကောင်းတွေကိုပဲ အတုယူ ပြုလုပ်တတ်ကြပါတယ်၊ ပတ်ဝန်းကျင်က မကောင်းတဲ့ အကျင့်အကြံတွေကို လုပ်ရင် ကလေးငယ်များက အဲဒီ မကောင်းကျင့် မကောင်းကြံတွေကိုပဲ အဟုတ်မှတ်ပြီး လိုက်လုပ်တတ်ကြပါတယ်။

http://www.dhammadownload.com

⊙ **ရွှေဆောင်နွားလား အဖြောင့်သွားမူ**

နောက်နွားတစ်သိုက်၊ အဖြောင့်လိုက်၏။

⊙ **ရွှေဆောင် နွားလား အကောက်သွားမူ**

နောက်နွားတစ်သိုက်၊ အကောက်လိုက်၏" ဆိုတဲ့ သဘောပါပဲ။

ဒီတော့ ပတ်ဝန်းကျင်ဆိုတာ အထင်သေးလို့ မရပါဘူး၊ အများအားဖြင့် လူများဟာ ပတ်ဝန်းကျင်ရဲ့ လွှမ်းမိုးမှုကို ခံယူပြီး ပတ်ဝန်းကျင် လှိုင်းဂယက် ကြားမှာသာ နစ်မြုပ်သွားတတ်ကြပါတယ်၊ ဒီ ပတ်ဝန်းကျင်ရဲ့ဒဏ်ကို အသိ ဉာဏ်ကို လုံးဝ အသုံးမချတတ်သေးတဲ့ အရွယ်များသာ ရတာ မဟုတ်ပါဘူး၊ အသိဉာဏ်ကို အတော်အတန် အသုံးချတတ်တဲ့ အရွယ်များမှာလည်း ပတ်ဝန်း ကျင်ရဲ့ လွှမ်းမိုးမှုဒဏ်ကို အများအားဖြင့် ခံရစမြဲပါပဲ၊ ဒီတော့ လူတော် လူကောင်း ဖြစ်ရေးအတွက် ပတ်ဝန်းကျင်ဟာ ဘယ်လောက် အရေးကြီးတယ် ဆိုတာ မှန်းဆနိုင်ပါတယ်၊ ဒီနေရာမှာ အရွယ်မရောက်သေးတဲ့ လူမမည်များ ကတော့ ကိုယ်တိုင် အပေါင်းအသင်းဆိုတာ မရှိသေးဘဲ မိဘစတဲ့ ပတ်ဝန်း ကျင်လောက်သာ ရှိသေးတဲ့အတွက် မိဘစတဲ့ ပတ်ဝန်းကျင်က ဒီသဘော တရားလေးတွေကို သတိပြုပြီး ကြည့်ရှု စောင့်ရှောက်သွားရင် လူမမည်များ အတွက် စိတ်ချနိုင်ပါတယ်။

အရေးကြီးဆုံးကတော့ **ကျောင်းနေတဲ့အရွယ်၊** ကျောင်းနေတဲ့အရွယ်မှာ လည်း ဟိုဟိုဒီဒီ သွားတတ် လာတတ်ကြတဲ့ ဆယ်နှစ်၊ တစ်ဆယ့်နှစ်နှစ် စတဲ့ ယခု မင်္ဂလာရှင် မောင်မယ်တို့အရွယ်မှာ ပတ်ဝန်းကျင်ဟာ အင်မတန်ကို အရေးကြီးပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီအရွယ်မှာ ပေါင်းတတ် သင်းတတ် လို့ အပေါင်းအသင်းဆိုတာ ရှိလာခဲ့ပြီကိုး၊ အပေါင်းအသင်း ရှိလာတော့ ဒီ အပေါင်းအသင်းဟာ ကောင်းဖို့ လိုလာပါတယ်၊ အပေါင်းအသင်းကောင်းမှ ကိုယ်လည်း ကောင်းနိုင်ပါတယ်၊ အပေါင်းအသင်း မကောင်းဘဲ ကိုယ်ကောင်းဖို့ ဆိုတာကတော့ အလွန် ခဲယဉ်းပါတယ်၊ ကိုယ်ကောင်း ခေါင်းဘယ်မရွှေ့ဆို တာကတော့ တစ်ရာတစ်ယောက်ဆိုသလို အလွန် ရှားပါတယ်ကွယ်၊ ဒီအရွယ် ဟာ ဘဝကို အစပျိုးတဲ့အရွယ်၊ ဘဝကို အုတ်မြစ်ချတဲ့ အရွယ်ဖြစ်တဲ့အတွက်

http://www.dhammadownload.com

အပေါင်းအသင်း ပတ်ဝန်းကျင်ဆိုတဲ့ အခြေခံကောင်းဖို့ လိုပါတယ်၊ ဒါမှ ကိုယ့်ဘဝကိုယ် ထူထောင်တဲ့အခါမှာ ပညာရေး အစ၊ စီးပွားရေး အလယ်၊ ကုသိုလ်ရေး အဆုံး အားလုံးတို့အတွက် ခိုင်ခိုင်ခံ့ခံ့ ရှိနိုင်ပါတယ်၊ ဘဝအစပျိုးတဲ့ ဒီအရွယ်မျိုးကမှ အခြေခံ မကောင်းခဲ့ရင် နောက်နောင်အတွက် အခက်တွေ့ရတတ်ပါတယ်။

ဒါကြောင့်မို့ ပညာရေး အောင်မြင်မှုမှာဖြစ်စေ၊ စီးပွားရေး အောင်မြင်မှုမှာဖြစ်စေ၊ ကုသိုလ်ရေး အောင်မြင်မှုမှာဖြစ်စေ အဓိက အခရာဖြစ်တဲ့ ပေါင်းသင်းဆက်ဆံရေးအပိုင်းကို မင်္ဂလာတရားတော်မှာ ပထမဦးဆုံး ဟောဖော် ညွှန်ကြားတော်မူပါတယ်၊ ဒီ ပေါင်းသင်း ဆက်ဆံရေးပိုင်းကိုလည်း–

(၁) ရှောင်ကြဉ်သင့်တဲ့အပိုင်း၊

(၂) ပေါင်းသင်းသင့်တဲ့အပိုင်း၊

(၃) ပူဇော်သင့်တဲ့ အပိုင်း . . . ရယ်လို့ အပိုင်း သုံးပိုင်းခွဲပြီး ဟောတော်မူပါတယ်။

ဒီအပိုင်း သုံးပိုင်းအနက် ရှေးဦးစွာ ရှောင်ကြဉ်သင့်တဲ့အပိုင်းကို–

''အသေဝနာ စ ဗာလာနံ''

ဗာလာနံ– လူမိုက်၊ **အသေဝန**– ဖမှီဝဲ မဆည်းကပ် ရှောင်ကြဉ်ခြင်းလို့ ဟောတော်မူပါတယ်၊ ''**လူမိုက်ကို မမှီဝဲ မဆည်းကပ် ရှောင်ကြဉ်ခြင်းသည် မင်္ဂလာတစ်ပါး မည်၏**''လို့ ပြည့်စုံတဲ့အဓိပ္ပာယ်ကို ဒီလို ကောက်ယူရပါမယ်၊ အတိုချုပ်ကတော့ လူမိုက်ကို ရှောင်ကြဉ်ရမယ်ပေါ့ကွယ်။

ဒါပေမယ့် တစ်ခု သတိပြုကြဖို့ကတော့ ဆရာတို့ မြတ်စွာဘုရားဟာ ရဟန်းတော်များနဲ့ ပတ်သက်တဲ့ ဝိနည်း ပညတ်ချက်များကို ပညတ်တဲ့နေရာမှာသာ '**စေ**'ဆိုတဲ့ အာဏာတော်ကို အသုံးပြုပြီး လူ့ဝိနည်းများကို ညွှန်ကြားတဲ့နေရာမှာတော့ 'စေ'ဆိုတဲ့ အာဏာတော်ကို ဘယ်တော့မှ အသုံးမပြုဘူး ဆိုတဲ့ အချက်ပါပဲ၊ **ဝိနည်းဆိုတာ** လိုက်နာရမယ် လိုက်နာသင့်တဲ့ ဥပဒေလို့ ဆိုလိုပါတယ်၊ ''မင်္ဂလာတရားတော်ဟာ လူပုဂ္ဂိုလ်များအတွက် အဓိက ညွှန်ကြားတဲ့ ဥပဒေဖြစ်တဲ့အတွက် မင်္ဂလာတရားတော်ကို လူ့ဝိနည်း''လို့လည်း

http://www.dhammadownload.com

ခေါ်သင့်ပါတယ်၊ ခေါ်လည်း ခေါ်ခဲ့ကြပါတယ်၊ ဒါတွေကတော့ ဗဟုသုတ အတွက်ပေါ့ကွယ်၊ ကဲ ရှေ့ဆက်ကြပါစို့ ...။

လူ့ဘဝကြီးတစ်ခုလုံးရဲ့ အောင်မြင်ရေး သော့ချက်ကိုရှာရင် အပေါင်း အသင်း ဆိုတဲ့အချက်ကို တွေ့ရပါတယ်၊ ပညာရေး၊ စီးပွားရေး၊ ကုသိုလ်ရေး၊ ဘယ်အရေးမှာမဆို အပေါင်းအသင်း ပတ်ဝန်းကျင်ကောင်းမှ တိုးတက် ကြီးပွား နိုင်ပါတယ်၊ ဒါကြောင့်မို့ မကောင်းတဲ့ အပေါင်းအသင်းနဲ့ တွေ့ပြီး မကောင်းတဲ့ အသိုက်အဝန်းထဲမှာ နစ်မြုပ်ပြီး တိုးတက်ကြီးပွားမှု အားလုံး ဆုံးရှုံးသွားမှာကို စိုးရိမ်တော်မူတဲ့အတွက် ပထမဦးဆုံး အရေးတကြီးအနေနဲ့ အသေဝနာ စ ဗာလာနံ– လူမိုက်ကို ရှောင်ကြဉ်လို့ ဒီလို ညွှန်ကြားတော်မူပါတယ်။

ဒီနေရာမှာ လူမိုက်ဆိုတာကို ခွဲခြားသိဖို့ လိုလာပါပြီ၊ **လူမိုက်ဆိုတာ**ကို အကြမ်းအားဖြင့်တော့ မင်္ဂလာရှင် မောင်မယ်တို့ သိပြီး ဖြစ်ပါလိမ့်မယ်၊ ဒါပေမယ့် ထပ်ပြောရမယ်ဆိုရင်–

(၁) ပညာကင်းမဲ့ပြီး ဆင်ခြင်ဉာဏ် နည်းပါးသူ၊

(၂) ကိုယ်ကျိုး တိုင်းပြည်ကျိုး မဆောင်ရွက်သူ၊

(၃) ကိုယ်ကျိုး တိုင်းပြည်ကျိုး ပျက်စီးအောင် ဖျက်ဆီးသူ၊

(၄) လောက ဥပဒေ၊ ဘာသာရေး ဥပဒေများအရ တားမြစ်ထား တဲ့ မကောင်းမှု ဒုစရိုက်များကို ကျင့်ကြံ အားထုတ်သူ၊

ဒီလူတွေကို အားလုံး လူမိုက်လို့ ခေါ်ရမှာပဲ၊ ဒီလူတွေနဲ့ ပေါင်းသင်းရင် သူတို့ရဲ့ မကောင်းကျင့်တွေက ကိုယ့်အပေါ် ရောင်ပြန်ဟပ်ပြီး ကိုယ်ပါ ''ကျွန် တော်လေ ထိုနည်းလည်းကောင်း'' ဖြစ်သွားနိုင်ပါတယ်၊ ''တံငါနားနီး တံငါ''၊ ''မုဆိုးနားနီး မုဆိုး''ဆိုတဲ့ စကားပုံများဟာ ပေါင်းသင်း ဆက်ဆံရေးပိုင်းမှာ ရောင်ပြန်ဟပ်တတ်တဲ့သဘော၊ ပတ်ဝန်းကျင်က လွှမ်းမိုးသွားတတ်တဲ့ သဘောများကို သတိပေးထားခြင်း ဖြစ်ပါတယ်၊ ပညာကင်းမဲ့ပြီး အဆင်ခြင် ဉာဏ် နည်းပါးသူကို ပေါင်းသင်းမိရင် ကိုယ်ပါရောပြီး သူ့နည်းတူ အမြော် အမြင် ကင်းမဲ့သွားတတ်ပါတယ်၊ အမြော်အမြင် အဆင်အခြင် မရှိတဲ့သူဟာ လောကမှာ ဘယ်တော့မှ မကြီးပွား မတိုးတက်နိုင်ပါဘူး။

http://www.dhammadownload.com

မင်္ဂလာရှင် မောင်မယ်တို့လို ကျောင်းနေတဲ့အရွယ်မှာ ပေါင်းသင်း ဆက်ဆံရေးဟာ အလွန် အရေးကြီးပါတယ်၊ ကိုယ်ပေါင်းသင်းတဲ့ လူက စာမကျက်ချင် ပျင်းတတ်တဲ့ လူဖြစ်ရင် ကိုယ်ပါရောပြီး ပျင်းသွားတတ်ပါတယ်၊ စာမကျက်ချင်သူကို ကိုယ်ကျိုး မဆောင်ရွက်သူလို့ ခေါ်ရမှာပေါ့၊ ပြီးတော့ ကိုယ့်သူငယ်ချင်းက ကြမ်းပိုးထိုးတတ်တဲ့ လူဖြစ်ရင် ကိုယ်ပါ ကြမ်းပိုးထိုးချင်တဲ့ စိတ်တွေ တစ်စတစ်စ ဝင်လာပြီး နောက်တော့ ကိုယ်တိုင် ကြမ်းပိုးတစ်ယောက် ဖြစ်သွားနိုင်ပါတယ်၊ ဖြစ်သွားတဲ့ မျက်မြင်သက်သေတွေလည်း အများအပြားပဲ မဟုတ်လား၊ စာမကျက်တဲ့အပြင် ကြမ်းပိုးထိုးတဲ့သူကျတော့ ကိုယ်ကျိုး ပျက်စီးအောင် ဖျက်ဆီးသူလို့ ခေါ်သင့်ပါတယ်၊ အခု ဆရာ ပြောနေတာတွေကို ဆုံးမချက်တွေ၊ ဩဝါဒပေးချက်ကြီးတွေလို့ သဘောမထားကြဘဲ မျက်မြင်ဖြစ်ရပ်မှာ ဖြစ်တတ်တဲ့ သဘာဝကို ပြောပြနေခြင်းလို့သာ မှတ်ယူပြီး ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားပြီး သုံးသပ်ပါ၊ ဆုံးဖြတ်ပါ၊ သုံးသပ် ဆုံးဖြတ်ပြီး အဖြေထွက်လို့ ကြိုက်ပြီဆိုတော့မှ လက်တွေ့ ကျင့်သုံး လိုက်နာပါလို့ ဆရာ ပြောလိုပါတယ်။

ယနေ့လူငယ်များဟာ အနာဂတ် တိုင်းပြည်ရဲ့ ခေါင်းဆောင်လောင်းများ ဖြစ်ကြတဲ့အတွက် ကိုယ်ကျိုးကို မဆောင်ရွက်ရင် တိုင်းပြည်ကျိုးကို မဆောင်ရွက်တာနဲ့ အတူတူပါပဲ၊ ကိုယ်ကျိုးကို ပျက်စီးအောင် ဖျက်ဆီးရင် တိုင်းပြည်ကျိုးကို ပျက်စီးအောင် ဖျက်ဆီးတာနဲ့ အတူတူပဲဆိုတာ အထူး သတိပြုပြီး လူမိုက်များကို ကြိုးစားပြီး ရှောင်ကြဉ်သင့်ပါတယ်၊ ယနေ့ ကျောင်းသား လူငယ်ပိုင်းမှာ ပြဿနာ တော်တော် အရေးကြီးနေပါတယ်၊ ဒီဘာဝကိုလည်း ပတ်ဝန်းကျင် အပေါင်းအသင်းကပဲ ပို့ဆောင်လိုက်ခြင်း ဖြစ်တယ်ဆိုတာ မောင်မယ်တို့ မျက်မြင်ပဲ မဟုတ်လား၊ ဒီတော့ ပေါင်းသင်း ဆက်ဆံရေးကို အထူးဂရုထားပြီး မင်္ဂလာတရားတော်က ညွှန်ကြားတဲ့အတိုင်း လူမိုက်ကို ရှောင်ကြဉ်ကြမယ်ဆိုရင် ယနေ့ဖြစ်ပေါ်နေကြတဲ့ ပြဿနာတို့၊ အရွယ်မရောက်သေးဘဲ ဘိန်းခန်း၊ အရက်ခန်းရောက်နေတဲ့ ပြဿနာတို့ စတဲ့ စတဲ့ ပြဿနာပေါင်း သောင်းခြောက်ထောင်ဟာ အလိုလို ပြေပျောက်သွားနိုင်ပါတယ်၊ ဒီနေရာမှာ အသိပညာထက် အကျင့်ပညာက ပိုမို အရေးကြီးတယ်ဆိုတာ သတိထားဖို့ပါပဲ၊ ဆိုးတေပြီး လုပ်နေကြတဲ့ လူငယ်များဟာလည်း လူမိုက်ကို

http://www.dhammadownload.com

ရှောင်ကြဉ်ရမယ်ဆိုတဲ့ အသိကို အများအားဖြင့် သိထားကြသူများဖြစ်ပါတယ်၊ ဒါပေမယ့် လက်တွေ့မှာ မကျင့်သုံးကြဘူး။

ဒါကြောင့် မင်္ဂလာရှင် မောင်မယ်တို့ဟာ သိတဲ့အတိုင်း ကာယကံမြောက် လက်တွေ့ ကျင့်တတ်အောင် ယခုကစပြီး ကြိုးစားကြဖို့ ဆရာ တိုက်တွန်းပါတယ်၊ ပြီးတော့ အရက်သောက်ခြင်း၊ ဖဲရိုက်ခြင်း၊ ဘိန်းရှုခြင်း စတဲ့ လောကဥပဒေ၊ ဘာသာရေးဥပဒေများက တားမြစ်ထားတဲ့ ဒုစရိုက်များကို ကျင့်သုံးကြတဲ့ လူများကိုလည်း ဝေးဝေးက ရှောင်ကြဉ်သင့်ပါတယ်၊ ယခုလို ပေါင်းသင်းဆက်ဆံရေးပိုင်းမှာ လူမိုက်ကို ရှောင်ကြဉ်ဆိုတဲ့ အသိကိုသိပြီး သိတဲ့အတိုင်း ကာယကံမြောက် လက်တွေ့ ကျင့်သုံးလိုက်တာနဲ့ တစ်ပြိုင်နက် မင်္ဂလာတရားနဲ့ ပြည့်စုံသူ မင်္ဂလာရှင် ဖြစ်လာနိုင်ပါတယ်၊ မင်္ဂလာဆိုတာ မကောင်းမှုကို ပယ်ဖြတ်တဲ့ အကျင့်မြတ်လို့ အဓိပ္ပာယ်ရပါတယ်၊ ဒါကြောင့် **"မကောင်းပယ်ဖြတ်၊ အကျင့်မြတ်၊ မှတ်အပ် မင်္ဂလာ"**လို့ တိုတိုနဲ့ မှတ်သားထားလိုက်ကြပေါ့ကွယ်၊ ဒီမင်္ဂလာကို လက်တွေ့ ကျင့်သုံးရင် အကျိုးရှိပုံ၊ မကျင့်သုံးဘဲနေရင် အကျိုးယုတ်ပုံများကို ကိုယ်ပိုင်ဉာဏ်နဲ့ မျက်မြင် ဖြစ်ရပ်တွေကို သာဓကထားပြီး အနာဂတ် တိုင်းပြည်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ကြရေးအတွက် မိမိတို့ရှေ့ရေး၊ တိုင်းပြည်ရှေ့ရေးကို မျှော်တွေးပြီး ယခုလို ငယ်ငယ်ရွယ်ရွယ်ကစပြီး လူလိမ္မာ ပညာတတ်ကလေးတွေဖြစ်အောင် ကြိုးစားကြပါလို့ ဆရာ အထူးပဲ မေတ္တာရပ်ခံလိုပါတယ်။

''ဆရာ ခင်ဗျား၊ အခု ဒီသင်တန်းကို တက်ရောက်ပြီး လေ့လာခွင့်ရတဲ့အတွက် ကျွန်တော့်အဖို့မှာ အလွန်ပဲ ဗဟုသုတ တိုးပွားပါတယ်၊ ဒါကြောင့် အထူးပဲ ကျေးဇူးတင်ပါတယ် ဆရာ၊ ဒါပေမယ့် လူမိုက်ကို ရှောင်ကြဉ်ရမယ်ဆိုတဲ့ အပိုင်းမှာ သဘောမကျတဲ့ အချက်ကလေးတစ်ခုရှိလို့ ကျွန်တော့်ကို မေးခွင့်ပြုပါ''

''မေးနိုင်ပါတယ် မောင်မြဟန်၊ ဒီလို မေးတာကို ဆရာက လိုလိုလားလား လက်ခံပါတယ်၊ ဆရာ တတ်နိုင်သလောက် ကြိုးစားပြီး ဖြေပေးပါ့မယ်''

''ဒီလိုပါ ဆရာ၊ ပတ်ဝန်းကျင်ဆိုတာ ဆရာ ပြောသလို အလွန် အရေး

http://www.dhammadownload.com

ကြီးပါတယ်၊ ဒီလို အရေးကြီးတဲ့အတိုင်း ကျယ်လည်း ကျယ်ဝန်းပါတယ်၊ ဒါကြောင့်မို့ တကယ်လို့များ 'အသေဝနာ စ ဗာလာနံ'ဆိုတဲ့ မင်္ဂလာတရားကို လက်တွေ့ ကျင့်သုံးလိုပေမယ့် အခြေအနေက မပေးဘဲ မကောင်းတဲ့ ပတ်ဝန်းကျင် ကြားမှာသာ ကြီးထွားလာခဲ့ရတဲ့ လူဆိုရင် ဒီမင်္ဂလာ ပြည့်စုံရေးအတွက် ဘယ်လို ဆောင်ရွက်ရမလဲ ဆရာ''

''မောင်မြဟန်မေးတဲ့ မေးခွန်းဟာ သိပ်သဘာဝကျပါတယ်၊ မေးလည်း မေးထိုက်တဲ့ မေးခွန်းတစ်ရပ်ပါပဲ၊ ဒါပေမယ့် ဒီပြဿနာဟာ နောက်လာလတ္တံ့ ဖြစ်တဲ့ ပဋိရူပ ဒေသဝါသ မင်္ဂလာနဲ့ ပုဗ္ဗေ စ ကတပုညတာ မင်္ဂလာပိုင်း ရောက်ရင် အလိုလို ရှင်းသွားပါလိမ့်မယ်၊ အခု ပြောလိုတဲ့အချက်ကတော့ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ ဒေသနာ အဝဝဟာ နည်းနာအဖြာဖြာ ပရိယာယ် ကြွယ်ဝစွာ ဟောတော်မူထားတဲ့အတွက် အလွန် လေးနက်ပါတယ်၊ ရှေ့နောက် ဆက်စပ် ယူတတ်ဖို့ အလွန် အရေးကြီးပါတယ်၊ ပြီးတော့ ပုဂ္ဂိုလ် အလိုက် စရိုက်အလိုက် အကြိုက်အကြိုက်ကို ဟောထားတာတွေလည်း ရှိပါ တယ်၊ ဒီ မင်္ဂလာတရားတော်ကို ယေဘုယျနည်း (အများအားဖြင့် ယူဆရသော နည်း)ဖြင့် ဟောတော်မူထားခြင်း ဖြစ်တယ်လို့ ဆရာ ယူဆမိပါတယ်။

ဒါကြောင့် လူမိုက်ကို ရှောင်ကြဉ်ဆိုပေမယ့် တတ်နိုင်သလောက် ရှောင် ကြဉ်ဖို့ကိုသာ ဆိုလိုခြင်း ဖြစ်ပါတယ်၊ မတတ်နိုင်ရင်တော့ ဒီလူမိုက်တွေနဲ့ပဲ စခန်းသွားသင့် သွားရမှာပါပဲ၊ ဒီလို သွားရတဲ့အခါမှာသာ ကိုယ်က လူမိုက်ရဲ့ လွှမ်းမိုးမှုကို မခံယူရအောင် တတ်နိုင်သမျှ ကြိုးစားဖို့ပါပဲ၊ '**စိတ်ပေါင်း ကိုယ်ခွာ၊ ကိုယ်ပေါင်း စိတ်ခွာ**'ဆိုတဲ့ စကားရပ်များဟာ ဒီနေရာတွေအတွက် ညွှန်ကြားချက်တွေပါပဲ၊ ပြီးတော့ ဇာတ်တော်တွေထဲမှာလည်း မိတ်ဆွေဆိုတာ အယုတ် အလတ် အမြတ်မရွေး ပေါင်းသင်းထားသင့်တယ်ဆိုတဲ့ ဥပဒေသ တွေကို အများအပြား တွေ့ရပါတယ်၊ ဥပမာ– ကေနိပါတ်၊ ကုသနာဠိဇာတ် တို့မှာ ဒီအကြောင်းတွေ ပါဝင်ပါတယ်၊ ဒါကြောင့် အကြောင်းမတော်လို့ လူမိုက် နဲ့ ပေါင်းဖော်ခဲ့ရရင် ကိုယ်ကသာ လူမိုက်ကို ကြိုးကိုင်နိုင်အောင် သတိထား ကြဖို့ပါပဲ၊ ဘယ့်နှယ်လဲ မောင်မြဟန် ကျေနပ်ရဲ့လား''

''ဟုတ်ကဲ့ဆရာ၊ ကျေနပ်ပါတယ်၊ ကျေးဇူးတင်ပါတယ်''

http://www.dhammadownload.com

အေး ဒီလောက်ဆိုရင် အသေဝနာ စ ဗာလာနံမင်္ဂလာနဲ့ ပတ်သက်လို့ သတိထားသင့်တဲ့အချက်တွေ လက်တွေ့ ကျင့်သုံးဖို့အချက်တွေ အသင့်အတင့် လုံလောက်သွားပြီလို့ ထင်ပါတယ်၊ ဒီနေရာမှာ ပညာမရှိ ဆင်ခြင်ဉာဏ် ကင်းမဲ့တဲ့လူမိုက်ကို ခေါင်းဆောင်တင် ဖဲ့ပေါင်းအသင်း မှားခဲ့မိလို့ လှည်းသား ငါးရာ ဒုက္ခရောက်ခဲ့ဖူးကြောင်း ဇာတ်ကြောင်းလေးကို ပုံစံထုတ် ပြောပြပြီး ဒီတစ်ပတ်သင်တန်းကို ရပ်နားကြပါစို့ကွယ်။

အပဏ္ဏကဇာတ်တော်

ရှေးရှေးတုန်းက ဗာရာဏသီပြည်မှာ လှည်းကုန်သည်မှူး နှစ်ဦးရှိကြ သတဲ့၊ သူတို့နှစ်ဦးမှာ တစ်ဦးတစ်ဦးလျှင် လှည်းသားငါးရာစီ အခြံအရံ ရှိကြ တယ်၊ တစ်နေ့တော့ ကုန်အရောင်းအဝယ် ခရီးထွက်ရေးကိစ္စမှာ နှစ်ဦး ပြိုင်တူသွားရင် တစ်ထောင်တောင်ဆိုတော့ လမ်းခရီးနဲ့ စားရေးသောက်ရေး အခက်ကြုံမှာစိုးလို့ သူတို့နှစ်ဦး ဘယ်သူအရင် ခရီးထွက်မလဲဆိုတာကို ဆွေး နွေးတဲ့အခါမှာ တစ်ဦးသော ကုန်သည်မှူးက စဉ်းစားသတဲ့၊ ''အရင်သွားရရင် လမ်းပန်းလည်း ကောင်းမယ်၊ နွားများလည်း မြက်ကောင်းကောင်း စားရမယ်၊ လူများလည်း ဟင်းသီးဟင်းရွက် လတ်လတ်ဆတ်ဆတ် စားရမယ်၊ ရေ ကောင်း ရေသန့်လည်း ရမယ်၊ ကုန်ကိုလည်း စိတ်ကြိုက် ဈေးနဲ့ရောင်းနိုင် မယ်လို့ စဉ်းစားမိတဲ့အတွက် သူ အရင်သွားမယ်လို့ ပြောသတဲ့။''

တစ်ဦးသော ကုန်သည်မှူးကတော့ ဒီလို စဉ်းစားသတဲ့၊ ''နောက်မှ သွားရင် တကယ်လို့ လမ်းမကောင်းတောင် ရှေ့ကလူတွေ ပြင်ထားတာနဲ့ ကောင်းနေမယ်၊ ရှေ့ကသွားကြတဲ့ လူနှင့်နွားတွေဟာ ဟင်းသီးဟင်းရွက် အကြမ်းတွေနဲ့ မြက်ကြမ်းတွေကို စားသွားကြတဲ့အတွက် အနုကလေးတွေ ပေါက်နေမယ်၊ ရေမရှိရင်လည်း သူတို့ တွင်းတူးကြရမှာမို့ အဆင်သင့် သောက် ရမယ်၊ ဈေးနှုန်းလည်း ရှေ့က သတ်မှတ်ပြီး မူသေနှုန်း ရှိထားလို့ တွက်ခြေ ကိုက်မယ်''လို့ စဉ်းစားမိတာနဲ့ သူက နောက်မှပဲ လိုက်မယ်လို့ သဘောတူ လိုက်သတဲ့။

ဒါနဲ့ ကုန်သည်မှူးတစ်ဦးက လှည်းသားငါးရာနဲ့အတူ ခရီးထွက်လာရာ

http://www.dhammadownload.com

မှာ သဲကန္တာရကြီး တစ်ခုသို့ ရောက်လာကြတယ်၊ ဒီ သဲကန္တာရကြီးတစ်ခုမှာ ရေမရှိဘူးကွယ့်၊ ဒါကြောင့်မို့ ကုန်သည်များဟာ ခရီးထွက်ကြရင် လှည်းပေါ်မှာ ရေအိုးကိုယ်စီ ယူလာကြရတယ်၊ ပြီးတော့ ဒီ သဲကန္တာရကြီးမှာ လူသားစား ဘီလူးများလည်း ပေါ်များသတဲ့၊ ဒီလိုနဲ့ လာလိုက်ကြတာ တစ်နေရာ ရောက်တော့ ရှေ့က လှည်းတစ်စီး လာနေတာကို တွေ့ရတယ်၊ လှည်းပေါ်မှ လူတွေက ကသူက, ခုန်သူခုန်၊ မြူးလို့, ပျော်လို့၊ သူတို့ကိုယ်မှာလည်း ရွှံ့တွေ ရေတွေ ပေကျံလို့၊ ကြာရိုး ကြာစွယ်တွေကို စားပြီး ပျော်ပျော်ကြီး ဖြစ်နေတာကို တွေ့ရတယ်၊ ဒါနဲ့အကျိုးအကြောင်း မေးကြည့်တော့ ''မိတ်ဆွေတို့၊ ခင်ဗျားတို့ လှည်းပေါ်မှာ ရေအိုးတွေကို အလကား အပင်ပန်းခံပြီး သယ်လာကြတယ်၊ ရှေ့မှာ ကြာမျိုးငါးပါးနဲ့ ပြည့်စုံတဲ့ ရေကန်တွေ ရေအိုင်တွေ အများကြီးပဲ၊ ခင်ဗျားတို့ ရေအိုးတွေကို စွန့်ပစ်လိုက်ကြပါ''လို့ ပြောသတဲ့၊ လှည်းမှူးကိုယ်တိုင်က အဆင်ခြင် ကင်းမဲ့သူ ဖြစ်လေတော့ လှည်းသားများလည်း အဟုတ်မှတ်ပြီး ရေအိုးတွေကို ခွဲပစ်လိုက်ကြသတဲ့၊ သူတို့ကလည်း ခရီးကဝေးတော့ ဝန်လေးကို ကြောက်ကြသပေါ့၊ အဆင်ခြင်ဉာဏ် မရှိတော့ ဘီလူးတွေရဲ့ လှည့်စားချက်ကို မသိရှာဘူးကွယ့်၊ ဒါနဲ့ ခရီးဆက်လာလိုက်ကြတာ အိုင်မတွေ့ ကန်မတွေ့နဲ့ မကြာမီမှာ ရေပြတ် အစာငတ်ပြီး အားလုံး ဘီလူးစာ ဖြစ်ကုန်ကြသတဲ့၊ အဆင်ခြင် အမြော်အမြင်မရှိတဲ့ လူမိုက်ကို ခေါင်းဆောင်တင်ပေါင်းသင်းမိကြတဲ့ ရလဒ်တွေပေါ့ကွယ်။

တော်တော်လေး ရက်,လ ကြာတဲ့အခါကျတော့ နောက်ထပ်လှည်းမှူးတစ်ဦးဟာ လှည်းသားငါးရာနဲ့ ခရီးထွက်လာပြန်တယ်၊ ဘီလူးတွေကလည်း ရှေးကအတိုင်းပဲ လှည့်စားသတဲ့၊ ဒါပေမယ့် ဒီလှည်းမှူးက ဉာဏ်ပညာနဲ့ ပြည့်စုံပြီး လူလိမ္မာဖြစ်တဲ့အတွက် ဘီလူးတွေ လှည့်စားလို့ ဘယ်ရမလဲကွယ်၊ ဒါနဲ့ ခရီးဆက်နှင်လာလိုက်ကြတာ တစ်နေရာလည်း ရောက်ရော လူရိုးတွေ နွားရိုးတွေ တောင်ပုံရာပုံ ဖြစ်နေတာကို တွေ့ရတော့တာပါပဲကွယ်၊ သူတို့လည်း အဲဒီနေရာမှာပဲ လှည်းတပ်ချပြီး လှည်းမှူးက တစ်ညလုံး လက်နက်ကိုင်ပြီး သူ့တပည့်တွေကို စောင့်ရှောက်ရှာတယ်၊ ဒါနဲ့ မိုးလည်း လင်းရော လူတွေရော နွားတွေပါ အင်အားဖြည့်ကြပြီး ရှေ့က လှည်းသမားတွေ ကျန်ခဲ့တဲ့ လှည်းတွေ

http://www.dhammadownload.com

ကုန်တွေထဲက လှည်းကောင်း ကုန်ကောင်းတွေကို ရွေးချယ်ပြီး အလိုရှိရာအရပ်သို့ ချမ်းချမ်းသာသာ သွားကြပြီး ကုန်များကို ကြိုက်စျေးနဲ့ ရောင်းဝယ်ကြကာ နေရပ်သို့ ချောချောမောမော ပြန်ရောက်လာကြပါတယ်၊ ဇာတ်ပေါင်းတော့ လှည်းမှူးမိုက်က ဒေဝဒတ်လောင်း။ လှည်းမှူးလိမ္မာက ဘုရားအလောင်းတော်တို့ ဖြစ်ကြပါတယ်။

လူမိုက်ကို ရှောင်

- လှည်းသားငါးရာ ဇာတ်လာတရားကို၊
မှတ်ကာသားလို့ နည်းယူကြွယ်။
လူမိုက်ဆိုလျှင် အစဉ်တွေးလို့၊
တမင်ဝေးဝေး ရှောင်သင့်တယ်။
- ကလေးအရွယ် အစကောင်းမှ၊
နောက်အကြောင်းမှာ သေချာမယ်။
မင်္ဂလာကို လက်တွေ့ကျင့်လို့၊
ရှေ့သို့တစ်ဆင့် တက်ရမယ်။
- မိမိအကျိုး တိုင်းပြည်ကျိုး၊
သယ်ပိုး ရွက်ဆောင်ကြွယ်။
အဲဒါကြောင့် လူမိုက်ကိုပဲ ဖယ်ခွာလွှဲ၊
အမြဲ ရှောင်ကြဉ်ကြွယ်။

"မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ"

မွေ့ဖျူဟာစာစောင်၊ (၁-၈-၁၉၆၆) အတွဲ (၅)-အမှတ်(၃) ၊

(၂၅-၁၀-၂၀၀၄) အတွဲ (၄၃)-အမှတ်(၃)

http://www.dhammadownload.com

၂-ပဏ္ဍိတာနဉ္စ သေဝနာ

http://www.dhammadownload.com

ပူတိမစ္ဆ၊ တလ္လည်ပုပ်၊ ထုပ်သောဖက်လျှင်၊ နံ့သက်သိုးအူ၊
သဘောတူသို့၊ အယူမှားရှောင်၊ သူမကောင်းနှင့်၊ ယှဉ်ပေါင်းသောအား။
ထွေပြားမိစ္ဆာ၊ နာနာကာရ၊ ဖောက်ပြန်ကြ၏။

သူမြတ်စကား၊ ကြားလတ်တုံသော်၊ ဆင်းရွှေလော်ဟု၊ မြော်
ကာယိုးဖွယ်၊ ရန့်ကြွယ်သား၊ ညှာသွယ်မြလား၊ ပန်းစကားကို၊ ထုပ်ပြား
နံ့သာ၊ ဖက်ပမာသို့၊ ပညာဂန္ဓ၊ လှိုင်ပြန့်ကြ၏။

သင်တန်းမစမီ မင်္ဂလာရှင်မောင်မယ်တို့ကို ဆရာ တစ်ခုတိုက်တွန်းချင်ပါတယ်၊ ဒီသင်တန်းကို တက်ရောက်ကြတဲ့အခါမှာ တစ်ယောက်နဲ့တစ်ယောက် နှုတ်ဆက်ကြလို့ရှိရင် လက်အုပ်ကလေးချီပြီး ''မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ''လို့ ယဉ်ကျေးတဲ့ ကာယကံအမှု၊ ချိုသာတဲ့ ဝစီကံအမှုတို့နဲ့ နှုတ်ဆက်ကြဖို့ ဆရာ အထူးပဲ မေတ္တာရပ်ခံပါတယ်၊ ဆရာနဲ့ တွေ့တဲ့အခါမှာလည်း ဒီအတိုင်းပဲ နှုတ်ဆက်ကြစေလိုပါတယ်၊ ဆရာကလည်း ဒီအတိုင်းပဲ နှုတ်ဆက်ပါမယ်၊ ဒီလို နှုတ်ဆက်တာဟာ ယဉ်ကျေး သိမ်မွေ့ပြီး မြန်မာဆန်,မဆန်ကိုလည်း မောင်မယ်တို့ကိုယ်တိုင်ပဲ စဉ်းစား ဆုံးဖြတ်ကြပါ၊ ဘာလို့ ဒီလို နှုတ်ဆက်သင့်တယ်၊ နှုတ်ဆက်ရတယ်ဆိုတဲ့ အကြောင်းကိုတော့ နောက် အကြောင်းသင့်တဲ့အခါမှာ ဆရာ ပြောပြပါမယ်။

ဒီလို နှုတ်ဆက်တဲ့အခါမှာ ဝတ်ကျေတန်းကျေမဟုတ်ဘဲ လှိုက်လှဲတဲ့ မေတ္တာစေတနာနဲ့ ပြုလုပ်ဖို့ကိုလည်း ဆရာ တိုက်တွန်းပါတယ်၊ တစ်ဦးနဲ့ တစ်ဦး အပေါ် တကယ် မင်္ဂလာနဲ့ ပြည့်စုံစေလိုတဲ့ မေတ္တာစိတ် အပြည့်အဝ ထားရှိရပါမယ်၊ ဒီလို မေတ္တာစိတ် အပြည့်အဝ ထားရှိခြင်းကို **'မနောကံမေတ္တာ'**လို့ ခေါ်ပါတယ်၊ တွေ့တဲ့အခါမှာ လက်အုပ်ကလေး ချီပြီးတော့ နှုတ်ဆက်တာကိုတော့ **'ကာယကံမေတ္တာ'**လို့ ခေါ်ပါတယ်၊ ''မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေ''ဆိုတဲ့ ချိုသာတဲ့ ပီယဝါစာကိုတော့ **'ဝစီကံမေတ္တာ'**လို့ ခေါ်ရပါတယ်၊ အလုပ်တစ်ခု လုပ်တဲ့အခါမှာ အောက်ကနေ အထက်၊ အနည်းကနေ အများ တဖြည်းဖြည်း ဆောင်ရွက်သွားရသလို ဒီ မေတ္တာသုံးချက်နဲ့ညီတဲ့ နှုတ်ဆက် နည်းလေးကိုလည်း အစပထမအနေနဲ့ ဆရာတို့ သင်တန်းသားချင်းကနေပြီး နှုတ်ဆက်လို့ အသားကျမှ ဒီပြင်နေရာတွေမှာ အသုံးချသွားကြတာပေါ့ကွယ်။

ကဲ ... သင်တန်း စကြပါစို့။

http://www.dhammadownload.com

၂။ ပဏ္ဍိတာနဉ္စ သေဝနာ

(ပေါင်းသင်းဆက်ဆံရေးမင်္ဂလာ ❷ ပေါင်းသင်းရေး)

"မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ"

ပြီးခဲ့တဲ့ သင်တန်းတုန်းက လူမိုက်ကို ရှောင်ကြဉ်ခြင်းသည် မင်္ဂလာတစ်ပါးဖြစ်ကြောင်းကို အကျယ်တဝင့် ပြောခဲ့ပြီးပါပြီ၊ **ကြဉ်သင့်**တဲ့အပိုင်းကို ပြောရင် **ယှဉ်သင့်**တဲ့ အပိုင်းကိုလည်း ပြောရပါမယ်၊ ဒါမှ သဘာဝကျပြီး ရှေ့နောက် ဆက်စပ်မှု ရှိပါလိမ့်မယ်၊ ဒါကြောင့်မို့ **ရှောင်သင့်**တဲ့အပိုင်းကို **အသေဝနာ စ ဗာလာနံ** လို့ ညွှန်ပြပြီး **ဆောင်သင့်**တဲ့အပိုင်းကို "**ပဏ္ဍိတာနဉ္စ သေဝနာ**" **ပဏ္ဍိတ**–ပညာရှိ၊ **သေဝန**– မှီဝဲ ဆည်းကပ် ပေါင်းသင်းခြင်းလို့ ဆက်လက် ညွှန်ကြားတော်မူပါတယ်၊ "**ပညာရှိကို မှီဝဲ ဆည်းကပ် ပေါင်းသင်းခြင်းသည် မင်္ဂလာတစ်ပါး မည်၏**"လို့ ပြည့်စုံတဲ့ အဓိပ္ပာယ်ကို ဒီလို ကောက်ယူရပါမယ်၊ အတိုချုပ်ကတော့ ပညာရှိကို ပေါင်းသင်းရမယ် ပေါ့ကွယ်။

လောကီ လောကုတ္တရာ ကြီးပွား တိုးတက်ရေးအတွက် ပတ်ဝန်းကျင် အပေါင်းအသင်းဆိုတာ အင်မတန် အရေးကြီးကြောင်း ပြီးခဲ့တဲ့ သင်တန်းတုန်းက ဆရာ အကျယ်တဝင့် ပြောခဲ့ပါတယ်၊ မင်္ဂလာရှင်တို့ မျက်မြင် ဖြစ်ရပ်တွေမှာလည်း အပေါင်းအသင်းဆိုတာ လူတစ်ယောက်ရဲ့ ကောင်းကျိုးဆိုးပြစ်ကို ရာခိုင်နှုန်းများများ ဖန်တီးနိုင်တယ်ဆိုတာကို မြင်တတ်တဲ့ မျက်စိကလေးတွေနဲ့ ကြည့်ရင် မြင်ရပါလိမ့်မယ်၊ ဒီနေရာမှာ ပတ်ဝန်းကျင်ရှိ သွားလာလှုပ်ရှား

http://www.dhammadownload.com

ဖြစ်ပျက်မှုအားလုံးကို ကြည့်ရှု သုံးသပ်တဲ့ အကျင့်ကလေးကို မင်္ဂလာရှင်တို့ အလေ့အကျင့် လုပ်ထားဖို့ ဆရာ သတိပေးလိုပါတယ်၊ ဒီ အလေ့အကျင့် ကလေးရှိပြီး ဖြစ်ရပ်မှန်ကို သုံးသပ်တတ်ရင် ပတ်ဝန်းကျင်ဟာ ကိုယ့်အတွက် **ဘဝပေး ပညာရေးတက္ကသိုလ်ကြီးတစ်ခု** ဖြစ်ကြောင်းကို သဘောပေါက်လာ ပါလိမ့်မယ်။

ဒီလို ပတ်ဝန်းကျင်ကို လေ့လာသုံးသပ်တဲ့ အလေ့အကျင့်လေး ရှိထား ရင် ပတ်ဝန်းကျင် ကောင်း၊ မကောင်းကို အလွယ်တကူနဲ့ ရွေးချယ်နိုင်ပါတယ်၊ ပတ်ဝန်းကျင်ကို ရွေးချယ်တတ်ရင် ပတ်ဝန်းကျင်ဆိုတဲ့ **အရေအတွက်**ထဲက **အရည်အချင်း**ကို မင်္ဂလာရှင် မောင်မယ်တို့ အလွယ်တကူ ရှာဖွေ တွေ့နိုင်ပါ တယ်၊ ကောင်း–မကောင်း သောင်းပြောင်းထွေလာ ရောထွေးနေတဲ့ လောက ကြီးအလယ်မှာ ဘဝကို အစပျိုးစ နုနယ်တဲ့ မောင်မယ်တို့အရွယ်မှာ မိမိရဲ့ ကောင်းကျိုးဆိုးပြစ်ကို စိစစ်ပြီး ကောင်းရာမှန်ရာကို သွန်သင် ညွှန်ကြားနိုင်တဲ့ ပညာရှိကို ပေါင်းသင်းထားမိလို့ရှိရင် မိမိဘဝ တိုးတက်အောင်မြင်ရေးအတွက် အဓိကအချက်ကို ဆုပ်ကိုင်မိပြီဆိုတာကို လက်ခမောင်း(လက်ပန်းပေါင်း) ခတ်ပြီး ယုံကြည်ထားကြစေချင်ပါတယ်။

ဒီတော့ ဒီနေရာမှာ ပညာရှိဆိုတာကို ခွဲခြားသိဖို့ လိုလာပြန်ပါတယ်၊ ပညာရှိဆိုတာကို အကြမ်းအားဖြင့်တော့ မင်္ဂလာရှင်တို့ သိပြီး ဖြစ်ပါလိမ့်မယ်၊ ဒါပေမယ့် ထပ်ပြီး ပြောပြပါဦးမယ်။

၁။ စာတွေ့လက်တွေ့ရှိပြီး ဆင်ခြင်ဉာဏ် ကြီးမားသူ၊

၂။ မေတ္တာစိတ် အပြည့်အဝရှိပြီး အမှန်တရားကို လိုလား ခင်မင်သူ၊

၃။ ပစ္စုပ္ပန်ကျိုး၊ သံသရာကျိုးကို လိုလားနှစ်သက်သူ၊

၄။ ပြောသလိုသာ လုပ်၍ လုပ်သလိုသာ ပြောတတ်သူ၊

၅။ လောကဥပဒေ၊ ဘာသာရေးဥပဒေများက တားမြစ်ထားတဲ့ မကောင်းမှု ဒုစရိုက်များကို ရှောင်ကြဉ်သူ၊

၆။ မိမိအကျိုး၊ တိုင်းပြည်အကျိုးကို ဆောင်ရွက်သူ၊

အထက်ပါ အင်္ဂါရပ်များနဲ့ ပြည့်စုံသူကို "**ပညာရှိ**"လို့ ခေါ်ရပါတယ်၊ ပညာရှိနဲ့ပေါင်းမှ လူတော်လူကောင်း ဖြစ်နိုင်ပါတယ်၊ လူတော် လူကောင်း

http://www.dhammadownload.com

ဆိုတဲ့စကားမှာ နည်းနည်း ခွဲခြားပြီး ပြောလိုသေးတယ်၊ ခေတ်အားလျော်စွာ တတ်သင့်တတ်ထိုက်တဲ့ ပညာရပ်တွေကို တတ်ထားတဲ့သူကို '**လူတော်**'လို့ ခေါ်ပါတယ်၊ ကိုယ်ကျင့်တရား ကောင်းသူကိုတော့ '**လူကောင်း**'လို့ ခေါ်ပါတယ်၊ လောကမှာ တချို့က လူတော့ တော်ပါရဲ့၊ ကိုယ်ကျင့် မကောင်းဘူး၊ တချို့ကျတော့ ကိုယ်ကျင့်ကောင်းလို့ လူကောင်းတော့ ဖြစ်ပါရဲ့၊ လူမတော်ဘူး၊ တချို့ကျတော့ တော်လည်း တော်တယ်၊ ကောင်းလည်း ကောင်းတယ်၊ တချို့ကျတော့ တော်လည်း မတော်ဘူး၊ ကောင်းလည်း မကောင်းဘူး၊ ဒီလိုပုဂ္ဂိုလ် လေးယောက် ကွဲပြားပါတယ်၊ ဒီလေးမျိုးထဲမှာ မင်္ဂလာရှင်တို့ဟာ **ပညာတော်ပြီး ကိုယ်ကျင့်ကောင်းတဲ့ လူတော်လူကောင်း** ဖြစ်ဖို့ အစွမ်းကုန် ကြိုးစားရပါမယ်၊ ဒီလို လူတော်လူကောင်း ဖြစ်ဖို့ဆိုတာကလည်း အတတ်ပညာ၊ အသိပညာ၊ အကျင့်ပညာတွေနဲ့ ပြည့်စုံမှ ဖြစ်နိုင်ပါတယ်၊ ဒီ ပညာရပ်တွေနဲ့ ပြည့်စုံဖို့ဆိုတာကလည်း သူတော်ကောင်း ပညာရှိထံမှာ နည်းခံပြီး ကာယကံမြောက် ကျင့်သုံးမှ ပြည့်စုံနိုင်တယ်ဆိုတာ ကွင်းဆက် သဘောပေါက်ဖို့ လိုပါတယ်။

ပတ်ဝန်းကျင် အပေါင်းအသင်းဆိုတာ ကျောက်သင်ပုန်းမှာ ရေးပြထားတဲ့ လက်ာလေးအတိုင်း အကောင်းအဆိုးကို အများဆုံး ဖန်တီးနိုင်တယ်ဆိုတာကို မျက်ခြည်မပြတ်သင့်ကြပါဘူး၊ ကျောက်သင်ပုန်းမှာ ရေးပြထားတဲ့ လက်ာလေးက အပုပ်အသိုးများကို ထုပ်တဲ့ဖက်ဟာ အပုပ်အသိုးနဲ့ ထွက်သလို လူမိုက်နဲ့ ပေါင်းရင် လူမိုက်သာ ဖြစ်တတ်ပါတယ်၊ အဆင်းအနံ့ သင်းပျံ့လှတဲ့ ပန်းရနံ့ကို ထုပ်တဲ့ဖက်ဟာ အမွှေးနံ့ ထွက်သလို ပညာရှိနဲ့ပေါင်းရင် လူတော်လူကောင်း ဖြစ်နိုင်တယ်လို့ အဓိပ္ပာယ်ရပါတယ်။

ကျောင်းနေတဲ့ မင်္ဂလာရှင် မောင်မယ်တို့အရွယ်မှာ ကိုယ်ပေါင်းသင်းတဲ့ အပေါင်းအသင်းဟာ စာကြိုးစားသူ၊ ကျောင်းမှန်မှန်တက်သူ၊ ကျောင်းစည်းကမ်း ရှိသေသူ၊ ကိုယ်ကျင့်တရား ကောင်းသူ၊ ဆင်ခြင်ဉာဏ်ရှိသူ၊ မိမိအကျိုး တိုင်းပြည် အကျိုးမျှော်ကိုး လိုလားတဲ့သူများနဲ့သာ ရွေးချယ်ပြီး ပေါင်းသင်းသင့်ပါတယ်၊ သို့မှ ကိုယ်လည်း **အတုမြင် အတတ်သင်** ဆိုသလို ကောင်းကျင့် ကောင်းကြံတွေကိုသာ ကျင့်ကြံပြီး လူတော်လူကောင်း တစ်ယောက်

http://www.dhammadownload.com

ဖြစ်အောင် ကြိုးစားလိုစိတ်တွေ ဖြစ်ပေါ်လာနိုင်ပါတယ်။

လူ့ပတ်ဝန်းကျင်ကို ရွေးချယ်ပြီး အကောင်းကို ပေါင်းရသလို စာပေ, ရုပ်ရှင် စတဲ့ ပတ်ဝန်းကျင်များကိုလည်း ရွေးချယ်တတ်ဖို့ အထူး လိုတယ်ဆိုတာကို သတိ မမေ့စေချင်ပါဘူး၊ ခုခေတ်မှာ စာပေတို့၊ ရုပ်ရှင်တို့ဟာ ရာနိုင်နှုန်းများများ ကြီး,ငယ်၊ ကျား,မ မရွေးကို လွှမ်းမိုးနေပါတယ်၊ ဆိုးသွမ်းသူပြဿနာကိုလည်း သရုပ်ပျက် ရုပ်ရှင်နဲ့ စာပေတို့က ပို့ဆောင်လိုက်ခြင်း ဖြစ်တယ်ဆိုတာကို မောင်မယ်တို့ သတိပြုမိစေချင်ပါတယ်။

ဒါကြောင့် စာပေတို့ ရုပ်ရှင်တို့ကြည့်တဲ့အခါမှာ မိမိကို အကျိုးပြုနိုင်တဲ့ ရုပ်ရှင် စာပေတို့ကိုသာ ရွေးချယ်ပြီး ကြည့်သင့် ဖတ်သင့်တယ်လို့ ဆရာ ယူဆပါတယ်၊ ကိုယ်ပိုင်ဉာဏ်ကို စနစ်တကျ အသုံးမချတတ်သေးတဲ့ မောင်မယ်တို့ အရွယ်ဟာ ပတ်ဝန်း ကျင်ကို အများအားဖြင့် မှီတွယ်နေတတ်ပါတယ်၊ ဒီတော့ ပတ်ဝန်းကျင်ကို အထင်ကြီးလွယ် အထင်သေးလွယ်တတ်ပါတယ်၊ ကိုယ်ပိုင်ဉာဏ် အသုံးမချဘဲ ပတ်ဝန်းကျင် ကြိုးဆွဲရာကိုသာ လိုက်က,နေရင် တစ်နေ့ကျ ကိုယ့်အတွက် ဒုက္ခရောက်မှု ရလဒ်နဲ့သာ အဆုံးသတ်ရတတ်တယ် ဆိုတာကို အမှတ်တရ သတိပေးလိုပါတယ်ကွယ်။

ဒါကြောင့်မို့ မိမိကို လမ်းမှန်ညွှန်ပြနိုင်တဲ့ ပညာရှိကို မှီဝဲဆည်းကပ် ပေါင်းသင်းထားရပါမယ်၊ ဒီ ပညာရှိကိုလည်း မိမိတို့ရဲ့ ပတ်ဝန်းကျင်ထဲမှာပဲ ရှာဖွေရင် တွေ့နိုင်ပါတယ်၊ အထက်က ပြောပြခဲ့တဲ့ ပညာရှိလက္ခဏာတွေနဲ့ ချိန်ထိုး ကြည့်လိုက်ရင် အလွယ်တကူနဲ့ သိနိုင်ပါတယ်၊ ဒီလို လမ်းမှန်ကို ညွှန်ပြပေးစွမ်းနိုင်တဲ့ပုဂ္ဂိုလ် တစ်ယောက်ကိုဖြင့် မဖြစ် ဖြစ်တဲ့နည်းနဲ့ ရှာဖွေပြီး ပေါင်းသင်းထားကြဖို့ကိုတော့ ဆရာ လေးလေးနက်နက် ပြောကြားပါတယ်၊ ပြီးတော့ ညွှန်ကြားချက်ပေးနိုင်မယ့် သူ့ရဲ့ အမူအကျင့်ကို အတုယူ သင့်လောက် အောင် အပြောအဆို, အနေအထိုင် အကျင့်အကြံကောင်းတဲ့ သူငယ်ချင်း ကောင်းများကိုလည်း ရွေးချယ်ထားသင့်ပါတယ်၊ ဒီလို ညွှန်ကြားနိုင်တဲ့ပုဂ္ဂိုလ်၊ အတုယူလောက်တဲ့ပုဂ္ဂိုလ်များကို ပေါင်းသင်း မှီဝဲခြင်းဟာ တိုးတက် ကြီးပွား ရေးကို မုချ ပြီးစီးစေနိုင်တဲ့အတွက် မင်္ဂလာတရားတော်မှာ "**ပဏ္ဍိတာနဉ္စ သေဝနာ**– ပညာရှိကို ပေါင်းသင်း မှီဝဲ ဆည်းကပ်ခြင်းသည် မင်္ဂလာ တစ်ပါး

http://www.dhammadownload.com

ဖြစ်သည်''ဟု ညွှန်ကြားတော်မူခြင်း ဖြစ်ပါတယ်။

ဒီ ပဏ္ဍိတာနုဋ္ဌ သေဝနာ မင်္ဂလာပိုင်းမှာ ပြောစရာတွေကတော့ အများကြီးပဲကွယ့်၊ ဒါပေမယ့် ဆရာတို့သင်တန်းက အချိန်သိပ်မရတဲ့အတွက် ဒါလောက်ဆိုရင် လိုရင်းကို သဘောပေါက်လောက်ပြီလို့ ဆရာ ယူဆပါတယ်၊ ပညာရှိကို ပေါင်းသင်းဆိုတဲ့မင်္ဂလာကို သိပ်စိတ်ဝင်စားနေမိတာနဲ့ "မိတ်ဆွေကောင်း"ဆိုတဲ့အမည်နဲ့ စာတမ်းတစ်ခုရေးဖို့ ဆရာ့မှာ အစီအစဉ် ရှိထားပါတယ်၊ စာတွေ့ လက်တွေ့တွေကိုလည်း စုဆောင်းဆဲ ဖြစ်ပါတယ်၊ အဲဒီကျတော့ တစ်ခါလေ့လာကြသေးတာပေါ့ကွယ်၊ ကဲ ကဲ . . သိချင်တာ၊ မရှေးနပ်တာကလေးတွေ ရှိရင်လည်း မေးနိုင်ကြပါတယ်။

''ကျွန်တော့်စိတ်ထဲမှာ ရှိတာလေးတွေ ပြောခွင့်ပြုပါဆရာ''

''ပြောနိုင်ပါတယ် မောင်စံလှ၊ ပြောစရာရှိရင် ပြောသာ ပြောပါ၊ ဆရာ အမြဲတမ်း ခွင့်ပြုထားပါတယ်''

''ဒီလိုပါ ဆရာ၊ မင်္ဂလာသင်တန်း မတက်ခင်တုန်းက ကျွန်တော့်စိတ်ထဲမှာ မင်္ဂလာတရားဆိုတာ တော်တော် ခက်ခက်ခဲခဲကြီး ကျင့်ကြံရမယ်လို့ ထင်နေမိခဲ့ပါတယ်၊ အခု ဆရာ ပို့ချတာတွေကို ကြားရတော့ ကျွန်တော်တို့ကိုယ်တိုင် အရင်ကလည်း ဒီ မင်္ဂလာတရားကို လက်တွေ့ကျင့်သုံးမှု ရှိပြီးသားဖြစ်နေတာကို သိရလို့ အံ့သြ ဝမ်းသာနေမိပါတယ်ဆရာ''

''ဟုတ်တယ် မောင်စံလှ၊ မင်း ပြောသလိုပဲ အများအားဖြင့် လူတွေကမင်္ဂလာတရားဆိုတာ တသီးတခြား တခမ်းတနားကြီး ကျင့်ရမယ်လို့ ထင်နေကြတယ်၊ အမှန်တော့ ဒီလို မဟုတ်ပါဘူး၊ လူတွေဟာ မင်္ဂလာတရားတွေကိုနေ့တိုင်း ကာယကံမြောက် ကျင့်သုံးနေကြပါတယ်၊ ဒါပေမယ့် ငါတို့ ဘယ်မင်္ဂလာကို ပြုနေတယ်လို့တော့ မသိရှာကြဘူး၊ သိသူ နည်းတယ်လို့ ဆရာထင်တယ်လေ၊ ဥပမာ– လူတစ်ယောက်ဟာ အမွေအနှစ် အဖိုးတန် ရတနာတစ်ခု ဝတ်ဆင်ထားပေမယ့် သူ့စိတ်ထဲမှာ သိပ်အဖိုးတန်မှန်း မသိဘဲ ဝတ်ရိုးဝတ်စဉ်သာ ဝတ်နေမိခဲ့တယ်၊ နားလည်တဲ့လူက ''မင်း ဝတ်ထားတဲ့ ရတနာဟာ မြပဲ၊ စိန်ပဲ၊ ပတ္တမြားပဲ''လို့ ဒီလို ပြောကြားလိုက်တဲ့ အခါကျတော့မှကိုယ့်ရတနာကို ကိုယ်ပြန်ပြီး ဝမ်းသာအားရ တန်ဖိုးထားတတ်လာသလို

http://www.dhammadownload.com

အခုလည်း လူတွေဟာ မင်္ဂလာကို နေ့တိုင်း ကျင့်သုံးနေပေမယ့် အဖိုးတန် မင်္ဂလာမှန်း မသိကြလို့ ပေါ့ပေါ့တန်တန် အောက်မေ့နေကြတာကို အဖိုးတန် မင်္ဂလာဖြစ်ကြောင်း ပြောပြလိုတဲ့အတွက် ဒီသင်တန်းနဲ့ ဖော်ထုတ်ရခြင်း ဖြစ်ပါတယ်''

''ဟုတ်ပါတယ်ဆရာ၊ ကျွန်တော်တို့လည်း အရင်က လူမိုက်ကို ရှောင်တာ၊ ပညာရှိကို ပေါင်းတာတွေကို မင်္ဂလာရှိတဲ့အလုပ်တွေလို့ နားမလည်ခဲ့ပါဘူး၊ လုပ်ရိုးလုပ်စဉ်အနေနဲ့သာ လုပ်ခဲ့ကြပါတယ်၊ ခုတော့ အင်မတန် အဖိုးတန်တဲ့ မင်္ဂလာမှန်း သိလာရတဲ့အတွက် ပိုမို ကြိုးစားပြီး ကာယကံမြောက် ကျင့်သုံးသွားနိုင်ဖို့ စိတ်ကူးထားပါတယ်ဆရာ''

''ကျွန်မတို့ကို ဒီတစ်ပတ် ပုံမပြောပြတော့ဘူးလား ဆရာ''

''ဒီတစ်ပတ် မင်းတို့ကို ပေါရိသာဒအကြောင်း ပြောပြဖို့ စိတ်ကူးထားပါတယ်၊ တကယ်တော့ ဒီတစ်ပတ် ပုံပြောဖို့တောင် မလိုတော့ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ပြီးခဲ့တဲ့အပတ်က လှည်းသားငါးရာဝတ္ထုမှာ လှည်းမှူးမိုက်ကို ပေါင်းသင်းမိလို့ ဒုက္ခရောက်ရပုံ၊ ပညာရှိလှည်းမှူးကို ပေါင်းသင်းမိလို့ သုခရပုံကို မင်္ဂလာသင်ခန်းစာ ယူနိုင်ပါတယ်၊ ဒါပေမယ့် မင်းတို့ မပျင်းရအောင် ပေါရိသာဒအကြောင်းကို အတိုချုပ်ပြီး ဆရာပြောပြပါမယ်''

မဟာသုတသောမဇာတ်

မဟာသုတသောမ ဇာတ်တော်ဟာ ပါဠိပိဋကတ် အသီတိနိပါတ်မှာ ပါတယ်ကွယ့်၊ ပါဠိဂါထာပေါင်း ၈၀-တို့နဲ့ တန်ဆာဆင်ပြီး ဟောထားတဲ့အတွက် နည်းနည်း ကျယ်ဝန်းတယ်၊ ဒီမှာတော့ မင်္ဂလာသင်ခန်းစာအနေနဲ့ လိုရင်းလောက်ကိုသာ ပြောပြပါမယ်၊ မဟာသုတသောမဇာတ် ဆိုပေမယ့် မဟာသုတသောမ မင်းကြီးထက် ပေါရိသာဒကို လူသိ ပိုများကြပါတယ်၊ ဇာတ်လမ်းအကျဉ်းချုပ်က ဒီလိုကွယ့်။

ရှေးအခါက တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီးထံမှာ မဟာသုတသောမမင်းသား၊ ဗြဟ္မဒတ်မင်းသား အပါအဝင် မင်းညီမင်းသား တစ်ရာ့တစ်ပါးတို့ ပညာသင်ကြားကြပြီး ပညာစုံတော့ ကိုယ့်တိုင်းကိုယ့်ဌာနေ အသီး

http://www.dhammadownload.com

သီး ပြန်ကြကာ အချိန်ရောက်တော့ အားလုံး မင်းအဖြစ် ရောက်ကြသတဲ့၊ တက္ကသိုလ်မှာနေကြစဉ်က မဟာသုတသောမမင်းသားက လက်ထောက်ဆရာ အဖြစ် ပညာသင်ပေးရတဲ့အတွက် တစ်ရာသောမင်းတို့ရဲ့ ဆရာဆိုလည်း ဟုတ်တယ်၊ သူငယ်ချင်း ရောင်းရင်းဆိုလည်း ဟုတ်သပေါ့ကွယ်၊ အားလုံးက လည်း မဟာသုတသောမမင်းကို လေးစားကြသတဲ့။

ရောင်းရင်းဖြစ်တဲ့ ဗြဟ္မဒတ်မင်းသားကလည်း ဗာရာဏသီပြည်မှာ မင်းပြုပါတယ်၊ တစ်နေ့မှာတော့ ဗြဟ္မဒတ်မင်းရဲ့ စားတော်ကဲ(ရသက)ဟာ မင်းကြီး ပွဲတော်တည်မယ့် အသားဟင်း ပျောက်သွားလို့ အစားရှာလို့လည်း မလွယ်တဲ့အတွက် လတ်လတ်ဆတ်ဆတ် လူသားကိုရှာပြီး ဘုရင်မသိအောင် ဆက်သလိုက်သတဲ့၊ ဗြဟ္မဒတ်မင်းဟာ လူသား တစ်ခါစားမိတာနဲ့ လျှာလည် သွားပြီး နေ့တိုင်း လူသားနဲ့ ပွဲတော်တည်တဲ့အတွက် ထောင်ထဲမှာရှိတဲ့ လူတွေ ကုန်တဲ့အပြင် မြို့ထဲရွာထဲက လူတွေကိုပါ သတ်ဖြတ် စားလာတာနဲ့ ကာဠ ဟတ္ထိစစ်သူကြီးနဲ့ တိုင်းသူပြည်သားများက တိုင်းပြည်က နှင်ထုတ်လိုက်ပါသတဲ့၊ လူသားစားတဲ့ အချိန်ကစပြီး ''**ပေါရိသာဒ**''(လူသားစား)လို့ အမည်တွင် သတဲ့။

တိုင်းပြည်က ထွက်ပြီး ဆရာတပည့်နှစ်ယောက် တောထဲရောက်တဲ့ အခါမှာ တောထဲမှာလည်း ဒီလိုပဲလူတွေကို လိုက်သတ်ပြီး စားနေရာ တစ်နေ့ တော့ လူသား ရှာမရတာနဲ့ စားတော်ကဲ(ရသက)ကိုပဲ ပြန်ပြီး သတ်စားပစ် လိုက်တယ်၊ ''**မရ–ရသကချိုင်**''ဆိုတဲ့ မြန်မာစကားပုံဟာ ဒီဇာတ်ကနေ ထွက်လာတဲ့ စကားပုံပါပဲ၊ တစ်နေ့တော့ ပေါရိသာဒဟာ လှည်းငါးရာနဲ့ ကုန်ရောင်းလာတဲ့ ပုဏ္ဏားကို ဖမ်းပြီး ပြေးရာမှာ ရှားငုတ်စူးပြီး ဒဏ်ရာရလာ တဲ့အတွက် စိတ်ပျက်ပျက်နဲ့ ညောင်ပင်အောက်မှာ လှဲအိပ်ပြီး ညောင်စောင့် နတ်ကို ''အသင်နတ်မင်း၊ ကျွန်ုပ်အနာကို ပျောက်အောင်ကုပေးရင် တစ်ရာ့ တစ်ပါးသော မင်းတို့ရဲ့ လည်ချောင်းသွေးနဲ့ ယဇ်ပူဇော်မယ်''လို့ ဒီလို စိတ်ကူး ပေါက်ရာကို လျှောက်ပြောသတဲ့။

သုံးလေးရက်ကြာတော့ အနာက သူ့ဘာသာ ဓာတ်ညီမျှလို့ သက်သာ သွားတာကို သူ့စိတ်ထဲမှာ ညောင်စောင့်နတ်က ကုပေးလို့ ပျောက်တယ်လို့

http://www.dhammadownload.com

အယူရောက်ပြီး တစ်ရာ့တစ်ပါးသော မင်းတို့ကို ဖမ်းဆီးကာ တောထဲကို ခေါ်ဆောင်လာခဲ့သတဲ့၊ ညောင်စောင့်နတ်ကလည်း သူ့ကြောင့် အနာပျောက်တာ မဟုတ်ဘဲ ပေါရိသာဒတစ်ယောက် ထင်ရာ လျှောက်လုပ်တာကို မကြည့်ရက်တာနဲ့ သိကြားမင်းထံ အကြံဉာဏ်တောင်းခံရာ မဟာသုတသောမမင်း ဆုံးမမှ ရမယ်လို့ သိလိုက်ရတဲ့အတွက် ပရိယာယ်နဲ့ "မဟာသုတသောမမင်း လည်ချောင်းသွေးပါမှ ကျေနပ်မယ်"လို့ ပြောလိုက်တော့ ပေါရိသာဒဟာ မဟာသုတသောမမင်းကြီး ခေါင်းဆေးမင်္ဂလာပြုတုန်း သွားပြီး ဖမ်းဆီးလာခဲ့သတဲ့။

မဟာသုတသောမမင်းလည်း ခေါင်းဆေးမင်္ဂလာ ပြုဖို့ နန်းတော်မှ ထွက်လာစဉ် လမ်းမှာ ပုဏ္ဏားတစ်ယောက်က "ကဿပမြတ်စွာဘုရား ဟောတဲ့ ဂါထာလေးတစ်ပုဒ်ကို မင်းကြီးအား ဟောပြလိုပါတယ်"လို့ ပြောတဲ့ အတွက် မင်းကြီးက "နန်းတော်က စောင့်နေရစ်ပါ၊ ခေါင်းဆေးမင်္ဂလာပြုပြီး ပြန်လာခဲ့ပါမယ်"လို့ ကတိခံထားခဲ့သတဲ့၊ ပေါရိသာဒ ဖမ်းလာတော့ မဟာသုတသောမမင်းကြီးက ထားခဲ့တဲ့ ကတိကို မဖျက်လိုတာနဲ့ တရားနာပြီး ပြန်လာပါမယ်၊ ခဏလေး ပြန်ခွင့်ပြုပါရန် အခါခါ တောင်းပန်ရာ နောက်ဆုံး ကျေနပ်လောက်တဲ့ ကတိကို ရတဲ့အတွက် ပေါရိသာဒက ဆရာရောင်းရင်း ဖြစ်ခဲ့တဲ့ အကြောင်းကြောင်းတွေကိုပါ ထောက်ပြီး ခဏပြန်ခွင့် ပြုလိုက်သတဲ့။

မဟာသုတသောမမင်းကြီးလည်း နန်းတော်ပြန်သွားပြီး ပုဏ္ဏားထံမှ **သဗ္ဘိရေဝ သမာသေထ– သူတော်ကောင်းတို့နဲ့သာ ပေါင်းဖော်ရာ၏** စတဲ့ ဂါထာလေးပုဒ်ကို နာယူပြီး ပုဏ္ဏားအား အသပြာလေးထောင် ချီးမြှင့်ကာ ကတိအတိုင်း ပေါရိသာဒထံ မကြောက်မရွံ့ ပြန်လာပြီး သတ်လိုက သတ်နိုင်ကြောင်း ပြောရာ ပညာရှိ သူတော်ကောင်းကို သတ်က မိမိသာ ဒုက္ခရောက်မည်ကို ပေါရိသာဒက စဉ်းစားမိတဲ့အတွက် ပုဏ္ဏားထံမှ နာယူခဲ့တဲ့ဂါထာကို သူ့အား ဟောကြားရန် တောင်းပန်ရာ မင်းကြီးက "လူသားစား၊ အသင်လို လူနဲ့ တရားတော်နဲ့ မတန်"ဟု ဈေးကိုင်ထားလိုက်ပါသတဲ့၊ နောက်တော့ ပေါရိသာဒက "လိုရာဆုအပေါင်းနဲ့ ပြည့်စုံစေရပါမယ်၊ ကြားနာပါရစေ"လို့ အခါခါ တောင်းပန်တဲ့အတွက် မင်းကြီးက "**သဗ္ဘိရေဝ သမာသေထ**"စတဲ့

http://www.dhammadownload.com

ဂါထာလေးပုဒ်ကို ဟောကြား ဆုံးမတဲ့အခါမှာ ပေါရိသာဒဟာ ကိုယ့်အမှား ကိုယ်မြင်ပြီး စိတ်ဓာတ်ပျော့ပျောင်းကာ နောက်ဆုံးတွင် ဖမ်းထားတဲ့ မင်းများ ကို အကုန် ပြန်လွှတ်ပြီး ငါးပါးသီလ ဆောက်တည်ကာ မဟာသုတသောမ မင်းကြီးရဲ့ ညွှန်ကြားချက် မှန်သမျှကို မြေဝယ်မကျ နားထောင်ရှာသတဲ့၊ ပေါရိသာဒဟာ မဟာသုတသောမမင်းကြီး အကူအညီနဲ့ပဲ ဗာရာဏသီ ထီးနန်း ကို ပြန်စိုးစံရပြီး တစ်သက်လုံး ပညာရှိ သူတော်ကောင်း မဟာသုတသောမ မင်းကြီးရဲ့ ဩဝါဒကို နာယူကာ လူတော်လူကောင်းတစ်ယောက်ဖြစ်အောင် အသက်ထက်ဆုံး ကြိုးစားသွားပါတယ်။

ဇာတ်တော်ပေါင်းတော့ မဟာသုတသောမမင်းကြီးက **ဘုရားလောင်း၊** ပေါရိသာဒက **အင်္ဂုလိမာလအလောင်း** ဖြစ်ပါသတဲ့၊ ဒီဇာတ်တော်မှာ ပေါရိ သာဒဟာ စားတော်ကဲလူမိုက်နဲ့ ပေါင်းဖော်တဲ့အတွက် ဒုက္ခရောက်ရပုံ၊ ပညာရှိ သူတော်ကောင်း မဟာသုတသောမမင်းကြီးနဲ့ ပေါင်းသင်းတဲ့အတွက် သုခရပုံကို မင်္ဂလာ သင်ခန်းစာအဖြစ် ယူကြပေါ့ကွယ်၊ ဇာတ်တော်မူရင်းမှာ အင်မတန် မှတ်သားစရာ၊ အတုယူစရာကောင်းတဲ့ စကားတွေ အများကြီး ပါပေမယ့် သိပ်ရှည်နေမှာစိုးလို့ ချန်ထားခဲ့ပါတယ်၊ ကဲ ... သင်တန်းအချိန်လည်း စေ့ သွားပြီ၊ ကျောက်သင်ပုန်းမှာ ရေးထားတဲ့ ကဗျာလေးကို သံပြိုင်ရွတ်ဆိုပြီး ဒီတစ်ပတ်သင်တန်းကို ရပ်နားကြပါစို့ကွယ်။

ပညာရှိကို မှီခဲ

- သုတသောမာ ဇာတ်တော်သွားကို၊ မှတ်နော်မမှား နည်းယူဖွယ်။
  ပညာရှိကို ရှာကာရွေးလို့၊ မကြာမနေး ဆည်းကပ်ကွယ်။
- အပေါင်းကြည်သာ မှီရာကောင်းမှ၊ လူတော်လူကောင်း ဖြစ်လိမ့်မယ်။
  မင်္ဂလာကို လက်တွေ့ကျင့်လို့၊ ရွှေ့သို့တစ်ဆင့် တက်ရမယ်။
- မိမိအကျိုး တိုင်းပြည်ကျိုး၊ သယ်ပိုး ရွက်ဆောင်ကွယ်။
  အဲဒါကြောင့် ပညာရှင်ပဲ၊ စဉ်လာတွဲ အမြဲပေါင်းဖော်ကွယ်။

"မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ"

ဓမ္မဗျူဟာစာစောင်၊ အတွဲ (၅)–အမှတ်(၄) ၊ အတွဲ (၆၁)–အမှတ်(၄)

http://www.dhammadownload.com

၃ - ပုဏ္ဏ ဝ ပုဏ္ဏနေယျာန်

http://www.dhammadownload.com

ကဲ ... အားလုံး မတ်တပ်ရပ်ပြီး လက်အုပ်ကလေး ချီကြပါ၊ ပြီးတော့ ''မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ''လို့ နှုတ်ခွန်းဆက်ကြပါ၊ အဲ .. ဟုတ်ပြီ၊ နောက်ဆိုရင် သင်တန်းစတိုင်း ဒီလို ယဉ်ကျေးတဲ့ ကာယကံမှု၊ ယဉ်ကျေးတဲ့ ဝစီကံမှု၊ ယဉ်ကျေးတဲ့ မနောကံမှုလေးတွေနဲ့ အချင်းချင်း မြန်မာဆန်ဆန် နှုတ်ဆက်သွားကြဖို့ ဆရာ ထပ်မံ တိုက်တွန်းပါတယ်၊ ဆရာတို့သင်တန်းမှာ တစ်စတစ်စ လူများလာတာကို တွေ့ရတဲ့အတွက် သိပ်ပြီး အားတက်ပါတယ်၊ လူငယ်များအပြင် လူရွယ် (လူလတ်)တွေပါ ပါလာတာ တွေ့ရတဲ့အတွက် ပိုလို့ပင် ဝမ်းသာမိပါတယ်၊ ''ပန်းသတင်း လေညင်းဆောင်၊ လူသတင်း လူချင်းဆောင်''ပြီး မကြာမီ လူကြီးများပါ ဒီသင်တန်းကို ကြွရောက်ပြီး ချီးမြှင့်ကြလိမ့်မယ်လို့ ဆရာ မျှော်လင့်နေမိပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ မင်္ဂလာတရားတော်ဟာ လူငယ်၊ လူရွယ်၊ လူကြီး အားလုံးတို့အတွက် သူ့အပိုင်းနဲ့သူ ဟောထားတာကို တွေ့ရတဲ့အတွက် အရွယ်သုံးပါးလုံးနဲ့ ဆက်သွယ်နေပါတယ်၊ ဒီလို မင်္ဂလာတရားတော်က အရွယ်သုံးပါးနဲ့ ဆက်ဆံနေလေတော့ ဆရာတို့သင်တန်းမှာလည်း လူစုံရင် ပိုပြီး ပြောလို့ဆိုလို့ ဆီလျော်တာပေါ့ကွယ်၊ ခုလို ဒီသင်တန်းကို စိတ်ပါလက်ပါ တက်ရောက်လေ့လာကြတဲ့အတွက် ဆရာ အထူးပဲ ဝမ်းသာမိပါတယ်၊ မင်္ဂလာတရားတော်ကို သင်တန်းနာမည်နဲ့ လိုက်အောင် ကာယကံမြောက် လက်တွေ့ ကျင့်သုံးသွားကြမယ်ဆိုရင် ပိုပြီး ဝမ်းသာစရာ၊ ကြည်နူးစရာ၊ နှစ်သိမ့်စရာပေါ့ကွယ်၊ သိပ္ပံပညာ ထွန်းကားလာတဲ့ ဒီခေတ်မှာ လက်တွေ့ဆိုတဲ့ စကားတစ်ခုကို အတော်အသုံးပြုကြတာကို မင်္ဂလာရှင် မောင်မယ်တို့ သတိ ပြုမိကြပါလိမ့်မယ်၊ လက်တွေ့မှ ယုံမယ်လို့လည်း ဆိုလာကြပါတယ်၊ ဒီတော့ သိပ္ပံခေတ်မှာ ကြီးလာကြတဲ့ မောင်တို့ မယ်တို့ဟာ လက်တွေ့သမားလေးတွေလို့ ဆရာ ယုံကြည်ထားတယ်၊ ဒါကြောင့် မင်္ဂလာတရားတော်တွေကိုလည်း လက်တွေ့ (ကာယကံမြောက်) ကျင့်သုံးပြီး လက်တွေ့ မင်္ဂလာရှင်လေးတွေ ဖြစ်လာအောင် ကြိုးစားကြစမ်းပါလို့ ဆရာ တိုက်တွန်းပါတယ်၊ ကဲ ... သင်တန်းစကြပါစို့။

http://www.dhammadownload.com

၃။ ပူဇာ စ ပူဇနေယျာနံ

(ပေါင်းသင်းဆက်ဆံရေးမင်္ဂလာ ၁ ပူဇော်ရေး)

"မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ"

ပြီးခဲ့တဲ့ သင်တန်းများမှာ ပတ်ဝန်းကျင် အရေးကြီးပုံနှင့် ဒီပတ်ဝန်းကျင် ထဲမှာ လူမိုက်ကို ရှောင်ပြီး ပညာရှိကို ပေါင်းသင်းသင့်ပုံများကို အကျယ်တဝင့် ဆရာ ပြောပြခဲ့ပါတယ်၊ ကျေကျေနပ်နပ် နားလည်လောက်ပြီလို့လည်း ဆရာ ယူဆပါတယ်၊ မင်္ဂလာတရားတော်ဟာ အများအားဖြင့် ကွင်းဆက်သွားနေတာ ဖြစ်တဲ့အတွက် တစ်မင်္ဂလာနဲ့ တစ်မင်္ဂလာ အကူးမှာ တစ်ခုနဲ့တစ်ခု မျက်ခြည် ပြတ်မသွားဖို့ လိုပါတယ်၊ မျက်ခြည်ပြတ်သွားရင် အဓိပ္ပာယ် မစပ်တော့ဘဲ တစ်ခုစီ ကွဲသွားတတ်ပါတယ်။

ဒါကြောင့် တစ်မင်္ဂလာနဲ့ တစ်မင်္ဂလာ ဆက်စပ်ယူတတ်ဖို့ သတိပြုရ ပါမယ်၊ ပြီးခဲ့တဲ့ သင်တန်းတုန်းက "ပဏ္ဍိတာနဉ္စ သေဝနာ- ပညာရှိကို ပေါင်းသင်းရမယ်"လို့ ဒီလို ညွှန်ကြားထားပါတယ်၊ ဒီတော့ ပညာရှိနဲ့ပေါင်း ဆိုပေမယ့် ပေါင်းတတ်မှ မြတ်တယ်၊ မပေါင်းတတ်ရင် ကွဲတတ်တယ်၊ ကြိုးတောင် ချည်တတ်မှ မြဲတယ်၊ မချည်တတ်ရင် မမြဲဘူး မဟုတ်လား၊ ပညာရှိတွေနဲ့ တွေ့ပေမယ့် အပေါင်းမတော်ရင် ကွဲကွာသွားတတ်ပါတယ်၊ ဒီလို ပညာရှိနဲ့ ကွဲကွာသွားရင် ကိုယ့်အတွက် ရသင့်ရထိုက်၊ သိသင့် သိထိုက်တဲ့ အခွင့်အရေး တွေ အားလုံး ဆုံးရှုံးတတ်ပါတယ်၊ ဒါကို အထူး သတိပြုသင့်ပါတယ်၊ ဒီလို သတိပြုသင့်တဲ့အတွက် ပဏ္ဍိတာနဉ္စ သေဝနာမင်္ဂလာနောက်မှာ-

http://www.dhammadownload.com

"**ပူဇာ စ ပူဇနေယျာနံ**" **ပူဇနေယျာနံ**– ပူဇော်ထိုက်သူတို့ကို၊ **ပူဇာ**–ပူဇော်ခြင်းလို့ ဆက်လက် ညွှန်ကြားတော်မူပါတယ်၊ "**ပူဇော်ထိုက်သော သူတို့ကို ပူဇော်ခြင်းသည် မင်္ဂလာတစ်ပါး မည်၏**"လို့ ပြည့်စုံတဲ့ အဓိပ္ပာယ်ကို ဒီလို ကောက်ယူရပါမယ်၊ အတိုချုပ်ကတော့ ပူဇော်ထိုက်သူကို ပူဇော်ရမယ်ပေါ့ကွယ်။

ဒီနေရာမှာ ပူဇာ စ ပူဇနေယျာနံ မင်္ဂလာကို ပဏ္ဍိတာနဉ္စသေဝနာ မင်္ဂလာနဲ့ ကွင်းဆက်သဘော မပြောမီ သူ့ချည်းသက်သက် လုံးချင်းအဓိပ္ပာယ်ကို အရင် ပြောပြပါမယ်၊ နောက်မှ ကွင်းဆက်သဘောကို ပြောပြပါမယ်။

ပူဇော်ထိုက်သူကို ပူဇော်ရမယ်ဆိုတော့ ရှေးဦးစွာ ပူဇော်ထိုက်သူများကို ရွေးချယ်တတ်ရပါမယ်၊ အတိုချုပ် ရွေးချယ်ပြရရင်တော့– မိမိထက် သီလ၊ သမာဓိ၊ ပညာဂုဏ်အားဖြင့် ကြီးမားတဲ့ **ဂုဏဝုဍ္ဍိပုဂ္ဂိုလ်၊** အသက်အရွယ်အားဖြင့် ကြီးမားတဲ့ **ဝယဝုဍ္ဍိပုဂ္ဂိုလ်များဟာ ပူဇော်ထိုက်သူများ** ဖြစ်ပါတယ်။

ပူဇော်တယ်ဆိုတာကတော့ ထိုပုဂ္ဂိုလ်များကို လှူဒါန်းဖွယ်ရာ ပစ္စည်းပစ္စယများဖြင့် ရှိခိုးကန်တော့ခြင်း၊ မတတ်နိုင်ရင် ရိုးရိုးသားသား ဝပ်တွားရှိခိုးခြင်း၊ ထို ပုဂ္ဂိုလ်များ ဆုံးမ ညွှန်ကြားချက်များကို မြေဝယ်မကျ နာ းထောင်ခြင်းတို့ကိုပင် ပူဇော်တယ်လို့ ဆိုလိုပါတယ်၊ ဒီအထဲမှာ ဆုံးမ ညွှန်ကြားချက်ကို လိုက်နာခြင်းသည် အကောင်းဆုံး ပူဇော်ခြင်းဖြစ်ကြောင်း သုတ်မဟာဝါ မဟာပရိနိဗ္ဗာနသုတ်မှာ ညွှန်ကြားထားပါတယ်။

ဒါကြောင့်မို့ လူကြီး မိဘ ဆရာသမား စသည်တို့ရဲ့ ဆုံးမညွှန်ကြားချက်များကို လေးလေးစားစား နားထောင်သင့်ပါတယ်၊ ဒီလို လေးလေးစားစား နားထောင် ကျင့်သုံးခြင်းသည်ပင် ထိုပုဂ္ဂိုလ်တို့အား အကောင်းဆုံး ပြန်လည်ကျေးဇူးဆပ်ခြင်းမည်ကြောင်း မောင်မယ်တို့ သဘောပေါက်ရပါမယ်၊ ကျောင်းရောက်ရင် ဆရာ၊ ဆရာမတို့ရဲ့ စကား၊ အိမ်ရောက်ရင် မိဘစသည်တို့ရဲ့ စကားကို နားထောင်လိုက်နာပါက ဒီမင်္ဂလာနဲ့ ပြည့်စုံစေပါတယ်။

ညအိပ်ရာဝင်၊ အိပ်ရာထ အနန္တော အနန္တငါးပါးကို ရှိခိုးခြင်း၊ ကျောင်းသွား ကျောင်းပြန် မိဘတို့ကို ရှိခိုးခြင်းဟာလည်း ဒီမင်္ဂလာနဲ့ ပြည့်စုံစေပါတယ်၊

http://www.dhammadownload.com

ကိုယ့်ထက် ကြီးသူတို့ရဲ့ ကောင်းမွန်သော ဆုံးမ ညွှန်ကြားချက်များ လိုက်နာ၍ အရိုအသေ ပြုခြင်းများဟာ သာဓုခေါ်စရာ အလုပ်များ ဖြစ်ပါတယ်၊ မင်္ဂလာရှင် မောင်မယ်တို့ဟာ ဒီ သာဓုခေါ်စရာ အလုပ်များကို ကြိုးစား လုပ်နေကြသူများ ဖြစ်တယ်လို့ ဆရာ ယုံကြည်နေပါတယ်၊ တကယ်လို့ မလုပ်ရသေးလို့ ရှိရင် လည်း လုပ်ဖြစ်အောင် ကြိုးစားကြပါလို့ တို့တွန်းပါတယ်။

မောင်မယ်တို့ ခေတ်မှာ ကျောင်းသွားကျောင်းပြန် မိဘ ကန်တော့တဲ့ အလေ့အထလေး ပျောက်နေတာကို သတိပြုမိပါတယ်၊ ဆရာတို့ ငယ်ငယ် တုန်းကတော့ ဒီ အလေ့အထလေး ရှိပါတယ်၊ အင်မတန်ကောင်းတဲ့ အလေ့ အထလေး ဖြစ်ပါတယ်၊ ကျောင်းသွားကျောင်းပြန် မိဘကို ရှိခိုးခြင်းဟာ မိဘ တို့ကို "ကျောင်း သွားပါတော့မယ်၊ ကျောင်းက ပြန်ရောက်လာပါပြီ"လို့ ယဉ်ကျေးစွာ တိုင်တည်ခြင်း ဖြစ်ပါတယ်၊ ဒီ အလေ့အကျင့်ကို လက်တွေ့ ကျင့်လာပြီဆိုရင် အချိန်မှန် ကျောင်းတက်ခြင်း၊ အချိန်မှန် အိမ်ပြန်ခြင်းတို့ကို အလိုလို ဆောင်ရွက်ပြီးသား ဖြစ်ပါတယ်၊ အချိန်မှန် ကျောင်းတက်၊ အချိန်မှန် အိမ်ပြန်ကြရင် စာမေးပွဲကျခြင်းတို့၊ ကျောင်းပြေးခြင်းတို့၊ ရထားခိုးစီးလို့ ဒုက္ခ ရောက်ရခြင်းတို့၊ ရေနစ်လို့ သေဆုံးရခြင်းတို့ စတဲ့ မကောင်းတဲ့သတင်းများကို ကြားရမည် မဟုတ်ပါဘူး။ ဒါကြောင့် မင်္ဂလာနဲ့လည်းညီ၊ သိပ်လည်း သိမ်မွေ့ လှတဲ့ ကျောင်းသွား ကျောင်းပြန် မိဘကို ရှိခိုးခြင်း အလုပ်ကို မလုပ်မိကြသေး လို့ရှိရင် ဒီကနေ့ကစပြီး လက်တွေ့ ကျင့်သုံးကြပါလို့ ဆရာ အထူး တိုက်တွန်း လိုက်ပါတယ်၊ ပြောခဲ့ပြီးတာတွေကို အခြေခံပြီး ဝေဖန် စဉ်းစားလိုက်ရင် ပူဇာ စ ပူဇနေယျာနံ မင်္ဂလာရဲ့ လုံးချင်းအဓိပ္ပာယ်ကို မောင်မယ်တို့ နားလည် လောက်ပြီလို့ ဆရာ ယူဆပါတယ်။

ပဋိရူပဒေသဝါသ မင်္ဂလာနဲ့ ဆက်သွယ်ယူပုံကို ပြောပြပါဦး မယ်၊ အသေဝနာစ ဗာလာနံ မင်္ဂလာက မကောင်းတဲ့ အရေအတွက်ထဲက ဆွဲနုတ်လိုက်ခြင်းဖြစ်ပြီး ပဋိရူပဒေသဝါသ မင်္ဂလာကတော့ ကောင်းတဲ့ အရည်အချင်းထဲကို ပို့လိုက်ခြင်းပဲ ဖြစ်ပါတယ်၊ ပူဇာ စ ပူဇနေယျာနံ မင်္ဂလာ ကတော့ အကောင်းထဲက အကောင်း၊ အရည်အချင်းထဲက အရည်အချင်း ကိုပင် ဆန်ခါတင် ထပ်မံ ရွေးချယ်လိုက်ခြင်း ဖြစ်တယ်လို့ သဘောရပါတယ်။

http://www.dhammadownload.com

ဘယ်လိုလဲဆိုတော့ ပဏ္ဍိတာနဥ္စ သေဝနာ– ပညာရှိကို ပေါင်းဆိုပေမယ့် ပညာရှိတွေကလည်း သူ့နေရာနှင့်သူဆိုတော့ အများသားပဲ၊ ဒီအများကြီးကိုပဲ လိုက်ပေါင်းနေရမှာလား၊ ဒါမှမဟုတ် ပညာရှိတိုင်းကကော ကိုယ့်အတွက် အရာရာမှာ အကျိုးသက်ရောက်မှု ရှိအောင် စွမ်းဆောင်နိုင်မှာလား၊ ဒါကို စဉ်းစားရပါလိမ့်မယ်၊ ဒီလို စဉ်းစားတဲ့အခါကျတော့ ပညာရှိဆိုတိုင်း လိုက်ပေါင်းလို့ (လက်တွေ့ဖြစ်ရပ်တွေအရ) မလွယ်ကူလှပါဘူး၊ ပြီးတော့ ပညာရှိတိုင်းဟာလည်း မိမိအတွက် အရာရာတိုင်းမှာ လိုက်ပြီး ကျေးဇူးမပြုနိုင်ပါဘူး၊ ဒီအဖြေကို တွေ့ရပါတယ်၊ ဒီတော့ ဘယ်လို လုပ်ရမှာလဲ၊ ဒါကို ပူဇာ စ ပူဇနေယျာနံက အဖြေပေးနေပါတယ်၊ ဘယ်လိုလဲဆိုတော့ ပဏ္ဍိတဆိုတဲ့ အများထဲက **ပူဇနေယျ**– ပူဇော်ထိုက် အားကိုးထိုက် မှီခိုထိုက်တဲ့ ပုဂ္ဂိုလ်ကို ရွေးချယ်ပြီး **ပူဇာ**– ဘုရားတစ်ဆူ ဂူတစ်လုံးကဲ့သို့ တစ်သက်လုံး ပူဇော်အားကိုး မှီခိုသွားပါတဲ့၊ ကွင်းဆက်အဓိပ္ပာယ်ကို ဒီလို ကောက်ယူသင့်တယ်လို့ သဘောရပါတယ်။

လောကမှာ ပညာရှိ အများအပြား သူ့နေရာနဲ့သူ ရှိကြပါတယ်၊ ဒီအများထဲက မိမိကို အများဆုံး အကျိုးပြုနိုင်မယ့်၊ မိမိကို အများဆုံး ရှေ့ဆောင်နိုင်မယ့်၊ မိမိကို အများဆုံး ကူညီ စောင့်ရှောက်နိုင်မယ့် (လက်ရွေးစင်) ပညာရှိတစ်ဦးကို ဘုရားတစ်ဆူ ဂူတစ်လုံးကဲ့သို့ အမြဲမပြတ် ဆည်းကပ်သွားပါက ပူဇာ စ ပူဇနေယျာနံမင်္ဂလာ အလိုလို ပြည့်စုံနေတယ်ဆိုတာ သဘောပေါက်ကြဖို့ပါပဲ၊ ဒီမင်္ဂလာနဲ့ ပြည့်စုံအောင် မောင်မယ်တို့ လူကဲခတ်တတ်ဖို့ လိုပါတယ်၊ ကိုယ့်ပတ်ဝန်းကျင် ကိုယ့်အသိုက်အဝန်းထဲက ကိုယ့်အပေါ် ဘယ်သူဟာ အကျိုး လိုလားဆုံးလဲ၊ ဘယ်သူဟာ ကိုယ့်ကို ခေါင်းဆောင်နိုင်ဆုံးလဲ၊ ဘယ်သူဟာ ကိုယ့်အတွက် ပြုပြင်ပေးနိုင်ဆုံးလဲ ဆိုတာတွေကို သတိထားပြီး ကြည့်ရင် တွေ့ရပါလိမ့်မယ်၊ ဒါကြောင့် ရှေးဦးစွာ ကိုယ့်ပတ်ဝန်းကျင်ထဲမှာ လူမိုက်နဲ့ လူလိမ္မာ အရင်ခွဲပြီး လူလိမ္မာထဲမှာမှ တစ်ဖန် ကိုယ့်ကို အများဆုံး အကျိုးပြု ရှေ့ဆောင်နိုင်မယ့် ပုဂ္ဂိုလ်တစ်ယောက်ကို ရွေးချယ်ပြီး မကွဲမကွာ သွားရအောင် အမြဲ ချဉ်းကပ် မှီခိုထားရပါမယ်။

ဒါကြောင့် ပေါင်းသင်း ဆက်ဆံရေးပိုင်းဟာ သိမ်မွေ့တဲ့အပိုင်းမို့လို့ ငယ်

http://www.dhammadownload.com

ရှယ်တဲ့ မောင်မယ်တို့ လက်တွေ့ သဘောပေါက်ဖို့ လွယ်ချင်မှ လွယ်ပါမယ်၊ ဒါပေမယ့် မင်္ဂလာ ညွှန်ကြားချက်အနေနဲ့ မှတ်သားပြီး လက်တွေ့ကျအောင် တဖြည်းဖြည်း အရွယ်နဲ့ အတွေ့အကြုံက ဖန်တီးပေးသွားပါလိမ့်မယ်၊ အဲဒီလို ဖန်တီးပေးလာတဲ့အခါမှသာ အခွင့်အရေး မဆုံးရှုံးရအောင် ပေါင်းသင်း ဆက်ဆံရေး၊ မင်္ဂလာကွင်းဆက် ညွှန်ကြားချက်ကို သတိမမေ့ဖို့ အရေးကြီးကြောင်း မှာကြားလိုပါတယ်။

လူလတ်ပိုင်းနဲ့ လူကြီးပိုင်းမှာတော့ ဒီအတွေ့အကြုံတွေ ရှိကြပါတယ်၊ ကိုယ်ရေးကြုံ သက်လုံကောင်းရမယ်ဆိုတဲ့ စကားအတိုင်း တစ်ခုခု အခက်အခဲနဲ့ တွေ့လာရရင် ကိုယ့်စိတ်ထဲမှာ ရှေးမဆွကတည်းက ညွတ်ပြီးသား အားထားပြီးသားဖြစ်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ထံ အရောက်ပြေးပြီး အကြံဉာဏ် တောင်းခံ လေ့ ရှိကြပါတယ်၊ ဒီလို တောင်းခံလိုက်ရင်လည်း အများအားဖြင့် ကျေနပ်စရာ တွေ့ရတာ များပါတယ်၊ ဒါဟာ ပူဇာ စ ပူဇနေယျာနံ မင်္ဂလာရဲ့ လက်တွေ့ အကျိုးပါပဲ၊ တိုင်းပြည်အုပ်ချုပ်ရတဲ့ ရှင်ဘုရင်များမှာတောင် ပညာရှိ အများထဲ က စင်တော်ကောက်ရွေးပြီး သက်တော်ရှည် အမတ်ကြီး(မင်းတိုင်ပင်အမတ် ကြီး) ဆိုတာကို သီးခြား ရွေးချယ်ထားရတယ်ဆိုတာ မောင်မယ်တို့ စာတွေ့ရှိ ပါတယ်၊ ဒါဟာ ပဏ္ဍိတအများထဲက ပူဇနေယျကို ရွေးထုတ်လိုက်ခြင်း ဖြစ် တယ်ဆိုတာကို မင်္ဂလာနဲ့ ဆက်စပ်ယှဉ်တွဲမှ ကိုယ့်အတွက် အကွက်ဝင်ပြီး အသုံးပြုတတ်ပါလိမ့်မယ်၊ ကဲ . . . ကဲ ဒီလောက်ဆိုရင် ကွင်းဆက် မင်္ဂလာ သဘော နားလည်လောက်ပြီလို့ ထင်ပါတယ်။

၃၈–ဖြာ မင်္ဂလာတရားတော်ကို မူရင်းမှာ ပါဠိဂါထာ(ကဗျာ)လေး ၁၁– ပုဒ်နဲ့ ဟောထားတာ ဖြစ်တဲ့အတွက် အခုအခါမှာ ပထမဆုံးဂါထာအပိုဒ်လေး လည်း စုံသွားပြီဖြစ်လို့ အားလုံးကို စုပေါင်းပြီး ရေးလိုက်တော့ ကျောက်သင်ပုန်း မှာ ရေးပြထားတဲ့အတိုင်း **ပါဠိဂါထာ(ကဗျာ)**လေး ဖြစ်လာပါတယ်၊ အောက် မှာ ရေးပြထားတဲ့ **ဘော ဒေဝပုတ္တ**– ''အို–နတ်သား'' အစချီတာကိုတော့ **အနက်**လို့ ခေါ်ပါတယ်၊ ကဲ . . အားလုံး စုပေါင်းပြီး ရွတ်ဆိုကြည့်ရအောင်။

(၁) အသေဝနာ စ ဗာလာနံ၊

ပဏ္ဍိတာနဉ္စ သေဝနာ။

http://www.dhammadownload.com

ပူဇာ စ ပူဇနေယျာနံ၊ ဧတံ မင်္ဂလ မုတ္တမံ။

သော ဒေဝပုတ္တ– အိုနတ်သား၊ **ဗာလာနံ**– လူမိုက်တို့ကို၊ **ယာ အသေဝနာ စ**– အကြင် မမှီဝဲ မဆည်းကပ်ရခြင်းသည်လည်းကောင်း၊ **ပဏ္ဍိတာနံ**– ပညာရှိသောသူတို့ကို၊ **ယာအသေဝနာစ**– အကြင် မှီဝဲဆည်းကပ်ရခြင်းသည်လည်းကောင်း၊ **ပူဇနေယျာနံ**– ပူဇော်ထိုက်သောသူတို့ကို၊ **ယာ ပူဇာစ**– အကြင်ပူဇော်ရခြင်းသည်လည်းကောင်း၊ **အတ္ထိ**– ရှိ၏၊ **ဧတံ**– ဤသုံးပါးသော တရားသည်လျှင်၊ **ဥတ္တမံ**– မြတ်စွာသော၊ **မင်္ဂလံ**– မင်္ဂလာမည်၏ဟူ၍၊ **တွံ**– သင်နတ်သားသည်၊ **ဂဏှာဟိ**– မှတ်လေလော့။

ပါဠိ(ကဗျာ)လေးများဟာ စနစ်တကျ ဖတ်တတ်ရင် အင်မတန် ဖတ်လို့ကောင်းပါတယ်၊ အဲဒီတော့ မောင်မယ်တို့ဟာ မင်္ဂလာ ပါဠိကဗျာလေးနဲ့ အောက်က အနက်ကလေးကိုပါ အရကျက်မှတ်ထားကြစေလိုပါတယ်၊ အားလပ်တဲ့ အခါတိုင်း၊ သတိရတဲ့ အခါတိုင်းလည်း ရွတ်ရွတ်ပေးပါ၊ အဓိပ္ပာယ်ကိုလည်း ထပ်ခါထပ်ခါ စဉ်းစားပါ၊ စဉ်းစားလေ လေးနက်လေ၊ လေးနက်လေ သဘောကျလေ၊ သဘောကျလေ ခိုင်မြဲလေ၊ ခိုင်မြဲလေ လက်တွေ့ကျင့်လို့ ကောင်းလေ၊ လက်တွေ့ကျင့်လို့ ကောင်းလေ လက်တွေ့အကျိုး ရလေဆိုတာကို ဆက်တိုက်တွေ့လာပါလိမ့်မယ်။

ဒီလို တွေ့လာလို့ရှိရင် မောင်မယ်တို့ တစ်ခါတလေ ဘုန်းတော်ကြီးကျောင်းဝင်းထဲ ရောက်တဲ့အခါမှာ ကျောင်းသားကလေးများ ရွတ်ဆိုနေတဲ့ 'သော ဒေဝပုတ္တ– အို နတ်သား'စတဲ့ အသံတွေကို အရင်ကလို အထင်မသေးတော့ဘဲ သူတို့နဲ့ ပြိုင်တူ ရွတ်ဆိုချင်တဲ့စိတ်တွေ ပေါ်လာပါလိမ့်မယ်၊ မင်္ဂလာသင်တန်းကို တက်ရောက် လေ့လာသူတိုင်းက မင်္ဂလာပါဠိအနက်ကို ရ,ရပါလိမ့်မယ်၊ ဒါမှ သဘာဝကျပြီး မူရင်းကို လေးစားရာကျပါမယ်၊ ဘယ်အရာမှာမဆို အရိုးပေါ် အရွက်မဖုံးသင့်တာမို့ ဆရာတို့ သင်တန်းမှာလည်း မူရင်းကို ပစ်ပယ်မထားဘူးဆိုတာ ဒါဟာ သာဓကပါပဲ။

''ဆရာ၊ ကျွန်တော် မသိလို့ မေးပါရစေ၊ ယခု ရေးပြထားတာကို ရလို့ရှိရင် မင်္ဂလာ ပြီးရောလား ခင်ဗျာ''

http://www.dhammadownload.com

''ဘယ် ပြီးဦးမလဲကွယ်၊ ခုမှ မင်္ဂလာပန္နက်ရိုက်တုန်း၊ အုတ်မြစ်ချတုန်း ရှိပါသေးတယ်''

''ဆရာ၊ ဒီ မင်္ဂလာ သုံးပါးနဲ့တောင် တော်တော် စိတ်ဝင်စားဖို့ ကောင်းနေရင် နောက်မင်္ဂလာတွေဆို သိပ်စိတ်ဝင်စားစရာ ကောင်းမှာပဲနော်''

''မင်္ဂလာတရားဟာ လှေခါးထစ်များ တက်သွားရသလို တစ်မင်္ဂလာပြီး တစ်မင်္ဂလာ လေးနက် လေးနက်လာတာကို တွေ့ရပါတယ်၊ လေးနက်လာတာနဲ့အမျှ စိတ်ဝင်စားစရာ၊ လက်တွေ့ ကျင့်သုံးစရာတွေကိုလည်း မင်းတို့တစ်တွေ တွေ့ရပါလိမ့်မယ်ကွယ်''

''ခုနက ဆရာ ပြောသွားတဲ့အထဲမှာ ခုမှ မင်္ဂလာ ပန္နက်ရိုက်တုန်း, အုတ်မြစ်ချတုန်း ရှိသေးတယ်ဆိုတာ သဘောမပေါက်လို့ ရှင်းပြပါလားဆရာ''

''အေး ... ရှင်းပြပါမယ်၊ အားလုံး သေသေချာချာ နားထောင်ကြ''

''ဆရာတို့ ကိုးကွယ်ရာအစစ်ဖြစ်တဲ့ မြတ်ဗုဒ္ဓရှင်တော်ဘုရားဟာ လောကုတ္တရာ သာသနာ **(လောကမှ ထွက်မြောက်ရေး အဆုံးအမ)**ကို **ဓမ္မစကြာသုတ်တော်မှာ သစ္စာလေးပါးနဲ့ စတင် အုတ်မြစ်ချ**တော်မူပါတယ်။

လောကီသာသနာ **(လောက ကြီးပွားရေး အဆုံးအမ)**ကိုတော့ **မင်္ဂလသုတ်တော်မှာ သမ္ပတ္တိစက်လေးပါးနဲ့ စတင် အုတ်မြစ်ချ**တော်မူပါတယ်၊ အင်မတန်ကို လေးနက်လှပါတယ်၊ လေ့လာ သုံးသပ်တတ်မှ ဒီအချက်တွေကို တွေ့ရပါတယ်၊ သာမန် ကြည့်သွားရင် ဒီ အဆီအနှစ်တွေကို မခံစားရပါဘူး။

(၁) လူမိုက်ကို ရှောင်၊ (၂) ပညာရှိကို ပေါင်း၊ (၃) ပူဇော်ထိုက်သူ ပူဇော်ဆိုတဲ့ မင်္ဂလာသုံးပါးရဲ့ သဘောသွားကို သေချာစွာ စစ်ဆေးကြည့်ရင် သူတော်ကောင်း ပညာရှိကို ရွေးချယ်ပြီး မှီခို အားထား ပေါင်းသင်းရမယ်ဆိုတဲ့ အဆီအနှစ် (တစ်ခု)ပဲဆိုတာ တွေ့ရပါလိမ့်မယ်၊ ပေါင်းသင်း ဆက်ဆံရေးဟာ အရေးကြီးသဖြင့်သာ ပိုမို သဘောပေါက်စေရန် သုံးပိုင်းခွဲပြီး ဟောထားခြင်း ဖြစ်ပါတယ်၊ သဘောကတော့ တစ်ခုတည်းပါပဲ။

သူတော်ကောင်း ပညာရှိကို ရွေးချယ်ပြီး မှီခိုအားထား ပေါင်းသင်းရမယ်ဆိုတာကို ပါဠိလို ''**သပ္ပုရိသ သံသေဝ**''လို့ ခေါ်ပါတယ်၊ ယခု မင်္ဂလာ

http://www.dhammadownload.com

ဗိမာန်တော်ကြီးကို သပ္ပုရိသ သံသေဝစက်ဆိုတဲ့ ရွှေအုတ်မြစ်တစ်ချပ် ချလိုက်ပြီဆိုတာကို မောင်မယ်တို့ သိကြစေလိုပါတယ်၊ ဒါကြောင့် ဆရာက ခုမှ မင်္ဂလာကို အုတ်မြစ်ချတုန်းပဲ ရှိသေးတယ်လို့ ပြောခြင်းဖြစ်ပါတယ်။

ကဲ ‥ မင်္ဂလာဗိမာန်ကြီး တည်ဆောက်ရေးအတွက် ယခုချိန်မှာ သပ္ပုရိသသံသေဝစက်ဆိုတဲ့ မင်္ဂလာရွှေအုတ်မြစ် တစ်ချပ် ချလိုက်ပါပြီ၊ အုတ်မြစ်သုံးခု ကျန်ပါသေးတယ်၊ ကျန်တဲ့ အုတ်မြစ်သုံးခုကို နောက်အပတ် သင်တန်းများမှာ ဆက်လက် ချသွားပါမယ်၊ ဒါလောက်ဆိုရင် ပြီးခဲ့တဲ့ မင်္ဂလာသုံးပါးရဲ့ တစ်ခုချင်းသဘော၊ ကွင်းဆက်သဘောများကို နားလည်လောက်ပြီလို့ ဆရာယုံကြည်ပါတယ်၊ ဒီတစ်ပတ် ပဏ္ဍိတ အများထဲက ပူဇနေယျ ရွေးထုတ်ပြီး ပူဇော်ပုံကို အများသိ အဇာတသတ်ဇာတ်လမ်းနဲ့ မင်္ဂလာသုံးခုရဲ့ သင်ခန်းစာကို နိဂုံးချုပ်ပြီး ပြောပြပါမယ်။

သာဓုဇလ သုတ်တော်

အဇာတသတ် အကြောင်းကိုတော့ အကြမ်းအားဖြင့် မောင်မယ်တို့ ကြားဖူးကြပါလိမ့်မယ်၊ သူဟာ ဒေဝဒတ်နဲ့ အပေါင်းများမိတဲ့အတွက် ဘယ်လိုမှ ပြင်မရနိုင်တဲ့ အဖသတ် ပိတုဃာတက ကံကြီးထိုက်ပြီး နေရှာပါတယ်၊ ဒီ ပိတုဃာတက ကံရဲ့အကျိုးဟာ နောင်တမလွန်မှာ မဆိုထားနဲ့ လက်ရှိ ပစ္စုပ္ပန်မှာတောင် သူ့ကို အမျိုးမျိုး ဒုက္ခပေးနေပါတယ်၊ သူ့ခမျာ အိပ်ချင်ပေမယ့် အိပ်လို့မရဘူးတဲ့၊ အိပ်မယ်ကြံပြီး မျက်စိမှိတ်လိုက်တာနဲ့ တစ်ပြိုင်နက် မျက်စိကို လှံများနဲ့ ထိုးဆွသလို ခံရရှာသတဲ့၊ ဒါကြောင့်မို့ အိပ်ချင်ပေမယ့် မျက်စိမမှိတ်ရဲအောင် ဖြစ်နေရရှာပါတယ်။

ပြီးတော့ သူ့မှာ ဘဝင်မကျလှတဲ့ ပြဿနာ တစ်ခုကလည်း သူ့စိတ်ကို အနှောင့်အယှက် ပေးနေသတဲ့၊ ဒါက ဘာလဲဆိုလို့ရှိရင် သူက ရဟန်း သံဃာတော်တွေရဲ့ အပေါ်မှာ ဘောဂဗေဒ ရှုထောင့်ကနေ သုံးသပ်ပြီး မကျေမနပ်ဖြစ်နေသတဲ့၊ ''ဒီ ရဟန်းဆိုတဲ့သူတွေဟာ ဘာများ လက်တွေ့အကျိုး ခံစားခွင့်ရှိလို့ ခေါင်းတုံးရိပ်ပြီး သင်္ကန်းဝတ်နေကြတာလဲ၊ လောကမှာ အတတ်ပညာရှင် တစ်ယောက်ဟာ သူတတ်ထားတဲ့ ပညာကို အကြောင်းပြုပြီး ပစ္စည်းဥစ္စာကို

http://www.dhammadownload.com

အလွယ်တကူနဲ့ ရှာဖွေရနိုင်တဲ့အတွက် သူတတ်ထားတဲ့ ပညာရဲ့လက်ငင်း အကျိုးကို ခံစားရတယ်၊ ဒီရဟန်းတွေမှာ ဒီလို လက်ငင်း အကျိုးမှ ရှိရဲ့လား၊ တမလွန်ကိုများ မျှော်နေရော့သလား၊ ဘာအဓိပ္ပာယ်နဲ့ သက်နိုးဝတ်နေကြတာလဲ'' စသည်ဖြင့် ရဟန်းပြုခြင်းရဲ့အကျိုး (သာမညဖလ) တကယ် ရှိ့မရှိ သူ့စိတ်မှာ ပြဿနာ ဖြစ်နေသတဲ့။

ဒီပြဿနာကို သူ့ခေတ် သူ့အခါမှာ ကျော်ကြား ထင်ရှားလှတဲ့ ပဏ္ဍိတ်ကြီးများထံ ချဉ်းကပ်ပြီး မေးမြန်းခဲ့ဖူးပါတယ်၊ ဒါပေမယ့် သူ ကျေနပ်လောက်အောင် အဖြေမှန် မရခဲ့ဘူးတဲ့၊ ဒီပြဿနာကို ဘုရားရှင်က လွဲလို့ ဘယ်သူမှ မဖြေနိုင်ဘူးဆိုတာကိုလည်း သူ သိပါတယ်၊ ဒါပေမယ့် ကျောင်းဒကာ ဘုရားဒကာ ဖခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို သတ်ခဲ့မိတဲ့အတွက် ဘုရားရှင်နဲ့ မတွေ့ဝံ့အောင် ဖြစ်နေရှာသတဲ့၊ သူ့မှာ တိုင်းရေးပြည်ရေးက တစ်ဖုံ၊ အဖသတ်မိလို့ နောင်တကြီးစွာ ရနေတာက တစ်သွယ်၊ သားတော်လေး ဥဒယဘဒ္ဒကြီးလာတဲ့အခါ သူ့ကို ပြန်သတ်မှာ စိုးရိမ်ရတာက တစ်ကြောင်း၊ အရေးထဲ သိချင်တဲ့ ပြဿနာကို မသိရတာက တစ်ခက်ဖြစ်နေတော့ မဂဓတိုင်းကြီးရှင် အဇာတသတ်ဘုရင်မှာ ဘယ်တော့မှ စိတ်ရွှင်လှတယ် မရှိ-ူးတဲ့ကွယ်။

တစ်ညမှာ အဇာတသတ်ဘုရင်ဟာ ညီလာခံ ကျင်းပပါတယ်၊ အဲဒီ ညီလာခံ ကျင်းပတဲ့ညဟာ တန်ဆောင်မုန်းလပြည့်နေ့ညတဲ့၊ တိုင်းရေးပြည်ရာများကို ဆွေးနွေးပြီးတဲ့အခါ အဇာတသတ်ဘုရင်ဟာ လေသာပြတင်းကနေပြီး အရှေ့လောကဓာတ်က ဝိုင်းဝိုင်းစက်စက်ကြီး ထွက်ပေါ်လာတဲ့ လပြည့်ဝန်းကြီးကို တစိမ့်စိမ့်ကြည့်ပြီး ပီတိ ဖြစ်လာတာနဲ့ ''အချင်းတို့၊ လသာသော ညဟာ အလွန် လှပ သာယာပါပေတယ်၊ ဒီလို လသာတဲ့ညအခါမှာ အဘယ် လို သမဏ ဗြဟ္မဏတို့ထံ ချဉ်းကပ်ပြီး ငါ့ရဲ့ ပြဿနာကို ဖြေရှင်းရရင် ကောင်းမလဲ''လို့ ဒီလို ပြောဆိုလိုက်တဲ့အခါမှာ အသီးသီးသော အမတ်ကြီးများက သူတို့ရဲ့ ဆရာများဖြစ်ကြတဲ့ မက္ခလိဂေါသာလ, ပူရဏကဿပစတဲ့ ဆရာကြီး ခြောက်ယောက်တို့ရဲ့ အကြောင်းကို အမျိုးမျိုး ချီးကျူးပြီး ''ဒီဆရာကြီးများထံ ချဉ်းကပ်ရင် မင်းမြတ်ရဲ့ ပြဿနာဟာ ပြေလည်နိုင်ပါကြောင်း'' စသည်တို့ကို ·အာဝဇ္ဇန်းရွှင်ရွှင်နဲ့ လျှောက်တင်ကြသတဲ့၊ ဒါပေမယ့် အဇာတ

http://www.dhammadownload.com

သတ် ဘုရင်ကတော့ သူတို့လျှောက်တင်သံကို စိတ်မဝင်စားပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူကိုယ်တိုင် ဒီဆရာကြီးများထံ ချဉ်းကပ် မေးမြန်းခဲ့ဖူးလို့ပါတဲ့။

အမှန်ကတော့ အပါးမှာ ခစားနေတဲ့ ဆရာဇီဝကရဲ့ လျှောက်တင်သံကိုသာ သူက ကြားချင်ရှာတယ်၊ ဒါပေမယ့် ဆရာဇီဝကကလည်း မသိချင်ယောင်ဆောင်ပြီး တစ်လုံးမှ မပြောဘဲ ဆိတ်ဆိတ်နေသတဲ့၊ ဒီလိုနေတော့ သူ့မှာ မရိုးမရွဖြစ်ပြီး ''အချင်း ဇီဝက၊ သင် ဆင်းရဲသလား၊ သင့်ကို ငါ့ခမည်းတော် ဘုရားက ဘာမျှ မချီးမြှောက်လို့ သင့်မှာ ဆရာတစ်ယောက်တောင် မကိုးကွယ်နိုင်ဘူးလား၊ သူများတွေဖြင့် သူတို့ဆရာအကြောင်း ပြောသွားကြတာ ပါးစပ်ကတောင် အမြှုပ်စီလောက်တယ်၊ သင့်မှာကော အားထားစရာ ဆရာလေး ဘာလေး မရှိဘူးလား''လို့ ဒီလို ငေါ့ပြီး မေးသတဲ့။

အဲဒီအချိန်မှာ မြတ်စွာဘုရားရှင်ဟာ ၁၂၅၀–သော သံဃာတို့နဲ့ ရာဇဂြိုဟ်ပြည် ဆရာဇီဝက သရက်ဥယျာဉ်တော်တွင်းမှာရှိတဲ့ တန်ဆောင်းကြီးထဲမှာ သီတင်းသုံးနေခိုက် ဖြစ်ပါတယ်၊ ဒီလို အဇာတသတ်က ငေါ့ပြီး မေးတဲ့အခါကျတော့မှ ဇီဝကက ငါ့အလှည့် ရောက်ပြီဆိုပြီး ဘုရင်ကို လက်အုပ်မချီဘဲ ကျောပေးပြီး ဘုရားရှိရာ သရက်တောဘက်ကို လက်အုပ်ချီပြီး အရဟံအစရှိတဲ့ ဂုဏ်ကျေးဇူးတော်တွေကို ချီးကျူးပူဇော်ပြီးမှ ''အရှင်မင်းမြတ်၊ အကျွန်ုပ်သည် မြင်မြင်ရာရာကို ဆရာ တင်ထားသူ မဟုတ်ပါ၊ အကျွန်ုပ်ဆရာသည် အရဟံ အစရှိတဲ့ ဂုဏ်တော်တို့နဲ့ ပြည့်စုံပြီး လူသုံးပါးတို့ရဲ့ အားထားရာအစစ်ကြီး ဖြစ်တော်မူပါတယ်။

ဒါကြောင့် သုံးလောကသခင်ထံ အရှင်မင်းမြတ် ချဉ်းကပ်ပါ၊ ပြဿနာ ပြေလည်ပါလိမ့်မယ် ဘုရား''လို့ လျှောက်ထားသတဲ့၊ ဒီတော့မှ အဇာတသတ်က ''အချင်း ဇီဝက၊ ယခု ညတွင်းချင်းပင် သွားလိုသည်၊ အသင့်ပြင်''လို့ အမိန့်တော်မှတ်သဖြင့် ဆရာဇီဝကဟာ ဆင်မယာဉ်သာ ငါးရာနဲ့ နန်းတွင်းသူပျိုဖြူချော ငါးရာတို့ကို စစ်ဝတ်တန်ဆာများ ဝတ်ဆင်စေပြီး ကိုယ်တိုင်စစ်သူကြီးတန်ဆာများ ဝတ်ဆင်ကာ မီးရှူး မီးတန်းကြီးများနဲ့ ညတွင်းချင်း ဘုရားရှင် သီတင်းသုံးရာ သရက်ဥယျာဉ်တောဘက်သို့ ထွက်ခဲ့ကြပါသတဲ့။

တိုတိုပြောကြပါစို့၊ သရက်ဥယျာဉ်တော ရောက်လို့ ဘုရားရှင်ထံမှောက်

http://www.dhammadownload.com

ချဉ်းကပ်မိကြတဲ့အခါ နှစ်သက်ဖွယ်ရာ စကားများ ပြောကြားပြီးနောက် အဇာတသတ် မေးလျှောက်တဲ့ ရဟန်းပြုခြင်းရဲ့ လက်တွေ့အကျိုး (သာမညဖလ)ကို ဘုရားရှင်က အကျယ်တဝင့် အနိမ့်ဆုံးအဆင့်မှ အမြင့်ဆုံးအဆင့်ထိ တစ်ဆင့်ပြီး တစ်ဆင့် ဟောကြားတော်မူတဲ့အခါ အဇာတသတ်မင်း သဘောကျလို့ ဥပါသကာအဖြစ် ခံယူကာ ဖခမည်းတော်ကို သတ်ခဲ့မိတဲ့အတွက် အပြစ်ကို အပြစ်ဟု ဝန်ခံ၍ ထိုအပြစ်ကို အပြစ်အားလျော်စွာ ကုစားခွင့်ပြုရန် လျှောက်ထားတောင်းပန်ပြီး နန်းတော်သို့ ပြန်ကြပါသတဲ့၊ အဲဒီ သာမညဖလသုတ်တော်ဟာ သုတ်သီလက္ခန် ပါဠိတော်မှာ ပါပါတယ်၊ အလွန် မှတ်သားစရာတွေများပြီး အဆင့်အတန်းမြင့်လှတဲ့ သုတ်တော်ကြီးပါပဲကွယ်၊ အဲဒီဇာတ်လမ်းကို မှတ်တမ်းပြုပြီး မင်္ဂလာဗျူဟာအသင်းချုပ်ကြီးက နှစ်စဉ် တန်ဆောင်မုန်းလပြည့်နေ့ ရောက်တိုင်း **သံဃာတော်နေ့- သာမညဖလ အခါတော်နေ့**'' ကို အမှတ်တရ ကျင်းပ ပူဇော်ကြပါတယ်။

ကဲ ‥ ကဲ၊ တော်တော်လည်း သင်တန်းအချိန် ကြာသွားပြီ၊ ဇာတ်လမ်းကို ပြန်ပြီး မင်္ဂလာသင်ခန်းစာ ယှဉ်ကြည့်ကြရအောင်၊ ဒီ သာမညဖလသုတ်မှာ အဇာတသတ်မင်းဟာ ပဏ္ဍိတအများထဲက ပဏ္ဍိတအစစ်ကြီး ဖြစ်တော်မူတဲ့ **ပူဇနေယျ-** ပူဇော်ထိုက် အားကိုးထိုက် မှီခိုထိုက်တဲ့ ဘုရားရှင်ကို ရွေးချယ်ပြီး **ပူဇာ-** ပူဇော်ခြင်း အားကိုးခြင်း မှီခိုခြင်းကို ပြုသွားတာကို တွေ့ရပါတယ်၊ ဒါဟာ ပူဇာ စ ပူဇနေယျာန မင်္ဂလာအစစ်ပါပဲ၊ အဲဒီလို ပူဇော်လိုက်တဲ့အတွက် စောစောကပြောခဲ့တဲ့ အိပ်မရတဲ့ ရောဂါ ပျောက်ကင်းသွားတဲ့အပြင် အဖသတ်မိတာကြောင့် အဝီစိငရဲမှာ ခံရမယ့်အစား လောဟကုမ္ဘီငရဲမှာသာ အနှစ်ခြောက်သောင်း ခံစားပြီး နောင်သောအခါ '**ဝိဇိတာဝီ**'ဟူသော အမည်ထူးနဲ့ ပစ္စေကဗုဒ္ဓ ဖြစ်ရမယ့် အကျိုးတွေကို ဆက်တိုက် ရရှိသွားပါတယ်၊ အဇာတသတ် ဇာတ်လမ်းမှာပဲ ဒေဝဒတ်နဲ့ ပေါင်းမိလို့ ဒုက္ခရောက်ရပုံ၊ ဘုရားရှင်ကို ပူဇော်လို့ ချမ်းသာသုခရပုံတို့ကို အာရုံပြုပြီး ဒီမင်္ဂလာ သုံးပါးကို ကာယကံမြောက် ကျင့်သုံးကြရန် ဆရာ တိုက်တွန်းပါတယ်။

ကဲ ‥‥ ကျောက်သင်ပုန်းမှာ ရေးထားတဲ့ ကဗျာလေးကို သံပြိုင်ဆိုပြီး ဒီတစ်ပတ်သင်တန်းကို ရပ်နားကြပါစို့။

http://www.dhammadownload.com

အားကိုးဆိုက်သူရွေးချယ်

● သာမညနော် ဒေသနာဖလကို၊
သေချာကျန နည်းယူဖွယ်။
အားကိုးထိုက်သူ ရွေးချယ်ထားလို့၊
ဝပ်တွားခစား ပူဇော်ကွယ်။

● သပ္ပုရိသာ သံသေဝကို၊
မြန်မကြာခဏနဲ့ ရစေကွယ်။
မင်္ဂလာကို လက်တွေ့ကျင့်လို့၊
ရှေ့သို့တစ်ဆင့် တက်ရမယ်။

● မိမိအကျိုး တိုင်းပြည်ကျိုး၊
သယ်ပိုး ရွက်ဆောင်ကွယ်၊
အဲဒါကြောင့် ပူဇော်ထိုက်ငြား၊
ပူဇော်ထား ဝပ်တွားမှီခိုတွယ်။

"မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ"

မွေ့ဖျူဟာစာစောင်၊ အတွဲ (၅)-အမှတ်(၅)၊ အတွဲ (၄၇)-အမှတ်(၅)

http://www.dhammadownload.com

၄ - ပတိရူပဒေသဝါသော ၁

http://www.dhammadownload.com

နာလော့ကြည်ညို၊ တစ်နည်းဆိုပိမ့်၊ ကွန်ကိုတံငါ၊ ကိုင်ဆုပ်ကာလျှင်၊
တီမှာငါးများ၊ သင်လှာဗြားအံ့၊ သိုထားဥစ္စာ၊ တီမှာလူများ၊ ယဉ်ပျော်ပါးအံ့၊
ငါးတို့ဘာသာ၊ တံငါကွန်စွန့်၊ ပစ်ကြဲဖြန့်မှ၊ ဝင်လာကြ၏၊ လူများ့ဖွယ်ရာ၊
ဥစ္စာတစ်ဆန့်၊ ပေးကမ်းဖြန့်မှ၊ အဖော်ရ၏။ ဤမျှသင်ကြား၊ ငါ့စကားကို၊
မင်းသားမိုခိုင်။ ပညာလှိုင်း၍ . . . တတ်တိုင်းလောင်းတော်မူလေလော့။

(သံဝရပျို့)

သဒ္ဓါမရှေး၊ မပေးမလှူ၊ မုန်းဆေးဟူ၏၊ ပေးလှူတတ်သော်၊ ချစ်ဆေး
ကျော်တည့်၊ လူဘော်ဗွာန၊ ဤလောက၌၊ စိတ်ကကြည်စွာ၊ စေတနာနှင့်၊
သဒ္ဓါဝမ်းတွင်း။ ပေးကမ်းခြင်းကား၊ ရခြင်းထက်သာ၊ ဝမ်းမြောက်စွာသည်၊
မင်္ဂလာလွန်မြတ်၊ ဖြစ်သတတ်ရှင့်။ (မဃဒေဝလင်္ကာသစ်)

ကဲ အားလုံး မတ်တပ်ကလေးရပ်၊ လက်အုပ်ကလေးချီပြီး ''မင်္ဂလာ
အပေါင်းနဲ့ ပြည့်စုံကြပါစေ''လို့ နှုတ်ခွန်းဆက်ကြပါ။ အေး သာဓုကွယ်၊ သာဓု
သာဓု၊ အင်မတန် ယဉ်ကျေး သိမ်မွေ့လှတဲ့ မြန်မာဆန်ဆန် ဒီနှုတ်ခွန်းဆက်
နည်းကလေးကို မောင်မယ်တို့ အမြတ်တနိုး ထိန်းသိမ်းထားကြဖို့ ဆရာ
ထပ်လောင်း မေတ္တာရပ်ခံပါတယ်။

ပြီးခဲ့တဲ့ သင်တန်းမှာတုန်းက ကျောင်းသွား ကျောင်းပြန် ဆရာမိဘ
ကန်တော့တဲ့ အကျင့်ကလေးကို မောင်မယ်တို့ လက်တွေ့ကျင့်လာကြကြောင်း
အချို့သော မောင်မယ်တို့ မိဘများထံမှ ဝမ်းပန်းတသာ စာများကို ဖတ်ရလို့
လိမ္မာလှတဲ့ မောင်မယ်တို့ကို ဆရာ အင်မတန် လေးစား မြတ်နိုးလှပါတယ်၊
ရှေ့ကိုလည်း ဒီအစဉ်အတိုင်းပဲ ယဉ်ကျေးကြလိမ့်မယ်လို့ ဆရာ မျှော်လင့်ပါတယ်။

ကဲ . . . သင်တန်း စကြပါစို့။

http://www.dhammadownload.com

၄။ ပတိရူပဒေသဝါသော စ

(ကောင်းမြတ်သော နေရာ၌ နေထိုင်ရေး မင်္ဂလာ)

"မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ"

ပြီးခဲ့တဲ့ သင်တန်းများမှာ–

၁။ လူမိုက်ကို ရှောင်ကြဉ်ဖို့၊

၂။ ပညာရှိကို ပေါင်းသင်းဖို့၊

၃။ အားကိုးထိုက်သူကို အားကိုးဖို့–ဆိုတဲ့

အကြောင်းတွေကို ပြောပြခဲ့ပါတယ်၊ ပေါင်းသင်းဆက်ဆံရေးဟာ အရေးကြီးတဲ့အတွက် ဒီနေရာမှာ ဆရာ နည်းနည်း ပြောပြလိုသေးတယ်၊ လူမိုက်ကို ရှောင်၊ ပညာရှိကို ပေါင်း၊ အားကိုးထိုက်သူ ရွေးချယ်ဆိုတဲ့ ပေါင်းသင်း ဆက်ဆံရေး မင်္ဂလာကို စေ့စေ့စပ်စပ် လေ့လာကြည့်ရင် **အနီးကပ် ပေါင်းသင်းရေးပိုင်း**ကိုသာ အရေးတကြီး ညွှန်ကြားထားကြောင်း တွေ့ရပါတယ်။

ဒီတော့ ပတ်ဝန်းကျင်ဆိုတာ အင်မတန် ကျယ်ဝန်းတယ်၊ ကျယ်ဝန်းတဲ့အတွက် အပေါင်းအသင်းဆိုတာကလည်း အကြောင်းအားလျော်စွာ ကျယ်ဝန်းပါတယ်၊ ဒီလို ကျယ်ဝန်းလှတဲ့ ပတ်ဝန်းကျင်ထဲမှာ လူအမျိုးမျိုးနဲ့ တွေ့ရမယ်၊ ဆုံရမယ်၊ ကြုံရမယ်၊ ဒီလို တွေ့ဆုံကြုံတိုင်း အထက်ပါ မင်္ဂလာနဲ့ညီမှ ဒီလူတွေကို ပေါင်းသင်းရတော့မှာလား၊ ပြီးတော့ ပညာရှိ သူတော်ကောင်းဆိုတဲ့

http://www.dhammadownload.com

မိတ်ဆွေကောင်းကလည်း လောကမှာ အရှားသားလား။ ဒီလို ရှာမှရှားတဲ့ လူနဲ့သာ အမြဲ ရွေးချယ် ပေါင်းသင်းရမယ်ဆိုရင် ကိုယ့်အတွက် အပေါင်းအသင်းဆိုတာ မရှိသလောက် ဖြစ်နေပါလိမ့်မယ်၊ အပေါင်းအသင်း နည်းပါးရင် သာရေး, နာရေး စတဲ့ လောကမှာ မရှောင်သာတဲ့ အရေးတွေနဲ့ တွေ့လာရင် မခက်ပါလား၊ ဒီလို စဉ်းစား ဝေဖန်ရပါလိမ့်မယ်။

ဆရာတို့ မြန်မာစကားမှာ "**အပေါင်းကြည့်သာ အရာခပ်သိမ်း ပြီးသည်**"ဆိုတဲ့ စကားတစ်ခု ရှိပါတယ်၊ ဒီစကားဟာ ကျယ်ဝန်းလှတဲ့ ပေါင်းသင်းဆက်ဆံရေး နယ်ပယ်ကို ခြုံပြီး ညွှန်ကြားထားတဲ့ အဖိုးတန် စကားလုံးလေး ဖြစ်ပါတယ်၊ အင်မတန် လေးနက်တယ်၊ အင်မတန် သိမ်မွေ့တယ်၊ လက်တွေ့ကျင့်သုံးတတ်ဖို့လည်း အင်မတန်ကို အကျိုးရှိပါတယ်၊ လူမိုက်ကို ရှောင်၊ ပညာရှိကို ပေါင်း၊ အားကိုးထိုက်သူ ရွေးချယ်ဆိုတာက မိမိအတွက် အနီးကပ် ပေါင်းသင်းဆက်ဆံရေးကို အဓိကထားပြီး ညွှန်ကြားခြင်း ဖြစ်ပါတယ်၊ အရာရာတိုင်းမှာ ဒီအတိုင်း ကျင့်သုံးရမယ်လို့ မဆိုလိုပါဘူး၊ ဆရာတော့ ဒီလိုပဲ သဘောရပါတယ်၊ အနီးအဝေး ပေါင်းသင်း ဆက်ဆံရေးကိုတော့ "အပေါင်းကြည့်သာ အရာခပ်သိမ်း ပြီးသည်"ဆိုတဲ့ စကားလေးကို ကြေကြေညက်ညက် လေ့လာထားဖို့ လိုပါတယ်၊ ဒီစကားလေးကို ကြေညက် သဘောပေါက်ပြီး လက်တွေ့ ကျင့်တတ်လာပြီဆိုရင် ပေါင်းသင်း ဆက်ဆံရေးနယ်ပယ်မှာ မျက်နှာမငယ်တော့ပါဘူးကွယ်။

အနီးကပ် ပေါင်းသင်းရာမှာသာ မင်္ဂလာညွှန်ကြားချက်အတိုင်း စိစစ်ဖို့ လိုပါတယ်၊ ရောင်းရင်း အပေါင်းအသင်း သာမန်အနေနဲ့ ပေါင်းသင်းတဲ့အခါမှာတော့ အယုတ် အလတ် အမြတ်မရွေး ပေါင်းတတ် သင်းတတ်ဖို့ လိုပါတယ်၊ ဒီလို အပေါင်းကြည့်မှုလည်း အရာရာမှာ အောင်မြင်နိုင်ပါတယ်၊ သူ့နေရာနဲ့သူ အခြေအနေ သုံးသပ်ပြီး ပေါင်းသင်းတတ်ရင် လောကကြီးဟာ ပျော်စရာကြီး ပါကွယ်။

ဒီနေရာမှာ ဗဟုသုတ တစ်ခု ပြောပြလိုပါတယ်၊ ပြီးခဲ့တဲ့ သင်တန်းမှာ ပါတဲ့ ဆရာဇီဝက ဆေးပညာသင်စဉ်က သူ့ဆရာက သူ့ကို ပညာ စုံ,မစုံ သိချင်တာနဲ့ တောထဲသွားပြီး ဆေးဘက်မဝင်တဲ့သစ်ပင် ရှာခိုင်းသတဲ့၊ ဇီဝက

http://www.dhammadownload.com

ဟာလည်း တောထဲသွားပြီး ဆေးဘက်မဝင်တဲ့ သစ်ပင်ရှာတာ တစ်ပင်မှ မတွေ့ဘူးတဲ့ကွယ်၊ အကုန်လုံး အသုံးဝင်တာချည်း ဖြစ်နေသတဲ့။

ဒါဟာ ဘာကြောင့်လဲလို့ စဉ်းစားကြည့်ရင် ''အသုံးချတတ်လို့''ဆိုတဲ့ အဖြေ ထွက်လာမှာပေါ့၊ ပေါင်းသင်း ဆက်ဆံရေးမှာလည်း ဒီလိုပါပဲ၊ အသုံးချ တတ်ဖို့သာ လိုပါတယ်၊ လူဆိုတာ သူ့နေရာနဲ့သူ အသုံးဝင်တာချည်းပဲ မဟုတ် လား။ ကိုယ်က အသုံးမချတတ်ရင်သာ ရှိရမယ်၊ လူတိုင်း လူတိုင်းမှာတော့ အသုံးဝင်တဲ့ အရည်အသွေးလေးတွေ ရှိကြတာချည်းပဲ၊ ဒီ အရည်အသွေးလေး တွေကို ပေါင်းတတ် သင်းတတ်ရှိပြီး အသုံးချသွားတတ်ရင် အရာရာမှာ အောင်မြင်တဲ့ လူတစ်ယောက် ဖြစ်လာနိုင်ပါတယ်၊ ဒါကြောင့် ပညာရှင်များက ''အပေါင်းကြည်သာ အရာခပ်သိမ်း ပြီးသည်''လို့ ဆိုရိုးစကား ပြုခဲ့ကြခြင်း ဖြစ်ပါတယ်၊ ဒီကိစ္စဟာ အပြောလွယ်သလောက် အလုပ်ခက်တယ်ဆိုတာကို လည်း မောင်မယ်တို့ သတိရှိထားကြစေချင်ပါတယ်။

တစ်ခါ အပေါင်းကြည်အောင် ဘယ်လိုလုပ်ရမှာလဲဆိုတာ သိဖို့ လို လာပြန်တယ်၊ ရှေးဦးစွာ သည်းခံတတ်တဲ့ အကျင့်လေး ရှိထားဖို့ လိုပါတယ်၊ ပြီးရင် တတ်နိုင်သလောက် (စိတ်ထားကောင်းနဲ့) ပေးဖို့ ကမ်းဖို့ ကျွေးဖို့ လိုပါ တယ်၊ ဒီလို ပေးကမ်း ကျွေးမွေးတဲ့အခါမှာလည်း အထက်စီးကနေ ရိုင်းပျတဲ့ အမူအရာမျိုး မဖြစ်စေဘဲ တန်းတူသဘောနဲ့ ယဉ်ယဉ်ကျေးကျေး ဖြစ်စေသင့် ပါတယ်၊ သုတ္တနိပါတ် အာဠဝကသုတ်မှာ အာဠဝကဘီလူးက မြတ်စွာဘုရားကို ''**မိတ်ဆွေရအောင် ဘယ်လို ရှာရမလဲ**'' မေးတဲ့အခါမှာ ပေးကမ်း စွန့်ကြဲဖို့ ညွှန်ကြားတော်မူပါတယ်၊ ဆရာတို့ မြန်မာစကားမှာလည်း 'အခွြေအရံ'ဆိုတဲ့ စကားတစ်လုံးရှိတယ် မဟုတ်လား။ ရှင်းနေတာပဲကွယ်၊ ခြွေမှ ရံသတဲ့၊ ပေး ကမ်း စွန့်ကြဲမှုဟာ ပိယဆေး(အချစ်ဆေး)ကြီးဖြစ်ကြောင်း စာပေကျမ်းဂန်များ မှာလည်း ပါပါတယ်၊ လက်တွေ့ ဖြစ်ရပ်တွေမှာလည်း ထင်ရှားပါတယ်။

ပေးတယ် ကမ်းတယ် ဆိုရာမှာလည်း ပေးတတ် ကမ်းတတ်ဖို့ လိုပါ တယ်၊ မပေးတတ် မကမ်းတတ်ရင် ပါနီထဲ ပစ်ချသလို ဖြစ်သွားတတ်တယ် ဆိုတာ သတိထားသင့်ပါတယ်၊ ဘယ်လို ပေးကမ်းရမှာလဲ၊ ရှိရှိသေသေ လေးလေးစားစား ပေးမှန်း ကမ်းမှန်းသိအောင် အမှတ်တရ ပေးပါ၊ ဒါပေမယ့်

http://www.dhammadownload.com

စိမ်းပြီး သိမ်းသွင်းယူရတဲ့ အခါမျိုးမှာတော့ လေးလေးစားစား အမှုအရာနဲ့ မသိမသာ ပေးတတ်ဖို့ လိုပါတယ်၊ အဲဒီလို ပေးပါများတော့ မျက်နှာနာပြီး (မျက်မှန်းတန်းပြီး) အရေးကြီးရင် သွေးနီးလာတတ်ပါတယ်။

ပေးကမ်းဆိုပေမယ့် အရမ်းကာရော ပေးကမ်းဖို့ မလိုပါဘူး၊ တန်ရာ တန်ရာ သင့်ရာသင့်ရာ အချိန်အခါ ရွေးပြီး ပေးကမ်းသွားရင် ကိစ္စပြီးပါတယ်၊ စီးကရက် တစ်လိပ်တောင် ပေးတတ်ရင် အင်မတန် ခရီးရောက်ပါတယ်၊ ပေးကမ်းရာမှာလည်း လူသားအချင်းချင်း ထားအပ်တဲ့ မေတ္တာ စေတနာ အရင်းခံနဲ့ ပေးပါ၊ ကမ်းပါ၊ မလိုလားအပ်တဲ့ ရည်ရွယ်ချက်များတွေနဲ့ မပေး မကမ်းမိရန် သတိထားဖို့ လိုပါတယ်၊ ကျောက်သင်ပုန်းမှာ ရေးပြထားတဲ့ ကဗျာလေးများဟာ အပေါင်းအသင်း ဖွဲ့နည်းကို ညွှန်ကြားတဲ့ ကဗျာလေးများ ဖြစ်ပါတယ်၊ အဓိပ္ပာယ်ပေါ်လွင်သမို့ ဆရာ အထူး မပြောတော့ပါဘူး၊ တကယ် လို့ သဘောမပေါက်ရင်လည်း အိမ်ကျမှ မိဘများကို မေးကြတာပေါ့ကွယ်။

ကဲ . . . ကဲ၊ ပေါင်းသင်းဆက်ဆံရေးအကြောင်း ပြောလိုက်တာ တော် တော်လေး အချိန်ကြာသွားပြီ၊ အလေးထား၍ အားကိုးတကြီး ပေါင်းသင်း ဆက်ဆံရေးနဲ့ သာမန် ပေါင်းသင်း ဆက်ဆံရေးမျိုးမှာ အနီးကပ် အားကိုး တကြီး ပေါင်းသင်းမှုက ပိုမို အရေးကြီးပါတယ်၊ ဒီလို အရေးကြီးတဲ့အတွက် မင်္ဂလာကွင်းဆက်အနေနဲ့ ''**ပတိရူပဒေသဝါသော စ**'' **ပတိရူပဒေသ**– သင့်တင့်လျောက်ပတ်တဲ့နေရာ၌၊ **ဝါသ**– နေထိုင်ခြင်းလို့ ဆက်လက် ညွှန် ကြားတော်မူပါတယ်၊ ''**သင့်လျော်သော အရပ်မှာ နေခြင်းသည် မင်္ဂလာ တစ်ပါး မည်၏**''လို့ ပြည့်စုံတဲ့ အဓိပ္ပာယ်ကို ဒီလို ကောက်ယူရပါမယ်၊ အတိုချုပ်ကတော့ လျောက်ပတ်တဲ့အရပ်မှာ နေရမယ်ပေါ့ကွယ်။

ပတိရူပဒေသဝါသ မင်္ဂလာနဲ့ ပြီးခဲ့တဲ့ မင်္ဂလာသုံးရပ် သို့မဟုတ် သပ္ပု ရိသ သံသေဝမင်္ဂလာနဲ့ ကွင်းဆက်သဘော မပြောမီ သူ့ရဲ့လုံးချင်း အဓိပ္ပာယ် ကို အရင် ပြောပြပါမယ်။

လျောက်ပတ်တဲ့အရပ်မှာ နေရမယ်ဆိုတော့ **လျောက်ပတ်တဲ့အရပ်ဆို တာ**ကို သိထားဖို့ လိုပါတယ်၊ လျောက်ပတ်တဲ့အရပ် ဆိုတာကလည်း တော် တော် ကျယ်ဝန်းတယ်ကွယ့်၊ အတိုချုပ် သဘောပြောရရင်တော့ ကိုယ့်ဘဝနဲ့

http://www.dhammadownload.com

ကိုယ့်ရည်ရွယ်ချက်နဲ့ အဟပ်ဆုံးနေရာဟာ လျောက်ပတ်တဲ့အရပ်ပါပဲ၊ ဘယ်လို လဲဆိုတော့ ပညာ၊ ဥစ္စာ၊ ကုသိုလ်လို့ အလုပ်သုံးမျိုးကို အရွယ်သုံးပါးနဲ့ တွဲ ထားတယ် မဟုတ်လား၊ ပထမအရွယ် ငယ်ရွယ်စဉ်မှာ ပညာရှာရမယ်၊ ဒီလို ပညာရှာချိန်မှာ ပညာရှာလို့ ပညာသင်လို့ကောင်းတဲ့ အရပ်ဟာ ကိုယ့်အတွက် ပတိရူပအရပ်ပဲ ဖြစ်ပါတယ်၊ ထို့အတူ လူလတ်အရွယ် ဥစ္စာရှာလို့ အဆင်ပြေ တဲ့နေရာဟာ (စီးပွားရေး အကွက်ကောင်းတဲ့ နေရာဟာ) ပတိရူပ အရပ်ပါပဲ၊ တစ်ဖန် တတိယအရွယ် အိုမင်းချိန်မှာ ကုသိုလ်တရား ပွားများလို့ ကောင်းတဲ့ အရပ်ဟာ ပတိရူပအရပ်ပါပဲ။

ဒီ ပတိရူပအရပ်ကို ကိုယ့်ရဲ့ ဘဝပါရမီကြောင့် အဆင်သင့် တွေ့တဲ့ အခါ တွေ့တတ်ပါတယ်၊ ဘဝပါရမီ နည်းပါးရင်တော့ ပတိရူပအရပ်ကို အဆင်သင့် ရဖို့ ရောက်ဖို့ဆိုတာ မလွယ်ကူပါဘူး၊ ဒီတော့ ကိုယ်နေတဲ့အရပ် ဟာ ကိုယ့်အတွက် ပတိရူပအရပ် ဖြစ်,မဖြစ် ရှေးဦးစွာ သုံးသပ်တတ်ဖို့ လိုပါ တယ်၊ ဒီလို သုံးသပ်ရာမှာ ကိုယ့်ဘဝနဲ့ ဟပ်တဲ့ ပတိရူပအရပ်မှာ ဖြစ်နေတာ တွေ့ရင် အဲဒီအရပ်မှာ သေတစ်ပန် သက်တစ်ဆုံး နေသွားနိုင်အောင် ကြိုး စားရပါမယ်၊ ပတိရူပအရပ်ကို စွန့်ပြီး အပ္ပတိ ရူပဒေသဆိုတဲ့ မလျောက်ပတ် တဲ့အရပ်ကို မသွားမိဖို့ မပြောင်းမိဖို့ သတိပြုရပါမယ်၊ ဒီလို သတိပြုသင့်ကြောင်း နှင့် လျောက်ပတ်တဲ့အရပ်ကို စွန့်ခွာပြီး မလျောက်ပတ်တဲ့အရပ်ကို ချဉ်းကပ်မိ လို့ရှိရင် ဒုက္ခရောက်တတ်ကြောင်းကို **သေချင်တဲ့ကျား တောပြောင်း**လို့ ပညာရှင်များက စကားပုံလေးနဲ့ သတိပေးကြပါတယ်။

တစ်ဖန် ကိုယ်နေတဲ့အရပ်ကို သုံးသပ်လိုက်တဲ့အခါမှာ ကိုယ့်ဘဝ ကိုယ့် ရည်ရွယ်ချက်နဲ့ မဟပ်တဲ့ မလျောက်ပတ်တဲ့ အရပ်ဖြစ်နေတာ တွေ့ရင် ဒီ မလျောက်ပတ်တဲ့ အရပ်ကို စွန့်ခွာပြီး လျောက်ပတ်တဲ့အရပ်ကို ချဉ်းကပ် သင့်ပါတယ်၊ ဒီလို ချဉ်းကပ်သင့်ကြောင်းကို ရှေးပညာရှိများက **'တစ်ရွာ မပြောင်း သူကောင်းမဖြစ်'**လို့ သတိပေးခဲ့ကြပါတယ်၊ ဒီနေရာမှာ လျောက် ပတ်တဲ့အရပ်နဲ့ ပျော်စရာကောင်းတဲ့အရပ်ဟာ တခြားစီဖြစ်ကြောင်း မှောင်မယ် တို့ သတိပြုရပါမယ်၊ တချို့အရပ်များဟာ ပျော်စရာကောင်းပေမယ့် ကိုယ့်ဘဝ နဲ့ဟပ်တဲ့ ပတိရူပအရပ် မဖြစ်တတ်ဘူး၊ တချို့ အရပ်ကျတော့လည်း ပတိရူပ

http://www.dhammadownload.com

အရပ်ဖြစ်ပေမယ့် အလွန် ပျင်းစရာ ကောင်းတဲ့အရပ် ဖြစ်ချင် ဖြစ်နေတတ်တယ်၊ ဘယ်လိုပဲဖြစ်ဖြစ် လူ့ဘဝ ရောက်လာတဲ့အခါ အပျင်း အပျော်ဆိုတာ ဓမ္မတာအနေနဲ့ တွေ့ကြုံမြဲဖြစ်ပါတယ်၊ အရေးကြီးတာက ကိုယ့်ဘဝ ကိုယ့်ရည်ရွယ်ချက် ပြည့်ဝစေမယ့်အရပ် ဖြစ်ဖို့ဟာ အဓိက ဖြစ်ပါတယ်၊ လျောက်ပတ်တဲ့အရပ်မှာ မပျော်လို့ အရပ်ကောင်း ဒေသကောင်းကို စွန့်ခွါမသွားသင့်ကြောင်းကိုလည်း ရှေးပညာရှင်များက '**ပျော်ရာမှာ မနေနဲ့၊ တော်ရာမှာ နေ**'လို့ သတိပေးတော်မူကြပါတယ်။

ဒီနေရာမှာ ပညာသင်တဲ့အရွယ် မောင်မယ်တို့ အထူး သတိထားသင့်တယ်ကွယ့်၊ လမ်းပေါ်ဟာ ငယ်ရွယ်တဲ့ မောင်မယ်တို့အဖို့ ပျော်စရာ ကောင်းပေမယ့် ပတိရူပအရပ် မဟုတ်ဘူး၊ စာသင်ခန်းဟာ ပျင်းစရာကောင်းပေမယ့် မောင်မယ်တို့အတွက် ပတိရူပအရပ်အစစ် ဖြစ်ပါတယ်၊ ဒါကြောင့် ပျော်ရာမှာ မနေဘဲ သင့်တော်တဲ့နေရာမှာ နေတတ်ဖို့ နေနိုင်ဖို့ ကြိုးစားရပါမယ်၊ ဒီ ပတိရူပဒေသဝါသ မင်္ဂလာနဲ့ ပြည့်စုံရေးအတွက် **"သေချင်တဲ့ကျား တောပြောင်း၊ တစ်ရွာမပြောင်း သူကောင်းမဖြစ်၊ ပျော်ရာမှာ မနေနဲ့ တော်ရာမှာ နေ"** ဆိုတဲ့ မြန်မာစကားပုံ သုံးခုကို ကြေညက်အောင် လေ့လာပြီး သူ့အတိုင်း လက်တွေ့ ကျင့်သုံးသွားပါက ဒီမင်္ဂလာနဲ့ အလိုလို ပြည့်စုံနိုင်ပါတယ်၊ အရေးကြီးတာက ကိုယ်နေတဲ့အရပ်ဟာ ကိုယ့်အတွက် ပတိရူပအရပ် ဖြစ်,မဖြစ် ဒါကို စိစစ်တတ်ဖို့ အရေးတကြီး လိုအပ်ကြောင်း ဆရာ မှာကြားလိုပါတယ်။

ကဲ ... မင်္ဂလာကွင်းဆက်သဘော ပြောကြဦးစို့၊ လူမိုက်ကို ရှောင်၊ ပညာရှိကို ပေါင်း၊ အားကိုးထိုက်သူ ရွေးချယ်ဆိုတဲ့ မင်္ဂလာသုံးပါးကို တစ်သဘောတည်း ပေါင်းလိုက်ရင် သူတော်ကောင်း ပညာရှိကို မှီဝဲ (သပ္ပုရိသသံသေဝစက်)လို့ ဆိုလိုကြောင်းကို အရင်တစ်ပတ် သင်တန်းတုန်းက ဆရာပြောခဲ့ပါတယ်၊ ဒီသူတော်ကောင်း ပညာရှိကို မှီဝဲဆိုတဲ့ သပ္ပုရိသ သံသေဝစက်နဲ့ ပြည့်စုံရေးရဲ့ အဓိကသော့ချက်ဟာ ပတိရူပဒေသဆိုတဲ့ အရပ်ကောင်း ဒေသကောင်းပဲ ဖြစ်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ပညာရှိသူတော်ကောင်းဆိုတဲ့ ပုဂ္ဂိုလ်များဟာ ပတိရူပအရပ်မှာသာ နေထိုင်လေ့ ရှိကြတယ်ကွယ့်၊ ဒီတော့ ကွင်းဆက်လိုက်မယ်၊ သပ္ပုရိသသံသေဝစက်နဲ့ ပြည့်စုံချင်ရင် အရပ်

http://www.dhammadownload.com

ကောင်းမှာ နေခြင်းဆိုတဲ့ "**ပတိရူပဒေသဝါသစက်**"နဲ့ ပြည့်စုံရမယ်၊ ပတိရူပ အရပ်မှာနေမှ ပညာရှိ သူတော်ကောင်းကို ပေါင်းဖော်ခွင့် ရနိုင်မယ်၊ ပညာရှိ သူတော်ကောင်းကို ပေါင်းမှ ကြီးပွားနိုင်တယ်။

"မောင်မြဟန်၊ ပထမဦးဆုံး အသေဝနာစ ဗာလာနံ မင်္ဂလာ သင်စဉ် တုန်းက မောင်ရင် မေးခဲ့တဲ့ မေးခွန်းလေးကို သတိရသေးရဲ့လား။ လူမိုက်ကို ရှောင်ကြဉ်လိုပေမယ့် အခြေအနေက မပေးအပ်ခဲ့ရင် ဆိုတာလေ"

"ဟုတ်ကဲ့ ဆရာ၊ သတိရပါတယ်"

"အဲဒီ ပြဿနာကို ပတိရူပဒေသဝါသ မင်္ဂလာနဲ့ ဖြေရှင်းသွားရင် ပြေလည်နိုင်ပါတယ်၊ တကယ်လို့ လူမိုက်တွေကြားမှာသာ ကြီးထွားလာခဲ့ရပေမယ့် ဒီမင်္ဂလာကို ဆုပ်ကိုင်ပြီး မနေအပ်တဲ့အရပ်ကို စွန့်ခွာလိုက်ရင် တစ်ရွာပြောင်းလို့ သူကောင်း ဖြစ်သွားနိုင်ပါတယ်"

ပြီးခဲ့တဲ့ သင်တန်းတုန်းက သပ္ပုရိသ သံသေဝစက်နဲ့ မင်္ဂလာအုတ်မြစ် တစ်ချပ် ချခဲ့ပါတယ်၊ အခု ပတိရူပဒေသဝါသစက်နဲ့ အုတ်မြစ်တစ်ခု ထပ်ချ လိုက်ပြန်ပါပြီ၊ ဒီတော့ မင်္ဂလာရွှေအုတ်မြစ် နှစ်ခု ချပြီးသွားပြီပေါ့၊ သပ္ပုရိသ သံသေဝစက်နဲ့ ပြည့်စုံချင်ရင် ပတိရူပဒေသဝါသောစနဲ့ ပြည့်စုံအောင် ကြိုးစား ရမယ်ဆိုတဲ့ မင်္ဂလာသင်ခန်းစာကို သံဝရဇာတ်လမ်းနဲ့ မှတ်တမ်းတင်ကြပါစို့။

သံဝရဇာတ်

ဟိုရှေးရှေးတုန်းက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း မင်းပြုတယ်ကွယ့်၊ ဗြဟ္မဒတ်မင်းမှာ သားတစ်ရာတောင် ရှိသတဲ့၊ အကြီးဆုံး မင်းသားနာမည်က '**ဥပေါသထ**'တဲ့၊ အငယ်ဆုံး မင်းသားလေး နာမည်ကတော့ '**သံဝရ**'တဲ့၊ သားတစ်ရာကို ပညာရှိ တစ်ရာထံမှာ တစ်ယောက်စီ အပ်နှံပြီး မင်းသားတို့ တတ်သင့်တတ်ထိုက်တဲ့ ပညာတွေကို သင်ယူစေသတဲ့၊ အငယ်ဆုံး သံဝရ မင်းသားရဲ့ဆရာက ဘုရားလောင်းပညာရှိတဲ့၊ အားလုံး ပညာစုံတဲ့အခါကျတော့ ခမည်းတော်ထံ အခစားဝင်ပြီး ပညာသင်ကြား ပြီးဆုံးကြောင်းကို အသီးသီး လျှောက်တင်ကြတဲ့အခါမှာ ဘုရင်မင်းမြတ်က သားတော်များအား ပြည်နယ် အသီးသီးကို တစ်ယောက်စီ ခွဲဝေပေးသတဲ့။

http://www.dhammadownload.com

သံဝရမင်းသားလေး ပညာစုံလို့ ခမည်းတော်ထံ အခစား ဝင်ခါနီးမှာ ဆရာ ပညာရှိကို ဖခမည်းတော်က ပညာစုံလို့ ပြည်နယ်ပေးရင် ယူသင့် မယူသင့် မေးမြန်းတဲ့အခါ ပညာရှိက မင်းသားလေးအတွက် ပတိရူပအရပ်အစစ်ဖြစ်တဲ့ ထီးနန်းကို စွန့်ခွာမသွားသင့်ကြောင့်နှင့် အကယ်၍ ခမည်းတော်က ပြည်နယ်ကို စားစေချင်ရင်လည်း သားတစ်ယောက်မှ အနီးမှာ မရှိတော့သဖြင့် ခမည်းတော် နားမှ တစ်ဖဝါးမှ မခွာဘဲ ဝတ်ကြီးဝတ်ငယ် ပြုစုရန် ခွင့်ပန်သင့်ကြောင်း ညွှန်ကြားသတဲ့ကွယ်၊ ဒါနဲ့ သံဝရမင်းသားလေးလည်း ဘုရင်မင်းမြတ်ထံ အခစားဝင်တဲ့အခါမှာ ဘုရင်မင်းမြတ်က ထုံးစံအတိုင်း ပြည်နယ်ပေးသတဲ့၊ ဒီတော့ သံဝရမင်းသားလေးက ပညာရှိ ညွှန်ကြားထားတဲ့အတိုင်း လျှောက်ထားတဲ့အခါ ခမည်းတော်က ကျေနပ်တော်မူလွန်းလို့ နန်းတွင်းမှာပဲ နေစေသတဲ့။

နောက် သံဝရမင်းသားလေးက ဆရာပညာရှိကို ရှေ့ ဘာဆက်လုပ်ရမည်ကို မေးမြန်းသတဲ့၊ ဒီတော့မှ ပညာရှိက ခမည်းတော်ထံမှာ ဥယျာဉ်ဟောင်း တစ်ခုကို တောင်းစေပြီး ဥယျာဉ်ကို ပြုပြင်ကာ သစ်သီးဝလံ ပန်းမန်များကို စိုက်စေသတဲ့ကွယ်၊ ပြီးတော့ ခြံကထွက်တဲ့ သစ်သီးဝလံ ပန်းမန်များကို မှူးကြီး မတ်ကြီးများနှင့်တကွ အရေးပါ အရာရောက်ကြတဲ့ သူဌေး သူကြွယ် ကုန်သည် လယ်လုပ်အထိ မေတ္တာလက်ဆောင်အဖြစ် ပေးစေသတဲ့၊ မင်းသား ကိုယ်တိုင် ခြံထွက်ပစ္စည်း လက်ဆောင်ပေးခြင်း ခံရတဲ့အတွက် အားလုံးက လည်း အမြတ်တနိုးရှိပြီး မင်းသားအပေါ် ကျေနပ်ကြသတဲ့၊ ပေါင်းသင်း ဆက်ဆံရေး နည်းလမ်းတွေပေါ့ကွယ်။

နောက်ပြီး မင်းသားလေးက ဆရာ့ကို ရှေ့ ဘာဆက်လုပ်ရမည်ကို မေးမြန်းတဲ့အခါ ပညာရှိက ရိက္ခာပေး(လစာပေး)တဲ့ နေရာကို ခမည်းတော်ထံ တောင်းခံပြီး မင်းသားကိုယ်တိုင် ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် ထိုသို့ ဆောင်ရွက်ရာတွင် တရားမျှတစေပြီး ဘယ်သူ ရိက္ခာ လုံလောက်တယ်၊ မလုံ လောက်ဘူးဆိုတာတွေကို သိအောင် စုံစမ်းကာ အမှုထမ်းတို့ရဲ့ ကြည်ဖြူမှုကို ခံယူစေပါသတဲ့၊ ဒီလို ပညာရှိ ညွှန်ကြားချက်အတိုင်း ဆောင်ရွက်တဲ့အတွက် နန်းတွင်းနန်းပြင် တိုင်းသားပြည်သူ ခပ်သိမ်းသူတို့၏ ကြည်ညိုမှုကို ခံယူ

http://www.dhammadownload.com

ရသတဲ့၊ ဒီဇာတ်လမ်းမှာ ယူတတ် သုံးတတ်ရင် ပေါင်းသင်းဆက်ဆံရေးအပိုင်း အတွက် နည်းနာယူစရာတွေ အများကြီးပါပဲကွယ်။

တိုတို ပြောကြပါစို့ရဲ့၊ တစ်နေ့တော့ ဘုရင်ကြီး နတ်ရွာစံမည့်ဆဲဆဲ အမတ်ကြီးများက သားတစ်ရာတွင် ဘယ်သူ့ကို နန်းတင်ရမလဲဆိုတာကို မေးမြန်းတဲ့အခါ ဘုရင်ကြီးက အများပြည်သူတို့ ကြည်ဖြူတဲ့ သားတော် တစ်ပါးပါးကို နန်းတင်လို့ အမိန့်တော်သတ်မှတ်ခဲ့တဲ့အတိုင်း အများပြည်သူတို့ ကြည်ဖြူတဲ့ သံဝရမင်းသားလေးကို နန်းတင်လိုက်သတဲ့ကွယ်၊ ဒီအကြောင်းကို ပြည်နယ်က နောင်တော်များ ကြားတဲ့အခါ မခံမရပ်နိုင်ဖြစ်ပြီး နောင်တော် ၉၉-ယောက်ဟာ တပ်တောင်တာ မိုလ်ထုနဲ့ လူစုပြီး ချီတက်လာကာ "ထီးနန်း ကိုပဲ စွန့်မလား၊ စစ်ပဲတိုက်မလား"လို့ ညီတော် သံဝရမင်းထံ ရာဇသံပေးလိုက် တဲ့အခါမှာ သံဝရမင်းဟာ ဘုရင်ဆိုပြီး တက်ကြွမှု မထားဘဲ ထုံးစံအတိုင်း ဆရာပညာရှိနဲ့ အတွင်းဆောင်မှာ တိုင်ပင်ကြသတဲ့။

ဒီအခါမှာ ပညာရှိက သဝဏ်လွှာကို ဖတ်ပြီး နောင်တော်များနှင့် စစ်တိုက်ရန် မလိုကြောင်းနှင့် ခမည်းတော် ထားခဲ့တဲ့ အတွင်းရတနာများကို အပုံတစ်ရာ ပုံပြီး ၉၉-ပုံကို နောင်တော်များထံ ရိုရိုသေသေနဲ့ သွားရောက် ဆက်သစေသတဲ့၊ ဒီအခါမှာ အစ်ကိုကြီး ဥပေါသထမင်းသားက ပညာအမြော် အမြင်နဲ့ ပြည့်စုံတဲ့အတွက် ညီတော်လေးရဲ့ ပြုမူချက်ဟာ ပညာရှင်ပီသ ကြောင်း သိရသဖြင့် စစ်မတိုက်တော့ဘဲ နန်းတွင်းရှိ ညီတော် သံဝရမင်းထံ အခစားဝင်ကြသတဲ့၊ အခစားဝင်ပြီး ညီတော်မင်းနှင့် အချင်းချင်း ဆွေးနွေးတဲ့ အခါ ညီတော်မင်းရဲ့ စိတ်ထားဖြူစင်ပုံ၊ ပညာရှိစကား နားထောင်ပုံ၊ ပတိ ရူပအရပ်ကို မစွန့်လွှတ်ပုံတို့ကို အလုံးစုံ သိပြီး ညီတော်လေးသာ အေးဆေးစွာ တိုင်းပြည်အုပ်ချုပ်၍ နေပါ၊ နောင်တော်များ တံတိုင်းကာသကဲ့သို့ စောင့်ရှောက် မည်ဖြစ်ကြောင်း ပြောကြားသတဲ့။

ထို့နောက် သံဝရမင်းသားက နောင်တော် မင်းသားများကို ကြီးကြီးကျယ် ကျယ် ခမ်းခမ်းနားနားကြီး ပူဇော်သက္ကာရပြုသတဲ့၊ နောင်တော်များကလည်း ညီတော်မင်းရဲ့ ပူဇော်မှုကို ကျေကျေနပ်နပ်ကြီး ခံယူပြီး ကိုယ့်အရပ် ကိုယ်ပြန် ကြကာ ညီတော် သံဝရမင်းကို အဝေးမှ စောင့်ရှောက်ကြသတဲ့ကွယ်။

http://www.dhammadownload.com

ဒီဇာတ်လမ်းမှာ နောင်တော်များဟာ ပတိရူပအရပ်ကို စွန့်လွှတ်ရတဲ့အတွက် အခွင့်အရေး ဆုံးရှုံးရပုံများနဲ့ သံဝရမင်းသားလေးဟာ ပတိရူပအရပ်ကို မှီခိုရတဲ့အတွက် ပညာရှိနဲ့ ပေါင်းသင်းခွင့်ရပြီး ပညာရှိရဲ့စကားကို မြေဝယ်မကျ နားထောင်ခဲ့လို့ ချမ်းသာသုခရပုံများကို မင်္ဂလာသင်ခန်းစာ ယူကြစေလိုပါတယ်၊ ဒီသံဝရဇာတ်ဟာ ကောဒသကနိပါတ်မှာ ပါတယ်ကွယ့်၊ မှတ်သားဖွယ် ကောင်းလွန်းလို့ ကဗျာစာဆိုအကျော် ရှင်မဟာရဋ္ဌသာရ ဆရာတော်က ငယ်သူငယ်ချင်းလည်း ဖြစ်၊ ပစ္စည်းလေးပါး ဒါယကာလည်းဖြစ်တဲ့ အင်းဝဘုရင်မင်းခေါင်ကို ''**သံဝရပျို့**''ရယ်လို့ ရေးသားပြီး ဩဝါဒ ပေးသနားတော်မူခဲ့ပါတယ်၊ ကဲ အချိန်လည်း စေ့သွားပြီ၊ သင်ပုန်းမှာ ရေးထားတဲ့ ကဗျာလေးကို သံပြိုင်ဆိုပြီး ဒီတစ်ပတ်သင်တန်းကို ရပ်နားကြပါစို့ကွယ်။

လျောက်ပတ်တဲ့အရပ်မှာ နေ

❀ သံဝရဇာတ်လာ နည်းနာများကို၊
မှီးကာထားလို့ ကျင့်ကြံဖွယ်။
ပတိရူပါ နေရာမြတ်ကို၊
သေချာမှတ်လို့ ရွေးချယ်ကွယ်။
(ပတိရူပါ နေရာကောင်းကို၊ သွေခွါမပြောင်းနဲ့ မှီခိုကွယ်။)

❀ အရပ်ကောင်းမှာ ယှဉ်လာမိမှ၊
ပညာရှိနဲ့ တွေ့နိုင်တယ်။
မင်္ဂလာကို လက်တွေ့ကျင့်လို့၊
ရှေ့သို့တစ်ဆင့် တက်ရမယ်။

❀ မိမိအကျိုး တိုင်းပြည်ကျိုး၊
သယ်ပိုး ရွက်ဆောင်ကွယ်။
အဲဒါကြောင့် သင့်တင့်လျောက်ပတ်၊
နေရာမြတ် မပြတ်နေထိုင်ကွယ်။

''မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ''

မွေ့ဖူးဟာစာစောင်၊ အတွဲ (၅)-အမှတ်(၆) ၊ အတွဲ (၄၁)-အမှတ်(၆)

http://www.dhammadownload.com

http://www.dhammadownload.com

ပုညမင်္ဂလာ၊ ချီခဲ့ပါ၍၊ ချမ်းသာမထိုက်၊ ကံလျှင်မိုက်က၊ ဉာဏ်မိုက်တတ်စွာ၊ ဤလူ့ရွာဝယ်၊ ကံသာအရင်း၊ မှတ်တုံလျင်းလော့။

ကံဟုမူလ၊ သမ္ဗုဒ္ဓတို့၊ ဟောပြသည်မှာ၊ အရင်းသာရှင့်၊ ဥစ္စာဘောဂ၊ ဇီဝိတနှင့်၊ သုခပွားရန်၊ ဤလူ့ဘွာန်၌၊ ဉာဏ်ဝီရိယ၊ ပယောဂတည့်၊ ကာလဒေသ၊ ပုဂ္ဂလကို၊ နှိုင်းဆအပ်တုံ၊ ကံကိုယုံ၍၊ မီးပုံအတွင်း၊ မဆင်းထိုက်စွာ၊ ကျွားရဲရာလည်း၊ ကြမ္မာအကြောင်း၊ မရိုးကောင်းတည့်၊ သူဟောင်းရှေးက၊ ဆိုကုန်ကြ၏၊ လုံ့လမထူ၊ ဉာဏ်မကူဘဲ၊ အယူတစ်ချောင်း၊ ကံတစ်ကြောင်းမျှ၊ မကောင်းလည်းကံ၊ ကောင်းလည်းကံဟု၊ ကံကိုချည်းသာ၊ မကိုးရာဘူး၊ ပညာဉာဏ်ဖြင့်၊ သင့်မသင့်ကို၊ အခွင့်ရ၍၊ အပြုလုံ့လ၊ ရှိအပ်စွတည့်။ (မဃဒေဝလင်္ကာသစ်)

ပို့ချ ဆွေးနွေးခဲ့တဲ့ မင်္ဂလာများကတော့ ပေါင်းရေး သင်းရေး မင်္ဂလာ၊ နေရေးထိုင်ရေး မင်္ဂလာ(ပတိရူပ)တို့ ဖြစ်ပါတယ်၊ ဒီ ပေါင်းသင်းဆက်ဆံရေး မင်္ဂလာနဲ့ နေရေးထိုင်ရေးမင်္ဂလာကို သေသေချာချာ သဘောပေါက်လို့ လက်တွေ့ကျင့်သုံးကြမယ်ဆိုရင် ကိုယ့်အတွက် အစစ အရာရာမှာ တိုးတက်လာပါလိမ့်မယ်၊ မင်္ဂလာတရားဆိုတာ မှတ်သားထားရုံနဲ့ ကိစ္စ မပြီးပါဘူး၊ လက်တွေ့ ကာယကံမြောက် တကယ်ကျင့်သုံးဖို့ သိပ်ကို လိုအပ်ပါတယ်၊ ဒါမှလည်း မင်္ဂလာရဲ့ အရသာကို သိမယ်၊ အရသာ သိမှ စားပြီးရင်း စားချင် ဆိုသလို ဖြစ်ပြီး လေးလေးနက်နက် စွဲစွဲမြဲမြဲ ကျင့်သုံးလာမယ်၊ ဒီလို ကျင့်သုံးလာတာနဲ့အမျှ ကိုယ့်ဘဝတစ်လျှောက် တိုးတက်အောင်မြင်မှုများကို အဆင့်ဆင့် တွေ့ရပါလိမ့်မယ်၊ ဒါကြောင့် ဒီ သင်တန်းနာမည်ကို "ကာယကံမြောက် ကျင့်သုံးရေး လက်တွေ့မင်္ဂလာသင်တန်း"လို့ အထူးရွေးချယ်ထားခြင်း ဖြစ်ပါတယ်၊ သင်တန်းကို တက်ရောက် လေ့လာကြတဲ့ မောင်တို့ မယ်တို့ဟာ မင်္ဂလာတရားကို လက်တွေ့ ကျင့်သုံးနေကြပြီလို့ ဆရာ ယုံကြည်နေပါတယ်၊ ကာယကံမြောက် လက်တွေ့ ကျင့်သုံးကြစမ်းပါလို့ ဆရာ အထူးပဲ တိုက်တွန်းပါတယ်၊ ဆရာကိုယ်တိုင်လည်း အတတ်နိုင်ဆုံး ကြိုးစားပြီး ကာယကံမြောက် လက်တွေ့ ကျင့်သုံးပါမယ်ဆိုတာ မောင်မယ်တို့ကို ကတိပြုပါတယ်။

ကဲ ... သင်တန်းစကြစို့။

http://www.dhammadownload.com

၅။ ပုဗ္ဗေ စ ကတပုညတာ

(လုပ်ရေးကိုင်ရေး မင်္ဂလာ)

''မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ''

''အခု မင်္ဂလာ ဘယ်နှစ်ပါး ရှိသွားပြီလဲ''

''လေးပါးရှိသွားပါပြီ ဆရာ''

''ဘယ်မင်္ဂလာ . . . ဘယ်မင်္ဂလာများလဲ''

''အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ၊

ပူဇာ စ ပူဇနေယျာနံ၊ ပတိရူပ ဒေသဝါသော စတို့ ဖြစ်ပါတယ်''

''မြန်မာလို ပြောကြစမ်းပါ''

''လူမိုက်ကို ရှောင်၊ ပညာရှိကို ပေါင်း၊ အားကိုးထိုက်သူကို ရွေးချယ်၊ အရပ်ကောင်းမှာ နေ''

''ဒီ မင်္ဂလာများကို အမျိုးအမည်အားဖြင့် ဘယ်လိုခွဲမလဲ''

''ပထမ မင်္ဂလာသုံးပါးကို ပေါင်းရေး သင်းရေး မင်္ဂလာ၊ ပတိရူပကို နေရေး ထိုင်ရေး မင်္ဂလာလို့ ခွဲပါတယ်ဆရာ''

''သမ္ပတ္တိစက်နဲ့ ပြောရင် စက်ဘယ်နှစ်ပါး ပြီးသွားပြီလဲ''

''နှစ်ပါးပြီးသွားပါပြီ ဆရာ''

''ဘယ်စက် ... ဘယ်စက်လဲ''

''သပ္ပုရိသ သံသေဝစက်နဲ့ ပတိရူပဒေသဝါသစက် ဖြစ်ပါတယ်''

''မြန်မာလို ပြောစမ်းပါ''

http://www.dhammadownload.com

''သူတော်ကောင်းကို ဆည်းကပ် မှီဝဲခြင်း၊ အရပ်ကောင်းမှာ နေခြင်းလို့ အဓိပ္ပါယ်ရပါတယ် ဆရာ''

''မင်္ဂလာအနေနဲ့ လေးပါးဖြစ်လျက် သမ္ပတ္တိစက်အနေနဲ့ကျတော့ ဘာဖြစ်လို့ နှစ်ပါးတည်း ဖြစ်ရတာလဲ''

''အသေဝန – ပဏ္ဍိတ – ပူဇာစ ဆိုတဲ့ မင်္ဂလာသုံးပါးကို သဘောတူ ပေါင်းပြီး အနှစ်ညှစ်ချလိုက်ရင် သူတော်ကောင်းကို မှီဝဲ ဆည်းကပ်ခြင်းဆိုတဲ့ အဓိပ္ပာယ်တစ်ခုသာ ရပါတယ်၊ ဒါကြောင့်မို့လို့ အသေဝန၊ ပဏ္ဍိတ၊ ပူဇာစ မင်္ဂလာသုံးပါးကို စက်ဖွဲ့ရင် သပ္ပုရိသ သံသေဝစက် တစ်ခုသာရသို့ သမ္ပတ္တိ စက်အနေနဲ့ကျတော့ နှစ်ပါး ဖြစ်ရပါတယ်။''

''အေး ... အေး မောင်မယ်တို့ အခုလို မှတ်မှတ်သားသား ရှိကြတဲ့ အတွက် ဆရာ ဝမ်းသာလှပါတယ်၊ သာဓုလည်း ခေါ်ပါတယ်''

''အနီးကပ် ပေါင်းသင်းဆက်ဆံရေးမှာ ဘယ်သူ့ကို ရွေးချယ်ပြီး ပေါင်းသင်းရမှာလဲ''

''သူတော်ကောင်းကို ရွေးချယ် ပေါင်းသင်းရပါမယ် ဆရာ''

''သူတော်ကောင်းနဲ့တွေ့ဖို့ ဘယ်လိုအရပ်မှာ နေရမှာလဲ''

''ပတိရူပအရပ်မှာ နေရပါမယ် ဆရာ''

''အေး . . . အေး။ ဒါမှ စက်လည်မယ်၊ နည်းမှန် လမ်းမှန် ညွှန်ကြားချက် ရဖို့ သူတော်ကောင်းနဲ့ ပေါင်း၊ သူတော်ကောင်းနဲ့ လွယ်လွယ်တွေ့ဖို့ အရပ်ကောင်းမှာ နေ၊ ဒီနေရာမှာ အရပ်ကောင်းကို လွယ်လွယ်ရဖို့ ဘာလုပ် ရမယ်ဆိုတာကို သိဖို့ လိုလာပြီ၊ ဒါကြောင့်မို့လို့ မင်္ဂလာကွင်းဆက်အနေနဲ့ –

ပုဗ္ဗေ စ ကတပုညတာ (ပုဗ္ဗေစ–ရှေးဘဝ၌ ရှေးအခါ၌၊ **ကတပုညတာ**– ကုသိုလ်ကောင်းမှု ပြုခဲ့ခြင်း)လို့ ဆက်လက် ညွှန်ကြားတော်မူပါတယ်၊ ''**ရှေးဘဝက, ရှေးအခါက ကုသိုလ် ကောင်းမှုပြုခဲ့ခြင်း**'' အဓိပ္ပာယ်ကို ဒီလို မှတ်ယူရပါမယ်၊ အတိုချုပ်ကတော့ ကုသိုလ်ကောင်းမှု ပြုခဲ့ရဖူးမယ်ပေါ့ ကွယ်။

Ko Oo'F/9-A

http://www.dhammadownload.com

ကုသိုလ်ကောင်းမှုဆိုတဲ့ ဝေါဟာရလေးကို နည်းနည်း ပြောဦးမယ်၊ **ကုသိုလ်**ဆိုတာ **ကုသလ**ဆိုတဲ့ ပါဠိကပြောင်းလာတဲ့ ပါဠိပျက်စကား ဖြစ်ပါတယ်၊ မြန်မာလိုကတော့ ကောင်းတဲ့အလုပ်၊ ကောင်းတဲ့အမှုလို့ အဓိပ္ပာယ်ရပါတယ်၊ ဒါကြောင့်မို့ ရှေးဝေါဟာရ ပညာရှင်ကြီးများက ကုသိုလ်ရဲ့အဓိပ္ပာယ်ပေါ်လွင်အောင် ''ကုသိုလ် ကောင်းမှု''လို့ ဝေါဟာရပြုခဲ့ကြပါတယ်၊ ပြီးတော့ ''မကောင်းမှု-အကုသိုလ်''ဆိုတဲ့ ဝေါဟာရဟာလဲ ဒီသဘောပါပဲ၊ အကုသိုလ်ဆိုတာ အကုသလဆိုတဲ့ ပါဠိကလာတဲ့ ပါဠိပျက်စကား ဖြစ်ပါတယ်၊ မြန်မာလိုကတော့ မကောင်းတဲ့အလုပ်၊ မကောင်းတဲ့အမှုလို့ အဓိပ္ပာယ်ရပါတယ်၊ ဒါကြောင့် ဝေါဟာရ ပညာရှင်များက အကုသိုလ်ရဲ့ အဓိပ္ပာယ် ပေါ်လွင်အောင် ''မကောင်းမှု-အကုသိုလ်''လို့ ဆီလျော်အောင် ခေါ်ဝေါ်ခဲ့ကြပါတယ်၊ အင်မတန်ကို တုပဖွယ်ကောင်းတဲ့ ဝေါဟာရ သတ်မှတ်ပုံလေးတွေပါပဲကွယ်။

လောကမှာ ကောင်း-မကောင်းဆိုတာ ဒွန်တွဲနေပါတယ်၊ ကောင်းတဲ့အလုပ်ရှိသလို မကောင်းတဲ့အလုပ်လည်း ရှိပါတယ်၊ မကောင်းတဲ့အလုပ် ရှိသလို ကောင်းတဲ့အလုပ်လည်း ရှိပါတယ်၊ ကောင်း-မကောင်းဆိုတာကလည်း သဘာဝရဲ့ သတ်မှတ်ချက်အရ ပေါ်ထွက်လာရတာပါပဲ၊ သဘာဝက ရတဲ့စည်းကမ်းချက်နဲ့ ဘာသာတရားများကလည်း ကောင်း,မကောင်းကို သတ်မှတ်ပါတယ်၊ လောကတရားဥပဒေများကလည်း သတ်မှတ်ချက် ကောင်း,မကောင်းကို ညွှန်ပြကြပါတယ်၊ ဒီလို သဘာဝအရလည်းကောင်း၊ ဘာသာတရားအရလည်းကောင်း၊ တရားဥပဒေအရလည်းကောင်း၊ သင်္ကေတပညတ်အရလည်းကောင်း ကောင်း,မကောင်းကို အကြောင်း အကျိုးဆက်ပြီး သတ်မှတ်ကြပါတယ်၊ ငြင်းပယ်လို့ မရပါဘူး၊ သွေဖီလို့လည်း မရပါဘူး၊ အများက ကောင်းတယ်လို့ သတ်မှတ်ထားတာကို သူများထက် ထူးပြီး မကောင်းဖူးဆိုရင် ဒီလူကို သဘာဝကို လွန်ဆန်တဲ့အတွက် အရူးလို့ဝိုင်းပြီး သတ်မှတ်ကြပါလိမ့်မယ်၊ ဒါဟာ ကောင်း,မကောင်း သတ်မှတ်ပုံကို မောင်မယ်တို့ စမ်းဝါးမိရုံ ပြောပြခြင်း ဖြစ်ပါတယ်။

ကောင်းတဲ့အလုပ်၊ မကောင်းတဲ့အလုပ် ဆိုတဲ့ဝေါဟာရမှာ ''အလုပ်'' ဆိုတဲ့ ဝေါဟာရကို စိစစ်ပြလိုပါသေးတယ်၊ ''**အလုပ်**''ကို ပါဠိလိုခေါ်တော့

http://www.dhammadownload.com

''**ကမ္မ**''လို့ ခေါ်တယ်၊ ကမ္မကို ပါဠိပျက်အနေနဲ့ ''**ကမ်**'' သို့မဟုတ် ''**ကံ**''လို့ ခေါ်ပါတယ်၊ အကြမ်းအားဖြင့် ကိုယ်အလုပ်၊ နှုတ်အလုပ်၊ စိတ်အလုပ်လို့ လောကမှာ အလုပ် သုံးမျိုး ရှိပါတယ်၊ ကိုယ်နဲ့လုပ်တာကို '**ကာယကမ္မ–ကာယကံအလုပ်**'လို့ ခေါ်ပါတယ်၊ နှုတ်နဲ့လုပ်တာကို '**ဝစီကမ္မ–ဝစီကံအလုပ်**' လို့ ခေါ်ပါတယ်၊ စိတ်နဲ့ လုပ်တာကို '**မနောကမ္မ–မနောကံအလုပ်**'လို့ ခေါ်ပါတယ်။

အခုခေတ်မှာ ''ကုသိုလ်–အကုသိုလ်ဆိုတာ မရှိဘူး၊ ကံဆိုတာ မယုံဘူး''ဆိုတဲ့ စကားတွေကို တော်တော် ပြောကြတယ်ကွယ့်၊ ဒါတွေဟာ ပုံရှင်းရှင်းပြောရရင် မြင်းစီးလို့မှ အထီးမှန်း အမမှန်း မသိသလို ဖြစ်နေပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကုသိုလ်–အကုသိုလ်ဆိုတာ ကောင်းတဲ့အလုပ်–မကောင်းတဲ့အလုပ်ကို ပြောတာ၊ ကာယကံ၊ ဝစီကံ၊ မနောကံ ဆိုတာက ကိုယ်အလုပ်၊ နှုတ်အလုပ်၊ စိတ်အလုပ်လို့ ပြောတာ မဟုတ်လား၊ ဒီတော့ ကောင်း,မကောင်းတွေ၊ ကိုယ်အလုပ်၊ နှုတ်အလုပ်၊ စိတ်အလုပ်တွေကို ''ကုသိုလ်–အကုသိုလ် မရှိဘူး၊ ကံဆိုတာ မယုံဘူးဆိုတဲ့သူတွေ ကိုယ်တိုင် နေ့တိုင်း လုပ်နေတာ ဖြစ်ပါလျက် မရှိဘူး၊ မယုံဘူးဆိုတော့ တော်တော် ခက်တယ်ကွယ်၊ ''ငါ ဘာကောင်ပါလိမ့်''လို့ မေးရမလို ဖြစ်နေတယ်၊ ဒီအကြောင်းတွေကို စကားစပ်လို့ ပြောလိုက်တာပါ၊ ဘယ်သူ့ကိုမှ ထိပါးစေဆိုတဲ့ စေတနာ ဆရာ့မှာ မရှိပါဘူး။

အဲ ‥ အခု ဆရာပြောသွားတဲ့ စကားထဲမှာ ''**စေတနာ**''ဆိုတဲ့ စကားလေး ပါသွားတယ်၊ ဒီနေရာမှာ စေတနာအကြောင်းကိုလည်း နားလည်ထားဖို့ လိုတယ်ကွယ့်၊ လူတိုင်းပါးစပ်ဖျားမှာ ရေပန်းစားလှတဲ့ ''ကံ''ဆိုတဲ့ ပါဠိပျက်စကားကို မြန်မာလို တိုက်ရိုက်ပြောရင် ''အလုပ်''သို့ ခေါ်တယ်ဆိုတာကို မောင်မယ်တို့ စွဲစွဲမြဲမြဲကြီး မှတ်ထားစေချင်တယ်၊ ဒီတော့ ကံကလည်း အကျိုးပေးတဲ့ကံ၊ အကျိုးမပေးတဲ့ကံလို့ နှစ်မျိုး ရှိတယ်ကွယ့်၊ ဒီလို သုံးလိုက်တော့ စာသံပေသံ ပါနေလို့ မောင်မယ်တို့ နားရှင်းမယ် မဟုတ်ကြဘူး၊ မောင်မယ်တို့ နားလည်လွယ်မယ့် ဝေါဟာရနဲ့ ပြောရရင် ''အောင်မြင်တဲ့အလုပ်''ပေါ့ကွယ်၊ ကံဆိုတာ အလုပ်ကိုခေါ်တာ မဟုတ်လား၊ ဒီတော့ အလုပ်ကလည်း အောင်မြင်

http://www.dhammadownload.com

တဲ့အလုပ်၊ မအောင်မြင်တဲ့အလုပ်လို့ နှစ်မျိုး ရှိရမှာပေါ့။

ကောင်းတဲ့အလုပ် (ကုသိုလ်ကံ)ကိုပဲဖြစ်ဖြစ်၊ မကောင်းတဲ့အလုပ် (အကုသိုလ်ကံ)ကိုပဲဖြစ်ဖြစ် ထက်ထက်မြက်မြက် စိတ်ပါလက်ပါ ဆောင်ရွက်ရင် အောင်မြင်တယ်၊ ပေါ့ပေါ့လျော့လျော့ စိတ်မပါ့တပါ ဆောင်ရွက်ရင် အောင်မြင်သင့်သလောက် မအောင်မြင်ဘူး၊ ဒါမှမဟုတ် မအောင်မြင်ဘူး၊ ဒီလို မဟုတ်လား။

စေတနာဆိုတာ အလုပ်တစ်ခု အောင်မြင်အောင် ''တိုက်တွန်းမှု၊ နှိုးဆော်မှု၊ အားပေးမှုကို စေတနာ''လို့ခေါ်တယ်၊ ဒီတော့ အလုပ်လုပ်တဲ့အခါမှာ ကောင်းတာဖြစ်ဖြစ်၊ မကောင်းတာဖြစ်ဖြစ် တိုက်တွန်း အားပေးမှုစေတနာ အားနည်းရင် မအောင်မြင်ဘူး၊ ဒီလို အလုပ်ဖြစ်အောင် အလုပ် အောင်မြင်အောင် (ကံဖြစ်အောင် ကံအောင်မြင်အောင်) တိုက်တွန်း အားပေးတာဟာ စေတနာဖြစ်လို့ အလုပ်နဲ့ အားပေး တိုက်တွန်းမှု (ကံနဲ့ စေတနာ)တို့ဟာ ခွဲမရတဲ့အတွက် **''စေတနာ ဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ–** စေတနာကိုပဲ ကံလို့ဆိုတယ်''တဲ့၊ ဒီတော့ စေတနာအားကောင်းတဲ့ ကံကို အကျိုးပေးတဲ့ကံ၊ စေတနာ အားနည်းတဲ့ကံကို အကျိုးမပေးတဲ့ကံလို့ သတ်မှတ်ရပါတယ်၊ အလုပ်လုပ်တိုင်းလည်း အောင်မြင်တာ မဟုတ်ပါဘူး၊ စိတ်ပါလက်ပါ စေတနာ အားကောင်းကောင်းနဲ့ ဆောင်ရွက်မှ အောင်မြင်ပါတယ်၊ အဲဒီ စေတနာကလည်း ကောင်းတဲ့စေတနာ (ကုသိုလ်စေတနာ) မကောင်းတဲ့စေတနာ (အကုသိုလ်စေတနာ)လို့ နှစ်မျိုး ကွဲပြန်သေးတယ်။

လောကမှာ အကြောင်းအကျိုးဆိုတာ ရှိရတယ် မဟုတ်လား၊ အကြောင်းရှိရင် အကျိုး ရှိရတယ်၊ အကျိုးရှိရင် အကြောင်းလည်း ရှိရတယ်၊ သဘာဝတရားဆိုတာ ချိန်ခွင်လျှာနဲ့ တူပါတယ်၊ အကြောင်း,အကျိုးဆိုတာ ချိန်ခွက်နှစ်ခွက်နဲ့ တူပါတယ်၊ ချိန်ခွက် နှစ်ခွက် အလေးမှန်မှ ချိန်ခွင်လျှာ မှန်သလို အကြောင်း အကျိုးမှန်မှ သဘာဝ မှန်ပါတယ်၊ အလေးမမှန်ရင် ချိန်ခွင်လျှာက လျှာထုတ်ပြသလို အကြောင်းအကျိုး မမှန်ရင်လည်း သဘာဝတရားက လျှာထုတ်ပြီး သရော်တတ်ပါတယ်၊ ဒီတော့ ဒီနေရာမှာ အကြောင်းအကျိုးနဲ့ ဟပ်ပြောရရင် ကုသိုလ်၊ အကုသိုလ်၊ ကံ၊ စေတနာတို့ကို အကြောင်းတရားလို့

http://www.dhammadownload.com

ခေါ်ပါတယ်၊ အကြောင်းရှိရင် အကျိုးရှိရမှာမို့ အကျိုးတရားကို ရှာဖွေဖို့ လိုလာတယ်၊ ကံဆိုတာ အလုပ်ကို ခေါ်တယ် မဟုတ်လား၊ အလုပ်လုပ်ရင် အလုပ်ရဲ့ရပိုင်ခွင့် ခံစားခွင့်ဆိုတာ ရှိရမှာပေါ့၊ အဲဒီ ရပိုင်ခွင့် ခံစားခွင့်ကိုပဲ အကျိုးတရား(ဝိပါက)လို့ ခေါ်ပါတယ်၊ ကမ္မ–ကံ–အလုပ်ဆိုတာက= အကြောင်းတရား၊ ဝိပါက–ဝိပါက်–ရပိုင်ခွင့်–ခံစားခွင့်ဆိုတာက= အကျိုးတရား၊ ဒီလို အကြောင်းအကျိုးကို တွေ့ရပါတယ်။

ဒီတော့ အားပေးမှု စေတနာကောင်းရင် ကံကောင်းတယ်၊ ကံကောင်းရင် အလုပ်ကောင်းတယ်၊ အလုပ်ကောင်းရင် ကောင်းတဲ့ ရပိုင်ခွင့် ခံစားခွင့် ရှိရမယ်၊ တစ်ဖန် စေတနာမကောင်းရင် ကံမကောင်းဘူး၊ ကံမကောင်းရင် အလုပ်မကောင်းဘူး၊ အလုပ်မကောင်းရင် ရပိုင်ခွင့် ခံစားခွင့်လည်း မကောင်းဘူး၊ ကောင်းတာလုပ်ရင် (ကုသိုလ်လုပ်ရင်) ကောင်းတာ ခံစားရမယ်၊ မကောင်းတာလုပ်ရင် (အကုသိုလ် လုပ်ရင်) မကောင်းတာ ခံစားရမယ်၊ အချိုသီး စိုက်ရင် အချိုပင် ပေါက်မယ်၊ အချဉ်သီးစိုက်ရင် အချဉ်ပင် ပေါက်မယ်၊ ဒါဟာ သဘာဝကျ,မကျ၊ ချိန်ခွင်လျှာ တည့်,မတည့်ကို မောင်မယ်တို့ ကိုယ်တိုင် ဆုံးဖြတ်ကြပါ၊ ဒီလို သိပ္ပံနည်းကျကျ (သဘာဝကျကျ) ဝါဒကို "**ကမ္မဝါဒ**"လို့ ခေါ်ပါတယ်၊ ကမ္မဝါဒဆိုတဲ့ ပါဠိစကားကို တိုက်ရိုက် မြန်မာလို ပြောရရင် အလုပ်လုပ်သူတိုင်း ရပိုင်ခွင့် ခံစားခွင့်ရှိတဲ့ဝါဒ၊ အလုပ်လုပ်တဲ့ ဝါဒ၊ အလုပ်သမားဝါဒလို့ အဓိပ္ပာယ်ရပါတယ်၊ ဒါတွေကို ဆရာက ခေတ်နဲ့ကပ်ပြီး အတင်းဘောင်ဝင်အောင် ဆွဲသွင်းနေတာ မဟုတ်ပါဘူး၊ ပင်ကိုယ်ပါဠိစကားလုံးများရဲ့ အဓိပ္ပာယ်ကိုက ဒီအတိုင်းပါပဲ၊ ကံရဲ့သဘောတရားကို ပိုင်ပိုင်နိုင်နိုင် မသုံးသပ်မိကြလို့ အချို့ဘာသာပြန်ရာမှာ ဝေ့လည်လည် ဖြစ်နေတယ်လို့ ဓမ္မဓိဋ္ဌာန်ကျကျ ဆရာမှာကြားလိုပါတယ်။

ဒီနေရာမှာ ဖြစ်ပြီး၊ ဖြစ်ဆဲ၊ ဖြစ်လတ္တံ့ဆိုတဲ့ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါးနှင့်ဟပ်ပြီး ကံအကြောင်းကို ပြောဖို့ လိုသေးတယ်၊ တစ်ဘဝ နှစ်ဘဝ စတဲ့ ဘဝနဲ့ချိပြီး ပြောရင် ဖြစ်ပြီးခဲ့တဲ့ဘဝကို အတိတ်၊ ဖြစ်ဆဲဘဝကို ပစ္စုပ္ပန်၊ ဖြစ်မယ့်ဘဝကို အနာဂတ်လို့ သတ်မှတ်ရပါတယ်၊ တစ်နှစ်၊ နှစ်နှစ် စတဲ့ နှစ်နဲ့ချိပြီး ပြောရင် ပြီးခဲ့တဲ့နှစ်ကို အတိတ်၊ ရောက်ဆဲ

http://www.dhammadownload.com

နှစ်ကို ပစ္စုပ္ပန်၊ ရောက်မယ့်နှစ်ကို အနာဂတ်လို့ သတ်မှတ်ရပါတယ်၊ ဒီထက် အသေးစိတ်တဲ့ လ-ရက် အချိန်ပိုင်းများကိုလည်း ဒီနည်းအတိုင်းပဲ ခွဲခြား သတ်မှတ်ရပါတယ်၊ ဒီ ကာလသုံးပါးမှာ အတိတ်ရဲ့အမွေကို ပစ္စုပ္ပန်က ခံယူရပါတယ်၊ ပစ္စုပ္ပန်ရဲ့အမွေကို အနာဂတ်က ခံယူရပါတယ်၊ ဒါကြောင့်မို့ အတိတ်ဘဝက(အတိတ်နှစ်က၊ အတိတ်လက၊ အတိတ်ရက်က၊ အတိတ် အချိန်ပိုင်းက) အလုပ်ကောင်းကောင်း လုပ်လို့ ကံကောင်းခဲ့ရင် ပစ္စုပ္ပန်ဘဝမှာ (ပစ္စုပ္ပန်နှစ်မှာ၊ ပစ္စုပ္ပန်လမှာ၊ ပစ္စုပ္ပန်ရက်မှာ၊ ပစ္စုပ္ပန်အချိန်ပိုင်းမှာ) ရပိုင်ခွင့် ကောင်းကောင်း၊ ခံစားခွင့် ကောင်းကောင်းကို ရမှာ သေချာပါတယ်၊ အတိတ်က မကောင်းခဲ့ရင် ပစ္စုပ္ပန်မှာလည်း မကောင်းတဲ့ရလဒ် အကျိုးနဲ့သာ ကြုံတွေ့ရပါလိမ့်မယ်၊ ဒီနည်းအတိုင်းပဲ ပစ္စုပ္ပန်ရဲ့ ကောင်း,မကောင်း အမွေကိုလည်း အနာဂတ်က အသာတကြည် လက်ခံရပါလိမ့်မယ်၊ စာသင်ခန်းမှာ စာကြိုးစားခဲ့ရင် စာမေးပွဲအောင်သလိုပါပဲ၊ စာကြိုးစားခဲ့တာ အတိတ်၊ အောင်တာက ပစ္စုပ္ပန်၊ သို့မဟုတ် စာကြိုးစာတာက ပစ္စုပ္ပန်၊ အောင်မှာက အနာဂတ်၊ ချိန်ခွင်လျှာ တည့်,မတည့် ကိုယ်တိုင် ဆုံးဖြတ်ကြပါ။

ဒီနေရာမှာ ကံအကြောင်းကို ဉာဏ်,ဝီရိယနဲ့ စပ်ပြီး ပြောဖို့ လိုပါသေးတယ်၊ ဥပမာအားဖြင့် ကံဆိုတာ မျိုးစေ့နဲ့ တူတယ်၊ ဉာဏ်,ဝီရိယဆိုတာ မြေကောင်း ရေကောင်းနဲ့ တူတယ်၊ မျိုးစေ့ အောင်မြင်မှု မအောင်မြင်မှုဟာ မြေကောင်း ရေကောင်းပေါ် မူတည်သလို ကံအကျိုးပေး အောင်မြင်မှု မအောင်မြင်မှုဟာလည်း ဉာဏ်ဝီရိယရဲ့ အထောက်အကူပေါ်မှာ မူတည်ပါတယ်၊ တချို့က အတိတ်ဘဝက ကံကို သိပ် အားကိုးကြတယ်၊ ဒါဟာ သိပ်ကို မှားယွင်းတဲ့ ယူဆချက်တွေပဲ၊ အရေးကြီးဆုံးက ပစ္စုပ္ပန်၊ ပစ္စုပ္ပန်ကောင်းရင် ပစ္စုပ္ပန်အတွက်ရော အနာဂတ်အတွက်ပါ စိတ်ချရပါတယ်၊ ပစ္စုပ္ပန်မှာ အလုပ်ကောင်းဖို့ ကံကောင်းဖို့ သိပ်လိုအပ်တယ်၊ ဒါကို သတိကြပ်ကြပ် ပြုရမယ်၊ **အတိတ်ကံ အကျိုးပေးရေး မပေးရေးဟာ ပစ္စုပ္ပန်ကံ ဉာဏ် ဝီရိယ အထောက်အကူပေါ်မှာ မူတည်**ပါတယ်၊ ဒီသုံးပါးမှာ အဓိကကတော့ ကံဆိုတဲ့ အလုပ်ပဲ၊ ဒါပေမယ့် အလုပ်လုပ်ရာမှာ ဉာဏ်ဝီရိယ [illegible]ဲ့မှ အောင်မြင်တယ်၊ ဒါကို မောင်မယ်တို့ အထူးသတိထားဖို့ ဆရာ မှာ[illegible]းပါတယ်၊ ကျောက်သင်ပုန်း

http://www.dhammadownload.com

မှာ ရေးပြထားတဲ့ မာဃဒေဝလင်္ကာလေးက ဒီသဘောတရားတွေကို အကျဉ်းချုပ် ပြောပြနေပါတယ်။

ကဲ– ပုဗ္ဗေ စ ကတပုညတာ မင်္ဂလာအကြောင်း ပြောပါဆိုတာ ဆရာက ဘာတွေ လျှောက်ပြောနေပါလိမ့်လို့ မောင်မယ်တို့ ထင်ချင် ထင်နေကြမယ်၊ ကံနဲ့ ကံရဲ့ အကျိုးပေးကို နားမလည်ရင် ဒီမင်္ဂလာကို နားမလည်ဘူး၊ ကံနဲ့ ကံရဲ့အကျိုးပေးကို နားလည်မှ ဒီမင်္ဂလာကို နားလည်နိုင်တယ်၊ ဒါကြောင့် ရှည်လျားစွာ ဆရာ ပြောနေခြင်း ဖြစ်ပါတယ်၊ ပြီးတော့ စစ်မှန်တဲ့ ဗုဒ္ဓဘာသာဝင်တစ်ယောက် ဖြစ်ရေးအတွက် ကံနဲ့ ကံရဲ့အကျိုးပေးကို သဘောပေါက်လက်ခံတတ်ဖို့ဟာ ပထမသော့ချက် ဖြစ်တယ်ဆိုတာကို ဆရာ မှာကြားပါတယ်၊ ပုဗ္ဗေ စ ကတပုညတာ မင်္ဂလာရဲ့ လိုးချင်းအဓိပ္ပာယ်က **ရှေးဘဝက (ရှေးနှစ်က၊ ရှေးလက၊ ရှေးရက်က၊ ရှေးအချိန်က) ကောင်းတာကိုလုပ်၊ ကောင်းတာကိုပြော၊ ကောင်းတာကို ကြံခဲ့ရမယ်**လို့ ဆိုလိုပါတယ်၊ ကောင်းတာလုပ်ခဲ့ရင် ဘာဖြစ်မလဲ၊ ကောင်းတာကို လုပ်ခဲ့ရင် ကောင်းတာကိုချည်း ခံစားရမှာပေါ့၊ ဒီလိုမဟုတ်လား။ ဒါကြောင့် ဒီမင်္ဂလာကို လုပ်ရေး ကိုင်ရေး မင်္ဂလာလို့ မှတ်သားကြစေချင်ပါတယ်။

ကဲ ကွင်းဆက်သဘော ပြောမယ်၊ ရှေးဘဝက(ရှေးအခါက) ကောင်းတာတွေကို လုပ်ခဲ့ရင် ယခုဘဝ(ယခုအခါ)မှာ ကောင်းတဲ့အရပ် (ပတိရူပအရပ်)ကို အဆင်သင့် ရောက်မယ်လို့ ဆိုလိုပါတယ်၊ ကောင်းတာလုပ်ခဲ့တော့ ကောင်းတဲ့အရပ်ရောက်၊ ကောင်းတဲ့အရပ်ရောက်တော့ ကောင်းတဲ့သူနဲ့ တွေ့၊ ဒီလို ဖြစ်မသွားဘူးလား၊ ဒါဟာ မင်္ဂလာကွင်းဆက်သဘောပဲ၊ ကောင်းတဲ့သူနဲ့ တွေ့ရတာက **သပ္ပုရိသ သံသေဝစက်**၊ ကောင်းတဲ့အရပ် ရောက်သွားတာက **ပတိရူပဒေသဝါသစက်** ကောင်းတာ လုပ်ခဲ့တာက **ပုဗ္ဗေ စ ကတပုညတာစက်**၊ ဟော– စက်သုံးပါး ရှိသွားပြီ၊ မင်္ဂလာ ရွှေအုတ်မြစ်ကြီး သုံးခု ချပြီးသွားပြီပေါ့၊ နောက်တစ်ပတ်ဆိုရင် မင်္ဂလာဖောင်ဒေးရှင်း မင်္ဂလာအခြေခံ ပြည့်စုံမယ်၊ ကဲ– အချိန်လည်း ကြာသွားပြီ၊ မင်္ဂလာသင်ခန်းစာ ယူရအောင် သီရိဓမ္မာသောကမင်းကြီးရဲ့ ရှေးအတိတ်အကြောင်းကို အကျဉ်းချုပ်ကလေး ပြောပြပါမယ်။

http://www.dhammadownload.com

သီရိမ္မာသောကမင်းကြီး

စေတီပေါင်း–၈၄၀၀၀၊ ရေတွင်း ရေကန်ပေါင်း ၈၄၀၀၀–စသည်ဖြင့် အလှူ လှူရာမှာ တံခွန်ထူခဲ့တဲ့ သီရိဓမ္မာသောကမင်းကြီးဆိုရင် လူတိုင်းလိုလို ကြားဖူးကြပါတယ်၊ သူ့ရဲ့ ရှေးဖြစ်ကြောင်းက ဒီလိုကွယ့်၊ ရှေးအခါက ဗာရာဏသီပြည်မှာ ပျားရည်ညီနောင် သုံးယောက် ရှိသတဲ့၊ အစ်ကိုကြီးနဲ့ အစ်ကိုလတ်က ပျားရည် လည်ရှာတယ်၊ ညီငယ်က အိမ်မှာ အရောင်းစျေးသည်ပေါ့၊ တစ်နေ့တော့ ရှင်ပစ္စေကဗုဒ္ဓါတစ်ပါး ပျားရည်အလိုရှိတာနဲ့ ဗာရာဏသီ ကြွလာတဲ့အခါမှာ ရေခပ်သွားတဲ့ အမျိုးသမီးကလေးတစ်ဦးနဲ့တွေ့လို့ အမျိုးသမီးလေး ညွှန်ပြတဲ့အတွက် ပျားရည်သည် အိမ်ရှေ့ ရပ်တော်မူတဲ့အခါမှာ ညီငယ်လေးက စေတနာသဒ္ဓါ အားကြီးစွာနဲ့ ပျားရည်တွေကို လှူလိုက်တာ သပိတ်ကို လျှံပြီး ကျသတဲ့၊ "ဒီလို ပိုပိုလျှံလျှံ လှူရတဲ့အတွက် နောင်အခါ အထက်တစ်ယူဇနာ၊ အောက်တစ်ယူဇနာ ပိုင်စိုးတဲ့ မင်းကြောင်မျိုး ဖြစ်ရပါလို၏"လို့ ဆုတောင်းသတဲ့၊ ရှင်ပစ္စေကဗုဒ္ဓါလည်း ဆုပေးပြီး ပြန်ကြွတဲ့အခါမှာ အမျိုးသမီးလေးက လမ်းဘေးက စောင့်ပြီး အကျိုးအကြောင်းစုံ မေးပြီး သူကလည်း ခေါင်းခု အနွမ်းလေးကို စေတနာသန်သန်နဲ့ လှူပြီး ပျားရည်သည်လေး ဆုတောင်းနဲ့ လိုက်ဖက်တဲ့ ဆုတောင်းကို ကြိတ်ပြီး တောင်းသတဲ့၊ ဘာဆုတောင်းတယ် ဆိုတာ မောင်မယ်တို့ ရိပ်မိကြရောပေါ့နော်။

တော်တော်ကြာတော့ အစ်ကိုကြီးနဲ့ အစ်ကိုလတ်တို့ ရှေ့ဆင့် နောက်ဆင့် ရောက်လာရာမှာ ညီငယ်လေးက သာဓုခေါ်ဖို့ အမျှပေးသတဲ့၊ ဒီတော့ ပျားရည် မရလို့ စိတ်ညစ်လာတဲ့ အစ်ကိုကြီးနဲ့ အစ်ကိုလတ်တို့က ဒေါပွပြီး အမျိုးမျိုး ကြိမ်းမောင်းသတဲ့၊ ဒီလိုနဲ့ အားမရဘဲ အစ်ကိုကြီးက အရှင်ပစ္စေကဗုဒ္ဓကို "စဏ္ဍာလ သူတောင်းစား"ဆိုတဲ့ စကားတွေနဲ့ နင့်နင့်သီးသီး ပြောသတဲ့၊ အစ်ကိုလတ်ကလည်း "နောက်တစ်ခါလာရင် ခြေနှစ်ချောင်းကို ကိုင်ပြီး ပင်လယ်တစ်ဖက်ကမ်း လွှင့်ပစ်လိုက်"လို့ ပြောသတဲ့ကွယ့်။

ညီငယ်လေးက အမျိုးမျိုး တောင်းပန်ပြီး "နောက်ကို အစ်ကိုတို့ မကြိုက်ရင် မလုပ်တော့ပါဘူး၊ သာဓုလေးတော့ ခေါ်ပါ"လို့ တောင်းတောင်းပန်ပန် ပြောတော့မှ "သာဓုကွာ သာဓု" ဆိုပြီး ဆောင့်ကြီးအောင့်ကြီး သာဓုနှစ်ခွန်း

http://www.dhammadownload.com

ခေါ်သတဲ့၊ ဒီလိုနဲ့ သက်တမ်းစေ့လို့ ကွယ်လွန်တဲ့အခါမှာ ညီငယ်လေးဟာ သူ့စေတနာ သူ့လုပ်ဆောင်ချက် ကံအတိုင်း အများသိကြတဲ့ သီရိဓမ္မာ သောကမင်းကြီး ဖြစ်လာခဲ့တယ်၊ ပုဗ္ဗေ စ ကတပုညတာစက်မိလို့ ပတိရူပ အရပ်ရောက်ပြီး မင်းကရောဇ်ဖြစ်ကာ ရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်မြတ်ကြီးတို့လို သူတော်ကောင်း ပညာရှိများကို ဆည်းကပ် မှီဝဲရပြီး သာသနာဝင်မှာရော, ရာဇဝင်မှာရော ထင်ရှားကျော်ကြားတဲ့ မင်းကရောဇ်တစ်ပါး ဖြစ်ခဲ့ပါတယ်၊ အစ်ကိုကြီး အစ်ကိုလတ်တို့ရဲ့ ရှင်ပစ္စေကဗုဒ္ဓါအပေါ် ပြစ်မှားခဲ့တဲ့ စေတနာ၊ ဆောင့်ကြီး အောင့်ကြီး သာဓုခေါ်တဲ့ စေတနာ အကျိုးပေးပုံ အကြောင်းတို့ကိုတော့ ဓိနတ္ထပကာသနီကျမ်းမှာ လေ့လာပါလို့ ဆရာ တိုက်တွန်းပါတယ်၊ ကဲ– အချိန်လည်း ကြာသွားပြီ၊ ကဗျာလေးကို သံပြိုင်ရွတ်ပြီး ဒီတစ်ပတ် ရပ်နားကြပါစို့။

ကောင်းကောကို ကြိုတောင်လှုပ်

- သီရိဓမ္မာ ရှေးဖြစ်ဟောင်းကို၊
  အတွေးသစ်လောင်းလို့ နည်းယူဖွယ်။
  ရှေးကကုသိုလ် ပြုခဲ့ဖူးလို့၊
  ကောင်းမှုအထူး ရှိရမယ်။
- ပုဗ္ဗေစနော် အကြောင်းနဲ့စပ်မှ၊
  ကောင်းတဲ့အရပ် ရောက်လိမ့်မယ်။
  မင်္ဂလာကို လက်တွေ့ကျင့်လို့၊
  ရှေ့သို့တစ်ဆင့် တက်ရမယ်။
- မိမိအကျိုး တိုင်းပြည်ကျိုး၊
  သယ်ပိုး ရွက်ဆောင်ကွယ်။
  အဲဒါကြောင့် ပုဗ္ဗေကတ၊
  ကုသလ ပြုကြအမှန်ကွယ်။ ။

"မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ"

http://www.dhammadownload.com

Ko Oo'F/10-B

http://www.dhammadownload.com

ဘော ဒေဝပုတ္တ– အိုနတ်သား၊ **ပတိရူပ ဒေသဝါသော စ**– သင့်တင့်လျောက်ပတ်သောအရပ်၌ နေရခြင်းသည်လည်းကောင်း၊ **ပုဗ္ဗေ** – ရှေးဘဝ၌၊ **ကတပုညတာ စ**– မိမိပြုခဲ့ဖူးသော ကောင်းမှုရှိသောသူ၏ အဖြစ်သည်လည်းကောင်း၊ **အတ္တသမ္မာပဏိဓိ စ**– မိမိကိုယ်ကို ကောင်းစွာ ဆောက်တည်ရခြင်းသည်လည်းကောင်း၊ **ဧတံ**– ဤသုံးပါးသော တရားသည်လျှင်၊ **ဥတ္တမံ**– မြတ်စွာသော၊ **မင်္ဂလံ**– မင်္ဂလာ မည်၏ဟူ၍၊ **တွံ**– သင်နတ်သားသည်၊ **ဇာနာဟိ**– မှတ်သားလော့။

ယခုလို သင်တန်းစတဲ့အခါမှာ လက်အုပ်ကလေးချီပြီး ''မင်္ဂလာ အပေါင်းနဲ့ ပြည့်စုံကြပါစေ''ဆိုတဲ့ မောင်မယ်တို့ရဲ့ ကိုယ်အမူအရာ၊ နှုတ်အမူအရာကလေးတွေကို တွေ့ရ, ကြားရတော့ ဆရာဖြင့် သိပ်ကို ပီတိ ဖြစ်မိတာပါပဲကွယ်၊ သင်တန်းသားများ တစ်စတစ်စ တိုးတက် များပြားလာတာကို တွေ့ရလို့လည်း တကယ့်ကို အားတက်မိပါတယ်၊ သင်တန်းမှာ ဆရာပြောတဲ့စကားတွေကို ဖွတ်မိုက်ပြီး လက်မခံကြဘဲ စိစစ်ပြီးမှ နှလုံးသားနဲ့ လက်ခံဖို့ကိုလည်း ဆရာ အထူးပဲ ပြောကြားလိုပါတယ်။

ဗုဒ္ဓဝါဒဆိုတာ ဝိဘဇ္ဇဝါဒတဲ့ကွယ့်၊ ''**ဝိဘဇ္ဇဝါဒ**''ဆိုတာ ဝေဖန်ပိုင်းခြားပြီးမှ လက်ခံ ယုံကြည်တဲ့ဝါဒလို့ ဆိုလိုပါတယ်၊ ဆရာတို့ မောင်မယ်တို့ဟာ ဗုဒ္ဓဘုရားရှင်ရဲ့ တရားတော်ကို ယုံကြည် လေးစားကြတဲ့ ဗုဒ္ဓဝါဒီများဖြစ်တဲ့အတွက် အစစ အရာရာ ဘယ်နေရာမျိုးမှာမဆို ကြောင်းကျိုးကို ဝေဖန်ပြီးမှ လက်ခံယုံကြည် ယူဆပြောဆိုကြတဲ့ ဝိဘဇ္ဇဝါဒီတွေဖြစ်အောင် ကြိုးစားဖို့ လိုတယ်ဆိုတာကို လေးလေးနက်နက် မှာကြားပါတယ်ကွယ်၊ ဒါကြောင့် ဆရာပြောတဲ့ စကားတွေကို သဘာဝကျ,မကျ၊ ယုတ္တိတန်,မတန် အပြန်ပြန် အလှန်လှန် စဉ်းစား ဝေဖန်ပြီးမှ လက်ခံကြပါ၊ လက်ခံပြီးတဲ့နောက်ပိုင်းမှာ ကာယကံမြောက် လက်တွေ့ကျင့်သုံးဖို့ကိုလည်း မမေ့ကြဖို့ သတိပေးလိုပါတယ်။

ကဲ– သင်တန်းစကြပါစို့။

http://www.dhammadownload.com

၆။ အတ္တသမ္မာပဏိဓိ စ

(ကိုယ်စိတ်နှစ်ပါး ကောင်းစွာထားရေး ဇင်လာ)

''မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ''

''ပြီးခဲ့တဲ့ မင်္ဂလာများကို မြန်မာလို ပြောပြစမ်းပါ''

''လူမိုက်ကို ရှောင်၊ ပညာရှိကို ပေါင်း။ အားကိုးထိုက်သူ ရွေးချယ်၊ အရပ်ကောင်းမှာနေ၊ ကောင်းတာကို ကြိုတင်လုပ် ဖြစ်ပါတယ်ဆရာ''

''ပါဠိလို ပြောပြပါ''

''အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ၊ ပူဇာ စ ပူဇနေယျာနံ၊ ပတိရူပ ဒေသဝါသော စ၊ ပုဗ္ဗေ စ ကတပုညတာ ဖြစ်ပါတယ်ဆရာ''

''မင်္ဂလာအမျိုးအမည်ကို ခေတ်နဲ့အညီ ခွဲပြစမ်းပါ''

''အသေဝန၊ ပဏ္ဍိတ၊ ပူဇာစ သုံးပါးကို ပေါင်းရေးသင်းရေးမင်္ဂလာလို့ ခေါ်ပါတယ်၊ ပတိရူပကို နေရေးထိုင်ရေးမင်္ဂလာလို့ ခေါ်ပါတယ်၊ ပုဗ္ဗေစကို လုပ်ရေး ကိုင်ရေးမင်္ဂလာလို့ ခေါ်ပါတယ်''

''သမ္ဗန္ဓစက်နဲ့ ခွဲပြီး ပြောပြစမ်းပါ''

''အသေဝန၊ ပဏ္ဍိတ၊ ပူဇာစကို **သပ္ပုရိသ သံသေဝစက်**၊ ပတိရူပကို **ပတိရူပဒေသဝါသစက်**၊ ပုဗ္ဗေစကို **ပုဗ္ဗေစ ကတပုညတာစက်**''

''စက်ဆိုတာ ဘာကို ခေါ်တာပါလဲ''

http://www.dhammadownload.com

"အလုပ်ကို ကံလို့ ခေါ်ပါတယ်ဆရာ"

"ကာယကံ, ဝစီကံ, မနောကံဆိုတာ ဘာကို ပြောတာလဲ"

"ကိုယ်အလုပ်, နှုတ်အလုပ်, စိတ်အလုပ်ကို ပြောတာပါဆရာ"

"ကံကောင်းတယ်ဆိုတာ ဘာကို ပြောတာလဲ"

"အလုပ်ကောင်းတာကို ပြောတာပါ ဆရာ"

"အေး အေး မောင်မယ်တို့၊ ခုလို ဂရုတစိုက် မှတ်သားထားကြတာကို ဆရာ ကျေးဇူးတင်လို့ မဆုံးပါဘူး။ ပြီးခဲ့တဲ့ ပုဗ္ဗေ စ ကတပုညတာ မင်္ဂလာတုန်းက ကံအကြောင်းကို အသင့်အတင့် ဆရာ ပြောခဲ့ပါတယ်၊ ကံအကြောင်းက ပြောမယ်ဆိုရင် တော်တော် ကျယ်ဝန်းတယ်ကွယ့်၊ မောင်မယ်တို့အရွယ်မှာ ပြီးခဲ့တဲ့သင်တန်းမှာ ပို့ချခဲ့တာကို ပြန်ပြီး သေသေချာချာ လေ့လာထားရင်ပဲ လုံလောက်ပါတယ်၊ အတိုချုံးပြီး ပြောခဲ့တဲ့ ကံအကြောင်းများကို မောင်မယ်တို့ ထပ်ပြီး လေ့လာပါ၊ ဆွေးနွေးပါ၊ စိစစ်ပါ၊ ကံအကြောင်းကို သဘောမပေါက်ဘဲ ကံကို စနစ်တကျ နားလည်မထားရင် စစ်မှန်တဲ့ ဗုဒ္ဓဘာသာဝင်တစ်ယောက် ဖြစ်ဖို့ဆိုတာ မလွယ်ကူပါဘူး။ စစ်မှန်တဲ့ ဗုဒ္ဓဘာသာဝင်တစ်ယောက် ဖြစ်ရေးအတွက် ကံအကြောင်းကို နားလည်ဖို့ဟာ ပထမလှေခါးထစ် ဖြစ်တယ်ဆိုတာကို ဆရာ မှာကြားလိုပါတယ်။

"ပေါင်းသင်း ဆက်ဆံရေးမှာ အားကိုးတကြီးအနေနဲ့ ဘယ်သူ့ကို ပေါင်းသင်းရမှာလဲ"

"သူတော်ကောင်းကို ပေါင်းသင်းရပါမယ်"

"သူတော်ကောင်းနဲ့ အလွယ်တကူ တွေ့ဖို့ ဘယ်နေရာမှာ နေထိုင်ရမလဲ"

"အရပ်ကောင်းမှာ နေထိုင်ရပါမယ်"

"အရပ်ကောင်းကို အဆင်သင့်ရောက်အောင် ဘာလုပ်ရမလဲ"

"ရှေးက ကြိုတင်ပြီး ကောင်းမှု(ကုသိုလ်)ကို ပြုလုပ်ရပါမယ်"

အေး– ဒါက မင်္ဂလာကွင်းဆက်သဘော၊ တစ်နည်း သမ္ဗန္ဓစက်သဘောပေါ့ကွယ်၊ ဒီနေရာမှာ စဉ်းစားစရာ ရှိပြန်တယ်ကွယ့်၊ အပေါင်းကောင်း

http://www.dhammadownload.com

လို့ သူတော်ကောင်းနဲ့ တွေ့ပြီဆိုပါတော့၊ ဒီလို သူတော်ကောင်းနဲ့ တွေ့တဲ့ အခါမှာ ပြီးပြီးရော သဘောထားလို့ မရဘူး၊ ဒီသူတော်ကောင်းနဲ့ ကွဲကွာ မသွားအောင် ဆုပ်ကိုင်ထားဖို့ လိုတယ်၊ ထိန်းသိမ်းထားဖို့ လိုတယ်၊ ဒီလို ထိန်းသိမ်းမထားနိုင်ရင် သပ္ပုရိသ သံသေဝစက်နဲ့ ပြည့်စုံဖို့ မလွယ်တော့ဘူး၊ ပြီးတော့ အကြောင်းသင့်လို့ သင့်အပ်လျောက်ပတ်တဲ့ အရပ်ဆိုတဲ့ ပတိရူပ အရပ်ကို ရတယ်ဆိုပါတော့၊ ဒါလည်း ထိန်းသိမ်းထားနိုင်ဖို့ လိုတာပဲ၊ နို့ မဟုတ်ရင် ပတိရူပ ဒေသဝါသစက်နဲ့ လွဲသွားနိုင်ပါတယ်၊ တစ်ဖန် ကိုယ် အလုပ်, နှုတ်အလုပ်, စိတ်အလုပ်ဆိုတဲ့ ကာယကံမှု, ဝစီကံမှု, မနောကံမှုတို့ကို ပြုတဲ့အခါမှာလည်း ဓာတ်ခံကောင်းလို့ ကောင်းတဲ့ အလုပ်ကိုချည်း တတ်နိုင် သမျှ ကြိုးစားပြီး လုပ်ခဲ့တယ်ဆိုပါတော့၊ ဒီလိုလုပ်ခဲ့ရင်လည်း ရောက်ပြီးတဲ့ အဆင့်အတန်းကနေ နိမ့်ကျမသွားရအောင် ထိန်းသိမ်းထားဖို့ လိုအပ်ပြန်တာ ပါပဲ၊ ဒီလို ထိန်းသိမ်း မထားနိုင်ရင် ပုဗ္ဗေစ ကတပုညတာစက်နဲ့ တွဲဖက်လို့ မရနိုင်တော့ဘူး၊ ဒီတော့ သူတော်ကောင်းနဲ့ ပေါင်း၊ ပေါင်းပြီးရင် ထိန်းသိမ်း တတ်ရမယ်၊ အရပ်ကောင်းမှာ နေ၊ နေပြီးရင် ထိန်းသိမ်းတတ်ရမယ်၊ ကောင်း တာတွေကို ကြိုတင်လုပ်၊ လုပ်ပြီးရင် ထိန်းသိမ်းတတ်ရမယ်၊ ဒီအဖြေ ထွက် လာတယ် မဟုတ်လား၊ ဒါကြောင့် မင်္ဂလာကွင်းဆက်အနေနဲ့–

"**အတ္တသမ္မာ ပဏိဓိ စ**"၊ **အတ္တ**– မိမိကိုယ်ကို၊ **သမ္မာ**– ကောင်းစွာ၊ **ပဏိဓိ**– ဆောက်တည်ခြင်း၊ ထိန်းသိမ်းခြင်းလို့ ဆက်လက် ညွှန်ကြားတော်မူ ပါတယ်၊ "**မိမိကိုယ်ကို ကောင်းစွာ စောင့်ထိန်းခြင်းသည် မင်္ဂလာတစ်ပါး မည်၏**" လို့ ပြည့်စုံတဲ့ အဓိပ္ပါယ်ကို ဒီလို မှတ်ယူရပါမယ်၊ အတိုချုပ်ကတော့ မိမိကိုယ်ကို ကောင်းအောင် စောင့်ထိန်းရမယ်ပေါ့ကွယ်။

ဒီ အတ္တသမ္မာပဏိဓိ မင်္ဂလာကို **ထိန်းသိမ်းရေး မင်္ဂလာ**လို့ ခေါ်သင့် ပါတယ်၊ အပေါင်းအသင်း ဘယ်လောက်ကောင်းကောင်း ထိန်းသိမ်းတတ်ဖို့ လိုပါတယ်၊ အရပ် ဘယ်လိုကောင်းကောင်း ထိန်းသိမ်းတတ်ဖို့ လိုပါတယ်၊ အလုပ်အကိုင် ဘယ်လောက် ကောင်းကောင်း ထိန်းသိမ်းတတ်ဖို့ လိုပါတယ်၊ အရာရာတိုင်းမှာ ထိန်းသိမ်းနိုင်စွမ်း မရှိရင် ဘယ်ဟာမှ မတည်မြဲဘဲ ပျောက် ပျက်သွားရတတ်ပါတယ်၊ ထိန်းသိမ်းတယ် ဆိုတဲ့နေရာမှာ သူများကို ထိန်း

http://www.dhammadownload.com

သိမ်းဖို့ထက် ကိုယ့်ဘာသာကိုယ် ထိန်းသိမ်းတတ်ဖို့ လိုပါတယ်၊ ကိုယ့်ကိုယ်ကို ထိန်းသိမ်းနိုင်ရင် ကိုယ်နဲ့ဆိုင်ရာ ကိစ္စဝိစ္စအားလုံးကို ထိန်းသိမ်းပြီးသား ဖြစ်သွားပါတော့တယ်၊ မိမိကိုယ်ကို ထိန်းဖို့ သိမ်းဖို့ဆိုတာကလည်း အပြောလွယ်သလောက် အလုပ်ခက်တဲ့သဘောတစ်ခု ဖြစ်ပါတယ်၊ မိမိကိုယ်ကို တကယ်မထိန်းသိမ်းနိုင်ကြလို့လည်း လောကီ လောကုတ္တရာ ကိစ္စအဝဝမှာ ယောင်လည်လည် ဖြစ်နေကြတယ်ဆိုတာ သတိပြုကြဖို့ပါပဲ၊ **သိကား သိ၏ မကျင့်** ဆိုတဲ့ မြန်မာစကားပုံဟာ ဒီ အတ္တသမ္မာပဏိဓိမင်္ဂလာ ပျက်ကွက်မှုကို သတိပေးထားခြင်း ဖြစ်ပါတယ်။

လူတိုင်းလူတိုင်းဟာ လောကီကိစ္စတွေမှာပဲဖြစ်ဖြစ်၊ လောကုတ္တရာကိစ္စတွေမှာပဲဖြစ်ဖြစ် ပြီးမြောက် အောင်မြင်နိုင်တဲ့ နည်းလမ်းများကို အထိုက်အလျောက်တော့ သိကြတာချည်းပါပဲ၊ ဒါပေမယ့် တကယ့်လက်တွေ့ကျတော့ ဆရာအပါအဝင် လူတိုင်း လူတိုင်းဟာ သိတဲ့အတိုင်း မကျင့်နိုင်ကြပါဘူး၊ ဒါဟာ အတ္တသမ္မာပဏိဓိမင်္ဂလာ ပျက်ကွက်မှုကြောင့်လို့ သတ္တုချရပါမယ်၊ စာကြိုးစားရင် စာမေးပွဲအောင်မယ်ဆိုတာ မောင်မယ်တို့ သိပြီးဖြစ်ပါတယ်၊ ဒါပေမယ့် တကယ် လက်တွေ့ကျတော့ စာကြိုးစားဖို့ ခက်နေပါတယ်၊ ဒါဟာ အတ္တသမ္မာပဏိဓိမင်္ဂလာ ပျက်ကွက်မှုပါပဲ၊ အယုတ်ဆုံး ပြောရရင် ကျောင်းသွားတဲ့အခါမှာ စာအုပ်မေ့ကျန်ခဲ့မှု၊ လမ်းသွားရင်း ခလုတ်တိုက်မှုကအစ ဒီမင်္ဂလာ ချို့ယွင်းလို့ ဖြစ်ရတာချည်းပဲဆိုတာ သဘောပေါက်ကြဖို့ပါပဲ၊ ဒီမင်္ဂလာဟာ အလွန်တရာ ကျယ်ဝန်းပါတယ်၊ အရာရာတိုင်းမှာ ဒီမင်္ဂလာနဲ့ ပြည့်စုံရင် အောင်မြင်မှု အမျိုးမျိုးကို အလွယ်တကူနဲ့ ရနိုင်ပါတယ်၊ ဒါကြောင့် ဒီ မင်္ဂလာဟာ ၃၈–ဖြာ မင်္ဂလာရဲ့အချုပ်လို့ မှတ်သားသင့်ပါတယ်၊ မင်္ဂလာတိုင်း မင်္ဂလာတိုင်းကို အတ္တသမ္မာပဏိဓိနဲ့ မထိန်းရင် အကျိုးမပြီးပါဘူး၊ ဒါကြောင့် ဒီမင်္ဂလာကို ဆရာတို့ မောင်မယ်တို့ တတ်နိုင်သလောက် ကာယကံမြောက် လက်တွေ့ ကျင့်သုံးနိုင်ဖို့ ကြိုးစားနေရပါလိမ့်မယ်။

သမ္ပတ္တိစက်နဲ့ ပြောရင် သူ့ကို အတ္တသမ္မာပဏိဓိစက်လို့ ခေါ်ရပါတယ်၊ စက်လေးပါး ပြည့်စုံသွားပြီကွယ့်၊ သပ္ပုရိသသံသေဝစက်၊ ပတိရူပဒေသဝါသစက်၊ ပုဗ္ဗေစကတပုညတာစက်၊ အတ္တသမ္မာပဏိဓိစက်ပေါ့ကွယ်၊ သမ္ပတ္တိဆိုတာ

http://www.dhammadownload.com

ပြည့်စုံခြင်းလို့ အဓိပ္ပါယ်ရပါတယ်၊ ဒီ စက်လေးပါးကို ကျင့်ကြံရင် လောကီ လောကုတ္တရာ မင်္ဂလာအားလုံး ပြည့်စုံနိုင်ပါတယ်၊ ရှေးက ဘုရားရှိခိုး ဆုတောင်း များမှာပါတဲ့ "စက်လေးပါးနဲ့ ညားစေသော်"ဆိုတာဟာ ဒီ သမ္ပတ္တိစက်လေး ပါးကို ပြောခြင်း ဖြစ်ပါတယ်၊ ဒီ **သမ္ပတ္တိစက် လေးပါး**သည်ပင် မင်္ဂလာ ဖောင်ဒေးရှင်း **မင်္ဂလာအခြေခံ**ပဲ ဖြစ်ပါတယ်၊ တစ်နည်းအားဖြင့် **လူ့အခြေခံ** လို့လည်း ခေါ်သင့်ပါတယ်၊ အဆောက်အအုံတစ်ခုကို တည်ဆောက်တဲ့အခါမှာ ဖောင်ဒေးရှင်းဆိုတဲ့ အခြေခံ ပန္နက်မှန်ဖို့ လိုပါတယ်၊ ပန္နက်ရိုက်တာ လွဲရင် အဆောက်အအုံဟာ ပုံမမှန်တော့ဘဲ ရွဲ့စောင်းစောင်းကြီးဖြစ်ပြီး ကြည့်လို့ မကောင်းတော့ဘူး၊ ကြည့်လို့ မကောင်းတဲ့အပြင် အရှည်ခိုင်ခံ့ဖို့အတွက်လည်း စိတ်မချရတော့ဘူး၊ ဒါကြောင့်မို့ အဆောက်အအုံ ဆောက်တဲ့အခါမှာ ကြည့် လို့လည်း ကောင်း၊ ခိုင်လည်း ခိုင်ခံ့အောင် အခြေခံကို မှန်အောင် ဆောက် လုပ်ရပါတယ်။

ဒီသဘောပါပဲ၊ လူဟာလည်း အခြေခံ မှန်ဖို့ လိုပါတယ်၊ အခြေခံ မမှန်ရင် လူ့ပုံစံ ပျက်ပြီး လူမပီသတော့ဘူး၊ ခုခေတ်မှာ ပြောလေ့ပြောထ ရှိတဲ့ "ဒီကောင်ဟာ ထောင့်ကို မကျိုးဘူး" ဆိုတဲ့စကားဟာ လူ့ပုံစံပျက်နေ တယ်လို့ ဆိုလိုခြင်း ဖြစ်ပါတယ်၊ လူ့ပုံစံ ဘာဖြစ်လို့ ပျက်ရသလဲ၊ ဘာဖြစ်လို့ ထောင့်မကျိုးရသလဲ၊ အခြေခံကတော့ လူ့အခြေခံဖြစ်တဲ့ သမ္ပတ္တိစက်လေးပါးနဲ့ မညီညွတ်လို့ပါဘဲ၊ ဆရာတို့ မောင်မယ်တို့ခေတ်မှာ တစ်ချိန်က သရုပ်ပျက် နိုင်ငံခြားရုပ်ရှင်ကားများရဲ့ ကောင်းမှုကြောင့် လူငယ်လူရွယ်များများဟာ တော် တော်ကို ပုံပျက်ပန်းပျက် ဖြစ်ခဲ့ကြပါတယ်၊ ခုထိတောင် ဒီအမွေကို ခံနေရတုန်း ရှိပါသေးတယ်၊ လုံချည်ဝတ်ရင် ချက်ပြူတ်၊ အင်္ကျီဝတ်ရင် ကြယ်သီးဖြုတ်၊ ဒါတွေဟာ မောင်မယ်တို့ မျက်မြင်ဖြစ်ပါတယ်၊ ဒါတွေ အပြစ်သဘောနဲ့ ဆရာပြောတာ မဟုတ်ဘူး၊ ခေတ်ဆိုတာကို အကြောင်းပြုပြီး ဖြစ်နေတာကို ပြောတာပါနော်၊ ဖြစ်တာကို သိမှ လိုတာ ဖြည့်နိုင်၊ ပျက်တာကို ပြင်နိုင်မှာပါ၊ ဒါကြောင့် "**အများမြင် ကိုယ်ဆင်ခြင်**"ဆိုသလို ဆရာတို့ မောင်မယ်တို့ ကိုယ်တိုင်သာ လူ့ပုံမပျက်အောင်၊ လူပီသအောင်၊ လူနဲ့တူအောင်၊ လူ့အခြေခံ ဖြစ်တဲ့ သမ္ပတ္တိစက် လေးပါးနဲ့ ပြည့်စုံအောင် ကြိုးစားသွားကြပါစို့ကွယ်။

http://www.dhammadownload.com

''စက်လေးပါး လှည့်ကြည့်ရအောင်၊ အတ္တသမ္မာပဏိဓိဆိုတာ ကိုယ့်ကိုယ်ကို ကောင်းအောင် ထိန်းသိမ်းရမယ်လို့ ဆိုလိုတယ်နော်၊ ဒါဖြင့် ကိုယ့်ကိုယ်ကို ထိန်းသိမ်းတတ်အောင် ဘယ်လို လုပ်ရမလဲ''

''အမိန့်ရှိပါဆရာ''

''စက်ဆိုတာ လည်တဲ့သဘော ရှိရတယ် မဟုတ်လား၊ ဒီတော့ ပြန်လှည့်ကြည့်ပေါ့ကွယ်''

''သူတော်ကောင်းနဲ့ ပေါင်းရမယ် ဆရာ''

''ဟုတ်လိုက်လေကွယ်၊ ကိုယ့်ကိုယ်ကို ထိန်းနိုင် သိမ်းနိုင်အောင် သူတော်ကောင်းနဲ့ ပေါင်းရမယ်၊ သူတော်ကောင်းနဲ့ ပေါင်းနိုင်ဖို့ အရပ်ကောင်းမှာ နေရမယ်၊ အရပ်ကောင်းမှာ နေနိုင်ဖို့ အလုပ်ကောင်းတွေ ကြိုတင်လုပ်ရမယ်၊ အလုပ်ကောင်းတွေ ကြိုတင် လုပ်နိုင်ဖို့ ကိုယ့်ကိုယ်ကို ထိန်းသိမ်းတတ်ရမယ်၊ ကိုယ့်ကိုယ်ကို ထိန်းသိမ်းတတ်ဖို့ ဘာလုပ်ရမလဲကွယ့်''

''သူတော်ကောင်းနဲ့ ပေါင်းရပါမယ်ဆရာ''

''သူတော်ကောင်းနဲ့ပေါင်းတော့ သူတော်ကောင်းက ဆုံးမမယ်၊ ဆုံးမတာကို ကာယကံမြောက် ကျင့်သုံးရင် အတ္တသမ္မာပဏိဓိ ဖြစ်တယ်၊ အတ္တသမ္မာပဏိဓိ ဖြစ်ရင် ပုဗ္ဗေစ ကတပုညတာ ဖြစ်တယ်၊ ပုဗ္ဗေစဖြစ်ရင် ပတိရူပဒေသဝါသ ဖြစ်တယ်၊ စက်က လည်လိုက်တာမှ မွှတ်လို့ပါလားကွယ်၊ ပေါင်းရေးသင်းရေး၊ နေရေးထိုင်ရေး၊ လုပ်ရေးကိုင်ရေး၊ ထိန်းရေးသိမ်းရေး ဒီလို မဟုတ်လား။

ဒါလောက်ဆို မောင်မယ်တို့ သမ္ပတ္တိစက်လေးပါးရဲ့သဘောကို ရိပ်စားမိလောက်ပါပြီ၊ မင်္ဂလာအခြေခံပန္နက်ကြီးကို အောင်မြင်စွာ ချပြီးသွားပြီဖြစ်လို့ ဆရာတို့သင်တန်းဟာလည်း အခြေခိုင်သွားပြီလို့ ဆိုနိုင်ပါတယ်၊ ဒီ သမ္ပတ္တိစက်လေးပါးရဲ့သဘောကို ထပ်ကာ ထပ်ကာ သုံးသပ်ပါ၊ ဆွေးနွေးပါ၊ ပြီးတော့ ကိုယ့်ကိုယ်ကို သမ္ပတ္တိစက်လေးပါး ပြဒါးချိန်နဲ့ ချိန်ကြည့်ပါ၊ ကိုယ့်ကိုယ်ကို လူ့ပုံ မှန်မမှန် ဝေဖန်ပါ၊ ကိုယ့်ကိုယ်ကို ဝေဖန်တဲ့အခါမှာ မညှာပါနဲ့၊ ပြင်းပြင်းထန်ထန် ဝေဖန်ပြီး ချွတ်ယွင်းချက်ကို ရှာပါ၊ ချွတ်ယွင်းချက်ကို

http://www.dhammadownload.com

တွေ့ရင် ပြင်နိုင်အောင် ကြိုးစားပါ၊ သမ္မတ္တိစက် လေးပါးနဲ့ ပြည့်စုံရင် တကယ် ကြီးပွားနိုင်တယ်လို့ ဆရာတော့ မမိုတ်မသုံ ယုံကြည်ပါတယ်။

၃၈–ဖြာ မင်္ဂလာကို မူရင်းမှာ ပါဠိဂါထာ ၁၁–ပုဒ်နဲ့ ဟောထားပါတယ်၊ ခုဆိုရင် ပါဠိဂါထာတစ်ပုဒ် စေ့သွားပြီးဖြစ်လို့ စုပေါင်း ရွတ်ဆို ကြည့်ကြရအောင်။

(၂) ပတိရူပဒေသဝါသော စ၊
ပုဗ္ဗေ စ ကတပုညတာ၊
အတ္တသမ္မာပဏိဓိ စ၊
ဧတံ မင်္ဂလ မုတ္တမံ။

အေး သင်တန်းသားများ အားလုံးဟာ မင်္ဂလာ မူရင်း ပါဠိအနက်ကို ရအောင် ကြိုးစားထားသင့်ပါတယ်၊ အခု ပါဠိဂါထာနှစ်ပုဒ် ပြီးသွားပြီကွယ့်။

နောက်အပတ်ကျရင် မင်္ဂလာအခြေခံ သမ္မတ္တိစက်လေးပါးပေါ်မှာ တည် ဆောက်မယ့် မင်္ဂလာဗိမာန်ကြီးကို စတင် အကောင်အထည်ဖော်ပြီး အင်မတန် စိတ်ဝင်စားဖွယ်ကောင်းတဲ့ သမ္ပဒါတရားအကြောင်းကိုလည်း ဆရာ စုဆောင်း ထားပါတယ်၊ ကဲ ခုအပတ်မှာ အတ္တသမ္မာပဏိဓိမင်္ဂလာအတွက်လည်း သင် ခန်းစာရ၊ စက်လေးပါးအတွက်လည်း ခြုံပြီး သင်ခန်းစာ ယူရလေအောင် တေလပတ္တဇာတ်အကြောင်းကို ဆရာ ပြောပြမယ်။

တေလပတ္တဇာတ်

ဟိုးရှေးရှေးတုန်းက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး စိုးစံတော် မူတဲ့အခါ အဲဒီမင်းကြီးမှာ သားက တစ်ထောင်တောင် ရှိသတဲ့၊ အဲဒီ သား တစ်ထောင် ရှိတဲ့အနက် အငယ်ဆုံးဖြစ်တဲ့ မင်းသားလေးဟာ တစ်နေ့ကျတော့ “ငါ ဒီတိုင်းပြည်မှာနေရင် ဘုရင်ဖြစ်ဖို့ မလွယ်ဘူး ထင်တယ်”လို့ စဉ်းစား မိသတဲ့၊ နန်းတော်ကြီးထဲကိုလည်း ရှင်ပစ္စေကဗုဒ္ဓါ အရှင်မြတ်များက နေ့တိုင်း ဆွမ်းခံကြွတော်မူလေ့ ရှိသတဲ့ကွယ်၊ ဒါနဲ့ မင်းသားလေးက နောက်တစ်နေ့ ကျတော့ ရှင်ပစ္စေကဗုဒ္ဓါများထံ ချဉ်းကပ်ပြီး “ဒီ တိုင်းပြည်မှာ ဆက်နေရင်

http://www.dhammadownload.com

ဘုရင် ဖြစ်ထိုက် မဖြစ်ထိုက်'' မေးလျှောက်သတဲ့၊ ရှင်ပစ္စေကဗုဒ္ဓါများကလည်း အနာဂတ်ကို မြင်စွမ်းနိုင်တဲ့ ဉာဏ်တော်များနဲ့ သုံးသပ် ဆင်ခြင်တော်မူပြီး ဒီလို အမိန့်ရှိတော်မူသတဲ့။

''မင်းသား၊ အသင် ဒီတိုင်းပြည်မှာတော့ ဘုရင်ဖြစ်ဖို့ အခွင့်လမ်း မရှိဘူး၊ ဒါပေမယ့် ဒီကနေပြီး ယူဇနာ ၁၂၀–ဝေးတဲ့ ဂန္ဓာရတိုင်း၊ တက္ကသိုလ် ပြည်ကို ခုနစ်ရက်ခရီးနဲ့ ရောက်အောင် သွားနိုင်ရင်တော့ ဘုရင်ဖြစ်ဖို့ လမ်းမြင် တယ်၊ တစ်ခုတော့ ရှိတယ်ကွယ့်၊ လမ်းခရီးကတော့ အင်မတန်ကို ကြမ်း တမ်းတယ်၊ လမ်းခရီးမှာ ဘီလူးမများဟာ ရွာများ၊ ဇရပ်များ ဖန်ဆင်းပြီး အင်မတန် ချောမောလှပတဲ့ လူ့အသွင်ကို ဆောင်ယူထားပြီး ခရီးသွား ခရီး လာတွေကို အာရုံငါးပါး ကာမဂုဏ်တရားတွေနဲ့ အမျိုးမျိုး ဖြားယောင်းပြီး သတ်ဖြတ် စားသောက်ရှိကြတယ်၊ တကယ်လို့များ အသင်မင်းသား ဒီ ဘီလူးမ များရဲ့ ရန်ကို ကင်းလွတ်အောင် ရှောင်နိုင်ရင်တော့ ဒီကနေ နောက်ခုနစ်ရက် မြောက်တဲ့အခါ တက္ကသိုလ်ပြည်မှာ ဘုရင်ဖြစ်ဖို့ အခွင့်အလမ်း ရှိပေတယ်''လို့ အမိန့်ရှိတော်မူကြသတဲ့၊ ဒါနဲ့ မင်းသာလေးက ''ဒီလိုဆိုရင် ဘုရားတပည့်တော် ကိုယ့်ကိုယ်ကို ထိန်းသိမ်းပြီး ဒီခရီးကို အရောက်သွားပါမယ်ဘုရား''လို့ လျှောက် ထားပြီး နောက်လိုက်တပည့် ငါးယောက်ကို ခေါ်ပြီး ခရီးထွက်လာကြသတဲ့။

လူခြေပြတ်လို့ တောစပ်ရောက်လာတယ် ဆိုရင်ပဲ ဘီလူးမများ ဖန်တီး ထားတဲ့ ရွာများ၊ ဇရပ်များကို မြင်ရတဲ့အပြင် လူမမီ နတ်မမှီတဲ့ လူယောင် ဆောင် ဘီလူးမများကိုလည်း တွေ့ရတော့တာပဲကွယ်၊ မင်းသားက သူ့လူတွေ ကို အတန်တန် သတိပေးပြီး ခေါ်လာခဲ့တာပါပဲ၊ ဒါပေမယ့် အဲဒီထဲက တစ် ယောက်က ဘီလူးမလေးတွေကို မြင်မြင်ချင်း တန်းတန်းစွဲ ဖြစ်လာတာနဲ့ မသိ မသာ နောက်ချန်ခဲ့သတဲ့၊ သူ့ကို ဘီလူးမများက ရူပါရုံ အလှအပတွေနဲ့ အမျိုး မျိုး ဖြားယောင်းပြီး နောက်ဆုံးကျတော့ စားပစ်လိုက်ကြရော ဆိုပါတော့ကွယ်၊ ဒီလိုနဲ့ပဲ ရူပါရုံ ကြိုက်တဲ့လူက ချန်ခဲ့၊ သဒ္ဒါရုံ ကြိုက်တဲ့လူက ချန်ခဲ့၊ ဂန္ဓာရုံ ကြိုက်တဲ့လူက ချန်ခဲ့၊ ရသာရုံကြိုက်တဲ့လူက ချန်ခဲ့၊ ဖောဋ္ဌဗ္ဗာရုံ ကြိုက်တဲ့ လူက ချန်ခဲ့နဲ့ နောက်ဆုံးတော့ တပည့် ငါးယောက်လုံး ပြုတ်ပြုတ်ပြုန်းပြီး မင်းသားတစ်ယောက်တည်းပဲ ကျန်တော့သတဲ့။

http://www.dhammadownload.com

မင်းသားကတော့ ဘာကိုမျှ ဂရုမပြုဘဲ လိုရာခရီးကို အပြီးနှင်ခဲ့သတဲ့၊ ဒါနဲ့ ခေါင်းဆောင်ဖြစ်တဲ့ ဘီလူးမက "ဒီမင်းသားဟာ တော်တော့်ကို ဣန္ဒြေကြီးတယ်၊ ဒါပေမယ့် ငါ ဒင်းအသား မစားရဘဲ မပြန်ဘူး" ဆိုပြီး ဖွတ်အတင်းလိုက်ကာ အမျိုးမျိုး ဖြားယောင်းသတဲ့၊ လမ်းသွား လမ်းလာများမြင်ရတဲ့ နေရာများအထိလိုက်ကာ ကလေးတစ်ယောက်ပါ ဖန်ဆင်းလို့ သနားစဖွယ် ငိုကျွေးပြီး ဘေးကလူတွေကို သူ့ယောကျ်ားက ကလေးတစ်ယောက်နဲ့သူ့ကို ပြစ်ထားခဲ့ကြောင်း ယုံလောက်အောင် ပြောသတဲ့၊ မင်းသားကလည်း ဒီမိန်းမဟာ လူသားမဟုတ်ကြောင်း၊ ဘီလူးမဖြစ်ကြောင်း၊ သူ့စကားကို မယုံကြည်သင့်ကြောင်း ပြန်လည် ပြောကြားပြီး ခရီးပြင်း နှင်လိုက်တာ တိုတိုပြောကြပါစို့၊ တက္ကသိုလ်မြို့ရဲ့အဝ ဇရပ်အိုကလေးတစ်ခု ရောက်ရောဆိုပါတော့ကွယ်၊ ဘီလူးမကလည်း ဖွဲမလျှော့ဘဲ ပေကပ်ပြီး လိုက်လာပြန်တာပဲတဲ့။

ဇရပ်အိုကလေးနားမှာ ဘီလူးမက အမျိုးမျိုး သနားအောင် တောင်းပန်ပြန်သတဲ့၊ ဒါပေမယ့် မင်းသားက စိတ်ကို ထိန်းပြီး ဇရပ်ပေါ်တက်ကာရတနာသုံးပါး ဂုဏ်တော်များကို ရွတ်ဖတ်ပြီး စည်းချလိုက်သတဲ့၊ ဒီလို စည်းချထားတော့ ဘီလူးမ ဇရပ်ပေါ်ကို မတက်နိုင်တော့ဘူးပေါ့ကွယ်၊ တော်တော်လေးလည်း ကြာရော တက္ကသိုလ်ဘုရင်ဟာ ဉယျာဉ်ကစားထွက်လာရင်း ဘီလူးမကို တွေ့ရောဆိုပါတော့ကွယ်၊ တွေ့တော့ မေ့လောက်အောင်ကို လှနေတော့ လင် ရှိ-မရှိ စုံစမ်းပြီး နောက်ဆုံးကျတော့ တော်ကောက်သွားပါရော၊ မင်းသားက ဘီလူးမဖြစ်ကြောင်း ပြောရှာပါတယ်၊ ဒါပေမယ့် မရဘူး။ သူ့ကံကဖန်တီးလာပြီကိုးကွယ့်၊ ဘုရင်က ဘီလူးမကို မိဖုရားမြှောက်လိုက်တဲ့အခါမှာ အကြံသမား ဘီလူးမက ညကျတော့ "အရှင်မင်းကြီး၊ ဘုရားကျွန်တော်မဟာ တစ်ရွာသူ မျက်နှာမွဲ ဖြစ်ပါသဖြင့် အများတို့ရဲ့ အလယ်မှာ မျက်နှာငယ်ရပါတယ်၊ ဒါကြောင့်မို့ မျက်နှာမငယ်ရအောင် တစ်မြို့လုံးကို ပိုင်စိုးတဲ့ အာဏာများ ပေးသနားတော်မူပါ"လို့ ခွင့်တောင်းသတဲ့၊ ဘုရင်က မဖြစ်နိုင်ကြောင်းပြောတဲ့အခါမှာ တစ်မြို့လုံးအတွက် မပေးနိုင်တောင် နန်းတော်တွင်းလောက်ကိုဖြင့် ပေးဖို့အကြောင်း အမျိုးမျိုး ဖြားယောင်း တောင်းပန်တဲ့အခါ ဘုရင်ငမိုက်သားက ကာမဂုဏ် အလိုက်မှားပြီး အာဏာပေးလိုက်သတဲ့ကွယ်။

http://www.dhammadownload.com

ညဘက် လူတွေအားလုံးလည်း အိပ်ကုန်ရော ဘီလူးမက သူ့ရဲ့အပေါင်းအသင်းတွေကို ပြန်ခေါ်ပြီး တစ်နန်းတော်လုံး စားပစ်လိုက်တာ မနက်လည်းကျရော နန်းတော်ထဲမှာ အရိုးတွေကို တောင်လို ပုံနေတော့တာပဲတဲ့ကွယ်၊ ဒါနဲ့ ပညာရှိတဲ့ လူတွေက မင်းသားက ဘီလူးမဖြစ်ကြောင်း ပြောတဲ့စကားကို ထောက်ထားပြီး "ဒီ မင်းသားဟာ ပညာရှိဖြစ်ပေတယ်၊ ဒါကြောင့် မင်းသားကို ထီးနန်းအပ်ကြစို့"ဆိုပြီး မင်းသားကို တက္ကသိုလ်ထီးနန်း အပ်နှင်းသတဲ့ကွယ်၊ **တေလ**ဆိုတာက 'ဆီ'၊ **ပတ္တ**ဆိုတာက 'ခွက်'၊ **တေလပတ္တ**–ဆီခွက်၊ ဆီခွက်ထဲက ဆီများ ဖိတ်မကျအောင် စောင့်ထိန်းသလို မိမိစိတ်ကို မကောင်းတဲ့အာရုံတွေထဲ ရောက်မသွားအောင် ထိန်းသိမ်းထားရမယ်လို့ ဆိုလိုပါတယ်၊ ကေနိပါတ်မှာ တေလပတ္တဇာတ်တော်ရယ်လို့ အထင်အရှား ရှိပါတယ်၊ ဇာတ်တော်ပေါင်းတော့ မင်းသားက ဘုရားအလောင်းပေါ့ကွယ်။

ကဲ– ဒီဇာတ်လမ်းကို မင်္ဂလာသင်ခန်းစာ ယူကြည့်ကြရအောင်၊ တပည့်ငါးယောက်ဟာ "သိကား သိ၏၊ မကျင့်"ဆိုတဲ့ အတ္တသမ္မာပဏိဓိမင်္ဂလာပျက်ကွက်မှုကြောင့် ဘီလူးအစာ ဖြစ်ခဲ့ရတယ်၊ မင်းသားကတော့ အတ္တသမ္မာပဏိဓိ မင်္ဂလာကို စောင့်ထိန်းတဲ့အတွက် အန္တရာယ်တွေ လွတ်ကင်းပြီးထီးနန်းကို စိုးစံခဲ့ရပါတယ်၊ ဆရာတို့ မောင်မယ်တို့ဟာလည်း မင်းသားရဲ့နမူနာကို ယူပြီး ဒီမင်္ဂလာနဲ့ ပြည့်စုံအောင် ကြိုးစားဖို့ လိုတာပေါ့ကွယ်၊ ကဲ ဒီဇာတ်လမ်းကိုပဲ သမ္ဗုတ္တိစက်လေးပါးနဲ့ လှည့်ကြည့်ရအောင်။

လူအဖြစ်ကို ရတယ်ဆိုတာဟာ ရှေးက ကုသိုလ်ကောင်းမှု ရှိမှ ရတယ်ဆိုတာ မောင်မယ်တို့ နားလည်ကြပါလိမ့်မယ်၊ မင်းသားလေးဟာ ကောင်းတာကို ကြိုတင် လုပ်ဆိုတဲ့ '**ပုဗ္ဗေစစက်**'ကို မိခဲ့လို့ ဗာရာဏသီဆိုတဲ့ ပတိရူပအရပ်မှာ မင်းသားလာဖြစ်ရတယ်၊ တစ်ဖန် '**ပတိရူပစက်**'ကို မိခဲ့လို့လည်း ရှင်ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့လို သူတော်ကောင်းများကို မှီခိုခွင့်ရပြီး '**သပ္ပုရိသသံသေဝစက်**' မိခဲ့ရတယ်၊ ဒီလို သူတော်ကောင်း အဆုံးအမကို နာခံခွင့်ရလို့လည်း ကိုယ့်ကိုယ်ကို စောင့်ထိန်းနိုင်ခြင်းဆိုတဲ့ '**အတ္တသမ္မာပဏိဓိစက်**' မိရပြန်တယ်၊ ဒီ ဇာတ်လမ်းမှာပဲ စက်လေးပါးလုံး စုံနေပါတယ်၊ မင်းသားဟာ ပတိရူပအရပ်ကို အဆင်သင့် ရောက်ခဲ့ရပေမယ့် "ခဏ ပတိရူပလား၊ ဘဝ

http://www.dhammadownload.com

ပတိရူပလား''ဆိုတာကို သုံးသပ်ပါတယ်။

ဒီလို သုံးသပ်တဲ့အခါ ဗာရာဏသီဟာ သူ့အဖို့ ခဏသာ ပတိရူပ ဖြစ်ပြီး တစ်ဘဝတာ ပတိရူပ ဖြစ်ဖို့ဆိုတာ မလွယ်ကူပါဘူး၊ ဒါကြောင့်မို့ သူဟာ ''တစ်ရွာမပြောင်း သူကောင်းမဖြစ်''ကို သတိမူတဲ့အတွက် တစ်ရွာ ပြောင်းလို့ သူကောင်း ဖြစ်ခဲ့ရပါတယ်၊ တိုတိုပြောတော့ ဒီဇာတ်လမ်းဟာ သမ္မတ္တိစက် လေးပါးလုံးအတွက် သင်ခန်းစာယူလို့ တော်တော် ကောင်းတဲ့ ဇာတ်လမ်း ဖြစ်ပါတယ်၊ သွင်းယူတတ်ရင် ပြီးခဲ့တဲ့ သင်တန်းများမှာ ပြောပြ ခဲ့တဲ့ လှည်းသား ငါးရာအကြောင်း၊ ပေါရိသာဒအကြောင်း၊ အဇာတသတ် အကြောင်း၊ သံဝရမင်းသားအကြောင်း၊ သီရိဓမ္မာ သောကမင်းကြီးအကြောင်း များလည်း စက်လေးပါးလုံး ပါဝင်နေပါတယ်၊ စိတ်ကူးဉာဏ် ရင့်သန်အောင် ပြီးခဲ့တဲ့ ဇာတ်လမ်းများကို ပြန်စဉ်းစားပြီး စက်လေးပါးနဲ့ လှည့်ကြည့်ပေါ့ကွယ်၊ ကဲ ကဲ အချိန်လည်း ကြာသွားပြီ၊ ကျောက်သင်ပုန်းမှာ ရေးပြထားတဲ့ ကဗျာ လေးကို သံပြိုင်ဆိုပြီး ဒီတစ်ပတ်သင်တန်းကို ရပ်နားကြပါစို့ကွယ်''

မိမိကိုယ်ကို စောင့်ထိန်း

- တေလပတ္တာ ဇာတ်လာတရားကို၊ မှတ်ကာထားလို့ နည်းယူဖွယ်။
  မိမိကိုယ်ကို ထိန်းကာသိမ်းလို့၊ မတိမ်းစေနဲ့ ဆောက်တည်ကွယ်။

- အတ္တသမ္မာ မင်္ဂလာစက်ကို၊ ပညာရှင်ဖတ်လို့ လည်စေကွယ်။
  မင်္ဂလာကို လက်တွေ့ကျင့်လို့၊ ရှေ့သို့တစ်ဆင့် တက်ရမယ်။

- မိမိအကျိုး တိုင်းပြည်ကျိုး၊ သယ်ပိုး ရွက်ဆောင်ကွယ်။
  အဲဒါကြောင့် မိမိကိုယ်ပဲ မိမိပဲ၊ အမြဲ စောင့်ရှောက်ကွယ်။

''မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ''

ဓမ္မဗျူဟာစာစောင်၊ အတွဲ (၅)-အမှတ်(၈) ၊ အတွဲ (၇၃)-အမှတ်(၈)

http://www.dhammadownload.com



http://www.dhammadownload.com

သုစိပုဘာ၊ ဝိလိသိဓာ၊ အက္ခရာစွဲသုံး။ ညှိရှစ်လုံးကို၊ သီကုံးပန်းသွင်၊
နေ့တိုင်းဆင်လော့၊ စာသင်ပျိုးနှ၊ အခြေပြုတို့၊ ဥဒုဘူတ၊ လုံ့လပြင်းစွာ၊
သုတ္တထက်ငါပဲ၊ နှုတ်မှုရှုရှု၊ ကြိုးပမ်းကာလျှင်၊ သိပ္ပကျေးဇူး၊ အထူးသိမြင်၊
ပညာရှင်ဟု၊ မထင်မပေါ်၊ မကျော်စောဘဲ၊ တီမှာလွဲအံ့၊ အရဲကြိုးကုတ်၊
ကြက်ရဲသုတ်သို့၊ အားထုတ်ခံမင်၊ မသင်မအံ၊ မကြံမမေး၊ ဆွေးနွေးရောနှော၊
ပြောဟောမှုတွေ၊ ပေချုပ်ချေဖြင့်၊ ကုန်စေဆေနံသာ၊ သင်ချေပါလည်း၊ ဘယ်မှာ
ဂုဏ်ရှင်း၊ ကျော်စောထင်ချိမ့်၊ စာသင်ပုဂ္ဂိုလ်၊ ကျမ်းထိုမှုကို၊ တွေ့ကာမရှောင်၊
ကြောင်ပုဗ္ဗနံစား၊ ကျွတ်ကျွတ်ဝါးသို့ . . . ။ (ရှင်မဟာရဋ္ဌသာရ)

ဆရာတို့ သင်တန်းဖွင့်ခဲ့တာ ခုအပတ်ဆိုရင် ၇–ပတ် ရှိသွားပြီနော်၊ မောင်မယ်တို့လည်း မင်္ဂလာဗဟုသုတတွေ တော်တော် ပြည့်ဝပြီး ကာယကံ မြောက် လက်တွေ့ ကျင့်သုံးနေကြပြီလို့ ဆရာ ယုံကြည်ပါတယ်၊ တကယ် ကျင့်ကြံကြမယ်ဆိုရင် ပြီးခဲ့တဲ့ မင်္ဂလာအားဖြင့် ခြောက်ပါး၊ သမ္မတိစက်အားဖြင့် လေးပါးဖြစ်တဲ့ အသေဝနာ၊ ပဏ္ဍိတ၊ ပူဇာစ၊ ပတိရူပ၊ ပုဗ္ဗေစ၊ အတ္တသမ္မာ ပဏိဓိတို့နဲ့ပဲ လုံလောက်နေပါပြီ၊ မင်္ဂလာရဲ့အချုပ်ဟာ သမ္ပတ္တိစက်လေးပါး ဖြစ်ပါတယ်၊ သမ္ပတ္တိစက်လေးပါးကိုလည်း ဒီ သင်တန်းမှာ တော်တော်လေး ကျေကျေနပ်နပ် ဖြစ်အောင် ပို့ချဆွေးနွေးပြီးခဲ့လေတော့ မောင်မယ်တို့လည်း သဘောပေါက်လောက်ပြီလို့ ဆရာ ယူဆပါတယ်။

သင်တန်း မစမီမှာ ဆရာတို့ မောင်မယ်တို့ဟာ သမ္ပတ္တိစက်လေးပါးနဲ့ ညီ–မညီ ကိုက်ကြည့်ရအောင်၊ ရှေးရှေးဘဝက ကုသိုလ်ကောင်းမှုများကို ကြိုတင် ပြုခဲ့ကြလို့ ဆရာတို့ မောင်မယ်တို့ဟာ ခုလို လူ့ဘဝ မြို့ကြီးပြကြီးမှာ မိကောင်းဖခင် သားသမီးတွေ လာဖြစ်ကြရပါတယ်၊ ဒီတော့ ကောင်းမှုကို

http://www.dhammadownload.com

ကြိုတင် ပြုခဲ့တာက ပုဗ္ဗေစကတပုညတာစက်၊ မြို့ကြီးပြကြီး ပညာရှင်များ ပေါများရာအရပ်မှာ လူလာဖြစ်ရတာက ပတိရူပဒေသဝါသစက်၊ မိကောင်း ဖခင် သားသမီး၊ ဆရာကောင်းတပည့် ဖြစ်ခွင့်ရလာတာက သပ္ပုရိသ သံသေဝ စက်၊ ဟော ဆရာတို့ မောင်မယ်တို့မှာ စက်သုံးပါးကတော့ဖြင့် တော်တော် လုံလောက်နေတာကို တွေ့ရပါတယ်၊ မိကောင်း, ဖကောင်း, ဆရာကောင်းဆို တဲ့ သူတော်ကောင်းတို့နဲ့ တွေ့ကြုံရတော့ ထိုသူတော်ကောင်းများက ဆရာတို့ မောင်မယ်တို့ကို ဆုံးမ သွန်သင်ကြပါတယ်၊ ဆရာတို့ မောင်မယ်တို့က တကယ် လိုက်နာ ကျင့်ကြံကြပါရဲ့လား၊ ကာယကံမြောက် လက်တွေ့ ကျင့်သုံးကြပါရဲ့ လား၊ ဒီတော့ ဘယ်လို ဖြေကြမလဲ၊ ရိုးရိုးသားသား ဖြေရရင်တော့ တကယ် လိုက်နာသင့်သလောက်၊ ကျင့်ကြံသင့်သလောက် မလိုက်နာ မကျင့်ကြံပါဘူး လို့ ဖြေရမှာပေါ့၊ ဒါဟာ အတ္တသမ္မာပဏိဓိစက် ပျက်ကွက်မှုပါပဲ။

ဒီလို ကိုယ့်ကိုယ်ကို စက်လေးပါးနဲ့ ချိန်ထိုး ဆန်းစစ်ကြည့်တဲ့အခါမှာ အများအားဖြင့် အတ္တသမ္မာပဏိဓိမင်္ဂလာ ပျက်ကွက်နေတာကို တွေ့ကြရပါ တယ်၊ ဒီ မင်္ဂလာနဲ့ လုံးဝ ပြည့်စုံဖို့ကလည်း တော်တော့်ကို မလွယ်ကူပါဘူး၊ သတ္တဝါတွေဟာ အများအားဖြင့် ''ခွေးသမင် ဘယ်ကထွက်၊ မင်းကြီးတာက ထွက်'' ဆိုသလို ကိုယ့်ကိုယ်ကို စောင့်ထိန်းဖို့ကျတော့ လွယ်မလိုလိုနဲ့ ခက်နေ တတ်ပါတယ်၊ ဒါဟာ သတိထားဖို့ အချက်ပါပဲ၊ ဒါကြောင့်လည်း ရှင်တော်မြတ် ဘုရားက ''**အတ္တာန မေဝ ပဌမံ**– မိမိကိုယ်ကို အရင်ဆုံး နိုင်နင်းအောင် ဆုံးမ''ဖို့ ညွှန်ကြားတော်မူပါတယ်၊ ဒီ အတ္တသမ္မာပဏိဓိမင်္ဂလာနဲ့ တကယ် လုံးဝဥဿုံ ပြည့်စုံရင် မင်္ဂလာအားလုံး ပြည့်စုံပြီး လောကီ လောကုတ္တရာ ကိစ္စအဝဝမှာ အားလုံး ပြီးဆုံး အောင်မြင်ခြင်းသို့ ရောက်နိုင်ပါတယ်၊ ဒီတော့ ဆရာတို့ မောင်မယ်တို့ဟာ ချို့ယွင်းနေတဲ့ ဒီ အတ္တသမ္မာပဏိဓိမင်္ဂလာကို ရှေးကထက် ပြည့်စုံအောင် အစွမ်းကုန် ကြိုးစားကြပါစို့လို့ ဆရာ့ကိုယ်ဆရာ လည်း သတိပေးပါတယ်၊ မောင်မယ်တို့ကိုလည်း အလေးအနက် တိုက်တွန်းပါ တယ်။

ကဲ – သင်တန်း စကြပါစို့။

Ko Oo'F/12-A

http://www.dhammadownload.com

၇။ ဗာဟုသစ္စ

(ဗဟုသုတ ရှာမှီးရေးမင်္ဂလာ)

"မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ"

ဒီသင်တန်းမှာ သမ္မတ္တိစက်လေးပါးနဲ့ မင်္ဂလာပန္နက်ကြီး ချခဲ့ပြီးပါပြီ၊ ဒီအပေါ်မှာ မင်္ဂလာဗိမာန်ကြီး တည်ဆောက်ဖို့ လိုလာပါတယ်၊ ဒီနေရာမှာ မင်္ဂလာကွင်းဆက်သဘောကို နည်းနည်း ပြောပြဦးမယ်၊ သမ္မတ္တိစက်လေးပါး အနက် လက်ရှိဘဝမှာ အဓိက လိုအပ်တာကတော့ သပ္ပုရိသသံသေဝနဲ့ အတ္တသမ္မာပဏိဓိ ဖြစ်ပါတယ်၊ ဒီတော့ သူတော်ကောင်းကိုတွေ့လို့ သူတော်ကောင်း နဲ့ ပေါင်းပြီဆိုပါတော့၊ ပေါင်းတော့ သူတော်ကောင်းက ကိုယ့်ကို ဆုံးမလိမ့် မယ်၊ ဆုံးမတော့ ဆုံးမသမျှကို နာယူနိုင်တဲ့ အရည်အချင်း ရှိဖို့ မလိုဘူးလား၊ လိုလာပါတယ်၊ နို့မဟုတ်ရင် "**ပေးကား ပေး၏ မရ**" ဆိုသလို ကိုယ်က မယူတတ်ရင် အခွင့်အရေးတွေ အားလုံး ဆုံးရှုံးသွားပါလိမ့်မယ်၊ မိုးပေါ်က ရေတွေကျပေမယ့် ခံယူတတ်မှ ရပါတယ်၊ မခံယူတတ်ရင် မရပါဘူး၊ ဒီ သဘောပါပဲ၊ ဒီတော့ ဘာလိုသလဲ၊ ဗဟုသုတရှိဖို့ လိုပါတယ်၊ ဒါကြောင့်မို့ ဗာဟုသစ္စတဲ့၊ အကြားအမြင် များရမယ်၊ အကြားအမြင် များတဲ့လူ ဖြစ်ရ မယ်၊ ဒီလို အကြားအမြင် များတာဟာလည်း မင်္ဂလာတစ်ပါးပါပဲတဲ့၊ ဒါဟာ ကွင်းဆင်သဘောပါပဲ။

ဒီ ကွင်းဆက်သဘောကတော့ အမျိုးမျိုး လှည့်ယူလို့ ရပါတယ်၊ တိုတို ကွင်းဆက်ချင်ရင်လည်း အတ္တသမ္မာပဏိဓိ ဖြစ်ဖို့ သူတော်ကောင်းနဲ့ ပေါင်း

http://www.dhammadownload.com

တယ်၊ သူတော်ကောင်းနဲ့ ပေါင်းတော့ ဗဟုသုတ တိုးပွားတယ်၊ ဟောဒီလို လည်း ကွင်းဆက်လို့ ရပါတယ်၊ ဆရာကတော့ ဒီနေရာမှာ တစ်မျိုးမြင်ထား ပါတယ်၊ ဘယ်လိုလဲဆိုတော့ ဉာဏ်ကြီးတဲ့သူတွေအဖို့ ပြီးခဲ့တဲ့ သမ္မတ္တိစက် လေးပါးနဲ့ လုံလောက်ပါတယ်၊ ဒါပေမယ့် ဉာဏ်နည်းတဲ့သူများကျတော့ အရိပ် ပြလို့ အကောင်မထင်နိုင်လေတော့ ဘုရားရှင်က မင်္ဂလာရဲ့သဘောကို လူ့ဘဝ အခြေခံကစပြီး အသေးစိတ် ညွှန်ပြတော်မူလိုလို့ ဗာဟုသစ္စဥ္စ စတဲ့ မင်္ဂလာ တွေကို အကျယ်တဝင့် ဟောတော်မူတယ်လို့ မြင်ပါတယ်၊ ဒီတော့ မောင်မယ် တို့ ပိုပြီး သဘောပေါက်လွယ်အောင် ကျောင်းနေတဲ့အရွယ် သူငယ်လေး တစ်ယောက်ကို ကိုယ့်ဘာသာကို စိတ်ကူးထားကြပါ၊ မင်္ဂလာဇာတ်လိုက် ကလေးပေါ့ကွယ်၊ တစ်နည်းအားဖြင့် မင်္ဂလာဗိမာန် တည်ဆောက်မယ့် ဗိသု ကာလေးပေါ့ကွယ်။

''လူ့ဘဝမှာ အရေးဘယ်နှရေး ရှိသလဲကွယ့်''

''အကျဉ်းအားဖြင့် သုံးရေး ရှိပါတယ် ဆရာ''

''ဘာတွေ ဘာတွေလဲ''

''ပညာရေး၊ စီးပွားရေး၊ ကုသိုလ်ရေး ဖြစ်ပါတယ်''

''အကြမ်းအားဖြင့် အရွယ်သုံးပါးနဲ့ ဘယ်လို သတ်မှတ်သလဲ''

''ပထမအရွယ်မှာ ပညာ၊ ဒုတိယအရွယ်မှာ စီးပွား၊ တတိယအရွယ်မှာ ကုသိုလ် ဖြစ်ပါတယ်ဆရာ''

''အေး– ဒါကြောင့်မို့ ငယ်ငယ်ရွယ်ရွယ်က စပြီး မင်္ဂလာရှင်လေးတွေ ဖြစ်နိုင်ဖို့ ဗာဟုသစ္စဥ္စ– ကျောင်းနေပါတဲ့၊ ဗာဟုသစ္စဥ္စဆိုတာ မောင်မယ်တို့ နားလည် လွယ်အောင် ပြောရရင် ကျောင်းနေနိုင်းတာပါပဲ၊ ကျောင်းနေမှ စာတတ်မယ်၊ စာတတ်မှ စာဖတ်မယ်၊ စာဖတ်တော ဗဟုသုတတွေ ရတယ်၊ ဒီလို မဟုတ်လား၊ စာပေပညာ လက်တွေ့ပညာ နှစ်မျိုးအနက် ဗာဟုသစ္စဥ္စ ဆိုတာ စာပေပညာကို အဓိကထားပြောခြင်း ဖြစ်ပါတယ်၊ ဒါကြောင့်–

ကျောင်းနေတဲ့သူ မှန်သမျှ မင်္ဂလာရှင်လေးတွေချည်းပါပဲ၊ မောင်မယ် တို့ဟာလည်း ကျောင်းနေကြတဲ့အတွက် ဗာဟုသစ္စမင်္ဂလာနဲ့ ပြည့်စုံတဲ့သူတွေ ဖြစ်ကြပါတယ်၊ ကျောင်းနေတာဟာ မင်္ဂလာရှိတဲ့အလုပ်ပါ၊ ငါတို့ဟာ မင်္ဂလာ

http://www.dhammadownload.com

ရှိတဲ့အလုပ်ကို လုပ်နေတဲ့ မင်္ဂလာရှင်လေးတွေပါလားလို့ ကိုယ့်ကိုယ်ကို ဂုဏ်ယူကြစမ်းပါ၊ ဝမ်းမြောက်ကြစမ်းပါ၊ ဒါကြောင့် ကျောင်းနေရမှာ ကျောင်းတက်ရမှာ မပျင်းကြပါနဲ့ကွယ်၊ ကျောင်းနေတာဟာ လူ့ဘဝရဲ့ အစပထမ ကောင်းခြင်းမင်္ဂလာကို ကျင့်သုံးခြင်းလို့ လိုက်လိုက်လှဲလှဲ သဘောပေါက်ကြစေချင်ပါတယ်၊ ကျောင်းတစ်ရက် ပျက်ရင် မင်္ဂလာတစ်ချက် ပျက်တယ်လို့ သဘောပေါက်ပြီး ကျောင်းမှန်မှန်တက်ကာ စာမှန်မှန် ကြိုးစားလို့ မိမိအကျိုး တိုင်းပြည်အကျိုးကို ဆောင်ရွက်နိုင်တဲ့ နိုင်ငံသားကောင်း သမီးကောင်းတွေ ဖြစ်အောင် ကြိုးစားကြစေချင်ပါတယ်။

ဒီလို စာပေပညာသင်တဲ့အခါမှာ ကြိုးကြိုးစားစား သင်ဖို့လည်း လိုပါတယ်၊ ကျောက်သင်ပုန်းမှာ ရေးပြထားတဲ့ ရှင်မဟာရဋ္ဌသာရရဲ့ ဆုံးမချက်လင်္ကာလေးကို ဖတ်ကြည့်စမ်းပါ၊ ဒီလင်္ကာလေးမှာ "**သု စိ ပု ဘာ၊ ဝိ လိ သိ တာ၊ အင်္ဂါရှစ်သွယ်၊ ဤရှစ်လုံးကို၊ သီကုံးပန်းသွင်၊ နေ့တိုင်းဆင်လော့**"ဆိုတဲ့ အပိုဒ်ကလေးသာ ခက်ဆစ်ရှိပြီး ကျန်အပိုဒ်များကိုတော့ မောင်မယ်တို့ နားလည်လွယ်နိုင်ပါတယ်၊ အင်းဝခေတ် စာပေကဗျာရှင်အကျော်ရှင်မဟာရဋ္ဌသာရ ဆရာတော်က ကျောင်းနေတဲ့သူများဟာ စာပေပညာများကို–.

သု = **သုဿေယျ** – ကြားနာရာ၏၊
စိ = **စိန္တေယျ** – ကြံစည်ရာ၏၊
ပု = **ပုစ္ဆေယျ** – မေးမြန်းရာ၏၊
ဘာ = **ဘာသေယျ** – ပြောဆိုရာ၏၊
ဝိ = **ဝိစာရေယျ** – စူးစမ်း ဆင်ခြင်ရာ၏၊
လိ = **လိခေယျ** – ရေးသားရာ၏၊
သိ = **သိက္ခေယျ** – လေ့ကျင့်ရာ၏၊
တာ = **ဓာရေယျ** – နှုတ်ငုံဆောင်ရာ၏ တဲ့။

ဒီလို မှာကြားတော်မူပါတယ်၊ အလွန် မှတ်သားထိုက်ပြီး လက်တွေ့ကျင့်သုံးဖို့လည်း အလွန် အရေးကြီးတဲ့ ပညာသင်ကြားရေးစနစ်ကြီးပါပဲကွယ်၊

http://www.dhammadownload.com

ဆရာ ပြောတာကို နာကြားပါ၊ နာကြားပြီးတော့ အဖြေမှန်ကို စဉ်းစား ကြံစည်ပါ၊ ကြံစည်လို့ မရရင် မေးမြန်းပါတဲ့၊ ပထမ ကိုယ့်အားကိုယ်ကိုးပြီး ကြံစည်ဖို့ လိုပါတယ်၊ ကိုယ့်ဘာသာကိုယ် ကြံစည်လို့ရတာက တစ်သက်လုံး စွဲသွားတတ်ပါတယ်၊ ဒီလို ကြံစည်လို့ မရတော့မှ အားမတန် မာန်လျှော့လို့ မေးမြန်းပါတဲ့၊ ပြီးတော့ အချင်းချင်း အသိဉာဏ် ဖလှယ်တဲ့အနေနဲ့လည်း ပြောဆိုပါတဲ့၊ သင့်–မသင့်၊ ဟုတ်–မဟုတ်ကိုလည်း စူးစမ်း ဆင်ခြင်ရဦးမယ် တဲ့၊ ဒါလည်း အလွန် အရေးကြီးတဲ့အချက်ပါပဲ၊ ပြီးတော့ **လိခေယျ**– ရေး လည်း ရေးသားပါတဲ့၊ စာစီစာကုံးအတွက် ညွှန်ကြားချက်ပေါ့ကွယ်၊ **သိက္ခေ ယျ**– လေ့လည်း လေ့ကျင့်ပါဦးတဲ့၊ နို့မဟုတ်ရင် တကယ့်အချက်ကျတော့ အလေ့အကျင့် မရှိလို့ အခက်တွေ့နေပါဦးမယ်၊ **ဓာရေယျ**– နှုတ်ရ ကျက်သင့် တာများကို ကျက်ထားရပါမယ်တဲ့၊ ဒါမှလည်း "**အာဂုံရှိမှ အာဂလူ**" ဖြစ် နိုင်ပါတယ်တဲ့၊ တယ်လည်း မှတ်သား လိုက်နာဖို့ကောင်းတဲ့ မရိုးဘဲ ဆန်းသစ် နေတဲ့ အင်းဝခေတ် ပညာသင်ကြားရေး ညွှန်ကြားချက်ကြီးပါလားကွယ်။

ဒီလို အဟောင်းထဲက အကောင်းတွေကို ရွေးထုတ်ယူတတ်ကြရင်တော့ ရှေးဟောင်းစာပေတွေထဲမှာ သုံးမကုန်နိုင်တဲ့ နည်းကောင်းတွေ အများကြီး ရှိတယ်ဆိုတာ ဆရာ မှာထားလိုပါတယ်၊ အသစ် အသစ် နည်းသစ်တွေကို တီထွင်ကြသလို တစ်ဖက်ကလည်း အဟောင်း အဟောင်းထဲက အကောင်း တွေကို ရွေးယူတတ်ကြဖို့ လိုပါတယ်၊ မောင်မယ်တို့ ကျောင်းတက်တိုင်း ဆိုနေတဲ့ "တို့ဘိုးဘွား အမွေနှစ်မို့ ချစ်မြတ်နိုးသလေ"ဆိုတာဟာ အဆိုသာ မဟုတ်ဘဲ လက်တွေ့လည်း ချစ်မြတ်နိုးဖို့လိုကြောင်း စကားစပ်တုန်း ပြော ကြားလိုပါတယ်။

နောက်ပြီးတော့ ဗဟုသုတရှိဖို့ စာများများ ဖတ်ဖို့လည်း လိုတယ်ကွယ့်၊ ကျောင်းစာများကို လုံလောက်အောင် ကျက်မှတ်ပြီးတဲ့အခါမှာ ပညာရေးနဲ့ ပတ်သက်လို့ ဗဟုသုတ ဖြစ်စေမယ့် စာတွေ၊ ကျန်းမာရေးနဲ့ ပတ်သက်လို့ ဗဟုသုတ ဖြစ်စေမယ့်စာတွေ၊ ဒီလို ကိုယ်နဲ့ တန်ရာ တန်ရာ စာတွေကိုလည်း ရွေးချယ်ပြီး ဖတ်သင့်ပါတယ်၊ ပတ်ဝန်းကျင်မှာရှိတဲ့ အရာဝတ္ထုမှန်သမျှကို မြင်တတ်တဲ့ မျက်စိနဲ့ ကြည့်တတ် ရှုတတ် သုံးသပ်တတ်ရင် ဗဟုသုတတွေ

http://www.dhammadownload.com

ချည်းပါပဲ၊ သင်တန်းအစနားမှာတုန်းက ပြောခဲ့သလို ယူတတ်လို့ရှိရင် ပတ်ဝန်းကျင်ဟာ လူသားတို့အတွက် ''ဘဝတက္ကသိုလ်ကြီး''ပါပဲကွယ်၊ အတိုချုပ်ပြောရရင်တော့ ဗာဟုသစ္စမင်္ဂလာနဲ့ ပြည့်စုံဖို့ ကျောင်းနေပါ၊ ကျောင်းစာကို ကြိုးစားပါ၊ အားလပ်တဲ့အခါ သင့်လျော်တဲ့ စာများကိုလည်း ဖတ်ပါ၊ မှတ်ပါ၊ လေ့လာပါ၊ ပတ်ဝန်းကျင်ရှိ ပညာရေး၊ စီးပွားရေး၊ ကာသိုလ်ရေး၊ လူမှုဆက်ဆံရေး စတဲ့ အရေးအခင်းပေါင်း များစွာကိုလည်း မှတ်သင့်တာ မှတ်၊ အတုယူသင့်တာ ယူပါ၊ မျက်စိနဲ့နားကို အမြဲတစေ ဖွင့်ထားရမယ်လို့ ဆိုလိုပါတယ်။

''ဗာဟုသစ္စဆိုတာ ဘာကို ပြောတာလဲ''

''ကျောင်းနေခိုင်းတာပါ ဆရာ''

''ကျောင်းသူ ကျောင်းသားတွေဟာ ဘာမင်္ဂလာနဲ့ ပြည့်စုံကြပါသလဲ''

''ဗာဟုသစ္စ မင်္ဂလာနဲ့ ပြည့်စုံကြပါတယ် ဆရာ''

''မင်္ဂလာဆိုတာ လက်တွေ့အလုပ်လို့ သဘောပေါက်ကြပလား''

''သဘောပေါက်ပါတယ်ဆရာ''

ပြီးခဲ့တဲ့ သင်တန်းတုန်းက သမ္မဒါအကြောင်း ပြောမယ်လို့ ဆရာ့စကားရှိခဲ့တယ်၊ နောက် မင်္ဂလာကျမှပဲ ပြောတော့မယ်၊ သမ္မဒါတရားက နောက်မင်္ဂလာနဲ့ကျမှလည်း ပိုပြီး လိုက်ဖက်ပါတယ်၊ ကိုင်း– မောင်မယ်တို့ စိတ်ထဲမှာ ကျောင်းနေတဲ့အရွယ် မင်္ဂလာဇာတ်လိုက်ကလေးကို စဉ်းစားထားကြနော်၊ အဲဒီ စိတ်ကူးထဲက ဇာတ်လိုက်ကလေးဟာ မောင်မယ်တို့ ကိုယ်တိုင်များ ဖြစ်နေကြမလား၊ ဘယ်သူပဲဖြစ်ဖြစ် စိတ်ကူးထဲက မင်္ဂလာဇာတ်လိုက်ကလေးဟာ ဗာဟုသစ္စမင်္ဂလာနဲ့ ပြည့်စုံဖို့အတွက် ကျောင်းမှန်မှန်တက်လို့ စာကြိုးစားနေပြီဆိုတဲ့အထိတော့ စဉ်းစားထားကြတာပေါ့ကွယ်၊ နောက်မင်္ဂလာတွေကျတော့လည်း ဒီဇာတ်လိုက်ကလေးနဲ့ပဲ စခန်းသွားလို့ သင်တန်းသဘောတွေကို ပြောပြသွားပါမယ်။

ဒီတစ်ပတ် ဗာဟုသစ္စမင်္ဂလာအတွက် ''သုပ္ပါကရဇာတ်''ကို ပြောပြပါမယ်၊ ဆရာ့မှာ တစ်ပတ် တစ်ပတ် ဇာတ်လမ်းရှာရတာလည်း မလွယ်ဘူးကွယ့်၊ ဆရာ ရည်ရွယ်ထားတာက (၁) လူသားစင်စစ် ဇာတ်လမ်းလည်း ဖြစ်ရမယ်၊

http://www.dhammadownload.com

(၂) ပစ္စုပ္ပန်မှာပဲ အကျိုးအပြစ်ပြတဲ့ ဇာတ်လမ်းလည်း ဖြစ်ရမယ်၊ (၃) မင်္ဂလာနဲ့လည်း ကိုက်ညီရမယ်၊ (၄) အသုံးနည်းတဲ့ ဇာတ်လမ်းလည်း ဖြစ်ရမယ်၊ (၅) နိပါတ်တော်ထွက် ဇာတ်လမ်းလည်း ဖြစ်ရမယ်၊ (၆) ပန်းချီရေးကွက်လည်း ကောင်းရမယ်၊ ဇာတ်လမ်းရွေးတဲ့အခါမှာ ဒီလို အင်္ဂါခြောက်ရပ်နဲ့ သတ်မှတ်ပြီး ရွေးပါတယ်၊ ဒီလိုရွေးတော့ ငါးရာ့ ငါးဆယ် နိပါတ်တော်မှာကလည်း လူသားဇာတ်လမ်းက နည်းတယ်၊ ရှိပြန်တော့လည်း မင်္ဂလာနဲ့ မကိုက်ဘူး၊ အဲဒီလို ဖြစ်နေတယ်၊ ဒါပေမယ့် အနီးစပ်ဆုံး အဖြစ်နိုင်ဆုံး ဇာတ်လမ်းတွေကို ရွေးပြီး ဆရာ ပြောပြမယ်၊ ဒီသင်တန်းမှာ ဇာတ်လမ်းဟာ ပဓာနမဟုတ်ဘဲ မင်္ဂလာသဘောတရားများကသာ အဓိကဖြစ်တယ်ဆိုတာကိုလည်း ဆရာ မှာကြားပါတယ်၊ သုပ္ပါရကဇာတ်တော်ဟာ ကောဒသကနိပါတ်မှာ ပါပါတယ်၊ ပတိရူပတုန်းက ပြောခဲ့တဲ့ သံဝရဇာတ်နဲ့ ကပ်လျက်ပါပဲ၊ ကဲ– နားထောင်။

သုပ္ပါရဇာတ်တော်

ဟို ရှေးရှေးတုန်းက ကုရုတိုင်းမှာ ကုရုမင်းကြီး ထီးနန်းအုပ်ချုပ်မင်းလုပ်လို့ နေပါတယ်၊ ဒီအချိန်မှာ ဘုရားအလောင်းဟာ ကုရုကစ္ဆမည်တဲ့ သင်္ဘောဆိပ်ရွာကြီးမှာ သင်္ဘောသူကြီးရဲ့သား ဖြစ်နေသတဲ့၊ နာမည်ကတော့ သုပ္ပါရကရလို့ ခေါ်ပါတယ်၊ သုပ္ပါရကရဟာ ဖခင် သင်္ဘောသူကြီးထံမှာ သင်္ဘောနဲ့ ပတ်သက်လို့ စာတွေ့ဗဟုသုတ၊ ကိုယ်တွေ့ဗဟုသုတတွေကို လေ့လာလိုက်စားရာမှာ တစ်ဆယ့် ခြောက်နှစ်သားလောက် အရွယ်မှာပဲ တော်တော်ကျွမ်းကျင်ပြီး သင်္ဘောပညာ တစ်ဖက်ကမ်းခပ် တတ်မြောက်ပါသတဲ့၊ ဖခင်ကြီး ကွယ်လွန်သွားတဲ့အခါမှာ ဖခင်နေရာယူပြီး သင်္ဘောသူကြီး ပြုလုပ်ရာမှာ တစ်နေ့တော့ ပင်လယ်ဆားငန်ရေ ခတ်မိတာနဲ့ မျက်စိကွယ်သွားသတဲ့ကွယ်။

ဒီလို မျက်စိကွယ်သွားတော့ သုပ္ပါရကရဟာ သင်္ဘောသူကြီး မလုပ်တော့ဘဲ မင်းထံမှာ ခစားပြီး "ရာဖြတ်"အမှု ထမ်းရွက်သတဲ့၊ ရာဖြတ်ပညာလည်း အလွန် တတ်ကျွမ်းလေတော့ မင်းကြီးထံ မင်္ဂလာဆင်၊ မင်္ဂလာမြင်း၊ မင်္ဂလာရထား စသည်တို့နဲ့ ပတ်သက်ပြီး လာရောင်းတဲ့အခါ အကျိုး–အပြစ် သင့်၊ မသင့်ကို လက်နဲ့ ကိုင်တွယ် စမ်းသပ်ရုံနဲ့ အတတ်ပြောနိုင်သတဲ့၊ ဒါပေမယ့်

http://www.dhammadownload.com

မင်းကြီးက တစ်ခါဆုပေးရင် ရှစ်သပြာသာ ပေးတဲ့အတွက် မင်းအပေါ် မကျေနပ်လို့ ရာဖြတ်အမှုထမ်းဘဝက နုတ်ထွက်ပြီး ကုရုကစ္ဆရွာကြီးကိုပဲ ပြန်လာခဲ့သတဲ့ကွယ်၊ သင်္ဘောသားများက သုပ္ပါကရပညာရှိ ပြန်လာတဲ့သတင်း ကြားတဲ့အခါမှာ စုဝေးတိုင်ပင်ပြီး သင်္ဘောတစ်စင်း တည်ဆောက်ကာ သုပ္ပါကရပညာရှိအား သင်္ဘောသူကြီးအရာကို တင်ကြပါသတဲ့။

ဒါပေမယ့် သုပ္ပါကရ ပညာရှိက လက်မခံပါဘူးတဲ့၊ မျက်စိမမြင်ပါဘဲနဲ့ သင်္ဘောသူကြီး လုပ်လို့ မလွယ်ကူကြောင်း ပြန်ပြောပါသတဲ့၊ သင်္ဘောသားတွေကလည်း အတွင်းသိ ဖြစ်နေကြတော့ မျက်စိကွယ်နေပေမယ့် သူတို့ထက် အတွေ့အကြုံ ဗဟုသုတရှိကြောင်း၊ သူတို့ထက် တတ်ကျွမ်းကြောင်း ဒါကြောင့် သင်္ဘောသူကြီးအဖြစ် သူတို့ကို ကွပ်ကဲပေးပါရန် အတန်တန် တောင်းပန်ကြတဲ့အတွက် နောက်ဆုံးမှာ လက်ခံလိုက်ရပါတယ်၊ အများဆန္ဒကို မပယ်သင့်ဘူးဆိုတာ သာဓကတစ်ရပ်ပေါ့ကွယ်၊ ဒါနဲ့ သုပ္ပါကရပညာရှိ ဦးစီးတဲ့ သင်္ဘောသားတွေဟာ တပျော်တပါး သင်္ဘောကြီးနဲ့ အရောင်းအဝယ်အတွက် ပင်လယ်ခရီး ထွက်ခဲ့ကြသတဲ့၊ ရှေးခေတ် သင်္ဘောဆိုတော့ ခုခေတ် ရွက်လှေကြီးကြီးကို စက်တပ်ဆင်ထားသလို နေမှာပေါ့ကွယ်။

ဒီလိုနဲ့ ခရီးထွက်လာလိုက်ကြတာ ခုနစ်ရက်လုံးလုံး ဘေးမရှိ ရန်မရှိ အောင်မြင်စွာ သွားနေရာမှ တစ်နေ့တော့ လေမုန်တိုင်းဒဏ်ကြောင့် သင်္ဘောကြီးဟာ လေးလလုံးလုံး သမုဒ္ဒရာထဲမှာ တဝဲဝဲတလည်လည် ဖြစ်နေပြီး ဒုက္ခရောက်နေကြရသတဲ့၊ ဒီ လေးလအတွင်းမှာ အလွန် ထူးဆန်းတဲ့ သမုဒ္ဒရာအမျိုးမျိုးထဲကိုလည်း ရောက်ခဲ့ကြသတဲ့၊ အလွန် ကြောက်စရာကောင်းတဲ့ သမုဒ္ဒရာထဲကိုလည်း ရောက်ကြသတဲ့၊ ရတနာရွှေငွေ ပေါများတဲ့ သမုဒ္ဒရာထဲကိုလည်း ရောက်ကြသတဲ့၊ ဘယ်ကိုပဲ ရောက်ရောက် ရေအခြေအနေနဲ့ ရေသတ္တဝါတို့ရဲ့ အသွင်သဏ္ဍာန်ကို ပြောပြရုံမျှဖြင့် သုပ္ပါကရပညာရှိက "ဒါဟာ ဘာသမုဒ္ဒရာ ခေါ်တယ်၊ ဒီ သမုဒ္ဒရာမှာ ဘာရှိတယ်" စသည်တို့ကို အတတ်ပြောနိုင်သတဲ့ကွယ်၊ ဒါဟာ ငယ်ရွယ်စဉ်တုန်းက သင်္ဘောပညာများကို စာတွေ့ ငါတွေ့ ဗဟုသုတ ကြွယ်ဝစွာ လေ့လာ သင်ကြားခဲ့ခြင်းရဲ့အကျိုး မဟုတ်လား။

http://www.dhammadownload.com

တိုတို ပြောကြပါစို့၊ နောက်ဆုံးကျတော့ သူတို့ဟာ အလွန် ကြောက် စရာ ကောင်းတဲ့ ရေဝဲဇလုပ်ကြီးများရှိတဲ့ သမုဒ္ဒရာထဲ ရောက်သွားကြသတဲ့၊ ဒီအခါမှာ ရေဝဲဇလုပ်ကြီးတွေက အောက်က ဆွဲငင်တဲ့အတွက် သင်္ဘောဟာ မြုပ်တော့မယ့် အခြေအနေပြလာတော့ သင်္ဘောသားများလည်း အလွန် ကြောက်ရွံ့ကြပြီး ငိုကြွေး မြည်တမ်းရှာကြတယ်၊ ဒီလို တပည့်တွေ ငိုကြွေးသံကို ကြားရတော့ သုပ္ပါကရပညာရှိဟာ ''ငါမှတစ်ပါး ကိုးကွယ်ရာ မရှိရှာကြပြီ၊ ငါ့မှာလည်း ဒီသမုဒ္ဒရာထဲမှ လွတ်ထွက်ဖို့ သစ္စာလက်နက်က လွဲလို့ ဘာမှ အားကိုးရာ မရှိပြီ''ဟု စဉ်းစားမိတဲ့အတွက် တပည့်တွေကို မငိုကြဖို့, အားမငယ် ကြဖို့ အားပေးစကားပြောပြီး သူ့ကို နံ့သာရေဖြင့် ကပျာကသီ ရေချိုးခိုင်းကာ အဝတ်အစားသစ်များ လဲပြီး ရေအပြည့် ဖန်ခွက်ကို သင်္ဘောဦး၌ ထားစေပါ သတဲ့၊ အဲဒီလို ထားခိုင်းပြီးတော့ သုပ္ပါကရပညာရှိကြီးဟာ သင်္ဘောဦးကိုသွား ပြီး ဖန်ခွက်ကို လက်နှစ်ဖက်နဲ့ ကိုင်ကာ ဒီလို သစ္စာဓိဋ္ဌာန် ပြုပါသတဲ့။

''***ငါသည် မိမိကိုယ်ကို အောက်မေ့ သတိရသောအခါ၊ လိမ္မာရေးခြား ရှိသော အခါမှစ၍ သေစေလိုသော စေတနာဖြင့် တစ်ဦးတစ်ယောက်သော သတ္တဝါကိုမျှလည်း သတ်ဖြတ် ညှဉ်းဆဲခဲ့သည် မရှိဖူးပါ၊ ဤမှန်သော သစ္စာ စကားကို ဆိုပါ၏၊ ဤသစ္စာစကားကြောင့် သင်္ဘောသည် ဤအန္တရာယ်မှ ကင်းဝေး၍ ချမ်းသာစွာ ပြန်ရောက်ပါစေသတည်း***''လို့ ဒီလို အဓိဋ္ဌာန်ပြုလိုက် တဲ့အခါမှာ သစ္စာတန်ခိုးကြောင့် သင်္ဘောဟာ ဘေးမသီ ရန်မခဘဲ တစ်နေ့ တည်းနဲ့ပဲ ကုရုကစ္ဆရွာကြီးသို့ ပြန်ရောက်လာပါသတဲ့၊ ရှေးခေတ်က မဖြစ်စဖူး တွေ ယခုခေတ်မှာ ဖြစ်သလို ယခုခေတ် မဖြစ်စဖူးတွေ ရှေးခေတ်မှာ ဖြစ်တယ် ဆိုတာ မောင်မယ်တို့ သဘောပေါက်ကြဖို့ပါပဲ၊ ဒီဇာတ်လမ်းမှာ ဆရာ ပြောလို တာက သုပ္ပါကရ ပညာရှိကြီးဟာ ဗဟုသုတတွေကို ကြိုးစား ရှာဖွေခဲ့လို့ အကြောင်းမလှလို့ မျက်စိကွယ်သွားတာတောင် မိမိအကျိုး သူတစ်ပါးအကျိုး ကို သယ်ပိုး ဆောင်ရွက်သွားနိုင်တယ်ဆိုတာကို ဗာဟုသစ္စဥ္စမင်္ဂလာအတွက် သင်ခန်းစာ ပေးလိုရင်းပါပဲ။

ဗာဟုသစ္စဥ္စမင်္ဂလာပါဆိုရင် မင်္ဂလာ ၇–ပါး ပြီးသွားပြီ၊ ဒီသင်တန်းရဲ့ နာမည်ကို ''ကာယကံမြောက် ကျင့်သုံးရေး လက်တွေ့မင်္ဂလာသင်တန်း''လို့

http://www.dhammadownload.com

အထူးတလည် အမည်ပေးထားပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အများအားဖြင့် မင်္ဂလာကို စာအနေနဲ့သာ မှတ်သားနေကြတယ်ကွယ့်၊ စာအနေနဲ့ မှတ်သားတဲ့ နေရာမှာလည်း သင်ပုန်းကြီးစာအုပ်ထဲမှာ ပါထားလေတော့ ''ကလေးဖတ်တဲ့ စာ''လို့ ဒီလို ပေါ့ပေါ့ဆဆ ယူဆတတ်ကြတယ်၊ ဒါကြောင့် မင်္ဂလာကို အထင် မသေးဖို့နဲ့ ကာယကံမြောက် လက်တွေ့ကျင့်သုံးရေးကို ဦးစားပေးလိုတဲ့အတွက် အထူးနာမည်နဲ့ ကြိုးကြိုးစားစား ပို့ချဆွေးနွေးနေခြင်း ဖြစ်ပါတယ်၊ မောင်မယ် တို့ကလည်း ကြိုးကြိုးစားစား မှတ်သားပြီး ကာယကံမြောက် ကျင့်သုံးကြပါလို့ ဆရာ အထပ်ထပ် တိုက်တွန်းပါတယ်။

ကဲ- အချိန်လည်း ကြာသွားပြီ၊ ကျောက်သင်ပုန်းမှာ ရေးထားတဲ့ မင်္ဂလာကဗျာလေးကို သံပြိုင်ရွတ်ပြီး ဒီတစ်ပတ်သင်တန်း ရပ်နားကြဦးစို့။

ဗဟုသုတ ရှာမှီးကြ

❋ သုပ္ပါကရာ ဇာတ်တော်သွားကို၊ မှတ်နော်မမှား နည်းယူဖွယ်။
ရှေးဦးပညာ စာပေအတွက်၊ ကျောင်းမှန်တက်လို့ ကြိုးစားကွယ်။

❋ ဗဟုသုတာ ပြည့်ဖို့ရေးကို၊ ရှေ့သို့တွေးလို့ သင်ယူမယ်။
မင်္ဂလာကို လက်တွေ့ကျင့်လို့၊ ရှေ့သို့တစ်ဆင့် တက်ရမယ်။

❋ မိမိအကျိုး တိုင်းပြည်ကျိုး၊ သယ်ပိုး ရွက်ဆောင်ကွယ်။
အဲဒါကြောင့် ...ဗဟုသုတ ပြည့်လိုက၊ ဖတ်ကြ စာပေကွယ်။

''မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ''

မွေးမျှုပဟာစာစောင်၊ အတွဲ (၅)-အမှတ်(၉) ၊ အတွဲ (၅၁)-အမှတ်(၉)

http://www.dhammadownload.com



http://www.dhammadownload.com

နိတုံ့ရွှေနှယ်၊ ကျေးငှုးကြွယ်သား၊ မှတ်ဖွယ်သုတ၊ ဆည်းပူးကြလော့၊ ပျင်းလှသည်သူ၊ ဘယ်မှုအတတ်၊ ရတုံလတ်အံ့၊ အတတ်ကင်းလျှင်၊ ဘယ်တွင်ဉစ္စာ၊ ရတို့ပါလိမ့်၊ ဉစ္စာမရ၊ ရှိလတ်ကမူ၊ ကြည်ဖြူချစ်ခင်၊ မိတ်မမြင်တည့်၊ မိတ်လျှင်မရ၊ သုခဘယ်မှာ၊ ပွားတို့ရာလိမ့်။

တစ်သင်းမှတ်ကြ၊ လူထိုမျှတို့၊ သိပ္ပကိုမူ၊ နည်းသည်ဟူ၍၊ မအောက်မေ့နှင့်၊ တွေ့ရာမှတ်သား၊ မိုးပေါက်များသော်၊ အင်းနားချောင်းကန်၊ ပြည့်သောဟန်တည့်၊ မှတ်ရန်တစ်ခု၊ နှုတ်မှုလက်မူ၊ အတတ်စုကို၊ ငယ်နုသောအား၊ မမေ့ပြားနှင့်၊ ရင်းဖျားကုန်စင်၊ တတ်မြော်မြင်က၊ တစ်ခုမျှလျက်၊ အသက်မွေးကျောင်း၊ ဖြစ်တုံ့ရှောင်း၏။

(လောကနီတိပျို့)

ဆရာတို့ သင်တန်းကတော့ တဖြည်းဖြည်း တော်တော့်ကို စိုစိုပြည်ပြည် ဖြစ်လာပြီ၊ ဝမ်းသာစရာပေါ့ကွယ်၊ မဂ်လာတရားကို စာထဲမှာ မထားတော့ဘဲ လက်တွေ့ ကာယကံမြောက် ကျင့်သုံးသူတွေ များလာလေ လောကကြီးဟာ သာယာလေပေါ့ကွယ်၊ ကဲ ကဲ – ဒီ တစ်ပတ် သင်တန်းမှာတော့ တိုတို ကျဉ်းကျဉ်းနဲ့ လိုရင်းကိုပဲ ပြောပါရစေ၊ ဆရာလည်း အလုပ်ကိစ္စများနေတာနဲ့ ဒီတစ်ပတ်တော့ သင်တန်းတောင် ဖြစ်ပါ့မလားလို့ စိုးရိမ်မကင်း ဖြစ်မိသေးတယ်၊ ဒါပေမယ့် တက်တက်ကြွကြွ ရှိလှတဲ့ မောင်မယ်တို့ မျက်နှာလေးတွေကို မြင်ယောင်လာမိလာတာနဲ့ ဒီသင်တန်းကို မဖြစ်,ဖြစ်တဲ့နည်းနဲ့ ကြိုးစားပြီး ဆရာ ဆွေးနွေး ပို့ချခြင်း ဖြစ်ပါတယ်။

ကဲ – သင်တန်းစကြပါစို့။

http://www.dhammadownload.com

၈။ သိပ္ပဋ္ဌ

(လက်မှု-နှုတ်မှုပညာ ရှာမှီးရေး ဝေလာ)

''မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ''

ကောင်းတာတွေ ကြိုတင် လုပ်ခဲ့တော့ (ပုဗ္ဗေစ ကတပုညတာ)၊ ကောင်းတဲ့ အရပ်ရောက် (ပတိရူပဒေသဝါသ)၊ ကောင်းတဲ့အရပ် ရောက်တော့ ကောင်းတဲ့ လူနဲ့တွေ့ (သပ္ပုရိသသံသေဝ)၊ ကောင်းတဲ့လူနဲ့ တွေ့တော့ ကောင်းတာတွေ လုပ်၊ ကောင်းတာတွေ ပြော၊ ကောင်းတာတွေ ကြံစည်(အတ္တသမ္မာပဏိဓိ)၊ ဒီသမ္ဘတ္တိ စက်လေးပါးသဘောကိုတော့ မောင်မယ်တို့ နောကျေလောက်ရော ပေါ့ကွယ်။

''ကျောင်းနေတာ ကျောင်းတက်တာဟာ ဘာမင်္ဂလာနဲ့ ပြည့်စုံပါသလဲ''

''ဗာဟုသစ္စမင်္ဂလာနဲ့ ပြည့်စုံပါတယ်''

''ကျောင်းတက်ပျက်ရင် ... ''

''ဗာဟုသစ္စ မင်္ဂလာ ပျက်ပါတယ်''

''အေး ဒါကြောင့် ဘဝတစ်သက်လုံး ကောင်းကျိုး ဆိုးကျိုးကို အဆုံးအဖြတ်ပေးမယ့် ကျောင်းနေခြင်း ကျောင်းတက်ခြင်းဆိုတဲ့ ဗာဟုသစ္စမင်္ဂလာကို မောင်မယ်တို့ ကာယကံမြောက် ကျင့်သုံးကြဖို့ ဆရာ အထူးပဲ လေးလေးစားစား

http://www.dhammadownload.com

တန်ဖိုးထားပြီး ပြောကြားလိုပါတယ်၊ ကျောင်းစာကို ကျေကျေညက်ညက် ကျက်မှတ်ပြီးတဲ့အခါမှာလည်း ကိုယ့်အတွက် ဗဟုသုတ ဖြစ်စေမယ့် စာပေများကိုလည်း ရွေးချယ်ပြီး ဖတ်ဖို့ မမေ့နဲ့ဦးကွယ့်၊ "အလိမ္မာစာမှာရှိ"ဆိုတဲ့ ဆိုရိုးစကားရှိတယ် မဟုတ်လား။

"ပြီးခဲ့တဲ့ သင်တန်းတုန်းက မောင်မယ်တို့ကို ဆရာ ဘာစဉ်းစားစိတ်ကူး ခိုင်းထားပါသလဲ"

"မင်္ဂလာ ဇာတ်လိုက်ကလေးတစ်ယောက် စဉ်းစားစိတ်ကူး ခိုင်းထားပါတယ် ဆရာ"

"စိတ်ကူးထဲက မင်္ဂလာဇာတ်လိုက်ကလေးဟာ ခု ဘာလုပ်နေပြီလဲကွယ့်"

"ကျောင်းတက်နေပါပြီ ဆရာ"

"အေး- လောကရေးရာဆိုတာဟာ အလွန် ကျယ်ဝန်းတယ်၊ ဒီလို ကျယ်ဝန်းတဲ့အတွက် စာတွေ့ ဗဟုသုတလေးလောက်နဲ့တော့ အလုပ် မဖြစ်သေးဘူးကွယ့်၊ လက်တွေ့အလုပ် လုပ်တတ်ဖို့လည်း လိုပါတယ်၊ ဒီလို စာတွေ့ လက်တွေ့ရှိမှ လောကမှာ လူဝင်ဆန့်တယ်လို့ ဆိုကြတယ်၊ ပြီးတော့ စာသာ တတ်ပြီး အလုပ် မလုပ်တတ်ရင် လောကမှာ ထမင်းငတ်တတ်ကြပါတယ်၊ လူ့လောကမှာ စားဝတ် နေရေး ကျန်းမာရေးဆိုတဲ့ အရေးကြီးတဲ့ အချက်လေးချက် ရှိပါတယ်၊ ဒီအချက်ကြီး လေးချက်ထဲမှာလည်း စားရေးဟာ ပထမအရေးကြီးဆုံးအချက် ဖြစ်ပါတယ်၊ ဒီ စားရေး ပြည့်စုံဖို့အတွက် လက်တွေ့အလုပ်လုပ်တတ်ဖို့ လိုပါတယ်၊ ဒါကြောင့် မင်္ဂလာ ကွင်းဆက်အနေနဲ့ **သိပ္ပဥ္စ**- လက်မှုပညာ နှုတ်မှုပညာ တတ်ရခြင်းလို့ ဒီလို ဆက်လက် ညွှန်ကြားတော်မူပါတယ် "**လက်မှုပညာ နှုတ်မှုပညာ တစ်ခုခု တတ်ထားခြင်းသည် မင်္ဂလာ တစ်ပါး မည်၏**"လို့ ပြည့်စုံတဲ့ အဓိပ္ပာယ်ကို ဒီလို ကောက်ယူရပါမယ်၊ အတိုချုပ်ကတော့ လက်မှု နှုတ်မှု ပညာတစ်ခုခု တတ်ထားရမယ်ပေါ့ကွယ်။

ဒါကြောင့်မို့ ရှေးပညာရှင်များက "**အသက်မွေးမှု တစ်ခုပညာ ကိုယ်စီပါ**"လို့ ဆိုရိုးပြုခဲ့ကြပါတယ်၊ မျက်မှောက်မှာ "စာတွေ့မှ ငါတွေ့သို့၊ သဘောတရားရေးမှ လက်တွေ့သို့" ဆိုတဲ့ ကြွေးကြော်သံတွေကို တော်တော်ပဲ

http://www.dhammadownload.com

ကြွေးကြော်လာတာကို သတိထားမိတယ်ကွယ့်၊ ဒါဟာ အလွန်ကောင်းတဲ့ ကြွေးကြော်သံပါပဲ၊ နှစ်ပေါင်း ၂၅၀၀-ကျော်က ဗာဟုသစ္စ-သိပ္ပဆိုတဲ့ မင်္ဂလာကြွေးကြော်သံကို ဆရာတို့ခေတ်မှာ အားပါးတရ ကြွေးကြော်လာတာ ကို တွေ့ရတော့ ဆရာဖြင့် သိပ်ကို ကျေနပ်မိတာပဲ၊ ''မင်္ဂလာ ခေတ်ဆန်းချိန် ရောက်ပြီ''လို့လည်း ကျိတ်ပြီး ဝမ်းသာခဲ့ရပါတယ်။

ဗာဟုသစ္စဆိုတာ စာတွေ့ကို ပြောတာပါ၊ သိပ္ပဆိုတာ ငါတွေ့ကို ပြောတာပါ၊ ဗာဟုသစ္စဆိုတာ သဘောတရားရေးကို ဆိုလိုပါတယ်၊ သိပ္ပ ဆိုတာ လက်တွေ့ကို ဆိုလိုပါတယ်၊ ဒါတွေကို ဆရာက ဖြစ်ရပ်တွေနဲ့ဟပ်ပြီး ကြံဖန် ဆွဲသွင်းပြီး ပြောနေတာ မဟုတ်ဘူး၊ ဗာဟုသစ္စ-သိပ္ပ ဆိုတဲ့ စကားလုံးကိုက ဒီအတိုင်း ပြောနေပါတယ်၊ ဆရာတို့တစ်တွေက ''**စာကား မှန်ဖေါ် ဉာဏ်မမီ၊ ထိအောင် သူမသိ**'' ဆိုသလို ဖြစ်နေလို့သာ ခက်နေရ ခြင်း ဖြစ်ပါတယ်၊ ဒါကြောင့် တိုးတက်တဲ့ တိုင်းပြည်များရဲ့ ပညာရေးစနစ်မှာ စာတွေ့နဲ့ လက်တွေ့ကို ပေါင်းစပ်ပြီး ထားကြပါတယ်၊ ဆရာတို့ရဲ့ နိုင်ငံမှာ လည်း ခုအခါမှာ ''**ဗာဟုသစ္စ သိပ္ပ- စာတွေ့မှ လက်တွေ့သို့**''ဆိုတဲ့ ပညာရေးစနစ်ကို ပြုပြင် ပြောင်းလဲပြီး ဆောင်ရွက်နေတာကို မောင်မယ်တို့ ကိုယ်တိုင် သိကြပြီး ဖြစ်ပါတယ်၊ စာတွေ့သာ ရှိပြီး ငါတွေ့မပါရင် လက်တွေ့ အလုပ်လုပ်တဲ့အခါမှာ မလွယ်ပါဘူး၊ ဒါကြောင့် မင်္ဂလာတရားတော်မှာ ဗာဟု သစ္စမင်္ဂလာရဲ့ နောက်ဆက်တွဲ သိပ္ပမင်္ဂလာကို အရေးတကြီး ဆက်လက် ညွှန်ကြားတော်မူခြင်း ဖြစ်ပါတယ်။

မှုမှန်တဲ့ ပညာရေးစနစ်ကို နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော် အချိန်က စပြီး မြတ်ဗုဒ္ဓရှင်က လူသားတွေအတွက် ငဲ့ကွက်ပြီး ညွှန်ကြားတော်မူခဲ့ပေမယ့် လူသားတွေဟာ သဘောမပေါက်ခဲ့ကြဘူး၊ ၁၉-နဲ့ ၂၀-ရာစုကျမှ ဒီ ပညာရေး စနစ်ကြီးကို ခြေရာခံမိခဲ့ကြပါတယ်၊ ဆရာတို့ အပါအဝင် လူသားတွေဟာ ကိုယ့်တာသာကို ခေတ်မီလှပြီလို့ အထင်ကြီးနေကြပေမယ့် တကယ်တော့ ခုမှ ခေတ်မီမယ်ကြံတုန်း ရှိသေးပါလားဆိုတာ သတိပြုပြီး ဘဝင်မမြင့်မိကြဖို့ပါပဲ ကွယ်၊ ဒီ သိပ္ပမင်္ဂလာနဲ့ ပတ်သက်ပြီး ကျောက်သင်ပုန်းမှာ ရေးပြထားတဲ့ လောကနီတိပျို့ဟာ အလွန်မှတ်သားဖို့ ကောင်းပါတယ်။

http://www.dhammadownload.com

ပျင်းနေရင် အတတ်ပညာ မရပါဘူးတဲ့၊ အတတ်ပညာမရှိရင် ပစ္စည်းဉစ္စာ မရနိုင်ပါဘူးတဲ့၊ ပစ္စည်းဉစ္စာမရှိရင် ချစ်ခင်တဲ့သူလည်း မရနိုင်ပါဘူးတဲ့၊ ပြီးတော့ အတတ်ပညာဆိုတာ နည်းတယ်၊ များတယ် ရွေးမနေပါနဲ့၊ ကြုံရာအဆင်သင့်ရာကို ကြုံတုန်း အခွင့်ရတုန်း သင်ထားပါတဲ့၊ တစ်စက်စက်ကျတဲ့ ရေပေါက်တောင် ကြာတော့ အင်းအိုင် ချောင်းကန် ပြည့်ပါတယ်တဲ့၊ ဒါကြောင့် နှုတ်မှု၊ လက်မှု ပညာတစ်ခုခုကို တတ်ထားရင် အခက်အခဲ မရှိပါဘူးတဲ့၊ ဒီလို ညွှန်ပြပါတယ်၊ ပြီးတော့ အတတ်ပညာရဲ့ တန်ဖိုးကို ချစ်မြတ်နိုးကြတဲ့ ရှေးလူကြီးသူမများကလည်း "**မတတ်ကောင်းတဲ့ပညာ မရှိ၊ မလုပ်ကောင်းတဲ့ အလုပ်သာ ရှိသည်**"လို့ ဆုံးမခဲ့ကြပါတယ်။

"သိပ္ပဆိုတာ ဘာကို ပြောတာလဲ"

"လက်တွေ့အလုပ် လုပ်နိုင်းတာပါ ဆရာ"

"လက်တွေ့သာရှိပြီး စာတွေ့ မရှိရင်ရော"

"မပြည့်စုံပါဘူး ဆရာ"

အေး ဒါကြောင့် ဗာဟုသစ္စ– စာတွေ့ကိုလည်း သင်ပါ၊ သိပ္ပ– လက်တွေ့လည်း ကြိုးစားပါ၊ သိပ္ပံခေတ်မှာ ကြီးထွားလာတဲ့ မောင်မယ်တို့ တစ်တွေဟာ '**သဘောတရားမှ လက်တွေ့သို့**'ဆိုတဲ့ ဒီ ဗာဟုသစ္စမင်္ဂလာနဲ့ သိပ္ပမင်္ဂလာကို ကြေညက်အောင် လေ့လာထားသင့်ကြပါတယ်၊ ကဲ– ဒီလောက်ဆို ကျေနပ်ရောပေါ့ကွယ်၊ ဒီနေရာမှာ သမ္မဒါတရားအကြောင်း ပြောဖို့ သိပ်ကောင်းပါတယ်၊ ပြောမယ်လို့လည်း ဆရာ ဝန်ခံချက် ရှိခဲ့ပါတယ်၊ ဒါပေမယ့် အချိန်မရတဲ့အတွက် ဆရာ့အပေါ် ခွင့်ပြုစေလိုပါတယ်၊ အကြောင်းသင့်တဲ့အခါကျမှ သေသေချာချာ ပြောပြပါမယ်၊ အဲ မှာစရာတစ်ခု ကျန်သေးတယ်၊ မောင်မယ်တို့ စိတ်ကူးထားတဲ့ မင်္ဂလာဇာတ်လိုက်ကလေးဟာ စာတွေ့က ကျော်လွန်ပြီး လက်တွေ့အလုပ် တစ်ခုခု လုပ်နေပြီဆိုတာ ဆက်လက် စဉ်းစားထားကြဖို့ပါပဲ၊ ဘာလုပ်နေသလဲ၊ ဆရာဝန်လား၊ အင်ဂျင်နီယာလား၊ ကျောင်းဆရာလား၊ ကြိုက်တာလုပ်၊ လက်တွေ့အလုပ် လုပ်နေပြီဆိုတဲ့ အထိတော့ စဉ်းစားပြီး စိတ်ကူးယဉ်ထားကြပေါ့ကွယ်၊ ဒီတစ်ပတ် မင်္ဂလာသင်ခန်းစာအနေနဲ့ အပျင်းပြေ ဒုကနိပါတ်၊ အသဒိသဇာတ်ကို ပြောပြပါမယ်၊ ကဲ– နားထောင်။

http://www.dhammadownload.com

အသဒိသဇာတ်တော်

ဟိုး ရှေးရှေးတုန်းက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး ထီးနန်းအုပ်ချုပ် မင်းလုပ်တော်မူပါသတဲ့၊ မင်းကြီးမှာ အသဒိသနဲ့ ဗြဟ္မဒတ္တဆိုတဲ့ သားတော် နှစ်ပါး ရှိသတဲ့၊ နောင်တော် အသဒိသမင်းသားဟာ တစ်ဆယ့်ခြောက်နှစ်အရွယ်ရောက်တော့ တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီးထံမှာ ရှေးဦးစွာ သူ့ခေတ် သူ့အခါအတိုင်း ဗာဟုသစ္စမင်္ဂလာနဲ့ ပြည့်စုံဖို့အတွက် ဗေဒင်သုံးပုံကို သင်ကြားပါတယ်၊ ပြီးတော့ သိပ္ပမင်္ဂလာနဲ့ ပြည့်စုံဖို့အတွက် ယောကျ်ားတို့ တပ်အပ်တဲ့ အဋ္ဌာရသ တစ်ဆယ့်ရှစ်ရပ်သော လက်တွေ့အတတ်ပညာများကိုလည်း သင်ယူပါသတဲ့၊ ဒီပညာတွေထဲမှာ လေးအတတ်ပညာကို သူမတူအောင် တစ်ဖက်ကမ်းခပ် တတ်မြောက် အောင်မြင်သတဲ့ ကွယ်။

ပညာစုံလို့ တိုင်းရပ်ဌာနေ ပြန်လာလို့ မကြာမီမှာပဲ ခမည်းတော်ကြီး နတ်ရွာလားတဲ့အတွက် အမတ်ကြီးများက နောင်တော် အသဒိသမင်းသားကို ထီးနန်းအပ်ပြီး ညီတော် ဗြဟ္မဒတ္တမင်းသားကို အိမ်ရှေ့အရာ အပ်နှင်းတဲ့အခါမှာ အသဒိသမင်းသားက နန်းစည်းစိမ်ကို မလိုလားတာနဲ့ ညီတော်ကို အပ်နှင်းစေပါတယ်၊ သူကတော့ ဘုရင် မလုပ်ပါဘူး။ ဒါပေမယ့် ဘုရင်တစ်ပါးလို အနေမျိုးနဲ့ နေသတဲ့၊ မကြာမီမှာဘဲ မနာလိုသူများက ညီတော်ဘုရင်ကို "နောင်တော်က ထီးနန်းကို လုပ်ကြံလိမ့်မယ်"လို့ အမျိုးမျိုး ကုန်းချောတာနဲ့ ညီတော်ဘုရင်က နားဝင်ပြီး နောင်တော်ကို ဖမ်းဆီးစေတဲ့အခါမှာ အသဒိသမင်းသားကို ကြည်ညိုတဲ့ မင်းချင်းယောကျ်ားတစ်ယောက်က သွားရောက်ပြီး ကြိုတင်သတိပေးတာနဲ့ အသဒိသမင်းသားက ညီတော်ကို အမျက်တော် ဝင်သော်လည်း ရန်တုံ့မမူလိုတာနဲ့ တိုင်းပြည်မှ ထွက်ခွာသွားပါသတဲ့။

အခြားတိုင်းပြည်က ဘုရင်တစ်ပါးထံ မထင်မရှား သွားရောက် ခစားတဲ့အခါ "အမောင်၊ ဘာ ပညာတတ်သလဲ"လို့ မေးပါသတဲ့၊ ဒီတော့ မင်းသားက "မှန်လှပါ၊ လေးအတတ်ကို တစ်ဖက်ကမ်းခပ် တတ်မြောက်ပါကြောင်း" လျှောက်ထားတဲ့အခါမှာ "တစ်နှစ်ကို လခ ဘယ်လောက်ရရင် အမှုတော်

http://www.dhammadownload.com

ထမ်းနိုင်မလဲ'လို့ မေးပြန်သတဲ့၊ ''မှန်လှပါ၊ တစ်သိန်းရရင် ထမ်းဆောင်ပါမယ်''လို့ လျှောက်ထားတော့ ဘုရင်လည်း ကျေနပ်ပြီး လေးသမား ရာထူး အပ်နှင်းလိုက်သတဲ့ကွယ်၊ တစ်နေ့မှာ ဘုရင်ကြီးက အခြွေအရံများစွာနဲ့ ဥယျာဉ်တော် ထွက်ကြပြီး ကျောက်ဖျာပေါ်မှာ ခေတ္တလျောင်းစက်တဲ့အခါ သရက်ပင်ပေါ်က သရက်သီးခိုင်များကို တွေ့တာနဲ့ လေးသမားများကို ခေါ်ပြီး ''ပစ်နိုင်ပါ့မလား''လို့ မေးတဲ့အခါ လေးသမားဟောင်းများက ''မှန်လှပါ၊ ကျွန်တော်မျိုးတို့ရဲ့စွမ်းရည်ကို အရှင်မင်းကြီး အကြိမ်ကြိမ် တွေ့မြင်ပြီး ဖြစ်ပါတယ်၊ လေးသမားသစ်ဟာ လခလည်း ပိုရတယ်၊ သူ့ရဲ့ စွမ်းရည်ကိုလည်း တစ်ခါမှ မမြင်ရသေးတဲ့အတွက် သူ့အစွမ်းကို ပြခိုင်းတော်မူပါ''လို့ လျှောက်ထားကြသတဲ့ကွယ်။

ဒါနဲ့ ဘုရင်ကြီးက အသဒိသမင်းသားကို ခေါ်ပြောတဲ့အခါမှာ အသဒိသမင်းသားက ''မှန်လှပါ၊ အရှင်မင်းမြတ် နေသောနေရာကို ရပါက အစွမ်းပြပါမည် ဘုရား''လို့ လျှောက်ထားတော့ မင်းကြီးက ကျောက်ဖျာပေါ်က ဖယ်ပေးပါတယ်၊ ဒါနဲ့ အသဒိသမင်းသားဟာ ကျောက်ဖျာပေါ် တက်ပြီး ''အရှင်မင်းကြီး ရှုတော်မူပါ၊ ပစ်လိုက်တဲ့မြားဟာ သရက်သီးအညှာခိုင်ကို တစ်ဝက်သာ ပြတ်စေပြီး ပြန်ကျလာတဲ့မြားက ကျန်သော အညှာခိုင်တစ်ဝက်ကို ဖြတ်ပြီး လက်တော်အရောက် ဆက်သပါမယ်''လို့ လျှောက်ထားပြီး လေးညှို့ကို တင်ပြီး ပစ်လိုက်တဲ့အခါမှာ ပြောတဲ့အတိုင်း ဖြစ်တဲ့အတွက် ဘုရင်ကြီးနဲ့တကွ ပရိသတ်အားလုံးက ကောင်းချီးသြဘာ ပြုကြပါတယ်၊ အသဒိသမင်းသားကလည်း လေးအတတ်ကို တစ်ခုပြီး တစ်ခု အံ့မခန်းလောက်အောင်ကို ပြသပါတယ်၊ နောက်ဆုံးမှာ ဘုရင်နဲ့တစ်ကွ ပရိသတ်များက သဘောကျလွန်းလို့ ဆုငွေများ ချီးမြှင့်ကြတာဟာ ကုဋေနဲ့ချီပြီး ရပါသတဲ့ကွယ်။

မကြာခင်မှာပဲ ဗာရာဏသီပြည်မှာ အသဒိသမင်း မရှိကြောင်း ကြားသိရတာနဲ့ ခုနစ်ပြည်သော မင်းများက တပ်တောင်တာ မိုလ်ထုနဲ့ လူစုပြီး ဗြဟ္မဒတ္တမင်းထံ ရာဇသံပေးတဲ့အခါ ''ခလုတ်ထိမှ အမိတ''ဆိုသလို ဒုက္ခရောက်မှ နောင်တော်ကို သတိရတာနဲ့ ချက်ချင်း လူစုခွဲပြီး အသဒိသမင်းသားကို အရှာလွှတ်ပါတယ်၊ နောင်တော် အသဒိသမင်းကလည်း ''အရေးကြီးတော့ သွေးနီး

http://www.dhammadownload.com

ရမယ်''ဆိုတဲ့အတိုင်း အထောက်တော် ရောက်တာနဲ့ တစ်ပြိုင်နက် ဗာရာဏသီပြည် ပြန်ပြီး ခုနစ်ပြည်ထောင်သော မင်းတို့ထံ မြားနဲ့ သတိပေးစာရေးကာ အသဒိသမင်းသား ပြန်ရောက်ကြောင်း ရာဇသံပြန်ပေးတဲ့အခါမှာ အားလုံး ကြောက်လန့်ပြီး ထွက်ပြေးကြသတဲ့၊ နောက်ဆုံးမှာ အသဒိသမင်းသားဟာ လူ့လောကကြီးကို ငြီးငွေ့ပြီး တောထွက်ကာ ရသေ့ရဟန်း ပြုတော်မူသတဲ့ကွယ်၊ ဇာတ်ပေါင်းတော့ အသဒိသမင်းသားက ဘုရားအလောင်း၊ ဗြဟ္မဒတ္တမင်းသားက ရှင်အာနန္ဒာအလောင်း ဖြစ်ကြပါတယ်။

ဒီဇာတ်တော်မှာ မင်္ဂလာသင်ခန်းစာ ယူဖို့ကတော့ အသဒိသမင်းသားဟာ သိပ္ပမင်္ဂလာနဲ့ ပြည့်စုံတဲ့အတွက် မိမိအကျိုး အများအကျိုး သယ်ပိုး ဆောင်ရွက်နိုင်တယ်ဆိုတာကို အနှစ်ထုတ်ပြီး ယူတတ်ကြဖို့ပါပဲ၊ ကဲ ကျောက်သင်ပုန်းမှာ ရေးထားတဲ့ မင်္ဂလာကဗျာလေးကို ရွတ်ပြီး ဒီတစ်ပတ်သင်တန်းကို ရပ်နားကြပါစို့။

လက်တွေ့ကျကျ သင်ယူကြ

(က) အသဒိသာ ဇာတ်လာတရားကို၊ မှတ်ကာထားလို့ နည်းယူဖွယ်။
အတတ်ပညာ ဆိုသည်များကို၊ ကိုယ်စီထားလို့ သင်ယူကွယ်။

(ခ) စာတွေ့ပေါ်မှာ လက်တွေ့မှီးလို့၊ သိပ္ပံနည်းနဲ့ ညီစေကွယ်။
မင်္ဂလာကို လက်တွေ့ကျင့်လို့၊ ရှေ့သို့တစ်ဆင့် တက်ရမယ်။

(ဂ) မိမိအကျိုး တိုင်းပြည်ကျိုး၊ သယ်ပိုး ဆောင်ရွက်ကွယ်။
အဲဒါကြောင့် လက်တွေ့ကျကျ၊ သင်ယူကြ သိပ္ပပညာကွယ်။ ။

''မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ''

မွေ့ဖျူဟာစာစောင်၊ အတွဲ (၅)–အမှတ်(၁၀) ၊ အတွဲ (၆၇)–အမှတ်(၁၀)

http://www.dhammadownload.com



http://www.dhammadownload.com

မောင်မယ်တို့လည်း နွေရာသီကျောင်းပိတ်ရက် ရောက်လာပြီ၊ နွေရာသီကျောင်းပိတ်ရက်မှာ မောင်မယ်တို့ဟာ အချိန်ကို အလဟဿ မဖြစ်စေဘဲ မိမိအတွက်ဖြစ်စေ၊ သူတစ်ပါးအတွက်ဖြစ်စေ အကျိုးရှိမယ့် လုပ်ငန်းများကို ရွေးချယ်ပြီး ကိုယ်နဲ့တန်ရာ သင့်ရာတွေကို လုပ်ကိုင်ကြဖို့ ဆရာ တိုက်တွန်းပါတယ်၊ အချိန်ဟာ လူကို ဘယ်တော့မှ မစောင့်ဘူးဆိုတာ မောင်မယ်တို့လည်း သဘောပေါက်ပြီး ဖြစ်ကြပါတယ်၊ ဒါကြောင့်မို့ ကျောင်းအားချိန်မှာ အချိန်ကို တန်ဖိုးရှိရှိ အသုံးချဖို့ ဆရာ အထူးပဲ သတိပေးပါတယ်၊ ဆရာတို့ သင်တန်းဟာ ဒီအပတ်ဆိုရင် ၉-ပတ် ရှိသွားပြီနော်၊ မောင်မယ်တို့ မင်္ဂလာသဘော ကျေ၊ မကျေ ဆရာ ကဗျာလေးတစ်ပိုဒ် ရွတ်ပြမယ်၊ အဲဒီကဗျာကို မင်္ဂလာနဲ့ ဟပ်ပြကြစမ်းပါ။

"ရွေးသံသရာ၊ ကြမ္မာချိုးပင့်၊ သင့်တင့်ရပ်နေ၊
မိတ်ဆွေပေါင်းဖော်၊ သူတော်လည်းငြား။
ကိုယ်အားဆုံးမ၊ စက္ကလေးမည်၊ ပြည့်စုံတည်ရှိ" – တဲ့။

"ရွေးသံသရာ ကြမ္မာချိုးပင့်ဆိုတာ ပုဗ္ဗေစ ကတပုညတာ မင်္ဂလာကို ပြောပြတာပါ ဆရာ"

"သင့်တင့်ရပ်နေဆိုတာ ပတိရူပဒေသဝါသ မင်္ဂလာကို ပြောတာပါ ဆရာ"

"မိတ်ဆွေပေါင်းဖော် သူတော်လည်းငြားဆိုတာ အသေဝနာ စ ဗာလာန မင်္ဂလာ၊ ပဏ္ဍိတာနဉ္စသေဝန မင်္ဂလာ၊ ပူဇာ စ ပူဇနေယျာ မင်္ဂလာတို့ကို ပြောတာပါ ဆရာ"

"စက္ကလေးမည်ဆိုတာ ဒီလေးပါးဟာ သမ္ပတ္တိစက်လေးပါး ခေါ်ကြောင်း ပြောတာပါဆရာ"

"တယ်ဟုတ်ကြပါလားကွယ်၊ ကဲ ... ဆက်မေးရဦးမယ်၊ သဘောတရားမှ လက်တွေ့သို့ဆိုတဲ့ မင်္ဂလာနဲ့ ဟပ်ပြကြစမ်းပါကွယ်"

http://www.dhammadownload.com

''သဘောတရားဆိုတာ ဗာဟုသစ္စမင်္ဂလာကို ပြောတာပါ၊ လက်တွေ့ဆိုတာ သိပ္ပမင်္ဂလာကို ပြောတာပါ ဆရာ''

''အေး ... ခုလို မောင်မယ်တို့ မင်္ဂလာသဘောများကို ကျေကျေပွန်ပွန် မှတ်သားထားကြတဲ့အတွက် ဆရာ အထူးပဲ ဝမ်းသာပါတယ်၊ သဘောအဓိပ္ပာယ်ကို တိတိကျကျသိမှပဲ လက်တွေ့ကျင့်သုံးတဲ့ နေရာမှာ လွယ်ကူပါတယ်၊ ခုလို သဘောအဓိပ္ပာယ်ကို စနစ်တကျ လေ့လာလိုက်တော့ မင်္ဂလာဆိုတာ ထူးထူးဆန်းဆန်းကြီး ကျင့်ကြံနေရတဲ့တရား မဟုတ်ဘူးဆိုတာ မောင်မယ်တို့ ကိုယ်တိုင် ဆုံးဖြတ်နိုင်ပါလိမ့်မယ်၊ ဆရာတို့ မောင်မယ်တို့ကိုယ်တိုင်ယခု မင်္ဂလာသဘောတွေကို လေ့လာနေပါတယ်၊ ဒါသည်ပင် 'ဗာဟုသစ္စမင်္ဂလာ' ဖြစ်ပါတယ်၊ မင်္ဂလာသဘောတွေကို သိအောင် လေ့လာပြီး တတ်နိုင်သလောက် ကာယကံမြောက် လက်တွေ့ ကျင့်သုံးနေကြပါတယ်၊ ဒါကိုပင် 'သိပ္ပမင်္ဂလာ'လို့ ခေါ်နိုင်ပါတယ်။

အများအားဖြင့် လူတွေဟာ နေ့စဉ် မင်္ဂလာရှိတဲ့အလုပ်ကို ပြုလုပ်နေကြတာ များပါတယ်၊ ဒါပေမယ့် ဒီအလုပ်ဟာ မင်္ဂလာရှိတဲ့အလုပ်လို့ သဘောမပေါက်ရှာကြဘူး၊ သဘောမပေါက်တော့ ကိုယ့်အလုပ်ကို အထင်မကြီးဘူးပေါ့၊ အထင်မကြီးတော့ မစွဲမြဲဘူး၊ ဒီလို ဖြစ်သွားတာ များတယ်၊ ဥပမာ–ကလေးကို ချော့ပြီး သိပ်တယ်ဆိုပါတော့၊ ဒါကို တချို့က သဘောမသိကြတော့ မင်္ဂလာရှိတဲ့အလုပ်လို့ နားမလည်ကြဘူး၊ ကလေးချော့သိပ်တာဟာ မင်္ဂလာရှိတဲ့အလုပ်ဆိုတာ နောက်တော့ မောင်မယ်တို့ကိုယ်တိုင် မင်္ဂလာသဘောမှာ တွေ့ကြရပါလိမ့်မယ်၊ မျက်မှောက်ခေတ်မှာ မင်္ဂလာအလုပ်တွေ မတိမ်ကောသေးပေမယ့် မင်္ဂလာသဘောတရားများကတော့ တစ်စတစ်စ လုံးပါး ပါးလာတာကို တွေ့ရပါတယ်၊ သဘောတရား ပျောက်ကွယ်သွားရင် ထိုသဘောတရားရဲ့ အကျိုးဆက်ဖြစ်တဲ့ လက်တွေ့အလုပ်များလည်း ပျောက်ကွယ်သွားတယ်ဆိုတာ သတိပြုသင့်တယ်ကွယ့်၊ ဒါကြောင့်မို့ မင်္ဂလာသဘောတရားများ မပျောက်ကွယ်ရေးအတွက် တတ်နိုင်သလောက် ထိန်းသိမ်းဖို့ တာဝန်ဟာ ဆရာတို့ မောင်မယ်တို့မှာ အသီးသီး ရှိနေတယ်ဆိုတာ ခံယူကြဖို့ လိုပါတယ်။

ကဲ ... သင်တန်းစကြပါစို့။

http://www.dhammadownload.com

၉။ ဝိနယော စ သုသိက္ခိတော

(ကျင့်ဝတ် ဝိနည်းသင်ရေးစဉ်သော)

"မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ"

မင်္ဂလာသဘောတရားများကို မောင်မယ်တို့ ပိုပြီး သဘောပေါက်အောင် အဆောက်အအုံသဘော၊ လူတစ်ယောက်ရဲ့ ဘဝခရီးစဉ်သဘောများနဲ့ ဟပ်ပြီး ဆရာ ပြောသွားပါမယ်။

အဆောက်အအုံသဘောနဲ့ ပြောရရင် သမ္ဗုဒ္ဓိစက်လေးပါးနဲ့ မင်္ဂလာဗိမာန်တော်ကြီးကို ပန္နက်ချခဲ့ပါတယ်၊ ဒီပန္နက်ကြီးပေါ်မှာ ဗာဟုသစ္စမင်္ဂလာ၊ သိပ္ပမင်္ဂလာဆိုတဲ့ မင်္ဂလာမဏ္ဍိုင်များကို တည်ဆောက်ပြီးသွားပါပြီ၊ အဆောက်အအုံတစ်ခုမှာ တိုင်ဆိုတာ အနည်းဆုံး လေးတိုင်တော့ ပါစမြဲပဲကွယ့်၊ ခုမှ ဆရာတို့က မင်္ဂလာမဏ္ဍိုင် နှစ်တိုင်ပဲ စိုက်ရသေးတော့ နှစ်တိုင်ကျန်သေးတယ်၊ ဒါကိုလည်း စိတ်ကူးထားကြပေါ့ကွယ်။

ပြီးတော့ လူတစ်ယောက်ရဲ့ ဘဝခရီးစဉ်သဘောနဲ့ ပြောရရင် မောင်မယ်တို့ကို ဆရာက မင်္ဂလာဇာတ်လိုက်လေးတစ်ယောက် ဖန်တီးခိုင်းထားတယ်

http://www.dhammadownload.com

မဟုတ်လား၊ သူဟာ "**သဘောတရားမှ လက်တွေ့သို့**" ဆိုတဲ့ ဆောင်ပုဒ် အတိုင်း ဗာဟုသစ္စမင်္ဂလာမှ သိပ္ပမင်္ဂလာကို လက်တွေ့ ကျင့်သုံးနေပြီ မဟုတ်လား၊ တည့်တည့်ပြောတော့ သူဟာ ကျောင်းကထွက်ပြီး အလုပ်လုပ်နေပြီ ပေါ့ကွယ်၊ လူ့ဘဝ ခရီးစဉ်မှာ ပထမ ပညာသင်ရမယ်၊ ဒုတိယ ဥစ္စာရှာရမယ် ဆိုတဲ့အတိုင်း အခု သူဟာ ဥစ္စာ ရှာနေတဲ့အချိန် ရောက်နေပြီလို့ ဆိုရမယ်၊ ဒီတော့ စဉ်းစားစရာ ရှိလာတယ်၊ ဘယ်လိုလဲဆိုတော့ လူ့ဘဝမှာ ပညာ တတ်ရုံနဲ့ လူပီသပြီလား၊ လူရာဝင်ပြီလား၊ ဒါကို အလေးအနက် စဉ်းစားရပါ လိမ့်မယ်၊ လူ့ဘဝဆိုတာ ကျယ်ဝန်းပါတယ်၊ ဒီလို ကျယ်ဝန်းတဲ့အတွက် ပညာ တတ်ရုံ၊ ဥစ္စာရှိရုံနဲ့လည်း မလုံလောက်သေးဘူးဆိုတာကို သတိပေးလိုတဲ့ အတွက် မင်္ဂလာကွင်းဆက်အနေနဲ့-

ဝိနယော စ သုသိက္ခိတော လို့ ဆက်လက် ညွှန်ကြားတော်မူပါတယ်၊ အဓိပ္ပာယ်ကတော့ "**စည်းကမ်းကို ကောင်းစွာ သင်ကြား တတ်ကျွမ်းရမယ်၊ စည်းကမ်း ရှိရမယ်**"လို့ ဆိုလိုပါတယ်၊ "**စည်းကမ်းဆိုတာ လူ့တန်ဖိုးပါ**" ဆိုတဲ့ ခေတ်သုံးစကားတစ်ခု ရှိပါတယ်၊ အင်မတန် ကောင်းမြတ်တဲ့ စကားလုံး လေး ဖြစ်ပါတယ်၊ တိုတိုနဲ့ ထိထိမိမိလည်း ရှိလှပါတယ်၊ အရာရာတိုင်းမှာ လိုအပ်သလို ကျယ်လည်း ကျယ်ဝန်းလှပါတယ်။

ဒီနေရာမှာ မင်္ဂလာကွင်းဆက်သဘော ပြောရရင် ပညာဗဟုသုတရှိရုံ၊ လက်တွေ့ အလုပ်လုပ်တတ်လို့ ငွေရရုံနဲ့ မလုံလောက်သေးပါဘူး။ စည်းကမ်းရှိဖို့ လည်း လိုအပ်ပါသေးတယ်တဲ့၊ စည်းကမ်းမရှိရင် အရာရာတိုင်းမှာ ပရမ်းပတာ ဖြစ်ကုန်ပါမယ်တဲ့၊ ဗဟုသုတ ရှိတာတော့ ဟုတ်ပါပြီ၊ စည်းကမ်းမရှိရင် သူ့နေရာနဲ့သူ အသုံးမချတတ်လို့ ဗရုတ်သုတ်ခ ဗဟုသုတ ဖြစ်သွားပါမယ်တဲ့။

လက်တွေ့ အလုပ်လုပ်တတ်လို့ ငွေရပါပြီတဲ့၊ စည်းကမ်းမရှိရင် 'ပါနီ ထဲက ရတဲ့ငွေ ပါနီထဲ ပြန်သွား'ဆိုတဲ့ ကုလားစကားလို နေမှာပါတဲ့၊ ဒါကြောင့် ဗဟုသုတ ရှိရုံ၊ အလုပ်လုပ်တတ်ရုံနဲ့ ကိစ္စမပြီးသေးပါဘူး၊ စည်းကမ်း ရှိဖို့ လည်း လိုအပ်ပါသေးတယ်လို့ မင်္ဂလာတရားက ညွှန်ကြားပါတယ်၊ ဒါကို မောင်မယ်တို့ သဘောပေါက်ဖို့ လိုပါတယ်၊ သဘောပေါက်ဖို့ လိုအပ်သလို လက်တွေ့ကျင့်သုံးဖို့လည်း အထူး အရေးကြီးလှပါတယ်။

http://www.dhammadownload.com

လူဖြစ်ရင်လည်း လူ့စည်းကမ်းနဲ့ ညီညွတ်ရမယ်၊ ရဟန်းဖြစ်ရင်လည်း ရဟန်းစည်းကမ်းနဲ့ ညီညွတ်ရမယ်၊ ဒါမှ ရဟန်းပီသတယ်၊ **ဝိနယ**–ဝိနည်း ဆိုတာ မြန်မာလိုတော့ စည်းကမ်းလို့ ဆိုလိုပါတယ်။

ဆရာတို့ မြန်မာစကားမှာ တာဝန်ဝတ္တရားဆိုတဲ့ စကားနှစ်လုံး ပူးတွဲရှိပါတယ်၊ တာဝန်နဲ့ ဝတ္တရားဟာ ဆရာ့အမြင်တော့ သဘောချင်း သိပ်မကွာလှပါဘူး၊ ဒါပေမယ့် ကွဲပြားအောင် ခွဲခြားမယ်ဆိုရင်တော့ သူတစ်ပါးက မိမိအား လောလောလတ်လတ် ဆောင်ရွက်ရန် ပေးအပ်လိုက်တဲ့ အမှုကိစ္စကို တာဝန်၊ အစဉ်အလာအားဖြင့် မလုပ်မဖြစ်တဲ့ (မခိုင်းသော်လည်း လုပ်ရမယ့်) အမှုကိစ္စကို ဝတ္တရားလို့ ဒီလို ခွဲခြားလိုပါတယ်၊ ဒီတာဝန်နဲ့ ဝတ္တရားများဟာ စည်းကမ်းရဲ့ဘောင်ထဲမှာ တည်ရှိပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ စည်းကမ်းဆိုတဲ့ ကျယ်ဝန်းလှတဲ့ ဥပဒေကို အကျဉ်းချုပ်လိုက်ရင် ''မိမိအကျိုး၊ သူတစ်ပါးအကျိုးကို ဆောင်ရွက်ရမယ်'' ဒါဟာ စည်းကမ်းဥပဒေရဲ့ အကျဉ်းချုပ်ပဲ၊ စည်းကမ်းရဲ့ သဘောတွေ ဘယ်လောက် ကျယ်ဝန်း ကျယ်ဝန်း အကျဉ်းချုပ်လိုက်ရင် **အတ္တဟိတ၊ ပရဟိတ**– မိမိအကျိုး၊ သူတစ်ပါးအကျိုးကို ဆောင်ရွက်ခြင်းဆိုတဲ့ အနှစ်သာရကိုသာ တွေ့ရပါလိမ့်မယ်။

ဒါကြောင့် တာဝန်နဲ့ဝတ္တရား ဆိုတာဟာလည်း အတ္တဟိတ၊ ပရဟိတ ကိစ္စများပဲ ဖြစ်တဲ့အတွက် စည်းကမ်းဆိုတဲ့ ဘောင်ထဲမှာ ပါဝင်နေတယ်ဆိုတာ မောင်မယ်တို့ သဘောပေါက်ဖို့ လိုပါတယ်၊ ပြီးတော့ စည်းကမ်းဆိုတဲ့ စကားဟာ ''သေသေသပ်သပ်၊ ပိပိရိရိ''ဆိုတဲ့ စကားကိုလည်း ညွှန်ပြနေတယ်ကွယ့်၊ ဒါကြောင့် စည်းကမ်းရှိတယ်ဆိုတာ သေချာမှု၊ သပ်ယပ်မှု၊ ပိရိမှုကို ဆိုလိုတယ်၊ ဒီလိုပဲ မှတ်သားရပါမယ်၊ ဒါပေမယ့် သဘောကတော့ အတူတူပါပဲ၊ ဘယ်နေရာမှာမဆို သေချာတယ်၊ သပ်ရပ်တယ်၊ ပိရိတယ်ဆိုရင် ကိုယ့်အတွက် အကျိုးဖြစ်ထွန်းသလို အများအတွက် အကျိုးမသက်ရောက် သည့်တိုင်အောင် အနှောင့်အယှက်တော့ မဖြစ်ပါဘူး၊ ''မကူညီချင်နေပါ၊ မနှောင့်ယှက်ပါနှင့်'' ဆိုတဲ့ ဆောင်ပုဒ်အတိုင်း လောကမှာ ဘယ်နေရာမဆို အများအကျိုးကို မဆောင်ရွက်နိုင်သည့်တိုင်အောင် နှောင့်ယှက်မှုမဖြစ်အောင် နေတတ်ဖို့ဟာလည်း လူ့ဝတ္တရား လူ့စည်းကမ်းပါပဲ၊ ဒါကြောင့် သေသပ် ပိရိမှုဟာ အတ္တ

http://www.dhammadownload.com

ဟိတ ပရဟိတအကျိုးကို တိုးပွားစေတဲ့အတွက် စည်းကမ်းဆိုတဲ့ ဘောင်ထဲမှာ ပါဝင်တယ်ဆိုတာ သတိပြုဖို့ လိုပါတယ်။

ဒီတော့ စားတဲ့အခါလည်း သေသပ်ရမယ်၊ သွားတဲ့အခါမှာလည်း သေသပ်ရမယ်၊ နေတဲ့အခါလည်း သေသပ်ရမယ်၊ ထိုင်တဲ့အခါလည်း သေသပ်ရမယ်၊ ဝတ်တဲ့အခါလည်း သေသပ်ရမယ်၊ ပြောတဲ့အခါလည်း သေသပ်ရမယ်၊ ဒါဟာ လူ့စည်းကမ်း၊ လူ့ဝတ္တရားပဲကွယ့်၊ ဒါတွေဟာ နိုင်းနိုင်း မနိုင်းနိုင်း လုပ်ကိုလုပ်ရမယ့် ဝတ္တရားတွေဆိုတာ အားလုံး ခံယူကြရမယ်၊ ''ယဉ်ကျေးမှု'' ဆိုတဲ့ စကားကို မျက်မှောက်ခေတ်မှာ တော်တော် သုံးကြတယ်၊ ယဉ်ကျေးမှု ဆိုတာဟာလည်း မောင်မယ်တို့ကိုယ်တိုင် ဒီစကားကို ဆန်းစစ်ကြည့်ဖူးရဲ့လား၊ ယဉ်ကျေးမှုဆိုတာ စည်းကမ်းရှိမှုလို့ ဆရာတော့ ဒီလိုပဲ သဘောပေါက်တယ်၊ ယဉ်ကျေးမှုဆိုတဲ့ ဝေါဟာရကို အများ နားလည်လွယ်အောင် ရှင်းရှင်းလေး အဓိပ္ပာယ် ဖွင့်ပြနိုင်တဲ့ စကားလုံးဟာ စည်းကမ်းပဲ ဖြစ်ပါတယ်၊ ဒါကြောင့် ''**စည်းကမ်းဆိုတာ လူ့ယဉ်ကျေးမှု**''လို့ ဒီလိုပဲ ဥဒါန်းပြုနိုင်ပါတယ်။

တချို့က မေးကြတယ်၊ ဗုဒ္ဓယဉ်ကျေးမှုဆိုတာ ဘာလဲတဲ့၊ ဗုဒ္ဓယဉ်ကျေးမှု ကို သိချင်ရင် ဝိနည်းပိဋကကို ဖတ်ရပါလိမ့်မယ်၊ ဝိနည်းပိဋကကို ဖတ်ကြည့် တော့ ဘာတွေ တွေ့ရမလဲ၊ စည်းကမ်းတွေကို တွေ့ရလိမ့်မယ်၊ စည်းကမ်း ဆိုတာကကော ဘာလဲ၊ စည်းကမ်းဆိုတာ သေသေသပ်သပ်နဲ့ အတ္တဟိတ၊ ပရဟိတကိစ္စကို ဆောင်ရွက်မှု၊ သို့မဟုတ် တာဝန်ဝတ္တရားကျေမှုကို ''စည်း ကမ်း''လို့ ဆိုလိုတယ်၊ ဒါကြောင့် ယဉ်ကျေးမှုဆိုတာ စည်းကမ်းရှိမှုကို ဆိုလို တယ်ဆိုတာ မောင်မယ်တို့ လက်ခံနိုင်လောက်ပြီလို့ ဆရာ ယုံကြည်ပါတယ်၊ ယဉ်ကျေးဆိုတဲ့ ဝေါဟာရကို ဒီထက် တိုတိုရှင်းရှင်းနဲ့ အဓိပ္ပာယ်ဖွင့်နိုင်တဲ့ စကားလုံးတွေ့ရင်လည်း ပြောကြပါ၊ ဆရာ ခံယူဖို့ ကြိုလင့်နေပါတယ်။

တာဝန်နဲ့ ဝတ္တရားသဘောကို ဆရာ ပြောပြပြီးပြီနော်၊ လောကကြီးမှာ ဘယ်နေရာမှာမဆို အပြန်အလှန် တွဲဖက်နေမှု ဒွန္ဒသဘော ရှိတယ်၊ ဒါကြောင့် မိဘဝတ္တရား၊ သားသမီးဝတ္တရား၊ ဆရာဝတ္တရား၊ တပည့်ဝတ္တရား၊ ဆရာ ဝတ္တရား၊ ဒကာဝတ္တရား၊ ဒီလို အသီးသီး အပြန်အလှန် အညမညသဘောတွေ ရှိလာတယ်၊ ဒီဝတ္တရားတွေဟာ လူ့စည်းကမ်း လူ့ဝိနည်းတွေပဲ၊ ဝိနယောစ

http://www.dhammadownload.com

သုသိက္ခိတော ဆိုတဲ့ မင်္ဂလာရဲ့ဘောင်ထဲမှာ ပါဝင်နေတယ်၊ ဒီဝတ္တရားတွေ ပျက်ကွက်ရင် ဒီမင်္ဂလာ ကျိုးပျက်တာပဲ၊ ဒီ ဝိနယမင်္ဂလာဟာ လူ့ပီသရေး အတွက် အဓိကသော့ချက် ဖြစ်ပါတယ်၊ ဒါကြောင့် လူနဲ့ တူချင်ရင်၊ လူ့ပီသ ချင်ရင် ဝိနယမင်္ဂလာကို သေသေချာချာ ကျင့်သုံးရပါလိမ့်မယ်။

ကဲ– ဒါလောက်ဆို ဝိနယမင်္ဂလာရဲ့သဘောကို မောင်မယ်တို့ သဘော ပေါက်လောက်ပါပြီ၊ ဆရာလည်း အခုတလော သိပ်အလုပ်များနေတယ်ကွယ့်၊ ဒါကြောင့် အချိန်များများ မပေးနိုင်ဖြစ်နေတယ်၊ ခုတစ်ပတ် ဝိနယမင်္ဂလာ သင်ခန်းစာအဖြစ် သိင်္ဂါလသုတ်တော်ကို ပြောပြပါမယ်၊ သိင်္ဂါလသုတ်တော်ဟာ ဇာတ်လမ်းအနေနဲ့တော့ မရှိလှပါဘူး၊ ဒါပေမယ့် ဝိနယမင်္ဂလာအတွက် မိဘ ဝတ်, သားသမီးဝတ် စသည်တို့ကို တစ်ခုချင်း အသေးစိတ် ဟောပြထားတဲ့ အတွက် အလွန် မှတ်သားဖို့ ကောင်းပါတယ်၊ သုတ်တော်အတိုင်း ရေးပြရလျှင် အလွန် ကျယ်ဝန်းပါတယ်၊ ဒါကြောင့် ဒီနေရာမှာ သုတ်တော်ဖြစ်ပေါ်လာပုံလေး ကိုပဲ ပြောပါရစေ၊ သုတ်တော်မှာပါတဲ့ ဝတ္တရားများကိုတော့ မောင်မယ်တို့ လည်း ကျောင်းမှာ သင်ရပါလိမ့်မယ်၊ ဒါကြောင့် ဆရာ အကျယ်မပြောတော့ ပါဘူး၊ တကယ်လို့ သေသေချာချာ သိချင်ရင်တော့ သုတ်ပါထေယျပါဠိတော် သိင်္ဂါလသုတ်မှာ ပါတယ်ဆိုတာကို ညွှန်ကြားပါရစေကွယ်၊ သုတ်တော် ဖြစ်ပေါ် လာပုံလေးကို ပြောပြမယ်၊ ကဲ ... နားထောင်။

သိင်္ဂါလသုတ်တော်

မြတ်စွာဘုရားရှင်ဟာ ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတော်မှာ သီ တင်းသုံးနေခိုက် ဖြစ်ပါတယ်၊ တစ်နေ့တော့ မြတ်စွာဘုရားရှင်ဟာ တစ်ပါး တည်း ရာဇဂြိုဟ်မြို့ထဲကို နံနက်စောစော ဆွမ်းခံဝင်တဲ့အခါ လမ်းမှာ ဆံပင် ဖားလျားချပြီး တစ်ကိုယ်လုံး ရေတွေ စိုရွှဲလို့ အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ အောက်၊ အထက်ဆိုတဲ့ အရပ် ခြောက်မျက်နှာကို တစ်လှည့်စီ ကန်တော့နေတဲ့ သိင်္ဂါလလုလင်ကို တွေ့တော်မူတယ်၊ ဒါနဲ့ မြတ်စွာဘုရားက အရပ်ခြောက်မျက်နှာကို ရှိခိုးရခြင်းအကြောင်းကို သိင်္ဂါလလုလင်အား မေးတဲ့ အခါ သိင်္ဂါလလုလင်က သူ့ရဲ့ဖခင် မသေဆုံးခင်က အရပ် ခြောက်မျက်နှာကို

http://www.dhammadownload.com

ရှိခိုးခိုင်းခဲ့၍ ရှိခိုးကြောင်း ပြန်ပြီး လျှောက်ထားသတဲ့ကွယ်။

ဒီအခါမှာ မြတ်စွာဘုရားရှင်က အရိယာသာသနာတော်မှာ အရပ်ခြောက်မျက်နှာကို ဤသို့ မရှိခိုးအပ်ကြောင်း မိန့်တော်မူတဲ့အခါ သိင်္ဂါလလုလင်က မည်သို့ ရှိခိုးရကြောင်း မေးလျှောက်တဲ့အတွက် ဒီသုတ်တော်ကို ဟောတော်မူခြင်း ဖြစ်ပါတယ်၊ သိင်္ဂါလလုလင်ကို အကြောင်းပြုပြီး ဟောတော်မူတဲ့အတွက် ''သိင်္ဂါလသုတ်''လို့ပဲ အမည်တွင်ပါတယ်၊ ''**သိင်္ဂါလောဝါဒသုတ်**''လို့လည်း ခေါ်ကြပါတယ်၊ သုတ်တော်မှာ ညစ်ညူးသော ကံလေးပါး၊ အကြောင်းလေးပါး၊ စည်းစိမ်ပျက်ကြောင်း ခြောက်ပါး၊ အရက်သောက်ခြင်းအပြစ် ခြောက်ပါး၊ အခါမဲ့သွားလာခြင်းအပြစ် ခြောက်ပါး၊ ပွဲလမ်းသဘင်ကြည့်ရှုခြင်းအပြစ် ခြောက်ပါး၊ လောင်းကစားခြင်းအပြစ် ခြောက်ပါး၊ ခင်ပွန်းယုတ်အပြစ် ခြောက်ပါး၊ ပျင်းရိခြင်းအပြစ် ခြောက်ပါး၊ မိတ်ဆွေတု၊ မိတ်ဆွေကောင်း၊ အရပ်ခြောက်မျက်နှာဟူသော မိဘဝတ် စသည်တို့ကို အသေးစိတ်ဟောပြထားပါတယ်၊ ကဲ-အချိန်မရတဲ့အတွက် ဤမျှနဲ့ပဲ ဒီတစ်ပတ်သင်တန်းကို ရပ်နားကြပါစို့။

စည်းကမ်းရှိရမယ်

- သိင်္ဂါလသုတ်လာ ဒေသနာတရားကို၊ သေချာမမှား နည်းယူဖွယ်။
  ဝိနည်းဆိုတာ စည်းကမ်းတရားတဲ့၊ နည်းလမ်းမမှားဖို့ ကျင့်ကြံကွယ်။
- စည်းကမ်းဆိုတာ ယဉ်ကျေးမှုကွယ့်၊ အစဉ်တွေးရှုလို့ လိုက်နာကွယ်။
  မင်္ဂလာကို လက်တွေ့ကျင့်လို့၊ ရှေ့သို့တစ်ဆင့် တက်ရမယ်။
- မိမိအကျိုး တိုင်းပြည်ကျိုး၊ သယ်ပိုး ရွက်ဆောင်ကွယ်။
  အဲဒါကြောင့်- စည်းကမ်းတကျ၊ ဆောင်ရွက်ကြ၊ မုချ အောင်မြင်မယ်။

မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ၊

မွေ့ဖျူဟာစာစောင်၊ အတွဲ (၅)-အမှတ်(၁၁) ၊ အတွဲ (၅၇)-အမှတ်(၁၁)

http://www.dhammadownload.com

http://www.dhammadownload.com

ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယော စ သုသိက္ခိတော။
သုဘာသိတာ စ ယာဝါစာ၊ ဧတံ မင်္ဂလ မုတ္တမံ။

သောဒေဝပုတ္တ– အိုနတ်သား၊ **ဗာဟုသစ္စဉ္စ**– အကြားအမြင်များသောသူ၏ အဖြစ်သည်လည်းကောင်း၊ **သိပ္ပဉ္စ**– လက်မှုပညာအစရှိသောအတတ်တို့ကို တတ်ရခြင်းသည်လည်းကောင်း၊ **သုသိက္ခိတော**– ကောင်းစွာ သင်အပ်သော၊ **ဝိနယောစ**– ဝိနည်းတရားသည်လည်းကောင်း၊ **သုဘာသိတာ စ**– ကောင်းစွာဆိုအပ်သော၊ **ယာဝါစာ** – အကြင်စကားသည်လည်းကောင်း၊ **ဧတံ**– ဤလေးပါးသောတရားသည်လျှင်၊ **ဥတ္တမံ**– မြတ်စွာသော၊ **မင်္ဂလံ**– မင်္ဂလာမည်၏ဟူ၍၊ **တွံ**– သင်နတ်သားသည်၊ **ဂဏှာဟိ**– မှတ်လေလော့။

နှစ်သစ်မှာ လူသစ် စိတ်သစ် အတွေးအခေါ်သစ်များနဲ့ မိမိအကျိုး တိုင်းပြည်အကျိုးကို ဆတက်ထမ်းပိုးတိုးပြီး ကြိုးစားနိုင်ကြပါစေလို့ ဆရာ ဆန္ဒပြုပါတယ်၊ တစ်နှစ်ဟောင်းလို့ တစ်နှစ် ပြောင်းခဲ့ပြီ၊ နှစ်ပြောင်းသလို လူအခြေအနေလည်း ပြောင်းဖို့လိုပါတယ်၊ ငယ်ရွယ်သူများအဖို့ ပညာကို ပိုပြီး ကြိုးစားသင့်တယ်ကွယ့်၊ ဒါမှလည်း တိုးတက်ပြောင်းလဲတဲ့ အခြေအနေလို့ ဆိုရပါမယ်၊ ပညာရှာချိန်မှာ ပညာကို ကြိုးစား၊ ဥစ္စာရှာချိန်မှာ ဥစ္စာကို ရှာဖွေ၊ တရားအားထုတ်ချိန်မှာ တရားအလုပ်ကို အားထုတ်ကြိုးပမ်းကြဖို့ဟာ လူ့ဝတ္တရား၊ လူ့တာဝန်တွေပဲကွယ့်၊ မင်္ဂလာကို လက်တွေ့ ကျင့်သုံးကြမယ်လို့ အဓိဋ္ဌာန်ပြုထားတဲ့ မောင်မယ်တို့တစ်တွေဟာ မင်္ဂလာမရှိတဲ့ အလုပ်မှန်သမျှကို ကျောခိုင်းပြီး လူ့လောကကြီးမှာ လူပီပီသသနဲ့ နေထိုင်သွားကြမယ်ဆိုတာ ဆရာ အထူးယုံကြည်ပါတယ်။

ကဲ– သင်တန်းစကြပါစို့။

http://www.dhammadownload.com

၁၀။ သုဘာသိတာ စ ယာ ဝါစာ

(ချစ်ဖွယ် သာယာ ချိုသာသောစကား ပြောကြားရေးမင်္ဂလာ)

"မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ"

"မင်္ဂလာ ဘယ်နှပါး ပြီးသွားပြီလဲကွယ်"

"ကိုးပါး ပြီးသွားပါပြီဆရာ"

"ဘာမင်္ဂလာ ဘာမင်္ဂလာတွေလဲ"

"လူမိုက်ကိုရှောင် (အသေဝန)၊ ပညာရှိကိုပေါင်း (ပဏ္ဍိတ)၊ အားကိုးထိုက်သူ ရွေးချယ် (ပူဇာစ)၊ အရပ်ကောင်းမှာနေ (ပတိရူပ)၊ ကောင်းတာကို ကြိုတင်လုပ် (ပုဗ္ဗေစ)၊ မိမိကိုယ်ကို ထိန်းသိမ်း (အတ္တသမ္မာပဏိဓိ)၊ စာကို ကြိုးစား (ဗာဟုသစ္စ)၊ လက်တွေ့အလုပ်လုပ် (သိပ္ပ)၊ စည်းကမ်းရှိရှိနေ (ဝိနယောစ)တို့ ဖြစ်ပါတယ် ဆရာ"

"ဒီ မင်္ဂလာကိုးပါးနဲ့ပဲ အပေါင်းအသင်း၊ အနေအထိုင်၊ အလုပ်အကိုင်၊ အထိန်းအသိမ်း၊ ပညာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုများ ဘောင်ဝင်နေပါပြီ၊ ဘောင်ဝင်နေပုံကို တစ်ခုစီ ဟပ်ပြစမ်းပါ"

"အသေဝန, ပဏ္ဍိတ, ပူဇာစ မင်္ဂလာသုံးပါးက ပေါင်းရေးသင်းရေး၊ ပတိရူပက နေရေးထိုင်ရေး၊ ပုဗ္ဗေစက လုပ်ရေးကိုင်ရေး၊ အတ္တသမ္မာပဏိဓိက ထိန်းရေးသိမ်းရေး၊ ဗာဟုသစ္စက ပညာရေး၊ သိပ္ပက စီးပွားရေး၊ ဝိနယောက ယဉ်ကျေးမှုများ ဖြစ်ပါတယ် ဆရာ"

မင်္ဂလာ ကိုးပါးနဲ့တောင် ဒီလောက် ထောင့်လုံနေရင် သုံးဆယ့်ရှစ်ပါးသာ ပြည့်စုံသွားရင် ဘယ်လောက် အကွက်စေ့မယ်ဆိုတာ မောင်မယ်တို့ မှန်းဆနိုင်

http://www.dhammadownload.com

ပါတယ်၊ မင်္ဂလာတရားဟာ အသစ်တွေ ဘယ်လောက်ကောင်းကောင်း အဟောင်းကိုတော့ တလည်လည်ဆိုတဲ့ "မရိုးဆန်း" တရားတော် ဖြစ်ပါတယ်၊ ဘယ်တော့မှ မရိုးဘဲ အမြဲတမ်း ဆန်းသစ်နေတဲ့၊ ခေတ်မီနေတဲ့၊ ခေတ်ရှေ့က ပြေးနေတဲ့ တရားတော်ဆိုတာ အပြောမဟုတ်ဘဲ မောင်မယ်တို့ လက်တွေ့ သိရပြီ မဟုတ်လား။

မင်္ဂလာတရားတော်ဟာ လှေခါးထစ်နဲ့ တူပါတယ်၊ လှေခါးထစ်ဟာ တစ်ထစ်ပြီး တစ်ထစ် မြင့်တက်သွားသလို မင်္ဂလာတရားတော်ဟာလည်း တစ်ပါးနဲ့ တစ်ပါး ကွင်းဆက်ပြီး တဖြည်းဖြည်း နက်နက်လာပါတယ်၊ ပန်းပွင့် ကလေးများကို တစ်ပွင့်စီထားရင် သိပ်ကြည့်မကောင်းပါဘူး၊ အပ်ချည်လေးနဲ့ စီပြီး သီလိုက်ရင် ပန်းပွင့်ကလေးများဟာ လှလာသလို မင်္ဂလာတရားတော် ဟာလည်း ဒီအတိုင်းပါပဲ၊ မင်္ဂလာကို တစ်ပါးစီ အပြတ်အပြတ် ကြည့်ရင် အဓိပ္ပာယ် မပြည့်စုံပါဘူး၊ တစ်ပါးနဲ့တစ်ပါး ကွင်းဆက်ပြီး ရှေ့နောက်ဆက်စပ် ကြည့်မှ ပိုပြီး အရသာရှိပါတယ်၊ မင်္ဂလာကို ကွင်းဆက်ပြီး ကြည့်တဲ့ သဘော တရားဟာ ဒီသင်တန်းရဲ့ အနှစ်သာရပါပဲ၊ ဒါကြောင့် မင်္ဂလာကွင်းဆက် သဘောကို စနစ်တကျ ထပ်ကာ ထပ်ကာ လေ့လာဖို့ ဆရာ တိုက်တွန်းပါ တယ်။

"သမ္မာသတ္တိစက်လေးပါးဆိုတဲ့ မင်္ဂလာအုတ်ခုံကြီးပေါ်မှာ မင်္ဂလာမဏ္ဍိုင် ဘယ်နှတိုင် စိုက်ထူပြီးပြီလဲ"

"သုံးတိုင် စိုက်ထူပြီးပါပြီ ဆရာ"

"ဘာတွေ ဘာတွေလဲ"

"ဗာဟုသစ္စမဏ္ဍိုင်၊ သိပ္ပမဏ္ဍိုင်၊ ဝိနယောစ သုသိက္ခိတမဏ္ဍိုင်တို့ ဖြစ်ပါတယ် ဆရာ"

"အေး၊ တစ်တိုင်စိုက်ဖို့ ကျန်နေသေးတယ်၊ ပြီးတော့ မင်္ဂလာဇာတ် လိုက်ကလေးကော ဘာတွေ လုပ်နေပြီလဲကွယ်"

"စာတွေ့ပညာ ပြည့်စုံလို့ ကျောင်းကထွက်ပြီး လက်တွေ့အလုပ် လုပ် နေပါပြီ၊ ပတ်ဝန်းကျင် ပေါင်းသင်း ဆက်ဆံရေးတို့မှာလည်း စည်းကမ်းတကျနဲ့ ယဉ်ကျေးမှုကို ထိန်းသိမ်းနေပါပြီ ဆရာ"

http://www.dhammadownload.com

အေး– **ဗာဟုသစ္စဉ္စ–** စာပေပညာကိုလည်း ကြိုးစားပါ၊ **သိပ္ပဉ္စ–** လက်တွေ့ အလုပ်ကိုလည်း လုပ်ပါ၊ **ဝိနယောစ သုသိက္ခိတော–** ယဉ်ယဉ် ကျေးကျေး စည်းကမ်းရှိရှိလည်း နေပါ၊ လူ့ဝတ္တရား လူ့တာဝန်တွေကိုလည်း ကျေပွန်ပါလို့ ဒီလို မင်္ဂလာသဘောက ပြောနေပါတယ်၊ အေး စာလည်း တော်ပါရဲ့၊ လက်တွေ့ အလုပ်လုပ်လို့ စားဝတ်နေရေးလည်း ပြည့်စုံပါရဲ့၊ ယဉ်ယဉ်ကျေးကျေးလည်း ရှိပါရဲ့၊ ဒါပေမယ့် တစ်ခုတော့ လိုသေးတယ်တဲ့၊ အဲဒီ လိုနေသေးတဲ့ ဟာကွက်တစ်ခုကို ဖြည့်တော်မူလိုလို့ **သုဘာသိတာ စ ယာဝါစာ** တဲ့။

ဒီလို ဆက်လက် ညွှန်ကြားတော်မူပါတယ်၊ အဓိပ္ပာယ်ကတော့ စကား ကောင်းကောင်း ပြောရမယ်၊ ပြောတတ်ရမယ်တဲ့၊ ဒီလို စကားကို ကောင်း ကောင်းမွန်မွန် ပြောခြင်းဟာ၊ ပြောတတ်တာဟာ မင်္ဂလာတစ်ပါးပါပဲလို့ ဆိုလို ပါတယ်၊ "**အပြောမတတ်တော့ ဆဲသလို**"ဆိုတဲ့အတိုင်း စကားပြောတဲ့အခါ မှာ အဆင်ပြေပြေ ပြောတတ်ဖို့ အလွန်လိုပါတယ်၊ "**အသွားမတော် တစ်လှမ်း၊ အစားမတော် တစ်လုတ်၊ အပြောမတော် တစ်ခွန်း**"ဆိုသလို စကားမပြော တတ်ရင် တစ်ခွန်းတည်းနဲ့လည်း ဒုက္ခတွေ့တတ်ပါတယ်၊ ပြီးခဲ့တဲ့ မင်္ဂလာ ကိုးပါးကို ကာယကံမြောက် ကျင့်သုံးတဲ့အခါမှာ ပိုမို အောင်မြင်ရေးအတွက် သုဘာသိတမင်္ဂလာဟာ အရေးကြီးတဲ့ ဓာတ်ဆရာအဖြစ် ရပ်တည်နေတယ် ဆိုတာ မောင်မယ်တို့ သတိမမေ့ကြဖို့ပါပဲ၊ စကားပြောကောင်းရင် ဘယ် နေရာမှာမဆို အောင်မြင်လွယ်သမို့ ရှေးလူကြီးများက "**နှုတ်ချို သျှိုတစ်ပါး**" လို့ ဒီလို သတိပေးစကား ပြောကြားခဲ့ပါတယ်၊ ပြီးတော့ "**အလျှောက်ကောင်း တော့ အထောင်းသက်သာ**"ဆိုတဲ့ စကားပုံကလည်း သုဘာသိတမင်္ဂလာရဲ့ အရေးကြီးပုံကို အားဖြည့်ပေးနေပါတယ်။

သုဘာသိတမင်္ဂလာနဲ့ ပတ်သက်ပြီး စာလာပေလာ မှတ်သားဖွယ်ရာ များကို ပြောပြပါဦးမယ်၊ "**ပြောကပြေပြစ်၊ ချစ်နှစ်လိုရန်၊ ဟုတ်မှန်ကြောင့် သား၊ တရားညီစွာ၊ နီတိလာတိုင်း၊ အဂ္ဂါလေးပုံ၊ ပြည့်စုံစကား၊ နိုင်တည် ကြား၍**"လို့ မန်လည်ဆရာတော်ဘုရားကြီးက မဃဒေဝလင်္ကာမှာ ဒီလို မှာကြားတော်မူပါတယ်၊ စကားပြောတဲ့အခါမှာ (၁) ပြေပြေပြစ်ပြစ် ပြောရမယ်၊

http://www.dhammadownload.com

(၂) ချစ်နှစ်သက်ဖွယ်ရာ ပြောရမယ်၊ (၃) ဟုတ်မှန် ဖြောင့်မတ်စွာ ပြောရမယ်၊ (၄) တရားနဲ့အညီ ပြောရမယ်လို့ ''**စကားအရာ အင်္ဂါလေးတန်**''ကို ဒီလို မှတ်သားရပါမယ်၊ သုတ္တနိပါတ် ပါဠိတော် သုဘာသိတသုတ်မှာလည်း ဒီ သဘောမျိုးဖြစ်တဲ့ အင်္ဂါလေးချက်ကို ဟောမြွက်ထားတာကို တွေ့ရတယ်ကွယ့်၊ ဒီ အင်္ဂါလေးချက်နဲ့ ပြည့်စုံမှ (**သု**- ကောင်းစွာ၊ **ဘာသိတ**- ပြောဆိုတာ) မည်ပါတယ်၊ ဒါကြောင့် သုဘာသိတမင်္ဂလာနဲ့ ပြည့်စုံဖို့ ဒီအင်္ဂါလေးချက်ကို ကျေညက်ထားသင့်ပါတယ်။

ပြီးတော့ ''**စကားခြောက်ခွန်း၊ လျှို့ဝှက်၍ လေးခွန်းကိုယယ်၊ နှစ်ခွန်းတယ်**''တဲ့၊ ဒီလိုလည်း စကားပုံ ရှိသေးတယ်၊ ဒီ စကားပုံကို အကျယ် ပြောရရင်-

၁။ ဟုတ်မှန်၍ အကျိုးရှိပြီး သူတစ်ပါး ကြားလိုသောစကား၊
၂။ ဟုတ်မှန်၍ အကျိုးရှိပြီး သူတစ်ပါး မကြားလိုသောစကား၊
၃။ ဟုတ်မှန်၍ အကျိုးမရှိ သူတစ်ပါး မကြားလိုသောစကား၊
၄။ မဟုတ်မမှန် အကျိုးရှိ၍ သူတစ်ပါး ကြားလိုသောစကား။
၅။ မဟုတ်မမှန် အကျိုးမရှိ သူတစ်ပါး ကြားလိုသောစကား။
၆။ မဟုတ်မမှန် အကျိုးလည်းမရှိ၊ သူတစ်ပါးလည်း မကြားလိုသော စကား၊

အထက်ပါစကားများကို '**စကားခြောက်ခွန်း**'လို့ ခေါ်ပါတယ်၊ အဲဒီ ခြောက်ခွန်းထဲမှာ ပထမနဲ့ဒုတိယ နှစ်ခွန်းကိုသာ ဘုရား, ရဟန္တာများ ပြောဆိုတော်မူပါတဲ့၊ အဓိပ္ပာယ်အကျယ်ကိုတော့ တစ်ခုစီ ဆရာ မရှင်းတော့ဘူး၊ သေသေချာချာ လေ့လာရင် မောင်မယ်တို့ နားလည်နိုင်ပါတယ်၊ သုဘာသိတ မင်္ဂလာနဲ့ ပြည့်စုံအောင် တကယ် ကြိုးစားကြမယ်ဆိုရင် ဒီ စကားခြောက်ခွန်း ကိုလည်း မျက်ခြည်မပြတ် သတိထား ကျင့်သုံးတတ်ဖို့လိုကြောင်း ဆရာ ပြောကြားလိုပါတယ်။

ပြီးတော့ သုဘာသိတနဲ့ စပ်ပြီး မှတ်သားစရာများကတော့ **ကာလဝါဒီ**- အချိန်ကာလကို ကြည့်ပြီး ပြောရမယ်၊ **ဘူတဝါဒီ**- ဟုတ်မှန်ရာကို ပြောရမယ်၊ **အတ္ထဝါဒီ**- အကျိုးရှိရာကို ပြောရမယ်၊ **ဓမ္မဝါဒီ**- တရားနဲ့ စပ်ရာကို ပြော

http://www.dhammadownload.com

ရမယ်၊ **ဝိနယဝါဒီ–** စည်းနဲ့ ကမ်းနဲ့ ပြောရမယ်၊ ဒီလိုလည်း မှတ်သားကြရပါမယ်၊ သုဘာသိတမင်္ဂလာနဲ့ စပ်ပြီး အထက်တန်း ပါဠိစာပေမှာ မှတ်စရာတွေတော်တော်များများ ရှိတယ်ကွယ့်၊ ဒါပေမယ့် ဒါလောက်ဆိုရင်ပဲ မောင်မယ်တို့အဖို့ လုံလောက်ပါပြီ၊ လူ့အရည်အသွေးကို အကဲခတ်တဲ့နေရာမှာ စကားပေါ်မှာလည်း များစွာ မူတည်ပါတယ်၊ "**စကား စကား ပြောဖန်များ၊ စကားထဲက ဇာတိပြ**"လို့ ရှေးပညာရှင်များက ဥဒါန်းပြုတော်မူခဲ့ကြပါတယ်၊ ယဉ်ကျေးမှုကို ပျက်ပြားစေတဲ့ စကားကြမ်း စကားရိုင်းများကို မောင်မယ်တို့ မသုံးစွဲကြဖို့ ဆရာ လေးလေးနက်နက် မေတ္တာရပ်ခံပါတယ်၊ လူဆိုတာ လူနဲ့တူဖို့ အလွန် အရေးကြီးကြောင်း သတိရှိစေချင်ပါတယ်။

ကဲ– ပါဠိကဗျာလေးတစ်ပုဒ် စေ့သွားပြန်ပြီ၊ ကျောက်သင်ပုန်းမှာ ရေးပြထားတဲ့ မင်္ဂလာပါဠိကဗျာလေးကို မြန်မာအနက်နဲ့တကွ ဖတ်ကြည့်စမ်းပါဦး၊ မင်္ဂလာ ၁၀–ပါး ပြီးသွားပြီကွယ့်၊ မင်္ဂလာ ၁၀–ပါးကို ပါဠိကဗျာ ၃–ပုဒ်နဲ့ ရေးဖွဲ့ထားပါတယ်၊ အာသေဝန၊ ပတိရူပ ပါဠိကဗျာ နှစ်ပုဒ်က သမ္ပတ္တိစက်လေးပါးဆိုတဲ့ မင်္ဂလာအုတ်မြစ်(ဖောင်ဒေးရှင်း)ကို ပြပါတယ်၊ ဗာဟုသစ္စဥ ပါဠိကဗျာကတော့ မင်္ဂလာမဏ္ဍိုင်လေးခုကို ညွှန်ပြပါတယ်၊ မောင်မယ်တို့စိတ်ကူးထဲက မင်္ဂလာဇာတ်လိုက်ကလေးလည်း ခုဆိုရင် စာပေပညာနဲ့လည်း ပြည့်စုံ၊ လက်တွေ့အလုပ်ကိုလည်း လုပ်၊ စည်းကမ်းတကျနဲ့ အပြောအဆိုကလည်း သေသေသပ်သပ်မို့ လောကအလယ်မှာ မျက်နှာမငယ်တော့ဘဲ လူရာဝင်လို့ နေပါပြီ၊ မင်္ဂလာသဘောကို ပိုပြီး ထင်မြင်လွယ်အောင် အဆောက်အအုံသဘော၊ လူတစ်ယောက်ရဲ့ ဘဝခရီးစဉ်သဘောများနဲ့ ဟပ်ပြီး ဆရာ ပြောပေးနေပါတယ်၊ မောင်မယ်တို့ မင်္ဂလာဇာတ်လိုက်ကလေးဟာ ခုချိန်ထိ အိမ်ထောင်မပြုသေးဘူး ဆိုတာကိုလည်း မေ့မထားရဘူးနော်။

ကဲ– ဒါလောက်ဆိုရင် သုဘာသိတမင်္ဂလာရဲ့သဘောကို ရိပ်စားမိလောက်ပါပြီ၊ ဆရာတို့ သင်တန်းနာမည်က "ကာယကံမြောက် ကျင့်သုံးရေးလက်တွေ့ မင်္ဂလာသင်တန်း"လို့ ဒီလို အမည်ပေးထားလေတော့ မင်္ဂလာများကို စွမ်းအားရှိသလောက် ကာယကံမြောက် ကျင့်သုံးကြဖို့ကိုတော့ သတိမမေ့စေချင်ဘူး၊ ကာယကံမြောက် မကျင့်သုံးဘဲ စာထဲမှာသာ စာအသိအတိုင်း

http://www.dhammadownload.com

ထားမယ်ဆိုရင်တော့ ဆရာ့ ရည်ရွယ်ချက် မအောင်မြင်ဘူးလို့ ဆိုရမှာပဲ၊ ဒါပေမယ့် တစ်ခုတော့ မှာချင်ပါသေးတယ်၊ မင်္ဂလာသဘောများကို ထပ်ကာ ထပ်ကာ လေ့လာပါ၊ သဘောမကျရင် ဆွေးနွေးပါ၊ ဒီလို လေ့လာ ဆွေးနွေးလို့ သဘောပေါက်တဲ့အခါမှာ မင်္ဂလာသဘောတရားများဟာ စာအုပ်ထဲမှာ ထား သင့်သလား၊ ကိုယ်ပေါ်အရောက် ကျင့်သင့်သလားဆိုတာ ကိုယ့်ဘာသာကို စစ်ဆေးကြည့်ပါ၊ ကိုယ့်နှလုံးသားက ကာယကံမြောက် ကျင့်သုံးသင့်တယ်လို့ အဆုံးအဖြတ် ပေးတဲ့အခါကျမှ လေးလေးနက်နက် ကျင့်သုံးပါလို့ မှာလိုက် ပါရစေ၊ ခုတစ်ပတ် မင်္ဂလာသင်ခန်းစာအဖြစ် တိကနိပါတ်၊ သုဇာတဇာတ်ကို ဆရာ အကျဉ်းချုပ် ပြောပြပါမယ်၊ ကဲ- နားထောင်။

သုဇာတ ဇာတ်တော်

ဟိုရှေးရှေးတုန်းက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး စိုးစံတော်မူ တယ်၊ အဲဒီအခါမှာ ဆရာတို့ ဂေါတမ ရှင်တော်မြတ်ဘုရား အလောင်းတော် ဟာ မိဖုရားကြီးဝမ်းမှာ ပဋိသန္ဓေနေပြီး ကိုးလလွန်မြောက် ဆယ်လသို့ ရောက် တဲ့အခါမှာ ဖွားမြင်တော်မူတယ်၊ ထို့နောက် တစ်ဆယ့်ခြောက်နှစ်အရွယ်မှာ တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီးထံ၌ ယောက်ျားတို့ တတ်အပ်တဲ့ အဋ္ဌာရသ-တစ်ဆယ့်ရှစ်ရပ်သော ပညာရပ်များကို သင်ကြား တတ်မြောက်ပြီး တိုင်းတော်ပြည်တော် ပြန်လို့ ဖခမည်းတော် ကွယ်လွန်တဲ့အခါ ဗာရာဏသီ ထီးနန်းကို ဆက်လက် စိုးစံတော်မူပါသတဲ့။

ဒါပေမယ့် ခက်နေတာက မယ်တော်ကြီးဟာ အလွန် ကြမ်းတမ်းပြီး နှုတ်ကြမ်း အာကြမ်း ရှိလှတဲ့အတွက် ဗာရာဏသီ ထီးနန်းကို စံမြန်းရပေမယ့် ဘုရင်မင်းမြတ်ဟာ စိတ်လက် ရွှင်ပျတော် မမူလှဘူးတဲ့၊ မယ်တော်ကြီးကို ဘယ်လို ပရိယာယ်နဲ့များ သဘောပေါက်အောင် သတိပေးရပါ့မလဲလို့ အမြဲ စဉ်းစားနေမိသတဲ့၊ တစ်နေ့တော့ ဉယျာဉ်ကစား ထွက်ကြွရာမှာ မယ်တော်ကြီး ပါ လိုက်ပါလာတယ်၊ ဉယျာဉ်တော်ထဲ လျှောက်လည်တဲ့အခါ တီတီတွတ်ငှက် တစ်ကောင်က လမ်းကြားကနေပြီး ကျယ်ကျယ်လောင်လောင် အော်မြည် သတဲ့၊ တီတီတွတ်ငှက် အော်သံကို ကြားတဲ့အခါမှာ ဘုရင့်အခြွေအရံများက

http://www.dhammadownload.com

နားကိုပိတ်ပြီး ''ဟဲ့– ငှက်ယုတ်၊ ကျက်သရေတုံးတဲ့ အသံကြီးနဲ့ မအော်စမ်းနဲ့''လို့ ဒီလို အော်ဟစ် မောင်းမဲကြပါတယ်၊ ရှေ့ဆက် ခရီးသွားတဲ့အခါ အင်ကြင်းပင်ကြီးပေါ်မှာ နားနေတဲ့ ဥဩငှက်ရဲ့ သာယာချိုမြတဲ့ တွန်သံကို ကြားရတဲ့အခါကျတော့ အခြွေအရံများက သဘောကျ နှစ်သက်လွန်းလို့ ''အို– ဥဩငှက်ကလေးရယ်၊ မင်းရဲ့ သာယာလှတဲ့ အသံလေးနဲ့ တို့များကို ဖြေဖျော်ပါဦးကွယ်''လို့ တောင်းပန်ကြသတဲ့ကွယ်။

ဒီ ဖြစ်ရပ်နှစ်ခုကို ဘုရင်မင်းမြတ် ကြားသိတဲ့အခါ မယ်တော်ကြီးကို သတိပေးဖို့ အကွက်ဆိုက်ပြီ ဖြစ်တဲ့အတွက် ရုန့်ရင်းကြမ်းတမ်းသော အသံရှိတဲ့ တီတီတွတ်ငှက်ကို လူတို့ မချစ်ခင်ပုံ၊ အဆင်းပင် မလှသော်လည်း အသံသာတဲ့ ဥဩငှက်ကို လူတို့ ချစ်ခင် မြတ်နိုးကြပုံကို လက်တွေ့ ဥဒါဟရုဏ်အဖြစ် ထုတ်ဆောင်ပြပြီး မယ်တော်ကြီးကို သတိပေးစကား ပြောကြားတဲ့အခါမှာ မယ်တော်ကြီးလည်း သတိသံဝေဂ ရပြီး တစ်ခါတည်း ယဉ်ကျေး သိမ်မွေ့သွားသတဲ့ကွယ်၊ ဒါလောက်ဆိုရင် သုဘာသိတမင်္ဂလာရဲ့ အကျိုးအပြစ်ကို မောင်မယ်တို့ စိစစ် ဝေဖန်နိုင်လောက်ပါပြီ၊ ဒီမင်္ဂလာနဲ့ ဒီဇာတ်လမ်းသဘောကို မန်လည်ဆရာတော်ဘုရားကြီးက မဃဒေဝလင်္ကာသစ်မှာ–

* ချိုစေသူ့နား၊ ချဉ်မခါးအောင်
စကားကျစ်လျစ်၊ အဆစ်ဆစ်နှိုက်
မထစ်မထုံ၊ မဖုန်မထိုင်း
မရိုင်းမဆတ်၊ ရှိခတ်ကိုက်စား
သစ်ပျဉ်ပြားနယ်၊ ပြတ်သားသိမ်မွေ့
ချောမွေ့ပြေပြစ်၊ မာန်မယစ်ဘဲ
မြစ်မြစ်ခြေခြေ၊ လူမိုလ်ခြေအား
သံခြေနှုတ်ညင်း၊ ရွှေစောင်းညင်းသို့
မပြင်းမပြ၊ သာချမ်းမြလျက်
ပျပျရွှင်ပျော၊ မိန့်ဆိုပြောလော့။

* သဘောခက်မာ၊ ဝါစာဖရုသ်
ကြမ်းကြုတ်ခဲ့က၊ ကဲ့ရဲ့မည်

http://www.dhammadownload.com

တိတွတ်သံသို့၊ မခံလူ့နား
မကြားခလို၊ တောင်းဆုဆို၏။

ဆ အဟိုရှေးက၊ ကမ္ဘာစဝယ်
ဆေးခမပေး၊ တင်မြီကြွေးကြောင့်
လုပ်ကျွေးစောင့်ရှောက်၊ ဥကပေါက်တိုင်း
မပျောက်စေရ၊ ကျိုးကတမူ
မွေးမြူရှု၍၊ ပြုစုရှက်ဆောင်
ကျိုးအယောင်နှင့်၊ ကျိုးတောင်ကျိုးကိုယ်
မည်းညိုချိပ်နက်၊ ဥသြငှက်လည်း
နှစ်သက်ဖွယ်ကြီး၊ နားမငြီးတည့်''
လို့ စာပန်းချီ ခြယ်သခဲ့ပါတယ်။

ကဲ- အချိန်လည်း ကြာသွားပြီ၊ ကျောက်သင်ပုန်းမှာ ရေးပြထားတဲ့ မင်္ဂလာကဗျာလေးကို သံပြိုင်ဖတ်ပြီး နိဂုံးသတ်ကြပါစို့။

ကောင်းသောစကားကို ပြော

- သုဇာတဇာတ်လာ ဒေသနာတရားကို၊ သေချာမမှား နည်းယူဖွယ်။
စကားအရာ အင်္ဂါလေးချက်၊ စဉ်လာတွေးလျက် လိုက်နာမယ်။
- နှုတ်ချိုတာဟာ သျှိုတစ်ပါးတဲ့၊ ဆိုစကားနဲ့ ညီစေကွယ်။
မင်္ဂလာကို လက်တွေ့ကျင့်လို့၊ ရှေ့သို့တစ်ဆင့် တက်ရမယ်။
- မိမိအကျိုး တိုင်းပြည်ကျိုး၊ သယ်ပိုးရွက်ဆောင်ကွယ်။
အဲဒါကြောင့် ပြောကြဆိုကြ၊ ပေပြစ်က၊ မုချ အောင်မြင်မယ်။

''မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ''

မွေ့ဖျူဟာစာစောင်၊ အတွဲ (၅)-အမှတ်(၁၂) ၊ အတွဲ (၄၇)-အမှတ်(၁၂)



//

http://www.dhammadownload.com

http://www.dhammadownload.com

လက်ဦးဆရာ၊ မည်ထိုက်စွာသား။ ပုဗ္ဗာစရိယ၊ မိနှင့်ဖအား။ မွေးသည့်သားတို့၊ လိုက်လားသိမှတ်၊ ကျင့်မြဲဝတ်ကား။ ရှိညွှတ်လေးဖင်၊ ကျေးဇူးရှင်ဟု၊ ပန်းတင်ဦးထက်၊ ရွှေပန်းခက်သို့၊ အသက်မြင့်ရှည်၊ တည်သရွေ့လျှင်၊ ချောသွေ့စကား။ နားမှထောင်လျှင်း။ လုပ်ကျွေးခြင်းနှင့်၊ လယ်ခင်းကာစ၊ မိဖတို့ဝယ်၊ ပြုဖွယ်ဖွယ်၌၊ မတွယ်မငြီး မိမိမှုများ။ ပစ်စွန့်ထား၍၊ စီးပွားရှာရှာ၊ နှောင်လာမပျက်၊ နွယ်ဆက်မျိုးညွှန့်၊ ပြန့်စိမ့်သောကြောင်း။ ကောင်းသားစာရိတ်၊ မဖိတ်မယို၊ ထိုမှတစ်ထွေ၊ မိဖမွေကို၊ ခံပေထိုက်အောင်၊ ဆောင်သားခြင်းရာ၊ ခန္ဓာဇာတိ၊ တည်မရှိလည်း။ ငါမိငါဖ၊ ရစလေစေ၊ ဖို့ဝေဒါန၊ ဤမျှငါးပါး။ အတိတ်ကြားသည်၊ တရားရှေးထုံး စဉ်လာတည်း။

(ကိုးခန်းပျို့)

မောင်မယ်တို့လည်း ကျောင်းပြန်ဖွင့်ချိန်မို့ အလုပ်များနေကြမယ်လို့ ထင်ပါတယ်၊ ဒါပေမယ့် သင်တန်းသားများ လျော့နည်းသွားတာကို မတွေ့ရလို့ မောင်မယ်တို့ရဲ့ ကြိုးစားမှုကို ဆရာ သာဓုခေါ်ပါတယ်၊ ဗာဟုသစ္စမင်္ဂလာနဲ့ ပြည့်စုံအောင် ကျောင်းမှန်မှန်တက်ဖို့၊ စာမှန်မှန် ကြိုးစားဖို့ကိုတော့ ထပ်ပြီး သတိပေးပါတယ်၊ အနာဂတ် တိုင်းပြည်ရဲ့ ခေါင်းဆောင်ကောင်းများအဖြစ် တာဝန် ကျေပွန်ရေးအတွက် ယခုကစပြီး အသိပညာ, အတတ်ပညာများကို ရှာဖွေလို့ ''လူတော်လူကောင်း''များဖြစ်အောင် ကြိုးစားနိုင်ကြပါစေလို့ ဆရာ ဆန္ဒပြုလိုက်ပါတယ်။

ကဲ- သင်တန်းစကြပါစို့။

http://www.dhammadownload.com

၁၁။ မာတာပိတု ဥပဋ္ဌာနံ

(မိဘတို့ကို ပြုစုလုပ်ကျွေးရေးခန်းသာ)

''မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ''

ပြီးခဲ့တဲ့ သုဘာသိတမင်္ဂလာတုန်းက လိုရင်းအချက်ကလေးတစ်ခု သတိလစ်သွားမိတယ်၊ ဒါဟာ ဘာလဲဆိုတော့ ''သုဘာသိတ–ကောင်းစွာ ပြောဆိုအပ်တဲ့ စကားဆိုတာဟာ ဝစီဒုစရိုက် လေးပါးမှ ရှောင်ကြဉ်ခြင်း ဖြစ်တယ်'' ဆိုတဲ့ အဓိကအချက်ကလေးပဲ ဖြစ်ပါတယ်၊ လိမ်ညာပြောခြင်း၊ ကုန်းတိုက်စကားပြောခြင်း၊ ကြမ်းကြမ်းတမ်းတမ်း ပြောခြင်း၊ အဓိပ္ပာယ်မရှိ တောင်စဉ်ရေမရ ပြောခြင်းဆိုတဲ့ မုသာဝါဒ၊ ပိသုဏဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပလို့ ခေါ်တဲ့ ဝစီဒုစရိုက် လေးပါးမှ ရှောင်ကြဉ်ပြီး မှန်မှန်ကန်ကန် ဖြောင့်ဖြောင့်မတ်မတ် ပြောခြင်း၊ သင့်တင့် ညီညွတ်အောင် ပြောခြင်း၊ ယဉ်ကျေးသိမ်မွေ့စွာ ပြောခြင်း၊ အဓိပ္ပာယ်ရှိရှိ ပြောခြင်းတို့ကို ''**သုဘာသိတ**''လို့ ခေါ်ကြောင်း ဖြည့်စွက်ပြီး မှတ်သားကြရန် ဖြစ်ပါတယ်။

ခုအပတ်ဆိုရင် မင်္ဂလာ ၁၁–ပါး ရှိသွားပြီကွယ့်၊ မင်္ဂလာတရားတော်ကို စာသဘောအရလည်း ကြေညက်အောင် လေ့လာပါ၊ လက်တွေ့သဘောအရလည်း ကာယကံမြောက် ကျင့်သုံးပါဆိုတာကိုတော့ ဆရာ အထပ်ထပ် တိုက်တွန်းပါတယ်၊ ဆရာလည်း ကောင်းသထက်ကောင်းအောင် အထူး ကြိုးစားပြီး ဒီသင်တန်းကို ဆွေးနွေး ပို့ချနေပါတယ်၊ မောင်မယ်တို့ကလည်း အားတက်

http://www.dhammadownload.com

သရော ကြိုးစားနေတာကို တွေ့ရတော့ ဒီသင်တန်း ဖွင့်ရကျိုး နပ်တယ်လို့ ဆိုရမှာပေါ့။ ကဲ မင်္ဂလာကွင်းဆက်သဘောလေး ပြောကြရအောင်။

ပြီးသွားတဲ့ မင်္ဂလာက သုဘာသိတ မင်္ဂလာနော်၊ ဒါပေမယ့် မင်္ဂလာကွင်းဆက်တဲ့အခါကျတော့ သိပ္ပမင်္ဂလာကနေ ဆက်ယူရမယ်၊ ဒါမှ သဘာဝကျတဲ့ အဖြေကို တွေ့ရမယ်၊ ဝိနယနဲ့ သုဘာသိတမင်္ဂလာတို့က သိပ္ပမင်္ဂလာနဲ့ မာတာပိတုမင်္ဂလာအကြား ဖြည့်ကွက် ပို့ကွက် မင်္ဂလာများ ဖြစ်တယ်လို့ ယူဆစေချင်တယ်၊ ဒါကြောင့် သိပ္ပမင်္ဂလာကနေ ဆက်ယူမှ ကောင်းမယ်လို့ သဘောရပါတယ်။

သိပ္ပဥ– လက်တွေ့ အလုပ်လုပ်ရမယ်လို့ ပြောတယ်၊ လက်တွေ့အလုပ်လုပ်တော့ အလုပ်လုပ်ခြင်းရဲ့ ရလဒ်ကို ရတယ် မဟုတ်လား၊ ဆိုလိုတာက အလုပ်လုပ်တော့ ပိုက်ဆံရတယ်၊ ငွေရတယ်ပေါ့၊ ကောင်းပြီ အလုပ်လုပ်လို့ ရတဲ့ငွေကို ဘာလုပ်မလဲ၊ ဘယ်လို အသုံးချမလဲ၊ ဒါဟာ မေးကွက်ပဲ၊ အဲဒီလို အလုပ်လုပ်လို့ ငွေရလာတဲ့အခါ တခြား ထင်ရာတွေ လျှောက်မလုပ်ပါနဲ့၊ အကျိုးရှိရှိ အသုံးပြုစမ်းပါလို့ တိုက်တွန်းလိုတဲ့အတွက်–

''**မာတာပိတု ဥပဋ္ဌာနံ– အမိအဖတို့ကို လုပ်ကျွေးရမယ်**''လို့ ဒီလို ညွှန်ကြားတော်မူပါတယ်၊ မိဘတို့ကို လုပ်ကျွေး မွေးမြူခြင်းဟာ မင်္ဂလာတစ်ပါး ပါပဲတဲ့၊ ဒီလို အဓိပ္ပာယ်ရပါတယ်၊ ဒါကြောင့် ''သိပ္ပဥ– လက်တွေ့အလုပ် လုပ်လို့ ငွေရလာတဲ့အခါ မာတာပိတု ဥပဋ္ဌာနံ– လောကမှာ ကျေးဇူးအကြီးမားဆုံးလို့ ခေါ်လောက်တဲ့ မိဘနှစ်ပါးကို ပေးပါ၊ ကျွေးမွေးပါ၊ ကျေးဇူးဆပ်ပါ''လို့ ဒီလို ကွင်းဆက်သဘောလေးကို တွေ့ရပါတယ်။

''ဘယ့်နှယ်လဲ၊ သဘာဝကျရဲ့လား''

''ကျပါတယ် ဆရာ''

အေး– သိပ္ပကနေ ဆက်ယူမှ ဒီလို လှပတဲ့ မင်္ဂလာပန်းခိုင်လေးကို တွေ့ရတယ်၊ ဒီလို လှပတဲ့ မင်္ဂလာပန်းခိုင်လေး ဖြစ်လာအောင် ဝိနယနဲ့ သုဘာသိတတို့က ကြိုးတန်းကလေးသဖွယ် ဆက်သွယ်ပေးထားတယ်၊ ဘယ်လိုလဲဆိုတော့ ဝိနယဆိုတာက စည်းကမ်းရှိရှိ ဝတ္တရားသိသိနဲ့ နေရမှာကို ဆိုတယ် မဟုတ်လား၊ ဒီလို ဝိနယမင်္ဂလာနဲ့ ပြည့်စုံလို့ ဝတ္တရား သိတတ်ရင်

http://www.dhammadownload.com

''မာတာပိတု ဥပဋ္ဌာန်– မိဘကို လုပ်ကျွေးဆိုတဲ့အချက်ဟာ တာဝန်မလေး တော့ဘဲ အလွယ်တကူပင် လိုက်နာနိုင်ပါလိမ့်မယ်၊ သုဘာသိတ– စကားပြော ယဉ်ကျေးလို့ လူလိမ္မာလေး ဖြစ်နေရင်လည်း ''မာတာပိတု ဥပဋ္ဌာန်– မိဘကို လုပ်ကျွေး''ဆိုတဲ့ တာဝန်ကို အလွယ်တကူပင် ထမ်းဆောင်နိုင်ပါလိမ့်မယ်၊ ဒီလို ဝိနယနဲ့ သုဘာသိတတို့ကို ကွင်းဆက်လို့ လွယ်ကူအောင် ကြိုးတန်းကလေး သဖွယ် ဆက်သွယ်ထားတာကို မောင်မယ်တို့ သတိပြုရင် တွေ့ရပါလိမ့်မယ်။

''မိဘကို ဘာဖြစ်လို့ လုပ်ကျွေးရသလဲ''

''ကျေးဇူးကြီးမားလို့ပါ ဆရာ''

အေး– ကျေးဇူးကြီးမားလို့ ဒီနေရာမှာ မိဘတို့ရဲ့ ကျေးဇူးကြီးမားပုံ၊ သား သမီးများအပေါ် အစစ အရာရာ ကိုယ့်အတွက် အခွင့်အရေး အဆုံးရှုံးခံပြီး ပြုစု စောင့်ရှောက်ပုံ၊ မေတ္တာစေတနာထားပုံကို အသေးစိတ် ပြောပြဖို့ လိုမယ် ထင်ပါတယ်၊ ပြောလည်း ပြောပြချင်ပါတယ်၊ ဒါပေမယ့် များပြားလှတဲ့ မိဘ ဂုဏ်ကျေးဇူးကို ဆရာတို့ အသိဉာဏ်လောက်နဲ့ လုံလောက်အောင် အကွက် စေ့အောင် ပြောဖို့ဆိုတာ မလွယ်ပါဘူး၊ မချီမွမ်းတတ်ရင် ''**သူမိုက်ချီးမွမ်း ဂုဏ်သာနွမ်းချေ**''သဘောသက်ရောက်သွားမှာ စိုးရပါတယ်၊ ဒါကြောင့် ဒီနေ ရာမှာ စာပေအရ ဆရာ ပြောပြပါမယ်၊ ဒီတစ်ပတ်သင်တန်းမှာတော့ မောင် မယ်တို့ စာသံပေသံတွေကို ခပ်များများ ကြားရပါမယ်၊ စာသံ ပေသံချည်းမို့ ပျင်းလည်း မနေကြနဲ့ဦးနော်၊ ဗဟုသုတ ရတာပေါ့ကွယ်၊ ကဲ–နားထောင်။

''မွေးမိဆံထုံး၊ ရွှေပန်းကုံးသို့၊ နှလုံးဝမ်းက၊ သတ်မှတ်ရသည့်၊ သားလှရွှေတောင်၊ မိမျက်နှောင် ...

''မောင်ငယ်သားထွေး၊ နာဘိသေးလော့၊ မရှုးရှေးဘဝ၊ သံသာ ရဉ္စ၊ မောင့်ဖနှင့်ငါ၊ ရေသွန်းပါ၍၊ ဟသ်ာမောင်နှံ၊ ငှက်သဏ္ဍာန်သို့၊ တူစံလှည့်ရာ၊ စွဲလာသန္ဓေ၊ နေသည်ကစ၊ သားလှချမ်းသာ၊ ရစိမ့်ငှာဟု၊ ပူဆာစပ်ခါး၊ မစားတို့ရ၊ ထကြွဖြည်းဖြည်း၊ ကိုယ်ရေးကိုယ်ထက်၊ ဆယ်ဆတက်၍၊ သက်ထက်ကြင်နာ၊ မောင့်ကိုသာလျှင်၊ ချမ်းသာမြင် ကြောင်း၊ လက်ဆယ်ချောင်းကို၊ ခေါင်းမှာရွက်တင်၊ မျက်နှာမြင်လည်း၊

http://www.dhammadownload.com

ရွှေစင်အလား၊ သားယောက်ျားကို၊ ငါ့အားမြင်လို၊ ဆုတောင်းဆို၍၊ ညကိုရေချမ်း၊ နံနက်ဆွမ်းနှင့်၊ ဖြန့်မွမ်းတုလွတ်၊ သုံးလူ့နတ်ကို၊ မိမြတ်ပူဇော်ကုန်၏တည်း။''

''ဤသို့သန္ဓေ၊ စွဲလာနေ၍၊ ဆယ်လစေ့သော်၊ ကြွေ့ကြွေ့ဝမ်းသာ၊ မောင့်မျက်နှာကို၊ မာတာမိခင်၊ မြင်ရသောခါ၊ ဥပမာမူ၊ ရတနာမျိုး၊ ရွှေအိုးပဒေသာ၊ ပေါက်ပေါ်လာသည်၊ ပမာမမျှ၊ မောင်သားလှကြောင့်၊ ဝသည်ပီတိ၊ ရှိသည်ရှိုးတွင်း၊ ခြင်ဆီချင်းမျှ၊ ချစ်မောလှလျက်၊ သန်းပျကြမ်းပို၊ မှက်ခြင်မျိုးက၊ ဟူသမျှလည်း၊ ကိုက်ရမဲ့ပါ၊ မောင့်ကိုသာလျှင်၊ ချမ်းသာစိမ့်ကြောင်း၊ သမားကောင်းနှင့်၊ ဆေးကောင်းစားစား၊ ရှောင်ရှားအစား၊ ဤသာကျန်းတော၊ ရှိစေသောဟု၊ စိတ်ဇောကြည်သာ၊ ဆုတောင်းကာနှင့်၊ တဖြာညောင်ရေ၊ စထွေနေ့ည၊ သွန်းချမယွန်း၊ ဖန်ဖန်ပွန်းသည်၊ ရွှန်းရွှန်းနေ့တိုင်း စို၏တည်း။''

''နေ့တိုင်းနေ့တိုင်း၊ သားသက်နှိုင်းကို၊ ကသိုဏ်းအတု၊ မပြုတ်ပြုသည်၊ ရှုမငြီးဘိ၊ မျက်စိမျက်နှာ၊ ထပ်ခါခါသည်၊ မြင်ပါချင်စိတ်၊ ရေသို့ဖိတ်လျက်၊ သားလှသက်သည်၊ ထို့ထက်တာရှည်၊ တည်ပါစေသား၊ မောင်ရွှေသားဟု၊ သနားကရုဏာ၊ မေတ္တာစုံမက်၊ ကိုယ့်အသက်ထက်၊ ဆထက်ကြင်နာ၊ မိမာတာကား၊ ထပ်ခါတိုးပွား၊ မှောက်ကားထကြွ၊ တော့တတော့တီ၊ မပီစကား၊ အသံကြားလည်း၊ သနားကြင်နာ၊ မျက်နှာရွှင်ပျ၊ မြင်တို့ရလည်း၊ ဝမ်းကမဆံ့၊ ပီတိနှံ့လျက်၊ နှစ်သက်ရွှင်ပြုံး၊ သားရွှေတုံးကို၊ မျက်လုံးကဲ့သို့ ထင်၏တည်း။''

''မျက်လုံးပမာ၊ သားသည်းချာကို၊ ကောင်းပါစေလို့၊ ပညာကိုလည်း၊ နပျိုငယ်က၊ သင်ချေမှတည်၊ ထိုမှရွယ်ရောက်၊ တံခွန်ဆောက်သို့၊ တစ်ယောက်ထင်ပေါ်၊ နှံ့သိကျော်လိမ့်၊ ငယ်သော်ငယ်က၊ များသိပ္ပကို၊ တစ်စမသင်၊ လေးဖင့်၍သာ၊ အိမ်မှာလည်းပျော်၊ နေချေသော်မူ၊ လူမဟူရ၊ လူအလူကန်း၊ လူနှမ်းလူရူး၊ သည်ထက်ထူး၏၊ မူးမူးမော်မော်၊ သောက်ယစ်ပျော်လိမ့်၊ ကရော်ကမည်၊ ဖြစ်လတ်သည်ကား၊ ယွင်းမမှားတည်၊ မျက်ဝါးထင်ထင်၊ သို့ပင်ရှေ့ထား၊ ကသိုဏ်းလားသို့၊ မယ်ဘွား

http://www.dhammadownload.com

စိတ်က၊ မြင်ချင်စွတည့်၊ တ-န-မသိ၊ ဖြစ်ချေဘိက၊ ငါ့သားလှသည့်၊ ဒုက္ခခပဲ၊ ကေန်မြဲအံ့၊ ဆင်းရဲနွမ်းရှာလိမ့်မည်တည်း။''

''ဤသို့ဖြစ်၍၊ ချစ်လည်းချစ်လှ၊ ငါ့ဝမ်းမှလည်း။ ဆယ်လလည်းလွယ်၊ ငါ့သက်နှယ်သို့၊ ငါ့ဝယ်လည်ဆင်၊ နေ့တိုင်းကြင်သည့်၊ လူလျှင်ဖြစ်ဘိ၊ မယ့်မျက်စိသည့်၊ သိလည်းသိပါ၊ မွေးမိမှာအံ့၊ နာလည်းနာလော့၊ မမေ့လျော့နှင့်၊ မပေါ့နှင့်သား၊ မိစကားကို၊ ငါ့သားမောင်ပု၊ ငယ်ရွယ်နုက၊ ဗဟုသိပ္ပ၊ ဟူသမျှကို၊ တတ်လှလျှင်အောင်၊ မောင်ငယ်ပျို့ထွား၊ ကျောင်းသို့သွား၍၊ ရှင်အားရရ၊ စာပေကျမ်း၊ လှလှလက်ရေး၊ ငါ့ရင်သွေးသည့်၊ သားထွေးရင်နှး သင်ချေဦး။''

ဒီလို သားသမီးတစ်ယောက် ပဋိသန္ဓေနေလာတဲ့ အချိန်ကစပြီး လွယ်အိတ်လွယ် ကျောင်းသွားတဲ့အထိ မိဘများရဲ့ ယုယပုံ၊ ကြင်နာပုံ၊ မြတ်နိုးပုံ၊ စေတနာထားပုံ၊ ချစ်ခင်ပုံတို့ကို အတုလဆရာတော် ခင်ကြီးဖျော်က ''**ပုဏ္ဏောဝါဒ ဆုံးမစာ**''မှာ အသေးစိတ် စာပန်းချီ ခြယ်ပြပြီး မိဘကျေးဇူးကို အထူးသတိရစေခဲ့ပါတယ်၊ ဒီနေရာမှာ သားကိုသာ ဆိုထားပေမယ့် သမီးလည်းအတူ၊ အမိကိုသာ ဆိုထားပေမယ့် အဖလည်း အတူတူဆိုတာ တန်းတူရည်တူ မှတ်သားဖို့ပါပဲကွယ်၊ ဒီလို သားသမီးများအပေါ် မေတ္တာစေတနာ အပြည့်အဝနဲ့ ကိုယ့်အတွက် အနစ်နာခံပြီး အစစ အရာရာ ပြုစု စောင့်ရှောက်လာခဲ့ကြတဲ့ ကျေးကျေးဇူး၊ မွေးကျေးဇူးများကို အချိန်တန် အရွယ်ရောက်လို့ လူလားမြောက်လာတဲ့အခါ ကျေးဇူးတုံ့ပြန်ဖို့ တာဝန်ဟာ သားသမီးတို့အပေါ်မှာ အပြည့်အဝ ရှိပါတယ်၊ ဒါကြောင့် ''မာတာပိတု ဥပဋ္ဌာန်- အမိအဖတို့ကို လုပ်ကျွေးပါ''တဲ့၊ ဒီလို ညွှန်ကြားထားပါတယ်။

''စာတွေချည်း ရွတ်ပြလို့ ပျင်းများ နေကြသလား''

''မပျင်းပါဘူး ဆရာ''

''အေး- မပျင်းကြနဲ့ကွယ့်၊ မိဘဂုဏ်ကျေးဇူးတွေကို သိမှလည်း မိဘကို လုပ်ကျွေးလိုစိတ် ဖြစ်ပေါ်နိုင်မယ်၊ ဒါကြောင့် ပြည့်လည်းပြည့်စုံအောင်၊ အတိမ်းအစောင်းလည်း မရှိရအောင် မိဘဂုဏ်ရည်တွေကို စာလာပေလာအတိုင်းပဲ ဖောက်သည်ချပါရစေ၊ ကဲ- နားထောင်ပါဦး။''

http://www.dhammadownload.com

၁။ တွင်းပဘေားဒဏ် ရန်မာန်ကင်းပျောက် သားသမီးတို့ ပွားစီးခြင်းသို့ ရောက်အောင် စောင့်ရှောက်တတ်သောကြောင့် မိဘတို့ဟာ '**အာပါဒကဂုဏ်**'နဲ့ ပြည့်စုံပါသတဲ့၊ ဒါကြောင့် မိဘတို့ကို ပြန်လည် လုပ်ကျွေးထိုက်ပါတယ်။

၂။ နှလုံးသွေးစစ်စစ် နို့ချိုနှစ်ကို သောက်စို့စေလျက် ယုယပိုက်ထွေး မွေးကျွေးတတ်သောကြောင့် မိဘတို့ဟာ '**ပေါသကဂုဏ်**'နဲ့ ပြည့်စုံပါသတဲ့၊ ဒါကြောင့် မိဘတို့ကို ပြန်လည် ကျွေးမွေးထိုက်ပါတယ်။

၃။ ရှုဖွယ်လုံးစုံ အာရုံဟူသမျှ လူ့လောကကို ပြပေးတတ်သောကြောင့် မိဘတို့ဟာ '**ဒဿေတာရဂုဏ်**'နဲ့ ပြည့်စုံပါသတဲ့၊ ဒါကြောင့် မိဘတို့ကို ပြန်လည် ပူဇော်ထိုက်ပါတယ်။

၄။ သန္ဓေတည်စ ထိုကာလမှ စ၍မှန်စွာ ဖြဟ္မာအလား သားသမီးတို့၌ ပွားစီးဖြဟ္မစိုရ် ကြည်ညိုပိုက်ကျုံး နှလုံးမူတတ်သောကြောင့် မိဘတို့ဟာ '**ဖြဟ္မာဂုဏ်**'နဲ့ ပြည့်စုံပါသတဲ့၊ ဒါကြောင့် မိဘတို့ကို ပြန်လည် ကျေးဇူးဆပ်သင့်ပါတယ်။

၅။ အကျိုးများအောင် တိုးပွားစောင့်ကြပ် မ,စတတ်သော အိမ်ဦးနတ်နှင့် တူသောကြောင့် မိဘတို့ဟာ '**ပုဗ္ဗဒေဝတာဂုဏ်**'နဲ့ ပြည့်စုံပါသတဲ့၊ ဒါကြောင့် မိဘတို့ကို ပြန်လည် ပ,သသင့်ပါတယ်။

၆။ ဆရာတို့ထံ မအပ်နှံသေး ငယ်ရွယ်သွေးက ရှေးဦးရှေးဖျား သင်ကြား ပြုပြင် သွန်သင်ပြသ ဆုံးမတတ်သောကြောင့် '**ပုဗ္ဗာစရိယဂုဏ်**'နဲ့ ပြည့်စုံပါသတဲ့၊ ဒါကြောင့် မိဘတို့ကို ရိုသေသင့်ပါတယ်။

၇။ ခရီးဝေးစွာ ဆောင်ယူလာပြီး သားသမီးတို့၏ ပစ္စည်းအလှူကို ခံယူထိုက်သောကြောင့် မိဘတို့ဟာ '**အာဟုနေယျဂုဏ်**'နဲ့ ပြည့်စုံပါသတဲ့၊ ဒါကြောင့် မိဘတို့ကို လေးစားသင့်ပါတယ်။

၈။ သားသမီးရရန် တောင်းဆုပန်၍ သည်းရန်မျက်ဖြေ သားသက်ဝေ၌ (သမီး သက်ဝေ၌) အရေထူပါး အကြောများနှင့် ရိုးသားထွင်းဖောက် ခြင်ဆီရောက်ထိ ချစ်ခြင်းရှိသောကြောင့် မိဘတို့ဟာ '**သုဟာဒဂုဏ်**'နဲ့ ပြည့်စုံပါသတဲ့၊ ဒါကြောင့် မိဘတို့ကို ချစ်ခင်သင့်ပါတယ်။

http://www.dhammadownload.com

၉။ ကိုးလဆယ်လ စသည်တစ်မူ ကြည်ဖြူနှစ်သက် ဆောင်ရွက်မကွာ ကြင်နာသနား သတို့သားကို(သတို့သမီးကို) ဖွားမြင်တတ်သောကြောင့် မိဘတို့ဟာ '**ဇနေတ္တိဂုဏ်**'နဲ့ ပြည့်စုံပါသတဲ့၊ ဒါကြောင့် မိဘတို့ကို ပြန်လည် စောင့်ရှောက်ထိုက်ပါတယ်။

၁၀။ ကိုယ်စိတ်မချမ်း ငိုမြည်တမ်းက ရှင်လန်းစိမ့်ရေး နို့ချိုကျွေးလျက် တေး သီချင်းတို့ဖြင့် သာညင်းကျူးငြိမ့် နှစ်သိမ့်စေတတ်သောကြောင့် မိဘ တို့ဟာ '**တောသယန္တိဂုဏ်**'နဲ့ ပြည့်စုံပါသတဲ့၊ ဒါကြောင့် မိဘတို့ကို ပြန်လည် နှစ်သိမ့်သင့်ပါတယ်။

၁၁။ လေပူနေပူ ညှဉ်းပန်းဟူက ကြည်ဖြူလန့်နိုး မြတ်နိုးတနာ သားသမီး နှစ်ဖြာကို ကောင်းစွာစောင်မ ယုယလေးမြတ် မွေးမြူတတ်သောကြောင့် မိဘတို့ဟာ '**ပေါသန္တိဂုဏ်**'နဲ့ ပြည့်စုံပါသတဲ့၊ ဒါကြောင့် မိဘတို့ကို ပြန်လည် မြတ်နိုးသင့်ပါတယ်။

၁၂။ မိရိုးဖလာ ရတနာရွှေငွေ လယ်ယာမြေကို အမွေခံနှစ် စံရစ်စရာ ဖြစ်စိမ့်ငှာဟု ကောင်းစွာသိုမှီး သိမ်းဆည်း စောင့်ရှောက်တတ်သော ကြောင့် မိဘတို့ဟာ '**ဂေါပယန္တိဂုဏ်**'နဲ့ ပြည့်စုံပါသတဲ့၊ ဒါကြောင့် မိဘတို့ရဲ့ကျေးဇူးကို ထိန်းသိမ်း ရှိသေသင့်ပါတယ်။

၁၃။ မိဘနှစ်ပါးတို့က ညွှတ်တွားရိုကျိုး ရှိခိုးထိုက်သည့် ဂုဏ်ထူးရှိ၍ အတိ ဇာတ မည်ရထင်ရှား သားရဟန်းတို့သည် သဒ္ဓါမြတ်လေး ဆွမ်းဦး ပေး၍ လုပ်ကျွေးခြင်းငှာ အပ်ကုန်သောကြောင့် မိဘတို့ဟာ '**အနုမဇ္ဈ ဂုဏ်**'နဲ့ ပြည့်စုံပါသတဲ့၊ ဒါကြောင့် မိဘတို့ကို ၎င်းပြီး ရိုရိုသေသေ ရှိ သင့်ပါတယ်။

ကဲ ဒါက အထက်တန်း ပါဠိစာပေများမှာ ညွှန်ပြထားတဲ့ မိဘဂုဏ်ရည် တစ်ဆယ့်သုံးပါး ဖြစ်ပါတယ်၊ သေသေချာချာ ဖတ်၊ သေသေချာချာ မှတ်ပြီး မိဘဂုဏ်ကျေးဇူးများကို တစိမ့်စိမ့်တွေးပြီး မာတာပိတုဥပဋ္ဌာန် မင်္ဂလာကို လက်တွေ့ကျင့်သုံးကြဖို့ ဆရာ သတိပေးပါတယ်။

ဤမျှ ကျေးဇူးကြီးမားလှတဲ့ မိဘနှစ်ပါးကို သားသမီးများက ပြန်လည်

http://www.dhammadownload.com

စောင့်ရှောက် ကျွေးမွေးပြုရန် **သားသမီးဝတ္တရား ငါးပါး**ကို ''လက်ဦးဆရာ၊ မည်ထိုက်စွာသား'' စသည်ဖြင့် သင်တန်းအစတုန်းက ကျောက်သင်ပုန်းမှာ ရေးပြထားတဲ့ လင်္ကာလေးနဲ့ သရုပ်ဖော်ထားပါတယ်၊ သားသမီးဝတ္တရား ငါးပါးကို တိုတိုနဲ့ မှတ်သားဖို့ကတော့ မောင်မယ်တို့ ရပြီးသားဖြစ်တဲ့ ''ကျွေးမွေး မပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လှူမျှဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့တာ''ဆိုတဲ့ လင်္ကာလေး ဖြစ်ပါတယ်။

၁။ မိဘတို့ကို ပြန်လည် ကျွေးမွေး စောင့်ရှောက်ရမယ်၊

၂။ မိဘတို့ရဲ့ အမှုကိစ္စ မှန်သမျှကို ဆောင်ရွက်ပေးရမယ်၊

၃။ မိဘအမွေ ခံထိုက်အောင် နေရမယ်၊

၄။ မိဘများ ကွယ်လွန်သွားတဲ့အခါ အလှူဒါနပြုပြီး အမျှအတန်းဝေရမယ်၊

၅။ အစဉ်အဆက် အမျိုးအနွယ်ကို စောင့်ထိန်းရမယ်၊
(မျိုးချစ်စိတ် ရှိရမယ်)

ဒါဟာ သားသမီးဝတ္တရား ငါးပါးပဲ၊ ဒီဝတ္တရားငါးပါး လုံခြုံဖို့ ဝိနယ မင်္ဂလာက တာဝန်ယူပြီးဖြစ်လို့ ဝိနယမင်္ဂလာကို လက်တွေ့ ကျင့်သုံးသူများအဖို့ မာတာပိတုဥပဋ္ဌာန် မင်္ဂလာအတွက် တမင်တကာတောင် ပြုဖို့ မလိုတော့ပါ ဘူး၊ အလိုလို ကျင့်သုံးပြီးသား ဖြစ်သွားနိုင်ပါတယ်။

ဒါလောက်ဆိုရင် မာတာပိတုဥပဋ္ဌာန် မင်္ဂလာရဲ့ လိုရင်းသဘောများကို တော်တော်ကြီး ရိပ်စားမိလောက်ပါပြီ၊ မင်္ဂလာသင်ခန်းစာပေး ဇာတ်တော်ကျ ပြန်တော့လည်း မိဘဂုဏ်ရည်တွေကို မောင်မယ်တို့ အသေးစိတ် မှတ်သား ရပါဦးမယ်၊ ကဲ မင်္ဂလာဗိမာန်တော်ကြီး တည်ဆောက်လာခဲ့တာ ခုဆိုရင် အုတ်မြစ်လည်း ချပြီးပြီ၊ တိုင်လည်း စိုက်ပြီးပြီ၊ အမိုးလည်း မိုးပြီးသွားပြီ၊ မာတာပိတုဥပဋ္ဌာန်ဟာ မင်္ဂလာဗိမာန်ကြီးရဲ့ အမိုးကြီးပါပဲ၊ မင်္ဂလာဇာတ်လိုက် ကလေးလည်း ခုချိန်မှာဆိုရင် သမ္ပတ္တိစက်လေးပါးပေါ်မှာ ခြေစုံရပ်ပြီး (အသေ ဝနာ၊ ပဏ္ဍိတာ၊ ပူဇာစ၊ ပတိရူပ၊ ပုဗ္ဗေစ၊ အတ္တသမာပဏိဓိ) စာပေတတ် မြောက်လို့ (ဗာဟုသစ္စ) လက်တွေ့အလုပ်တွေ လုပ်လို့ (သိပ္ပ) စည်းကမ်းရှိရှိ ဝတ္တရားသိသိနဲ့ (ဝိနယ) စကားပြော ယဉ်ကျေး(သုဘာသိတ) လူလိမ္မာလေး တစ်ယောက်အဖြစ်နဲ့ မိဘတို့ကို လုပ်ကျွေး စောင့်ရှောက်နေပါပြီ၊ (မာတာပိတု

http://www.dhammadownload.com

ဥပဋ္ဌာန်)မင်္ဂလာတရားတော်ဟာ လူ့ဘဝခရီးစဉ်ကို အတိမ်းအစောင်း မရှိရအောင် မှုနဲ့ စနစ်နဲ့ တိတိကျကျ လမ်းစဉ်ချပြတဲ့ တရားတော် ဖြစ်ပါတယ်၊ သေသေချာချာ လေ့လာလေ အဖိုးမဖြတ်နိုင်တဲ့ အနှစ်သာရတွေကို တွေ့ရလေပါပဲ၊ ဒါကြောင့်မို့ ''ကာယကံမြောက် လက်တွေ့ ကျင့်သုံးကြစမ်းပါ'' လို့ ထပ်ကာ ထပ်ကာ ကြွေးကြော် တိုက်တွန်းနေရခြင်း ဖြစ်ပါတယ်၊ မာတာပိတု ဥပဋ္ဌာန်မင်္ဂလာအတွက် သင်ခန်းစာအဖြစ် သတ္တတိနိပါတ် သောဏနန္ဒဇာတ်တော်ကို ပြောပြပါမယ်၊ ဇာတ်တော်ကြီးကတော့ အရှည်ကြီးပဲ၊ ဒါပေမယ့် အချိန်မရတော့တဲ့အတွက် လိုရင်းများကို ကောက်နုတ်ပြီး ဆရာ ပြောပြပါမယ်၊ အကျယ် သိချင်ရင်တော့ မူရင်းဇာတ်တော်ကို လေ့လာကြပေါ့ကွယ်၊ မိဘကျေးဇူးကို အသေးစိတ် ဟောပြတဲ့ ဇာတ်တော်ကြီးပါပဲ၊ ကဲ–နားထောင်။

သောဏနန္ဒဇာတ်တော်

ဟိုရှေးရှေးတုန်းက ဗြဟ္မဝဒ္ဓနမြို့မှာ မနောဇမင်း မင်းပြုချိန်ပေါ့ကွယ်၊ အဲဒီတုန်းက ပုဏ္ဏားသူဌေး လင်မယားနှစ်ယောက် ရှိသတဲ့၊ ကုဋေများစွာ ကြွယ်ဝ ချမ်းသာကြပေမယ့် သားသမီးရတနာ မထွန်းကားလို့ ဆုတောင်းဆုယူများ ပြုလုပ်ပြီး သားဆုပန်သတဲ့ကွယ်၊ တစ်နေ့တော့ အကြောင်းအားလျော်စွာ သားရတနာ တစ်ယောက် ဖွားမြင်လာတယ်၊ '**သောဏ**'လို့ အမည်ပေးသတဲ့၊ မကြာမီနှစ်အတွင်းမှာပဲ သားရတနာတစ်ဦး ထွန်းကားပြန်တယ်၊ နာမည်ကတော့ '**နန္ဒ**'တဲ့။

သားနှစ်ယောက်ကလည်း အရွယ်ရောက်လာတဲ့အခါ လိမ္မာရေးခြားရှိပြီး မိဘကျေးဇူးကို တယ်သိတတ်ဆိုပဲ၊ '**မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ**'ဆိုတဲ့ မိဘတို့ ဝတ္တရားအတိုင်း မကောင်းတာ ပဲ့ပြင်၊ ကောင်းတာ သွန်သင်လို့ ပညာရှာချိန်မှာ ပညာသင်စေပြီး အရွယ်ရောက်လာတော့ အိမ်ထောင်ချဖို့ စီမံကြသတဲ့ကွယ်၊ ဒီလို အိမ်ထောင်ချဖို့ စီမံကြတဲ့အခါ သားနှစ်ယောက်လုံးက ''သားတို့ အိမ်ထောင် မပြုပါရစေနဲ့၊ မေမေ ဖေဖေတို့ကိုပဲ တစ်သက်ပတ်လုံး လုပ်ကျွေးပြုစုပါ့မယ်၊ မေမေ ဖေဖေတို့ ကွယ်လွန်သွားရင်

http://www.dhammadownload.com

တောထွက်ပြီး ရသေ့ရဟန်းပြုပါမယ်''လို့ ပြောသတဲ့၊ ဒီတော့ မိဘနှစ်ပါးက ''ဒီလိုဆိုရင်လည်းကွယ် တို့သေမှ လုပ်မနေပါနဲ့၊ တို့ မိသားတစ်စု တစ်ခါတည်း တောထွက်ပြီး တရားရှာကြစို့''လို့ အကြံဉာဏ်ပေးပြီး ရှိသမျှ ပစ္စည်းဥစ္စာများကို စွန့်ခွါပြီး တောထွက်လို့ ရသေ့ ရဟန်းပြုကြသတဲ့ကွယ်။

တောထဲ ရောက်တော့လည်း ညီအစ်ကိုနှစ်ယောက်ဟာ ဦးထမ်းပုံထမ်းဒိုးတူပေါင်ဖက် လက်ချင်းယှက်ပြီး မိဘနှစ်ပါးကို လုပ်ကျွေး ပြုစုကြသတဲ့၊ ဘာမှ လိုလေသေး မရှိရအောင် မိဘအပေါ် ဆောင်ရွက်ပေးကြသတဲ့၊ တစ်နေ့တော့ ညီတော်နန္ဒက သစ်သီးဝလံများကို မြန်မြန်ရှာပြီး အစ်ကိုကြီး မရောက်ခင် သူကအရင် မိဘနှစ်ပါးကို ကျွေးနှင့်တယ်၊ နောက်တော့ နေ့တိုင်း ဒီလိုပဲ အစ်ကိုကြီး အရင် ဦးအောင် ပြုစုတယ်၊ အစ်ကိုကြီး အလှည့်ရောက်တော့ မိဘများက မစားနိုင်တော့ဘူး၊ အစ်ကိုကြီးကတော့ ဝေးဝေးလံလံက ရှာကြံပြီး မွန်မွန်မြတ်မြတ် လုပ်ကျွေးတယ်၊ ညီငယ်ကတော့ ဦးရင် ပြီးရောဆိုပြီး ဖြစ်ကတက်ဆန်းလုပ်တယ်၊ ဒါကို အစ်ကိုကြီးက ဆုံးမတယ်၊ ဒါပေမယ့် ညီငယ်က မနာခံဘူးတဲ့၊ ဒါနဲ့ နောက်တစ်နေ့ကျတော့ အစ်ကိုကြီးက ညီငယ်နန္ဒကို နှင်ထုတ်လိုက်ရော၊ ဒီနေရာမှာ ညီငယ်နန္ဒဟာ (မိဘတို့ လုပ်ကျွေးခွင့် ပြန်ရဖို့အတွက်) အစ်ကိုကြီး ကျေနပ်အောင် လုပ်ဆောင်ချက် အသေးစိတ်များကိုတော့ မူရင်းဇာတ်လမ်းမှာသာ ကြည့်ကြပေတော့ကွယ်။

တိုတိုပြောရရင် ညီငယ်နန္ဒရသေ့ဟာ သူ့ရဲ့ ဣဒ္ဓိပါဒ်စွမ်းအင်နဲ့ မနောဇမင်းကြီးကို ဇမ္ဗူဒိပ်တစ်ကျွန်းလုံးပိုင်အောင် သွေးတစ်စက်မကျစေဘဲ ဆောင်ရွက်ပေးပြီး မနောဇမင်း အမှူးထားသော တစ်ရာ့တစ်ပါးသော မင်းများနဲ့တကွ ပရိသတ်ပေါင်း မြောက်မြားစွာနဲ့ အစ်ကိုကြီး သောဏရသေ့ထံ သွားရောက်တောင်းပန်ပါတယ်၊ ဒီအခါမှ သောဏရသေ့နဲ့ နန္ဒရသေ့တို့က မိဘကို လုပ်ကျွေးသင့်ပုံ၊ မလုပ်ကျွေးသဖြင့် အကျိုးဆုတ်ယုတ်ပုံတို့ကို အပြန်အလှန် ပရိသတ်များအား ပြောပြတဲ့ စကားတွေဟာ နားထောင်လို့ မငြီးအောင်ပင် ကောင်းလှပါတယ်၊ ပါဠိဂါထာပေါင်း ၇၀–နဲ့ တန်ဆာဆင်ပြီး ဟောကြားထားတဲ့ ဇာတ်တော်ကြီးမို့ ဒီမှာ အကုန်ပြောပြဖို့ အချိန်မရပါဘူး၊ ဒါပေမယ့် အစ်ကိုကြီး သောဏက ညီငယ်နန္ဒကို မိဘကျေးဇူးတွေ အသေးစိတ် ပြောပြပုံကိုတော့

http://www.dhammadownload.com

အရင်အတိုင်း ဖောက်သည်ချပါဦးမယ်။

ကဲ- နားထောင်။

''ညီတော်နန္ဒ၊ အမိ၏ကျေးဇူးကို ငါ ဟောမည်၊ နားထောင်လော့၊ အမိသည် သားသမီးရရန် ရှေးဦးစွာ နတ်တို့ကို ပူဇော်ပသ၍ သားဆုကို တောင်းရသည်၊ နောက် နက္ခတ်ဗေဒင် ဆရာတို့ထံသွား၍ သက်ရောက်, ဂြိုဟ်စား, ဂြိုဟ်အိပ်, အစီးအနင်း စသောဂြိုဟ်နက္ခတ်တို့ ကောင်း-မကောင်း ကို မေးမြန်းရသည်၊ နေ့,ရက်,လ,ရာသီဥတု စသည်တို့ ကောင်း,မကောင်း ကိုလည်း မေးရသည်''

''ညီတော်နန္ဒ၊ ပဋိသန္ဓေကိုယ်ဝန်ကို ဆယ်လတိုင်အောင် ဝမ်းဖြင့် လွယ်ထားရသည်၊ ဆယ်လလွန်၍ ရင့်သောအခါ မွေးဖွားရသည်၊ မွေးဖွား သောအခါ ခါးနာခြင်း၊ ရင်အောင့်ခြင်း စသော ဒုက္ခအမျိုးမျိုးကို သေလု မျောပါး ခံစားရသည်၊ ထို့နောက် ခုနစ်ရက်ပတ်လုံး မီးနေရသည်''

''ညီတော်နန္ဒ၊ အမိတို့သဘောမှာ ဘယ်လိုပင် ဆင်းရဲစေကာမူ မွေးဖွားပြီးတော့ သားသမီးမျက်နှာကလေးကို မြင်လိုက်ရရင် အလွန် ဝမ်းမြောက်ကြသည်၊ နို့ချိုကို အချိန်မှန်မှန် တိုက်ကျွေးရသည်၊ ကျင်ကြီး ကျင်ငယ် အညစ်အကြေးကို သုတ်သင်ရသည်၊ အချိန်မှန်မှန် ရေချိုးပေး ရသည်၊ ဆေးဝါး ကုသပေးရသည်၊ သားငယ်ကို သားမြတ်ကြား ရင်ခွင် ကြား၌ထား၍ ကိုယ်ငွေ့ပေးကာ အိပ်စေရသည်၊ အအိပ်ပျက် အစားပျက် ခံရသည်၊ သားသမီးတို့ ကျန်းမာအောင် မိမိလည်း ကျန်းမာအောင် အစား အသောက်ကို အထူး ရှောင်ကြဉ်ရသည်၊ သင့်မြတ်သော အစာကိုသာ စားရသည်၊ မှက်, ခြင်, ယင်, ကြမ်းပိုး, သန်း, နေပူ, လေပူ, နေပူ, မိုးရွာ စသည်တို့ မနှိပ်စက်ရအောင် အမြဲ စောင့်ရှောက်ရသည်။

''ညီတော်နန္ဒ၊ သုံးလေးလ အရွယ်ကစ၍ ထမင်းကို ဝါး၍ ခွံ့ရသည်၊ သင့်လျော်သော အစာကို ကျွေးမွေးရသည်၊ သင့်လျော်သော အဝတ်တို့ကို ဆင်ယင်ရသည်၊ တော်တော် ကြီးပြင်း၍ အမေ အဖေ ခေါ်တတ်သော အချိန်ကစ၍ စကား သင်ပေးရသည်၊ အရာရာ၌ လိမ္မာရေးခြားရှိအောင်

http://www.dhammadownload.com

ဆုံးမရသည်၊ တားမြစ်ရသည်၊ ခြောက်နှစ် ခုနစ်နှစ်အရွယ်သို့ ရောက်သော အခါ ပညာသင်ကြားစေရသည်၊ အရွယ်နဲ့လိုက်အောင် အဝတ်တန်ဆာ တို့ကို ဆင်ရသည်''

''ညီတော်နန္ဒ၊ တစ်ဆယ့်ခြောက်နှစ် တစ်ဆယ့်ခုနစ်နှစ်အရွယ်သို့ ရောက်သောအခါ အရွယ်တူ အမျိုးတူ ဂုဏ်တူ သားသမီးများနှင့် လက်ထပ် ထိမ်းမြားပေးရသည်၊ ပစ္စည်းရှာနည်း၊ ပစ္စည်းသိမ်းနည်း၊ ပစ္စည်းသုံးစွဲနည်းတို့ကို လက်ထပ် သင်ကြားရသည်၊ တစ်အိုး တစ်အိမ် နေနိုင်အောင် အရင်းအနှီး အမွေဥစ္စာကို ပေးရသည်၊ လူမှုရေးရာကို ကျွမ်းကျင်လိမ္မာအောင် သင်ကြားရသည်''

''ညီတော်နန္ဒ၊ အမိအဖတို့မှာ သားတစ်ယောက်၊ သမီးတစ်ယောက် လူလားမြောက်အောင် ဘယ်လောက် အငြိုအငြင် အဆင်းရဲခံရသည်၊ ဘယ်လောက် ကျွေးမွေး သုတ်သင်ရသည်၊ ဘယ်လောက် ပြုစု ပျိုးထောင်ရသည်၊ ဘယ်လောက် သင်ကြား ဆုံးမရသည်ကို ကြည့်ရှုပါ၊ အင်မတန် သည်းခံနိုင်မှ သားတစ်ယောက် သမီးတစ်ယောက် လူလားမြောက်နိုင်ပါသည်''

''ညီတော်နန္ဒ၊ သို့အတွက် အမိအဖတို့သည် မြင်းမိုရ်တောင်မက ကျေးဇူးကြီးလှသည်၊ တစ်သက်လုံး, တစ်ဘဝလုံး, တစ်ကမ္ဘာလုံး ပေးဆပ်၍ မကုန်နိုင်လောက်အောင် ကျေးဇူးကြီးလှသည်''

''ညီတော်နန္ဒ၊ အလွန် ကျေးဇူးကြီးလှသော အမိအဖတို့ကို မလုပ်ကျွေး၊ ကျေးဇူးမဆပ်သောသူသည် ဤဘဝမှာ ဂုဏ်ကျက်သရေ ကင်းတတ်၏၊ မရသေးသော စည်းစိမ်ဥစ္စာလည်း မရနိုင်၊ ရပြီးသော စည်းစိမ်ဥစ္စာလည်း ပျက်စီးတတ်၏၊ အလွန် ဆင်းရဲ ငြိုငြင်တတ်၏၊ သေလွန်သောအခါ ငရဲသို့ ကျတတ်၏''

''ညီတော်နန္ဒ၊ အလွန် ကျေးဇူးကြီးလှသော အမိအဖတို့ကို လုပ်ကျွေး မွေးမြူသောသူ၊ ကျေးဇူးဆပ်သောသူသည် ဤဘဝမှာ ဂုဏ်ကျက်သရေ တိုးပွား၏၊ မရသေးသော စည်းစိမ်ဥစ္စာကို ရ၏၊ ရပြီးသော စည်းစိမ်ဥစ္စာ မပျက်စီး၊ အလွန် ချမ်းသာသုခရှိ၏၊ သေလွန်သောအခါ နတ်ပြည်

http://www.dhammadownload.com

သို့ ရောက်ရ၏''

''ညီတော်နန္ဒ၊ ထို့ကြောင့် ပညာရှိသော သားသမီးသည် အမိအဖတို့ကို ရှိသေစွာ လုပ်ကျွေး မွေးမြူအပ်၏၊ အမိအဖတို့ကို လုပ်ကျွေး မွေးမြူသောသူသည် ဤဘဝ၌ အချီးမွမ်းခံရ၏၊ တမလွန်ဘဝ၌ နတ်ပြည်တွင် ပျော်မွေ့ရ၏''

ဘယ်လောက် ပြည့်စုံတဲ့ မိဘဂုဏ်ရည်တွေလည်းကွယ်၊ ဇာတ်တော်မှာ သောဏနဲ့ နန္ဒတို့ဟာ ရှေးကလိုပဲ မိဘတို့ကို သေတစ်ပန် သက်တစ်ဆုံး ပြုစု ကျွေးမွေး ပူဇော်သွားကြပါတယ်၊ ကဲ– ဒါလောက်ဆိုရင် ပြည့်စုံလောက်ပါပြီ၊ ကျေးဇူး ကြီးမားလှတဲ့ မိဘနှစ်ပါးကို မာတာပိတုဥပဋ္ဌာန်မင်္ဂလာနဲ့အညီ ပြုစု ကျွေးမွေး စောင့်ရှောက်နိုင်ကြပါစေလို့ ဆုတောင်းရင်း ဒီတစ်ပတ် သင်တန်း ရပ်နားကြပါစို့။

မိဘကို လုပ်ကျွေးပါ

- သောဏနန္ဒ ရှေးဖြစ်ဟောင်းကို၊ တွေးသစ်လောင်းလို့ နည်းယူဖွယ်။
  မိဘကိုကွယ် ပြုစုကြကွယ့်၊ ယုယုယယ ရှိရမယ်။
- အနန္တဂုဏ် ကျေးဇူးတရားကို၊ တွေးထူမမှားနဲ့ ဆပ်ကြကွယ်။
  မင်္ဂလာကို လက်တွေ့ကျင့်လို့၊ ရှေ့သို့တစ်ဆင့် တက်ရမယ်။
- မိမိအကျိုး တိုင်းပြည့်ကျိုး၊ သယ်ပိုးရွက်ဆောင်ကွယ်။
  အဲဒါကြောင့် မာတာပိတ မိနှင့်ဖ၊ ယုယကြင်နာ လုပ်ကျွေးကွယ်။

''မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ''

မွေးမြူဟာစာစောင်၊ အတွဲ (၅)–အမှတ်(၁၃)၊ အတွဲ(၄၄)အမှတ်(၁)

http://www.dhammadownload.com



http://www.dhammadownload.com

မကောင်းမြစ်တား ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ။ (မိဘဝတ်)

မထေမဲ့ကင်း အပ်နှင်းဥစ္စာ၊ မိစ္ဆာမမှား ဝတ်စားဆင်ယင်၊ မြတ်နိုးကြင်၊ ငါးအင်လင်ကျင့်ရာ။ (လင်ကျင့်ဝတ်)

အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ၊ မိစ္ဆာကြဉ်ရှောင်၊ လျော်အောင်ဖြန့်ချိ ပျင်းရိမမှု၊ ဝတ်ငါးဆူ၊ အိမ်သူကျင့်အပ်စွာ။ (မယားကျင့်ဝတ်)

လက်တွေ့မင်္ဂလာသင်တန်း ဖွင့်ခဲ့တာ ခုအပတ်ပါဆိုရင် တစ်ဆယ့်နှစ်ပတ်တောင် ရှိသွားပြီကွယ့်၊ သင်တန်း တစ်ဆယ့်နှစ်ပတ်ဆိုတော့ မင်္ဂလာလည်း တစ်ဆယ့်နှစ်ပါး ရှိသွားပြီပေါ့ကွယ်၊ မင်္ဂလာသဘောလေးတွေ ကျေ၊ မကျေ သိရအောင် မေးကြည့်ရဦးမယ်။

''လူမိုက်ကိုရှောင်၊ ပညာရှိကိုပေါင်း၊ အားကိုးထိုက်သူ ရွေးချယ်၊ အခြေအနေ ပေးမည့်နေရာမှာနေ၊ ကောင်းတဲ့အလုပ်ကို ကြိုကြိုတင်တင်လုပ်၊ ကိုယ့်ကိုယ်ကို အမှားမရှိအောင် စောင့်ထိန်းပြီး ကျောင်းမှန်မှန်တက်၊ စာပေကို ကြိုးစား၊ အသက်မွေးဝမ်းကျောင်း လက်တွေ့အလုပ်တစ်ခုခုကို တတ်အောင်လုပ်၊ စည်းကမ်းရှိရှိနေ၊ ယဉ်ယဉ်ကျေးကျေး ပြော၊ အလုပ်လုပ်လို့ ငွေရရင် မိဘကိုပေး၊ အဲဒီစကားစဉ်ကို မင်္ဂလာနဲ့ တင်ပြစမ်းပါ''

- လူမိုက်ကိုရှောင်ဆိုတာ 'အသေဝနာစ ဗာလာနံမင်္ဂလာ''၊
- ပညာရှိကိုပေါင်းဆိုတာ ''ပဏ္ဍိတာနဉ္စ သေဝနာမင်္ဂလာ''၊
- အားကိုးထိုက်သူ ရွေးချယ်ဆိုတာက ''ပူဇာစ ပူဇနေယျာနမင်္ဂလာ''၊
- အခြေအနေပေးမည့်နေရာမှာ နေဆိုတာက ''ပတိရူပဒေသဝါသ မင်္ဂလာ''၊
- ကောင်းတဲ့အလုပ်ကို ကြိုကြိုတင်တင်လုပ် ဆိုတာက ''ပုဗ္ဗေစ ကတပုညတာမင်္ဂလာ''၊
- ကိုယ့်ကိုယ်ကို အမှားမရှိအောင် စောင့်ထိန်းပြီး ကျောင်းမှန်မှန်တက်၊ စာပေကို ကြိုးစားဆိုတာက ''ဗာဟုသစ္စဉ္စမင်္ဂလာ''၊

http://www.dhammadownload.com

- အသက်မွေးဝမ်းကျောင်း လက်တွေ့အလုပ်တစ်ခုခုကို တတ်အောင်လုပ်ဆိုတာက "သိပ္ပဥ္စမင်္ဂလာ"၊
- စည်းကမ်းရှိရှိနေ ဆိုတာက "ဝိနယောစ သုသိက္ခိတမင်္ဂလာ"၊
- ယဉ်ယဉ်ကျေးကျေး ပြောဆိုတာက "သုဘာသိတာစ ယာဝါစာမင်္ဂလာ"၊
- အလုပ်လုပ်လို့ ငွေရရင် မိဘကိုပေးဆိုတာ "မာတာပိတုဥပဋ္ဌာနမင်္ဂလာ" ဖြစ်ပါတယ် ဆရာ"။

"**ပေါင်းရေးသင်းရေးမင်္ဂလာ၊ နေရေးထိုင်ရေးမင်္ဂလာ၊ လုပ်ရေးကိုင်ရေးမင်္ဂလာ၊ ထိန်းရေးသိမ်းရေးမင်္ဂလာတို့ကို ပြောပြပါ**"

- ပေါင်းရေးသင်းရေးမင်္ဂလာဆိုတာက "အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စသေဝနာ၊ ပူဇာ စ ပူဇနေယျာနမင်္ဂလာ"တို့ ဖြစ်ပါတယ်။
- နေရေးထိုင်ရေးမင်္ဂလာဆိုတာက "ပတိရူပဒေသဝါသမင်္ဂလာ" ဖြစ်ပါတယ်။
- လုပ်ရေးကိုင်ရေးမင်္ဂလာဆိုတာက "ပုဗ္ဗေစ ကတပုညတာမင်္ဂလာ" ဖြစ်ပါတယ်။
- ထိန်းရေးသိမ်းရေးမင်္ဂလာဆိုတာက "အတ္တသမ္မာပဏိဓိမင်္ဂလာ" ဖြစ်ပါတယ်။

"**လူ့ဘဝ ခရီးတစ်လျှောက်မှာ တိုးတက် ကြီးပွားဖို့မင်္ဂလာတရားက အဆင့်ဆင့် ဘယ်လို ညွှန်ပြပါသလဲ**"

- ကျောင်းမှန်မှန်တက်ပြီး စာကြိုးစားရပါမယ်၊
- စာတွေပြီးရင် လက်တွေ့အလုပ်တစ်ခုခုကို တတ်မြောက်အောင် သင်ထားရပါမယ်၊
- စည်းကမ်းရှိရှိ ဝတ္တရားသိသိနဲ့ နေရပါမယ်၊
- ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့ ပြောဆို ဆက်ဆံရပါမယ်၊
- အလုပ်လုပ်လို့ ငွေရရင် ကျေးဇူးအကြီးမားဆုံးဖြစ်တဲ့ မိဘနှစ်ပါးကို ပြုစုရပါမယ်၊

အေး ခုလို မောင်မယ်တို့ မင်္ဂလာတရားတော်ကို စနစ်တကျ မှတ်သားထားကြတဲ့အတွက် ဆရာ ဝမ်းသာလှပါတယ်၊ ကဲ-သင်တန်းစကြရအောင်။

http://www.dhammadownload.com

၁၂။ ပုတ္တဒါရဿသင်္ဂဟော

(သားသမီး ဇနီးမယားတို့ ချီးမြှောက်ရေးမင်္ဂလာ)

"မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ"

လူ့ဘဝမှာ သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်ဆိုသလို အချိန်တန် အရွယ်ရောက်လို့ လူလားမြောက်လာတဲ့ လူတိုင်းဟာ အိမ်ထောင်ရယ်လို့ အများအားဖြင့် ပြုကြစမြဲပါပဲ၊ ဒီလို အိမ်ထောင်ရယ်လို့ ပြုကြတယ်ဆိုရင်ပဲ 'ထွန်နောက်ရေပါ' ဆိုသလို သဘာဝအလျောက် သားသမီးရတနာ ဆိုတာဟာလည်း ပေါ်ပေါက်ရစမြဲပဲကွယ့်၊ ဒီလို သားရယ်၊ မယားရယ်လို့ ရလာပြန်တော့လည်း တာဝန်တွေ ဝတ္တရားတွေဟာ ပိုမို ကြီးထွားလာပြန်တယ်၊ အိမ်ထောင်ဦးစီး တစ်ယောက်အနေနဲ့ ဒီတာဝန်တွေကို မကျေပွန်ခဲ့ရင် ကိုယ့်ကို မှီခိုနေတဲ့ သားမယားတို့ဟာ လောကအလယ်မှာ မျက်နှာ ငယ်ရတတ်ပါတယ်၊ ဒါကြောင့် အိမ်ထောင်ရှင်ရယ်လို့ ဖြစ်လာရင် အိမ်ထောင်တာဝန်ကို ကျေပွန်ဖို့ အထူး လိုအပ်လှပါတယ်၊ ဒါကြောင့် တစ်ကိုယ်တည်း လူပျိုကြီး၊ အပျိုကြီး မလုပ်လိုသူတွေအတွက် ဟာကွက်မရှိအောင် မင်္ဂလာတရားတော်က "**ပုတ္တဒါရဿသင်္ဂဟော**"တဲ့။

ဒီလို ပြောထားပါတယ်၊ အဓိပ္ပာယ်က သားသမီး မယားတို့ကို ဝတ်ငါးပါး မပျက် ချီးမြှောက်ရမယ်တဲ့၊ ဒီလို **သားသမီး မယားတို့ကို ချီးမြှောက်ထောက်ပံ့ခြင်းဟာလည်း မင်္ဂလာတစ်ပါး**ပါပဲတဲ့၊ ဒီလို အဓိပ္ပာယ်ရပါတယ်၊ ပုတ္တဒါရဿသင်္ဂဟ ဆိုတဲ့ပုဒ်ကို **ပုတ္တသင်္ဂဟ**တစ်ပုဒ်၊ **ဒါရသင်္ဂဟ**တစ်ပုဒ်လို့

Ko Oo'F/19-A

http://www.dhammadownload.com

နှစ်ပုဒ်ခွဲပြီး မှတ်ရမယ်၊ ပုတ္တသင်္ဂဟဆိုတာက သားသမီးကို ချီးမြှောက်တာ၊ ဒါရသင်္ဂဟဆိုတာက မယားကို ချီးမြှောက်တာ၊ ဒီလို နှစ်ပိုင်းရှိပါတယ်၊ ဒီလို နှစ်ပိုင်း ရှိတဲ့အနက် ပုတ္တသင်္ဂဟ တာဝန်ကျေဖို့အတွက် ကျောက်သင်ပုန်းမှာ ရေးပြထားတဲ့ မကောင်းမြစ်တာ၊ ကောင်းရာညွှန်လတ် စတဲ့ အင်္ဂါငါးရပ်နဲ့ ညီညွတ်ရမယ်ကွယ့်။

(၁) မကောင်းတာ မဖြစ်ရအောင် တားမြစ်ရမယ်၊
(၂) ကောင်းရာဟူသမျှကို ညွှန်ပြရမယ်၊
(၃) အတတ်ပညာ သင်ပေးရမယ်၊
(၄) အချိန်တန် အရွယ်ရောက်ရင် လုပ်ရေးကိုင်ရေးအတွက် အရင်းအနှီး ငွေကြေး စသည်တို့ကို ထုတ်ပေးရမယ်၊
(၅) အိမ်ထောင်ချပေးရမယ်၊

ဒါဟာ အစဉ်အလာမပျက် ဆောင်ရွက်လာကြတဲ့ 'မိဘဝတ္တရား'တွေပဲ ကွယ့်၊ ဒီဝတ္တရားတွေ ကျေပွန်ရင် ပုတ္တသင်္ဂဟမင်္ဂလာ ဖြစ်တယ်လို့ ဆိုလိုပါတယ်။

ဒါရသင်္ဂဟမင်္ဂလာနဲ့ ပြည့်စုံဖို့အတွက် မထီမဲ့ကင်း၊ အပ်နှင်းဥစ္စာစတဲ့ ဝတ္တရားများနဲ့ စောင့်ရှောက်ရပါမယ်။

(၁) ငါက လုပ်ကျွေးနေတာပဲဆိုပြီး မထီလေးစား မထီမဲ့မြင် ထင်ရာမြင်ရာ မလုပ်ရခြင်း၊
(၂) ရှာဖွေလို့ ရလာတဲ့ ပစ္စည်းဥစ္စာများကို အပ်နှံခြင်း၊
(၃) တခြား မယားများနဲ့ မှောက်မှောက်မှားမှား မပြုမှားရခြင်း၊
(၄) အဝတ်တန်ဆာ ရတနာရွှေငွေ ဆင်ပေးရခြင်း၊
(၅) ချစ်ခင်မြတ်နိုးစွာ ရိုးမြေကျပေါင်းရခြင်း– ဒါကို '**လင့်ဝတ္တရား ငါးပါး**' လို့ ခေါ်ပါတယ်။

ဒါရသင်္ဂဟမင်္ဂလာနဲ့ ပြည့်စုံဖို့အတွက် ဒီအင်္ဂါငါးရပ်နဲ့ ညီညွတ်ရမယ် ကွယ့်၊ ဒီနေရာမှာ 'ပုတ္တ'ဆိုပေမယ့် သားကိုသာမဟုတ်ဘဲ သမီးကိုပါ ယူရပါတယ်၊ 'ဒါရ'ဆိုပေမယ့် မယားကိုသာ မဟုတ်ဘဲ လင်ကိုလည်း ယူရပါတယ်၊ ဒါကြောင့် ဒီနေရာမှာ မယားဘက်က ပြောရရင် **ပတိသင်္ဂဟ** (လင်ကို

http://www.dhammadownload.com

ချီးမြှောက်ခြင်း)မင်္ဂလာနဲ့ ပြည့်စုံဖို့အတွက် မယားဝတ္တရား ငါးပါးနဲ့ ပြည့်စုံရပါမယ်။

(၁) အိမ်တွင်းမှုအလုပ်များကို မလစ်ဟင်းရအောင် ဆောင်ရွက်ရခြင်း။
(၂) လင်က အစ်နှင်းသည့်ဥစ္စာများကို စီးသည့်ရေ ဆည်တဲ့ကန်သင်းဆိုသလို ကောင်းမွန်စွာ ထိန်းသိမ်းရခြင်း။
(၃) ယောကျ်ားတစ်ပါးနှင့် မပြစ်မှား မကျူးလွန်ရခြင်း၊
(၄) ကိုယ့်ဘက်သူ့ဘက် မျှမျှတတရှိအောင် ပေးရကမ်းရခြင်း။
(၅) မပျင်းမရိဘဲ လင့်တာဝန်ကို ကျေပွန်ခြင်း။ ဒါကို '**မယားဝတ္တရား ငါးပါး**'လို့ ခေါ်ပါတယ်။

မောင်မယ်တို့တော့ စာသံပေသံတွေ သိပ်ကြားနေရတာနဲ့ ပျင်းများတောင် နေကြပြီလား မသိဘူး။ အေး– စာသံနဲ့ ပြောသင့်တာတွေကျတော့လည်း စာနဲ့ ပေနဲ့ ပြောရပြန်တာပေါ့ကွယ်၊ စာသံပေသံ ဆိုပေမယ့် ခု ဆရာ ပြောခဲ့တဲ့ အပြန်အလှန် ဝတ္တရားတွေဟာ လောကဖြစ်ရပ်ထဲကဟာတွေပဲဆိုတာ မောင်မယ်တို့လည်း နားလည်ပါလိမ့်မယ်၊ သာသာယာယာ ရှိနေတဲ့ အိမ်ထောင်တစ်ခုကို တစေ့တစောင်း အကဲခတ်ကြည့်ရင်း အပြန်အလှန် ဝတ္တရားတွေ ကျေပွန်နေကြတာကို တွေ့ရသလို မသင့်မတင့်တဲ့ အိမ်ထောင်တစ်ခုကို မသိမသာ ကြည့်ရင်လည်း ဝတ္တရားတွေ ပျက်ကွက်နေကြတာကို တွေ့ရပါလိမ့်မယ်၊ ဒါတွေကို သင်ခန်းစာအဖြစ် မှတ်သားပြီး မင်္ဂလာတရားကို လက်တွေ့ကျင့်ကြဖို့ပါပဲကွယ်။

မင်္ဂလာတရားတော်က အကွက်စေ့အောင် ပိုက်စိပ်တိုက် ပြောနေပေမယ့် လိုရင်းကျကျ ပြောရရင် ဝိနယမင်္ဂလာနဲ့ ပြည့်စုံရင် မာတာပိတု ဥပဋ္ဌာန မင်္ဂလာတို့ ပုတ္တဒါရဿသင်္ဂဟမင်္ဂလာတို့ဟာ အလိုလို ပြည့်စုံနိုင်ပါတယ်၊ မင်္ဂလာကွင်းဆက် သဘောလေးတွေ သိနေရင် လက်တွေ့ ကျင့်ကြံတဲ့နေရာမှာလည်း လွယ်ကူတာပေါ့ကွယ်။

ဒီမင်္ဂလာမှာ ကလေးနို့တိုက်နေတာတို့၊ ကလေးကို သီချင်းဆို သိပ်တာတို့၊ ပုခက်လွှဲပေးနေတာတို့အထိ ပုတ္တဒါရဿမင်္ဂလာသဘောနဲ့ ပြန်ကြည့်ရင်

http://www.dhammadownload.com

မင်္ဂလာ အလုပ်တွေ လုပ်နေပါလားလို့ ဝမ်းသာရပါတယ်၊ ဒါကြောင့် ကလေး အဖေ၊ ကလေးအမေများကို ဆရာက အားပေးစကား ပြောကြားလိုပါတယ်၊ ကလေးထိန်းရတာတို့၊ ကလေးချော့ရတာတို့၊ နို့တိုက်ရတာတို့၊ ပုခက်လွှဲရတာ တို့အတွက် စိတ်လက် မကြည်မသာဖြစ်နေခဲ့ရင် ပုတ္တဒါရသင်္ဂဟောဆိုတဲ့ မင်္ဂလာသဘောလေးကို တွေးပြီး စိတ်အေးအေး ထားကြစမ်းပါလို့ အားပေး လိုပါတယ်၊ ကဲ-အချိန်လည်း သိပ်မရဘူး၊ မင်္ဂလာသဘောတော့ ဒါလောက်နဲ့ ပဲ တော်ကြဦးစို့၊ မောင်မယ်တို့ရဲ့ မင်္ဂလာဇာတ်လိုက်လေးဟာ ခု လူကြီးဖြစ် သွားပြီနော်၊ အိမ်ထောင်ကျလို့ ကလေးအဖေတောင် ဖြစ်သွားပြီကွယ့်၊ တယ် မြန်လိုက်ပါလားကွယ်၊ ဒီတစ်ပတ် မင်္ဂလာသင်ခန်းစာအဖြစ် ပဥ္စကနိပါတ်၊ ဥရဂဇာတ်တော်ကို ပြောပြပါမယ်၊ ကဲ-နားထောင်။

ဥရဂဇာတ်တော်

ဟိုရှေးရှေးတုန်းက ဗာရာဏသီပြည်မှာ ပုဏ္ဏားကြီး လင်မယားရှိတယ်၊ သူတို့မှာ သားတစ်ယောက် သမီးတစ်ယောက် ထွန်းကားလာတဲ့အခါ သား သမီးများအပေါ် မိဘဝတ္တရားမပျက် စီမံဆောင်ရွက်ပေးကြကယ်၊ အရွယ် ရောက်တော့ နှစ်ယောက်စလုံးကို အိမ်ထောင်ချပေးလိုက်သတဲ့၊ အကုန်လုံး တစ်အိမ်တည်းမှာပဲ နေကြတယ်၊ ပုဏ္ဏားကြီးဟာ သားသမီးများအပေါ် ပုတ္တ သင်္ဂဟမင်္ဂလာနဲ့အညီ ပုဏ္ဏေးမကြီးအပေါ်မှာလည်း ဒါရသင်္ဂဟ မပျက်ရ အောင် အမြဲပင် စောင့်ရှောက်ရှာသတဲ့၊ သားသမီးများကလည်း မိဘများ အပေါ် ဝတ္တရား ကျေပွန်စွာ ဆောင်ရွက်ကြတယ်တဲ့၊ ပုဏ္ဏေးမကြီးလည်း လင်အပေါ်ရော သားသမီးများအပေါ်ပါ ဝတ္တရား ကျေကျေပွန်ပွန် ဆောင်ရွက် တဲ့အတွက် သူတို့ရဲ့အိမ်လေးဟာ သီရိဂေဟာလေး ဖြစ်နေသတဲ့ကွယ်။

နေ့တိုင်း နေ့တိုင်း ပုဏ္ဏားကြီးက မယားနဲ့ သားသမီးများကို ''သင်တို့ ဒါနပြုကြ၊ သီလဆောက်တည်ကြ၊ သေခြင်းတရားကို အောက်မေ့ကြ''လို့ အမြဲတမ်း ဆုံးမတဲ့အပြင် သူတို့မိသားစုဟာ သေခြင်းတရားကို အမြဲတမ်း ဒူးတိုက် ဆွေးနွေးပြီး တစ်နေ့နေ့ သေရမယ်ဆိုတာကို နှစ်နှစ်ကာကာကြီး သဘောပေါက်အောင် အမြဲ ကြိုးစားထားသတဲ့ကွယ်၊ တရားစကားနဲ့ပြောရရင်

http://www.dhammadownload.com

သူတို့ မိသားစုဟာ မရဏာနုဿတိကမ္မဋ္ဌာန်းကို စာတွေ့ရော လက်တွေ့ပါ နားလည်ပြီး ကျင့်သားရနေကြပါတယ်၊ တို့ ''တစ်နေ့ သေရမယ်၊ မသေမီ ကောင်းမှုပြုမယ်၊ ချစ်ချစ်ခင်ခင် နေမယ်၊ သေမှုဒိုတာ အမိပ္ပာယ်မရှိ''ဆိုတဲ့ သဘောကို အသည်းခိုက်အောင် စွဲမြဲထားကြပါတယ်၊ တော်တော် အတုယူဖို့ ကောင်းတဲ့ ဇာတ်လမ်းလေးပဲကွယ့်၊ သူတို့ မိသားစုဟာ မရဏာနုဿတိ ကမ္မဋ္ဌာန်းကို ကျေညက်နေတယ်လို့ ဆိုရမှာပေါ့ကွယ်။

တိုတိုပြောရရင် တစ်နေ့တော့ ပုဏ္ဏားကြီးသားအဖ လယ်ထွန်သွားတဲ့ အခါ သားကို ပိုးထိလို့ ဆုံးပါရော၊ ဒီလို ဆုံးသွားတဲ့အခါ ပုဏ္ဏားကြီးဟာ ဘာမှ တုန်လှုပ်မှုမရှိဘဲ လယ်ကိုပဲ ဆက်ထွန်နေသတဲ့၊ လယ်နီးနားချင်းများ အိမ်ပြန်တဲ့အခါမှာ သူ့အိမ်ကို ဒီနေ့ ထမင်းတစ်ယောက်စာပဲ ယူလာဖို့နဲ့ တစ်အိမ်သားလုံး အဝတ်အစားများ လဲပြီး ပန်းနံ့သာများ ယူဆောင်ကာ လိုက်လာကြဖို့ မှာလိုက်သတဲ့ကွယ်၊ အိမ်က လူတွေကလည်း ပုဏ္ဏားကြီးက ဒီလို မှာလိုက်တာနဲ့ပဲ တစ်ခုခုသော အကြောင်းကြောင့် သားတော့ ဆုံးပြီဆို တာကို ကြိုတင် သဘောပေါက်ကြသတဲ့၊ ဒါနဲ့ သူတို့ မှာတဲ့အတိုင်း ပြင်ဆင်ပြီး လာကြတဲ့အခါမှာ ပုဏ္ဏားကြီးကလည်း အေးအေးဆေးဆေးပဲ ထမင်းစားလို့ ကျန်တဲ့မိသားစုကလည်း အေးအေးဆေးဆေးပဲ ဘာမှ ထူးထူးဆန်းဆန်း တုန်တုန်လှုပ်လှုပ် မဖြစ်ကြဘဲ ပုဏ္ဏားတို့ ထုံးစံအတိုင်း အသုဘအလောင်းကို မီးရှို့ဖို့ စီစဉ်ကြပါတယ်၊ ပြီးတော့ မိသားစုအားလုံး မရဏာနုဿတိကမ္မဋ္ဌာန်း စီးဖြန်းပြီး မီးသင်္ဂြိုဟ်တဲ့အခါမှာ သူတို့ရဲ့ ကမ္မဋ္ဌာန်းတန်ခိုးကြောင့် သိကြားမင်း မနေနိုင်ဘဲ ဆင်းလာပြီး စုံစမ်းတဲ့အခါမှာ သူ့သားအလောင်းကို မီးသင်္ဂြိုဟ် ခြင်းဖြစ်ကြောင်း၊ သူတို့ မိသားစုဟာ သေခြင်းတရားကို အထပ်ထပ် နှလုံးသွင်း ထားကြောင်း၊ ထို့ကြောင့် တုန်လှုပ်မှု မရှိကြောင်းများကို ပြောပြကြပါတယ်၊ ဒီနေရာမှာ မိသားစု ငါးယောက်မှ တစ်ယောက်စီ ပြောပြတဲ့ စကားတွေဟာ အလွန် မှတ်သားလောက်ပါတယ်။

''ငါ၏သားကား မခေါ်ယူရဘဲ ဘဝတစ်ပါးမှ အိမ်သို့ ရောက်လာ၏၊ ခွင့်မပြုဘဲ ဤအိမ်မှ ဘဝတစ်ပါးသို့ ပြောင်းသွားပြန်၏၊ အလို အလျောက်လာ၍ အလိုအလျောက် ပြန်သွားရာ၌ ငိုကြွေးခြင်းမှာ အဘယ်

http://www.dhammadownload.com

အကျိုးရှိမည်နည်း။ မီးသင်္ဂြိုဟ်အပ်သော သားသည် ဆွေမျိုးတို့ ငိုကြွေးခြင်းကို မသိပါ။ မိမိသွားရာ ဂတိသို့သာ သွားပေ၏။ ထို့ကြောင့် သားအတွက် မစိုးရိမ်ပါ။ မငိုကြွေးပါ''

''သေသူကို စိုးရိမ် ငိုကြွေးနေသောသူသည် ကောင်းကင်၌ သွားနေသော လမင်းကို မြင်၍ ပေးပါ ပေးပါဟု တောင်းရမ်းကာ ငိုကြွေးနေသော သူငယ်ကဲ့သို့ ဖြစ်ပေ၏။ မီးသင်္ဂြိုဟ်အပ်သော လင်ယောကျ်ားသည် ဆွေမျိုးတို့ ငိုကြွေးခြင်းကို မသိပါ။ မိမိသွားရာ ဂတိသို့သာ သွားပေ၏။ ထို့ကြောင့် လင် ယောကျ်ားအတွက် မစိုးရိမ်ပါ။ မငိုကြွေးပါ''

ပုဏ္ဏေးမကြီးနဲ့ မယားက ပြောသော စကားများဖြစ်ပါတယ်၊ အလွန်တန်ဖိုး ရှိတဲ့ စကားလုံးလေးတွေပါပဲကွယ်၊ ဒီဇာတ်လမ်းလေးဟာ ဗုဒ္ဓဘာသာတရားတော် ကမ္ဘာပြန့်ဖို့အတွက် များစွာ အထောက်အကူပြုခဲ့ပါတယ်၊ ကမ္ဘာကျော် လန်ဒန်ပါဠိသက္ကတ ပါမောက္ခ လင်မယားဖြစ်ကြတဲ့ မစ္စတာဒေးဗစ်နှင့် မစ္စက်ဒေးဗစ်တို့မှာ သားကလေးတစ်ယောက် ဆုံးသွားတဲ့အတွက် သောကမအေးသဖြင့် ကမ္ဘာလှည့်ပြီး ဘာသာအမျိုးမျိုး ဝင်ပြီး တရားအမျိုးမျိုးနဲ့ ဖြေဖျောက်သော်လည်း မပြေပျောက်ဘဲ ရှိနေရာမှ သီဟိုဠ်ရောက်တဲ့အခါမှာ ဆရာတော်ကြီးတစ်ပါးက ဒီ ဥရဂဇာတ်လာ အထက်ပါ စကားများကို ပြောပြတဲ့အတွက် အားတက်ပြီး သောကများ ပြေငြိမ်းခဲ့ရပါတယ်၊ လင်မယားနှစ်ယောက်စလုံး ဗုဒ္ဓဘာသာဝင်ဖြစ်ပြီး ပါဠိပိဋကများကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပြီး သာသနာပြုခဲ့ကြသတဲ့ကွယ်၊ မစ္စက်ဒေးဗစ်ကို လယ်တီဆရာတော်ဘုရားကြီးက ''လန်ဒန်ဒေဝီ''ဘွဲ့ကို ပေးအပ်ချီးမြှင့်တော်မူခဲ့ပါတယ်။

ကဲ- ဇာတ်လမ်းလေး ပြန်ဆက်ရအောင်၊ သိကြားမင်းဟာ မိသားစုတို့ ပြောပြတဲ့စကားကို ကြားရတဲ့အခါ အလွန် ဝမ်းမြောက်လို့ သာဓုအကြိမ်ကြိမ်ခေါ်ပြီး ဒီနေ့ကစပြီး လယ်မလုပ်ရတော့ဘဲ အေးအေးဆေးဆေး သူတော်ကောင်းတရား ပွားများနိုင်ဖို့ ရတနာရွှေငွေများကို ပေးအပ်ခဲ့ပါသတဲ့ကွယ်။

ဒီဇာတ်လမ်းမှာ သင်ခန်းစာယူဖို့ကတော့ ပုဏ္ဏားကြီးဟာ သားသမီးများအပေါ် ပုတ္တသင်္ဂဟမင်္ဂလာ၊ ပုဏ္ဏေးမကြီးအပေါ် ဒါရသင်္ဂဟမင်္ဂလာတို့နဲ့အညီ

http://www.dhammadownload.com

စောင့်ရှောက်သွားပုံများ၊ ဆုံးမသွားပုံများပဲ ဖြစ်ပါတယ်၊ ဒီ သင်ခန်းစာအပြင် သံသရာ ခရီးသည်အဖြစ် ခေတ္တခဏ တွေ့ကြုံတဲ့အခိုက် သေခြင်းတရားကို တကယ် သဘောပေါက်ပြီး မသေမီ အချင်းချင်း ချစ်ချစ်ခင်ခင် ကြင်ကြင် နာနာနဲ့ နေထိုင်သွားဖို့၊ သူတော်ကောင်းတရားရဲ့ အေးမြချမ်းသာလှပုံတွေကို ယူတတ်ရင်ဖြင့် မကုန်နိုင်တဲ့ သင်ခန်းစာများကို မောင်မယ်တို့ ရယူနိုင်ပါတယ်၊ ကဲ– ဆရာလည်း အလုပ်များနေတဲ့အတွက် ဤမျှနဲ့ပဲ နိဂုံးသတ်ကြပါစို့။

သားမယားကို ချီးမြှောက်ပါ

- ဥရုဂနော် ဇာတ်လာအသွားကို၊ မှတ်ကာမမှား နည်းယူဖွယ်။
  ကိုယ့်အိုး ကိုယ့်အိမ် သာယာရေးနှင့်၊ စာနာမနှေး ကျင့်ကြံဖွယ်။

- သားနှင့်မယားကို ထောက်ပံ့ပေးမှ၊ ကောင်းရန့်မွှေး မင်္ဂလာကြွယ်။
  မင်္ဂလာကို လက်တွေ့ကျင့်လို့၊ ရှေ့သို့တစ်ဆင့် တက်ရမယ်။

- မိမိအကျိုး တိုင်းပြည်ကျိုး၊ သယ်ပိုးရွက်ဆောင်ကွယ်။
  အဲဒါကြောင့် သားနှင့်မယား ချီးမြှောက်စား၊ မှတ်သားမင်္ဂလာကွယ်။

''မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ''

မွေးဖူးဟာစာစောင်၊ အတွဲ (၆)–အမှတ်(၁)၊ အတွဲ(၄၄)အမှတ်(၂)

http://www.dhammadownload.com

http://www.dhammadownload.com

မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော၊

အနာကုလာစ ကမ္မန္တာ၊ ဧတံ မင်္ဂလ မုတ္တမံ။

မာတာပိတု– အမိအဖကို၊ **ဥပဋ္ဌာနဉ္စ**– လုပ်ကျွေးမွေးမြူရခြင်းသည်လည်းကောင်း၊ **ပုတ္တဒါရဿ**– သားမယားကို၊ **သင်္ဂဟောစ**– သင်္ဂြိုဟ်ထောက်ပံ့ရခြင်းသည်လည်းကောင်း၊ **အနာကုလာ**– အနှောင့်အယှက် မရှိကုန်သော၊ **ကမ္မန္တာ စ**– အမှုတို့ကို ပြုရခြင်းသည်လည်းကောင်း၊ **ဧတံ**– ဤသုံးပါးသော တရားသည်လျှင်၊ **ဥတ္တမံ**– မြတ်စွာသော၊ **မင်္ဂလံ**– မင်္ဂလာမည်၏ဟူ၍၊ **ဂဏှာဟိ**– မှတ်လေလော့။

မင်္ဂလာပါဠိကဗျာ(ဂါထာ)လေးတွေ လေးပုဒ်တောင် ရှိသွားပြီကွယ့်၊ မောင်မယ်တို့လည်း အရကျက်ထားကြလိမ့်မယ်လို့ ဆရာ မျှော်လင့်ပါတယ်၊ အေးကွယ်– ဆရာလည်း အမျိုးမျိုး အခက်အခဲတွေ ကြားထဲက ဒီသင်တန်းလေး မလစ်ဟင်းရအောင် မနည်းကြီး ကြိုးစားနေရတယ်ကွယ့်၊ ခုလို သင်တန်းသားတွေ စုံစုံလင်လင် တွေ့ရတော့ ဆရာ အားတက်ပါတယ်ကွယ်၊ 'ကိုယ့်အလုပ် ကိုယ်လုပ်'ဆိုတဲ့ စကားကို ကြားဖူးကြတယ် မဟုတ်လား၊ အေး–မောင်မယ်တို့ကိုလည်း ဆရာက ''ကိုယ့်အလုပ် ကိုယ်လုပ်'လို့ မှာချင်ပါတယ်၊ မောင်မယ်တို့အလုပ်ဟာ ပညာသင်တဲ့အလုပ် မဟုတ်လား၊ ဒါကြောင့်မို့ ပညာသင်တဲ့အရွယ်မှာ ပညာကိုသာ ခေါင်းထဲထားပြီး အခြားကိစ္စများကို ခဏဘေးဖယ်ထားဖို့ လိုမယ် ထင်ပါတယ်၊ ဒါမှလည်း ကိုယ့်ရည်မှန်းချက် အောင်ပြီး ဗာဟုသစ္စမင်္ဂလာ သိပ္ပမင်္ဂလာတို့နဲ့ ပြည့်စုံနိုင်ပါတယ်၊ ဒီမင်္ဂလာနှစ်ပါးနဲ့ ပြည့်စုံမှလည်း မာတာပိတု ဥပဋ္ဌာနမင်္ဂလာ၊ ပုတ္တဒါရဿ သင်္ဂဟမင်္ဂလာတို့ကို ကောင်းကောင်းကြီး ဖြည့်ကျင့်နိုင်မယ် မဟုတ်လားကွယ့်၊ အေး– ဒါကြောင့်မို့ ကိုယ့်အလုပ်ကိုသာ ကိုယ်လုပ်ကြဖို့ ဆရာ သတိပေးပါတယ်။ ကဲ–သင်တန်း စကြပါစို့။

Ko Oo'F/20-A

http://www.dhammadownload.com

၁၃။ အနာကုလာ စ ကမ္မန္တာ

(အပြစ်ကင်းသောအလုပ် လုပ်ကိုင်ရေးခင်းလာ)

''မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ''

မာတာပိတုဥပဋ္ဌာန- မိဘကိုလည်း လုပ်ကျွေးပါ၊ ပုတ္တဒါရဿသင်္ဂဟ- သားမယားကိုလည်း ချီးမြှင့်ပါတဲ့၊ ဒီလို ဆိုထားတယ် မဟုတ်လား၊ ဒီနေရာမှာ မေးခွန်းတစ်ခု ထွက်လာပြီ၊ ဘယ်လိုလဲဆိုတော့ ဘယ်ပုံဘယ်နည်း လုပ်ကျွေး ရမှာလဲတဲ့၊ ဒီ အဖြေကတော့ ရှေ့ပိုင်းမှာ ပါခဲ့ပြီမို့ မခက်ပါဘူး၊ ဘာတဲ့ - သိပ္ပဥ္စလို့ဆိုတယ် မဟုတ်လား၊ လက်မှုပညာ, နှုတ်မှုပညာတစ်ခုခုနဲ့ လုပ်ကျွေး ရမယ်လို့ မင်္ဂလာကွင်းဆက်က ညွှန်ပြပြီး ဖြစ်ပါတယ်၊ ဒါပေမယ့် ဒီနေရာမှာ လုပ်နည်းလုပ်ဟန် လိုနေပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ပုတ္တဒါရဿသင်္ဂဟ မင်္ဂလာကို ကျင့်သုံးနေကြတဲ့အချိန်ဟာ တစ်ကိုယ်တည်း လူပျိုကြီး အပျိုကြီး များ မဟုတ်လေတော့ ကိုယ့်အတွက် သူ့အတွက် ငွေကွက်ဖို့ လိုလာပါတယ်၊ ကိုယ်တစ်ယောက်တည်း သဘောအရ လုပ်ချင်ရာတွေ လျှောက်လုပ်နေလို့ မဖြစ်ပါဘူး၊ ကိုယ့်လည်း မထိခိုက်၊ ပတ်ဝန်းကျင်လည်း မထိခိုက်နိုင်တဲ့ အလုပ်မျိုး (သို့မဟုတ်) လုပ်နည်းလုပ်ဟန်တို့ကို ရွေးချယ် လုပ်ကိုင်တတ်ဖို့ လိုပါတယ်၊ ဒါကြောင့်မို့လည်း မင်္ဂလာကွင်းဆက်အနေနဲ့-

အနာကုလာ စ ကမ္မန္တာ- အနှောင့်အယှက်ကင်းတဲ့ အလုပ်တွေကို လုပ်ရမယ်တဲ့၊ ဒီလို ဆက်လက် ညွှန်ကြားထားပါတယ်၊ အနှောင့်အယှက်ကင်း

http://www.dhammadownload.com

တဲ့ အလုပ်တွေကို လုပ်နေခြင်းဟာလည်း မင်္ဂလာတစ်ပါးပါပဲတဲ့၊ ဒီလို ဆိုလို ပါတယ်၊ ဒီတော့ အနှောင့်အယှက်ကင်းတဲ့ အလုပ်တွေဆိုတာ ဘာတွေလဲလို့ သိထားဖို့ လိုလာပြန်တယ်၊ ဒါနဲ့ ပတ်သက်ပြီး စာပေများ၌ ညွှန်ပြထားပုံက တော့–

(၁) အချိန်အခါ အခြေအနေကို နားလည် သုံးသပ်ပြီးမှ လုပ်တဲ့အလုပ်၊

(၂) ကိုယ်နဲ့ တော်,မတော်၊ လျော်,မလျော်ကို ချင့်ချိန်ပြီးမှ လုပ်တဲ့ အလုပ်၊

(၃) ထထကြွကြွ နိုးနိုးကြားကြား လုပ်တဲ့အလုပ်၊

(၄) ထက်ထက်မြက်မြက် ကြိုးကြိုးစားစား လုပ်တဲ့အလုပ်၊

(၅) အမှားကင်းအောင်၊ အပျက်နည်းအောင် လုပ်တဲ့အလုပ်၊

ဒီလို ငါးမျိုး ညွှန်ပြပါတယ်၊ ဆိုလိုရင်းကတော့ အခြေအနေကို နားလည် ရမယ်၊ သင့်,မသင့် ချင့်ချိန်တတ်ရမယ်၊ နိုးနိုးကြားကြား ရှိရမယ်၊ ကြိုးကြိုး စားစား ရှိရမယ်၊ အမှားကင်းအောင် လုပ်ရမယ်၊ ဒီလို အခြေအနေကို သုံးသပ်၊ သင့်,မသင့် ချင့်ချိန်၊ နိုးနိုးကြားကြား ကြိုးကြိုးစားစားရှိပြီး အမှားကင်းအောင် (သို့မဟုတ်) အမှား နည်းနိုင်သမျှနည်းအောင် လုပ်တဲ့ အလုပ်တွေဟာ ကိုယ့် လည်း မထိခိုက်၊ ပတ်ဝန်းကျင်လည်း မထိခိုက်၊ ကိုယ့်လည်း အနှောင့်အယှက် မပေး၊ ပတ်ဝန်းကျင်လည်း အနှောင့်အယှက် မပေးတဲ့အတွက် အနာကုလာစ ကမ္မန္တ– အနှောင့်အယှက် ကင်းတဲ့အလုပ်တွေ ဖြစ်ပါတယ်။

သိမှတ္ဖွယ်– လက်တွေ့အလုပ် လုပ်ဆိုပေမယ့် ထင်ရာမြင်ရာ လျှောက် လုပ်လို့ မဖြစ်ပါဘူးတဲ့၊ အတိုင်းအတာ အနှိုင်းအချိန်မရှိဘဲ စည်းလွတ်ဘောင် လွတ် လုပ်လို့ရှိရင် ကိုယ့်လည်းထိခိုက်၊ ပတ်ဝန်းကျင်လည်း ထိခိုက်၊ ကိုယ့် လည်း အနှောင့်အယှက်ပေး၊ ပတ်ဝန်းကျင်လည်း အနှောင့်အယှက်ပေး ဖြစ် တတ်ပါတယ်တဲ့၊ အနှောင့်အယှက်ကင်းဖို့, အထိအခိုက် ကင်းဖို့, အနှောင့် အသွားလွတ်ဖို့, နောင်ရေးစိတ်အေးဖို့ ဆိုတာတွေဟာ အလွန် လိုအပ်ပါတယ်၊ ဒီဟာကွက်ကို ဖြည့်စွက်ဖို့အတွက် မင်္ဂလာက "**အနာကုလာ စ ကမ္မန္တာ**"တဲ့၊ ဒီလို သတိပေးပါတယ်။

အင်း မင်္ဂလာကတော့ သိလေ ကောင်းလေ၊ ယူဆတတ်လေ ကောင်း

http://www.dhammadownload.com

လေပါပဲလားကွယ်၊ အေး– ဒါပေမယ့် သိရုံ ယူဆတတ်ရုံနဲ့တော့ဖြင့် မပြီး သေးဘူးကွယ့်၊ လက်တွေ့ကျကျ လုပ်ကြဖို့လည်း လိုသေးတယ်နော်၊ ဆရာတို့ သင်တန်းက ''လက်တွေ့ မင်္ဂလာသင်တန်း''လို့ ဆိုတယ် မဟုတ်လား၊ ဒါ ကြောင့် လက်တွေ့ကျကျ လုပ်ပြကြစမ်းပါလို့ တိုက်တွန်းလိုက်ပါရစေ။

စောစောက ကိုယ့်အလုပ် ကိုယ်လုပ်ရမယ်လို့ ဆရာ ပြောခဲ့တယ် မဟုတ်လား၊ ဒီနေရာမှာ မောင်မယ်တို့ နားရှင်းလွယ်အောင် အနာကုလာစ အင်္ဂါငါးချက်ကို ပညာရေးနဲ့ ဟပ်ပြောပါမယ်၊ ပညာသင်တာလည်း အလုပ်ပဲ မဟုတ်လား၊ ဒီတော့ ကျောင်းပညာသင်ရာမှာ အရည်အချင်းကို စမ်းသပ်တဲ့ အနေနဲ့ စာမေးပွဲဆိုတာ အမြဲ ကျင်းပရပါတယ်၊ တချို့ ကျောင်းသူကျောင်းသား များဟာ စာမေးပွဲ မနီးခင်က စာကို ပေါ့တီးပေါ့ဆ လုပ်ကြပြီး စာမေးပွဲနီးမှ အလွန်အကျွံ လုပ်တတ်ကြပါတယ်၊ ဒါဟာ အခြေအနေနဲ့ အချိန်အခါကို နားမလည် မသုံးသပ်တာ ဖြစ်ပါတယ်၊ ရလဒ်ကတော့ စာမေးပွဲ ကျတတ်ခြင်း၊ ကျန်းမာရေး ထိခိုက်ခြင်းတို့ပါပဲ၊ ကိုယ်က သချင်္ာ ညံ့နေပါလျက် အင်္ဂလိပ်စာ ကျူရှင် ယူနေခြင်းဟာ သင့်မသင့် မချင့်ချိန်တတ်ဘူးလို့ ဆိုရမှာပေါ့၊ ပျင်းပျင်း ရိရိ စာပေသင်ခြင်း၊ ကြိုးကြိုးစားစား မရှိခြင်း၊ သင်ခန်းစာ သင်ရာ မှတ်ရာ ရေးရာမှာ အလွဲလွဲ အချော်ချော် သင်ခြင်း၊ မှတ်ခြင်း၊ ရေးခြင်းတို့ဟာ နောက်ဆုံးကျတော့ စာမေးပွဲ ကျဆုံးခြင်းနှင့် ရင်ဆိုင်ရပြီး ကိုယ်ရော ပတ်ဝန်း ကျင်ပါ စိတ်ဆင်းရဲရမှု အနှောင့်အယှက်တွေနဲ့ ကြုံတွေ့ရတတ်ပါတယ်။

ဒီလို မဟုတ်ဘဲ အချိန်မှန်မှန် ကျက်မှတ်ခြင်း၊ ကိုယ်မနိုင်သော ဘာ သာရပ်ကို အလေးပေးခြင်း၊ နိုးနိုးကြားကြား ရှိခြင်း၊ ကြိုးကြိုးစားစား သင်ယူ ခြင်း၊ အမှားကင်းအောင် တတ်နိုင်သမျှ ဆောင်ရွက်သွားပါက အောင်မြင်မှု ရလဒ်ကို ခေန်ရမည် ဖြစ်ပါတယ်၊ စီးပွားရေး, လူမှုရေး, နိုင်ငံရေး စတဲ့ အရေးအခင်းပေါင်း များစွာမှာ ဒီသဘောပဲပေါ့ကွယ်၊ တိုတိုနဲ့ လိုရင်းကတော့ အလုပ်တစ်ခုခုကို လုပ်ရာမှာ ကိုယ်ရော ပတ်ဝန်းကျင်ပါ အထိအခိုက် အနှောင့် အယှက်မရှိတဲ့ ကိုယ်အလုပ်၊ နှုတ်အလုပ်၊ စိတ်အလုပ်တို့ကို ကြိုးစားလုပ်ကြ ဖို့ပါပဲကွယ်၊ ဟိုတုန်းက ဆရာ ပြောမယ် ပြောမယ်နဲ့ နှုတ်ကြွေးတင်လာတဲ့ ''သမ္မာဒိတရား လေးပါး''ကို ဒီမှာ နည်းနည်း ပြောပါမယ်။

http://www.dhammadownload.com

စီးပွားရေး မူလေးချက် "သမ္ပဒါတရားလေးပါး"

သမ္ပဒါတရား လေးပါးက ရေးမယ်ဆိုရင် စာတစ်အုပ် သီးခြားရေးဖို့ ကောင်းတယ်ကွယ့်၊ ဒါမှ ပြည့်စုံမယ်၊ ဒါပေမယ့် တိုတိုနဲ့ လိုရင်းပေါ့ကွယ်။

အနာကုလအင်္ဂါ ငါးချက်နဲ့ သမ္ပဒါတရား လေးပါးတို့ကို ကျယ်ကျယ် ပြန့်ပြန့် နားလည်ချင်ရင်တော့ 'ဝိနယောစ မင်္ဂလာ'တုန်းက ပြောခဲ့တဲ့ သိင်္ဂါလ သုတ်ကို အသေးစိတ် လေ့လာဖို့ လိုပါတယ်၊ သမ္ပဒါတရား လေးပါးဆိုတာ ''စီးပွားရေး မူလေးချက်''ပေါ့ကွယ်၊ ဘာတွေလဲဆိုတော့—

(၁) **ဥဋ္ဌာနသမ္ပဒါ** – နိုးနိုးကြားကြား၊ ကြိုးကြိုးစားစား ရှိရမယ်၊

(၂) **အာရက္ခသမ္ပဒါ** – ထိန်းထိန်းသိမ်းသိမ်း ရှိရမယ်၊

(၃) **ကလျာဏမိတ္တသမ္ပဒါ** – မိတ်ကောင်း ဆွေကောင်း ရှိရမယ်၊

(၄) **သမဇီဝိတသမ္ပဒါ** – ဝင်ငွေထွက်ငွေ ညီမျှစေရမယ်၊ (စာရင်းဇယား ရှိရမယ်)

ဒါဟာ စီးပွားရေး မူလေးချက်ပါပဲ၊ စီးပွားဥစ္စာ ရှာတဲ့နေရာမှာ နိုးနိုးကြားကြား ရှိရပါမယ်၊ ကြိုးကြိုးစားစား ရှိရပါမယ်၊ **ချက်ကိုပုံထား ပျားကိုပုံတုလို့ ဥစ္စာကို စု**ရပါမယ်၊ ဒီလို ကြိုးကြိုးစားစား ရှာပြီး စုစုဆောင်းဆောင်း ပြုလုပ်ရင် '**ဥဋ္ဌာန သမ္ပဒါ**'နဲ့ ပြည့်စုံတယ်လို့ ဆိုပါတယ်၊ များသောအားဖြင့် စီးပွားရှာရာမှာ နိုးကြားမှု၊ ကြိုးစားမှုတွေ လိုနေတာ များပါတယ်၊ နိုးကြားမှု၊ ကြိုးစားမှုရှိသည့် တိုင်အောင် စုဆောင်းမှုဘက်က လစ်ဟင်းတတ်ကြပါတယ်၊ လူတိုင်းလူတိုင်းရဲ့ စီးပွားရေး မဏ္ဍိုင်ကို အကဲခတ်ကြည့်ရင် ဥဋ္ဌာနသမ္ပဒါ ချို့ယွင်းနေတာကို အများအားဖြင့် တွေ့ရတတ်ပါတယ်၊ ဒါဟာ မောင်မယ်တို့ စီးပွားရှာချိန်ကျရင် သတိထားဖို့ အချက်ပေါ့ကွယ်၊ ''အစမကောင်း အနှောင်း မသေချာ''ဆိုသလို ဥဋ္ဌာနသမ္ပဒါ ချို့ယွင်းတာနဲ့ တစ်ပြိုင်နက် စီးပွားရေး မဏ္ဍိုင်ကြီးဟာလည်း ပြိုကွဲသွားတတ်ပါတယ်။

ပြီးတော့ ကြိုးစားလို့ ရလာတဲ့ပစ္စည်း၊ စုဆောင်းလို့ ရလာတဲ့ပစ္စည်း တို့ကို ထိန်းသိမ်းတတ်ဖို့လည်း လိုပါတယ်၊ ''စီးတဲ့ရေ ဆည်တဲ့ကန်သင်း''

http://www.dhammadownload.com

ဆိုသလိုပေါ့ကွယ်၊ ရလာတဲ့ ပစ္စည်းဥစ္စာကို မယိုမဖိတ် မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ခြင်းကို ''**အာရက္ခသမ္ပဒါ**''လို့ ဆိုရပါတယ်၊ ဥဋ္ဌာန သမ္ပဒါ ရှိသည့်တိုင်အောင် အာရက္ခသမ္ပဒါ မရှိရင် စီးပွားရေးမတ္တိုင် မခိုင်ခံ့ ပါဘူး၊ မပျောက်မရှအောင် သိုမှီး သိမ်းဆည်းထားခြင်း၊ ခေတ်အားလျော်စွာ စာတိုက်တို့, ဘဏ်တို့မှာ အပ်နှံထားခြင်း၊ မီးပေါင်ထားသင့်က ထားခြင်း၊ အသက်အာမခံထားသင့်က ထားခြင်း စသည်တို့ဟာ အာရက္ခသမ္ပဒါတွေပေါ့ ကွယ်၊ သူလည်း အလွန် အရေးကြီးတဲ့ အချက်ပါပဲ။

စီးပွားရေးနယ်ပယ်မှာ ကြိုးကြိုးစားစား ရှာရုံနဲ့ အထိန်းအသိမ်း ကောင်း ရုံနဲ့လည်း မလုံလောက်သေးပါဘူးတဲ့၊ မိတ်ကောင်းဆွေကောင်းဆိုတဲ့ ပါတနာ ကောင်း ရှိခြင်းကို ''**ကလျာဏမိတ္တသမ္ပဒါ**''လို့ ဆိုရပါတယ်၊ မိတ်ကောင်း ဆွေကောင်း ရှိမှလည်း ''ကံမမီ ကံချင်းဆက်၊ ဉာဏ်မမီ ဉာဏ်ချင်းဆက်'' ဆိုသလို ဆွေးနွေးခြင်း၊ တိုင်ပင်ခြင်း၊ နှီးနှောခြင်း၊ လက်တွဲဆောင်ရွက်ခြင်း စတဲ့ စုပေါင်း အကြံဉာဏ်အား၊ စုပေါင်းလုပ်အားတွေ တိုးပွားလာနိုင်ပါတယ်၊ စီးပွားရေးနယ်မှာ အဆက်အသွယ်ကောင်းဆိုတဲ့ ကလျာဏမိတ္တသမ္ပဒါဟာ အလွန် အရေးကြီးပါတယ်၊ အဆက်အသွယ် မကောင်းတဲ့ စီးပွားရေးဟာ လွင်တီးခေါင်မှာ ပေါက်နေတဲ့ သစ်ပင်နဲ့ အလားတူတဲ့အတွက် မကြာမီမှာပဲ ဘုံးဘုံးလဲ ပျက်စီးသွားနိုင်ပါတယ်၊ ဒါကြောင့် မိတ်ကောင်းဆွေကောင်း ပါတနာကောင်း အဆက်အသွယ်ကောင်းဆိုတဲ့ ကလျာဏမိတ္တသမ္ပဒါကို မျက်ခြည်မပြတ်ဖို့လည်း လိုပါသတဲ့ကွယ်။

ပြီးတော့ သမဇီဝိတာသမ္ပဒါ– ဝင်ငွေ ထွက်ငွေ မျှတရမယ်တဲ့၊ ဝင်ငွေ ထွက်ငွေ မျှတရမယ်ဆိုတာ စာရင်းဇယား ထားရှိရမယ်ဆိုတာကို ညွှန်ကြားပြီး ဖြစ်ပါတယ်၊ စာရင်းဇယား ရှိမှလည်း အဝင်အထွက် အတိအကျကို သိနိုင် ပါတယ်၊ တစ်နည်းအားဖြင့် **သမဇီဝိတာသမ္ပဒါ**ကို '**စီးပွားရေးမှတ်တမ်း**'လို့ ခေါ်ရပါတယ်၊ စီးပွားရေးမှတ်တမ်း၊ စီးပွားရေး စာရင်းဇယား မရှိဘဲ ဝင်ငွေ ထွက်ငွေ မမျှမတ ဆောင်ရွက်နေတဲ့ စီးပွားရေးဟာ စနစ်ကျတဲ့ စီးပွားရေးလို့ မဆိုထိုက်ပါဘူး၊ ဒါကြောင့်မို့ အဝင်အထွက်ကို စနစ်တကျ ပုံမှန် အကဲခတ်နိုင်ဖို့ အတွက် စီးပွားရေးမှတ်တမ်း စာရင်းဇယားများ ထားရှိဖို့ လိုအပ်လှပါတယ်၊

http://www.dhammadownload.com

သို့မဟုတ်ဘဲ အဝင် အထွက် မညီမမျှ ဆောင်ရွက်နေပါက ဖွတ်ကျောပြာစု ကိန်း ဆိုက်သွားနိုင်ပါတယ်။

ခုပြောခဲ့တဲ့ လေးချက်ကတော့ ဗုဒ္ဓမြတ်စွာရဲ့ ပင်မအခြေခံ စီးပွားရေး မူလေးချက် ဖြစ်ပါတယ်၊ ဒီ ပင်မအခြေခံ စီးပွားရေး မူလေးချက်ကို ယနေ့တိုင် ဘယ်စီးပွားရေး ပါရဂူမှ မကျော်လွန်နိုင်သေးပါဘူး၊ ဘယ်မျှ နည်းစနစ်တွေ ခေတ်မီတယ်ဆိုနေ ဒီလေးချက်ထဲက လွတ်ထွက်မသွားတာကို တွေ့ရပါတယ်၊ နိုင်ငံစီးပွားရေးနဲ့ ချိုပြောရရင်တော့ ခေတ်အားလျော်စွာ နိုးနိုးကြားကြားနဲ့ ကြိုးကြိုးစားစား စုပေါင်းဆောင်ရွက်ခြင်း၊ အရင်းအနှီး စုဆောင်းခြင်း စသည် များဟာ ဥဋ္ဌာနသမ္ပဒါ ဖြစ်ပါတယ်၊ ငွေစုဘဏ်တွေ, ဘဏ်တိုက်ကြီးတွေ, အာမခံဌာနကြီးတွေ ဖွင့်လှစ်ထားခြင်း၊ နိုင်ငံခြားသုံးငွေများ စုဆောင်းထားခြင်း စသည်များဟာ အာရက္ခသမ္ပဒါ ဖြစ်ပါတယ်၊ မိတ်ဆွေနိုင်ငံများနဲ့ ကုန်ချင်း ဖလှယ်ခြင်း၊ ရောင်းဝယ်ခြင်း၊ ပူးတွဲဆောင်ရွက်ခြင်း၊ ပူးတွဲသုတေသနပြုခြင်း၊ ငွေချေးခြင်း၊ အရင်းအနှီးမြှုပ်နှံခြင်း စသည်များဟာ ကလျာဏမိတ္တသမ္ပဒါ ဖြစ်ပါတယ်၊ စီးပွားရေး ပါရဂူများနဲ့ စီးပွားရေး မှတ်တမ်းများ ပြုစုခြင်း၊ ဌာနဆိုင်ရာ စာရင်းဇယားများ အတိအကျထားခြင်း၊ နိုင်ငံစီးပွားရေး အခြေ အနေအရ ချွေတာသုံးစွဲခြင်း စသည်တို့ဟာ သမဇီဝိတာသမ္ပဒါ ဖြစ်ပါတယ်။

ဒါကြောင့် ဆရာတို့ ပိဋကတ်စာပေများဟာ ခေတ်လူတွေအမြင်မှာ နုပ်တယ် ထင်ရပေမယ့် 'ရွှေထုပ်တဲ့ မြပဝါ'ပါဆိုတာ စကားစပ်တုန်း ပြောပါရ စေ၊ အသုံးအစွဲ မဟုတ်ခဲ့လို့ ပိဋကတ်စာပေဆိုတဲ့ မြပဝါလေးဟာ နုပ်နေတယ် ထင်ရပေမယ့် သေသေချာချာ ဖွင့်ကြည့်ရင် အဖိုးမဖြတ်နိုင်တဲ့ ရွှေတုံးငွေတုံး များနဲ့ အလားတူတဲ့ ဒီလို နည်းစနစ်များကို အံ့ဩတကြီး တွေ့မြင်ရမယ်ဆိုတာ ကြော်ငြာသဘော မဟုတ်ဘဲ ရိုးရိုးသားသား ဆရာ ပြောပါတယ်၊ ဒီ သမ္ပဒါ တရားလေးပါး (သို့မဟုတ်) ပင်မအခြေခံ စီးပွားရေး မူလေးချက်ကို အထပ်ထပ် သုံးသပ်ပြီး ခိုင်ခံ့တဲ့ စီးပွားရေးမဏ္ဍိုင်များကို ထူထောင်နိုင်ကြပါစေလို့ ဆန္ဒပြု ပါတယ်။

ဗုဒ္ဓမြတ်စွာဘုရားဟာ ဒီ မျက်မှောက် ပင်မအခြေခံ စီးပွားရေး မူလေး ချက်ကို ချပြတော်မူခဲ့သလို ဘယ်စီးပွားရေး ပါရဂူမှ မညွှန်ပြနိုင်တဲ့ တမလွန်

http://www.dhammadownload.com

အခြေခံ စီးပွားရေး မူလေးချက်ကိုလည်း တွဲဖက်ပြီး ညွှန်ပြခဲ့သေးတယ်ကွယ့်၊ ဒါပေမယ့် အချိန်မရသေးတဲ့အတွက် ရှေ့မင်္ဂလာများနဲ့ကျမှ တွဲဖက်ပြီး ပြောပါရစေတော့။

အနာကုလာစ ကမ္မန္တမင်္ဂလာဟာ မာတာပိတု ဥပဋ္ဌာန၊ ပုတ္တဒါရဿ သင်္ဂဟမင်္ဂလာတို့နဲ့ တွဲဖက်ပြထားခြင်းကို အကဲခတ်ခြင်းအားဖြင့် စီးပွားရေး အလုပ်ကို အဓိက ညွှန်ပြလိုကြောင်း သိရပါတယ်၊ ဒါကြောင့် သမ္မဒါတရား လေးပါးဟာ အနာကုလာစ ကမ္မန္တ မင်္ဂလာဖြစ်ကြောင်း သဘောပေါက်ကြရန် ဖြစ်ပါတယ်၊ ဒီအပတ် မင်္ဂလာ သင်ခန်းစာအနေနဲ့ ဒသကနိပါတ်၊ တက္ကလ ဇာတ်ကို ပြောပါမယ်၊ ကဲ-နားထောင်။

တက္ကလဇာတ်တော်

ဟိုရှေးရှေးတုန်းက ဗာရာဏသီပြည်မှာ ''ကာသိက''ဆိုတဲ့ ရွာကလေး တစ်ရွာ ရှိသတဲ့၊ အဲဒီ ရွာကလေးမှာ လင်မယားနှစ်ယောက် လယ်ယာလုပ်ကိုင်ခြင်းဖြင့် အသက်မွေးကြသတဲ့ကွယ်၊ သူတို့မှာ သားကလေးတစ်ယောက် ရှိတယ်၊ နာမည်က 'သဝိဋ္ဌက'တဲ့၊ သဝိဋ္ဌကဟာ အရွယ်ရောက်လာတော့ လယ်ယာ လုပ်ကိုင်ပြီး မိဘနှစ်ပါးကို ကျွေးမွေးရှာတယ်၊ နောက်တော့ အမေ ဆုံးသွားပါရော၊ သဝိဋ္ဌကဟာ ဖခင်ကို မညည်းမညူ ကြည်ကြည်ဖြူဖြူနဲ့ ရှိရှိသေသေ လုပ်ကိုင် ကျွေးမွေးရှာပါတယ်၊ တစ်နေ့တော့ ဖခင်ကြီးက သားကို အိမ်ထောင်ပြုဖို့ ပြောတဲ့အခါ သားက ငြင်းပါတယ်၊ ''အိမ်ထောင်မပြုဘဲ ဖခင်ကြီးကိုပဲ လုပ်ကိုင် ကျွေးမွေးပါရစေ''လို့ ခွင့်ပန်ရှာတယ်၊ တိုတိုပြောတော့ ဖခင်ကြီးက သားကို အိမ်ထောင်ချ ပေးလိုက်ရော ဆိုပါတော့၊ နောက်တော့ သားကလေးတစ်ယောက် ရလာတယ်၊ သဝိဋ္ဌကဟာ မာတာပိတု ဥပဋ္ဌာန မင်္ဂလာကို လက်တွေ့ကျင့်သုံးသလို ပုတ္တဒါရဿသင်္ဂဟမင်္ဂလာကိုလည်း မလစ်ဟင်းစေဘူးတဲ့၊ ရိုးရိုးသားသား ကြိုးကြိုးစားစားနဲ့ အပြစ်ကင်းတဲ့ လယ်ယာလုပ်ငန်းကို လုပ်ကိုင်သဖြင့် သူ့အလုပ်ဟာ သူ့အတွက်ရော ပတ်ဝန်းကျင်အတွက်ပါ အထိအခိုက် အနှောင့်အယှက် မရှိဘူးတဲ့၊ အနာကုလာ စ ကမ္မန္တ မင်္ဂလာနဲ့လည်း ပြည့်စုံတယ်ပေါ့ကွယ်။

http://www.dhammadownload.com

သူ့မိန်းမဟာ ရခါစတုန်းက အဖေကြီးနဲ့ လင်အပေါ်မှာ ရိုရိုသေသေ လေးလေးစားစားနဲ့ မိန်းမကောင်း ပီသခဲ့ပေမယ့် ကြာတော့ လင်ကို အရှုံးပြီး သူ့ ဩဇာခံဖြစ်အောင် သိမ်းသွင်းယူလိုက်တယ်၊ ပြီးတော့ အဖေကြီးကိုလည်း ရန်လုပ်လာတယ်၊ သဝိဋ္ဌကကလည်း မယားကို ကြောက်လိုက်ရတာ ပြားပြား ကို ဝပ်လို့တဲ့၊ မိန်းမဟာ ဘယ်လောက် ဆိုးသလဲဆိုရင် နောက်ကျတော့ အဘိုးကြီးကို ရှုပ်တယ်ဆိုပြီး လင်ကို သွေးထိုးပြီး သတ်ခိုင်းသတဲ့ကွယ်၊ သဝိဋ္ဌကကလည်း "မ,ဘက်လိုက်တော့ မိုက်ဘက်ပါ"ဆိုတဲ့အတိုင်း အမိန့် တော်အတိုင်းပေါ့ကွယ်၊ အင်း– တယ်လဲ ကြောက်စရာကောင်းတာပဲ၊ သူတို့ သားလေးကလည်း ၇–နှစ်သားဆိုတော့ သူတို့ ပြောတာကို အကုန်သိတဲ့အပြင် ပညာရှိကလေး ဖြစ်တဲ့အတွက် သူ့ဖခင် ပိတုဃာတကကံ ထိုက်မှာကို ကယ် တင်ဖို့ ဆုံးဖြတ်ထားသတဲ့၊ သားလိမ္မာလေးပေါ့ကွယ်။

တိုတို ပြောကြစို့ရဲ့၊ သဝိဋ္ဌကဟာ သူ့အဖေကြီးကို သုသာန်မှာ မြှုပ်ပြီး သတ်ဖို့ လှည်းနဲ့ ညာခေါ်လာတဲ့အခါ သားကလေးကလည်း အတင်းဖွတ် တရွတ် လိုက်လာသတဲ့၊ သုသာန်ရောက်တော့ သဝိဋ္ဌက တွင်းတူးတဲ့အခါ သားကလေးက မသိချင်ယောင်ဆောင်ပြီး မေးသတဲ့၊ ဒီတော့ သူ့အဖေက အကျိုးအကြောင်းပြောတဲ့အခါ သားကလေးက ဖခင်ကို ခြိမ်းခြောက်တဲ့အနေနဲ့ သူကလည်း တွင်းတစ်တွင်း တူးသတဲ့၊ ဘာလုပ်ဖို့လဲလို့ သူ့အဖေက မေးတော့ "ကျွန်တော်လည်း အဖေ့လမ်းစဉ်လိုက်ပြီး အဖေကို သတ်မလို့ပေါ့"လို့ ပြန် ပြောတော့ သဝိဋ္ဌကဟာ တော်တော် တုန်လှုပ်သွားတယ်၊ ဒီအခါမှာ သား ကလေးက မိဘကျေးဇူးများကို မှတ်သားဖွယ်ရာ အမျိုးမျိုး သတိပေး ပြော ဆိုပြီး ဖခင်ကို လမ်းမှန်သို့ရောက်အောင် ညွှန်ပြလိုက်ပါတယ်။

သားကလေးဟာ ဖခင်ကို လမ်းညွှန်ပြပြီး မိခင်ကို အသိရစေရန် သူ့ အဖေကို အစီအစဉ် ပြောပြသတဲ့၊ ဘယ်လိုလဲဆိုတော့ "အဖေ၊ အိမ်ပြန်ရောက် ရင် အမေ့ကို ရိုက်ပြီး အိမ်က နှင်ချလိုက်ပါ၊ သုံးလေးရက်လောက် ကြာရင် နောက်မိန်းမ ယူမယ်ဆိုတဲ့သတင်းလွှင့်ပါ၊ အဲဒီ သတင်းကြားရရင် အမေဟာ အဖေ့ခြေသလုံး ဖက်ပြီး တောင်းပန်ပါလိမ့်မယ်၊ ဒီအခါမှာ အမေ့ကို လမ်းမှန် ရောက်အောင် ဆုံးမပါ"လို့ နည်းပေးသတဲ့၊ သဝိဋ္ဌကကလည်း သားပြောတဲ့

http://www.dhammadownload.com

အစီအစဉ်ကို ဆောင်ရွက်လာတဲ့အခါ သူ့မိန်းမဟာ သားကလေးထံ အကူ အညီ လာတောင်းရှာတယ်၊ ဒီတော့မှ သားကလေးက အမျိုးမျိုး သတိပေးပြီး သူ့အဖေကို ဝန်ချတောင်းပန်ဖို့ ပြောပြတဲ့အခါ သားရဲ့အစီအစဉ်အတိုင်းပဲ သူ့အမေဟာ သူ့အဖေကို ဝန်ချ တောင်းပန်ပြီး ဖခင်ကြီးကိုရော လင်နဲ့ သားကိုပါ ရှေးကလို မဟုတ်ဘဲ ရိုရိုသေသေ လေးလေးစားစားနဲ့ ဝတ္တရားကျေ ဆောင်ရွက်ပြီး သာယာတဲ့ သီရိဂေဟာလေးဖြစ်အောင် ဖန်တီးလို့ တစ်သက် လုံး နေထိုင်သွားကြသတဲ့ကွယ်။

ကဲ- ဇာတ်လမ်းကတော့ ဒါပါပဲ၊ ဒီဇာတ်လမ်းမှာ သင်ခန်းစာယူဖို့ ကတော့ သဝိဋ္ဌကဟာ ပထမပိုင်းမှာ အနာကုလာ စ ကမ္မန္တမင်္ဂလာနဲ့ ပြည့်စုံ ခဲ့လို့ ဘာမှ အနှောင့်အယှက်မရှိ စိတ်ဆင်းရဲစရာ မရှိခဲ့ရပေမယ့် နောက်ပိုင်းမှာ မ,ဘက်လိုက်ပြီး ထင်ရာမြင်ရာ လျှောက်လုပ်မိတဲ့အတွက် အနာကုလာ စ ကမ္မန္တမင်္ဂလာပျက်ပြီး သူရော ပတ်ဝန်းကျင်ပါ စိတ်ဆင်းရဲခြင်း အနှောင့် အယှက် အမျိုးမျိုးနဲ့ ကြုံခဲ့ရပါတယ်၊ သူ့မိန်းမရဲ့ လုပ်ဟန်ကိုင်ဟန်များဟာ လည်း ဒီမင်္ဂလာ ပျက်ကွက်တဲ့အတွက် အားလုံး ဒုက္ခရောက်ရတော့မယ့်ဆဲဆဲ ဖြစ်ခဲ့ရပါတယ်၊ သားလိမ္မာလေးရဲ့ လုပ်ဟန် ကိုင်ဟန်များဟာ ဒီမင်္ဂလာနဲ့ ကျပ်ပြည့်တင်းပြည့် ညီညွတ်တဲ့အတွက် အားလုံးကို လမ်းမှန်ရောက်စေပြီး သာယာတဲ့ အိမ်ထောင်ရေးကို ဖန်တီးနိုင်ခဲ့တဲ့အပြင် ကြီးမားလှတဲ့ ပိတု ဃာတက (အဖေသတ်)ကံကြီးကိုလည်း တားမြစ်နိုင်ခဲ့ပါတယ်၊ ပြီးတော့ သူ့ အဘိုးရဲ့အသက်ကိုလည်း ကယ်တင်နိုင်ခဲ့ပါတယ်၊ ဒါကြောင့် အလုပ်တစ်ခုကို လုပ်တဲ့အခါမှာ ဘာအလုပ်ပဲဖြစ်ဖြစ် ကိုယ်ရောသူပါ အနှောင့်အယှက်ကင်းတဲ့ အလုပ်ဖြစ်အောင် သတိဆောင်ဖို့ အထူး လိုအပ်လှပါတယ်ကွယ်။

အချိန်အခါမဟုတ် ရေဒီယိုအကျယ်ကြီး ဖွင့်ခြင်း၊ အသံချဲ့စက်ဖွင့်ခြင်း၊ သီချင်းအော်ဆိုခြင်း၊ ဒုန်းဒုန်းဒိုင်းဒိုင်း လုပ်ခြင်း စသည်များဟာလည်း ပတ်ဝန်း ကျင်ကို အနှောင့်အယှက် ပေးရာရောက်လို့ **အာကုလ**- အနှောင့်အယှက် မကင်းတဲ့ အလုပ်တွေလို့ ခေါ်ရပါတယ်၊ ဒါကြောင့် "**မကူညီချင်ရင် နေပါ၊ မနှောင့်ယှက်ပါနှင့်**"ဟူသော စကားပုံကို သတိထားပြီး အနာကုလ မင်္ဂလာ ကို ကြိုးစားကျင့်သုံးကြပါလို့ ဆရာ တိုက်တွန်းလိုက်ပါတယ်။

http://www.dhammadownload.com

အနှောင့်အယှက်ကင်းအောင် လုပ်ပါ

- တက္ကလနေ့် ဖာတ်လာအသွားကို၊
  မှတ်ခါမမှား နည်းယူဖွယ်။
  အချိန်အခါ သေချာကြည့်လို့၊
  တော်,မတော်လည်း စဉ်းစားကွယ်။

- ထကြွနိုးကြား ထက်မြက်မှုနဲ့၊
  အများကင်းအောင် လုပ်ရမယ်။
  မင်္ဂလာကို လက်တွေ့ကျင့်လို့၊
  ရှေ့သို့တစ်ဆင့် တက်ရမယ်။

- မိမိအကျိုး တိုင်းပြည်ကျိုး၊
  သယ်ပိုးရွက်ဆောင်ကွယ်။
  အဲဒါကြောင့် အနာကုလကမ္ဘာ၊
  ပြုကြသေချာကွယ်။

"မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ"

မွေ့ဗျူဟာစာစောင်၊ အတွဲ (၆)–အမှတ်(၂)၊ အတွဲ(၄၄)အမှတ်(၃)

http://www.dhammadownload.com



၁၄ - ဒီနုဗ

http://www.dhammadownload.com

ဝိစိနန္တော တဒါဒက္ခိ၊ ပဌမံ ဒါနပါရမီ။

ပုဗ္ဗကေဟိ မဟေသီဟိ၊ အနုစိဏ္ဏံ မဟာပထံ။

သဘောခြင်းရာ၊ ဤကြောင်းခြာကို၊ လက်ယာထေရ်မြတ်၊ ဤသို့မှတ်လော့၊ ကျင့်ဝတ်ဆောက်တည်၊ ကုံစိမ့်သည်ဟု၊ မိုလည်ဆောက်ဦ၊ ကြံအားယူ၍၊ ကိုယ်လျှသနေ္နဲ့ ဘုရားစေ့ကို၊ လွေ့လွေ့နိုက်ချ၊ ဦးတည်စဉ်၊ ရှင်ဘမြတ်စွာ၊ သုမေဓာကား၊ လျှာကာသမ္မု၊ ပုံလောင်းပြုသို့၊ အနုစင်စစ်၊ ဖြစ်တုံသမြို့၊ ကျင့်ဝတ်တို့ကို၊ ဤသို့ဖွေဖော်၊ ရှာလတ်သော်တည့်၊ ကျူးကျော်ကမ္ဘာ၊ သံသရာတွင်၊ ဂင်္ဂါရေးတီး၊ လွန်လေပြီးသား၊ မြေကြီးမြူဏု၊ လုံစုမမျှ၊ သုံးလူ့ဘတို့၊ လမ်းမသဖွယ်၊ သွားတွင်ကျယ်သား၊ ကျင့်နွယ်စို့ဆိုး၊ အလှူမျိုးကို၊ ပေးရိုးမပျက်၊ ကျယ်နက်ချီချဲ့၊ ရှိမဲ့သရွေ့ မြင်အောက်မေ့သည်...စုံစေ့ဦးဖျား စွန်းစွန်းတည်း။ (ပါရမီတော်ခန်းပျို့)

ဒီတစ်ပတ်မင်္ဂလာပါနဲ့ဆိုရင် ၁၄–ပါး ရှိသွားပြီနော်၊ လေ့ခါး ၁၄–ထစ်ဆိုရင် တော်တော် မြင့်လာသလို ၁၄–ပါးမြောက် မင်္ဂလာဟာလည်း ရင့်ကျက်တဲ့အပိုင်းကို ရောက်လာခဲ့ပြီ၊ ဒါကြောင့် မောင်မယ်တို့ စိတ်ဝင်တစား နားကြီးကြီးနဲ့ မှတ်သားဖို့ လိုလာပြီကွယ့်၊ ဆရာတို့ သင်တန်းမှာလည်း တစ်စတစ်စ လူငယ် လူရွယ် လူကြီး ဆိုသလို တော်တော်လေး သင်တန်းသား စုံလင်လေတော့ မင်္ဂလာဖြစ်စဉ်နဲ့တော့ အံဝင်နေတယ်လို့ ဆိုရမှာပေါ့ကွယ်၊ မောင်မယ်တို့ရဲ့ မင်္ဂလာဇာတ်လိုက်ကလေးဟာ အခု အိမ်ထောင်ရှင်ဘဝမှာ ရောက်နေပြီဖြစ်လို့ လူရွယ် လူလတ်လို့ ဆိုရမှာပေါ့၊ သူဟာ သားနဲ့မယားနဲ့ အလုပ်နဲ့အကိုင်နဲ့ ဖြစ်နေတဲ့အပြင် မင်္ဂလာတရားတွေကို လက်တွေ့ ကျင့်သုံးနေသူတစ်ဦးဖြစ်လို့ အစစ အရာရာမှာ တိုးတက်ကြီးပွားတဲ့ လူတစ်ယောက် ဖြစ်နေပြီ၊ ပြီးတော့ သူဟာ သမ္မဒိတရားလေးပါးဆိုတဲ့ အခြေခံ စီးပွားရေးမူ လေးချက်နဲ့အညီ အခြေခံ စီးပွားရှာခဲ့သူဖြစ်လို့ ပစ္စည်းဥစ္စာရှိတဲ့ ''ဓနရှင်''တစ်ယောက်လည်း ဖြစ်နေပြီလို့ ဆိုရပါတယ်၊ မောင်မယ်တို့ရဲ့ မင်္ဂလာ ဇာတ်လိုက်လေးကို ဒီလို ဆက်ပြီး မှတ်သားထားကြပေါ့ကွယ်၊ ကဲ– သင်တန်း စကြပါစို့။

http://www.dhammadownload.com

၁၄။ ဒါနဥ္စ

(စွန့်ကြဲ ပေးတစ်း လှူဒါန်းရေးစင်သာ)

"မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ"

အသေဝနာ စ မင်္ဂလာကစပြီး အနာကုလာစ မင်္ဂလာအထိ မင်္ဂလာများကို ပြန်ပြီး စဉ်းစားကြည့်ရင် ပေါင်းရေး သင်းရေး၊ ပညာရေး၊ စီးပွားရေး စတဲ့ လူ့ လောကမှာ အလွန် အရေးကြီးတဲ့ အပိုင်းကြီးများကို စနစ်တကျ ညွှန်ပြထားတာကို တွေ့ရပါတယ်၊ တကယ်လည်း မင်္ဂလာက ညွှန်ပြတဲ့အတိုင်း ကာယကံမြောက် လက်တွေ့ ကျင့်သုံးမယ်ဆိုရင် အပေါင်းအသင်းကောင်းတဲ့ လူတစ်ယောက်၊ ပညာတော်တဲ့ လူတစ်ယောက်၊ စီးပွားရေးကောင်းတဲ့ လူတစ်ယောက်ရယ်လို့ ဖြစ်လာနိုင်ပါတယ်၊ ဒါပေမယ့် လူ့လောကဟာ အလွန် ကျယ်ဝန်းတဲ့အတွက် ဒီအရေးတွေလောက်နဲ့ မလုံလောက်သေးပါဘူး၊ လူမှုရေး၊ ကုသိုလ်ရေး စတဲ့ အရေးအခင်းတွေ များစွာ ရှိနေပါသေးတယ်တဲ့၊ ပြီးတော့ လောကမှာ မိဘကိုပေး၊ သားမယားကို ကျွေးမွေးရုံနှင့်လည်း လူ့ဝတ္တရား ကျေတယ်လို့ မဆိုနိုင်သေးပါဘူး၊ တစ်ခါ ပြီးခဲ့တဲ့ မင်္ဂလာများကို ကာယကံ မြောက် လက်တွေ့ကျင့်သုံးလို့ ပစ္စည်းဥစ္စာ ကြွယ်ဝ ချမ်းသာတဲ့ "ခနရှင်" တစ်ယောက် ဖြစ်နေရုံနဲ့လည်း မပြည့်စုံသေးပါဘူး၊ ဓနရှင်အဖြစ်နဲ့ ယစ်မူး နေရင် ပတ်ဝန်းကျင်ရဲ့ ငြိုငြင်မှုတွေကို ဆက်တိုက် တွေ့ကြုံရပါလိမ့်မယ်တဲ့၊ ဒါကြောင့် "ဓနရှင်"မှ "ဒါနရှင်"အဖြစ်သို့ ကူးပြောင်းရေးအတွက် မင်္ဂလာ တရားတော်က "ဒါနဥ္စ"ပါတဲ့၊ ဒီလို ဆက်လက် ညွှန်ပြတော်မူပါတယ်။

http://www.dhammadownload.com

အင်း– မင်္ဂလာတရားတော်ကဖြင့် ''မညှစ်လိုက်နဲ့၊ ညှစ်လိုက်ရင် အနှစ်ချည်းပဲ''ဆိုသလိုပေါ့ကွယ်၊ တယ်လည်း ထောင့်စေ့တယ်၊ လူသားတွေရဲ့ အတွေးအခေါ်ထက် ရာစုနှစ်များစွာ ခေတ်ရှေ့ပြေးနေတဲ့အတွက်လည်း လိုက်မမီ ဖြစ်နေသလားလို့ တွေးထင်မိပါတယ်၊ မင်္ဂလာရဲ့ ပြောပြချက်တွေကိုသာ စနစ်တကျ နားလည် သဘောပေါက်လို့ လက်တွေ့ ကျင့်သုံးကြမယ်ဆိုရင် မျက်မှောက်ကမ္ဘာမှာ ''လူတန်းစား ပဋိပက္ခ''ဆိုတဲ့ ဝေါဟာရဟာ ပေါ်ပေါက်လာမယ်တောင် မထင်မိပါဘူး၊ ဒါဟာလည်း ယုံကြည်ချက်သာဖြစ်ပြီး လက်တွေ့ဖြစ်ရပ်နဲ့ မကိုက်ညီဘူးလို့ အပြစ်တင်ရင်လည်း ခံရမှာပေါ့ကွယ်၊ ကဲ– ဒါတွေ ထားပါတော့၊ စကား ပြန်ဆက်ကြရအောင်။

ဒါနဥ– ပေးကမ်း စွန့်ကြဲ လှူဒါန်း ခွဲဝေရမယ်၊ ဒီလို ပေးကမ်းခြင်း၊ စွန့်ကြဲခြင်း၊ လှူဒါန်းခြင်း၊ ခွဲဝေခြင်းဟာလည်း မင်္ဂလာတစ်ပါးပါပဲတဲ့၊ ဒီလိုဆိုလိုပါတယ်၊ အသေဝနမင်္ဂလာမှ အနာကုလမင်္ဂလာအထိ မင်္ဂလာများက တစ်ဦးတစ်ယောက် ကောင်းစားရေး၊ တစ်အိမ်ထောင် ကောင်းစားရေးများကို အဓိကထားပြီး ညွှန်ပြထားပါတယ်၊ တစ်ဦး တစ်ယောက် တစ်အိမ်ထောင် ပေါင်းစုပေါင်းထားခြင်းကိုပင် ရွာ၊ မြို့၊ နိုင်ငံ၊ ကမ္ဘာလို့ ခေါ်ဝေါ်ခြင်း ဖြစ်တယ်လို့ ကျဉ်းမြောင်းတဲ့ ညွှန်ကြားချက်လို့ စောဒကတက်ခွင့် မရှိပါဘူး၊ ဒါ သတိထားဖို့ အချက်ပေါ့ကွယ်၊ ဘာတဲ့၊ ဒါနဥ၊ အင်း– ဒါနဥဆိုတာကတော့ တစ်ဦးတစ်ယောက် တစ်အိမ်ထောင်မှ ပတ်ဝန်းကျင်ကို မျှော်ကြည့်လိုက်တဲ့ မင်္ဂလာဖြစ်ပါတယ်၊ ရှင်းပြပါဦးမယ်၊ အများအားဖြင့် ဆရာတို့တစ်တွေက ဒါနဥဆိုရင် ကျောင်းကန်၊ ဘုရား၊ ရဟန်း သံဃာတွေကိုသာ အာရုံထဲ အရောက်များတတ်ကြပါတယ်၊ ဒါဟာလည်း မှားသလားဆိုတော့ မမှားပါဘူး၊ ဒါပေမယ့် အထက်ရောက်လွန်းပြီး အလယ်နဲ့ အောက်မှာ ဟာနေသလားလို့ ဆရာ ထင်မိတယ်၊ ဒါဟာ ဆရာ ထင်မိတာကိုသာ ပြောတာနော်။

ဒါနဥကို ရှေးဆရာများက ''ပေးကမ်း၊ စွန့်ကြဲ၊ လှူဒါန်း''လို့ ဒီလို ဘာသာပြန်ကြတယ်ကွယ်၊ ဒီဘာသာပြန်ကိုက တော်တော် အဓိပ္ပာယ်ရှိတယ်၊ ကိုယ့်ထက် မြတ်သူတွေကို ပေးတာကိုတော့ '**လှူဒါန်းတယ်**'တဲ့၊ တန်းတူရည်တူ ရှိသူတွေကို ပေးတာကိုတော့ '**ပေးကမ်းတယ်**'တဲ့၊ ကိုယ့်အောက်

http://www.dhammadownload.com

နိမ့်သူတွေကို ပေးတာကိုတော့ '**စွန့်ကြဲတယ်**'တဲ့၊ ဟော ဒီလို အဓိပ္ပာယ် ရပါတယ်၊ ပေးတာဟာ ဒါနပါပဲ၊ ဒါပေမယ့် ယဉ်ကျေးမှုအရ ဝေါဟာရကို ဖလှယ်ပြီး သုံးစွဲတော်မူခဲ့ကြတယ်၊ ဒီလို စွန့်သင့်တဲ့သူ စွန့်၊ ပေးသင့်တဲ့သူ ပေး၊ လှူသင့်တဲ့သူ လှူတာကို ပါဠိလို "**ဒါန**"လို့ ခေါ်ပါတယ်။

ဒီလို စွန့်ခြင်း, ပေးခြင်း, လှူခြင်းများဟာ တစ်ကိုယ်ကောင်းစားရေး၊ တစ်အိမ်ထောင် ကောင်းစားရေးမှ ပတ်ဝန်းကျင် ကောင်းစားရေးကို ရှေးရှုခြင်း ဖြစ်ပါတယ်၊ ဒီနေရာမှာ စေတနာသန့်သန့်နဲ့ ဝေဖန်ရလျှင် အများအားဖြင့် ဆရာတို့တစ်တွေဟာ လှူဒါန်းမှုကို စိတ်ထဲမှာ အာရုံထားပြီး အလေးပေးကြ သလောက် ပေးကမ်း စွန့်ကြဲမှုများကိုတော့ လမ်းသွားရင်း ဟန်လွှဲလောက် သဘောထားကြပါတယ်၊ ဒါဟာ မမှားသော်လည်း ချို့ယွင်းမှုတစ်ရပ်လို့ သတ်မှတ်ကြပါတယ်။

ချွတ်ယွင်းဆိုတာက လွဲမှားတာ၊ **ချို့ယွင်း**ဆိုတာက မပြည့်စုံတာ၊ ဒါကတော့ ဝေါဟာရ ဗဟုသုတပေါ့ကွယ်၊ ဒီလို ချို့ယွင်းခဲ့ကြလို့ ရှေးက အချို့ ဘုရားဒကာ ကျောင်းဒကာ အခေါ်ခံသူတွေကို ပတ်ဝန်းကျင်ကတော့ "ကပ်စေးနဲကြီး"တဲ့၊ စဉ်းစားကြည့်ရင် တော်တော် စိတ်ဝင်စားဖို့ ကောင်း တယ်နော်၊ ဒါဟာ ဘုရား စကားတော်ကို အပြည့်အဝ နားမထောင်တတ်လို့ ဖြစ်ရတာလို့ ဆရာ မြင်တယ်။

ဘာဖြစ်လို့လဲဆိုတော့ ဘုရားရှင်က ဒါနကို အနိမ့်ဆုံးစကားနဲ့ ပိယဆေး (လူချစ်ဆေး) အမြင့်ဆုံး စကားနဲ့တော့ နိဗ္ဗာန်ရဲ့ မုခ်ဝတဲ့၊ ဒီလို မိန့်တော်မူ တယ်ကွယ့်၊ ဒီတော့ ဆက်စပ်တွေးကြည့်ရင် ဒါနကို ပိယဆေးဖြစ်အောင် မလုပ်တတ်လို့ "ကပ်စေးနဲကြီး"လို့ အခေါ်ခံရတာနေမှာပေါ့၊ ဒါဟာ တကယ် တော့ လှူဒါန်းမှုကို အလေးပေးသလောက် ပေးကမ်း စွန့်ကြဲမှုဘက်က ချို့ယွင်း တဲ့အတွက် အမည်းကွက် ထင်ရတာပါပဲ၊ ဖြစ်ရပ်တွေကို ပြန်ကြည့်ရင်လည်း အများအားဖြင့် သိန်းတန် သောင်းတန် ကျောင်းကန် ဘုရားအလှူစတဲ့ လှူဒါန်း မှုတွေ ပြုနေကြပေမယ့် ပတ်ဝန်းကျင်မှာ စားရမယ့် သောက်ရမယ့် ဒုက္ခ ရောက်နေတဲ့ ကလေးတွေ တစ်ပြုံကြီးနဲ့ မိသားစုကို "ရော့– မင်းတို့ ရင်းနှီးဖို့ ငွေ"လို့ ပေးသူက ခပ်ရှားရှားလားကွယ့်။

http://www.dhammadownload.com

ကိုယ့်အောက်တန်းတူ၊ အထက်သူဟု
မှတ်ယူမြဲသို့၊ သုံးပုဂ္ဂိုလ်တွင်
အောက်ကိုသနား။ တန်းတူအားမှ
မြှောက်စားအမှု၊ မရှုတ်ချနှင့်
ထက်ကသူမှာ၊ ရှိသေရာ၏-

ဆိုသလို မြင့်မြတ်တဲ့ပုဂ္ဂိုလ်များကို စေတနာသန့်သန့်နဲ့ လှူဒါန်းကြသလို တန်းတူ ရည်တူဖြစ်တဲ့ အပေါင်းအသင်း ရောင်းရင်းမိတ်သင်္ဂဟ စသည်များကိုလည်း တတ်နိုင်သလောက် ပေးကမ်း ချီးမြှောက်ကြရပါမယ်၊ ဒါနဲ့လည်း မလုံလောက်သေးပါဘူးတဲ့၊ သနားစရာကောင်းတဲ့ ကိုယ့်လောက် အဆင့်မရှိတဲ့ သူများအပေါ်လည်း စွမ်းနိုင်သလောက် စောင့်ရှောက် ကူညီ စွန့်ကြဲခြင်းကို မလစ်လပ်စေသင့်ပါဘူး။ အမြတ်ကို တစ်သိန်း တစ်သောင်း လှူနိုင်ရင် အလတ်ကို တစ်ထောင် တစ်ရာလောက်ဖြင့် စဉ်းစားသင့်ပါတယ်၊ ထို့အတူ အောက်ကိုလည်း တစ်ရာ တစ်ဆယ်ထက်တော့ မနည်းသင့်ဘူးလို့ ထင်ပါတယ်ကွယ်၊ ဒါဟာလည်း မြင်မြင်သမျှ နေရာတကာ ပေးကမ်း စွန့်ကြဲ လှူဒါန်းနေရမယ်လို့ မဆိုလိုပါဘူး၊ ကိုယ့်မှာ ဖူလုံလို့ ပတ်ဝန်းကျင်အပေါ် ခွဲဝေပေးနိုင်တဲ့ အင်အား ရှိတဲ့အခါ တစ်ယောက်တည်း ဖိမ်ယစ်မနေဘဲ ပတ်ဝန်းကျင်ကို ခေါင်းထောင် ကြည့်တတ်ဖို့၊ ပတ်ဝန်းကျင်ကို ကူညီ စောင့်ရှောက်တတ်ဖို့ကို သတိပေးခြင်း ဖြစ်ပါတယ်။

လောကမှာ ကိုယ့်မိဘ၊ ကိုယ့်သားမယားနဲ့ ပျော်ပျော်ပါးပါး ဖိမ်ကျကျ နေရရုံနှင့် မပြီးသေးပါဘူး။ အချို့က ပြီးတယ်ထင်ပြီး ပတ်ဝန်းကျင်ကို မေ့ ပျောက်ထားကာ ကိုယ်တစ်ယောက်တည်း “ဓနရှင်”အဖြစ်နဲ့ ခံစားမှုအမျိုးမျိုး ပေါ်မှာ ဖိမ်ယစ်နေတတ်ကြပါတယ်၊ အထက်လူတွေကိုလည်း မလေးစား။ တန်းတူ ရည်တူတွေကိုလည်း မမြှောက်စား၊ နိမ့်ကျသူတွေကိုလည်း မသနားတော့ဘဲ သူ့ရဲ့ အာသာဆန္ဒတွေကိုသာ တစ်ခုပြီးတစ်ခု ဖြည့်တင်းနေတတ်ကြပါတယ်၊ ဒီအခြေအနေကို အထက်နဲ့ တန်းတူတို့က လျစ်လျူပြုနိုင်ပေမယ့် အောက်လူက တော့ မကျေနပ်နိုင်ဘူးပေါ့၊ ဒါဟာ “**ဓနရှင်**”အဖြစ်သာ ခံယူပြီး “**ဒါနရှင်**” အဖြစ် မခံယူကြတဲ့အတွက် ဖြစ်ပေါ်ခဲ့ရတဲ့ မကျေနပ်မှုကြီးဘဲ၊ ဒီ မကျေနပ်မှု

Ko Oo'F/22-A

http://www.dhammadownload.com

ကြီးထွားလာတဲ့အခါ ပဋိပက္ခတို့၊ တိုက်ပွဲတို့ဆိုတဲ့ ဝေါဟာရများဟာလည်း အလိုလို ပေါ်ပေါက်လာခဲ့ရပါတယ်၊ ရင်းမြစ်တရားခံကတော့ တစ်ဦးတည်း ကောင်းစားရေး 'ဓနရှင်'မှ အများကောင်းစားရေး 'ဒါနရှင်'အဖြစ် မပြောင်း လဲခဲ့မှုပေါ့။

ဒီအခြေအနေအရပ်ရပ်တွေကို ကြိုတင် မြင်တော်မူလို့ မြတ်စွာဘုရားက "**ဒါနဥ္စ**– လှူသင့်တဲ့သူ လှူ၊ ပေးသင့်တဲ့သူ ပေး၊ စွန့်သင့်တဲ့သူ စွန့်"ပါတဲ့၊ ဒီလို မှာကြားတော်မူပါတယ်၊ ကိုယ်လည်း ကောင်း, အများလည်း ကောင်း, ကိုယ်လည်း ကျေနပ်, ပတ်ဝန်းကျင်လည်း ကျေနပ်တဲ့ သာယာတဲ့ လူ့ဘောင်သစ်ကို ဒါနဥ္စက ညွှန်ပြထားကြောင်းကို ဖောက်ထွင်း မြင်နိုင်စွမ်းရှိတဲ့ အမြင်များနဲ့ မြင်တတ်ကြဖို့ပါပဲ။

ဒါလောက်ဆိုရင် မင်္ဂလာကွင်းဆက်သဘောကို မောင်မယ်တို့ ရိပ်စားမိလောက်ပါပြီ၊ အေး– မောင်မယ်တို့ အရွယ်ရောက်လို့ အခြေအနေကောင်းလို့ ပစ္စည်း ဥစ္စာ ကြွယ်ဝခဲ့ကြရင်လည်း ဓနရှင်အဖြစ်မှာသာ ဇိမ်ယစ်မနေဘဲ ဒါနရှင်အဖြစ် ရောက်အောင် ကြိုးစားနိုင်ကြပါစေ၊ အထက်ပုဂ္ဂိုလ်တွေကို လှူဒါန်းကြသလို တန်းတူနှင့် အောက်လူတွေကိုလည်း အရေးထားပြီး လေးလေးစားစား ပေးကမ်း စွန့်ကြဲနိုင်ပါစေလို့ ဆရာ ဆန္ဒပြုပါတယ်။

ပြီးတော့ အရေးတကြီး မှာစရာတစ်ခု ရှိသေးတယ်ကွယ့်၊ ကျောင်းကန်ဘုရားတွေ ဆောက်လုပ် လှူဒါန်းကြသလို နိုင်ငံတော်မှာ မရှိမဖြစ်တဲ့ ဆေးရုံတို့, ကျောင်းတို့, ဂေဟာတို့ စသည်များကိုလည်း ဆောက်လုပ် လှူဒါန်းကြဖို့ လိုတယ်ကွယ့်၊ ဆရာတို့တစ်တွေဟာ ဒီဘက်က အလေ့အကျင့် နည်းနေသေးတယ် ထင်ပါတယ်၊ ဆေးရုံ စတဲ့အလှူတွေဟာ ဘာသာရေးဘက်ကပဲ ကြည့်ကြည့်၊ လူမှုရေးဘက်ကပဲကြည့်ကြည့် အလွန် ပီတိဖြစ်ဖို့ကောင်းတဲ့ အလှူတွေပါ၊ အင်မတန် မြင့်မြတ်၊ အင်မတန် သာဓုခေါ်စရာကောင်းတဲ့ အလှူတွေပါ၊ ဒါကြောင့်မို့ လှူဒါန်းတဲ့ နေရာမှာလည်း အများအကျိုးရှိအောင် လှူတတ်ကြစမ်းပါလို့ မောင်မယ်တို့တစ်တွေကို ဆရာ အထူးပဲ မှာကြားလိုက်ပါတယ်၊ ဆရာကိုယ်တိုင်လည်း ကြိုးစားပါ့မယ်။

http://www.dhammadownload.com

ဒါနအကြောင်းတွေကတော့ ပြောမယ်ဆိုရင် ဆုံးနိုင်မယ် မဟုတ်ဘူး ကွယ့်၊ အသေးစိတ်တွေ လျှောက်ပြောနေရင်လည်း မောင်မယ်တို့ ငြီးငွေ့ သွားမယ် ထင်တယ်၊ တစ်ဆင့်တက်ပြီး ရင့်ကျက်တဲ့ ဒါနအကြောင်းတော့ မောင်မယ်တို့ လက်လှမ်းမီတဲ့အခါ အချိန်ရတဲ့အခါမှာ ဆိုင်ရာ စာအုပ်စာတမ်း များမှာ လေ့လာမှတ်သားကြပါလို့ တိုက်တွန်းပါတယ်၊ ဒီမှာတော့ မောင်မယ် တို့ သင်ခန်းစာရအောင် အလောင်းတော် သုမေဓာအကြောင်းနဲ့ ဟပ်ပြီး ဒါနကို အနည်းငယ် ပြောပြပါဦးမယ်၊ ဆရာတို့သင်တန်းမှာ ဇာတ်လမ်းတွေ ဟာ သိပ်အရေးကြီးတဲ့အပိုင်းလို့ ဆရာ သဘောမထားဘူးနော်၊ မောင်မယ်တို့ အပျင်းလည်း ပြေ၊ ဗဟုသုတလည်း ရ သင်ခန်းစာလည်း ရအောင် ခပ်တိုတို ခပ်ကျဉ်းကျဉ်းသာ ပြောခဲ့ပါတယ်၊ မင်္ဂလာမှာ လူမှုရေးကို ဦးစားပေးထား ပါတယ်၊ ဒါကြောင့်လည်း အထက်ပါ မင်္ဂလာကွင်းဆက်သဘောမှာ လူမှုရေး ဒါနကို အသားပေးခဲ့ပါတယ်၊ ဇာတ်လမ်းမှာတော့ ဘာသာရေးဒါနကို ဦးစား ပေးပြီး ပြောပါမယ်၊ ကဲ–နားထောင်။

အလောင်းတော် သုမေဓာ

ဟို ရှေးရှေးတုန်းက ဆရာတို့ ဘုရားအလောင်းတော်ဟာ သုမေဓာ ဆိုတဲ့အမည်နဲ့ အမရဝတီ နေပြည်တော်မှာ သူဌေးသား ဖြစ်ခဲ့ပါတယ်၊ အချိန် အရွယ်ရောက်တဲ့အခါ ယောက်ျားတို့ တတ်သင့်တတ်အပ်တဲ့ တစ်ဆယ့်ရှစ်ရပ် အတတ်ပညာများကိုလည်း တစ်ဖက်ကမ်းခပ် တတ်မြောက်တော်မူပါသတဲ့၊ တစ်နေ့တော့ ''တွေ့ဆုံ ကြုံကွဲ''ဆိုသလို လောကဓမ္မတာအတိုင်း အလောင်း တော်ရဲ့ မိဘများဟာ ဆုံးပါးသွားခဲ့ကြပါတယ်၊ ဒီအခါမှာ ဘဏ္ဍာရေးမှူးက အလောင်းတော်ကို ဘဏ္ဍာတိုက်ထဲ ခေါ်သွားပြီး ''ဒါက အဘိုးဘက်က ပစ္စည်း၊ ဒါက အဘွားဘက်က ပစ္စည်း၊ ဒါက အမေဘက်က အမွေ၊ ဒါက အဖေ ဘက်က အမွေ''စသဖြင့် ပစ္စည်းစာရင်းများကို တစ်ခုချင်း ရှင်းပြပါသတဲ့၊ ဒီတော့ အလောင်းတော်က စဉ်းစားသတဲ့။

''အင်း– ဒီပစ္စည်းတွေကို အဘိုးအဘွားတို့ အမေတို့ အဖေတို့ဟာ သေသာသွားရော သူတို့နောက် ပါအောင် ယူမသွားနိုင်ကြရှာဘူး၊ ငါ သေ သွားလည်း ဒီလို နေမှာပဲ၊ ဒီတော့ ဒီလို ဘဏ္ဍာတိုက်ထဲ ပုံနေမယ့်အစား

http://www.dhammadownload.com

ဒီပစ္စည်းတွေ သဗ္ဗညုတဉာဏ်တော်အတွက် အရင်းအနှီးပြုမယ်၊ ပတ်ဝန်းကျင် ပုဂ္ဂိုလ်တွေကိုလည်း အကျိုးရှိစေမယ်''လို့ ဒီလို စဉ်းစားတော်မူပါတယ်၊ ဒီလို စဉ်းစားပြီးနောက် မြို့ထဲ မောင်းကြေးနင်း ခတ်စေပြီး ဘဏ္ဍာတိုက်ကို ဖွင့်ပေးလိုက်ပါတယ်၊ ''အယုတ် အလတ် အမြတ်မရွေး ယူလိုသူ ယူကြ''လို့ ပေးဝေ စွန့်ကြဲ လှူဒါန်းလိုက်ပါတယ်၊ နေရှင်အဖြစ်မှ ဒါနရှင်အဖြစ်ကို ပြောင်းလဲ ခံယူတော်မူလိုက်ပါတယ်၊ ဒီနောက်တော့ အလောင်းတော်ဟာ အားလုံးကို စွန့်ပယ်ပြီး တောထွက်တော်မူသွားပါတယ်၊ ဒီတစ်ပတ် ပြောချင်တဲ့ ဇာတ်လမ်း အကျဉ်းချုပ်ကတော့ ဒါပါပဲ၊ အလောင်းတော်အကြောင်းကလည်း ပြောမယ်ဆိုရင် တော်တော်နဲ့ မဆုံးနိုင်ဘူးကွယ့်၊ ဒါကြောင့် ဒါလောက်နဲ့ပဲ ဇာတ်လမ်းကို ကျေနပ်ကြပါလို့ ဆရာ နှစ်သိမ့်ပါတယ်။

လောကမှာ ပစ္စည်းဥစ္စာ မပျောက်မပျက်ဘဲ လိုတဲ့အခါ အလွယ်တကူ ထုတ်ယူ သုံးစွဲနိုင်ကြအောင် အာရက္ခသမ္ပဒါနဲ့အညီ ဘဏ်စသည်တို့မှာ အပ်နှံထားကြရတယ် မဟုတ်လား၊ အေး– ဒါနဆိုတာလည်း ဒီသဘောပါပဲ၊ တကယ်တော့ အမြင်မှာ ပေးတယ်လို့ ထင်ရပေမယ့် သဘောအစစ်ကတော့ သံသရာဘဏ်မှာ အပ်နှံထားခြင်းသာ ဖြစ်ပါတယ်၊ သံသရာခရီးကို ကျင်လည်တဲ့အခါမှာ ကံ ဉာဏ် ဝီရိယဆိုတဲ့ ဘဏ်လက်မှတ်များနဲ့ ထုတ်သုံးရန် ဖြစ်ပါတယ်၊ ဒီလို သဘောပေါက်ထားရမယ်။

ဗုဒ္ဓဘာသာဝင်တို့ရဲ့ နောက်ဆုံး ပန်းတိုင်ဟာ ''နိဗ္ဗာန်''ဖြစ်ပါတယ်၊ ဒါနဟာ နိဗ္ဗာန်ရဲ့လမ်းစလည်း ဖြစ်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ နိဗ္ဗာန်ဆိုတာ စွန့်လွှတ်မှု အဆုံးမှာ ရှိလို့ပါပဲ၊ နိဗ္ဗာန်ဆိုတာဟာ နောက်ဆုံး အင်မတန်တွယ်တာ နှစ်သက် မခွဲနိုင် မခွါရက်တဲ့ မိမိတို့ ခန္ဓာကိုယ်ကြီးကို စွန့်လွှတ်ပြီးမှ ရောက်နိုင်တဲ့နေရာ ဖြစ်ပါတယ်၊ မာရသွန်ပြေးပွဲ ဝင်မယ့်သူဟာ အစပထမ တစ်မိုင် နှစ်မိုင်မှ စ၍ အပြေးလေ့ကျင့်ခန်း ယူရသလို ရုပ်နာမ်ကို စွန့်သွားရမယ့်သူဟာလည်း အစ ပထမ ဖြုန်းဖြုန်းဒိုင်းဒိုင်းကြီး ရုပ်နာမ်တွေကို မစွန့်လွှတ်နိုင်သေးပါဘူး၊ ဒါကြောင့် စွန့်လွှတ်မှု လေ့ကျင့်ခန်း ယူရပါသေးတယ်။

ဒါနဆိုတာ စွန့်လွှတ်မှု လေ့ကျင့်ခန်း ယူနေတာ ဖြစ်ပါတယ်ကွယ်၊ အစပထမ အပြင်ပစ္စည်းများကို တစ်စတစ်စ စွန့်လွှတ်မှု လေ့ကျင့်နေရပါတယ်၊

http://www.dhammadownload.com

လှူနေရပါတယ်၊ နည်းနည်း လှူနိုင်ရာမှ ရင့်ကျက်လာရင် နောက် ဘာမဆို လှူနိုင် စွန့်နိုင်လာပါတယ်၊ ဒီလိုနဲ့ တစ်စတစ်စ ရင့်ကျက်လာတော့ အတွင်း ပစ္စည်းဖြစ်တဲ့ အသားအသွေးများကိုပါ လှူနိုင် စွန့်နိုင်တဲ့ အခြေအနေ ဖြစ်လာပါတယ်၊ တဖြည်းဖြည်း စွန့်လွှတ်ခြင်း လေ့ကျင့်မှု ရင့်သန်လာတဲ့အခါမှာတော့ သူတစ်ပါးအတွက် အသက်ကိုတောင် (မှန်ကန်သော စိတ်ထားဖြင့်) စွန့်လွှတ်နိုင်လာပါတော့တယ်၊ အပြင်ပစ္စည်း ဥစ္စာများ စွန့်လွှတ်မှုကို "**ဒါန ပါရမီ**"၊ အတွင်း အသွေးအသားများ စွန့်လွှတ်မှုကို "**ဒါနဥပပါရမီ**"၊ အသက် စွန့်လွှတ်မှုကို "**ပရမတ္ထပါရမီ**"လို့ ခေါ်ရပါတယ်၊ ဒီလို အပေးလေ့ကျင့်မှုတွေ အထွတ်အထိပ် ရောက်လာတဲ့အခါမှာတော့ တစ်သံသရာလုံး မစွန့်နိုင်တဲ့ ရုပ်နာမ်နှစ်ပါးကိုပင် အလွယ်တကူ စွန့်နိုင်ပါတော့တယ်၊ ရုပ်နာမ်ကို စွန့်လွှတ်နိုင်ရင် နိဗ္ဗာန်ရောက်တာပါပဲ၊ ဒါကြောင့် နိဗ္ဗာန်ဆိုတာ စွန့်လွှတ်မှု အဆုံးမှာ ရှိကြောင်းကို ဓမ္မစကြာမှာ "စာဂေါ ပဋိနိဿဂ္ဂေါ"လို့ တိုက်ရိုက် ညွှန်ပြထားပါတယ်။

ကျောက်သင်ပုန်းမှာ ရေးပြထားတဲ့ ပါဠိကဗျာနဲ့ မြန်မာကဗျာများဟာ အလွန် လေးနက်တဲ့သဘောကို ဆောင်နေပါတယ်၊ လိုရင်း အဓိပ္ပာယ်ကတော့ သုမေဓာအလောင်းတော် ဘုရားဖြစ်ရန် ပါရမီအလုပ်တွေလုပ်ဖို့ စဉ်းစားခန်း ဝင်တဲ့အခါမှာ "နောင်တော့် နောင်တော် အလောင်းတော်များ လုပ်မြဲ သွားမြဲ ဖြစ်တဲ့ လမ်းရိုး လမ်းဟောင်း လမ်းကောင်းကြီးဖြစ်တဲ့ စွန့်လွှတ်မှုအလုပ်(ဒါန) ကို ရှေးဦးစွာ မြင်တော်မူတယ်"လို့ ဆိုလိုရင်းပါပဲကွယ်။

မှန်ပါတယ်၊ "**ရေဘူးနဲ့ စိနစ်မပါ နွေခါမှ သိမယ်၊ ဒါနနဲ့ သီလမပါရင် သေခါမှ သိမယ်**"ဆိုတဲ့ မြန်မာစကားပုံအတိုင်းပါပဲ၊ ဒါနဟာ ပါရမီလုပ်ငန်းများရဲ့ အဦးအစ ဖြစ်ပါတယ်၊ ဒါနမပါဘဲ သံသရာခရီးသွားရင် ရိက္ခာမပါဘဲ ခရီးသွားသလိုပါပဲ၊ ဒါနမပါရင် "**အူမ,မတောင့် သီလမစောင့်**"နိုင်သဖြင့် **သီလပါရမီ** ဖြစ်ဖို့လည်း မလွယ်ကူပါဘူး၊ "**ဥစ္စာမရှိ ကတိမတည်**"ဆိုသလို **သစ္စာပါရမီ** ဖြစ်ဖို့လည်း မလွယ်ပါဘူး၊ "**ကိုယ့်ထက်သာ မနာလို**"ဆိုသလို **မေတ္တာပါရမီ** ဖြစ်ဖို့လည်း ခက်ခဲပါတယ်၊ ကိုယ့်ထက်သာ မနာလိုတာဟာ ပစ္စည်းမရှိလို့ ဖြစ်ရတဲ့ ကွင်းဆက်ပဲ မဟုတ်လား၊ ဒါကြောင့် ဗုဒ္ဓဘာသာမှာ

http://www.dhammadownload.com

အထွတ်အမြတ်ဆုံးဖြစ်တဲ့ ဘုရားဖြစ်ဖို့ ဒါနကို လက်လွှတ်လို့ မရစကောင်းပါဘူး။ ဒါကြောင့်လည်း အလောင်းတော်ကြီးဟာ "**ပဌမံ ဒါန ပါရမီ**"ဆိုတဲ့ အတိုင်း ရှေးဦးစွာ သုမေဓာဘဝမှာ ဒါနနဲ့ အရင်းတည်ခဲ့ခြင်း ဖြစ်ပါတယ်၊ အလွန် သတိထားဖို့ကောင်းတဲ့ အချက်တွေကွယ့်နော်။

ဟော ပါရမီလုပ်ငန်းဆုံးတဲ့ နောက်ဆုံး ဝေဿန္တရာဘဝမှာလည်း အံ့မခန်းလောက်တဲ့ ဒါနများနဲ့ပဲ နိဂုံးချုပ်တော်မူပါတယ်၊ ပါရမီဒါနများကို ပြုကျင့်တဲ့ နေရာမှာ အယုတ် အလတ် အမြတ်မရွေး လှူသင့်တဲ့သူကို လှူ၊ ပေးသင့်တဲ့သူကို ပေး၊ စွန့်သင့်သူကို စွန့်ခဲ့ပါတယ်၊ မျက်ခြည်မပြတ်သင့်တဲ့ ထာဝစဉ် အတုယူရမယ့် သာဓကတွေပေါ့ကွယ်။

ကဲ– ဒါလောက်ဆိုရင် မောင်မယ်တို့ ဒါနသဘောကို လူမှုရေးဘက်ကရော ဘာသာရေးဘက်ကရော တော်တော်လေး စမ်းဝါးမိလောက်ပြီလို့ ဆရာ ယူဆပါတယ်၊ ဒါကြောင့် ဒါနဥမင်္ဂလာကို ကာယကံမြောက် လက်တွေ့ကျင့်သုံးကြပြီး လှူသင့်သူကို လှူ၊ ပေးသင့်သူကို ပေး၊ စွန့်သင့်သူကို စွန့်ပြီး 'ဓနရှင်ဘဝမှ ဒါနရှင်ဘဝ'သို့ ကူးပြောင်းကာ သာယာတဲ့ လူ့ဘောင်သစ်ကို တည်ဆောက်နိုင်ကြမယ့် အနာဂတ် သားကောင်း သမီးကောင်း ရတနာများ ဖြစ်ကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

လောကကို အလှဆင်ပါ

- ဒါနဥခေါ် မင်္ဂလာအနှစ်ကို၊ သေချာစိစစ် မှတ်သားဖွယ်။
  လှူသင့်ရာမှာ လှူကြပါကွယ့်၊ ပေးသင့်သူတော့ ပေးရမယ်။
- စွန့်ကြသင့်သူ စွန့်ကြကြလို့၊ လောကအလှ ဆင်ရမယ်။
  မင်္ဂလာကို လက်တွေ့ကျင့်လို့၊ ရှေ့သို့တစ်ဆင့် တက်ရမယ်။
- မိမိအကျိုး တိုင်းပြည်ကျိုး။ သယ်ပိုးရွက်ဆောင်ကွယ်။
  အဲဒါကြောင့် အများကောင်းကျိုး။ ဆောင်သယ်ပိုး၊ ကျင့်ရိုးမင်္ဂလာကွယ်။

"မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ"

မွေ့ပျူဟာစာစောင်၊ အတွဲ (၆)–အမှတ်(၃)၊ အတွဲ(၄၄)အမှတ်(၄)

http://www.dhammadownload.com

၁၅- ဓမ္မစရိယာ ခ



http://www.dhammadownload.com

စေတနာ ဝိရတိ၊ ဟူဘိနှစ်ဖြာ၊ ပြဋ္ဌာန်းစွာသား၊ ကျင့်စာရိတ္တ၊ ဝါရိတ္တဟု၊ သီလရတနာ၊ မြတ်တန်ဆာလည်း၊ သတ္တာဝါခပင်း၊ မင်း-ဆင်းရဲသား၊ မပိုင်းခြားဘူး၊ လေးပါးမျိုးနွယ်၊ ကြီးငယ်မဆို၊ ရွယ်ပျိုရွယ်ရင့်၊ ဆင်တိုင်းတင့်၏၊ ကောင်းကျင့်ဟူဘိ၊ ကျေးဇူးရှိသား၊ ဂိဟိပြဟ္မ၊ စရိယတည့်၊ ဆုံးမဆို့ပိတ်၊ မြတ်စာရိတ်နှင့်၊ ဝါရိတ်အညီ၊ မပြတ်မှီလော့၊ ပညာသီဥပုသ်၊ စောင့်ကိုယ်နှုတ်ဖြင့်၊ မယုတ်အားကြိုး၊ ဤကျင့်ရိုးသည်- ကောင်းကျိုးအလွန်တရာတည်း။

(မဃဒေဝလင်္ကာသစ်)

ပြီးခဲ့တဲ့ သင်တန်းတုန်းက ဒါနသဘောတရားများကို မောင်မယ်များ မှတ်မိကြလိမ့်မယ်လို့ ထင်ပါတယ်၊ ဆရာရဲ့ အပေါင်းအသင်း ရောင်းရင်းများက "ခင်ဗျားကလည်း ဒါနကို ခေတ်နဲ့ဟပ်အောင် ကြံဖန် ပြောနေတာပဲ"လို့ ဝေဖန်ကြသကွယ့်၊ ကဲ- ဆရာကပဲ ကြံဖန် ပြောသလား၊ ဒါနသဘောကိုက ခေတ်မီနေသလားဆိုတာ သိရအောင် အများ လက်လှမ်းမီလွယ်တဲ့ ကျေးဇူးရှင် မန်လည် ဆရာတော်ဘုရားကြီးရဲ့ မဃဒေဝလင်္ကာသစ်ကြီးကို နည်းနည်း လောက် လေ့လာကြည့်ရအောင်။

"တစိုးတစိ၊ မလှူမိဘဲ၊ မိမိဥစ္စာ၊ မိမိသာလျှင်၊ ပမာခွေးလား၊ ကိုယ့်တည်းစားကို၊ ဘုရားအရိယာ၊ သူမြတ်စွာတို့၊ ဘယ်ခါရှင်လန်း၊ မချီးမွမ်းတည့်၊ ပေးကမ်းလှူတာ၊ တွေ့ရာရာ၌၊ သဒ္ဓါမညှိုး၊ ရွာသည့်မိုးသို့၊ နောင်ကျိုးမျှော်ငဲ့၊ မနုန့်နှဲ့လင့်၊ ဘုန်းမဲ့ပြုခြား၊ ဘုန်းရှိစား၏၊ တရားအကျိုး၊ လမ်းမှန်ကိုးလော့၊ ကောင်းကျိုးကုသိုလ်၊ နောင်ဖို့လိုက၊ ပုဂ္ဂိုလ်ယုတ်မြတ်၊ မမှတ်သင်ရေး၊ သဒ္ဓါစေး၍၊ မရွေးအပ်စွာ၊ တွေ့ရာရာအား၊ စေတနာမြတ်နိုး၊ ဖြစ်စေကြိုးလော့"တဲ့၊

ကဲ- ဆက် နားထောင်ပါဦး။

http://www.dhammadownload.com

''ပတေပတာ၊ ရှိသေစွာလျှင်၊ လှူဘောပုညာ၊ ကုသလကို၊ သားလုသည်းချာ၊ ဆည်းပူးရှာလော့၊ သဒ္ဓါနုန့်နဲ့၊ လဲ့လဲ့ကျိုပ်ကျိုပ်၊ မစ္ဆေစိတ်နှင့်၊ ဒိဋ္ဌိလောဘ၊ မောဟပိတ်ဆို့၊ ပညာချို့သည်၊ လူတို့ဥစ္စာ၊ များတုံပါလည်း၊ မဟာသမုဒ်၊ ရေအစုတ်သို့၊ သောက်ထုတ်သုံးချိုး၊ ဘယ်သူမျိုးမှ၊ အကျိုးမရ၊ ပဏ္ဍိတတို့၊ ခနမူကား၊ နည်းပြေားပစေ၊ တွင်းထွက်ရေသို့၊ မိုလ်ခြေအလုံး၊ သောက်သုံးချမ်းသာ၊ ပြီးတတ်စွာရှင့်၊ သဒ္ဓါမရှေး၊ မပေးမလှူ၊ မုန်းဆေးဟူ၏၊ ပေးလှူတတ်သော်၊ ချစ်ဆေးကျော်တည့်၊ လူဘော်ဌာန၊ ဤလောကဌ်၊ စိတ်ကကြည်စွာ၊ စေတနာနှင့်၊ သဒ္ဓါဝမ်းတွင်း၊ ပေးကမ်းခြင်းကား၊ ရခြင်းထက်သာ၊ ဝမ်းမြောက်စွာသည်၊ မင်္ဂလာလွန်မြတ်၊ ဖြစ်သတတ်ရှင့်''တဲ့။

အဓိပ္ပာယ် အင်မတန် ရှင်းပါတယ်၊ ခေတ်နဲ့ အင်မတန်ဟပ်တဲ့ ဒါနသဘောတစ်ခုကိုလည်း ဆရာတော်ဘုရားကြီးက ဒီလို ပြောပြခဲ့သေးတယ်ကွယ့်၊ သေသေချာချာ နားထောင်နော်။

''တရားပါဠိ၊ လာတိုင်းသိသား၊ ပဏ္ဍိပုဂ္ဂိုလ်၊ များထိုထိုတို့၊ ကိုယ်ကိုနှိမ့်ချ၊ ဓမ္မေနဖြင့်၊ ခနဥစ္စာ၊ ရအောင်ရှာ၍၊ ချမ်းသာလည်းခံ၊ အသင့်စံလျက်၊ ကောင်းကြံကောင်းပြု၊ ကောင်းမှုရှေးရှူ၊ ပေးကြလှူ၏၊ ကလူနိုင်ထက်၊ နှိပ်စက်လျှပ်ဝါး၊ ဘစ်ပါးသူကို၊ မျက်ရည်ယိုအောင်၊ ထိုထိုဒဏ်မှု၊ ပြု၍ယူထ၊ အဓမ္မဖြင့်၊ ရသည့်ဥစ္စာ၊ ထောင်သပြာကို၊ လှူပါသော့သူ၊ တစ်သိန်းလူ၏၊ အလှူတို့ကား၊ တရားညီမှု၊ နည်းငယ်ပြုသည့်၊ ထိုသူ့ဒါန၊ တစ်ခုမျှကို၊ ပုံချတွက်ဘွဲ့၊ စံနှိုင်းရှိသော်၊ တစ်ဆယ့်ခြောက်စိတ်၊ ခွဲဝေစိတ်၍၊ တစ်စိတ်ကိုမျှ၊ မမီစွဟု''တဲ့။

တရားသဖြင့် ရှာဖွေရလာတဲ့ ပစ္စည်းကို လှူတာနဲ့ မတရားနည်းနဲ့ ရလာတဲ့ပစ္စည်းကို လှူတာ ကွာခြားလှပုံကို ဆရာတော်ဘုရားကြီးက သတိပေးခဲ့တယ်ကွယ့်၊ ဒါတွေကတော့ ဒါနဥမင်္ဂလာရဲ့ နောက်ဆက်တွဲ မှတ်သားစရာတွေပေါ့ကွယ်၊ ကဗျာတွေချည်း ရွတ်ပြနေလို့ ပျင်းနေကြဦးမယ်။

ကဲ- သင်တန်းစကြရအောင်။

Ko Oo/F/23-A

http://www.dhammadownload.com

၁၅။ ဓမ္မစရိယာ စ

(သုစရိုက်တရားများ ကျင့်သုံးရေးမင်္ဂလာ)

''မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ''

အသေဝနမှ ဒါနဥမင်္ဂလာအထိ မင်္ဂလာ ၁၄-ပါးကို တကယ်တမ်း ကာယကံမြောက် လက်တွေ့ ကျင့်သုံးခဲ့မယ်ဆိုရင် အပေါင်းအသင်းဆန့်သူ၊ ပညာတော်သူ၊ စည်းကမ်းရှိသူ၊ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသူ၊ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသူတစ်ယောက် ဖြစ်လာနိုင်တဲ့အပြင် အများအကျိုးကို ဆောင်သယ်ပိုးတဲ့ ''ဒါနရှင်'' တစ်ယောက်လည်း ဖြစ်လာနိုင်ပါပြီ၊ ဒါနဲ့ ပြီးရောလားတဲ့၊ မပြီးသေးပါဘူး၊ လူ့ဘဝဆိုတာ အင်မတန် ကျယ်ဝန်းပါတယ်၊ အပေါင်းအသင်းဆန့်ရုံ၊ စည်းကမ်းရှိရုံ၊ ပညာရှိရုံ လှူဒါန်းတတ်ရုံလောက်နဲ့လည်း မလုံလောက်သေးပါဘူးတဲ့၊ လူဆိုတာ ကိုယ်ကျင့်တရားနဲ့ခေါ်တဲ့ စာရိတ္တမဏ္ဍိုင်အလွန်ကြံ့ခိုင်ဖို့ လိုအပ်ပါတယ်၊ ပညာတွေတတ်၊ ပစ္စည်းတွေရှိလို့ လူတော်ကြီးဖြစ်နေပေမယ့်လို့ ကိုယ်ကျင့်ကောင်းတဲ့ လူကောင်းတစ်ယောက် ဖြစ်မလာရင် အိတ်ပေါက်နဲ့ ဖားကောက်ဆိုသလို အကျိုးမကြီး အချည်းနှီးပါပဲ၊ ဒါကြောင့် အူမတောင့်ရုံနဲ့လည်း မပြီးသေးဘူး၊ သီလစောင့်ဖို့လည်း လိုအပ်နေသေးတဲ့ အကြောင်းကို မင်္ဂလာတရားတော်က 'ဓမ္မစရိယာစ' ပါတဲ့၊ ဒီလို ကွင်းဆက်ညွှန်ပြတော်မူပါတယ်။

http://www.dhammadownload.com

ဗြဟ္မစရိယာစ– ကိုယ်ကျင့်တရားကိုလည်း ကျင့်ကြံပါဦးတဲ့၊ ဒီလို ဆိုပါတယ်၊ ဒီနေရာမှာ **ဗြဟ္မ**အရ သုစရိုက် ၁၀–ပါး၊ **စရိယ**က ကျင့်ကြံတာ၊ နှစ်ခုပေါင်းတော့ **ဗြဟ္မစရိယ**– သုစရိုက်တရားကို ကျင့်ကြံခြင်းလို့ ဆိုလိုပါတယ်၊ မကောင်းတဲ့အကျင့်ကို ဒုစရိုက်၊ ကောင်းတဲ့အကျင့်ကို သုစရိုက်လို့ ခေါ်ပါတယ်၊ ဒုစရိုက်ကို သိရင် သုစရိုက်ကိုလည်း အလွယ်တကူနဲ့ သိနိုင်ပါတယ်၊ သုစရိုက် ၁၀–ပါးကို ဘာသာပြန်ရလျှင်–

၁။ **ပါဏာတိပါတာ ဝေရမဏီ** – ရက်ရက်စက်စက် သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊

၂။ **အဒိန္နာဒါနာ ဝေရမဏီ** – တိုက်ခိုက်ခြင်း၊ လုယက်ခြင်း၊ ခိုးဝှက်ခြင်း၊ မှောင်ခိုခြင်း၊ အမြတ်ကြီးစားခြင်း၊ အခွန်အကောက်မဆောင်ခြင်း၊ အမြတ်တော်ကြေး မပေးခြင်းတို့မှ ရှောင်ကြဉ်ခြင်း၊

၃။ **ကာမေသုမိစ္ဆာစာရာ ဝေရမဏီ**– မုဒိန်းမှု ကျူးလွန်ခြင်း၊ ကာယိန္ဒြေ ဖျက်ခြင်း၊ ကိုယ်ဖြင့် ရင်းနှီးခြင်း၊ ရင်းနှီးစေခြင်းတို့မှ ရှောင်ကြဉ်ခြင်း၊ ဒီသုံးပါးကို "**ကာယသုစရိုက်**"လို့ ခေါ်ပါတယ်။

၄။ **မုသာဝါဒါ ဝေရမဏီ** – သူ့အကျိုး ဆုံးရှုံး နစ်နာအောင် လိမ်ညာပြောခြင်း၊ အမှန်ကို ရင်မဆိုင်ဘဲ ဝေ့လည် ကြောင်ပတ် ပြောခြင်း၊ ပလောင်းပလဲ ပြောခြင်းတို့မှ ရှောင်ကြဉ်ခြင်း၊

၅။ **ပိသုဏာဝါစာ ဝေရမဏီ** – ညီညွတ်ရေး ပျက်ပြားအောင် သွေးခွဲစကား ပြောခြင်း၊ အထင်မှားအောင် တီးတိုးဝါဒဖြန့်ခြင်း၊ ထိပ်တိုက်တိုးအောင် မီးထိုးပေးခြင်းတို့မှ ရှောင်ကြဉ်ခြင်း၊

၆။ **ဖရုသဝါစာ ဝေရမဏီ** – မယဉ်မကျေး ရိုင်းရိုင်းစိုင်းစိုင်း ယုတ်ယုတ်မာမာ ပြောခြင်း၊ လူကြားမကောင်း သူ

http://www.dhammadownload.com

ကြားမကောင်း ပြောခြင်းတို့မှ ရှောင်ကြဉ်ခြင်း၊

၇။ **သမ္ဖပ္ပလာပဝါစာ ဝေရမဏီ**– လုပ်ဇာတ်ခင်း၍ အဖျင်းပြောခြင်း၊ အောက်ခြေလွတ် စကားတွေ ပြောခြင်း၊ ပုံကြီးချဲ့ပြောခြင်းတို့မှ ရှောင်ကြဉ်ခြင်း။

ဒီ လေးပါးကိုတော့ "**ဝစီသုစရိုက်**" လို့ ခေါ်တယ်ကွယ့်။

၈။ **အနဘိဇ္ဈာ** – သူတစ်ပါးလုပ်အားဖြင့် ရလာသော ပစ္စည်းကို အချောင်ရရန် မကြံစည်ခြင်း၊ အပိုင်စီးရန် မကြံစည်ခြင်း၊ ခေါင်းပုံဖြတ်ရန် ဉာဏ်နီ ဉာဏ်နက် မထုတ်ခြင်း၊ စီးပွားရေး သောင်းကျန်းရန် ဆင်ကြံ မကြံခြင်း၊

၉။ **အဗျာပါဒ** – မေတ္တာတရား ရှေ့ထားကာ အပြုလုပ်ငန်းများကိုသာ တိုးတက်အောင် ကြံဆောင်နေခြင်း၊ အာဃာတတွေကို ဖျောက်ဖျက်ခြင်း၊ ရန်ငြိုးမထားခြင်း၊ ရန်အတုံ့အလှည့် မထားခြင်း၊

၁၀။ **သမ္မာဒိဋ္ဌိ** – လက်ဝဲလက်ယာ မသွေဖီဘဲ မဖို့မပင့် ပဒိကျကျ တွေးခေါ်ခြင်း၊ အလုပ်လုပ်သလောက် အကျိုးခံစားနိုင်ခွင့် ရှိသည်ဟူသော ကံ၊ ကံ၏အကျိုးတရားကို လက်ခံယုံကြည်ခြင်း၊ အမှန်တရားကို မြတ်နိုးနှစ်သက်ခြင်း၊ ဒီသုံးပါးကို "**မနောသုစရိုက်**" လို့ ခေါ်တယ်ကွယ့်။

ကာယသုစရိုက် ၃–ပါး၊ ဝစီသုစရိုက် ၄–ပါး၊ မနောသုစရိုက် ၃–ပါး အားလုံးပေါင်း သုစရိုက် ၁၀–ပါး၊ ထို့အတူ ဒုစရိုက် ၁၀–ပါး။

http://www.dhammadownload.com

သုစရိုက် ၁၀–ပါးကို ကျင့်ကြံနေလျှင် ဒုစရိုက် ၁၀–ပါး အလိုလို ပပျောက်သွားပါတယ်၊ ဒီသုစရိုက် ၁၀–ပါးကို ကျင့်ကြံလိုက်နာလျှင် ဓမ္မစရိယမင်္ဂလာနဲ့ ပြည့်စုံတော့တာပါပဲ၊ ဒီသုစရိုက် ၁၀–ပါးကို ယနေ့လက်တွေ့ ကျင့်သုံးကြမယ်ဆိုရင် မိမိတို့ ပတ်ဝန်းကျင်နှင့်တကွ တိုင်းပြည်မှာ ဖြစ်ပေါ်နေတဲ့ မလိုလားအပ်တဲ့ ပြဿနာအရပ်ရပ်ဟာ အလိုလို အပြီးသတ်သွားနိုင်ပါတယ်၊ ယနေ့ ဖြစ်ပေါ်နေတဲ့ မလိုလားအပ်တဲ့ ပြဿနာအရပ်ရပ်ဟာ မင်္ဂလာတွေ ပျက်ကွက်မှုကြောင့် ဖြစ်ပေါ်လာရတဲ့ ရလဒ်တွေပါပဲ၊ လူတိုင်းလူတိုင်း အရေအတွက် မများလှတဲ့ ဒီ သုစရိုက် ၁၀–ပါးကို ကာယကံမြောက် လက်တွေ့ ကျင့်သုံးလို့ ဓမ္မစရိယမင်္ဂလာနဲ့ ပြည့်စုံနေကြမယ်ဆိုရင် သာယာတဲ့ လူ့ဘောင်သစ်ရဲ့ အရသာကို လူတိုင်း ခံစားနိုင်ကြဖို့ပါပဲ။

ဒီနေရာ သုစရိုက် အပွား ၄၀–ကို ဗဟုသုတအဖြစ် ပြောပြပါဦးမယ်၊ ''**ကိုယ်တိုင်၊ တိုက်တွန်း၊ ချီးမွမ်း၊ စိတ်တူ**''တဲ့၊ ကိုယ်တိုင်ဆိုတာကတော့ ထင်ရှားပါတယ်၊ သုစရိုက် ၁၀–ပါးကို **ကိုယ်တိုင်** ကျင့်ကြံ လိုက်နာတာကို ဆိုလိုတာပါပဲ၊ တိုက်တွန်းဆိုတာကတော့ ကိုယ်တိုင်ကျင့်လို့ အကျိုးရှိလာတဲ့ အခါ သူတစ်ပါးအား မိမိလို ဖြစ်စေချင်လို့တဲ့အတွက် သုစရိုက် ၁၀–ပါးကို ကျင့်ကြံဖို့ **တိုက်တွန်း**တာကို ဆိုလိုပါတယ်၊ **ချီးမွမ်း**ဆိုတာကတော့ ကိုယ်တိုင် ကျင့်နေတဲ့ သုစရိုက် ၁၀–ပါးကို သူတစ်ပါးကျင့်တာ တွေ့ရတော့ ဝမ်းသာအားရ ချီးမွမ်းတာကို ဆိုလိုပါတယ်၊ **စိတ်တူ** ဆိုတာကတော့ သူတစ်ပါးက သုစရိုက် ၁၀–ပါးကျင့်ဖို့ မိမိနှင့် လာတိုင်ပင်တဲ့အခါ သဘောတူတာကို ဆိုလိုပါတယ်၊ ဒီတော့ ကိုယ်တိုင်ပြုတဲ့ သုစရိုက်က ၁၀–ပါး၊ တိုက်တွန်းတဲ့ သုစရိုက်က ၁၀–ပါး၊ ချီးမွမ်းတဲ့ သုစရိုက်က ၁၀–ပါး၊ စိတ်တူတဲ့ သုစရိုက်က ၁၀–ပါး၊ အားလုံးပေါင်း သုစရိုက်အပွား ၄၀–တို့ကိုလည်း နည်းတူသဘောပေါက်ဖို့ပါပဲ၊ ဒီ သုစရိုက်ပွား လေးဆယ်၊ ဒုစရိုက်ပွား ၄၀–တို့ကို စာပေကျမ်းဂန်များမှာ အကျိုးအမြတ် ရလဒ်အတူတူပဲလို့ ညီမျှခြင်း ပြတော်မူကြပါတယ်။

ဒါကြောင့် မကောင်းတဲ့ ဒုစရိုက်လုပ်ငန်းတွေကို သူတစ်ပါးအား မတိုက်တွန်းမိဖို့၊ လုပ်နေကြတာကို တွေ့ရ ကြားရရင်လည်း မချီးမွမ်းမိဖို့၊ လာတိုင်ပင်တဲ့အခါမှာလည်း သဘောမတူမိဖို့ အထူး သတိရှိအပ်တယ်ကွယ်၊ အေး–

http://www.dhammadownload.com

ဒါတွေကလည်း အပြောလွယ်သလောက် အလုပ်ခက်တယ်ကွယ့်၊ ဆရာတောင် စစ်သတင်းတွေ ဖတ်တဲ့အခါ ကိုယ်သဘောကျတဲ့ဘက်က အမြောက်ကြီးနဲ့ ပစ်လိုက်ခြင်း၊ စိန်ပြောင်းကြီးနဲ့ ပစ်လိုက်ခြင်း စတဲ့သတင်းတွေ ဖတ်လိုက်ရရင် ဝမ်းသာသလိုပဲ၊ တော်တော် ခက်တယ်ကွယ့်၊ ဘာပဲပြောပြော သတိရှိတော့ ချုပ်တည်းနိုင်တာပေါ့ကွယ်၊ အနာဂတ် လူ့ဘောင်သစ်ရဲ့ ဗိသုကာများဖြစ်ကြတဲ့ မောင်မယ်တို့တစ်တွေဟာ ဒီ ဓမ္မစရိယမင်္ဂလာကို ယခုက စပြီး ကျင့်သားရအောင် လေ့ကျင့်ထားဖို့ လိုအပ်ကြောင်း ဆရာ တိုက်တွန်းပါတယ်။

ကဲ ဒါလောက်ဆိုရင် သုစရိုက် ၁၀-ပါးကို ကျင့်သုံးခြင်းလို့ ဆိုတဲ့ ''ဓမ္မစရိယမင်္ဂလာ''ကို မောင်မယ်တို့ နှလုံးပိုက်မိလောက်ပါပြီ၊ ကာယသုစရိုက် ၃-ပါးနဲ့ ဝစီသုစရိုက် ၄-ပါးက ''ဝေရမဏီ''ကို ဖြုတ်လိုက်ရင် ကာယ ဒုစရိုက် ၃-ပါးနဲ့ ဝစီဒုစရိုက် ၄-ပါး ဖြစ်သွားတာပါပဲ၊ မနောဒုစရိုက် ၃-ပါး ဆိုတာကတော့-

၁။ သူတစ်ပါးပစ္စည်းကို မတရားယူလိုခြင်း- **အဘိဇ္ဈာ**၊

၂။ သူတစ်ပါးအပေါ် အာဃာတထားခြင်း- **ဗျာပါဒ**၊

၃။ အယူမှားခြင်း - **မိစ္ဆာဒိဋ္ဌိ** တို့ဖြစ်ပါတယ်။

သုစရိုက် ၁၀-ပါးကို ကုသလကမ္မပထ (ကောင်းရာသို့သွားရာ လမ်းကြောင်း)လို့ ခေါ်ပါတယ်၊ ဒုစရိုက် ၁၀-ပါးကို အကုသလကမ္မပထ (မကောင်းရာသို့ သွားရာလမ်းကြောင်း)လို့ ခေါ်ပါတယ်၊ ဒီလို ခွဲခြားပြီး မှတ်သားကြရပါမယ်၊ ကျောက်သင်ပုန်းမှာ ရေးပြထားတဲ့ မဃဒေဝလင်္ကာကို ဖတ်လိုက်ကြစမ်းပါဦး၊ သူ့ရဲ့ ဆိုလိုရင်း အဓိပ္ပာယ်ကတော့ ''**သီလရတနာ မြတ်တန်ဆာဟာ မင်းမှ ဆင်းရဲသားမှ ကြီးမှ ငယ်မှ အိုမှ ပျိုမှ မရွေးပါဘူး**-တဲ့၊ **ဘယ်သူဆင်ဆင် ဘယ်အချိန်ဆင်ဆင် တင့်တယ် လှပတာချည်းပါပဲ**-တဲ့၊ **ဒါကြောင့်မို့ အလွန် ကောင်းမြတ်တဲ့ လူတို့ရဲ့ အကျင့်မြတ်လို့ခေါ်တဲ့ ဂိဟိဗြဟ္မစရိယ-ငါးပါးသီလကို ရတနာ မြတ်တန်ဆာအဖြစ် အမြဲ ဝတ်ဆင်ကြပါ**''လို့ ဆိုလိုရင်း ဖြစ်ပါတယ်။

ဝတ္တရားအနေနဲ့ ပြုကျင့်ရမယ့် မိဘဝတ်၊ သားသမီးဝတ်စတဲ့ လောကဝတ်တွေ၊ ဒါနပြုခြင်း၊ ဉပုသ်သီတင်း ဆောက်တည်ခြင်း၊ ကမ္မဋ္ဌာန်းဘာဝနာ

http://www.dhammadownload.com

ပွားများခြင်း စတဲ့ ဓမ္မဝတ်တွေ အားလုံးကို "**စာရိတ္တသီလ**"လို့ ခေါ်ပါတယ်၊ ဒုစရိုက် ၁၀-ပါး စတဲ့ ရှောင်ကြဉ်သင့်တဲ့ မကောင်းမှုများကို ရှောင်ကြဉ်တာကို "**ဝါရိတ္တသီလ**"လို့ ခေါ်ပါတယ်၊ စာရိတ္တသီလဆိုတာက အဆောင်တရား၊ ဝါရိတ္တသီလဆိုတာက အရှောင်တရား၊ ဒီလို ခွဲခြားပြီး မှတ်သားကြရပါမယ်။

- မကောင်းတာ မလုပ်မိအောင်၊ အကောင်းတွေဖြစ်အောင် လေ့ကျင့်နေတာကို "**သီလ**"လို့ ခေါ်ပါတယ်၊
- မကောင်းတာ မဖြစ်အောင် ထိန်းသိမ်းတာကို "**သီလ**"လို့ ခေါ်ပါတယ်၊
- မကောင်းမှု မလွန်ကျူးမိအောင် ချုပ်တည်းထားတာကို "**သီလ**"လို့ ခေါ်ပါတယ်၊

ကာယသုစရိုက် ၃-ပါးနဲ့ ဝစီသုစရိုက် ၄-ပါးကို လက်တွေ့ကျင့်သုံးရင် ငါးပါးသီလကို လုံခြုံတာပါပဲ၊ အေး - ငါးပါးသီလထဲမှာ အရက်ရှောင်ကြဉ်ခိုင်းတာပါပြီး သုစရိုက်ထဲမှာ အရက်ရှောင်ကြဉ်ခိုင်းတာ မပါလို့ ခုခေတ်ဘာသာရေး နယ်ပယ်မှာ ဒီအရက်ပြဿနာကို တော်တော်လေး မကျေမလည်ဖြစ်နေကြတယ်ကွယ့်၊ ဘယ်သူတွေ ဘာပဲပြောပြော မင်္ဂလာကတော့ ပိုက်စိပ်တိုက် ပြောမှာမို့ "မဇ္ဇပါနာစ သံယမော"ဆိုတဲ့ မင်္ဂလာကျတော့ ဒီပြဿနာကို ဆွေးနွေးကြတာပေါ့ကွယ်၊ ကဲ ဒီတစ်ပတ် မင်္ဂလာသင်ခန်းစာအဖြစ် ဒသကနိပါတ်မှာလာတဲ့ မဟာဓမ္မပါလဇာတ်ကို ပြောပြပါမယ်၊ ဇာတ်လမ်းကတော့ သိပ်မရှိပါဘူး၊ ဒါပေမယ့် လက်တွေ့ ကျင့်စဉ်တရားတွေကတော့ ကောင်းလွန်းလို့ ရှေးခေတ် ဒိသာပါမောက္ခဆရာကြီး ကိုယ်တိုင် ရွှေပေချပ်မှာ ကူးရေးရတဲ့ အဖိုးတန် ရတနာတွေ ဖြစ်ပါတယ်၊ ကဲ- နားထောင်။

တောဓမ္မပါလဆော်တော်

ဟိုရှေးရှေးတုန်းက ကာသိတိုင်း နယ်ပယ်ထဲမှာ "ဓမ္မပါလ"ဆိုတဲ့ ရွာသာယာလေးတစ်ရွာ ရှိတယ်၊ အဲဒီရွာက မဟာဓမ္မပါလဆိုတဲ့ ပုဏ္ဏားကြီးမှာ ဓမ္မပါလဆိုတဲ့ သားတစ်ယောက်ရှိသတဲ့၊ သားလေး အချိန်တန် အရွယ်ရောက်တဲ့အခါမှာ တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီးထံ ပညာသင်ဖို့ စေလွှတ်လိုက်သတဲ့၊ ဓမ္မပါလဆိုတာ တရားစောင့်တဲ့ရွာ၊ တရားစောင့်တဲ့လူလို့

http://www.dhammadownload.com

အဓိပ္ပာယ်ရပါတယ်၊ တက္ကသိုလ်ရောက်ပြီး ပညာများသင်ကြားတဲ့အခါ မကြာမီ မှာပဲ ဓမ္မပါလလုလင်ဟာ လက်ထောက်ကထိကအဖြစ် တိုးတက်သွားသတဲ့။

တစ်နေ့တော့ ဆရာကြီးရဲ့သားတစ်ယောက် ဆုံးသွားရှာတယ်၊ ငိုသူငို၊ စိတ်မကောင်းသူ စိတ်မကောင်း ဖြစ်ကြတာပေါ့၊ ဓမ္မပါလလုလင်ကတော့ ဘာမှ ထူးထူးခြားခြား မဖြစ်ဘဲ ခပ်မှန်မှန်ပဲတဲ့၊ ဒီလိုနဲ့ အသုဘလိုက်ပို့ကြပြီး အပြန်မှာ တပည့်တွေက "ဆရာကြီးရဲ့သား ငယ်ငယ်ရွယ်ရွယ်နဲ့ ဆုံးသွားတာ နှမြောဖို့ ကောင်းကြောင်း" ပြောကြတဲ့အခါမှာ ဓမ္မပါလလုလင်က "တပည့် တို့ရယ်၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ဘာဖြစ်လို့ သေရတာလဲ"လို့ မေးသတဲ့၊ ဒီတော့ တပည့်တွေက "ဟာ- ဆရာလေးကလည်း လူဆိုတာ သေမျိုးမဟုတ်လား၊ ငယ်တယ် ကြီးတယ် ဘယ်ဟုတ်မလဲ သေတာပေါ့"လို့ ပြန်ပြောကြသတဲ့၊ ဓမ္မပါလလုလင်က ပြုံးပြီး "အေး- သေမျိုးကိုတော့ ဆရာလည်း နားလည် ပါတယ်၊ ဒါပေမယ့် ဆရာတို့ မျိုးရိုးမှာ ငယ်ငယ်ရွယ်ရွယ်နဲ့ သေရိုးထုံးစံ မရှိဘူးကွယ့်၊ ကြီးလာတဲ့အခါကျမှ သေကြပါတယ်"လို့ ပြောတဲ့အခါမှာ ဒီ ပြဿနာဟာ ဆရာကြီးဆီထိ ရောက်သွားတယ်၊ ဆရာကြီးက ငယ်ငယ်ရွယ် ရွယ်နဲ့ သေရိုးမရှိဘူးဆိုတဲ့ စကားကို မယုံကြည်တာနဲ့ ဓမ္မပါလလုလင်ကို ခေါ်မေးတဲ့အခါမှာ ဓမ္မပါလလုလင်က ဟုတ်မှန်ကြောင်း ရဲရဲဝံ့ဝံ့ တည်တည် ကြည်ကြည်နဲ့ပဲ ဖြေကြားပါတယ်၊ အားလုံးကတော့ မယုံတစ်ဝက် ယုံတစ်ဝက် နဲ့ အံ့အားသင့်နေကြတာပေါ့ကွယ်။

ဒါနဲ့ ဒိသာပါမောက္ခဆရာကြီးဟာ တစ်ပတ်လောက်ကျတော့ တပည့် အားလုံးကို ဓမ္မပါလလုလင်ထံ အပ်နှံထားခဲ့ပြီး ဓမ္မပါလရွာကို ကိုယ်ဘိုင် ကွင်းဆင်း လေ့လာ စုံစမ်းတယ်ကွယ့်၊ လွယ်အိတ်ထဲမှာ ဆိတ်ရိုးတွေလည်း ထည့်သွားလေရဲ့၊ ဓမ္မပါလရွာရောက်တော့ မဟာဓမ္မပါလ ပုဏ္ဏားကြီးထံသွား ပြီး ခပ်တည်တည်နဲ့ "ပုဏ္ဏားကြီး၊ စိတ်မကောင်းမဖြစ်ပါနဲ့၊ သင့်သား ဓမ္မပါလ လုလင်ဟာ မမျှော်လင့်ဘဲ ရောဂါတစ်ခုနဲ့ ဖြုန်းဖြုန်းဒိုင်းဒိုင်း ဆိုသလို သေဆုံး သွားရှာတယ်၊ အဲဒါ ကျွန်ုပ် လာအကြောင်းကြားတာပါပဲ"လို့ ပြောတဲ့အခါ မဟာဓမ္မပါလပုဏ္ဏားကြီးက ဟက်ဟက်ပက်ပက် ထ,ရယ်ရှာသတဲ့၊ ဒီတော့ ဆရာကြီးတောင် ကြောင်သွားတယ်၊ နောက်မှ ဣန္ဒြေမပျက် ဆက်ပြီး "ပုဏ္ဏား

http://www.dhammadownload.com

ကြီး မယုံဘူးလား၊ မယုံရင် ဒီမှာကြည့်– ဓမ္မပါလအရိုးတွေ''လို့ ပြောပြီး ဆိတ်ရိုးတွေကို ထုတ်ပြသတဲ့၊ ဒီတော့မှ ပုဏ္ဏားကြီးက ''ဆရာကြီးရယ် မဖြစ်နိုင်တာတွေ လာမပြောပါနဲ့၊ ကျွန်ုပ်တို့ မျိုးရိုးမှာ, ကျွန်ုပ်တို့ရွာမှာ ငယ်ငယ် ရွယ်ရွယ်နဲ့ သေတယ်လို့ တစ်ခါမှတောင် မကြားဖူးပါဘူး၊ ဒီ အရိုးတွေဟာ ကျွန်ုပ်ရဲ့သား အရိုးတွေဆိုတာဟာလည်း မဟုတ်နိုင်ပါဘူး၊ တခြား ဆိတ်ရိုး၊ နွားရိုးတွေသာ ဖြစ်ပါလိမ့်မယ်''တဲ့။

အဲဒီအခါကျမှ ဒိသာပါမောက္ခ ဆရာကြီးဟာ ဓမ္မပါလလုလင် ပြောပုံကို မယုံလို့ သူကိုယ်တိုင် လာရောက် စုံစမ်းရင်း တကယ် ဟုတ်ရင်လည်း နည်းလမ်း တောင်းရင်း လာရောက်ခဲ့ခြင်းဖြစ်ကြောင်း အမှန်အတိုင်း ပြောပြပါတယ်၊ အေးအေးဆေးဆေး စားသောက်ပြီးတဲ့ အခါကျတော့မှ ဆရာကြီးက ငယ်ငယ်ရွယ်ရွယ်နဲ့ ဘာဖြစ်လို့ မသေကြကြောင်း ပုဏ္ဏားကြီးကို မေးတဲ့အခါမှာ ပုဏ္ဏားကြီးက သူတို့ ရွာသူရွာသားများရဲ့ တရားစောင့်ပုံ တရားကျင့်ပုံများကို ဒီလို ပြောပြပါတယ်။

''ဆရာကြီး ကျွန်ုပ်တို့သည် ကုသလကမ္မပထတရား ၁၀–ပါး(သုစရိုက် ၁၀–ပါး)ကို ကျင့်ကြပါကုန်၏၊ မဟုတ်မမှန်သော စကားကို မဆိုကြကုန်၊ မကောင်းမှုတို့ကို ရှောင်ကြဉ်ကြပါကုန်၏၊ အလုံးစုံသော သူယုတ်တို့အကျင့် ကို ရှောင်ကြဉ်ကြပါကုန်၏၊ ထို့ကြောင့် ကျွန်ုပ်တို့အမျိုး၌ ငယ်ရွယ်သူတို့ မသေကြပါ''

''ဆရာကြီး၊ ကျွန်ုပ်တို့သည် သူယုတ်တို့တရား၊ သူတော်ကောင်းတို့ တရား နှစ်မျိုးလုံးကို နာကြားကြပါကုန်၏၊ သူယုတ်တို့ တရားကို နာကြားပါ သော်လည်း မနှစ်သက်ကြကုန်၊ သူယုတ်တို့ကို စွန့်၍ သူတော်ကောင်းတို့ကို မစွန့်ကြပါကုန်၊ နောင်တတစ်ဖန် ပူပန်ခြင်း မရှိကြပါကုန်၊ ထို့ကြောင့် ကျွန်ုပ်တို့ အမျိုး၌ ငယ်ရွယ်သူတို့ မသေကြပါ''

''ဆရာကြီး၊ ကျွန်ုပ်တို့သည် ရဟန်း ပုဏ္ဏား အရိယာ သူတော်ကောင်း တို့ကိုလည်းကောင်း၊ ခရီးသွားတို့ကိုလည်းကောင်း၊ သီချင်းဆို၍ တောင်းသူတို့ ကိုလည်းကောင်း၊ သာမန်လာ၍ တောင်းသူတို့ကိုလည်းကောင်း၊ သူဆင်းရဲ တို့ကိုလည်းကောင်း ထမင်း အဖျော်တို့ဖြင့် လုပ်ကျွေးကြပါကုန်၏၊ ထို့ကြောင့်

http://www.dhammadownload.com

ကျွန်ုပ်တို့အမျိုး၌ ငယ်ရွယ်သူတို့ မသေကြပါ''

''ဆရာကြီး၊ ကျွန်ုပ်တို့သည် မိမိမယားကို ကျော်လွန်၍ တစ်ပါးသော မိန်းမတို့၌ သွားလာခြင်း မရှိကြပါကုန်၊ မယားတို့ကလည်း ကျွန်ုပ်တို့ကို ကျော်လွန်၍ တစ်ပါးသော ယောကျ်ားတို့၌ သွားလာခြင်း မရှိကြပါကုန်၊ သူ့လင် သူ့မယားတို့မှ ရှောင်ကြဉ်၍ မြတ်သောအကျင့်ကို ကျင့်ကြပါကုန်၏၊ ထို့ကြောင့် ကျွန်ုပ်တို့အမျိုး၌ ငယ်ရွယ်သူတို့ မသေကြပါ''

''ဆရာကြီး၊ ကျွန်ုပ်တို့သည် သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ကြပါကုန်၏၊ အရှင်မပေးသော သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ကြပါကုန်၏၊ သေရည် သေရက် မသောက်ကြပါကုန်၊ မုသားကို မဆိုကြပါကုန်၊ ထို့ကြောင့် ကျွန်ုပ်တို့အမျိုး၌ ငယ်ရွယ်သူတို့ မသေကြပါ''

''ဆရာကြီး၊ ကျွန်ုပ်တို့သည် ကုသလကမ္မပထတရား ၁၀–ပါး(သုစရိုက် ၁၀–ပါး)သည် ကျင့်သောသူကို တကယ် စောင့်ရှောက်၏၊ ကောင်းစွာ ကျင့်အပ်သော ကုသလကမ္မပထတရား ၁၀–ပါးကို ကျင့်သောသူသည် အပါယ်သို့ မလားရ၊ ဤသို့ အပါယ်သို့ မလားရခြင်းသည် ကောင်းစွာ ကျင့်အပ်သော ကုသလကမ္မပထတရား ၁၀–ပါး၏ အကျိုးဖြစ်၏၊ ကြီးစွာသော ထီးသည် မိုးရွာသောအခါ ဆောင်းသူကို မိုးမှ ကာကွယ်ပေးသကဲ့သို့ ကုသလကမ္မပထတရား ၁၀–ပါးသည် ကျင့်သောသူကို တကယ် စောင့်ရှောက်၏၊ မိမိစောင့်ရှောက်အပ်သော တရားကို စောင့်ရှောက်နေသော ငါ့သား ဓမ္မပါလသည် ချမ်းသာစွာ အသက်ရှည်၏၊ ဆရာကြီး ဆောင်ယူသော အရိုးတို့ကား တစ်ပါးသော သတ္တဝါ၏အရိုးတို့သာ ဖြစ်၏''

တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီးဟာ ပုဏ္ဏားကြီး ပြောပြသမျှ ဓမ္မပါလရွာသူရွာသားများ၏ ကျင့်စဉ်တရားများကို ရွှေပေလွှာမှာ ရေးမှတ်သားပြီး သုံးလေးရက် ကြာတဲ့အခါမှာ ပြန်သွားပါသတဲ့ကွယ်၊ ဒီအကြောင်းတွေကို ရည်ရွယ်ပြီး မန်လည်ဆရာတော်ဘုရားကြီးက–

''ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိ၊ ဓမ္မသိမ်နက်တိ၊ ပါဠိထင်ရှား။
ယောမြွက်ကြားတိုင်း၊ တရားမထောင့်၊ အမှန်စောင့်က၊ စောင့်သည့်တရား။

http://www.dhammadownload.com

စောင့်သူအားကို မပွားဆက်ဆက်၊ စောင့်သတတ်တည်၊ ယွင်းချွတ်မရှိ ဟုတ်လှဘိခေါ်'လို့ ထောက်ခံတော်မူခဲ့ပါတယ်။

ပုဏ္ဏားကြီးက ဆရာကြီးကို ကျင့်စဉ် ၁၀–ပုဒ် ပြောပြပါတယ်၊ သိပ် လည်း မထူး၊ အချိန်လည်း မရတော့လို့ ဒီမှာ ချုံ့လုပ်သွားခဲ့ပါတယ်၊ တကယ် လို့ အပြည့်အစုံကြည့်ရမှ ကျေနပ်မယ်ဆိုရင် မူရင်းဇာတ်တော်မှာ ကြည့်ကြဖို့ ဆရာ ညွှန်လိုက်ပါတယ်၊ ကဲ– လက်တွေ့ကျလှတဲ့ သိပ္ပံခေတ်မှာ လူဖြစ်လာ ရတဲ့ မောင်မယ်တို့တစ်တွေဟာ ဘာမဆို လက်တွေ့လုပ်မှ ကျေနပ်ကြသူများ ဖြစ်ကြလို့ ဓမ္မပါလ ကျင့်စဉ်တရားအရ ကျင့်လျှင် ငယ်ငယ်ရွယ်ရွယ်နဲ့ မသေဘူး ဆိုတာ ဟုတ်,မဟုတ် လက်တွေ့ စမ်းသပ်ကြဖို့ ဆရာ တိုက်တွန်းပါတယ်၊ ဒီလို လက်တွေ့စမ်းသပ်ကြလို့ အောင်မြင်ခဲ့လျှင် ဖွား–သေစာရင်းတွေမှာ အသေဘက်က ဝလုံးနဲ့ ကြက်ခြေများကို မောင်မယ်တို့တစ်တွေ ရွှင်လန်းသော ပီတိနဲ့ ကြည့်ကြရမည်ဖြစ်ကြောင်း လက်ဆောင်စကား ပြောကြားရင်း ဒီ တစ်ပတ် ရပ်နားကြပါစို့။

ကိုယ်ကျင့်တရား ကောင်းပါစေ

❀ ဓမ္မစရိယာ မင်္ဂလာတရားကို၊ သေချာကျင့်ပွား လိုက်နာကွယ်။
အတုယူဖွယ် ဒေသနာဇာတ်က၊ မဟာဓမ္မပါလ မှတ်စေရွယ်။

❀ ဒုစရိုက်တွေ ရှောင်ကာရှားလို့၊ သုစရိုက်ကိုတော့ ပြုရမယ်။
မင်္ဂလာကို လက်တွေ့ကျင့်လို့၊ ရှေ့သို့တစ်ဆင့် တက်ရမယ်။

❀ မိမိအကျိုး တိုင်းပြည်ကျိုး၊ သယ်ပိုး ရွက်ဆောင်ကွယ်။
အဲဒါကြောင့် ကိုယ်ကျင့်တရား ကောင်းအောင်ထား၊
မှတ်သား မင်္ဂလာ မည်ပါတယ်။

''မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ''

ဓမ္မဗျူဟာစာစောင်၊ အတွဲ (၆)–အမှတ်(၄)၊ အတွဲ(၄၄)အမှတ်(၅)

http://www.dhammadownload.com

၁၆ – ဉာတကာနဉ္စ သင်္ဂဟော

http://www.dhammadownload.com

နှောင်ရင်းညီရင်း၊ နွယ်မကင်းသား၊ သာချင်းမျိုးဖော်၊ အကျော်ထင်ရှား၊
ဆွေတော်များကို၊ တရားမပျက်၊ မေတ္တာဆက်၍၊ မဖျက်ဆီးမူ၊ ချီးမြှောက်ပြုလော့၊
သူ့ကိုချီးမြှောက်၊ ကိုယ့်ဂုဏ်မြောက်၏။ ။

ဝိသမဝါဒီ၊ မညီညွတ်ခြင်း၊ မျိုးဆွေသင်းတို့၊ ချင်းချင်းမမူ၊ ကွဲပြားကြသော်၊
ရေးကင်းပေါင်း၊ ပျက်စီးကြောင်းကို၊ ထုံးဟောင်းမှတ်ယုံ၊ ရေးပုံတာဝ၊ ရှေးဉာဏ်
ဆ၍၊ သားလုသည်းအူ၊ သတိမူလော့။ ။

စော်ကားမာန်မောက်၊ မထင်လောက်ဟု၊ ကိုယ့်အောက်သော်လည်း၊
နိုက်ဆည်းရန်ရှာ၊ မပြုရာရှင့်၊ ပညာချည်းနှီး၊ ဆင်ပြောင်ကြီးအား၊ ဖားကျီးယင်မည်း၊
ပူးတွဲပေါင်းရက်၊ နံစုတ်ငှက်တို့၊ အသက်ဆုံးအောင်၊ ကြံဆောင်ကုန်ကြ-

(မဃဒေဝလင်္ကာသစ်)

ဆရာလည်း ပြေးရင်းလွှားရင်း ရေးရင်းသားရင်းနဲ့ဆိုသလို ဒီသင်တန်း ပို့ချခဲ့တာ ၁၆–ပတ်တောင် ရှိသွားပြီနော်၊ ၁၆–ပတ်ဆိုတော့ မင်္ဂလာလည်း ၁၆–ပါး ရှိသွားပြီနော်၊ မင်္ဂလာက ၃၈–ပါးဆိုတော့ တစ်ဝက်တော့ ကျိုးလု နီးပါပြီ၊ ဆရာလည်း ကိစ္စဝိစ္စတွေကြားက အတတ်နိုင်ဆုံး အချိန်ထားပြီး ပို့ချသလို မောင်မယ်တို့လည်း ကျောင်းချိန်တွေကြားက ကြိုးစားပြီး ဒီသင်တန်း ကို လာတက်ကြတဲ့အတွက် အထူးပဲ နှစ်သက် ကျေနပ်မိပါတယ်ကွယ်၊ မင်္ဂလာတရားတော်များကို အတတ်နိုင်ဆုံး ကာယကံမြောက် လက်တွေ့ ကျင့်သုံး ကြဖို့ကိုတော့ ဆရာ ထပ်တလဲလဲ သတိပေး ပန်ကြားပါတယ်။

ကဲ– သင်တန်းစကြပါစို့။

http://www.dhammadownload.com

၁၆။ ဉာတကာနဥ္စ သင်္ဂဟော

(ဆွေမျိုးများတို့ စောင့်ရှောက်ရေးမင်္ဂလာ)

"မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ"

ဒါနဥ္စ၊ ဓမ္မစရိယာမင်္ဂလာအထိ မင်္ဂလာ ၁၅-ပါးကို တစ်ခုချင်း ကာယကံမြောက် ကျင့်သုံးလာခဲ့တဲ့ မောင်မယ်တို့ရဲ့ မင်္ဂလာဇာတ်လိုက်ကလေးဟာ လူရွယ် လူလတ်ပိုင်း ရောက်နေပြီး စီးပွားရေး တောင့်တင်းလို့ အူမလည်း တောင့်နေပါပြီ၊ ဓမ္မစရိယမင်္ဂလာကို ကျင့်သုံးလို့ သီလလည်း စောင့်နေပါပြီ၊ ဒီလို အူမတောင့်ရုံ သီလစောင့်ရုံနဲ့ ပြီးရောလား၊ လူ့လောကမှာ တာဝန်ကျေပြီလား၊ ကိုယ်တစ်ယောက်တည်း အူမတောင့်ရုံ၊ သီလစောင့်ရုံနဲ့ ပြီးစတမ်းလား၊ ကိုယ့်အိမ်တွင်းရေး ဖူလုံရုံနဲ့ တစ်ကိုယ်ကောင်းဆန်စတမ်းလား၊ မဟုတ်သေးပါဘူးတဲ့၊ ဆက်လုပ်ရမယ့် လူမှုရေးအလုပ်တွေ၊ တာဝန်တွေ၊ ဝတ္တရားတွေ အများကြီး ကျန်နေပါသေးတယ်တဲ့၊ ဒါကြောင့် မင်္ဂလာတရားတော်က ပရဟိတ (သူကျိုးပြု)လုပ်ငန်းများကို ဆောင်ရွက်ဖို့ "ဉာတကာနဥ္စသင်္ဂဟော" တဲ့၊ ဒီလို ဆက်လက် ညွှန်ကြားတော်မူပါတယ်။

"ဘယ့်နှယ်လဲ၊ မင်္ဂလာတရားတော်ဟာ ရာစုနှစ် များစွာထဲကို ခေတ်ရှေ့ပြေးနေတယ်ဆိုတာ မောင်မယ်တို့ ယုံကြည်ကြပြီလားကွယ့်"

"ယုံကြည်ပါပြီ ဆရာ"

http://www.dhammadownload.com

''အေး၊ သင်ပုန်းကြီးစာအုပ်ထဲ ရောက်နေလို့ အမြင်နုပ်တယ် ထင်ရပေမယ့် ရွှေထုပ်တဲ့ မြပဝါပါကွယ်၊ ကဲ– စကားပြန်ဆက်ကြဦးစို့၊ **ဉာတကာနံ–** အဆွေအမျိုးတို့ကို၊ **သင်္ဂဟော–** သင်္ဂြိုဟ် ထောက်ပံ့ခြင်းဟာ မင်္ဂလာတစ်ပါးပါးပဲတဲ့၊ ဆွေမျိုးတွေကို ကူညီ စောင့်ရှောက် ထောက်ပံ့ရမယ်လို့ ဆိုလိုတယ်ကွယ့်၊ ဒီနေရာမှာ ဉာတကာအရ ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်ဆိုတဲ့ ကျဉ်းမြောင်းတဲ့ ဆွေမျိုးတွေကိုသာ မယူသင့်ဘဲ ကျယ်ပြန့်တဲ့ အမျိုးသား အားလုံး၊ လူတန်းစားအားလုံးကို ယူရမည် ဖြစ်ကြောင်းကို ကျမ်းဂန်များမှာ ညွှန်ပြထားတယ်ကွယ့်၊ ဘယ်လိုလဲဆိုတော့ ဒါနဥ္စ– ပေးကမ်း စွန့်ကြဲ လှူဒါန်းပါလို့ ရှေးက ညွှန်ပြခဲ့တယ် မဟုတ်လား၊ ဆွေမျိုးတွေကို ထောက်ပံ့ပါဆိုတာ ဒါနဥ္စထဲမှာ အကျုံးဝင်နေပါလျက် ဘာဖြစ်လို့ သီးခြားမင်္ဂလာ တစ်ပါးအဖြစ် ပြထားရသလဲ၊ ဒါ စဉ်းစားကွက်ပဲကွယ့်၊ ဒီနေရာမှာ ဆရာ့ အယူအဆကို ပြောမယ်နော်၊ အမှားအမှန်ကိုတော့ မောင်မယ်တို့ ကိုယ်တိုင် ဝေဖန်ပြီး ကျေနပ်မှ လက်ခံပါ၊ မကျေနပ်ရင်လည်း လက်မခံဘဲ နေနိုင်တယ်ကွယ့်''

''ဆရာ့အယူအဆကို ပြောရမယ်ဆိုရင် ဒါနဥ္စမင်္ဂလာကို လူမှုရေးလုပ်ငန်းတွေအတွက်ပါ အကွက်ကျကျ ပြည့်ပြည့်စုံစုံ သုံးသပ် လက်ခံတတ်ရင် တော်ပါရဲ့၊ ဒီလိုမဟုတ်ဘဲ ဒါနဥ္စကို ဘာသာရေး အလှူအတန်းအတွက် လောက်သာ ကွက်ပြီး ယူဆသွားကြရင် မင်္ဂလာရဲ့ ရည်ရွယ်ချက်တွေ အကွက်မစေ့ဘဲ ဟာထွက်သွားနိုင်ပါတယ်၊ မင်္ဂလာဟာ ဘာသာရေးကိုရော၊ လူမှုရေးကိုပါ မဖြိုမပျိုပဒါကျကျ ညွှန်ပြထားတာ ဖြစ်လေတော့ အမျိုးသား ထောက်ပံ့ရေး လူမှုဝန်ထမ်းလုပ်ငန်းတွေအတွက် ဒါနဥ္စလို့ ပြောရုံလောက်နဲ့ နားမလည်မှာ စိုးရပါတယ်၊ ဒါကြောင့် ဟာကွက်ကို ဖြည့်တဲ့အနေနဲ့ ''ဉာတကာ နဥ္စ သင်္ဂဟော''လို့ သီးခြားပြောရခြင်း ဖြစ်ပါတယ်။

အတိုချုပ်ကတော့ ဒါနဥ္စမင်္ဂလာကို အားဖြည့်လိုတဲ့အတွက် ''ဉာတကာနဥ္စ သင်္ဂဟော''ကို ထပ်ဟောရခြင်းပါပဲကွယ်၊ ဒါနဥ္စမင်္ဂလာတုန်းက ပြောခဲ့တဲ့ ဘာသာရေး ဒါန၊ လူမှုရေး ဒါန သဘောတရားများဟာ ဒီမင်္ဂလာနှစ်ပါးကို ပေါင်းစပ်ပြီး ပြောခဲ့ခြင်း ဖြစ်တယ်ကွယ့်၊ မျက်မှောက်ခေတ်မှာ ဒီမင်္ဂလာနှစ်ပါးကို ပေါင်းစပ်ပြီး မြင်သူနည်းလာတဲ့အပြင် ဉာတကာအရ ကျဉ်းမြောင်းတဲ့

http://www.dhammadownload.com

ဆွေမျိုးဝါဒလောက်ကိုသာ လက်ခံကြတဲ့အတွက် လူမှုရေးဒါနဖြစ်တဲ့ ဆေးရုံ၊ စာသင်ကျောင်း၊ ဘိုးဘွားရိပ်သာ၊ ပရဟိတဂေဟာ၊ အမျိုးသမီး စောင့်ရှောက်ရေးဂေဟာ၊ လူမှုဝန်ထမ်းဌာန၊ လူမှုဖူလုံရေးအဖွဲ့စတဲ့ ဌာနများမှာ လူထုရဲ့ အကူအညီများ နည်းပါးနေသေးတာကို တွေ့ရပါတယ်၊ သတိထားစရာတွေပေါ့ကွယ်''

''အမျိုးသားတိုးတက်ရေး လူမှုဝန်ထမ်းလုပ်ငန်း မှန်သမျှ၌ ကာယ၊ ဉာဏ၊ အသပြာ ခနတို့နဲ့ တတ်နိုင်သလောက် ပါဝင် ကူညီ ဆောင်ရွက်အားပေးတာ မှန်သမျှ ''ဉာတကာနဉ္စ သင်္ဂဟော''ဖြစ်ကြောင်း အတိုချုပ်မှတ်သားကြဖို့ပါပဲ၊ ဒီထက် တိုတိုပြောရရင် အများအကျိုးဆောင်တာဟာ ''ဉာတကာနဉ္စ သင်္ဂဟ''မင်္ဂလာပါပဲ၊ သတင်းစာများမှာ ပါနေတဲ့ ဆန်လှူတဲ့သတင်း၊ ဆန်ပြုတ်ပြုတ်ပြီး ဝေငှတဲ့သတင်းတွေဟာ အမျိုးသား ထောက်ပံ့ရေးလုပ်ငန်းတွေ ဖြစ်တဲ့အတွက် ဉာတကာနဉ္စသင်္ဂဟ မင်္ဂလာတွေပေါ့ကွယ်၊ ဒီလို မင်္ဂလာတရားတော်တွေကို ကာယကံမြောက် လက်တွေ့ကျင့်သုံးလာကြတာနဲ့အမျှ အများ မျှော်လင့် တောင့်တနေကြတဲ့ သာယာတဲ့ လူ့ဘောင်သစ်ရဲ့ အရသာကို မကြာမီ ခံစားဖို့ မဝေးတော့ပါဘူး၊ ဒါကြောင့် အများ အကျိုးဆောင်တဲ့ ဉာတကာနဉ္စ သင်္ဂဟမင်္ဂလာကို ကြိုးစား ဖြည့်ကျင့်ကြပါစို့လားကွယ်၊ ကဲ- ဒါလောက်ဆိုရင် ဒီမင်္ဂလာအတွက် တော်လောက်ရောပေါ့၊ ဒီ တစ်ပတ် မင်္ဂလာသင်ခန်းစာအဖြစ် ငြိမ်းချမ်းရေးသရုပ်ဖော် မဟာသမယသုတ်တော် ဇာတ်လမ်းကြီးကို ပြောပြပါမယ်၊ ကဲ- နားထောင်။

မဟာသမယသုတ်တော်

သုံးလူ့သခင် ထင်ရှားရှိစဉ်က ကပိလနှင့် ကောလိယ နှစ်ပြည်ထောင်တို့ဟာ ရောဟိဏီမြစ်က ရေအတွက်နဲ့ အငြင်းပွားပြီး စစ်ခင်းဖို့ ပြင်ဆင်ကြသတဲ့ကွယ်၊ ပြဿနာရဲ့ အစကတော့ နှစ်ပြည်ထောင် လယ်သမားတို့ဟာ ကဆုန် နယုန် ရေပြတ်ချိန်မှာ ငါ ပိုင်သင့်တယ်၊ သူ ပိုင်သင့်တယ် အငြင်းပွားရာက စပြီး နှစ်ဖက်ဘုရင့်နား ပေါက်ကြားလို့ အမိုက်ကစ ပြာသာဒ်မီးလောင်ရမယ့် အခြေအနေပေါ့၊ နေ့ကတော့ နယုန်လပြည့်နေ့ကွယ်၊ မြတ်စွာ

http://www.dhammadownload.com

ဘုရားရှင်ဟာ နံနက် အရုဏ်တက်အချိန် မဟာကရုဏာသမာပတ် ဝင်စားတော်မူတဲ့အခါ ပေါက်ကွဲအုံ့ဆဲဆဲ ဖြစ်နေတဲ့ စစ်ပွဲကြီးရဲ့ အသွင်သဏ္ဌာန်ဟာ ရွှေဉာဏ်တော် ကွန်ယက်မှာ လာထင်တော်မူသတဲ့၊ ''ဪ- သာကီဝင်မင်းမျိုးများ ဘာမဟုတ်တဲ့ ရေပြဿနာလေးနဲ့ ဒုက္ခရောက်ကြတော့မှာပါလား၊ ငါဘုရားမှတစ်ပါး ကယ်နိုင်သူ မရှိတော့ပြီ''ဟု နှလုံးသွင်းတော်မူပြီး မြွန်းဆိုနှစ်ဖက်သော စစ်တပ်ရဲ့အကြား ရောဟိဏီမြစ်လယ်တည့်တည့် ကောင်းကင်ယံမှာ ရောင်ခြည်တော်ခြောက်သွယ် ကွန့်မြူးပြီး ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူလိုက်ပါတယ်။

နှစ်ဖက်သော စစ်တပ်များဟာ ထူးခြားလှတဲ့ အရောင်အဆင်းများကြောင့် ကောင်းကင်ကို မော့ကြည့်ကြတဲ့အခါမှာ ''အလို ... သာကီဝင်မင်းတို့၏ ဦးကင်း သရဖူ လောကဝိဒူ ရှင်တော်မြတ်ဘုရား ကြွလာတော်မူပါကလား''ဟု အသိတရားဝင်ကာ လက်နက်များ ဘေးချပြီး လက်အုပ်ချီမိုး ရှိခိုးဦးတင် ပြုကြသတဲ့ကွယ်၊ အဲဒီအခါမှာ ရှင်တော်မြတ်ဘုရားက ''အို- လုလင်ငယ်သွေး သာကီဝင်မင်းကလေးတို့၊ အဖိုးမတန်တဲ့ ရေအတွက်နဲ့ အဖိုးတန်လှတဲ့ သင်တို့ရဲ့အသက် မပျက်စီးကြစေလင့်''ဟု သတိပေးတော်မူပြီး-

(၁) ဘာမဟုတ်တဲ့ အရာလေးနဲ့ အာဃာတ မထားသင့်ကြောင်း 'ဖန္ဒနဇာတ်တော်'၊

(၂) သူပြော လူပြောဖြင့် အငြင်းမပွားသင့်ကြောင်း 'ပထဝီဥန္ဒြိယဇာတ်တော်'၊

(၃) အားမဲ့သူပင် ဖြစ်လင့်ကစား စုပေါင်း ညီညွတ်က အင်အားကြီးသူကို အောင်နိုင်ကြောင်း 'လဋုကိကဇာတ်တော်'၊

(၄) စည်းလုံးမှု မရှိက ပျက်စီးတတ်ကြောင်း 'ဝဋ္ဋကဇာတ်တော်'၊

(၅) စည်းလုံးမှုရှိမှ ဘေးရန် ကင်းနိုင်ကြောင်း 'ရုက္ခဓမ္မဇာတ်တော်'၊

(၆) မိမိကိုယ်ကို ဒုက္ခမပေးသင့်ကြောင့် 'အတ္တဒဏ္ဍသုတ်တော်'တို့နဲ့ ငြိမ်းချမ်းရေးမှုကို တစ်ခုချင်း ပြတော်မူလိုက်ပါတယ်။

ဒီနေရာမှာ မောင်မယ်တို့ ဗဟုသုတရဖို့ ဇာတ်လမ်းအကျဉ်းချုပ်ကလေးများကို နည်းနည်းစီ ပြောပြဦးမယ်ကွယ်။

http://www.dhammadownload.com

ရှေးတုန်းက ဝံတစ်ကောင်ဟာ ကြို့ပင်အောက် မှာနေသတဲ့၊ တစ်နေ့ တော့ ဝံအိပ်နေတုန်း လေတိုက်ပြီး ကြို့ကိုင်းတစ်ခု ဝံကျောပေါ် ကျိုးကျတဲ့အခါ ဝံက ''ကြို့ပင်စောင့်နတ် သက်သက် စော်ကားတာပဲ''လို့ အထင်လွဲပြီး ရန်ငြိုးထားသတဲ့၊ တစ်နေ့တော့ ရထားလုပ်တဲ့ ပုဏ္ဏားတစ်ယောက်ဟာ အဖော် သုံးလေးယောက်နဲ့ သစ်ရှာထွက်လာတဲ့အခါ ဝံက ''ရထားလုပ်တဲ့ နေရာမှာ ကြို့သားဟာ အကောင်းဆုံးပဲ''လို့ ပြောပြီး၊ ကြို့ပင်စောင့်နတ်ကလည်း- ''ရထား ဘီးကွပ်တဲ့နေရာမှာ ဝံရေဟာ အကောင်းဆုံးပဲ''လို့ ပြောတဲ့အတွက် ဝံလည်း သေ၊ ကြို့ပင်စောင့်နတ်လည်း ဘုံပျောက်ပြီး နှစ်ဦးနှစ်ယောက် အကျိုး ကျေးဇူး ပျက်စီးခဲ့ဖူးပါတယ်တဲ့၊ ဘာမဟုတ်တဲ့ အရာလေးနဲ့ အာဃာတထား ကြတဲ့အတွက် ပျက်စီးရတဲ့ **ဖန္ဒနဇာတ်တော်**ပါပဲ၊ ဒီဇာတ်တော်ဟာ တေရ သကနိပါတ်တော်မှာ ပါတယ်ကွယ့်။

ပထဝီဥန္ဒြိယဇာတ်တော်ဆိုတာကတော့ မောင်မယ်တို့လည်း ကြား ဖူးကြပါလိမ့်မယ်၊ ထန်းသီး ကြွေကျတာကို မြေပြိုတယ်ထင်ပြီး အော်ပြေးတဲ့ ယုန်တစ်ကောင်ရဲ့စကားကို မစဉ်းစား မဆင်ခြင်ဘဲ အကန်းယုံ အရမ်းယုံပြီး ပြေးခဲ့လို့ တောသား တိရစ္ဆာန်တို့ ဒုက္ခရောက်ခဲ့ဖူးတဲ့ ဇာတ်လမ်းလေးပေါ့၊ ဘာမဆို စဉ်းစား နှိုင်းချိန်ဖို့ သင်ခန်းစာပေါ့ကွယ်၊ စတုက္ကနိပါတ်တော်မှာ ပါတယ်ကွယ့်၊ ဒုဒ္ဒုဘဇာတ်လို့လည်း ခေါ်ပါတယ်။

လဋုကိကဇာတ်တော်ဆိုတာဟာလည်း မောင်မယ်တို့ ဖတ်စာတွေ ထဲမှာပါတဲ့ ဆင်မည်းကြီးရဲ့ နိုင်ထက်ကလူ ပြုမှုကို မခံနိုင်တဲ့ နှံစုတ်ကလေး ဟာ ကျီးကန်း၊ ယင်မမည်းရိုင်း၊ ဖားတို့နဲ့ မိတ်ဆွေဖွဲ့ပြီး စုပေါင်းအင်အားနဲ့ ဆင်မည်းကြီးကို အနိုင်ယူလိုက်တဲ့ ဇာတ်လမ်းလေးပေါ့၊ အင်အားကြီးတိုင်း ဘဝင် မမြင့်ဖို့ သင်ခန်းစာပေါ့ကွယ်၊ ဒီဇာတ်လမ်းကတော့ ပဉ္စကနိပါတ်တော် မှာ ပါတယ်ကွယ့်၊ အသေးစိတ်များကိုတော့ မူရင်းများမှာ လေ့လာကြပေါ့ကွယ်။

ဝဋ္ဋကဇာတ်တော်ဆိုတာကတော့ ရှေးအခါတုန်းက ငုံးငှက်ကလေးများ ဟာ ''စုပေါင်းညီညာ အောင်ကြောင်းသာ''ဆိုတဲ့ ဆောင်ပုဒ်အတိုင်း သူတို့ကို ဖမ်းတဲ့ မုဆိုးရဲ့ ပိုက်ကွန်ကို ဦးထမ်းပဲ့ရွက်သဘောနဲ့ ညီညီညာညာ ပျံသန်းလို့ ရန်သူ့ညွတ်ကွင်းက လွတ်ကင်းကြပြီး အချင်းချင်း မညီညွတ်တဲ့အခါမှာတော့

http://www.dhammadownload.com

ညီညွတ်ရေး ပျက်ပြားကြတဲ့အတွက် မုဆိုးရဲ့လက်မှာ အသက်ထွက်ကြရတဲ့ ဇာတ်လမ်းလေးပေါ့။ ''ညီညွတ်ရင် အကျိုး၊ မညီညွတ်ရင် အဆိုး''ဆိုတာကို သင်ခန်းစာ ယူဖို့ပေါ့ကွယ်၊ သမ္မောဒမာနဇာတ်လို့လည်း ခေါ်တယ်၊ ကေနိပါတ်တော်မှာ ပါတယ်ကွယ့်။

ရုက္ခဓမ္မဇာတ်တော်ဆိုတာဟာ စည်းလုံးမှုအင်အားရဲ့ သဘောကို ပြောပြထားပါတယ်၊ အသက်ရှိသူများကို မဆိုထားဘိ သက်မဲ့သစ်ပင်များတောင် တစ်ပင်နဲ့တစ်ပင် ယှက်နွယ်ကူးလူး ဆက်သွယ်စည်းလုံးမှုရှိက မည်မျှ လေမုန်တိုင်း ထန်စေ မပျက်စီးကြောင်းနှင့် အမြစ်ခြေ ခိုင်မာပြီး ဘယ်လောက်ကြီးမားတဲ့ သစ်ပင်ကြီး ဖြစ်ပါစေ တစ်ပင်တည်း လွင်တီးခေါင်မှာ ပေါက်နေက လေမုန်တိုင်းဒဏ်ကြောင့် ပျက်စီးတတ်ကြောင်း သင်ခန်းစာပါပဲ၊ ဒီဇာတ်တော်လည်း ကေနိပါတ်တော်မှာ ပါပါတယ်။

အဲဒီလို ငြိမ်းချမ်းရေးမှုများကို တစ်ခုချင်း ချပြတော်မူလိုက်တဲ့အခါ နှစ်ဖက်သော စစ်တပ်များဟာ သူတို့ရဲ့ အမှားများကို မြင်ပြီး သတိတရား ရနေကြခိုက် နောက်ဆုံး **အတ္တဒဏ္ဍသုတ်တော်**ဖြင့် နိဂုံးအုပ်၍ စစ်ပွဲကို ငြိမ်းအေးစေတော်မူခဲ့ပါတယ်၊ ဗုဒ္ဓရှင်တော်မြတ်ဘုရားဟာ ဆွေတော် မျိုးတော်များရဲ့ အကျိုးကို သယ်ပိုးတော်မူပြီး ဉာတကာနုဋ္ဌ သင်္ဂဟမင်္ဂလာကို ရှေ့ဆောင်လမ်းပြသွားတော်မူတယ်ကွယ့်၊ အဲဒီနောက်တော့ နှစ်ဖက်သော စစ်တပ်များဟာ ရှင်တော်မြတ်ဘုရားအား ကျေးဇူးဆပ်တဲ့အနေတဲ့ တစ်ဖက် ၂၅၀-စီသော စစ်သားတို့ ရဟန်းပြုကြပါတယ်၊ ရှင်တော်ဘုရားဟာ ရဟန်းသစ်ငါးရာတို့ကို ဟိမဝန္တာ မဟာကုဏာလအိုင်ကြီး ခေါ်သွားပြီး သဘာဝ ရှုခင်းများကို အပျင်းပြေ ပြတော်မူကာ မဟာကုဏာလဇာတ်တော်ကြီးကိုလည်း ဟောတော်မူပါတယ်၊ နောက်တော့ မဟာဝုန်တော ကြွပြီး ရဟန်းသစ်များကို တရားပြတော်မူပါတယ်၊ အားလုံး အဲဒီနေ့မှာပဲ ရဟန္တာဖြစ်တော်မူကြပါတယ်၊ ညနေစောင်းလို့ နေဝင် လထွက်အချိန်မှာ တစ်သောင်းသော စကြဝဠာမှ နတ်ဗြဟ္မာအားလုံး စုရုံးပြီး လာရောက်ဖူးမြော်ကြတယ်ကွယ့်၊ အဲဒီအခါမှာ ရှင်တော်မြတ်ဘုရားက နတ်ဗြဟ္မာများရဲ့ အမည်များကို ဖော်ထုတ်ပြီး သားတော် ရဟန်းများနဲ့ မိတ်ဆက်ပေးတော်မူပါတယ်၊ အဲဒါကိုပဲ ''မဟာသမယ

http://www.dhammadownload.com

သုတ်တော်''လို့ ခေါ်တယ်ကွယ့်၊ ဒီနောက်မှာတော့ ရှင်တော်မြတ်ဘုရားဟာ စရိုက်ခြောက်ပါးနဲ့ လျော်စွာ သုတ်တော်ခြောက်သုတ်ကို ဟောတော်မူပါတယ်၊ အဲဒီ ဖြစ်ရပ်များဟာ နယုန်လပြည့် တစ်နေ့တည်းမှာပဲ ဆက်တိုက် ဖြစ်ခဲ့တဲ့ ဖြစ်ရပ်များ ဖြစ်ပါတယ်၊ အဲဒီ ဖြစ်ရပ်များကို အကြောင်းပြုပြီး ''နယုန်လပြည့် မဟာသမယအခါတော်နေ့''ရယ်လို့ ခုအခါမှာ တစ်ပြည်လုံး ကျင်းပ ပူဇော်နေကြပါတယ်ကွယ်၊ ကဲ- တော်ကြဦးစို့လား။

ဆွေမျိုးများကို စောင့်ရှောက်ပါ

❀ မဟာသမယခေါ်၊ ဒေသနာမေ့ကို၊ သေချာကျန စိစစ်ကွယ်။
ဆွေမျိုးတွေကို ပြင်ပမထားဘဲ၊ သင်္ဂဟတရားနဲ့ ချီးမြှောက်တယ်။

❀ ဒုစရိုက်တွေ ရှောင်ကာရှားလို့၊ သုစရိုက်ကိုတော့ ပြုရမယ်။
မင်္ဂလာကို လက်တွေ့ကျင့်လို့၊ ရှေ့သို့တစ်ဆင့် တက်ရမယ်။

❀ မိမိအကျိုး တိုင်းပြည်ကျိုး၊ သယ်ပိုး ရွက်ဆောင်ကွယ်။
အဲဒါကြောင့် ကိုယ်ကျင့်တရား ကောင်းအောင်ထား၊
မှတ်သား မင်္ဂလာ မည်ပါတယ်။

''မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ''

မွေ့ဖျူးဟာစာစောင်၊ အတွဲ(၆)-အမှတ်(၅)၊ အတွဲ(၄၄)-အမှတ်(၆)

http://www.dhammadownload.com

http://www.dhammadownload.com

ဒါနဉ္စ ဓမ္မစရိယာ စ၊ ဉာတကာနဉ္စ သင်္ဂဟော။
အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံ မင်္ဂလ မုတ္တမံ။

ဘောဒေဝပုတ္တ- အို နတ်သား၊ **ဒါနဉ္စ**- အလှူပေးရခြင်းသည်လည်းကောင်း၊ **ဓမ္မစရိယာစ**- မြတ်သောအကျင့်တို့ကို ကျင့်ရခြင်းသည်လည်းကောင်း၊ **ဉာတကာနံ**- အဆွေမျိုးတို့ကို၊ **သင်္ဂဟောစ**- သင်္ဂြိုဟ်ထောက်ပံ့ရခြင်းသည်လည်းကောင်း၊ **အနဝဇ္ဇာနိ**- အပြစ်မရှိကုန်သော၊ **ကမ္မာနိ**- အမှုတို့ကို ပြုရခြင်းသည်လည်းကောင်း၊ **အတ္ထိ**- ရှိ၏၊ **ဧတံ**- ဤလေးပါးသော တရားသည်လျှင်၊ **ဥတ္တမံ**- မြတ်စွာသော၊ **မင်္ဂလံ**- မင်္ဂလာမည်၏ဟူ၍၊ **တွံ**- သင်နတ်သားသည်၊ **ဂဏှာဟိ**- မှတ်လေလော့။

ကဲ- မင်္ဂလာ ပါဠိဂါထာလေးတစ်ပုဒ်တော့ စေ့သွားပြန်ပြီကွယ့်၊ ဒီပါဠိဂါထာ(ဂါထာ)လေးနဲ့ပါဆိုရင် မင်္ဂလာပါဠိဂါထာ ငါးပုဒ် ပြီးသွားပြီ၊ မင်္ဂလာအရေအတွက်နဲ့ကတော့ ၁၇-ပါး ရှိသွားပြီပေါ့ကွယ်၊ ဒီ ပါဠိဂါထာနဲ့ အနက်ကလေးများကိုလည်း ဂရုတစိုက် ကျက်မှတ်ထားစေလိုတယ်ကွယ့်၊ ဒါမှလည်း မင်္ဂလာတရားများကို ကာယကံမြောက် လက်တွေ့ကျင့်သုံးရာမှာ ပိုပြီး လေးနက်ပါတယ်၊ ဆရာတို့ရဲ့ သင်တန်းကို တစေ့တစောင်း လေ့လာနေတဲ့ ဆရာမိတ်ဆွေတစ်ယောက်က ဝေဖန်ဖူးတယ်၊ ဘယ်လိုလဲဆိုတော့ ''ခင်ဗျားပြောတဲ့ မင်္ဂလာသဘောတွေကဖြင့် ထိလည်းထိ မိလည်းမိ၊ ခေတ်လည်း မီပါရဲ့ဗျာ၊ ဒါပေမယ့် မင်္ဂလာပါဠိများကို အနက်ပြန်ရာမှာ ခေတ်မီအောင် မပြန်ဘဲ ရှေး

http://www.dhammadownload.com

စာအုပ်ကြီးအတိုင်းပြန်တာ ကြားရတော့တယ် မနိပ်ဘူးဗျို့''တဲ့၊ သူက ဒီလို ဝေဖန်တယ်ကွယ့်။

ဒီကိစ္စအတွက် ဆရာ့မှာ ရည်ရွယ်ချက် ရှိပါတယ်၊ ရှေးဟောင်းစာပေများကို လေ့လာ မှတ်သားရာမှာ မူရင်း ဝေါဟာရတွေဟာ ခေတ်အမြင်မှာ ရိုးနေတတ်ပါတယ်၊ ဒီလို ဝေါဟာရရိုးတွေကို သူ့အရိုးခံအတိုင်း အနက် အဓိပ္ပာယ် မဖွင့်တော့ဘဲ မူရင်း အဓိပ္ပာယ်လည်း မပျက်၊ ခေတ်နဲ့လည်းလျော်တဲ့ ဝေါဟာရသစ်များနဲ့ အဓိပ္ပာယ် ဖွင့်သင့်ကြောင်းကို ခိုင်မြဲစွာ ယုံကြည်ပါတယ်၊ ဒါကြောင့် မင်္ဂလာတစ်ပါးပါးကို အနက်အဓိပ္ပာယ် ဖွင့်ရာမှာ ခေတ်သစ် ဝေါဟာရများနဲ့ သုံးသပ်ပြီး မူရင်း ပါဠိကို အနက်ပြန်ရာမှာတော့ ရှေးဝေါဟာရ အတိုင်း ရေးသားပို့ချခြင်းဟာ ခေတ်ဟောင်း ဝေါဟာရကို ခေတ်သစ်ဝေါဟာရ များနဲ့ ဘယ်လို အဓိပ္ပာယ် ဖွင့်သင့်တယ်ဆိုတဲ့ အဖြေကို ပြောပြလိုတဲ့အတွက် ပါပဲ၊ ပြီးတော့လည်း ဘ၀ အခြေအနေ မပေးရှာလို့ နုံချာကြတဲ့ အဝတ် ညစ်မည်း နုပ်တွဲလဲနဲ့ ဘုန်းကြီး ကျောင်းသားလေးများ စာအံတဲ့အခါ ကုန်းကုန်း အော်နေတဲ့ 'ဘောဒေဝပုတ္တ– အို နတ်သား'ဆိုတဲ့ စာတွေဟာ တကယ် လေ့လာကြည့်တော့ စာပေနယ်မှာ ထိပ်တန်းနေရာ ယူထားတဲ့ စာတွေပါလား ဆိုတာကိုလည်း သိစေလိုပါတယ်၊ ပြီးတော့ အသစ်အဆန်း မှန်သမျှကို မက်မောသလို အဟောင်းများကိုလည်း အကြောင်းအားလျော်စွာ အမြတ်တနိုး ထားသင့်တယ်ဆိုတာကိုလည်း လက်ခံတဲ့အတွက် မူဟောင်းအနက်များကို လေးလေးစားစား သုံးစွဲခြင်း ဖြစ်ပါတယ်။

ကဲ ‥ သင်တန်း စကြပါစို့။

http://www.dhammadownload.com

၁၇။ အနဝဇ္ဇာနိ ကမ္မာနိ

(အပြစ်မရှိသောအလုပ် လုပ်ကိုင်ရေးမင်္ဂလာ)

''မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ''

အသေဝနာစ ဗာလာနံ မင်္ဂလာကနေပြီး ဓမ္မစရိယအထိ မင်္ဂလာများဟာ ကိုယ်ရေးကြိုလျှင် သက်လုံကောင်းစေဖို့ ညွှန်ကြားထားတဲ့ 'အတ္တဟိတမင်္ဂလာ'များ ဖြစ်ပါတယ်၊ ဉာတကာနဉ္စ မင်္ဂလာကတော့ 'ပရဟိတမင်္ဂလာ' ဖြစ်ပါတယ်၊ ပရဟိတလုပ်ငန်းတွေကို ဆောင်ရွက်ရာမှာ ပေးရုံကမ်းရုံနဲ့ မလုံလောက်သေးပါဘူး၊ ခနအားလောက်နဲ့သာ ပရဟိတကို ဆောင်ရွက်နေပါက ပတ်ဝန်းကျင်က ခနရှင်လို့ မြင်ချင်မြင်နေပါလိမ့်မယ်၊ ဒါကြောင့် စွမ်းနိုင်ရင် ကာယအား၊ ဉာဏအားဖြင့်လည်း ပရဟိတလုပ်ငန်းများကို ဆောင်ရွက်သင့်ပါတယ်၊ ပြီးတော့ ဉာတကာနဉ္စ သင်္ဂဟဆိုတာက အများအားဖြင့် အိမ်တွင်းရေးကိစ္စများကိုသာ အလေးပေး ထောက်ပံ့ခြင်း ဖြစ်တဲ့အတွက် အများနဲ့ သက်ဆိုင်တဲ့ ရပ်ရေးရွာရေး သာရေးနာရေး စတဲ့ ကိစ္စတွေ ကျန်နေပါသေးတယ်၊ ထို ရပ်ရေး ရွာရေးစတဲ့ ကိစ္စများကိုလည်း အလေးပေး ဆောင်ရွက်စေလိုတဲ့အတွက် မင်္ဂလာတရားတော်က ''အနဝဇ္ဇာနိ ကမ္မာနိ''တဲ့၊ ဒီလို ဆက်လက် ညွှန်ကြားတော်မူပါတယ်။

မျက်မှောက်ခေတ်မှာ ပရဟိတလုပ်ငန်းဆိုတဲ့ ဝေါဟာရဟာ တော်တော်လေး တွင်ကျယ်လာတယ်ကွယ့်၊ အင်မတန်လည်း ဝမ်းသာစရာ ကောင်းပါ

http://www.dhammadownload.com

တယ်၊ ပရဟိတလုပ်ငန်းတွေ ကျယ်ဝန်းလေ တိုင်းပြည်တိုးတက်လေပါပဲ၊ ဒါပေမယ့် စစ်မှန်တဲ့ ပရဟိတသဘောများကိုတော့ နားလည်ထားသင့်တယ် ကွယ့်၊ တစ်ခါတစ်ရံ ပရဟိတယောင်ယောင် အတ္တဟိတယောင်ယောင်နဲ့ ယောင်သုံးဆယ်များကိုလည်း မကြာခဏ တွေ့ရတတ်ပါတယ်၊ ပရဟိတ လုပ်ငန်း ဆောင်ရွက်ရေးနဲ့ ပတ်သက်ပြီး ရှင်တော်မြတ်ဘုရားရဲ့ ညွှန်ကြားချက်များကို အလေးအနက် ထားသင့်ပါတယ်၊ ရှင်တော်မြတ်ဘုရားက ''**အတ္တာန မေဝ ပဌမံ**''တဲ့ကွယ်၊ အဓိပ္ပာယ်ကတော့ ရှေးဦးစွာ ကိုယ့်ကိုယ်ကို ပြည့်စုံအောင် လုပ်ပါဦးတဲ့၊ ဒီလို ညွှန်ပြတော်မူပါတယ်၊ မင်္ဂလာတရားတော်မှာလည်း ပေါင်းရေးသင်းရေး, နေရေးထိုင်ရေး, ပညာရေး, စီးပွားရေး စသည်ဖြင့် အတ္တဟိတလုပ်ငန်းများကို ရှေးဦးစွာ ညွှန်ကြားတော်မူပါတယ်၊ နောက်မှ ပရဟိတလုပ်ငန်းများကို ညွှန်ကြားတော်မူပါတယ်၊ ဒါဟာ လေးနက်တဲ့ ရည်ရွယ်ချက် ရှိပါတယ်။

အမှန်ကတော့ အတ္တဟိတနဲ့ ပြည့်စုံမှလည်း ပရဟိတကို ရှုပ်ရှုပ်ချွံချွံ ဆောင်ရွက်နိုင်ပါတယ်၊ ကိုယ်ကိုယ်တိုင် ပညာရေး စီးပွားရေး စတဲ့ အတ္တဟိတ လုပ်ငန်းတွေ မပြည့်စုံဘဲနဲ့ သူတစ်ပါးအကျိုး ဆောင်သယ်ပိုးမယ်ဆိုတာကတော့ မစားရ ဝခမန်းသာ ဖြစ်ပါတယ်၊ ဆန်မရှိဘဲနဲ့ ဆွမ်းချက်ကျွေးချင်တဲ့ လူလို ဖြစ်နေမှာပေါ့၊ မြန်မာစကားပုံမှာလည်း ''ဝ မရှိဘဲ ဝိ မလုပ်နဲ့''တဲ့၊ ဟုတ်သားပဲကွယ့်၊ ဝတောင် မရှိသေးဘဲနဲ့ လုံးကြီးတင်ဆင့်မှ ဖြစ်တဲ့ ဝိကို ဘယ်လို လုပ်ပြီးဖြစ်အောင် ဆောင်ရွက်နိုင်မလဲ။

ဒီနေရာမှာ အဓိပ္ပာယ် အကောက်မမှားဖို့လည်း အရေးကြီးတယ်ကွယ့်၊ အတ္တဟိတ– ကိုယ်ကျိုးရှိမှ၊ ပရဟိတ– သူကျိုးဆောင်ရွက်ရမယ်လို့ မဆိုလိုဘူးနော်၊ အတ္တဟိတ– ကိုယ့်အတွက် ပြည့်စုံပြီးမှ ပရဟိတ– သူ့အတွက် ဆောင်ရွက်ပါလို့သာ ဆိုလိုရင်း ဖြစ်ပါတယ်၊ အတ္တဟိ မပြည့်စုံဘဲ ပရဟိတ ဆောင်ရွက်ကြတာကို မျက်မှောက်ခေတ်မှာ တွေ့ရများပါတယ်၊ ဒါဟာ မှုမမှန်ပါဘူး၊ ဒါကြောင့် ရေရှည်ကျတော့ အတ္တဟိတ မပြည့်စုံတဲ့အတွက် ပရဟိတ အခွင့်အရေးများကို အတ္တဟိတအတွက် အသုံးပြုကြတာကို မောင်မယ်တို့ တွေ့ဖူးကြမှာပေါ့။

http://www.dhammadownload.com

အတ္တဟိတ မပြည့်စုံဘဲနဲ့ ပရဟိတ လုပ်ကြတဲ့အတွက် အမည်းကွက်တွေ ထင်နေကြရပါတယ်၊ ''ကမ္ဘာမီးလောင် သားကောင်ချနင်း၊ ကိုယ်မချိတော့ အမိသော်လည်း သားတော်ခဲ၊ ဆွမ်းရေးထက် ဝမ်းရေးခက်'' စတဲ့ စကားပုံများဟာ ရှေးဦးစွာ အတ္တဟိတ ပြည့်စုံရမယ်ဆိုတဲ့မှုကို ထောက်ကူပေးနေကြပါတယ်၊ ဒီလိုဆိုနေသဖြင့် ပရဟိတကို အားသေးအောင် ပြောနေတယ်လို့ မောင်မယ်တို့ မထင်နဲ့နော်၊ အတ္တဟိတနဲ့ ပြည့်စုံမှ ပရဟိတကို အောင်အောင်မြင်မြင် ဖြူဖြူစင်စင် ဆောင်ရွက်နိုင်ပါတယ်။

ဒါကြောင့် စစ်မှန်တဲ့ ပရဟိတလုပ်ငန်းများ အောင်မြင်ရေးအတွက် မင်္ဂလာတရားတော်မှာ အတ္တဟိတမင်္ဂလာများကို ရှေးဦးစွာ ပိုက်စိပ်တိုက် ပြောလာခြင်း ဖြစ်ပါတယ်၊ ဒီ မင်္ဂလာသဘောများကို မှတ်ည်ပြီး စစ်မှန်တဲ့ ပရဟိတလုပ်ငန်းများ ဖြစ်မြောက်ရေးအတွက် သတိပြုသင့်တဲ့ အချက်များကို ဆရာ တင်ပြနေခြင်း ဖြစ်ပါတယ်၊ မောင်မယ်တို့ ကိုယ်တိုင်လည်း စဉ်းစားဝေဖန် စိစစ်ပြီး သဘောကျမှ လက်ခံပါ၊ ပြီးတော့ ဒါဟာ ဆရာရဲ့ အတ္တနောမတိသက်သက် မဟုတ်ပါဘူး၊ ဗုဒ္ဓဝါဒသဘောအရ အတ္တဟိတ ပရဟိတ ယူဆချက်များကို အရင်းအတိုင်း ဖောက်သည်ချခြင်းမျှသာ ဖြစ်ပါတယ်၊ အတ္တဟိတ ပရဟိတသဘောတွေ အပြောကောင်းနေတာနဲ့ မူရင်း မင်္ဂလာစကားတောင် ပြတ်သွားတယ်၊ ကဲ- စကားပြန်ဆက်ကြဦးစို့။

အန ဝဇ္ဇာနိ- အပြစ်မရှိကုန်သော၊ **ကမ္မာနိ စ**- အမှုတို့ကို ပြုရခြင်းသည်လည်းကောင်းတဲ့၊ အပြစ်မရှိတဲ့ အပြစ်ကင်းတဲ့ အလုပ်တွေကိုလည်း လုပ်ရမယ်တဲ့၊ ဒီလိုလုပ်ရင် မင်္ဂလာရှိတာပဲတဲ့၊ ဒါဖြင့် အပြစ်ကင်းတဲ့ အလုပ်ဆိုတာတွေက ဘာတွေတုံးလို့ မေးစရာ ရှိပါတယ်၊ **အနဝဇ္ဇကမ္မ**- အပြစ်ကင်းတဲ့ အလုပ်ဆိုတာ လမ်းပြင်ခြင်း၊ တံတားခင်းခြင်း၊ မြက်ရှင်းခြင်း၊ ဝေယျာဝစ္စ ဆောင်ရွက်ခြင်း၊ အများနားနေဖို့ ဥယျာဉ်စိုက်ခြင်း၊ ရေတွင်းရေကန်တူးခြင်း၊ သောက်ရေအိုးစင်တည်ခြင်း စတဲ့ ရပ်ကျိုးရွာကျိုး ဆောင်ရွက်ခြင်းအလုပ်များကို အနဝဇ္ဇကမ္မ အပြစ်ကင်းတဲ့အလုပ်များလို့ ခေါ်တယ်ကွယ့်။

မောင်မယ်တို့ ခေတ်မှာ ရပ်ရွာသန့်ရှင်းရေး စတဲ့ ကိစ္စများဟာ အနဝဇ္ဇကမ္မတွေပေါ့ကွယ်၊ ဒီခေတ်မှာ ဒီမင်္ဂလာကို စုပေါင်း ဆောင်ရွက်ကြတာကို

http://www.dhammadownload.com

မကြာမကြာ တွေ့ရတဲ့အတွက် ဝမ်းမြောက်စရာပါပဲ၊ ဒါပေမယ့် သက်ဆိုင်ရာက သတိပေးတဲ့ အခါလောက်သာ ကောက်ရိုးမီးလို 'ဟုန်းခနဲ' ထတောက်ပြီး ချက်ချင်း အရှိန်သေ သေသွားတာကတော့ဖြင့် ရုပ်ဆိုးလှပါတယ်၊ ဒါကြောင့် ရပ်ရွာသန့်ရှင်းရေး စတဲ့ လုပ်ငန်းများကို အမြဲတစေ ဆောင်ရွက်သွားသင့်ကြပါတယ်၊ ရပ်ရေးရွာရေး သာရေးနာရေး စတဲ့ လူမှုဝန်ထမ်းလုပ်ငန်းများကို အနဝဇ္ဇကမ္မလို့ ခေါ်ကြောင်း အတိုချုပ် မှတ်သားကြပေါ့ကွယ်။

ဒီနေရာမှာ မင်္ဂလာကို စနစ်တကျ သုံးတတ်သူများဟာ အနာကုလကမ္မ မင်္ဂလာနဲ့ အနဝဇ္ဇကမ္မ မင်္ဂလာတို့ကို အပြန်အလှန် အသုံးချတတ်ရပါတယ်၊ အနာကုလကမ္မ– အနှောင့်အယှက် ကင်းတိုင်း, အနဝဇ္ဇကမ္မ– အပြစ် ကင်း, မကင်း၊ အနဝဇ္ဇကမ္မ– အပြစ်ကင်းတိုင်း, အနာကုလကမ္မ– အနှောင့်အယှက် ရှိ,မရှိ အပြန်အလှန် သုံးသပ်တတ်ဖို့ လိုပါတယ်။

ဥပမာ–အသည်းအသန် ဖြစ်နေတဲ့ လူမမာအိမ်နားမှာ သန့်ရှင်းရေးကိစ္စ စုပေါင်း ဆောင်ရွက်တယ် ဆိုပါစို့၊ ဒီကိစ္စမှာ သန့်ရှင်းရေးဟာ အပြစ်ကင်းပေမယ့် လူမမာအတွက် (ဆူသံ ပူသံများကြောင့်) အနှောင့်အယှက် ဖြစ်တတ်ပါတယ်၊ ဒါဟာ အနဝဇ္ဇ ကမ္မ ဖြစ်ပေမယ့် အနာကုလကမ္မ မဖြစ်ဘူးလို့ ဆိုရမှာပေါ့၊ ဒါကြောင့် ဒီ ကိစ္စမျိုးကို အခြေအနေအရ ခေတ္တ ရှောင်ရှား သင့်တယ်လို့ လက်ခံတတ်ရပါ မယ်၊ ဒီ မင်္ဂလာနှစ်ပါးကို အပြန်အလှန် သုံးသပ်ပြီးမှ သက်ဆိုင်ရာကိစ္စများကို ဆောင်ရွက်ကြမယ်ရင် အမှားကင်းပြီး အောင်မြင်ခြင်း အဝေကို ခံစားကြရပါလိမ့်မယ်။

သမ္မဇဉ္ဉတရား လေးပါးမှာ သတ္ထကသမ္ပဇဉ်နဲ့ သပ္ပါယသမ္ပဇဉ်ဆိုတာ ရှိပါတယ်၊ အကျိုး ရှိ,မရှိ ဆင်ခြင်တာကို '**သတ္ထကသမ္ပဇဉ်**'၊ သင့်,မသင့် ချင့်ချိန်တာကို '**သပ္ပါယသမ္ပဇဉ်**'လို့ ခေါ်ပါတယ်၊ အလုပ်တစ်ခု လုပ်ရာမှာ အကျိုးရှိလို့ သတ္ထကသမ္ပဇဉ်ဖြစ်ပေမယ့် သင့်,မသင့် ထပ်ဆင့်ပြီး ချင့်ချိန်တဲ့ သပ္ပါယသမ္ပဇဉ်ကို အသုံးပြုတတ်ရပါမယ်၊ ထို့အတူ သင့်လျော်လို့ သပ္ပါယ သမ္ပဇဉ် ဖြစ်ပေမယ့် အကျိုး ရှိ,မရှိဆိုတဲ့ သတ္ထကသမ္ပဇဉ်နဲ့ ထပ်ဆင့် ချိန်ထိုး ကြည့်တတ်ရပါတယ်၊ ဒါမှ ပညာရှိ သူတော်ကောင်း ပီသပါတယ်၊ ဒီ မင်္ဂလာနှစ်ပါးနဲ့ ဒီ သမ္ပဇဉ်နှစ်ပါးဟာ နီးကပ်သော သဘောတရားများ ရှိကြပါတယ်၊

http://www.dhammadownload.com

ဒါကြောင့် မောင်မယ်တို့တစ်တွေဟာ ဘယ်ကိစ္စမျိုးမှာမဆို ဒီ မင်္ဂလာနှစ်ပါးနဲ့ ဒီ သမ္မာဒိဋ္ဌိနှစ်ပါကို စနစ်တကျ အသုံးချတတ်ပြီး လူတော်လူကောင်း ပီသကြပါစေလို့ ဆရာ ဆန္ဒပြုလိုက်ပါတယ်၊ ဒီ တစ်ပတ် မင်္ဂလာသင်ခန်းစာအဖြစ် အများသိ အများကြားဖူးနေတဲ့ မဃလုလင် ဇာတ်လမ်းလေးကို ပြောပြပါမယ်၊ မဃလုလင် ဇာတ်လမ်းလေးကလည်း သေသေချာချာ ပြောမယ်ဆိုရင် တော်တော်လေး ရှည်တယ်ကွယ့်၊ ဒီမှာတော့ မင်္ဂလာသဘောလေး ပေါ်ရုံလောက်ပဲ ပြောတော့မယ်၊ ကဲ–နားထောင်။

မဃလုလင်

ဟိုရှေးရှေးတုန်းက ''မစလ''ဆိုတဲ့ ရွာကလေးတစ်ရွာ ရှိတယ်ကွယ့်၊ အဲဒီ ရွာမှာ ရပ်ရွာသန့်ရှင်းရေးအဖွဲ့တစ်ခုကို ဖွဲ့စည်းထားကြတယ်၊ အဖွဲ့ဝင်ပေါင်း ၃၃–ယောက် ရှိသတဲ့၊ အဖွဲ့ခေါင်းဆောင် နာမည်က ''ကိုမဃ''တဲ့၊ အဖွဲ့စည်းမျဉ်းကတော့ ၇–ချက် ရှိပါတယ်၊ အဖွဲ့ဝင်တိုင်းဟာ–

(၁) မိဘနှစ်ပါးကို လုပ်ကျွေးရမယ်၊
(၂) ကိုယ့်ထက်ကြီးသူများကို ရိုသေ လေးစားရမယ်၊
(၃) စကားပြောတဲ့အခါ မလိမ်မညာဘဲ မှန်မှန်ကန်ကန် ပြောရမယ်၊
(၄) ညီညွတ်ရေး ပျက်ပြားမယ့် သွေးခွဲစကားများကို ရှောင်ကြဉ်ရမယ်၊
(၅) ဆဲရေး တိုင်းထွာ ရိုင်းစိုင်းတဲ့ စကားများကို မပြောရဘဲ ပြေပြေပြစ်ပြစ် ယဉ်ယဉ်ကျေးကျေး ပြောရမယ်၊
(၆) ယောက်ျား မပီသတဲ့ သဝန်တို သဝန်ကြောင်စိတ်များကို ဖယ်ရှားရမယ်၊
(၇) တစ်ဦးအပြစ်ကို တစ်ဦးက သည်းခံ၍ ခိုက်ရန်ဒေါသ မဖြစ်ဘဲ ချစ်ချစ်ခင်ခင် လက်တွဲနေထိုင်ရမယ်။

ဒါဟာ မစလရွာ ရပ်ရွာ သန့်ရှင်းရေးအဖွဲ့ရဲ့ စည်းမျဉ်း ၇–ချက် ဖြစ်ပါတယ်၊ ဒီ စည်းမျဉ်း ၇–ချက်ကို အကဲခတ်ခြင်းဖြင့် ဒီအဖွဲ့ဝင်တွေရဲ့ ရည်ရွယ်ချက်နဲ့ စိတ်နေ သဘောထားများကို မောင်မယ်တို့ ခန့်မှန်းနိုင်ကြပါလိမ့်မယ်။

http://www.dhammadownload.com

ဒီအဖွဲ့ဝင် ၃၃–ယောက်တို့ဟာ နေ့စဉ် အချိန်တစ်ချိန်ထားပြီး လမ်းပြင်ခြင်း၊ မြက်ရှင်းခြင်း၊ တံတားပြင် တံတားဆောက်ခြင်း၊ ရေတွင်းရေကန်တူးခြင်း၊ သောက်ရေအိုးစင်များ တည်ဆောက်ခြင်း၊ ဥယျာဉ်ပန်းခြံများ စိုက်ပျိုးခြင်း၊ ခရီးသွားတို့ တည်းခိုဖို့ သာလာယံဇရပ်များ တည်ဆောက်ခြင်း၊ လယ်ရိတ်ကောက်စိုက် စတဲ့ လုပ်ငန်းတွေမှာ ဝင်ရောက် လုပ်အားပေးခြင်း၊ ရပ်ရွာသာရေး နာရေးကိစ္စများကို ဦးထမ်းပဲ့ရွက် ညီညီညွတ်ညွတ် ဆောင်ရွက်ကြခြင်း စတဲ့ လုပ်ငန်းများအပြင် စုပေါင်း ဒါနပြုခြင်း၊ စုပေါင်း သီလဆောက်တည်ခြင်း၊ စုပေါင်း မေတ္တာဘာဝနာ ပွားများခြင်းများကို ပြုလုပ်ကြသတဲ့ကွယ်၊ တယ်ခေတ်မီတဲ့ ကိုမဃတို့ လူသိုက်ပဲကွယ်၊ သူတို့တွေရဲ့ လုပ်ဆောင်ချက်များကြောင့် မစလရွာလေးဟာ အင်မတန် ညီညွတ် သွေးစည်းပြီး သာသာယာယာ ရှိလုတဲ့ ရွာသာယာလေးတစ်ရွာ ဖြစ်နေခဲ့ပါတယ်၊ ဒါကို အားလုံး သဘောတူကျေနပ်လို့ သာဓု တခေါ်ခေါ် ရှိကြပေမယ့် သူကြီးကတော့ မကျေနပ်ဘူးတဲ့ကွယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကိုမဃတို့အဖွဲ့ ပေါ်လာမှ မကောင်းတဲ့ ရာဇဝတ်မှုများ လုံးဝ ပပျောက်သွားတဲ့အတွက် သူ့အဖို့ လာဘ်စားဖို့အကွက်ပိတ်သွားလို့ပါပဲ။

ဒါကို သူကြီးက နည်းနည်းမှ မကျေနပ်ဘူး၊ တစ်နေ့တော့ ဘုရင်ထံသွားပြီး မစလရွာမှာ ကိုမဃအမှူးပြုတဲ့ သူပုန်အဖွဲ့ ပေါ်ပေါက်နေကြောင်း ကုန်းချောသတဲ့၊ ဘုရင်ကလည်း အဟုတ်မှတ်ပြီး ကိုမဃတို့အဖွဲ့သားအားလုံးကို ဖမ်းခိုင်းကာ မင်းရင်ပြင်မှာ ဆင်နဲ့ နင်းခိုင်းသတဲ့ကွယ်၊ အဲဒီအခါမှာ ခေါင်းဆောင်ကောင်း ပီသတဲ့ ကိုမဃက သူ့လူတွေကို ''ငါ့ညီတို့၊ ကုန်းတိုက်တဲ့ သူကြီး၊ သတ်ခိုင်းတဲ့ ဘုရင်၊ သတ်မယ့် ဆင်အပေါ်မှာ မေတ္တာမပျက်ကြနဲ့၊ မေတ္တာပွားကြ၊ ကိုယ့်သီလကို ဆင်ခြင်ကြ''လို့ ဩဝါဒပေးသတဲ့၊ သူတို့ရဲ့ မေတ္တာ၊ သူတို့ရဲ့သီလ၊ သူတို့ရဲ့ မှန်ကန်တဲ့ လုပ်ဆောင်ချက်များကြောင့် ဆင်ဟာ မနင်းဘဲ ကျော်လွှားသွားသတဲ့ကွယ်၊ တိုတို ပြောကြပါစို့၊ နောက်ဆုံးကျတော့ အဖြစ်မှန်ကို ဘုရင်သိပြီး ကိုမဃကို သူကြီးအသစ် ခန့်လို့ သူတို့ရဲ့ အဖွဲ့ကို ဘုရင်မင်းမြတ်ကပါ အားပေး ချီးမြှောက်ပါသတဲ့ကွယ်၊ အမှန်တရားဆိုတာ တစ်နေ့ ပေါ်ရစမြဲပါပဲ၊ ကဲ– မောင်မယ်တို့လည်း ကိုမဃတို့ရဲ့

http://www.dhammadownload.com

စည်းမျဉ်း ၇-ချက်ကို လိုက်နာပြီး ရပ်ရေး ရွာရေး စတဲ့ ပရဟိတလုပ်ငန်းတွေကို စနစ်တကျ စင်စင်ကြယ်ကြယ် ဆောင်ရွက်နိုင်မယ့် အနာဂတ် သားကောင်း သမီးကောင်း ရတနာလေးများ ဖြစ်ကြပါစေလို့ ဆန္ဒပြုရင်း ဒီတစ်ပတ် သင်တန်းကို ရပ်နားကြပါစို့။

အပြစ်ကင်းအောင် လုပ်ရမယ်

- အနဝဇ္ဇာနိ ကမ္မာနိလို့၊ မင်္ဂလာပါဠိ လာရှိတယ်။
  အများပြည်သူ ရပ်ရွာကျိုးဆို၊ အပြစ်ကင်းအောင် လုပ်ရမယ်။
- အတုယူဖွယ် မဃဇာတ်ကို၊ သေချာဖတ်လို့ မှတ်ကြကွယ်။
  မင်္ဂလာလက်တွေ့ကျင့်လို့၊ ရှေ့သို့တစ်ဆင့် တက်ရမယ်။
- မိမိအကျိုး တိုင်းပြည်ကျိုး၊ သယ်ပိုးရွက်ဆောင်ကွယ်။
  အဲဒါကြောင့် အပြစ်ကင်းငြား အလုပ်များ၊ မှတ်သား မင်္ဂလာကွယ်။

"မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ"

ဓမ္မဗျူဟာစာစောင်၊ အတွဲ (၆)-အမှတ်(၆)၊ အတွဲ(၄၄)အမှတ်(၇)

http://www.dhammadownload.com

http://www.dhammadownload.com

မောင်မယ်တို့လည်း မင်္ဂလာသဘောတွေ တော်တော်လေး ရိပ်မိကြရောပေါ့၊ ဒီ မင်္ဂလာသဘောတွေကို စာပေါ်မှာသာ မထားဘဲ လူပေါ်အရောက်ကာယကံမြောက် ကျင့်သုံးကြမယ်ဆိုရင် တစ်ဦးချင်းအနေနဲ့ရော နိုင်ငံအနေနဲ့ပါ ဘယ်လောက် အကျိုးသက်ရောက်နိုင်မယ် ဆိုတာကို မောင်မယ်တို့ ချင့်ချိန်နိုင်ပါတယ်၊ မင်္ဂလာတရားတော်ဟာ ဘယ်မူ ဘယ်ဝါဒနဲ့မှ ဆန့်ကျင်မှု မရှိတဲ့အပြင် ဘယ်ခေတ် ဘယ်အခါမှာမဆို အသုံးချတတ်မယ်ဆိုရင် ဘယ်တော့မှ မရိုးနိုင်တဲ့၊ သစ်လွင် ဆန်းသစ်နေတဲ့ မရိုးဆန်းတရားတော်ပါပဲ၊ မင်္ဂလာတရားတော်ဟာ တမလွန်အရေးထက် ပစ္စုပ္ပန်အရေးကို အရေးပေးထားတဲ့ တရားတော် ဖြစ်ပါတယ်။

မင်္ဂလာတရားတော်က (၁) ကိုယ့်အတွက် ပညာရေး၊ စီးပွားရေး တိုးတက်အောင် ကြိုးစား၊ (၂) ပြီးတော့ မိဘကို လုပ်ကျွေး၊ (၃) အိမ်ထောင်ပြုပြီးတော့ သားမယားအပေါ် တာဝန်ကျေပစေ၊ (၄) ဆွေမျိုးတွေကိုလည်း ဘေးချိတ်မထားနဲ့၊ တတ်နိုင်သလောက် စောင့်ရှောက်၊ (၅) ကိုယ့်မိ ကိုယ့်ဖ ကိုယ့်သားမယား ဆွေမျိုးကြားမှာပဲ မိန်းမောမနေနဲ့၊ ရပ်ကျိုး ရွာကျိုး တိုင်းကျိုး ပြည်ကျိုးလည်း သယ်ပိုး ဆောင်ရွက်၊ ပြီးခဲ့တဲ့ မင်္ဂလာသဘောတွေ ပြန်စစ်ကြောရင် အကျဉ်းချုပ် ဒီအဖြေကို တွေ့ရပါတယ်၊ မင်္ဂလာတရားတော်က လူ့ဘဝခရီးစဉ်ကို ခြေလှမ်းမှန်မှန် လှမ်းပြထားပါတယ်၊ ဒီလို ခြေလှမ်းမှန်မှန် လျှောက်တာကို တချို့က နှေးတယ်ထင်ပြီး ကွက်ကျော်ရိုက်ကြတယ်ကွယ့်၊ ကွက်ကျော်ရိုက်ကြတော့ ဘာဖြစ်သလဲ၊ အဖြေကတော့ လွယ်ပါတယ်၊ အလှမ်းကျယ်တော့ အလယ်လပ်တာပေါ့၊ အေး- မောင်မယ်တို့လည်း လူ့ဘဝခရီးစဉ်ကို ခြေလှမ်းစနေတဲ့သူတွေပဲ၊ အလှမ်းကျယ်ပြီး အလယ်မလပ်ကြဖို့ ဆရာအထပ်ထပ် သတိပေးပါတယ်၊ ဆရာကိုယ်တိုင်လည်း သတိထားပါမယ်၊ ကဲ- သင်တန်း စကြပါစို့။

http://www.dhammadownload.com

၁၈-၁၉။ အာရတိ ဝိရတိ ပါပါ

(မကောင်းမှုမှ ကိုယ်၊ နှုတ်၊ စိတ်ဖြင့် ရှောင်ကြဉ်ရေးမင်္ဂလာ)

''မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ''

လူတိုင်းလူတိုင်းမှာ အရေးတကြီး လိုအပ်လှတဲ့ ပေါင်းရေးသင်းရေး၊ နေရေးထိုင်ရေး၊ ကြီးပွားရေး စီးပွားရေး စတဲ့ အချက်အလက်များကို အကွက်ကျကျ ညွှန်ပြထားတာကို မောင်မယ်တို့ ကိုယ်တိုင် ဆန်းစစ်နိုင်လောက်ပါပြီ၊ ဒါကြောင့် မင်္ဂလာတရားတော်ကို ''ဘာသာရေးစာပေကြီး''ဆိုပြီး ချောင်ထိုး မထားဘဲ မင်္ဂလာသဘောတွေကို စနစ်တကျ သုတေသနလုပ်ပြီး ကာယကံ မြောက် လက်တွေ့ကျင့်သုံးဖို့ လိုအပ်ပြီလို့ တိုက်တွန်းလိုက်ပါရစေ။

''**ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေးသည် ပထမ**''၊ ဒီဆောင်ပုဒ်ကလေးကို မောင်မယ်တို့ အမြဲ မြင်တွေ့ ကြားသိနေကြပါ တယ်၊ မင်္ဂလာတရားတော်ကလည်း ဒီသဘောကို ပြောပြနေပါတယ်၊ ရပ်ရွာ အေးချမ်း သာယာစေဖို့ အပြစ်ကင်းတဲ့ စုပေါင်းလမ်းခင်းခြင်း၊ လမ်းပြင်ခြင်း၊ တံတား ဆောက်ခြင်း၊ ရေတွင်း ရေကန်တူးခြင်း၊ ပန်းဥယျာဉ် စိုက်ပျိုးခြင်း၊ သန့်ရှင်း ရေးလုပ်ခြင်း စသည်များကို ပြုရပါမယ်တဲ့၊ ဒီ လုပ်ငန်းများဟာ ရပ်ရွာ အေးချမ်း သာယာစေတဲ့ လုပ်ငန်းများ ဖြစ်ပါတယ်၊ တစ်ဖက်က အပြစ်ကင်းပြီး သန့်စင် မွန်မြတ်တဲ့ ပြုပြင်ရေးလုပ်ငန်းတွေကို ဆောင်ရွက်သလို တစ်ဖက်ကလည်း အပြစ်မကင်းတဲ့ အဖျက်လုပ်ငန်းတွေကို ရှောင်ကြဉ်ဖို့ လိုအပ်လှပါတယ်၊ အပြစ်မကင်းတဲ့ အဖျက်လုပ်ငန်းတွေကို ရှောင်ကြဉ်မှုလည်း တရားဥပဒေ

Ko U01-127-A

http://www.dhammadownload.com

စိုးမိုးနိုင်ပါတယ်၊ တစ်ဖက်က အပြစ်ကင်းတဲ့ အလုပ်တွေကို လုပ်ပြီး တစ်ဖက်က အပြစ်မကင်းတဲ့ အလုပ်တွေကို မရှောင်ကြဉ်ဘဲ ကျူးလွန်နေရင် မီးစတစ်ဖက် ရေမှုတ်တစ်ဖက်ကိန်း ဖြစ်နေပါလိမ့်မယ်၊ ဒါကြောင့် ဒီလို မဖြစ်ရအောင် မင်္ဂလာတရားတော်က ''အာရတီ ဝိရတီ ပါပါ''တဲ့၊ ဒီလို ကွင်းဆက် ညွှန်ပြ တော်မူပါတယ်။

ပါပါ– မကောင်းတဲ့ ဒုစရိုက်တွေကို၊ **အာရတီ**– စိတ်နဲ့လည်း မလုပ် ပါနဲ့၊ **ဝိရတီ**– ကိုယ်နှုတ်နဲ့လည်း မလုပ်ပါနဲ့တဲ့၊ ဒီလို မကောင်းမှု ဒုစရိုက် တွေကို ကိုယ် နှုတ် နှလုံး သုံးပါးလုံးနဲ့ ရှောင်ကြဉ်တာဟာ မင်္ဂလာပါပဲတဲ့၊ ကြီးပွား တိုးတက်ရေးပါပဲတဲ့၊ ဒီလို ဆိုပါတယ်။

ဒီနေရာမှာ ပါပါအရ ဒုစရိုက် ၁၀–ပါးကို ယူရပါတယ်၊ အာရတီက စိတ်နဲ့ ရှောင်ကြဉ်မှုကို ဆိုလိုပြီး ဝိရတီက ကိုယ်နှုတ်နဲ့ ရှောင်ကြဉ်မှုကို ဆိုလိုပါတယ်၊ ဒီလို ခွဲခြားပြီး မှတ်သားခဲ့ပါ၊ အနဝဇ္ဇာနိ ကမ္မာနိက ရပ်ရွာ အေးချမ်းသာယာရေး၊ အာရတီ ဝိရတီ ပါပါက တရားဥပဒေ စိုးမိုးရေး၊ ''**တကား မှန်စေး ညာထိမ်မပိ ထိအောင် သူမသိ**''ဆိုသလို ဖြစ်နေကြလို့ပါ၊ ဒီလို အကွက်ကျကျ ချကြည့်လိုက်ရင် မင်္ဂလာတရားတော်ရဲ့ ခေတ်ရှေ့ပြေးနေ ပုံတွေကို အံ့ဩတကြီး တွေ့ရပါလိမ့်မယ်၊ မင်္ဂလာတရားတော်ကို တစ်ပိုဒ်ချင်း ကြည့်တာထက် ဒီလို ကွင်းဆက်ကြည့်မှ အရသာ ပိုရှိတယ်ကွယ့်၊ ဆိုလိုရင်း ကိုလည်း ပိုမို ထိမိပါတယ်၊ ဒါကြောင့် မင်္ဂလာ ကွင်းဆက်ကလေးတွေကို မျက်ခြည်မပြတ် သုံးသပ်တတ်ဖို့ လိုတယ်ကွယ့်၊ အနဝဇ္ဇာနိ ကမ္မာနိ– တစ် ဖက်က အပြစ်ကင်းတဲ့ အလုပ်တွေကို လုပ်နေသလို အာရတီ ဝိရတီ ပါပါ– တစ်ဖက်ကလည်း အပြစ်မကင်းတဲ့ အလုပ်တွေကို ရှောင်ကြဉ်ရမယ်တဲ့၊ ဒါမှ စီးတဲ့ရေ ဆည်တဲ့ကန်သင်း ဆိုသလို ရှေ့သွားနောက်လိုက်ညီပြီး ရပ်ရွာမှာ အေးချမ်းသာယာလို့ ဒုစရိုက်များ ကင်းပျောက်ကာ တရားဥပဒေ စိုးမိုးနိုင်ပါ မယ်တဲ့။

ဒီနေရာမှာ မေးကွက်တစ်ခု ဝင်လာပြန်တယ်ကွယ့်၊ ဘယ်လိုလဲဆိုတော့ ပြီးခဲ့တဲ့ ဓမ္မစရိယမင်္ဂလာတုန်းက **ဓမ္မစရိယာ စ**– သုစရိုက်တရားတို့ကို ကျင့်ကြံခြင်းလို့ ဆိုခဲ့ပြီး မဟုတ်ပါလား၊ သုစရိုက်ကျင့်ရင် ဒုစရိုက်ကို ရှောင်ပြီး

http://www.dhammadownload.com

သား ဖြစ်မှာမို့ အာရတီ ဝိရတီ ပါပါ မင်္ဂလာဟာ အပို ဖြစ်မနေဘူးလားဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်၊ မေးလည်း မေးထိုက်တဲ့ မေးခွန်းဖြစ်ပါတယ်၊ မင်္ဂလာ အဋ္ဌကထာ စာအုပ်များကလည်း ဆရာ့ဆီမှာ အလွယ်တကူ မရှိလေတော့ အဋ္ဌကထာဆရာများက ဒီနေရာမှာ ဘယ်လိုဖွင့်တယ်ဆိုတာ သေသေချာချာ မသိပါဘူး၊ စာကြည့်ချိန်လည်း ဆရာ့မှာ မရှိလှပါဘူး၊ ဒါကြောင့် ရှေ့နောက် မင်္ဂလာသဘောများကို ချိန်ဆပြီး ဆရာ ဖြေပါမယ်၊ စိစစ်ပြီးမှ လက်ခံကြပေါ့ ကွယ်။

ဓမ္မစရိယမင်္ဂလာက တစ်ဦးချင်းအတွက် ပြောတာပါ၊ အာရတီ ဝိရတီ ပါပါက ရပ်ရွာနဲ့ချီပြီး အများအတွက် ပြောတာပါ၊ ဒါကြောင့် ဒီမင်္ဂလာဟာ အပို မဖြစ်ဘူးလို့ ဖြေပါရစေ၊ ပြီးတော့ မင်္ဂလာတရားတော်ဟာ အကွက်စေ့စေ့ ပြောလေ့ရှိတဲ့အတွက် ထမင်းစားပြီး ရေသောက်ပါဦးဆိုသလို သုစရိုက်ကျင့်ရင် ဒုစရိုက် ရှောင်ပြီးသားဖြစ်ပေမယ့် အကွက်စေ့စေ့ ထောင့်လုံအောင် ပိုက်စိပ် တိုက် ပြောလိုတဲ့အတွက် ဒီမင်္ဂလာကို ထပ်ဟောတယ်လို့ ယူဆပါတယ်၊ မောင်မယ်တို့လည်း ဆရာ့အဖြေကို ယုတ္တိတန်–မတန် ဝေဖန်ပြီးမှ လက်ခံကြ ပေါ့ကွယ်။

ဗဟုသုတလည်းဖြစ်အောင် ပိုလည်း ခိုင်လုံအောင် အဖြေတစ်မျိုးကို ဆရာ ပြောပြပါဦးမယ်၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ဆိုတဲ့ အပြော မှန်မှု၊ အလုပ်မှန်မှု၊ အသက်မွေးမှန်မှုများကို အဘိဓမ္မာစကားနဲ့တော့ ဝိရတီ စေတသိက်လို့ ခေါ်ပါတယ်၊ ဝိရတီဆိုတာ မကောင်းမှုတို့ကို ကိုယ်နှုတ်တို့ဖြင့် ရှောင်ကြဉ်ခြင်းလို့ အဓိပ္ပာယ်ရတယ်ကွယ့်၊ အဲဒီ ဝိရတီကလည်း **သမ္ပတ္တ ဝိရတီ** (ကျူးလွန်ခွင့် ကြုံပေမယ့် ကိုယ့်ဂုဏ်ကို ငဲ့ပြီး ရှောင်ကြဉ်မှု)၊ **သမာဒါန ဝိရတီ** (လေးစားအပ်တဲ့ ဆရာသမား ရဟန်းသံဃာများထံ သီလခံပြီး ရှောင် ကြဉ်မှု)၊ **သမုစ္ဆေဒ ဝိရတီ** (လောကုတ္တရာ မဂ်တရားဖြင့် အကြွင်းမဲ့ ပယ်သတ် ပြီး ရှောင်ကြဉ်မှု)လို့ သုံးမျိုး ရှိပါတယ်၊ နည်းနည်း ရှင်းပြပါဦးမယ်။

ဥပမာ– လူတစ်ယောက်ဟာ သူတစ်ပါး ပစ္စည်းကို အချောင်ရခွင့် ကြုံတယ် ဆိုပါစို့၊ ဒါပေမယ့် ငါလိုလူဟာ ဒီလို မကောင်းတဲ့အလုပ်မျိုးကို မလုပ်သင့်ဘူးလို့ သူ့ဂုဏ် သူငဲ့ပြီး အချောင်မနိုက်တော့ဘဲ ရှောင်ကြဉ်လိုက်တာ

http://www.dhammadownload.com

ကို 'သမ္ပတ္တဝိရတိ'လို့ ခေါ်ပါတယ်၊ သီလစောင့်ထားလို့ ရှောင်ကြဉ်တဲ့သဘော မျိုး မဟုတ်ပါဘူး။ သူ့ဂုဏ် သူငဲ့ပြီး ရှောင်ကြဉ်တဲ့ သဘောမျိုးမျှသာ ဖြစ်ပါ တယ်၊ သူ့ဂုဏ်ကို သူမငဲ့တဲ့ တစ်နေ့မှာ အလွယ်တကူနဲ့ မကောင်းမှုကို ကျူး လွန် နိုင်ပါတယ်၊ လူတစ်ယောက်ကတော့ သူ့ဂုဏ် သူငဲ့တဲ့သဘောလည်း ရှိတယ်၊ ရဟန်းသံဃာများရှေ့မှာ 'တပည့်တော် မကောင်းမှုကို မလုပ်ပါဘူး' လို့ ဝန်ခံချက်နဲ့ သီလလည်း စောင့်ထိန်းထားတယ်၊ အတိုချုပ်ကတော့ကွယ် သီလရှိတဲ့ လူကောင်းတစ်ယောက်ဟာ သူ့သီလကို သူ ရှိသေတဲ့အတွက် မကောင်းမှုကို မပြုဘဲ ရှောင်ကြဉ်တယ်၊ အဲဒါဟာ 'သမာဒါန ဝိရတိ'ပါပဲ၊ သမုစ္ဆေဒဝိရတီကတော့ မောင်မယ်တို့ နားနည်းနည်း ဝေးနေမှာစိုးလို့ မပြော တော့ပါဘူး။ ဒီမှာလည်း သိပ်မလိုအပ်လှသေးပါဘူး၊ ကဲ– အဖြေ ပြောတော့ မယ်။

ဓမ္မစရိယမင်္ဂလာက သုစရိုက်ကို ကျင့်ပေမယ့် ဒုစရိုက်ကို ရှောင်ကြဉ် ပါမယ်လို့ ဝန်ခံချက် အတိအကျ မပါတဲ့အတွက် သမ္ပတ္တဝိရတီအဆင့်မှာပဲ ရှိပါတယ်၊ အာရတီ ဝိရတီ ပါပါကတော့ ဝန်ခံချက်ပါတဲ့ သမာဒါနဝိရတီအဆင့် မှာ ရှိပါတယ်၊ ဒီလို အဆင့်ကွဲတဲ့အတွက် ဒီမင်္ဂလာကို ထပ်ဟောရတယ်လို့ ယူဆနိုင်ပါတယ်၊ ဒါတွေကတော့ မင်္ဂလာဉာဏ် ကျက်စားမှုသဘောပါ၊ လက်တွေ့ ကျင့်စဉ်မှာတော့ ဒီလောက် နိုက်နိုက်ချွတ်ချွတ် မလိုပါဘူးကွယ်၊ ဒုစရိုက်ကို ရှောင်ပြီး သုစရိုက်ကို ကျင့်ရင် ကိစ္စပြီးတာပါပဲ၊ ဒုစရိုက် ၁၀–ပါး၊ သုစရိုက် ၁၀–ပါး သဘောတရားများကို ဓမ္မစရိယမင်္ဂလာတုန်းက အကျယ်ပြောခဲ့ပြီးပြီမို့ ထပ်ပြောဖို့ မလိုအပ်တော့ပါဘူး။ ဒီမင်္ဂလာရဲ့ အကျဉ်းချုပ်သဘောကတော့ မကောင်းမှုမှန်သမျှကို စိတ်နဲ့လည်း မကြံစည် မစဉ်းစားပါနဲ့၊ ကိုယ်နဲ့လည်း မလုပ်ပါနဲ့၊ နှုတ်နဲ့လည်း မပြောပါနဲ့လို့ ဆိုလိုရင်းပါပဲ၊ ဒီလို မကောင်းမှု ဒုစရိုက်တွေ ကင်းကွာနေရင် တရားဥပဒေ စိုးမိုးတယ်လို့ ဆိုရပါတယ်၊ ဒါ့ ကြောင့် အနဝဇ္ဇာနိ ကမ္မာနိ– ရပ်ရွာ အေးချမ်း သာယာအောင်လည်း ဆောင် ရွက်ကြပါ၊ အာရတီ ဝိရတီ ပါပါ– တရားဥပဒေ စိုးမိုးအောင်လည်း ဒုစရိုက်မှု တွေကို ရှောင်ရှားကြပါတဲ့၊ ကဲ– ဒါလောက်ဆိုရင် ဒီမင်္ဂလာအတွက် လုံ လောက်ရောပေါ့၊ ဒီတစ်ပတ် မင်္ဂလာသင်ခန်းစာအဖြစ် ဒွါဒသကနိပါတ်၊

http://www.dhammadownload.com

ဇနသန္ဓဇာတ်ကို ပြောပြပါမယ်၊ ဇာတ်လမ်းကတော့ သိပ်မရှိပါဘူး၊ ဒါပေမယ့် စကားလေးတွေက တန်ဖိုးရှိလှပါတယ်၊ ကဲ–နားထောင်။

ဇနသန္ဓဇာတ်တော်

ဟိုရှေးရှေးတုန်းက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း တိုင်းပြည်အုပ်ချုပ်မင်းလုပ်တဲ့အခါ ဘုရားအလောင်းတော်မြတ်ဟာ ဗြဟ္မဒတ်မင်းရဲ့ သားတော်ဖြစ်ခဲ့ပါတယ်၊ နာမည်က '**ဇနသန္ဓ**'တဲ့၊ ဇနသန္ဓမင်းသားဟာ တက္ကသိုလ်ပြည်မှာ အဋ္ဌာရသ သိပ္ပပညာများကို ပြည့်စုံ လုံလောက်အောင် သင်ကြားပြီး ပြည်တော်ပြန်တဲ့အခါ အိမ်ရှေ့ရာထူးကို ရတယ်ကွယ့်၊ နောက်မကြာမီမှာဘဲ ခမည်းတော် နတ်ရွာစံတဲ့အတွက် ဘုရင်ဖြစ်လာပါတယ်၊ ဇနသန္ဓမင်းကြီးဟာ အလှူမဏ္ဍပ်ကြီး ခြောက်ခုထိုးပြီး နေ့စဉ်နေ့တိုင်း အသပြာခြောက်သိန်းကို ပေးလှူသတဲ့ကွယ်၊ ကိုယ်တိုင်လည်း မကောင်းမှုဒုစရိုက်များကို ကိုယ်နှုတ်နှလုံး သုံးပါးနဲ့ ရှောင်ကြဉ်ပြီး တိုင်းသူပြည်သားများကိုလည်း ရှောင်ကြဉ်စေသတဲ့၊ အာရတိ ဝိရတိ ပါပါမင်္ဂလာကို တစ်တိုင်းပြည်လုံး ကြိုးစား ထိန်းသိမ်းကြသတဲ့၊ ဇနသန္ဓမင်းကြီးဟာ ၁၅–ရက်တစ်ကြိမ် တိုင်းသူပြည်သားများအား တရားဟောပါတယ်၊ အဲဒီ တရားဟာ အလွန်တရာ မှတ်သားထိုက်လို့ ပြည့်ပြည့်စုံစုံပဲ ပြောပြပါမယ်။

၁။ ရသင့်ရထိုက်သော ပစ္စည်းဥစ္စာကို မရသည်ရှိသော် စိုးရိမ် ပူပန်ရ၏၊ ငါသည် ငယ်ရွယ်စဉ်အခါ ပစ္စည်းဥစ္စာကို မဆည်းပူး မစုဆောင်းမိဟု အိုမင်းသောအခါ စိုးရိမ် ပူပန်ရ၏။

၂။ အတတ်ပညာ မရှိသူအား အသက်မွေးရခြင်းသည် ဆင်းရဲ ငြိုငြင်လှ၏၊ ငါသည် ငယ်ရွယ်စဉ်အခါ၌ အတတ်ပညာကို မသင်ကြားမိခဲ့ပေဟု အိုမင်းသောအခါ စိုးရိမ် ပူပန်ရ၏။

၃။ ငါသည် ငယ်ရွယ်စဉ်အခါ၌ ကောက်ကျစ်စဉ်းလဲသော အမှုကို ပြုခဲ့မိ၏၊ သူတစ်ပါး ကျောကုန်းသားကို စားသကဲ့သို့ ချောပစ် ကုန်းတိုက်သော စကားကို ဆိုခဲ့မိ၏၊ ကြမ်းကြုတ်သော စကားကို ဆိုခဲ့မိ၏ဟု အိုမင်းသောအခါ စိုးရိမ် ပူပန်ရ၏။

http://www.dhammadownload.com

၄။ ငါသည် ငယ်ရွယ်စဉ်အခါ သူ့အသက်ကို သတ်မိ၏၊ ရက်စက် ကြမ်းကြုတ်ခဲ့မိ၏၊ ယုတ်မာခဲ့၏၊ သတ္တဝါတို့၌ သနားခြင်းကို မပြုခဲ့မိဟု အိုမင်းသောအခါ စိုးရိမ် ပူပန်ရ၏။

၅။ ငါသည် ငယ်ရွယ်စဉ်အခါက သူတစ်ပါးတို့ မသိမ်းဆည်းအပ်သော မိန်းမများ ရှိပါလျက် သူတစ်ပါးမယားကို မှီဝဲ ကျူးလွန်မိ၏ဟု အိုမင်းသောအခါ စိုးရိမ် ပူပန်ရ၏။

၆။ ငါသည် ငယ်ရွယ်စဉ်အခါ ထမင်းအဖျော် ဥစ္စာစီးပွားများ ရှိပါလျက် အလှူဒါနကို မလှူဒါန်းမိခဲ့ဟု အိုမင်းသောအခါ စိုးရိမ် ပူပန်ရ၏။

၇။ ငါသည် ငယ်ရွယ်စဉ်အခါ ဥစ္စာအား၊ ကိုယ်အား စွမ်းနိုင်ပါလျက် အိုမင်းသော အမိအဖတို့ကို မကျွေးမွေးမိခဲ့ဟု အိုမင်းသောအခါ စိုးရိမ် ပူပန်ရ၏။

၈။ ငါသည် လက်ဦးဆရာဖြစ်၍ ပဲ့ပြင် ဆုံးမလျက် အလုံးစုံသော ဝတ္ထုကာမ အရသာကို ဆောင်၍ ကျွေးမွေးပေးသော အဖကို မထီမဲ့မြင် ပြုခဲ့မိ၏ဟု အိုမင်းသောအခါ စိုးရိမ်ပူပန်ရ၏။

၉။ ငါသည် ရှေးအခါက သီလရှိ၍ ဗဟုသုတများသော ရဟန်းပုဏ္ဏားတို့ကို မဆည်းကပ်မိခဲ့ဟု အိုမင်းသောအခါ စိုးရိမ် ပူပန်ရ၏။

၁၀။ ငါသည် ရှေးအခါ ငြိမ်သက် ဆည်းကပ်အပ်သော မြိုးခြံသောအကျင့် ရှိပါလျက် မကျင့်မိခဲ့ဟု အိုမင်းသောအခါ စိုးရိမ် ပူပန်ရ၏။

အဲဒါဟာ ဇနသန္ဓမင်းကြီးရဲ့ နောင်မှ နောင်တမရဖို့ ကြိုတင် ဆောင်ရွက်ဖို့ သတိပေးချက် ၁၀–ချက်ဖြစ်ပါတယ်၊ ဇနသန္ဓမင်းကြီးဟာ တရားနဲ့အညီ မင်းလုပ်ပြီး တိုင်းသူပြည်သားများကလည်း အာရတီ ဝိရတီ ပါပါ မင်္ဂလာကို စောင့်ထိန်းကြတဲ့အတွက် ဗာရာဏသီပြည်ဟာ အလွန် အေးချမ်း သာယာပြီး ဒုစရိုက်မှုများ ပပျောက်နေပါသတဲ့ကွယ်၊ ကဲ မောင်မယ်တို့လည်း နောင်မှ နောင်တ မရ,ရအောင် ဇနသန္ဓမင်းကြီးရဲ့ဩဝါဒကို ခံယူနိုင်ကြပါစေလို့ ဆရာ ဆန္ဒပြုရင်း ဒီတစ်ပတ် သင်တန်းကို ရပ်နားကြပါစို့။

http://www.dhammadownload.com

ဒုစရိုက်တွေ ရှောင်ရမယ်

♙ အာရတိ ဝိရတိပါပါ မင်္ဂလာဖြစ်ဖို့၊
သေချာစိစစ် ညွှန်ပြမယ်။
မကောင်းမှုတွေ ဟူသမျှကို၊
ကိုယ်,နှုတ်,စိတ်နဲ့ ရှောင်ကြကွယ်။

♙ ဇနသန္ဓာ ဇာတ်လာတရားက၊
လိုက်နာကျင့်ပွား တုယူဖွယ်။
မင်္ဂလာကို လက်တွေ့ကျင့်လို့၊
ရှေ့သို့တစ်ဆင့် တက်ရမယ်။

♙ မိမိအကျိုး တိုင်းပြည်ကျိုး၊
သယ်ပိုးရွက်ဆောင်ကွယ်။
အဲဒါကြောင့် ဒုစရိုက်များ ရှောင်ကာရှား၊
မှတ်သား မင်္ဂလာကွယ်။

"မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ"

မွေ့ဖျူးဟာစာစောင်၊ အတွဲ (၆)–အမှတ်(၇)၊ အတွဲ(၄၄)အမှတ်(၈)



http://www.dhammadownload.com



http://www.dhammadownload.com

၂၀။ မဇ္ဇပါနာ စ သံယမော

(မူးယစ်ဆေးဝါး သောက်စားခြင်းမှ စောင့်စည်းရေးမင်္ဂလာ)

ကဲ ‥ သင်တန်း စကြပါစို့။

''မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ''

ရပ်ရွာ အေးချမ်းသာယာရေးနဲ့ တရားဥပဒေ စိုးမိုးရေးသည် မူလပထမ၊ အနဝဇ္ဇာနိ ကမ္မာနိက ရပ်ရွာအေးချမ်း သာယာရေး၊ အာရတီ ဝိရတီ ပါပါက တရားဥပဒေ စိုးမိုးရေး၊ မကောင်းမှုကို မပြုကြဘဲ ဥပဒေကို လေးစားကြရင် တရားဥပဒေ စိုးမိုးနိုင်ပါတယ်၊ ရပ်ရွာ ပြုပြင်ရေးတွေကို တက်ညီလက်ညီ ဆောင်ရွက်ကြရင် ရပ်ရွာအေးချမ်း သာယာပါတယ်၊ ဒါနဲ့ လုံလောက်ရောလား တဲ့၊ မှန်ကန်တဲ့ အတွေးအခေါ် ရှိတဲ့သူများအတွက် ဒါလောက်ဆိုရင် လုံလောက်တယ်လို့ ဆိုနိုင်ပါတယ်၊ ဒါပေမယ့် အသိခေါက်ခက် အဝင်နက်နေသူတွေ၊ တစ်ယူသန်သမားတွေ၊ စကားတတ်လို့ စကားကပ်ပြောသူတွေအတွက် ဆိုရင် မလုံလောက်သေးပါဘူး၊ ပြီးတော့ အာရတီ ဝိရတီ ပါပါ– မကောင်းမှုကိုတော့ ရှောင်ကြဉ်နိုင်းပြီး အဲဒီ မကောင်းမှုတွေ၊ တရားဥပဒေ ဖောက်ဖျက်မှုတွေ၊ ရပ်ရွာ ဆူပူရေးတွေ၊ နှောင့်ယှက်ရေးတွေကို အများဆုံး အားပေးအားမြှောက် ပြုတတ်တဲ့ တရားခံကို ချန်ထားရင် မင်္ဂလာဟာ မပြည့်မစုံ ဖြစ်သွားနိုင်ပါတယ်၊ ဒါကြောင့် ရပ်ရွာ အေးချမ်းရေးနဲ့ တရားဥပဒေ စိုးမိုးရေးတွေကို အများဆုံး နှောင့်ယှက် ဖျက်ဆီးတတ်တဲ့ ဒုစရိုက် သရဖူကြီးကို သတိရှိကြဖို့ အတွက် ''**မဇ္ဇပါနာ စ သံယမော**''တဲ့၊ ဒီလို ကွင်းဆက်ကို ညွှန်ပြပါတယ်၊ **မဇ္ဇပါနာ**– သေရည်သေရက်ကို သောက်ခြင်းမှ၊ **သံယမော**– စောင့်စည်းကြပါတဲ့၊ အရက်မသောက်ကြပါနဲ့လို့ ဆိုလိုပါတယ်။

http://www.dhammadownload.com

ဒီမင်္ဂလာနဲ့ ပတ်သက်ပြီး ဆွေးနွေးစရာလေးတွေ တော်တော် ရှိတယ် ကွယ့်၊ နောက်တုန်းကလည်း ဒီမင်္ဂလာရောက်ရင် အရက်ပြဿနာကို ဆွေးနွေး ပါ့မယ်လို့ ဆရာ ကတိခံထားခဲ့ဖူးပါတယ်၊ ဆွေးနွေးရုံ ဆွေးနွေးမှာပါ။ တချို့က ဆွေးနွေးတယ်၊ ဆွေးနွေးတယ်ဆိုပြီး အကြောက်အကန် ငြင်းချက်တွေ ထုတ်ပြီး တစ်ယောက်နဲ့တစ်ယောက် ပုတ်ခတ်ကြပါတယ်၊ ဆွေးနွေးတယ်ဆိုတာက ပြဿနာတစ်ခုအပေါ် သူ့အမြင် ကိုယ့်အမြင် အမြင်ဖလှယ်ခြင်း ဖြစ်ပါတယ်၊ ကံမမီ ကံချင်းဆက်၊ ဉာဏ်မမီ ဉာဏ်ချင်းဆက် ဆိုတဲ့ စကားမှာ ဆွေးနွေး တယ်ဆိုတာ ဉာဏ်ချင်း ဆက်တယ်၊ အသိချင်း ဖလှယ်တယ်၊ အမြင်ချင်း နှီးနှောတယ်လို့ ဆိုလိုပါတယ်၊ ဒါမှလည်း ပြဿနာတစ်ခုဟာ အလွယ်တကူနဲ့ ပြေလည်နိုင်ပါတယ်၊ ဒီ အရက်ပြဿနာဟာ မျက်မှောက်ခေတ် ဘာသာရေး နယ်ပယ်မှာ မအီမလည် မကျေမလည်ဖြစ်ပြီး ခံယူချက်တွေ ကွဲလွဲနေပါတယ်၊ အရက်နဲ့ ပတ်သက်ပြီး တချို့က ဒီလို ပြောကြပါတယ်။

(၁) ဒုစရိုက်တရား ၁၀–ပါးထဲမှာ အရက်မပါတဲ့အတွက် အရက် သောက်ကောင်းတယ်၊

(၂) အရက်ဟာ များများသောက်ရင်သာ အပြစ်ဖြစ်တယ်၊ နည်း နည်းသောက်ရင် အပြစ်မဖြစ်ဘူး၊

(၃) အရက်ကို သတိလေးနဲ့ ယှဉ်သောက်ပြီး ငြိမ်ငြိမ်လေး နေရင် ဘာမှမဖြစ်ဘူး။

ဒီစကား သုံးချက်အနက် ပထမစကားဟာ ဗုဒ္ဓဘာသာ တရားတော်နဲ့ ပတ်သက်နေတဲ့အတွက် ဆွေးနွေးဖို့ ပိုပြီး တာဝန်ရှိနေပါတယ်၊ ဒီအချက်တွေကို ဆွေးနွေးဖို့အတွက် ဒီနေရာမှာ ဆရာက မေးခွန်းထုတ်လိုပါတယ်။

(၁) ဒုစရိုက်ဆိုတာ ဘာကို ဆိုလိုတာလဲ၊

(၂) မြတ်စွာ ဘုရားရှင်ဟာ ၄၅–ဝါ ကာလပတ်လုံး ဒီဒုစရိုက်တရား ၁၀–ပါးကိုသာ ဟောခဲ့သလား၊

(၃) စာပေကို ခံယူ သုံးသပ်တဲ့နေရာမှာ ကိုယ်လိုချင်တာလေးတစ်ခု ကိုသာ ဝကွက် ယူစတမ်းလား၊

http://www.dhammadownload.com

ကဲ ဒီမေးခွန်း သုံးခုကို မူတည်ပြီး **ဒုစရိုက်တရား ၁၀–ပါးထဲမှာ အရက်မပါတဲ့အတွက် အရက်ကို သောက်ကောင်းတယ်ဆိုတဲ့ ပထမပြဿနာ** ကို ဆွေးနွေးကြရအောင်နော်၊ ဒုစရိုက်ဆိုတာ မကောင်းတဲ့အကျင့်၊ မကောင်းတဲ့ အလေ့အထလို့ ဆိုလိုပါတယ်၊ မကောင်းတဲ့ အပြုအမူ မှန်သမျှကို ဒုစရိုက်လို့ ခေါ်ပါတယ်၊ ဒါကြောင့် ဒုစရိုက်ဟာ ၁၀–ပါး မကပါဘူး၊ မကောင်းမှု အားလုံးကို ဒုစရိုက်လို့ ခေါ်ပါတယ်။

ဒီလိုဆိုရင် အရက်သောက်တာဟာ ကောင်းသလား၊ မကောင်းသလား လို့ ဆန်းစစ်ကြည့်ရင် ဘာသာတရားအားလုံးက မကောင်းဘူးလို့ တညီတညွတ်တည်း ပြောကြပါတယ်၊ ရာခိုင်နှုန်း များစွာသော ကမ္ဘာ့လူသားတို့က လည်း မကောင်းဘူးလို့ တစ်သွေးတစ်သံတည်း ခံယူကြပါတယ်၊ ကမ္ဘာ့ဆေး ပညာရှင်အားလုံးကလည်း မကောင်းဘူးလို့ ဆိုကြပါတယ်၊ ဒါဖြင့်ရင် အရက်သောက်တာဟာ မကောင်းတဲ့အကျင့်ပေါ့၊ မကောင်းတဲ့ အကျင့်ဆိုရင် ဒုစရိုက်ပေါ့၊ အရက်သောက်တာ ဒုစရိုက်ဆိုရင် ဒုစရိုက် ၁၀–ပါးထဲမှာ ဘာဖြစ်လို့ မထည့်ခဲ့သလဲလို့ မေးခွင့်ရှိပါတယ်။

ပိဋကတ်တော်ကို စေ့စေ့စပ်စပ် သုံးသပ်ကြည့်ရင် အချို့နေရာမှာ အရေအတွက် သင်္ချာတပ်ပြီး ဟောပါတယ်၊ အချို့နေရာမှာ အရေအတွက် သင်္ချာ မတပ်ဘဲ ဟောပါတယ်၊ အရေအတွက် သင်္ချာ တပ်တဲ့နေရာမှာ အစုလိုက် အစုလိုက်စဉ်ပြီး ဟောတတ်ပါတယ်၊ ဧက, ဒုက, တိက, စတုက္က (တစ်စု, နှစ်စု, သုံးစု, လေးစု)စသည်ဖြင့် အရေအတွက်တူတဲ့ တရားများကို အုပ်စုလိုက် စဉ်ပြီး ဟောပါတယ်၊ ယတိပြတ် ယူလို့ မရပါဘူး၊ အဲဒီလို အစုလိုက် ဟောတဲ့နေရာမှာ တစ်ခါတစ်ရံ လိုနေရင် ဖြည့်ပြီး ဟောပါတယ်၊ ပိုနေရင် ဖြုတ်ပြီး ဟောပါတယ်။

ဥပမာ– နဝကဆိုတဲ့ ၉–မျိုး၊ ၉–မျိုးချည်းဟောတဲ့ တရားအုပ်စုမှာ မဂ္ဂင် ၉–မျိုး၊ ၁၂–မျိုးအုပ်စုမှာ မဂ္ဂင် ၁၂–မျိုး၊ ၈–မျိုးအုပ်စုမှာ မဂ္ဂင် ၈–မျိုး စသည်ဖြင့် ဒီလို ဟောပါတယ်၊ အများ ဥဒ်ထားကြတဲ့ ဗိုလ် ၅–ပါးကို ၇–ပါး ဟောထားတာလည်း ရှိပါတယ်၊ တစ်ခါတလေ ၄–ပါးနဲ့ အဆုံးသတ်ထားတာ လည်း ရှိပါတယ်၊ သုတ်ပါထေယျ ပါဠိတော်နဲ့ အင်္ဂုတ္တိုရ်ပါဠိတော်တို့ကို ကြည့်

http://www.dhammadownload.com

ရင် ဒီသဘောတွေကို တွေ့ရပါလိမ့်မယ်၊ အနီးကပ်ဆုံး ဥပမာပေးရရင် ည ၈–နာရီ ရေဒီယိုသတင်း လာခါနီးမှာ မိနစ်များများ လိုနေရင် တီးလုံးကို ရှည်ရှည်ဆွဲပြီး နာရီကိုက်အောင် ဖွင့်ပါတယ်၊ မိနစ်နည်းနေရင် တီးလုံးတိုတိုနဲ့ နာရီကိုက်အောင် ဖွင့်ပါတယ်။

ဒီသဘောအတိုင်းပါပဲ၊ အုပ်စုလိုက် ဟောတဲ့အခါမှာ သူ့အုပ်စုလိုက် လျှော့နေရင် ဖြည့်ဟောပါတယ်၊ ပိုနေရင် လျှော့ဟောပါတယ်၊ ဒါကြောင့် သချာ တပ်ပြီး ဟောတဲ့တရားများကို သူ့သချာအတိုင်း ယတိပြတ် မှုသေယူလို့ မရ ပါဘူး။ ဒုစရိုက်–သုစရိုက်တရားများဟာ ဒသကဆိုတဲ့ ၁၀–ပါးတစ်စု ၁၀–ပါး တစ်စု ဟောတဲ့ တစ်ဆယ်အုပ်စုမှာ ပါတဲ့အတွက် ၁၀–ပါးနဲ့ အဆုံးသတ် ထားခြင်း ဖြစ်ပါတယ်၊ ဒုစရိုက်ဟာ ၁၀–ပါးတည်း ရှိလို့ ၁၀–ပါးနဲ့ အဆုံး သတ်ထားခြင်း မဟုတ်ပါဘူး။

ဒါဖြင့်လျှင် ဒုစရိုက် ၁၀–ပါးထဲက တစ်ခုခုကို ဖြုတ်ပြီး အရက်ကို ထည့်ဟောပါလားလို့ ကပ်နိုင်ပါသေးတယ်၊ ဒါလည်း မဖြစ်နိုင်ဘူးကွယ့်၊ ဘာဖြစ်လို့လဲဆိုတော့ ဒုစရိုက် ၁၀–ပါးမှာ ကာယဒုစရိုက် ၃–ပါး၊ ဝစီဒုစရိုက် ၄–ပါး၊ မနောဒုစရိုက် ၃–ပါးရယ်လို့ ဒွါရသုံးပါးနဲ့ ဟပ်ပြီး ၁၀–မျိုး ခွဲထား ပါတယ်၊ တစ်ခုခုကို လျှော့လိုက်ရင် အဓိပ္ပာယ် ပျက်သွားပါမယ်၊ အဲဒီလို ဒွါရသုံးပါး ခွဲပြီး တစ်ကန့်စီ တစ်ကန့်စီ ပိုင်းခြားထားလို့လည်း အရက်ကို ဒုစရိုက်ထဲမှာ ထည့်သွင်းလို့ မရခြင်း ဖြစ်ပါတယ်၊ တစ်နည်း ရှင်းပြပါဦးမယ်။

အရက်သောက်နေသူတစ်ယောက်ရဲ့ ပုံသဏ္ဍာန်ကို အာရုံပြုထားပါ၊ ပထမ အရက်သောက်ချင်တဲ့စိတ် ပေါ်လာပါတယ်၊ ဒုတိယ အရက်ခွက်၊ အရက် ပုလင်း စသည်တို့ကို ကိုင်ပါတယ်၊ တတိယ ပါးစပ်ထဲ လောင်းထည့်လိုက် ပါတယ်၊ သောက်ချင်တဲ့စိတ်က (မနော)၊ လက်နဲ့ ကိုင်ဖို့ အားထုတ်တာက (ကာယ)၊ ပါးစပ်ထဲ လောင်းထည့်တာက (ဝစီ)၊ အဲဒီလို ကာယ, ဝစီ, မနော ဆိုတဲ့ ဒွါရသုံးပါးလုံး ပါမှ အရက်သောက်ခြင်းဟာ အောင်မြင်ပါတယ်၊ ဒါ ကြောင့် အရက်ဟာ ဒွါရ သုံးမျိုးလုံးနဲ့ သက်ဆိုင်နေပါတယ်၊ ဒီလို ဒွါရသုံးမျိုး လုံးနဲ့ သက်ဆိုင်နေတဲ့အရက်ကို ဒွါရ တစ်ပါးစီ တစ်ပါးစီ ခွဲခြားပြထားတဲ့ ဒုစရိုက်ထဲမှာ ဘယ်လိုနည်းနဲ့မှ ထည့်လို့ မရပါဘူး။

http://www.dhammadownload.com

တစ်နည်းပြောရရင် သူတစ်ပါးကို သတ်ချင်နေသူတစ်ယောက်ဟာ အရက်သောက်လိုက်ရင် ပိုသတ်ရဲလာပါတယ်၊ ခိုးဖို့ စိတ်ကူးနေသူဟာ အရက်သောက်လိုက်ရင် အထမြောက်အောင် ခိုးရဲလာပါတယ်၊ သူတစ်ပါး သားမယားစော်ကားဖို့ ကြံစည်နေသူဟာလည်း လက်ရဲ ဇက်ရဲ ဖြစ်လာပါတယ်၊ ကျန်တဲ့ ဝစီဒုစရိုက် ၄-ပါး၊ မနောဒုစရိုက် ၃-ပါးမှာလည်း ဒီသဘောအတိုင်းပါပဲ၊ ဒါကြောင့် အရက်ဟာ ဒုစရိုက် ၁၀-ပါးလုံးထဲမှာ (သဘာဝအားဖြင့်) ပါဝင်နေပြီးသား ဖြစ်ပါတယ်။

ဋီကာဆရာများကတော့ မှားယွင်းတဲ့ မိစ္ဆာစာရချင်း တူတဲ့အတွက် အရက်ကို ကာမေသုမိစ္ဆာကံထဲမှာ ထည့်သွင်းပါတယ်၊ ဒါကို အရက်သောက်ရင် အပြစ်မရှိဘူးလို့ ယူဆသူများက ကပ်ကပ်သပ်သပ် သွင်းပြတာဖြစ်လို့ လက်မခံဘူးလို့ ဆိုကြတဲ့အတွက် အထက်ပါ သဘာဝများကို ဆွေးနွေးခြင်း ဖြစ်ပါတယ်၊ အထက်ပါ သဘာဝများက စာပေကျမ်းဂန်များကို အခြေခံပြီး ဒုစရိုက်ထဲမှာ အရက် ပါပုံ-မပါပုံ၊ ဆရာရဲ့ တွေးခေါ် ခံယူချက်ဖြစ်ပါတယ်၊ ဆရာရဲ့ ဆွေးနွေးချက်ကို ဝေဖန်ပါ၊ သုံးသပ်ပါ၊ သဘာဝ ကျ,မကျ စိစစ်ပါ၊ အကျဉ်းချုပ်ကတော့ ၁၀-ပါး အရေအတွက်ထဲမှာ အရက်မပါပေမယ့် အရက်သောက်ခြင်းဟာ မကောင်းတဲ့အတွက် ဒုစ္စရိတဓမ္မ- ဒုစရိုက်တရားပဲဆိုတာ ပြတ်ပြတ်သားသား တင်ပြပါတယ်။

ဒါနဲ့လည်း မကျေနပ်သေးဘူးဆိုရင် "**မြတ်စွာဘုရားရှင်ဟာ ၄၅-ဝါကာလပတ်လုံး ဒီဒုစရိုက်တရား ၁၀-ပါးကိုသာ ဟောခဲ့ပါသလား**"ဆိုတဲ့ ဒုတိယမေးခွန်းနဲ့ ဆက်ဆွေးနွေးကြည့်ရအောင်၊ ဒီမေးခွန်းရဲ့အဖြေကို လူတိုင်း ဖြေတတ်ပါတယ်၊ မြတ်စွာဘုရားဟာ ဒုစရိုက် ၁၀-ပါးကိုသာ ဟောခဲ့တာ မဟုတ်ပါဘူး၊ များစွာသော တရားတို့ကို ဟောခဲ့ပါတယ်၊ အထက်ပါ အကြောင်းများကြောင့် ဒုစရိုက် ၁၀-ပါးထဲမှာ အရက်ကို မထည့်သွင်းပေမယ့် အရက်သောက်ခြင်းမှ ရှောင်ကြဉ်ဖို့ကို အကြိမ်ပေါင်းများစွာ ဟောကြားခဲ့ပါတယ်၊ အများနားလည်ကြတဲ့ ငါးပါးသီလထဲမှာ 'သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ'ဆိုတာ ပါတယ်မဟုတ်လား။

ရတနာသုံးပါး ဆည်းကပ်ကိုးကွယ်သူကို '**ဥပါသကာ**'လို့ ခေါ်ပါတယ်၊

http://www.dhammadownload.com

အဲဒီလို ရတနာသုံးပါး ဆည်းကပ် ကိုးကွယ်သူဟာ (**ယတော ခေါ မဟာနာမ ဥပါသကော ဗုဒ္ဓံ သရဏံ ဂတော ဟောတိ၊ ဓမ္မံ သရဏံ ဂတော ဟောတိ၊ သံဃံ သရဏံ ဂတော ဟောတိ၊ ဧတ္တာဝတာ ခေါ မဟာနာမ ဥပါသကော ဟောတီတိ**)လို့ ငါးပါး သီလ စောင့်ထိန်းဖို့ မြတ်စွာဘုရားက မိန့်တော်မူခဲ့ပါတယ်။

ဒါကြောင့် အရက် သောက်ရင် ဥပါသကာလို့ မခေါ်နိုင်ဘူးကွယ့်၊ ဥပါသကာဆိုတာ ရတနာသုံးပါး ဆည်းကပ်သူကို ခေါ်တာနော်၊ ပိတ်ဖြူဝတ် ကြေးစည်ထုနေသူတိုင်းကို ဥပါသကာ ခေါ်တာ မဟုတ်ဘူးနော်၊ ရတနာသုံးပါး ဆည်းကပ်ရင် ဘာဝတ်ဝတ် ဥပါသကာပဲ၊ ရတနာသုံးပါး မဆည်းကပ်ရင် ဘာဝတ်ဝတ် ဥပါသကာ မဟုတ်ဘူး၊ ဒါလည်း ဘာသာရေး ဗဟုသုတပေါ့။

စကားလက်စနဲ့မို့ ဆက်ပြောရဦးမယ်၊ သောတာပန်, သကဒါဂါမ် စတဲ့ အရိယာပုဂ္ဂိုလ်များဟာ ဘယ်တော့မှ အရက်မသောက်တော့ဘူးလို့ မြတ်စွာ ဘုရားက အကြိမ်ကြိမ် ဟောပါတယ်၊ တချို့က ကိုယ့်ဘာသာကိုယ်တော့ အနတ္တ ပေါက်ပြီ (အရိယာဖြစ်ပြီ)လို့ အထင်ကြီးနေကြတယ်၊ ဒါပေမယ့် တစ်ဖက်က အရက်ကိုလည်း မဖြတ်သေးဘူး၊ ဒီတော့ သူက ဆုံးဖြတ်ချက် ချတယ်၊ ဘယ်လိုလဲဆိုတော့ "အင်း– ငါကလည်း အရိယာဖြစ်နေပြီ၊ အရက်လည်း သောက်တုန်းပဲ၊ ဒီတော့ အရိယာဖြစ်ရင် အရက်မသောက်ဘူးဆိုတာ မဟုတ် ဘူး၊ အရိယာဖြစ်လည်း အရက်သောက်သေးတာပဲ"လို့ ကောက်ချက်ချတယ်၊ ထပ်ပြီးတော့ ဆိုသေးတယ်၊ လက်တွေ့မို့ စာတွေ့ထက် တိကျတယ်တဲ့၊ သိပ္ပံ နည်းလည်း ကျတယ်တဲ့၊ အဲဒီလို မျက်မှောက်ခေတ် ဘာသာရေး နယ်ပယ်မှာ ဘာသာရေး အစာမကျေမှု၊ အီလည်လည် ဖြစ်နေမှုတွေ တော်တော်များတယ် ကွယ့်၊ အရက်သောက်နေသမျှ ကာလပတ်လုံး (ဗုဒ္ဓဘာသာတရားတော်အရ) အရိယာ မပြောနဲ့၊ ဥပါသကာစော်တောင် မနံဘူးဆိုတာ မောင်မယ်တို့ နား လည်ထားကြဖို့ပါပဲ။

အရက်ဆိုတာ ဈာန်မဂ်ဖိုလ်တရားတို့ရဲ့ အန္တရာယ်ဖြစ်ပါတယ်၊ အရက် သောက်ရင် ဈာန်မဂ်ဖိုလ်တရားကို ဘယ်တော့မှ မရနိုင်ပါဘူး၊ ဈာန်တရား ရထားသူတောင် အရက်သောက်ရင် အဲဒီ ဈာန်တရားဟာ ပျက်ပြားသွားပါ

http://www.dhammadownload.com

တယ်၊ မြတ်စွာဘုရား လက်ထက်တော်အခါက အရှင်သာဂတဆိုတဲ့ မထေရ် တစ်ပါးဟာ လောကီ ဈာန်အဘိညာဉ်တရားများ ပျက်ပြားသွားခဲ့ဖူးပါတယ်၊ ဒါကြောင့် အရက်နဲ့ မပျောက်သေးသမျှ ဈာန်မဂ်ဖိုလ်နဲ့ အဝေးကြီးဆိုတာ စကားစပ်တုန်း ပြောလိုက်ပါရစေ။

စကား ပြန်ဆက်ကြရအောင်၊ မြတ်စွာဘုရားက ဒုစရိုက် ၁၀-ပါးကိုသာ ဝကွက် မဟောခဲ့ဘဲ များစွာသော တရားများကို ဟောခဲ့ပါတယ်၊ များစွာသော တရားထဲမှာ အရက်မသောက်ဖို့ အကြိမ်ကြိမ် တားမြစ်ပါတယ်၊ အရက် သောက်ရင် လောကအကျိုး၊ သံသရာအကျိုးတွေ ဆုံးရှုံးတတ်ကြောင်း အထပ် ထပ် ဟောကြားခဲ့တဲ့အတွက် ဒုစရိုက် ၁၀-ပါးထဲမှာ အရက်မပါရုံနဲ့ အရက် သောက်ကောင်းတယ်လို့ စကား မကပ်သင့်ကြောင်း ဆွေးနွေးတင်ပြပါတယ်။

'စာပေကို ခံယူ သုံးသပ်တဲ့နေရာမှာ ကိုယ်လိုချင်တာလေး တစ်ခုကိုသာ ဝကွက် ယူစတမ်းလား'ဆိုတဲ့ ဆရာရဲ့ တတိယမေးခွန်းဟာလည်း တစ်ဆက် တည်း ပြေလည်သောက်ပါပြီ၊ 'ကျမ်းကြည့်ထက် ကျမ်းညှိခက်တယ်' ဆိုတဲ့ ရှေးစကားကလည်း စာပေကို ကြည့်ရှု သုံးသပ်ရာမှာ တစ်ကျမ်း တင်ဖွဲ့ တစ်နေရာလောက်နဲ့ ရပ်တန့်မနေဘဲ ရှေ့နောက်အားလုံးကို ခြုံပြီး ညှိနှိုင်းသုံး သပ်တတ်ဖို့ လိုကြောင်းကို အလေးအနက် ပြုထားပါတယ်၊ ကဲ- ဒါလောက် ဆိုရင် (၁) ဒုစရိုက် ၁၀-ပါးထဲမှာ အရက်မပါတဲ့အတွက် အရက် သောက် ကောင်းတယ်ဟူသော တစ်နေရာ တစ်ဌာနမှာ ဆိုတဲ့စကားကို အားကိုး အားထား ပြုထားတဲ့ဝါဒဟာ မခိုင်လုံပါဘူးလို့ ဆွေးနွေးတင်ပြပါတယ်။

(၂) အရက်ကို များများသောက်ရင်သာ အပြစ်ဖြစ်တယ်၊ နည်းနည်း သောက်ရင် အပြစ်မဖြစ်ဘူးဆိုတဲ့ စကားကို ဆက်ဆွေးနွေးကြ ရအောင်။

အပြစ်ဆိုတာ လောကပြစ်၊ သံသရာပြစ်ရယ်လို့ နှစ်မျိုး ရှိပါတယ်၊ ဘယ်အပြစ်ပဲဖြစ်ဖြစ် အရက်ကို များများသောက်ရင် များများ အပြစ်ဖြစ်တယ်၊ နည်းနည်း သောက်ရင် နည်းနည်း အပြစ်ဖြစ်တယ်လို့ ဆွေးနွေးချင်ပါတယ်၊ အပြစ်ဆိုတာ မကောင်းမှုရဲ့ရလဒ် ဖြစ်ပါတယ်၊ လောကမှာ အရက်များများ သောက်သူဟာ "**ဥစ္စာယုတ်ခြင်း၊ ငြင်းခုံများစွာ၊ ရောဂါထူပြော၊ ကျော်စော**

http://www.dhammadownload.com

မဲ့တို့၊ မလိုအင်္ဂါ၊ ပညာနည်းရှား၊ ဤခြောက်ပါးကား၊ သောက်စားသေစာ အပြစ်တည်း''ဆိုတဲ့ သိင်္ဂါလသုတ်မှာ ဟောထားတဲ့ အပြစ် ၆-ပါး ဖြစ်ပါတယ်၊ နည်းနည်း သောက်သူဟာလည်း ဒီ အပြစ် ၆-ပါးကို နည်းနည်းတော့ ခံရတာပါပဲ၊ အနည်းဆုံး ''အရက်သမား''ဆိုတဲ့ စကားလုံးနဲ့ ရှုတ်ချခံရပြီး လုပ်သမျှ အလုပ်တွေမှာ အောင်မြင်သင့်သလောက် မအောင်မြင်ဘဲ နေတတ်ပါတယ်။

ကဲ- သံသရာပြစ်ကို ဆွေးနွေးကြရအောင်၊ တစ်ဖက်ဝါဒရှင်များလည်း လောကပြစ်ထက် သံသရာပြစ်ကို အဓိကထားပြီး ဒီပြဿနာကို စခဲ့ခြင်း ဖြစ်ဟန်တူပါတယ်၊ ဒါကြောင့် ဒီနေရာမှာလည်း ကျေကျေလည်လည် ဆွေးနွေးဖို့ လိုလိမ့်မယ်ကွယ့်၊ ဒုစရိုက်တရားမှာ ကမ္မပထမြောက်တဲ့ ဒုစရိုက်၊ ကမ္မပထ မမြောက်တဲ့ ဒုစရိုက်လို့ နှစ်မျိုးရှိပါတယ်။

ကမ္မပထဆိုတာ ကံမြောက်တယ် (အလုပ်ဖြစ်တယ်)လို့ ဆိုလိုပါတယ်၊ ဥပမာ- သူ့အသက်ကို သတ်တယ်လို့ ဆိုပါစို့၊ သတ်လို့သေရင် ကမ္မပထ မြောက်တယ်လို့ ဆိုရတယ်၊ မသေရင် ကမ္မပထ မမြောက်ဘူးလို့ ဆိုရပါတယ်၊ ကမ္မပထမြောက်ရင် အပါယ်ပဋိသန္ဓေ အကျိုးပေးပါတယ်၊ ကမ္မပထ မမြောက်ရင် အပါယ်ပဋိသန္ဓေအကျိုး တိုက်ရိုက် မပေးပါဘူး။

ကံစကားနဲ့ ပြောရရင် သတ်လို့သေရင် ''**ဇနကကံ**'' ဖြစ်ပါတယ်၊ မသေရင် ''**ဥပထမ္ဘကကံ**'' ဖြစ်ပါတယ်၊ ဇနကကံဆိုတာ တိုက်ရိုက် အကျိုးဖြစ်တဲ့အလုပ်၊ ဥပထမ္ဘကကံဆိုတာ သွယ်ဝိုက်ပြီး အကျိုးဖြစ်တဲ့အလုပ်လို့ ဆိုလိုပါတယ်၊ ဒီနေရာမှာ နားနည်းနည်း ရှုပ်သွားမှာ စိုးရပါတယ်၊ ကမ္မပထ မြောက်တယ်၊ မမြောက်ဘူး ဆိုတဲ့နေရာမှာ ဇနကကံနဲ့သာ တိုက်ရိုက် သက်ဆိုင်တယ်လို့ အကျဉ်းချုပ် မှတ်သားစေလိုပါတယ်၊ ထို့အတူပဲ မုသားပြောရာမှာ တစ်ဖက်သား အကျိုးစီးပွား ပျက်ပြားရင် ကမ္မပထ မြောက်တယ်၊ အကျိုးစီးပွား မပျက်ပြားရင် ကမ္မပထ မမြောက်ဘူး၊ ကမ္မပထ မြောက်ရင် အပြစ်ကြီးပြီး ကမ္မပထ မမြောက်ရင် အပြစ်သေးတယ်လို့ ဆိုလိုပါတယ်၊ ဒုစရိုက် ၁၀-ပါးလုံး ဒီသဘောချည်းပါပဲ။

ဒီထက် အချုပ်ထပ်ပြောရရင် ''အပြစ်မကြောက်သော သူများအဖို့

http://www.dhammadownload.com

မလုပ်ကောင်းသော အလုပ်ဟူ၍(အကုသိုလ်ဟူ၍) မရှိ၊ အပြစ်ကြောက်သော သူများအဖို့သာ မလုပ်ကောင်းသော အလုပ်ဟူ၍ (အကုသိုလ်ဟူ၍) ရှိသည်'' ဟု ပြောလိုပါတယ်။

ကျောက်သင်ပုန်းမှာ ရေးပြထားတဲ့ လောလောလတ်လတ် သတင်းလေးကို ဖတ်ကြည့်စမ်းပါဦး။ သတင်းက ဒီဇင်ဘာ ၂၈–ရက်နေ့ သတင်း၊ ဒီသင်တန်းက ဒီဇင်ဘာ ၃၀–ရက်နေ့ဆိုတော့ နှစ်ရက်ပဲ ကွာပါတယ်၊ အရက်သမား ချစ်ငွေဟာ အရက်အလွန်အကျွံ မူးလာပြီး မယားနဲ့ စကားများပါတယ်၊ စကားများပြီး မယားကို သံတုတ်နဲ့ ရိုက်ရာ မယားကိုမထိဘဲ ရင်ခွင်ထဲက ကလေးကို သွားထိတဲ့အတွက်ကလေး ဆုံးသွားပါတယ်၊ အရက်မူးပြီး အဖေကို ဓားနဲ့ လိုက်တဲ့သတင်း၊ နှမအရင်း တူမအရင်းများကို စော်ကားတဲ့သတင်းစသည်များကို မောင်မယ်တို့လည်း သတင်းစာများမှာ မတွေ့ချင်အဆုံး ဖြစ်ပါတယ်၊ တရားခံအမူးသမား ချစ်ငွေဟာ လောလောလတ်လတ် ထောင်ချခံရတယ်၊ လောကပြစ်နဲ့ ရင်ဆိုင်ရပါတော့မယ်၊ သံသရာပြစ်ဆိုတာလည်း ပြေးမလွတ်တော့ပါဘူး။

ဆရာရဲ့ ဆွေးနွေးချက်ကို 'တစ်တက်စားလည်း ကြက်သွန်၊ နှစ်တက်စားလည်း ကြက်သွန်'ဆိုတဲ့ မြန်မာစကားပုံက အထောက်အကူ ပြုပါလိမ့်မယ်၊ ပြီးတော့ စာပေကျမ်းဂန်များ၌ သူတော်ကောင်းလက္ခဏာကို ဖော်ပြတဲ့နေရာမှာ 'အနုမြူတမျှ သေးငယ်သော အပြစ်ကလေးကို ကြီးမားသော အပြစ်ဟူ၍ ရှုမြင်ကာ ရှောင်ကြဉ်လေ့ ရှိကြသည်'ဟူသော အဆိုပြုချက်ကို တွေ့ရပါတယ်။

တစ်ဖန် 'ကျောက်ခဲ အသေးကိုဖြစ်စေ၊ အကြီးကိုဖြစ်စေ ရေထဲပစ်ချလိုက်သောအခါ အောက်သို့ မြုပ်သွားလေ့သသော ရှိသကဲ့သို့ မကောင်းမှုမှန်သမျှသည်လည်း အောက်သို့ (အပါယ်သို့) ဆွဲဆောင်သောသဘော ရှိကြသည်' ဟူသော အဆိုပြုချက်ကိုလည်း တွေ့ရပါတယ်၊ ဒီအဆိုပြုချက်များကို ချုံပြီး သုံးသပ်လိုက်ရင် အပြစ်သေးလို့ လုပ်ကောင်းတယ်၊ အပြစ်ကြီးလို့ မလုပ်ကောင်းဘူးလို့ အဖြေမထွက်ဘဲ မကောင်းမှုမှန်သမျှ ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ တတ်နိုင်သမျှ ရှောင်ကြဉ်ရမည်ဟူသော အဖြေကိုသာ တွေ့

http://www.dhammadownload.com

ရပါတယ်၊ ဒါလောက်ဆိုရင် (၂) အရက်ဟာ များများသောက်ရင်သာ အပြစ်ဖြစ်တယ်၊ နည်းနည်းသောက်ရင် အပြစ်မဖြစ်ဘူးဆိုတဲ့ ဝါဒကို မောင်မယ်တို့ ကိုယ်တိုင် မှန်,မမှန် ဝေဖန် ဆုံးဖြတ်နိုင်လောက်ပါပြီ။

(၃) အရက်ကို သတိလေးနဲ့ ယှဉ်သောက်ပြီး ငြိမ်ငြိမ်လေးနေရင် ဘာမှ မဖြစ်ဘူး–တဲ့၊ တတိယအချက်ကို ဆွေးနွေးကြရအောင်။

အရက်ကို သတိလေးနဲ့ ယှဉ်သောက်ပြီး ငြိမ်ငြိမ်လေးနေရင်ဆိုတဲ့အထိ ဆရာ ထောက်ခံပါတယ်၊ မနေနိုင်လို့ သောက်ရင် သောက်ပါ၊ သတိလေးနဲ့ သောက်ပါ၊ ငြိမ်ငြိမ်လေး နေပါ၊ ဘာမှ မဖြစ်ဘူးဆိုတာကိုတော့ မထောက်ခံနိုင်ဘူး၊ ဘာမှ မဖြစ်ဘူး ဖြစ်တယ်ဆိုတာကို ဆွေးနွေးပြီးဖြစ်လို့ စိစစ်ဖို့လည်း မလိုတော့ပါဘူး၊ တစ်ဖက်က အဆိုရှင်ဟာ တကယ်တော့ အရက်သောက်သူများကို အရက်သောက်ပုံ သောက်နည်း ညွှန်ကြားရုံမျှသာ ဖြစ်တယ်လို့လည်း နောက်ဆက်တွဲ အဆိုပြုသံ ကြားရပါတယ်၊ အလွန်အကျွံ မဖြစ်စေလိုတဲ့ အတွက် လက်တွေ့နည်းကို ညွှန်ကြားခြင်း ဖြစ်ပါသတဲ့၊ ဒီလို ဆိုပြန်တော့လည်း ရည်ရွယ်ချက် ကောင်းသားကွယ့်။

ဒါပေမယ့် ခက်တာက ဒုစရိုက်ထဲမှာ အရက်မပါလို့ သောက်ကောင်းတယ်၊ ကမ္မပထ မမြောက်လို့ အပြစ်မဖြစ်ဘူး ဆိုတာတွေ ပါလာတာက ခက်လှတယ်၊ ဒါတွေ မပါဘဲ ''အေး– မနေနိုင်လို့ သောက်ချင်လို့ သောက်ကြတာ၊ ဒါပေမယ့် အလွန်အကျွံ မဖြစ်စေနဲ့၊ သတိလေးနဲ့ ယှဉ်သောက်၊ သောက်ပြီး မရမ်းနဲ့၊ ငြိမ်ငြိမ်နေ''လို့ ဒီလိုများ ဩဝါဒပေးရင် ဆရာက သာဓုတောင် ခေါ်လိုက်ချင်ပါတယ်၊ ခုတော့ ဒုစရိုက်တို့ ကမ္မပထတို့ဆိုတဲ့ စကားလုံးတွေနဲ့ ကပ်ကပ်သပ်သပ် အဆိုပြုထားလေတော့ မဇ္ဇပါနာစ သံယမ မင်္ဂလာမှာ ဆွေးနွေး တင်ပြဖို့ တာဝန်ရှိတဲ့အတွက် ကျေကျေလည်လည် ဆွေးနွေး တင်ပြလိုက်ခြင်း ဖြစ်ပါတယ်။

မင်္ဂလာတရားတော်ကလည်း ကုတ်ကုတ်ကတ်ကတ် ငြင်းချက်တွေ ထုတ်မှာ စိုးလို့ ထင်ပါရဲ့၊ အာရတိ ဝိရတိ ပါပါနဲ့ မရပ်သေးဘဲ မဇ္ဇပါနာစ သံယမောလို့ ဆက်ပြောပါတယ်၊ ရပ်ရွာ အေးချမ်းသာယာဖို့၊ တရားဥပဒေ စိုးမိုးဖို့၊ ကိုယ်ကျင့်တရားတွေ ကောင်းဖို့အတွက် အရက်ကိုလည်း ရှောင်ကြဉ်

http://www.dhammadownload.com

ရမယ်လို့ ထပ်ဆင့် ပြောပါတယ်၊ အရက် သောက်ကောင်းတယ်ဆိုတဲ့ အဆိုရှင်များကပဲ 'မင်္ဂလာတရားဟာ ဒယ်အိုးကြီးနဲ့ အလားသဏ္ဌာန်တူတယ်၊ ဒယ်အိုးဟာ တဖြည်းဖြည်း နက်နက်သွားသလို မင်္ဂလာတရားဟာလည်း တစ်ပါးနဲ့တစ်ပါး ပိုပြီး လေးနက်လာတယ်'လို့ အဆိုပြုကြပါတယ်၊ ဒီအဆိုပြုချက်အတိုင်း ပြန်ဆွေးနွေးရရင်လည်း 'မဇ္ဈပါနာ စ သံယမ'မင်္ဂလာဟာ 'အာရတီ ဝိရတီ ပါပါ'ဆိုတဲ့ မကောင်းမှု ရှောင်ကြဉ်နိုင်းတဲ့ မင်္ဂလာရဲ့နောက်မှာ ဖြစ်တဲ့အတွက် ပိုပြီး လေးနက်ပါတယ်။

ကဲ– စကားတွေလည်း ရှည်သွားပြီမို့ မင်္ဂလာသင်ခန်းစာအတွက် တပည့်စား ချန်ပြီး ပြောပါမယ်၊ ဇာတ်တော်က ငါးရာ့ငါးဆယ်မှာ ပါပါတယ်၊ အတိုချုပ်ကတော့ ပွဲတော်တည်ရင် အသားပါမှ ကြိုက်တဲ့ ဘုရင်တစ်ပါးဟာ တစ်နေ့မှာ အရက်တွေ မူးပြီး ပွဲတော်တည်မယ်လုပ်တော့ အသားဟင်း မတွေ့တာနဲ့ သားကလေးကို ပေါင်နှစ်ခြမ်းဆွဲဖြဲပြီး စားတော်ကဲကို ချက်ခိုင်းတဲ့ ဇာတ်လမ်းပဲ ဖြစ်ပါတယ်၊ အများလည်း ကြားဖူးကြပါတယ်၊ ဒီဇာတ်မှာလည်း အရက်သောက်ခြင်းရဲ့ ပြစ်ချက်များကို ထင်ထင်ရှားရှား တွေ့နိုင်ပါတယ်၊ ဒါကြောင့် ဘယ်လိုမှ ဆင်ခြေ မြင်းလက်တွေ ပေးမနေကြဘဲ '**လူဖျက် အရက်**' ဆိုတဲ့ ဆောင်ပုဒ်ကို လက်ကိုင်ထားပြီး ဒီမင်္ဂလာကို ကြိုးစား ဖြည့်ကျင့်ကြပါစို့။

ရှောင်ရှားပါကွယ် ဝေးဝေးတဲ့

- မဇ္ဈပါနာ သံယမောကို၊ မင်္ဂလာသဘော ဟောခဲ့တယ်။
  အရက်သေစာ မသောက်စားနဲ့၊ ရှောင်ရှားပါကွယ် ဝေးဝေးကွယ်။
- သားစားဘုရင် ပြဟ္မဒတ်ကို၊ သေချာဖတ်လို့ မှတ်ကြကွယ်။
  မင်္ဂလာကို လက်တွေ့ကျင့်လို့၊ ရှေ့သို့တစ်ဆင့် တက်ရမယ်။
- မိမိအကျိုး တိုင်းပြည်ကျိုး၊ သယ်ပိုးရွက်ဆောင်ကွယ်။
  အဲဒါကြောင့် ကိုယ်ကျင့်တရား ကောင်းအောင်ထား၊
  မှတ်သား မင်္ဂလာ မည်ပါတယ်။

''မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ''

မွေ့ဖျူဟာစာစောင်၊ အတွဲ (၆)–အမှတ်(၈)၊ အတွဲ(၄၄)အမှတ်(၉)

http://www.dhammadownload.com

၂၁-အပ္ပမာဒေါ စ ဓမ္မေသု



http://www.dhammadownload.com

အာရတီ ဝိရတီ ပါပါ၊ မဇ္ဇပါနာ စ သံယမော။

အပ္ပမာဒေါ စ ဓမ္မေသု၊ ဧတံ မင်္ဂလ မုတ္တမံ။

သော ဒေဝပုတ္တ- အို နတ်သား၊ **ပါပါ**- မကောင်းမှုမှ၊ **အာရတီစ**- ဝေးစွာ ရှောင်ကြဉ်ရခြင်းသည်လည်းကောင်း၊ **ဝိရတီစ**- အထူးသဖြင့် ရှောင်ကြဉ်ရခြင်းသည်လည်းကောင်း၊ **မဇ္ဇပါနာ**- သေရည်သေရက်တို့ကို သောက်ခြင်းမှ၊ **သံယမော စ**- ကောင်းစွာ စောင့်ရှောက်ရခြင်းသည်လည်းကောင်း၊ **ဓမ္မေသု**- ကုသိုလ်ကောင်းမှုတို့၌၊ **အပ္ပမာဒေါ စ**- မမေ့မလျော့ရခြင်းသည်လည်းကောင်း၊ **အတ္ထိ**- ရှိ၏၊ **ဧတံ**- ဤလေးပါးသော တရားသည်လျှင်၊ **ဥတ္တမံ**- မြတ်စွာသော၊ **မင်္ဂလံ**- မင်္ဂလာမည်၏ ဟူ၍၊ **တွံ**- သင်နတ်သားသည်၊ **ဂဏှာဟိ**- မှတ်လေလော့။

သင်တန်းတစ်ပတ်ရောက်ခဲ့ပြန်ပါပြီ၊ မောင်မယ်တို့တစ်တွေလည်း အရင်အပတ်က အရက်နဲ့ ပတ်သက်တဲ့ ဆွေးနွေး ပို့ချချက်ကို ဖတ်ရှုပြီး သတိကောင်းသူ၊ ဉာဏ်ကောင်းသူ ဖြစ်လိုလျှင် သတိမေ့လျော့ခြင်းကို ဖြစ်စေတတ်တဲ့ မူးယစ်ဆေးဝါး အရက်သေစာ သောက်စားခြင်းကို စောင့်စည်းကြဖို့ တိုက်တွန်းလိုက်ပါတယ်၊ မေ့လျော့စေခြင်း၏ တရားခံလက်သည်ဖြစ်သော အရက်သေစာ သောက်စားခြင်းကို စောင့်စည်းခြင်းမင်္ဂလာ ပြည့်စုံပါသဖြင့် ကောင်းမှုကုသိုလ်တရားတို့၌ မမေ့လျော့ခြင်းအကျိုးကို ဆက်လက် ခံစားနိုင်မှာ ဖြစ်ပါတယ်၊ သတိကောင်းစေတဲ့ အကြိမ်ကြိမ် အထပ်ထပ် ပွားများ အားထုတ်ခြင်း အနုဿတိ တရားတစ်ခုခုကို လေ့ကျင့် ပွားများခြင်းဖြင့် သတိတရား တိုးပွားလာသလို အသိတရားများလည်း ရင့်ကျက်လာစေတယ် ဆိုတာကို ဒီအပတ်ပုံပြင်ကလေးကလည်း မောင်မယ်တို့အတွက် မှတ်သား ကျင့်ကြံစေနိုင်ပါလိမ့်မယ်၊ ကဲ သင်တန်းစကြပါစို့။

http://www.dhammadownload.com

၂၁။ အပ္ပမာဒေါ စ ဓမ္မေသု

(ကုသိုလ်တရားတို့၌ မမေ့လျော့ရေးမင်္ဂလာ)

"မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ"

ပြီးခဲ့တဲ့ အပတ်က မင်္ဂလာများနှင့် ကွင်းဆက်ပြီး နောက်ထပ်မင်္ဂလာ တစ်ပါးကို ဆက်ကြပါစို့၊ ပြီးခဲ့တဲ့ မင်္ဂလာဖြစ်တဲ့ **အနဝဇ္ဇာနိ ကမ္မာနိ**- ရပ်ရွာ အေးချမ်းသာယာစေဖို့ စုပေါင်း သန့်ရှင်းရေး၊ ဝိုင်းဝန်းကူညီရေး၊ အပြုလုပ်ငန်း များ ဆောင်ရွက်ရေးများကို လုပ်ပါ၊ **အာရတီ ဝိရတီ ပါပါ**- တစ်ဖက်က အပြုလုပ်ငန်းများကို ဆောင်ရွက်နေသလို တစ်ဖက်ကလည်း အဖျက်လုပ်ငန်း ဒုစရိုက်လုပ်ငန်းများကို ရှောင်ပါ၊ **မဇ္ဇပါနာ စ သံယမော**- အဖျက်လုပ်ငန်းကို ရှောင်ကြဉ်ရာမှာ ဒုစရိုက် သရဖူဖြစ်တဲ့ အရက်သောက်ခြင်း၊ ဘိန်းရှူခြင်း၊ ကုတ်ကင်းစားခြင်းများကိုလည်း မေ့မထားကြနဲ့၊ အထူး သတိထားပြီး စောင့် စည်းကြလို့ ရပ်ရွာ အေးချမ်းသာယာရေး၊ တရားဥပဒေ စိုးမိုးရေးတို့အတွက် မင်္ဂလာက ဒီလို ပိုက်စိပ်တိုက် ပြောပါတယ်။

အေး ... အဲဒီလို တစ်ဖက်က ရပ်ရွာအေးချမ်း သာယာရေးနဲ့ တရား ဥပဒေ စိုးမိုးရေးကို ကြိုးစားကြသလို တစ်ဖက်ကလည်း တစ်ဦးချင်း တိုးတက် ရေး၊ အများစု တိုးတက်ရေးအတွက် လုပ်ငန်းကောင်းတွေ လုပ်ဖို့ နိုးနိုးကြား ကြား ရှိကြလို့ တိုက်တွန်းလိုပြန်သဖြင့် "**အပ္ပမာဒေါစ ဓမ္မေသု**"တဲ့၊ ဒီလို ဆက်လက် ညွှန်ပြတော်မူပါတယ်၊ **ဓမ္မေသု**- ကုသိုလ်ကောင်းမှုတို့၌၊ **အပ္ပ**

http://www.dhammadownload.com

မာဒေါစ– မမေ့မလျော့ရခြင်းသည်လည်းကောင်း၊ ကောင်းတဲ့လုပ်ငန်းတွေ လုပ်ဖို့ မမေ့နဲ့လို့ ဆိုလိုပါတယ်။

မင်္ဂလာဟာ စေ့စေ့စပ်စပ် ကွင်းဆက် လေ့လာမှ ပိုပြီး အရသာရှိတယ်ကွယ့်နော်၊ ဒါကြောင့် မောင်မယ်တို့ မင်္ဂလာကွင်းဆက် သဘောလေးတွေကို မျက်ခြည် မပြတ်ကြစေနဲ့ကွယ့်၊ ကောင်းတဲ့လုပ်ငန်းတွေမှာ မမေ့မလျော့ရဘူးဆိုတဲ့ အချက်ကို မောင်မယ်တို့တစ်တွေ ကွက်ကွက်ကွင်းကွင်း အမြင်ရှင်းဖို့ လိုပါတယ်၊ ကဲ လိုရင်းကို ရှင်းပြပါမယ်။

အနဝဇ္ဇာနိ ကမ္မာနိ ဆိုတဲ့ ရပ်ရွာ အေးချမ်းသာယာရေး လုပ်ငန်းတွေမှာချည်းလည်း အချိန်မကုန်ပါစေနဲ့၊ အာရတိ ဝိရတိ ပါပါဆိုတဲ့ တရားဥပဒေစိုးမိုးရေးလုပ်ငန်းတွေမှာချည်းလည်း ဘုတ်ထိုင် ထိုင်မနေပါနဲ့၊ မဇ္ဇပါနာ စ သံယမောဆိုတဲ့ အရက်ကလေး မသောက်ရုံလောက်နဲ့ ငါ လူတော်တစ်ယောက်ဖြစ်ပြီလို့ ဘဝင်မြင့် မနေပါနဲ့တဲ့၊ အပ္ပမာဒေါ စ ဓမ္မေသု–ကိုယ့် ဆိုင်ရာဆိုင်ရာလုပ်ငန်းရပ်များကို လုပ်ဖို့လည်း မမေ့ကြပါနဲ့ဦးတဲ့၊ ဒီလို ဆိုလိုတယ်ကွယ့်။

ဥပမာ– မောင်မယ်တို့ ဆိုပါတော့၊ မောင်မယ်တို့တစ်တွေဟာ စနစ်သစ်ပညာရေးအရ ကျန်းမာရေး(အားကစား)၊ သန့်ရှင်းရေး၊ ကွင်းဆင်းလေ့လာရေးများကို လုပ်ကြရပါတယ်၊ အဲဒီလို လုပ်ကြတဲ့အခါမှာ ကိုယ့်ရဲ့ အဓိကလုပ်ငန်းကို မေ့မထားကြဖို့ အရေးကြီးပါတယ်၊ မောင်မယ်တို့ရဲ့ အဓိကလုပ်ငန်းက ပညာရေး မဟုတ်လား၊ အေး– အဲဒါကြောင့် ကျန်းမာရေး၊ သန့်ရှင်းရေး၊ ကွင်းဆင်း လေ့လာရေးများကို လုပ်တဲ့အခါမှာ အဲဒီ အလုပ်တွေထဲမှာချည်း မေ့မျောမနေဘဲ ကိုယ့်ရဲ့ အဓိက ပညာရေးလုပ်ငန်းကို သတိမမေ့ရလို့ ဆိုလိုပါတယ်၊ ပညာသင်မပျက် ကျန်းမာရေး(အားကစား)ကို လုပ်ရမယ်၊ ပညာသင်မပျက် သန့်ရှင်းရေး လုပ်စရာတွေ လုပ်ရမယ်၊ ပညာသင်မပျက် ကွင်းဆင်းလေ့လာရေးတွေ လုပ်ရမယ်၊ အဲဒါတွေဟာ မောင်မယ်တို့အတွက် အပ္ပမာဒေါ စ ဓမ္မေသု မင်္ဂလာပါပဲ။

ဈေးဆိုင်က ဈေးရောင်းသူဟာ ဈေးမရောင်းဘဲ မှန်ကို ကြည့်နေရင်တော့ အပ္ပမာဒေါ စ ဓမ္မေသု မင်္ဂလာ ပျက်ကွက်တယ်လို့ ဆိုရပါမယ်၊ ဒီ

http://www.dhammadownload.com

မင်္ဂလာကို ချုပ်ပြောရရင် ရပ်ရေး ရွာရေး တိုင်းရေး ပြည်ရေးသာရေး နာရေး ကျန်းမာရေး စသည်များကို လုပ်ပါ၊ ကူညီပါ၊ ဆောင်ရွက်ပါ၊ ဒါပေမယ့် မိမိတို့ရဲ့ အဓိက အလုပ်ဖြစ်တဲ့ လူငယ်များအဖို့ ပညာရေး၊ လူလတ်များအဖို့ စီးပွားရေး၊ လူကြီးများအဖို့ ဘာဝနာရေး အလုပ်များကိုတော့ မျက်ခြည်မပြတ်ပါစေနဲ့၊ မလစ်ဟင်းပါစေနဲ့၊ အဲဒါဟာ ဒီမင်္ဂလာရဲ့ သဘောအချုပ်ပါပဲ။

ဘာသာရေးသက်သက်ကြိုက်တဲ့ ပုဂ္ဂိုလ်များအတွက် အနည်းငယ် ဆက်လိုက်ဦးမယ်ကွယ့်၊ အာရတီ ဝိရတီ ပါပါ– ဒုစရိုက်တရားများမှ ရှောင်ကြဉ်နိုင်ဖို့၊ **မဇ္ဇပါနာ စ သံယမော**–အရက်သောက်ခြင်းမှ ရှောင်ကြဉ်နိုင်ဖို့အတွက် ဘာမှ ခက်ခက်ခဲခဲ လုပ်မနေပါနဲ့တဲ့၊ အပ္ပမာဒဆိုတဲ့ သတိတရားနဲ့ ပြည့်စုံရင် ကိစ္စအားလုံး ပြီးနိုင်ပါတယ်လို့ ညွှန်ကြားလိုတဲ့အတွက် အပ္ပမာဒေါ စ ဓမ္မေသု–လို့ ဆက်ပြောပါတယ်၊ **အပ္ပမာဒေါ စ**– မမေ့အပ်တဲ့ တရားဆိုတာ ဒါန သီလ ဘာဝနာ စတဲ့ ကုသိုလ်တရား အားလုံးကို ဆိုလိုပါတယ်၊ ကုသိုလ်တရားတို့၌ မမေ့ရင် ဒီမင်္ဂလာနဲ့ ပြည့်စုံတယ်လို့ ဆိုရပါတယ်၊ သတိရှိသူဟာ လူရှင်၊ သတိမရှိသူဟာ လူသေ၊ သတိရှိသူဟာ သွားနေတဲ့သူ၊ သတိမရှိသူဟာ ရပ်နေတဲ့သူ ဖြစ်ပါတယ်၊ ၄၅–ဝါ ကာလပတ်လုံး ဟောတော်မူသွားတဲ့ တရားတော်ရဲ့အချုပ်ဟာ အပ္ပမာဒ–သတိတရားပဲ ဖြစ်ပါတယ်၊ ဒီ သာသနာတော်မှာ အရေးအကြီးဆုံး၊ အနှစ်သာရ အကျဆုံး၊ လုပ်ထုံးလုပ်ရပ် အစစ်ဆုံး တရားဟာ ဒီ အပ္ပမာဒ သတိတရားပဲ ဖြစ်ပါတယ်။

ဒါကြောင့် လောကီ ကြီးပွားရေး၊ လောကုတ္တရာ ကြီးပွားရေးများအတွက် အပ္ပမာဒ သတိတရားကို လက်ကိုင်ထားရမယ်ဆိုတာ အချုပ်အားဖြင့် နှလုံးသွင်းထားကြဖို့ပါပဲ၊ ကဲ– ဒီတစ်ပတ် မင်္ဂလာသင်ခန်းစာအဖြစ် ဓမ္မပဒ လောကဝဂ်မှာ ပါတဲ့ “**ပေသကာရ ဓီတာဝတ္ထု**”ကို ပြောပြပါမယ်၊ **ပေသကာရ**–က ရက်ကန်းသည်၊ **ဓီတာ**–က သမီးဆိုတော့ ရက်ကန်းသည်တစ်ဦးရဲ့ သမီးလေး အကြောင်းလို့ အဓိပ္ပာယ်ရတာပေါ့၊ လွယ်လွယ်ပြောတော့ ရက်ကန်းသည် မလေးတစ်ယောက် အကြောင်းပေါ့ကွယ်၊ ကဲ–နားထောင်။

http://www.dhammadownload.com

ရက်ကန်းသည်မလေး

အချိန်ကတော့ ဂေါတမရှင်တော်ဘုရား ပွင့်တော်မူချိန် ဖြစ်ပါတယ်၊ အဲဒီ ဘုရားရှင်လက်ထက်အခါက အာဠဝီပြည်မှာ ရက်ကန်းမျိုးရိုးက ဆင်းသက်လာတဲ့ ရက်ကန်းသည်မလေး တစ်ယောက်ရှိသတဲ့ကွယ်၊ တစ်နေ့မှာ ရှင်တော်မြတ်ဘုရားဟာ အာဠဝီပြည်သို့ ကြွလာပြီး တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးတော်မူပါတယ်၊ ဟောတော်မူတဲ့ တရားကတော့ မရဏာနုဿတိကမ္မဋ္ဌာန်း (သေခြင်းတရားကို အခါခါ ဆင်ခြင်တဲ့တရား) ဖြစ်ပါတယ်၊ တရားနာ ပရိသတ်ထဲမှာ ရက်ကန်းသည်မလေးလည်း တစ်ယောက် အပါအဝင်ပေါ့ကွယ်၊ များသောအားဖြင့် တရားနာပြီးရင် တရားအတိုင်း ကျင့်သုံးသူဟာ ရှားပါတယ်၊ မေ့မေ့ပျောက်ပျောက် နေတတ်ကြပါတယ်၊ ဒါဟာ ပုထုဇဉ်တို့ရဲ့ သဘာဝလို့ ဆိုရမှာပေါ့ကွယ်။

ရက်ကန်းသည်မလေးကတော့ ဒီလို မဟုတ်ပါဘူးကွယ့်၊ မြတ်စွာဘုရား ဟောကြားတော်မူသွားတဲ့ မရဏာနုဿတိ ကမ္မဋ္ဌာန်းကို အဖန်ဖန် အထပ်ထပ် သုံးသပ် ဆင်ခြင်ပြီး အမြဲ အမှတ်ရနေသတဲ့၊ ရက်ကန်းရက်ရင်းလည်း ဒီကမ္မဋ္ဌာန်းတရားကို မမေ့ဘဲ အမြဲတမ်း ဆင်ခြင်နေပါတယ်၊ တိုတိုပြောတော့ ရက်ကန်းသည်မလေးဟာ အပ္ပမာဒေါစ ဓမ္မေသု မင်္ဂလာကို ကာယကံမြောက် လက်တွေ့ ကျင့်သုံးနေတယ်လို့ ဆိုလိုပါတယ်၊ သုံးနှစ်လောက်ကြာတဲ့ အခါကျတော့ မြတ်စွာဘုရား အာဠဝီပြည်ကို တစ်ခေါက်ကြွလာတယ်၊ မြို့သူမြို့သားများက မြတ်စွာဘုရားအား ဆွမ်းဆက်ကပ် လှူဒါန်းကြပါတယ်။

ရက်ကန်းသည်မလေးဟာ ဒီ မင်္ဂလာသတင်းကြီးကို ကြားရတော့ တရား နာချင်ရှာလို့ ပြေးလာချင်တဲ့စိတ်တွေ ပေါက်နေသတဲ့၊ ဒါပေမဲ့ ဖခင် ခိုင်းထားတဲ့ ရက်ဖောက်တွေကို ရက်ကန်းရုံကို ပို့ဖို့တာဝန် ရှိနေတာနဲ့ အလုပ်ပြီးအောင် လုပ်ပြီး ရက်ဖောက်တောင်းလေးရွက်ကာ ရက်ကန်းရုံသို့အသွား တရားနာ ပရိသတ်ကြီး စုဝေးနေတာ မြင်တာနဲ့ ပရိသတ်အစွန်ကနေ ရပ်ကြည့်နေပါတယ်၊ ပါရမီရှင်ကလေးမို့ ဘုရားရှင်က ကိုယ်တော်မြတ်အနီး လာစေလိုတဲ့ အရိပ် အရောင်ပြလိုက်တဲ့အခါမှာ ရက်ကန်းသည်မလေးဟာ ခပ်ရွံ့ရွံ့နဲ့

http://www.dhammadownload.com

ပရိသတ်ကြားမှ မြတ်စွာဘုရားနား သွားပြီး ဖူးမြော်ပါတယ်၊ မြတ်စွာဘုရားက လေးနက်တဲ့ မေးခွန်း လေးခုကို မေးတော်မူပါတယ်။

''မိန်းကလေး ဘယ်က လာသလဲ''

''မသိပါဘုရား''

''ဘယ်သွားမလဲ''

''မသိပါဘုရား''

''မသိဘူးလား''

''သိပါတယ်ဘုရား''

''သိသလား''

''မသိပါဘုရား''

တရားနာ ပရိသတ်ကြီးကတော့ ရက်ကန်းသည်မလေးဟာ မြတ်စွာဘုရားကို နောက်ပြောင်နေတယ်လို့ပဲ ထင်နေကြသတဲ့၊ အမှန်ကတော့ ဒီလို မဟုတ်ပါဘူး၊ သူဟာ အဖြေမှန်အတိုင်း ဖြေခြင်းသာ ဖြစ်တယ်ကွယ့်၊ အတို ချုပ်ပြောမယ်နော်။

ဘုရားရှင် မေးလိုရင်းက ''ဘယ်ဘဝက လာသလဲ'' လို့ မေးလိုရင်း ဖြစ်တဲ့အတွက် ''မသိပါဘုရား'' လို့ ဖြေတယ်၊ ''ဘယ်ဘဝ သွားမလဲ''လို့ မေးလိုရင်း ဖြစ်လို့ ''မသိပါဘုရား''လို့ ဖြေတယ်၊ ''တစ်နေ့ သေမှာကို မသိဘူးလား''လို့ မေးလိုရင်းဖြစ်လို့ ''သိပါတယ်ဘုရား''လို့ ဖြေတယ်၊ ''ဘယ် နေ့ ဘယ်အချိန် သေရမှာကို သိသလား''လို့ မေးလိုရင်းဖြစ်လို့ ''မသိပါ ဘုရား''လို့ ဖြေတယ်၊ ဘုရားရှင်က မရဏာနုဿတိ ကမ္မဋ္ဌာန်းနှင့်စပ်ပြီး ကွက်ကျော်မေးတာကို ရက်ကန်းသည်မလေးက ဘုရားရှင်ရဲ့ နှလုံးသွင်းကို သိလို့ ကွက်ကျော်ဖြေခြင်း ဖြစ်ပါတယ်၊ မရဏာနုဿတိ ကမ္မဋ္ဌာန်းကို အမြဲ ဆင်ခြင် နှလုံးသွင်းနေခဲ့လို့သာ ဒီလို ကွက်ကျော် ဖြေနိုင်ခြင်း ဖြစ်ပါတယ်၊ မြတ်စွာဘုရားက ရက်ကန်းသည်မလေးကို အကြိမ်ကြိမ် သာဓု ခေါ်တော်မူပြီး တရားဟောတော်မူရာ ရက်ကန်းသည်မလေး သောတာပန်တည် သွားပါတယ်၊ ရက်ကန်းသည်မလေးဟာ သူ့ရဲ့ ရက်ကန်းအလုပ်ကို မမေ့တဲ့အတွက်လည်း

http://www.dhammadownload.com

အပ္ပမာဒ– သတိရှိသူလို့ ဆိုရပါတယ်၊ ကမ္မဋ္ဌာန်းအလုပ်ကို မမေ့တဲ့အတွက်လည်း အပ္ပမာဒ– သတိတရား ရှိသူလို့ ဆိုရတယ်၊ မမေ့မလျော့တဲ့ သတိတရားနဲ့ နေတဲ့သူဖြစ်လို့လည်း ဘုရားရှင် မေးတော်မူတာတွေကို ချက်ချင်းမှန်ကန်စွာ ဖြေဆိုနိုင်ပြီး တရားနာကြားရခြင်းကြောင့် သောတာပတ္တိမဂ်ဉာဏ်ဖိုလ်ဉာဏ်တွေ ရရှိကာ အသိထူးတွေပါ ရရှိခဲ့ရပါတယ်၊ ဒါဟာ သတိမမေ့တဲ့သူမို့ အသိထူးတွေ တိုးပွားရခြင်းအကျိုးပါပဲ၊ ကဲ ·· တော်ကြဦးစို့။

နေ့နေ့ညည အားထုတ်ကွယ်

- အပ္ပမာဒေါ စ ဓမ္မေသု တဲ့
  မင်္ဂလာအမှု ပြည့်စေဖွယ်။
  ကောင်းမှုကုသိုလ်တွေ မမေ့ကြနဲ့
  နေ့နေ့ညည အားထုတ်ကွယ်။

- ပေသကာရီ ဝတ္ထုသွားကို
  ဖတ်ရှုကြည့်ငြား တွေ့နိုင်တယ်။
  မင်္ဂလာကို လက်တွေ့ကျင့်လို့
  ရှေ့သို့တစ်ဆင့် တက်ရမယ်။

- မိမိအကျိုး တိုင်းပြည်ကျိုး
  သယ်ပိုးရွက်ဆောင်ကွယ်။
  အဲဒါကြောင့် ကောင်းမှုအလုပ်များ မမေ့ငြား
  မှတ်သား မင်္ဂလာကွယ်။

မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ

ဓမ္မပဒ အဋ္ဌကထာ၊ အတွဲ (၆)–အမှတ်(၉)၊ အတွဲ(၄၄)အမှတ်(၁၀)

http://www.dhammadownload.com

၂၂ - ဂါရဝေါ ၁

http://www.dhammadownload.com

ရှစ်သောင်းလေးထောင်၊ အမြင့်ဆောင်သား၊ တောင်မြင်းမိုရ်ရှိ၊ ဂုဏ်ကြီး ဘိသည်၊ မွေးမိဖခင်၊ ကျေးဇူးရှင်နှင့်၊ ထိုပြင်တခြား၊ ဘိုးနှင့်ဘွားကို၊ ဘုရား တစ်ဆူ၊ ဂူတစ်လုံးသွင်၊ စိတ်ကထင်လျက်၊ ဦးတင်လက်ထား၊ အစားအဝတ်၊ မလွတ်စေရ၊ ရေပူရေအေး၊ လိုရာပေး၍၊ မွေးကျွေးကြပေ၊ တစ်သွေမှတ်သား၊ အခါးအချို၊ သူတို့ဆိုလည်း၊ ဘိုးဘွားမိဖ၊ ဆရာစသည်၊ ပြသဆိုထွေ၊ မျိုတတ်စေ။

ဆွေကြီးမျိုးကြီး၊ အဘကြီးနှင့်၊ ဦးရီးသားချင်း၊ ဘထွေးရင်းကာ၊ ဟူသမျှ ကို၊ ဂုဏဝုဓ်၊ ပစာယန၊ စိတ်ကသိစေ၊ ပြစ်မှားမိက၊ မသင့်ချေ။

ကြီးသူတစ်ဖြာ၊ ပညာရှိအား၊ သူကောင်းများနှင့်၊ စကားထွေလာ၊ ပြောသောခါလည်း၊ ဗျာဗျာကျွန်ုပ်၊ ပုဆစ်တုပ်လျက်၊ ဖုံးအုပ်ခြေလက်၊ လွန် ငြိမ်သက်သည်၊ ကျောင်းထွက်လူပေ ဆိုရစေ။

တစ်ယောက်စကား၊ တစ်ယောက်နားမှာ၊ မခါးရအောင်၊ သတိဆောင်၍၊ မောင်တို့ဆိုလေ၊ ပျားသကာသို့ ချိုလှစေ။

(ရှင်မဟာရဋ္ဌသာရ)

ဒီတစ်ပတ်သင်တန်းမစခင် ကျောက်သင်ပုန်းမှာ ရေးထားတဲ့ ဒီအပတ် သင်ကြရမယ့် ဂါရဝမင်္ဂလာနဲ့ဆိုင်တဲ့ ရှင်မဟာရဋ္ဌသာရရဲ့ ကဗျာလေးတွေ ဖတ်ပြီး သင်တန်းစကြပါစို့။

http://www.dhammadownload.com

၂၂။ ဂါရဝေါ စ

(**အသက်၊ ဂုဏ်ကြီးသူများအား ရိုသေလေးစားရေးမင်္ဂလာ**)

"မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ"

ရှေ့မင်္ဂလာတွေနဲ့ ကွင်းဆက်ကြရအောင်၊ **အပ္ပမာဒေါ စ ဓမ္မေသု**– လုပ်ငန်းကောင်းတွေလုပ်ဖို့ မမေ့ရဘူး။ ကိုယ်နဲ့ ဆိုင်ရာ အလုပ်တွေအပေါ် မျက်ခြည်မပြတ်ရဘူးတဲ့၊ ဒီလို ကိုယ်နဲ့ဆိုင်ရာ အလုပ်တွေအပေါ် မျက်ခြည် မပြတ်ဘဲ ပညာရှာချိန်မှာ ပညာကို ကြိုးစားသင်၊ စီးပွားရှာချိန်မှာ စီးပွားကို ကြိုးစားရှာ၊ တရားအားထုတ်ချိန်မှာ ကြိုးစားပြီး တရားအားထုတ်ရမယ်တဲ့။

ဒီတော့ ပုထုဇဉ်သဘာဝ ဘာဖြစ်တတ်သလဲဆိုတော့ ပညာတတ်ရင် ပညာမာန် တက်လာတယ်၊ စီးပွားတက်ရင် ဓနမာန် တက်လာတယ်၊ တရားတက် လာရင် ဓမ္မမာန်တက်လာတယ်၊ ဒါကြောင့် အပ္ပမာဒေါ စ ဓမ္မေသု မင်္ဂလာအရ ကိုယ့်ဆိုင်ရာလုပ်ငန်းတွေအပေါ် မျက်ခြည်မပြတ် ကြိုးစားရကျိုးမနပ်ဘဲ သဲထဲ ရေသွန် ဖြစ်ကုန်မှာစိုးလို့ မင်္ဂလာတရားတော်က "ဂါရဝေါ စ"လို့ ဆက်လက် ညွှန်ကြားတော်မူပါတယ်၊ ရိုသေထိုက်သူများကို ရိုသေရမယ်လို့ ဆိုလိုတယ် ကွယ့်။

စကားဖြတ်ပြီး ပြောလိုက်ရဦးမယ်၊ ဒီ မင်္ဂလာကွင်းဆက် သဘောလေး တွေဟာလည်း ဆရာ့ဘာသာ ဆရာ့ **အတက်–အထွက်ဆိုတဲ့ ပါဠိစာကြည့် နည်း**အတိုင်း ကြံစည်ပြီး ကွင်းဆက်ထားခြင်း ဖြစ်ပါတယ်၊ ဒီပြင် စာအုပ်များ မှာ ပါ၊မပါ ဆရာ မသိပါဘူး။ သဘာဝ ကျ–မကျကို စိစစ်ပြီးမှ လက်ခံပါလို့ ထပ်လောင်း တိုက်တွန်းပါတယ်။

http://www.dhammadownload.com

ဂါရဝေါ ၈– ရှိသေထိုက်သူကို ရှိသေရမယ်ဆိုတဲ့ မင်္ဂလာဟာ အလွန်အရေးကြီးတယ်ကွယ့်၊ ပညာတွေ ဘယ်လောက်တတ်တတ် ရှိသေထိုက်သူကို ရှိသေရမယ်၊ စီးပွားတွေ ဘယ်လောက်ဖြစ်ဖြစ် ရှိသေထိုက်သူကို ရှိသေရမယ်၊ တရားတွေ ဘယ်လောက် အားထုတ် အားထုတ် ရှိသေထိုက်သူကို ရှိသေရမယ်၊ ဒါဟာ လူ့ဝတ္တရား လူ့စည်းကမ်း ဖြစ်ပါတယ်၊ ပညာတတ်ပြီး မရှိသေတတ်ရင် အလကား ပညာတတ်ပဲ၊ ပစ္စည်းရှိပြီး မရှိသေတတ်ရင် အလကား သူဌေးပဲ၊ တရားအားထုတ်ပြီး မရှိသေတတ်ရင် အလကား တရားသမားပဲ၊ ခုခေတ်ခါမှာ အလကား ပညာတတ်၊ အလကား သူဌေး၊ အလကား တရားသမားတွေ အလွန် ပေါတယ်ကွယ့်၊ စကားကြမ်းတယ်လို့လည်း မထင်ပါနဲ့။

ရှိသေထိုက်သူဆိုတာ ဘယ်ပုဂ္ဂိုလ်တွေလဲ၊ ဒါကိုလည်း သိထားရမယ်၊ ဘုရား, တရား, သံဃာ, မိဘ, ဆရာ သမား, အဘိုး, အဘွား, ဦးကြီး, ဦးလေး, မိကြီး, မိထွေး, ကိုယ့်ထက် အသက်အားဖြင့် ကြီးသောသူ၊ ဂုဏ်အားဖြင့် ကြီးသောသူ၊ သင်ဆရာ, မြင်ဆရာ, ကြားဆရာ, တစ်လုတ်ကျွေးဖူးသူ, တစ်ရိပ်ခိုဖူးသူ, လမ်းမှန်ကို ညွှန်ပြသူ စသည်များဟာ ရှိသေထိုက်သူများ ဖြစ်ကြပါတယ်။

မြန်မာ့ယဉ်ကျေးမှုဟာ ဒီ ဂါရဝမင်္ဂလာ အပေါ်မှာ အခြေခံထားပါတယ်၊ မျက်မှောက်ခေတ်မှာ ဒီ ဂါရဝမင်္ဂလာ တော်တော် ပျက်ပြားနေတာကို ဝမ်းနည်းဖွယ်ရာ တွေ့ရတယ်ကွယ့်၊ ကျောက်သင်ပုန်းမှာ ရေးပြထားတဲ့ ဂါရဝ အခြေခံတဲ့ မြန်မာ့ ယဉ်ကျေးမှု ကဗျာလေးကို ဖတ်ကြည့်စမ်းပါ၊ ခုခေတ်မှာ မိဘ ဘိုးဘွား စသူများကို လုပ်ကျွေး ပြုစုသူများ၊ ရှိသေကိုင်းညွှတ်သူများ တစ်စတစ်စ နည်းပါးလာပါတယ်၊ ဦးကြီး ဦးလေး စတဲ့ ကြီးတဲ့သူများကို လေးစားသူတွေလည်း နည်းပါးလာပါတယ်၊ စကားပြောရာမှာ ဆက်ဆံရာမှာ ကြမ်းတမ်းလာပါတယ်၊ ကိုယ်အမူအရာ နှုတ်အမူအရာတွေ ရိုင်းစိုင်းနေကြပါတယ်၊ အများအားဖြင့် မောင်မယ်တို့ လူငယ်ပိုင်းမှာ ဒီမင်္ဂလာ တော်တော် ချို့ယွင်းလာတာကို ရင်မောဖွယ်ရာ တွေ့နေရပါတယ်၊ ဆရာတပည့် ဆက်ဆံရေး၊ မိဘနဲ့ သားသမီး ဆက်ဆံရေး စတဲ့ အပိုင်းတွေမှာလည်း ဒီမင်္ဂလာ ပျက်ကွက်လွန်းလှပါတယ်။

http://www.dhammadownload.com

ဒီလို ရှိသေထိုက်သူတွေကို မရှိသေ၊ မရှိသေတဲ့အတွက် မယဉ်ကျေးတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံတွေ ပြုဖြစ်တာများလို့ ဒုစ္စရိတ ဒုစရိုက်တရားတွေ ပြုဖြစ်လာကြတယ်၊ မရှိသေလို့ မယဉ်ကျေး၊ မယဉ်ကျေးလို့ မကောင်းတာပြု၊ အနန္တ ၅-ပါးနဲ့ ခင်ပွန်းကြီး ၁၀-ပါးမှာ အပါအဝင်ဖြစ်တဲ့ မိဘ၊ ဆရာ စတဲ့ ဂုဏ်ကြီးသူတွေကို ဂါရဝမပြု မကောင်းတဲ့အမှုတွေ ကံ ၃-ပါးနဲ့ ပြုမိတဲ့အတွက် "**ဘုန်းကြီးလို့ သက်မရှည်၊ သက်ရှည်လို့ ဘုန်းမကြီးခြင်း**"အဖြစ်များဟာ ဒီမင်္ဂလာ ပျက်ယွင်းခြင်းရဲ့ သင်္ကေတတွေပါပဲ။

သွေးအန်ဖြစ်လွယ် ၊ ရောင်းဝယ်ရှုံးခြင်း၊ ချို့ယွင်းအင်္ဂါ၊ နုနာကုဋ္ဌ ၊ ရှုးကြဖောက်ပြန် ၊ မင်းဒဏ်သင့်ခန်း ၊ ကြမ်းတမ်းစွပ်စွဲ ၊ သေကွဲသားချင်း၊ ပျက်ခြင်းစည်းစိမ် ၊ နေအိမ်မီးလောင် ၊ ဒုက္ခကောင်သည် ၊ လူ့ဘောင်ဒီဌ၊ တွေ့ကြုံရ၍၊ သောကရေ၊ ကမ္ဘာစွဲ၏။

မပြစ်မှားသင့် ဂါရဝထားသင့်သော ခင်ပွန်းကြီးများကို ပြစ်မှားသဖြင့် ကျရောက်ရတဲ့ အပြစ်ဒဏ် ၁၀-ပါးဟာ မပြုသင့်တာကို ပြုမိပြစ်မှား ဂါရဝတရား မရှိတာကြောင့် ဖြစ်ရတာပါ။ "ဘယ်သူမပြု မိမိမှု" ဖြစ်မှာစိုးလို့ အပြစ်ပြောတာ မဟုတ်ပါဘူး၊ ခုခေတ်လူငယ်တွေကို ကြည့်ရတာ အများအားဖြင့် ဆောင့်ကြွားကြွား ရှိလှပါတယ်၊ "တပည့်မကောင်း ဆရာ့ခေါင်း၊ သားသမီးမကောင်း မိဘခေါင်း" ဆိုတဲ့ တာဝန်ပိုင်းနဲ့ လှည့်ပြောရရင် ယနေ့လူငယ်လူရွယ်တွေ ဒီမင်္ဂလာ ချို့ယွင်းနေရတာဟာ မိဘ ဆရာသမားများရဲ့ တာဝန်မကင်းဘူးလို့ စွဲချက်တင်နိုင်ပါတယ်၊ ဒီလို ဂါရဝမင်္ဂလာကို မကျင့်သုံးမှုကြောင့် မိမိတို့ရဲ့ ကျေးဇူးရှင် မိဘ, ဆရာသမားတွေရဲ့ လိုအပ်ချက်လို့ အပြစ်တင်ခံရမှု ကင်းအောင်၊ ကံကြီးထိုက်သူတွေထဲ မပါရအောင် ဒီ မင်္ဂလာကို လက်ကိုင်ထားပြီး အစစအရာရာမှာ ယဉ်ကျေးကြစမ်းပါလို့ မေတ္တာတရားအပြည့်နဲ့ မောင်မယ်တို့ကို အလေးအနက် တိုက်တွန်းလိုက်ပါတယ်။

မောင်မယ်တို့ကို တိုက်တွန်းသလို ဆရာကိုယ်တိုင်လည်း ဒီမင်္ဂလာကို သတိထားပြီး ကြိုးစားကြည့်တုန်းပဲ ရှိပါသေးတယ်၊ ဆရာဟာ အသေဝနာစ ဗာလာနံ ကနေပြီး မင်္ဂလာတစ်ခုချင်းကို ကိုယ်တိုင် ကျင့်,မကျင့် စိစစ်ဖူးပါတယ်၊ အဲဒီလို စိစစ်ကြည့်တဲ့အခါမှာ အသေဝနကနေပြီး အပ္ပမာဒ္ဓ ဓမ္မ

http://www.dhammadownload.com

မင်္ဂလာအထိ အသင့်အတင့် (ကိုယ့်ဘာသာကိုယ်) ကျေနပ်မိပေမယ့် ဂါရဝေါစ ရောက်တော့ တန့်သွားပါတယ်၊ ဒါကြောင့် ဂါရဝမင်္ဂလာကို ကြိုးစားပြီး လေ့ကျင့်နေပါတယ်၊ ဆရာ သတိထားပြီး ဒီမင်္ဂလာကို လေ့ကျင့်နေသလို မောင်မယ်တို့လည်း ယနေ့က စပြီး လူယဉ်ကျေးလေးတွေဖြစ်အောင် ကြိုးစားကြစေချင်တယ်၊ "**ကြီးသူကို ရိုသေ၊ ရွယ်တူကို လေးစား၊ ငယ်သူကို သနား**"ဆိုတဲ့ ဆောင်ပုဒ်ကလေးဟာ အလွန် တန်ဖိုးရှိတဲ့ ဆောင်ပုဒ်ကလေးပါပဲ၊ ဒီဆောင်ပုဒ်ကလေးအတိုင်း လက်တွေ့ ကျင့်သုံးနိုင်ကြမယ်ဆိုရင် လူ့လောကကြီးဟာ သာသာယာယာ ရှိနေပါလိမ့်မယ်၊ လူကြီးမိဘတွေကို မရိုသေလို့ ဒုက္ခရောက်ရတဲ့ စာပေလာ မိတ္တဝိန္ဒကတို့လို ဇာတ်လမ်းတွေ၊ မျက်စိအောက်မှာ ဒုက္ခရောက်နေတဲ့ ကိုယ်တွေ့ဇာတ်လမ်းတွေကို ကြည့်ပြီး သင်္ခန်းစာ ယူကြဖို့ တော်ပြီကွယ်။

ပညာသင်တဲ့အခါမှာ ပညာကို ရိုသေ တတ်ရမယ်၊ အလုပ်လုပ်ရင် အလုပ်ကို ရိုသေတတ်ရမယ်၊ တရားအားထုတ်ရင် တရားကို ရိုသေတတ်ရမယ်၊ ပညာသင်ပြီး ပညာကို မလေးစားရင် ဘယ်တော့မှ မအောင်မြင်ဘူး၊ အလုပ်လုပ်ပြီး အလုပ်ကို မလေးစားရင် ဘယ်တော့မှ မအောင်မြင်ဘူး၊ တရားအားထုတ်ပြီး တရားကို မလေးစားရင် ဘယ်တော့မှ တရားကိစ္စ မပြီးဘူး၊ ဒါကြောင့် မောင်မယ်တို့အရွယ် ပညာသင်ချိန်မှာ ပညာကို လေးစားကြစေလိုပါတယ်၊ ပညာကို လေးစားတယ်ဆိုတာဟာ သင်ကြားပေးတဲ့ ဆရာကိုလည်း လေးစားရတယ်၊ သင်ကြားတဲ့ ပညာအပေါ်မှာလည်း လေးစားရတယ်၊ ယုတ်စွအဆုံး ကိုယ်ကိုင်တဲ့ စာအုပ်စာသည်များကိုတောင် လေးစားရပါတယ်။

ဆရာတို့ငယ်ငယ်တုန်းက စာသင်တော့မယ်ဆိုရင် စာအုပ်ကို အမြဲတမ်း ကန်တော့ရပါတယ်၊ စားတဲ့ထမင်းလုံးကိုတောင် အသက်သခင် ကျေးဇူးရှင်ရယ်လို့ ကျော်လွှားမသွားရဘူး၊ မနင်းရဘူး၊ ဒါဟာ ဂါရဝမင်္ဂလာရဲ့ပြယုဂ်တွေ ဖြစ်ပါတယ်၊ ဘာသာရေးအရ ဆုတ်ကပ် တက်ကပ် သတ်မှတ်ရာမှာလည်း ဒီမင်္ဂလာဟာ ပြဒါးချိန်ပါပဲ၊ ခုခေတ်ကို သိပ္ပံပညာတွေ တိုးတက်နေလို့ တချို့က တိုးတက်တဲ့ခေတ်လို့ သတ်မှတ်ကြပေမယ့် ဘာသာရေးမျက်စိ လူမှုရေးမျက်စိနဲ့ကတော့ ဂါရဝတရားတွေ တဖြည်းဖြည်း ပျက်ပြားလာကြလို့ ဆုတ်ယုတ်တဲ့ ခေတ်လို့ သတ်မှတ်ရပါလိမ့်မယ်၊ ဒါကြောင့် အစစ အရာရာမှာ ဂါရဝတရား

http://www.dhammadownload.com

လက်ကိုင်ထားပြီး အများကြီး မကျင့်နိုင်တောင် ကျောက်သင်ပုန်းမှာ ရေးပြထားတဲ့ ရှင်မဟာရဋ္ဌသာရရဲ့ ကဗျာလေးပါ ဂါရဝတရားများကိုဖြင့် မောင်မယ်တို့ ကာယကံမြောက် ကျင့်သုံးနိုင်ကြပါစေလို့ ဆရာ ဆန္ဒပြုလိုက်ပါတယ်၊ ဂါရဝနဲ့ပတ်သက်တဲ့ ဇာတ်လမ်းအများအပြား ရှိပေမယ့် မောင်မယ်တို့နဲ့ ဟပ်မယ့် ဇာတ်လမ်းလေးကို ဆရာ ရွေးချယ်ထားပါတယ်၊ ငါးရာ့ငါးဆယ်၊ စတုက္ကနိပါတ်၊ ဆဝဇာတ်ကို ပြောပြပါမယ်၊ ကဲ-နားထောင်။

ဆဝဇာတ်

ရှေးအခါက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း တိုင်းပြည်အုပ်ချုပ်မင်းလုပ် စိုးစံစဉ် ဆရာတို့ ဘုရားအလောင်းတော်ဟာ အကြောင်းမလှလို့ စဏ္ဍာလ ဖြစ်ခဲ့ရပါတယ်၊ တစ်နေ့မှာ အိမ်ရှင်မက သရက်သီး စားချင်တဲ့ ချဉ်ခြင်းဖြစ်လို့ အလောင်းတော်ကို ပူဆာတဲ့အခါမှာ အလောင်းတော်က ယခုအချိန်ဟာ သရက်သီးချိန် မဟုတ်တဲ့အကြောင်း၊ အခြားအသီးများကို ရှာပေးမည်ဖြစ်ကြောင်း ပြောကြားပါတယ်၊ ဒါပေမယ့် အိမ်ရှင်မက သရက်သီးမှ မစားရရင် သူ သေရပါလိမ့်မယ်လို့ တတွတ်တွတ် ပူဆာတဲ့အတွက် သရက်သီးကို စုံစမ်းတဲ့အခါမှာ ဘုရင့်ဥယျာဉ်တွင်းက သရက်ပင်များဟာ တစ်ဆယ့်နှစ်ရာသီ သီးကြောင်း သတင်းရတာနဲ့ ညအခါမှာ ဥယျာဉ်တော် သွားပြီး သရက်သီး ခိုးမိပါတယ်၊ ညအခါဖြစ်လို့ သရက်ပင်ပေါ်မှာ သရက်သီး ရှာနေတုန်းပဲ မိုးလင်းသွားတာနဲ့ အောက်ပြန်မဆင်းရဲလို့ သရက်ပင်ပေါ်မှာ ပုန်းနေရသတဲ့။

နေ့လယ်လောက်ကျတော့ ဘုရင်မင်းမြတ်က ဗေဒင်ပညာသင်ဖို့ ပုရောဟိတ်ပုဏ္ဏားကြီးကို ခေါ်ပြီး ဥယျာဉ်ထဲကို ထွက်လာကာ သရက်ပင်ရင်း မြင့်တဲ့နေရာမှာ ဘုရင်မင်းမြတ်က ထိုင်ပြီး ပညာသင်ပေးရမယ့် ဆရာ ပုရောဟိတ်ပုဏ္ဏားကြီးကတော့ အောက်နားက ထိုင်လို့ ဗေဒင်ပညာကို သင်ပေးပါသတဲ့၊ တပည့်က အထက်၊ ဆရာက အောက်က ဖြစ်နေတဲ့ သဘာဝမကျတဲ့ မြင်ကွင်းကို သရက်ပင်ပေါ်က အလောင်းတော်က မြင်လေတော့ "အင်း- မင်းသည် မြင့်သောနေရာ၌ နေလျက် ဗေဒင်ကို သင်ကြား၏၊ ဤမင်းသည် တရား

http://www.dhammadownload.com

မစောင့်၊ ပုရောဟိတ်သည်လည်း နိမ့်သော နေရာ၌နေလျက် ဗေဒင်ကို သင်ကြားပေး၏၊ ဤ ပုရောဟိတ်လည်း တရားမစောင့်၊ ငါလည်း မိန်းမ အလိုလိုက်ကာ သရက်သီး ခိုး၏၊ ငါလည်း တရားမစောင့်''ဟု စဉ်းစားမိပြီး သရက်ပင်ပေါ်က ဖြုန်းခနဲ ခုန်ဆင်းလိုက်ကာ မင်းနဲ့ ပုဏ္ဏားကို ''အရှင်မင်းကြီး၊ ကျွန်ုပ်ကား ပျက်စီး၏၊ အရှင်မင်းကြီးကား တွေဝေ၏၊ ပုရောဟိတ်ကား အလိုရမ္မက်ကြီး၏''ဟု ရဲဝံ့စွာ အပြစ်တင်လိုက်သတဲ့။

မင်းနဲ့ ပုဏ္ဏားတို့ဟာ မမျှော်လင့်ဘဲ ရဲတင်းတဲ့ အပြစ်တင်သံကို ကြားလိုက်ရတော့ အံ့အားသင့်သွားပြီး နောက်မှ အကြောင်းစုံကို မေးမြန်းသတဲ့၊ အင်း– အသိတရားရှိတဲ့ ဘုရင်နဲ့ ပုဏ္ဏားမို့သာပေါ့ကွယ်၊ နို့မဟုတ်ရင်တော့ မင်းလိုကောင်က ဒီလို ဝေဖန်ရကောင်းလား ဆိုပြီး ဆွဲထောင်းရင် အသက်ပါ ပျောက်သွားနိုင်တယ်၊ အမှန်တရားကို မြတ်နိုးတတ်သူတွေအဖို့ ဒီဇာတ်လမ်းပါ သုံးဦးသားတို့ရဲ့ မြင်ကွင်းဟာ အတုယူစရာ မကောင်းဘူးလားကွယ်၊ သူတော်ကောင်းဆိုတာ အမှားကို ထောက်ပြရင် ဝန်ခံရဲတဲ့သတ္တိ ရှိရတယ်ကွယ့်။

ဘုရင်နဲ့ ပုဏ္ဏားက အကြောင်းစုံ မေးတော့ အလောင်းတော်က ''အရှင်မင်းကြီးဟာ မင်းမာန်ရစ်ပြီး ပညာကို မလေးစား၊ ပုဏ္ဏားကြီးလည်း ငွေမက်ပြီး ပညာကို လျှော့ဈေးနဲ့ ရောင်း၊ ကျွန်ုပ်လည်း မယားစကား နားထောင်ပြီး သရက်သီး ခိုးတဲ့အတွက် တစ်ယောက်မှ တရားမစောင့်ဘူး၊ တစ်ယောက်မှ မကောင်းဘူး၊ အားလုံး လူယုတ်မာချည်းပဲ''လို့ ပြန်ပြောသတဲ့ကွယ်၊ နောက်ဆက်လက်ပြီး ဘုရင်နဲ့ ပုဏ္ဏားကို အမှန်တရားများကို ပြောပြတဲ့အခါမှာ ဘုရင်က ကျေးဇူးတင်ပြီး အလောင်းတော်ကို ညဘက်မှာ မင်းလုပ်စေပြီး ဘုရင်ကတော့ နေ့ဘက်မှာ မင်းပြုပါသတဲ့၊ အလောင်းတော် သတိပေးချက်ကြောင့်ပဲ ဘုရင်က အောက်မှ ထိုင်၊ ပုဏ္ဏားကြီးက အထက်မှနေပြီး ဗေဒင်ပညာကို သင်ယူပါသတဲ့၊ ဒါဟာ ပညာကို လေးစားတဲ့ ဂါရဝမင်္ဂလာရဲ့ မြင်ကွင်းမှန်ပေါ့ကွယ်။

အေး ဒါကြောင့် ပညာသင်ရွယ် မောင်မယ်တို့တစ်တွေဟာ အစစအရာရာမှာ ဂါရဝတရား လက်ကိုင်ထားပြီး ပညာကို လေးလေးစားစား သင်ယူကြပါလို့ တိုက်တွန်းလိုက်ပါတယ်၊ ''အရှင်မင်းကြီး၊ ကျွန်ုပ်ကား ပျက်စီး၏၊

http://www.dhammadownload.com

အရှင်မင်းကြီးကား တွေဝေ၏၊ ပုရောဟိတ်ကား အလိုရမ္မက်ကြီး၏'' ဆိုတဲ့ အလောင်းတော်ရဲ့ သတိပေးသံကို နာခံရင်း နိဂုံးချုပ်ကြပါစို့။

ရှိသေထိုက်သူ ရှိသေပါ

- ဆဝဒေသနာ ဇာတ်လာစကားကို၊
  မှတ်ပါအများ လိုက်နာဖွယ်။
  ဗုဒ္ဓ ဓမ္မ သံဃံ မှတ်ကွယ့်၊
  ဆရာမြတ်နဲ့ မိဘနှစ်သွယ်။

- ရှိသေထိုက်သူ ရှိသေကြမှ၊
  မင်္ဂလာ ဂါရဝ ပြည့်စုံကြွယ်။
  မင်္ဂလာကို လက်တွေ့ကျင့်လို့၊
  ရှေ့သို့တစ်ဆင့် တက်ရမယ်။

- မိမိအကျိုး တိုင်းပြည်ကျိုး၊
  သယ်ပိုးရွက်ဆောင်ကွယ်။
  အဲဒါကြောင့် ရှိသေထိုက်အား ရှိသေပြား၊
  မှတ်သား မင်္ဂလာကွယ်။

မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ၊

ဓမ္မဗျူဟာစာစောင်၊ အတွဲ (၆)-အမှတ်(၁၀)၊ အတွဲ(၄၄)အမှတ်(၁၁)

http://www.dhammadownload.com

၂၃ - ဦဝိတော ဓ



http://www.dhammadownload.com

၂၃။ နိဝါတော စ

(ဓာနိဓာန နှိမ်ချရေးစခန်းသော)

မောင်မယ်တို့လည်း ပြက္ခဒိန်တစ်ပတ်လည်လို့ နွေရာသီ ကျောင်းပိတ်ရက်တောင် ရောက်လာခဲ့ပြန်ပြီ၊ အေး– အခုလို ကျောင်းအားရက်ကလေးမှာ စိတ်မလေလွင့်ကြဘဲ မိမိအတွက်၊ တိုင်းပြည်အတွက် အကျိုးထွက်မယ့် အလုပ်တစ်ခုခုကို လုပ်ရင်းအချိန်ကို တန်ဖိုးရှိရှိ အသုံးချကြဖို့ရာ ဆရာ အလေးအနက် တိုက်တွန်းပါတယ်၊ အချိန် သိပ်မရတဲ့အတွက် ဒီတစ်ပတ်တော့ ခပ်သုတ်သုတ်ကလေး ပြောကြစို့ရဲ့၊ ကဲ– သင်တန်းစတော့မယ်။

''မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ''

ပြီးခဲ့တဲ့ မင်္ဂလာတရားတွေကို တစ်ပါးချင်း ကာယကံမြောက် လက်တွေ့ကျင့်သုံးကြမယ်ဆိုရင် လူလိမ္မာ အသိပညာရှင်လေးတွေ၊ လူလိမ္မာ အတတ်ပညာရှင်လေးတွေ မုချ ဖြစ်လာဖို့ သေချာပါတယ်၊ ဒီတော့ ပတ်ဝန်းကျင်က ဝိုင်းပြီး ချီးမြှောက်ကြမယ်၊ ဝိုင်းပြီး ဂုဏ်ပြုကြမယ်၊ ဂုဏ်ပြုခံရတဲ့သူကလည်း ပတ်ဝန်းကျင်ရဲ့ မြှောက်စားမှုအပေါ်မှာ သာယာပြီး 'တယ်ဟုတ်တဲ့ ငါပါလား၊ ငါလိုလူ ဖမ္ဘူမှာ ရှိသေးလား၊ ငါနဲ့ငါသာ နှိုင်းစရာပါလား'စသည်ဖြင့် စိတ်ကြီးတွေ ဝင်လာမယ်၊ ဘဝင်တွေ မြင့်လာမယ်၊ လက်မတွေ တထောင်ထောင်ဖြစ်လာမယ်၊ ခေါင်းလေး တထောင်ထောင်၊ လည်လေး တမော့မော့ ဖြစ်လာမယ်၊ ဒီအခြေအနေ ဒီဖြစ်ရပ်တွေကို ကြိုတင် မြင်လို့ မင်္ဂလာတရား

http://www.dhammadownload.com

တော်က **နိဝါတောစ–** တဲ့၊ ဒီလို ဆက်လက် ညွှန်ကြားတော်မူပါတယ်၊ **နိဝါတောစ–** မိမိကိုယ်ကို နှိမ့်ချပါ၊ ဘဝင်မမြင့်ပါနဲ့တဲ့၊ ဘယ်လောက်များ အကွက်စေ့လိုက်သလဲလို့၊ ဒါကြောင့် **သွာက္ခာတော–** အစ၊ အလယ်၊ အဆုံး သုံးပါးလုံးမှာ ကောင်းတဲ့တရားလို့ ဆိုတာပေ့ါ၊ အမေကျော် ထွေးတော် မလွမ်း ကြစမ်းပါနဲ့၊ နပ်တွဲလဲနဲ့ ဘုန်းကြီးကျောင်းသားတွေ ဖတ်တဲ့စာ ဆိုပြီး အထင် မသေးလိုက်စမ်းပါနဲ့၊ အမြင်နုပ်ပေမယ့် စိန်ထုပ်တဲ့ မြပဝါပါကွယ်။

နိဝါတောစ– ကိုယ့်ကိုယ်ကို နှိမ့်ချရမယ်၊ ဘဝင်မမြင့်ရဘူး၊ လက်မ မထောင်ရဘူးတဲ့၊ ဒီမင်္ဂလာဟာ အပြောလွယ်သလောက် လက်တွေ့မှာ ခက် ပါတယ်၊ နိဝါတ မင်္ဂလာရဲ့ ဆန့်ကျင်ဘက်ဟာ မာနတရားပဲ၊ မာနတရား ဆိုတာက စာစကားနဲ့ ပြောရရင် အနာဂါမ်ကျမှ လုံးဝ ပယ်နိုင်တယ်၊ လောက မှာ ကြီးပွား တိုးတက်ချင်ကြတယ် ဆိုရင်ဖြင့် အနာဂါမ်လို မာနကို လုံးဝ မပယ်နိုင်တောင် ခေါင်းပါးအောင်တော့ သတိထားရလိမ့်မယ်၊ ဒီ နိဝါတမင်္ဂလာ ကို ကြိုးစား ဖြည့်ကျင့်ရင် မာနဟာ အစွယ် မထောင်တော့ဘဲ အရာရာမှာ တိုးတက် အောင်မြင်မှုကို မုချ ရနိုင်ပါတယ်၊ ဒါကြောင့် ကြီးပွား တိုးတက် လိုသူများအတွက် မင်္ဂလာက **နိဝါတောစ–** ကိုယ့်ကိုယ်ကို နှိမ်ချကြစမ်းပါ၊ ဘဝင်မမြင့်ကြစမ်းပါနဲ့၊ ဘဝကို မြင့်ကြစမ်းပါ၊ လက်မ မထောင်ကြစမ်းပါနဲ့တဲ့၊ ဘဝင်မြင့်တော့ ဘာဖြစ်သလဲ၊ လက်မ ထောင်တော့ ဘာဖြစ်သလဲ၊ တိုတို ပြောတော့ လူမုန်းတာပေ့ါ၊ လူမုန်းရင် မအောင်မြင်ဘူးပေ့ါ၊ မအောင်မြင်ရင် မကြီးပွားဘူးပေ့ါ၊ ဒီမင်္ဂလာ ပျက်ကွက်ရင် မတိုးတက်တဲ့အပြင် ရှိပြီးသားလေး တွေတောင် ပဲ့သွားတတ်ပုံလေးတွေကို အနီးကပ်ဆုံး ဥပမာလေးတွေနဲ့ ပြော ပြဦးမယ်။

ဥပမာ– လူရည်ချွန်တစ်ယောက် ဆိုပါတော့၊ သူ့ကို တော်လို့ လူရည် ချွန် ရွေးပြီး လွှတ်လိုက်တယ်၊ ကိုယ့်ရပ်ကိုယ့်ရွာ ပြန်ရောက်လာတော့ သူ့ ကိုယ်သူ လူရည်ချွန်ဆိုပြီး ဘဝတူကျောင်းသားတွေအပေါ် အဖက်မတန်သလို လို၊ မခေါ်ချင် သလိုလိုနဲ့ ဆောင့်ကြွားကြွား နေတယ်ဆိုပါတော့၊ ကဲ– ဘယ့် နှယ့်ရှိစ၊ ဒီ လူရည်ချွန်အပေါ် မောင်မယ်တို့ ဘယ်လို သဘောထားမလဲ၊ ဒီကောင် လူပါးဝတယ်ဆိုပြီး ဝိုင်းပယ်ကြမယ် မဟုတ်လား၊ အဲဒါမျိုးပေ့ါကွယ်၊

http://www.dhammadownload.com

ထိုင်နေအကောင်းသား။ ထသွားမှ အကျိုးမှန်းသိတယ် ဆိုတာလေ၊ လူရည်ချွန် မဖြစ်ခင်တုန်းကမှ အပေါင်းအသင်း ရှိသေးတယ်၊ လူရည်ချွန်ဖြစ်သွားမှ ပတ်ဝန်းကျင်က ဝိုင်းပယ်ကြတော့ ရှိပြီးသား အရင်းလေးပါ ပြုတ်သွားရရှာ တယ်၊ အဲဒါဟာ နိဝါတမင်္ဂလာ ပျက်ကွက်တဲ့အတွက် မကောင်းတဲ့ ရလဒ်ပဲ ဖြစ်ပါတယ်၊ တကယ်လို့ အဲဒီလူရည်ချွန်ဟာ နိဝါတမင်္ဂလာနဲ့ ပြည့်စုံလို့ အပေါင်းအသင်းတွေအပေါ်၊ ပတ်ဝန်းကျင်အပေါ် လူရည်ချွန်အသိတွေနဲ့ ဆက် ဆံရေးတွေ ပိုကောင်းလာမယ်၊ ဘဝင်မမြင့်ဘူး၊ မာနမကြီးဘူး၊ သူငယ်ချင်း တွေအပေါ် အထင်မသေးဘူးဆိုရင် မောင်မယ်တို့ ဘယ်လို သဘောထား မလဲ၊ သူ့အပေါ် ချစ်ကြလွန်းလို့ ဝိုင်းပြီး ဖက်တောင် နမ်းကြဦးမယ် မဟုတ် လား၊ အပေါင်းအသင်းတွေ ပိုပေါလာမယ်၊ ရှိပြီးသာ အပေါင်းအသင်းတွေ ကလည်း ပိုခင်လာမယ်၊ ပိုလေးစားလာကြမယ်၊ မယုံရင် စမ်းကြည့်ပါ၊ ဒီ သဘောလေးတွေကို တကယ့်လူရည်ချွန်တွေ သဘောပေါက်ထားဖို့ လိုတယ် ကွယ့်နော်၊ စံပြအလုပ်သမားတွေလည်း ဒီမင်္ဂလာကို မျက်ခြည်မပြတ်သင့်ကြ ဘူး၊ မျက်ခြည် မပြတ်အောင်လည်း သက်ဆိုင်ရာ ပုဂ္ဂိုလ်များက သတိပေးသံ ကြားရလေတော့ ဝမ်းသာလှပါတယ်။

လူဆိုတာ ဘဝ မမေ့ဖို့ လိုတယ်၊ ပတ်ဝန်းကျင်ကို မစော်ကားမိဖို့ လိုတယ်၊ ဘဝကို မေ့ပြီး ပတ်ဝန်းကျင်ကို စော်ကားမိရင် ဒီလူ တစ်သက်လုံး မကြီးပွားဘူးဆိုတာ ဗေဒင်မေးစရာ မလိုတော့ပါဘူး၊ ဆီးသီးသည် ဘဝကို မေ့သွားလို့ ဒုက္ခရောက်ရတဲ့ သုမနဒေဝီတို့၊ ခြသေ့်ရေ ခြုံထားပြီး ဘဝမေ့သွား လို့ ဒုက္ခရောက်ရတဲ့ မြေခွေးတို့ဟာ သင်ခန်းစာ ယူစရာတွေပေါ့ကွယ်၊ ငါးရာ ငါးဆယ်နိပါတ်တော်မှာ ပါလေရဲ့၊ ဘဝင်မမြင့်နဲ့၊ ဘဝမြင့်အောင် ကြိုးစားပါ၊ ဘဝမေ့တယ်၊ ပတ်ဝန်းကျင်ကို အထင်သေးတယ်ဆိုတာဟာ မာနရဲ့ လက်ချက် ပဲ ဖြစ်ပါတယ်၊ ဒီမာနကို ချိုးနှိမ်ဖို့အတွက် ဒီ နိဝါတမင်္ဂလာကို ကြိုးစား ဖြည့်ကျင့်ရမယ်။

မာနဆိုတာက တော်တော် ခက်တယ်ကွယ့်၊ ကိုယ်က မြင့်နေတော့ လည်း အောက်ကလူတွေအပေါ် တူသလား၊ တန်သလားဆိုပြီး ဘဝင်မြင့် တယ်၊ တန်းတူဖြစ်နေတော့လည်း သူနဲ့ ငါနဲ့ ဘာထူးသေးလဲဆိုပြီး လက်မထောင်

http://www.dhammadownload.com

တယ်၊ ကိုယ်က နိမ့်နေပြန်တော့လည်း အပေါ်မော့ပြီး ဘာအရေး စိုက်စရာ လိုလဲ၊ ကိုယ့်ရှိမှ ကိုယ်စားရတာ စသည်ဖြင့် ကြဲဖန်ပြီး မာနတက်ကြပြန်တယ်၊ ရွက်အိုးဟာ ရေပြည့်ရင် ဘောင်ဘင် မခတ်သလို၊ စပါးသီးနှံများဟာ အနှစ်ပြည့်လာရင် အောက်နိမ့်ကျသလို လူဟာလည်း အရည်အချင်း ပြည့်ဝလာလေ ပျာလောင်မခတ်ဖို့ လိုလေ၊ တိုးတက်လာလေ နှိမ့်ချရလေ ဆိုတာကို နှစ်နှစ်ကာကာ သဘောပေါက်ထားဖို့ လိုတယ်ကွယ့်၊ ဒီလိုမဟုတ်ဘဲ ပျာလောင်ခတ်ပြီး ထောင်ထောင် ထောင်ထောင် လုပ်လာရင်တော့ ပတ်ဝန်းကျင်က အမြင်ကတ်ပြီး ဝိုင်းပယ်တတ်ကြပါတယ်၊ ကိုယ့် လက်ရှိအခြေအနေကြောင့် အပယ်မခံရတောင် လူ့ချဉ်ဖတ် ဖြစ်တော့တာပေါ့ကွယ်၊ ကိုယ့်ရှေ့တော့ ဟုတ်ကဲ့၊ နောက်ကွယ်တော့ နှာခေါင်းရှုံ့တာ ခံကြရတတ်တယ်။

ပညာတတ်လာရင် ပညာမာန်မတက်ဘဲ ပညာမတတ်သူများကို နိဂါတ အပြည့်အဝနဲ့ ဆက်ဆံပါ၊ ပစ္စည်းရှိလာရင် ဓနမာန်မတက်ဘဲ ပစ္စည်းမဲ့သူများကို နိဂါတ အပြည့်အဝနဲ့ ဆက်ဆံပါ၊ လှလာရင် အလှမာန်မတက်ဘဲ မလှသူများကို နိဂါတ အပြည့်အဝနဲ့ ဆက်ဆံပါ၊ အဲဒီလို ဆက်ဆံရင် ပညာတတ်နဲ့ ပညာမဲ့၊ ဓနရှင်နဲ့ ပစ္စည်းမဲ့၊ အလှရှင်နဲ့ မလှသူများကြားမှာ ပြဿနာပေါ်ပေါက်စရာအကြောင်း နည်းသွားပါလိမ့်မယ်။

အဲဒီ ဆက်ဆံရေးက တစ်ဆင့်တက်ပြီး ပညာတတ်က ပညာမဲ့ကို အထင်မသေးဘဲ ပညာပေး၊ ဓနရှင်က ပစ္စည်းမဲ့ကို သွေးမစုပ်ဘဲ လုပ်အားအလျောက် ချီးမြှောက်စောင့်ရှောက်ကြမယ် ဆိုရင် မောင်မယ်တို့ မျှော်မှန်းတဲ့ လူ့ဘောင်သစ်ကြီးဟာ လက်တစ်ကမ်းမှာပဲ ရှိတယ်လို့ အားပေးစမ်းပါရစေ၊ ပညာတို့၊ ဓနတို့၊ အလှတို့ဟာ နိဂါတရှိသူများအဖို့ မိတ်ဆွေကောင်းသဖွယ် ဖြစ်ပေမယ့် နိဂါတ မရှိသူများအတွက်တော့ ရန်ဘက်တွေ ဖြစ်ကြပါတယ်၊ နိဂါတ မရှိရင် ဒီပညာ၊ ဒီဓန၊ ဒီအလှတို့ဟာ ကိုယ့်ကိုယ်ကို ပြန်ပြီး ဖျက်ဆီးပစ်တတ်ကြပါတယ်၊ သံကိုသံဖျက် သံချေးတက်ဆိုတာ ကြားဖူးကြမှာပေါ့။

ဒါကြောင့် တပင်တပန်း သင်လာရတဲ့ ပညာအတွက် လူမမုန်းပါစေနဲ့၊ တပင်တပန်း ရှာလာရတဲ့ ဓနအတွက် လူမမုန်းပါစေနဲ့၊ တပင်တပန်း ဆင်ယင်ရတဲ့ အလှအတွက် လူမမုန်းပါစေနဲ့၊ **နိဂါတ–** ခြေသုတ်ပုဆိုး၊ မြွေစွယ်ကျိုး

http://www.dhammadownload.com

သို့၊ ချိုကျိုးနွားလား ပမာထားပြီး မိမိကိုယ်ကို နှိမ့်ချကြစမ်းပါလို့ မောင်မယ်တို့ကို သတိပေးရပါစေ၊ ဆရာကိုယ်တိုင်လည်း ဒီ မင်္ဂလာကို သတိထားပြီး ကြိုးစားနေပါတယ်။

နှိမ့်ချပါဆိုတာ အောက်ကျ နောက်ကျခံပါလို့ ဆိုလိုတာ မဟုတ်ဘူးနော်၊ ကိုယ်က ပညာအားဖြင့်ဖြစ်စေ၊ ဓနအားဖြင့်ဖြစ်စေ၊ ကာယအားဖြင့်ဖြစ်စေ၊ အလှအားဖြင့်ဖြစ်စေ ဘာနဲ့ဖြစ်ဖြစ် သူတစ်ပါးထက် သာနေရင် တစ်ဖက်သားမှာ ကိုယ့်ထက်သာ မနာလို မဖြစ်ရလေအောင် သူ့ကို သနားသောအားဖြင့် ကိုယ့်စိတ်ကို ကိုယ်နှိမ်ချပြီး သူနဲ့တန်းတူဖြစ်သွားအောင် ဆက်ဆံပါလို့ ဆိုလိုတယ်ကွယ့်။

တကယ် နှိမ့်ကျသွားသလားဆိုတော့ မနှိမ့်ကျပါဘူး၊ နှိမ့်လေ မြင့်လေသာ ဖြစ်လာပါတယ်၊ အညွန့်တက်တဲ့ သစ်ပင်များကို ပိုပြီး တက်အောင် ခေါင်ညွှန့် နှိမ်ပေးတဲ့သဘောသာ ဖြစ်ပါတယ်၊ ဒီမင်္ဂလာဟာ အလွန်သိမ်မွေ့ပါတယ်၊ သိမ်မွေ့သလောက် တကယ် ကျင့်သုံးနိုင်ပြီဆိုရင်လည်း သွားလေရာ နေလေရာ ရောက်လေရာမှာ အန္တရာယ်မရှိ ဘေးမရှိဘဲ လူချစ်လူခင် ပေါ်များပြီး ကြံတိုင်းအောင်လို့ ဆောင်တိုင်းမြောက်နိုင်ပါတယ်၊ လူ့ဘဝ ခဏရလာတာဟာ ဘာများ မာနကြီးစရာ လိုသလဲကွယ်၊ တစ်နေ့ကျတော့ အားလုံး သေကြရမှာပါ။

ဒါကြောင့် အနန္တသူရိယ ပညာရှိကြီးက "**ရွှေအိမ်နန်းနှင့်၊ ကြငှန်းလည်းခံ၊ မတ်ပေါင်းရံလျက်၊ ပျော်စံရိပ်ငြိမ်၊ မင်းစည်းစိမ်ကား၊ သမုဒ္ဒရာထက်၊ ခဏတက်သည့်၊ ရေပွက်ပမာ၊ တစ်သက်လျာတည်း**"လို့ သတိပေးထားပါတယ်၊ ဒီနေ့ မှန်ကင်းဖြစ်နေပေမယ့် နောက်တစ်နေ့ ထင်းဖြစ်ချင် ဖြစ်နေမှာပါ၊ ဒါကြောင့် ခဏတာ ရလာတဲ့ လူ့ဘဝကို သာယာတဲ့ လူ့ဘောင်သစ်ကြီး တည်ဆောက်နိုင်ဖို့ ဆရာတို့တစ်တွေ နိဝါတမင်္ဂလာကို ကြိုးစား ဖြည့်ကျင့်ကြပါစို့၊ ဂါရဝတရားနဲ့ နိဝါတဟာ ဆက်စပ်နေပါတယ်၊ ဒါပေမယ့် နိဝါတက ပိုပြီး အရာကျယ်ပါတယ်၊ ဒီမင်္ဂလာနဲ့ စပ်ပြီး ပြောစရာ စကားတွေ အများကြီး ကျန်နေသေးပေမယ့် အချိန်မရတော့တဲ့အတွက် ဇာတ်လမ်းကို ဆက်ကြရအောင်။

http://www.dhammadownload.com

ဂါရဝနဲ့ နိဝါတဟာ ဆက်စပ်မှုရှိသလို ဇာတ်လမ်းပုံစံထုတ်ရာမှာလည်း ဆက်စပ်မှုသဘောကလေးပါအောင် ဒီဇာတ်လမ်းကို ကြိုးစားပြီး ရှာရပါတယ်၊ တေရသကနိပါတ်၊ အမ္ဗဇာတ်ကော်တဲ့၊ မူရင်းမှာ နည်းနည်းရှည်တယ်၊ ဒီမှာတော့ ချုံးပြီး ပြောပြပါမယ်၊ ကဲ–နားထောင်။

အမ္ဗဇာတ်

ဟိုရှေးရှေးတုန်းက ဗာရာဏသီပြည်မှာ ပုရောဟိတ်ပုဏ္ဏားမျိုးတစ်မျိုး ရှိသတဲ့၊ အဲဒီ ပုရောဟိတ်မျိုးဟာ တစ်နေ့တော့ ကူးစက်တတ်တဲ့ရောဂါတစ်ခုနဲ့ အားလုံး သေဆုံးကုန်တဲ့အခါမှာ ပုဏ္ဏားတစ်ယောက်ပဲ ထွက်ပြေး လွတ်မြောက်သွားသတဲ့၊ အဲဒီ ပုဏ္ဏားဟာ တက္ကသိုလ်သွားပြီး ပညာသင် ပြန်အလာမှာ ဒွန်းစဏ္ဍာလ်များနေတဲ့ ရွာကြီးတစ်ရွာသို့ ရောက်ခဲ့ပါတယ်၊ ဆရာတို့ ဘုရားအလောင်းဟာ အဲဒီရွာမှာ ရှိပါတယ်၊ အခါမဟုတ်ဘဲ သရက်သီးကို သီးစေနိုင်တဲ့အတတ်ကို ဘုရားအလောင်း တတ်ကြောင်းကို ပုဏ္ဏားက သတင်းလည်း ကြား၊ မျက်မြင်လည်းတွေ့တာနဲ့ ဘုရားအလောင်းထံမှာ တိုးလျှိုး တောင်းပန်ပြီး အဲဒီပညာကို တောင်းသတဲ့၊ ဝတ်ကြီး ဝတ်ငယ် အသွယ်သွယ်ကို နေ့စဉ်နေ့တိုင်းပြု၊ အစစ အရာရာ အနွံအတာ ခံပြီး တောင်းတော့ နောက်ဆုံး ဒီပညာကို ရရောဆိုပါတော့၊ ပညာပေးတဲ့အခါမှာ ဘုရားအလောင်းက ''ဘယ်သူမေးမေး ဒီပညာကို ဒွန်းစဏ္ဍာလ်ထံက ရခဲ့တယ်လို့ မှန်တဲ့အတိုင်း ပြောရမယ်၊ ညာပြောရင် ပညာကွယ်လိမ့်မယ်၊ သတိထား''လို့ မှာကြားလိုက်သတဲ့ကွယ်။

တိုတိုပြောတော့ ပုဏ္ဏားဟာ ဗာရာဏသီကို သွား၊ မင်းထံမှာ ခစားပြီး သူ တတ်လာတဲ့ မန္တရားအတတ်နဲ့ အချိန်မဟုတ်ဘဲ သရက်သီးများကို သီးအောင် လုပ်ပြတော့ ဆုလာဘ်များစွာ ရပြီး မင်းခစားဖြစ်သွားပါတယ်၊ ဘုရင်ကလည်း ပုဏ္ဏားကို ဥယျာဉ်ထဲခေါ်ခေါ်ပြီး ပညာစမ်းတယ်၊ စမ်းတဲ့အတိုင်းလည်း ဖြစ်အောင်လုပ်ပြနိုင်တော့ ဘုရင်က သဘောကျတာပေါ့၊ တစ်နေ့တော့ ဘုရင်က ဒီပညာကို ဘယ်က တတ်လာတာလဲလို့ မေးတဲ့အခါမှာ ပုဏ္ဏားဟာ ပတ်ဝန်းကျင်ရဲ့ မြှောက်စားမှုအပေါ်မှာ မိန်းမောပြီး ဘဝကို မေ့နေတဲ့အတွက် သူ့ဆရာဟာ ဒွန်းစဏ္ဍာလ်ပါလို့ ပြောရမှာ ရှက်လာတယ်၊ တယ်ဟုတ်တဲ့ ငါ

http://www.dhammadownload.com

ပါလားလို့လည်း ဘဝင်မြင့်နေလေတော့ လေလုံးထွားထွားနဲ့ ဒိသာပါမောက္ခ ဆရာကြီးထံက သင်ခဲ့တာပါလို့ ပြောသတဲ့၊ ကိုယ့်ကိုယ်ကို မနှိမ့်ချနိုင်လို့ နိဝါတ မထားနိုင်လို့ ခုလို ညာပြောတဲ့အတွက် မန္တရားအတတ်ဟာ ကွယ်ပျောက်သွားပြီး နောက်တစ်ခါ ဘုရင်ခိုင်းတော့ လုပ်မပြနိုင်တော့ဘဲ နောက်ဆုံးတော့ အလိမ်ပေါ်လို့ နှင်ထုတ်ခံရသတဲ့၊ နောက်ဆုံး အားကိုးရာမဲ့လို့ ဘုရားအလောင်းထံ သွားပြီး အသနားခံရမှာလည်း အလောင်းတော်က သစ္စာမရှိ ကတိမတည်တဲ့အတွက် နှင်ထုတ်လိုက်ပြန်ပါတယ်၊ နောက်ဆုံးမှာတော့ စားရမဲ့ သောက်ရမဲ့ဖြစ်ပြီး တောထဲမှာပဲ ဇာတ်သိမ်းသွားသတဲ့ကွယ်။

ဒီဇာတ်လမ်းမှာ ပုဏ္ဏားဟာ ဘဝင်မမြင့် လက်မ မထောင်ဘဲ နိဝါတ မင်္ဂလာနဲ့ ပြည့်စုံလို့ ဘဝကို မမေ့ဘဲ ဆရာကို မစော်ကားရင် ဒီလို ဘယ်ဖြစ်မလဲ၊ ခုတော့ ဘဝမေ့ပြီး ဆရ...ို စော်ကားတဲ့အတွက် နောက်ဆုံးမှာ ဒုက္ခနဲ့ ဇာတ်သိမ်းသွားရရှာတယ်၊ သတိပြုစရာပေါ့ကွယ်၊ နိဝါတနဲ့ ပတ်သက်လို့ အတုယူစရာလေး တစ်ခု ခပ်တိုတို ပြောရဦးမယ်။

မြတ်စွာဘုရား လက်ထက်တော်က အရှင်သာရိပုတ္တရာမထေရ်ကြီးဟာ သတိလစ်ပြီး သင်းပိုင်ကို မညီမညာ ဝတ်ထားတာကို ကိုရင်ငယ်လေးက တွေ့တော့ ''အရှင်ဘုရား၊ သင်းပိုင်ကြီးက မညီမညာ ဖြစ်နေပါတယ်၊ သိက္ခာပုဒ်နဲ့ ညီအောင် ဝတ်ပါ''လို့ သတိပေးသတဲ့၊ ဒီတော့ မထေမြတ်ကြီးဟာ ကွယ်ရာသွားပြီး သင်းပိုင်ကို ပြင်ဝတ်ကာ ကိုရင်လေးထံ ပြန်လာပြီး ကိုရင်ကလေးကို မတ်တပ်ရပ် လက်အုပ်ချီလို့ ''ဆရာ–သိက္ခာပုဒ်နဲ့ ညီပါပြီလား''လို့ နိဝါတ အပြည့်အဝနဲ့ မေးတော်မူပါတယ်၊ ဘယ်လောက်များ အတုယူစရာ ကောင်းလိုက်ပါသလဲကွယ်၊ အရှင်သာရိပုတ္တရာဆိုတာ မောင်မယ်တို့လည်း ကြားဖူးမှာပေါ့၊ ပညာအရာမှာ အမြတ်ဆုံး အတော်ဆုံးလို့ အချီးကျူးခံရတဲ့ လက်ယာတော်ရံ အဂ္ဂသာဝကကြီးလေ၊ ဒါပေမယ့် ဘယ်လောက် နှိမ်ချတဲ့ စိတ် ရှိတယ်ဆိုတာ ဒီဖြစ်ရပ်ကလေးက သက်သေပြခဲ့ပါတယ်။

အဆင့်အတန်း မြင့်လာလေ နှိမ့်ချရလေ၊ တိုးတက်လာလေ နိဝါတထားရလေဆိုတာ အလေးအနက် သတိပြုစရာပေါ့ကွယ်၊ စပါးနှံများဟာ အနှစ်ပြည့်လာရင် အောက်ကို နိမ့်ကျလာတယ်၊ သတိပြုစရာပေါ့ကွယ်၊ အညွန့်

http://www.dhammadownload.com

ပိုတက်ချင်ရင် ခေါင်းညွှန့်ကို နှိမ်ပေးရတယ်ဆိုတဲ့ ယထာဘူတ အမြင်လေး တွေရှိလာရင် ဒီမင်္ဂလာအတွက် သိပ်မခက်ခဲပါဘူး။ ဒါကြောင့် မောင်မယ်တို့ တစ်တွေ အစစ အရာရာ ဂါရဝနဲ့ ပြည့်စုံကြစမ်းပါ၊ နိဂါတနဲ့ ပြည့်စုံကြစမ်းပါ လို့ တိုက်တွန်းရင်း နိဂုံးချုပ်လိုက်ပါတယ်။

မိမိတို့ယ်တို့ နှိမ်ချပါ

❀ နိဂါတခေါ် မင်္ဂလာတရားကို၊
သေချာမှတ်သား လိုက်နာကွယ်။
ခြေသုတ်ပုဆိုး မြွေခွယ်ကျိုးသို့၊
ကိုယ့်ကိုယ်နှိမ်ချ ကျင့်ရမယ်။

❀ အမ္ဗဇာတ်လာ ဝတ္ထုသွားက၊
ဖတ်သူအများ တုယူဖွယ်။
မင်္ဂလာကို လက်တွေ့ကျင့်လို့၊
ရှေ့သို့တစ်ဆင့် တက်ရမယ်။

❀ မိမိအကျိုး တိုင်းပြည်ကျိုး၊
သယ်ပိုးရွက်ဆောင်ကွယ်။
အဲဒါကြောင့် ကိုယ်ကိုယ်နှိမ်ချ၊
ပြုကျင့်က မှတ်သား မင်္ဂလာကွယ်။

"မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ"

မွေးဖျူးဟာစာစောင်၊ အတွဲ (၆)–အမှတ်(၁၁)၊ အတွဲ(၄၄)အမှတ်(၁၂)



http://www.dhammadownload.com



http://www.dhammadownload.com

သန္တုဋ္ဌိ ပရမံ ဓနံ - အမြတ်ဆုံးဥစ္စာကား တင်းတိမ်ရောင့်ရဲခြင်းတည်း။
ယံ လဒ္ဓံ တေန တုဋ္ဌဗ္ဗံ - ရသမျှနှင့် ရောင့်ရဲကျေနပ်ရမည်။
အတိလောဘောဟိ ပါပကော - လောဘကြီးသူသည် လူယုတ်မာတည်း။

မောင်မယ်တို့လည်း ကျောင်းတွေ ပြန်ဖွင့်တော့မှာမို့ ကျောင်းတက်ဖို့ ပြင်ကြ ဆင်ကြနဲ့ အလုပ်များနေကြရော့မယ်၊ ကျောင်းသားဆိုတာ ကျောင်းတက် မှန်ရမယ်၊ စာ ကြိုးစားရမယ်ဆိုတဲ့ မိမိတို့နဲ့ဆိုင်ရာ အပ္ပမာဒ ဓမ္မမင်္ဂလာကို မျက်ခြည်မပြတ်ဖို့ ဆရာ သတိပေးပါတယ်၊ ကျောင်းတက်တယ်၊ စာသင်တယ်ဆိုတာ လူ့ဘဝ တစ်လျှောက်လုံးအတွက် အခြေခံ ဖောင်ဒေးရှင်း ချနေတာ ဖြစ်ပါတယ်၊ ဒီအခြေခံ မတောင့်တင်းသွားရင် လူ့ဘဝတစ်လျှောက်လုံး ကယိမ်းကယိုင်နဲ့ လူလုံးမလှ ဖြစ်သွားတတ်ပါတယ်၊ ကိုယ်သာ လူလုံးမလှ ဖြစ်မှာ မဟုတ်ပါဘူး၊ ကိုယ့်ကို မှီခိုပေါက်ဖွားလာတဲ့ သားစဉ် မြေးဆက်ပါ ကူးစက်သွားတတ်ပါတယ်။

လူတစ်ယောက်ဟာ အခြေခံပညာ မရှိခဲ့ရင် **အသိပ္ပသ ကုတော ဓနံ** ဆိုတဲ့အတိုင်းပဲ ပညာမတတ်ရင် ဥစ္စာရှိဖို့ ခဲယဉ်းပါတယ်၊ ဒီလို ဥစ္စာ မပြည့်စုံတဲ့အတွက် ဒီလူဟာ သားသမီးများကိုလည်း လူချင်းတူတူ သူချင်းမျှမျှထားနိုင်ဖို့ မလွယ်ဘူးကွယ့်၊ ဒီတော့ သားသမီးလေးတွေကျတော့လည်း ပညာမပြည့်စုံတဲ့အတွက် ဥစ္စာမပြည့်စုံ၊ ဒီလိုနဲ့ အိမ်ထောင်ကျ သားမွေး၊ ဟော– သူတို့ရဲ့ ကလေးတွေကျလည်း ဆင်းရဲပြန်ရော၊ ဒီလိုနဲ့ အမွဲသံသရာဟာ 'ပေါက်ပင် ဘာလို့ ကိုင်းရတယ်'ဆိုတဲ့ သီချင်းလို ကွင်းဆက် ဖြစ်သွားတော့တာပဲ၊ ဒါကြောင့် မိမိအတွက်ရော မိမိရဲ့ သားစဉ်မြေးဆက်အတွက်ပါ ထည့်တွက်ပြီး လူ့ဘဝရဲ့ အခြေခံဖြစ်တဲ့ ကျောင်းတက်ခြင်း၊ စာကြိုးစားခြင်းတို့ကို ခံယူချက် အပြည့်အဝနဲ့ ကြိုးစားကြစမ်းပါလို့ ဆရာ တိုက်တွန်းပါတယ်။

ကဲ– သင်တန်းစကြပါစို့။

http://www.dhammadownload.com

၂၄။ သန္တုဋ္ဌိစ

(ရောင့်ရဲလွယ်ရေးမင်္ဂလာ)

"မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ"

ဂါရဝေါ စ– ရိုသေထိုက်သူတွေကို ရိုသေပါ၊ **နိဝါတော စ**– ကိုယ့်ကိုယ်ကို နှိမ့်ချနေစမ်းပါတဲ့၊ အသေ၀နမှစပြီး တဖြည်းဖြည်း ကြိုးစား ဖြည့်ကျင့်ခဲ့ရတဲ့ ပေါင်းသင်း ဆက်ဆံရေးနဲ့ လူမှုရေးကိစ္စတွေမှာ ဒီ မင်္ဂလာနှစ်ပါးနဲ့ ဒေါက်ထောက် မထားနိုင်ရင် ခဲလေသမျှ သဲရေကျ ဖြစ်သွားနိုင်ပါတယ်။

လူဆိုတာ အခြေအနေ ကောင်းလာရင် တထောင်ထောင်နေတတ်ပါတယ်၊ ဒါဟာ ကျဆုံးဖို့ ရှေ့ပြေးနိမိတ်ပဲ၊ ဒီလိုမဟုတ်ဘဲ အခြေအနေ ကောင်းလာလေ ဂါရ၀–နိဝါတ ရှိရလေဆိုတဲ့အချက်ကို သဘောပေါက်ရင် ဒီလူဟာ တစ်သက်ကျဆုံးဖို့ မလွယ်တော့ပါဘူး။ ဂါရ၀–နိဝါတကို တိုတိုပြောတော့ မာန မကြီးရဘူးလို့ ဆိုလိုတာပါပဲ။

ပြီးတော့ သိပ္ပဋ္ဌ အနဝဇ္ဇကမ္မ–အပ္ပမာဒ ဓမ္မ စတဲ့မင်္ဂလာများနဲ့ ကြိုးစားပမ်းစား ဖြည့်ကျင့်လို့ တိုးတက်လာတဲ့ ပစ္စည်းဥစ္စာများအတွက် လောဘသမားတို့ သဘာ၀အတိုင်း ရလေ လိုလေ ဖြစ်တတ်ပါတယ်၊ လောဘ အားကြီးလာရင် မလုပ်သင့်တာတွေ လုပ်လို့ မပျက်စီးသင့်ဘဲ ပျက်စီးတတ်ပါတယ်၊ ဒါကို ထိန်းကျောင်းပေးဖို့ လိုလာပါတယ်၊ ဒါကြောင့် မင်္ဂလာတရားတော်က **သန္တုဋ္ဌိစ**– ရောင့်ရဲလွယ်ရမယ်တဲ့၊ ဒီလို ဆက်လက် ညွှန်ကြားတော်မူပါတယ်၊ ပေါင်းရေးသင်းရေး မပျက်စီးဖို့ ဂါရ၀–နိဝါတနဲ့ ထိန်းပါ၊ စီးပွားရေး မကျဆုံးဖို့ သန္တုဋ္ဌိနဲ့ ထိန်းပါလို့ ဆရာတော့ ဒီလို သဘောပေါက်ပါတယ်။

http://www.dhammadownload.com

'သန္တုဋ္ဌိ'ဆိုတာ တိုတိုပြောတော့ လောဘမကြီးနဲ့လို့ ဆိုလိုပါတယ်၊ **သံ**– မိမိဥစ္စာဖြင့်၊ **တုဋ္ဌိ**–နှစ်သက် ကျေနပ်ခြင်းတဲ့၊ သန္တုဋ္ဌိဆိုတာ သဒ္ဒါနည်းကျကျ ပြောတော့ မိမိဥစ္စာဖြင့်သာ ကျေနပ်ရမယ်ဆိုတော့ သူတစ်ပါးဥစ္စာကို မျက်စောင်း မထိုးရဘူး၊ သူတစ်ပါး ဥစ္စာကို မတရား မလိုချင်ရဘူး၊ သူတစ်ပါးအပေါ် ခေါင်းပုံ မဖြတ်ရဘူး၊ သူတစ်ပါးအပေါ် မတရား အမြတ်ကြီး မစားရဘူးဆိုတဲ့ အဓိပ္ပာယ်ဟာ ဘွားခနဲ ပေါ်လာတော့တာပါပဲ၊ တစ်နည်းအားဖြင့် သန္တုဋ္ဌိဆိုတာ မိမိအခြေအနေ ပေးသလောက်နဲ့သာ ကျေနပ်ရမယ်၊ မမီတဲ့ပန်းကို တုံးခုလို့ မလှမ်းရဘူးဆိုတဲ့သဘော ဖြစ်ပါတယ်။

မောင်မယ်တို့ခေတ်မှာ ပြောလေ့ ပြောထရှိတဲ့ ''တန်ရာတန်ရာ လုပ်ပါကွာ'' ဆိုတာဟာ သန္တုဋ္ဌိသဘောပါ၊ ကိုယ်နဲ့ တန်ရာတန်ရာလောက်နဲ့သာ ကျေနပ်တတ်ရပါတယ်၊ ဒီလိုမဟုတ်ဘဲ ''ဆားငန်ရေနောက်၊ ဝတ်တိုင်းသောက်က၊ သောက်လေ သောက်လေ၊ ဝတ်မပြေတည်း'' ဆိုတဲ့ သဘောတရားများလို မလိုလားအပ်ဘူးလို့ ဆိုလိုပါတယ်၊ ကဲ– ဘယ့်နှယ်ရှိစ၊ သန္တုဋ္ဌိမင်္ဂလာကို မောင်မယ်တို့ သဘောပေါက်ကြရဲ့လား၊ ဒီ မင်္ဂလာကို အားလုံး သဘောပေါက်ကြလို့ အားလုံး ကာယကံမြောက် လက်တွေ့ ကျင့်သုံးကြရင် ယနေ့ ဖြစ်ပေါ်နေတဲ့ ခေါင်းပုံဖြတ်တို့၊ အမြတ်ကြီးစားတို့၊ မှောင်ခိုဈေးတို့ဟာ အလိုလို ပျောက်ကွယ်ပြီး မှန်ကန်တဲ့ စီးပွားရေးစနစ်အောက်မှာ လူတွေဟာ သာတောင့်သာယာ ရှိကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။

ဒီနေရာမှာ ဒီမင်္ဂလာကို ပုံမှန် သဘောပေါက်ဖို့ လိုတယ်ကွယ့်၊ တချို့က သန္တုဋ္ဌိ– ရရသမျှနဲ့ ရောင့်ရဲရမယ်ဆိုတာကို လူပျင်းတွေး တွေးပြီး ဝီရိယမထားမကြိုးစားဘဲ ပေါ့ပေါ့စား ပေါ့ပေါ့သွား ပေါ့ပေါ့အိပ် ပေါ့ပေါ့တွေး ရသမျှနဲ့စား ပေးသမျှနဲ့ဝတ် ဘဝကို မရုန်းကန်ဘဲ ဖြစ်သလိုနေတာကို သန္တုဋ္ဌိလို့ ထင်နေကြတယ်၊ တရားသဖြင့် စီးပွားရှာရာမှာ နောက်ထပ် ရနိုင်တဲ့ အခြေအနေ ရှိလျက်သားနဲ့ ရပ်ဆိုင်းပစ်ခြင်း၊ ပညာသင်ရာမှာ သင်ကြားသင့်သေးပါလျက်၊ သင်ကြားခွင့် ရပါသေးလျက် ရပ်ဆိုင်းပစ်ခြင်းတို့ဟာ တကယ်တော့ သန္တုဋ္ဌိ မဟုတ်ပါဘူး၊ ကောသဇ္ဇ–ဆိုတဲ့ ပျင်းရိခြင်းသာ ဖြစ်ပါတယ်၊ သန္တုဋ္ဌိသဘော အစစ်က ဒီလို မဟုတ်ပါဘူး၊ တရားသဖြင့် စီးပွားကို ကြိုးစားရှာရမယ်၊ ကိုယ့်

http://www.dhammadownload.com

အတွက် လုံလောက်ရုံနဲ့ မပြီးသေးဘူး၊ ကိုယ့်မိသားစုအတွက်လည်း ကြိုးစားရဦးမယ်၊ ဒါနဲ့လည်း မပြီးသေးဘူး၊ စွမ်းနိုင်ရင် တိုင်းပြည်အတွက်လည်း ကြိုးစားရဦးမယ်၊ ဒီလို ကြိုးစားရာမှာ တရားသဖြင့် ဖြစ်စေရမယ်၊ လိုအပ်သည်ထက် ပိုပြီး အခွင့်ထူး မခံရဘူး၊ အားမငယ် စိတ်မပျက်ရဘူး၊ နောက်ဆုံး ကြိုးစားလျက်နဲ့ မအောင်မြင်ရင် အခြေအနေ ပေးသလောက် ကျေနပ်တတ်ရမယ်၊ ဒါဟာ လောကီရေးအတွက် သန္တုဋ္ဌိသဘော ဖြစ်ပါတယ်။

တရားအားထုတ်ပြီး လောကထွက်ရပ်လမ်းကို မျှော်မှန်းနေကြတဲ့ သူတော်စင်တို့အဖို့ ဒီမင်္ဂလာဟာ ပိုလို့ပင် အရေးကြီးပါတယ်၊ ဥပမာ– စားပွဲပေါ်မှာ ပါလာတဲ့ ဟင်းထမင်းလောက်နဲ့ မကျေနပ်တတ်ရင် အသစ် အသစ် ရှာမှီးရတဲ့အတွက် တရားအလုပ် ပျက်ပြားပါတယ်၊ လောကဘက်က တွက်ရင်လည်း ပိုက်ဆံ ပိုကုန်ပါတယ်၊ အဝတ်အစားအပေါ်မှာလည်း ထိုနည်းလည်းကောင်းပါပဲ၊ အနေအထိုင်မှာလည်း ထိုနည်းပါပဲ၊ ဒီလို သန္တုဋ္ဌိ မရှိဘဲ စားသင့်သည်ထက် ပိုစားချင်ရင်၊ နေသင့်သည်ထက် ပိုနေချင်ရင် ဓမ္မသမားများအတွက် တရားအလုပ်ပျက်ပြီး ဓနသမားများအတွက် စီးပွားပျက်တတ်ပါတယ်၊ ဓမ္မအလုပ် အောင်မြင်ရေးအတွက် သန္တုဋ္ဌိ အရေးပါသလို ဓနအလုပ် အောင်မြင်ရေးအတွက်လည်း ဒီမင်္ဂလာဟာ အလွန် အရေးကြီးပါတယ်၊ **'စီးတဲ့ရေ ဆည်တဲ့ကန်သင်း'** ဆိုတဲ့ စီးပွားရေးစကားပုံမှာ ဆည်တဲ့ကန်သင်းဟာ သန္တုဋ္ဌိပါပဲ၊ စီးပွားရှာပြီး သန္တုဋ္ဌိ မရှိရင် စုမိဆောင်းမိဖို့ မလွယ်ပါဘူး။

အမှန်အတိုင်း ဝန်ခံရရင်ဖြင့် ဆရာတော့ ဒီမင်္ဂလာ မပြည့်စုံသေးဘူး၊ ဒီမင်္ဂလာကို ကျေနပ်တဲ့အထိ ကာယကံမြောက် မကျင့်သုံးနိုင်ခဲ့သေးပါဘူး၊ ကြိုးစားရပါဦးမယ်၊ မောင်မယ်တို့ ကျောင်းသူ ကျောင်းသားများဟာလည်း တစ်နှစ် တစ်တန်း အောင်မြင်အောင် တရားနည်းနဲ့ ကြိုးစားရပါမယ်၊ ဒီလို ကြိုးစားလျက်နဲ့ မအောင်မြင်ခဲ့ရင် စိတ်မပျက်ရဘူး၊ အားမငယ်ရဘူး၊ မိမိတို့ လက်ရှိအတန်းနဲ့ပဲ ကျေနပ်တတ်ရမယ်၊ ဒီလို မကျေနပ်နိုင်ဘဲ မတရားတဲ့နည်းတွေနဲ့ စာမေးပွဲ မဖြေရဘူး၊ ဒီလိုလုပ်ရင် သန္တုဋ္ဌိ မဖြစ်တော့ဘူး၊ တရားတဲ့ နည်းလမ်းများနဲ့သာ မှန်မှန် ကြိုးစားပြီး တစ်နှစ် တစ်တန်းအောင်အောင် ကြိုးစားသွားရမယ်၊ ဒါဟာ မောင်မယ်တို့နဲ့ အဓိကသက်ဆိုင်တဲ့ သန္တုဋ္ဌိသဘောပါပဲ။

http://www.dhammadownload.com

သန္တုဋ္ဌီဆိုတာ မတရားတဲ့ ဝိသမလောဘကို ချိုးနှိမ်ပစ်တာပါပဲ၊ မျက်မှောက်ခေတ်မှာ ဒီမင်္ဂလာ ချို့ယွင်းကြတဲ့အတွက် အစားအတွက် လိုအပ်သည်ထက် ပိုပြီး လောဘစွန်းထွက်ကြတာတွေ၊ အဝတ်အတွက် လိုအပ်သည်ထက် ပိုပြီး လောဘထွက်ကြတာတွေ၊ အနေအတွက် လိုအပ်သည်ထက် ပိုပြီး လောဘထွက်ကြတာတွေဟာ များလွန်းလှပါတယ်၊ လောဘဆိုတာက လွှတ်ထားရင် မီးခိုးမဆုံး မိုးမဆုံး အတောမသတ်တော့ဘူးကွယ့်၊ လူဆိုတာ လောဘတော့ လောဘသားချည်းပေ့ါ၊ ဒါပေမယ့် ကိုယ့်ဥစ္စာနဲ့ ကိုယ့်အခြေအနေမှာ ကျေနပ်တတ်ရပါမယ်၊ တစ်စတစ်စ လောဘကို ခေါင်းပါးသွားအောင် ကြိုးစားရမယ်၊ သူတစ်ပါး ပစ္စည်းဥစ္စာကို မတရား မလိုချင်ရဘူး၊ ဒါတွေဟာ တကယ်တော့ လူ့ကျင့်ဝတ် လူ့စည်းကမ်းတွေ ဖြစ်ပါတယ်။

လောဘကြီးရင် များသောအားဖြင့် ပျက်စီးတတ်တာချည်းပဲ၊ ''အလိုကြီး အရနည်း''ဆိုတဲ့ စကားပုံရှိတယ် မဟုတ်လား၊ မောင်မယ်တို့ ဖတ်စာစာအုပ်ထဲမှာပါတဲ့ တစ်နေ့ ရွှေဥတစ်ဥ ဥတဲ့ ငန်းကြီးတစ်ကောင်ကို တစ်နေ့တစ်လုံး မှန်မှန် ရလျက်သားနဲ့ လောဘကြီးပြီး ငန်းကြီးရဲ့ ရင်ကိုခွဲလိုက်တော့ ဘာမှ မရတော့ဘဲ အခွင့်အရေး ဆုံးရှုံးရတဲ့ ဇာတ်လမ်းကလေးကို မှတ်မိကြမှာပေ့ါ၊ ဒါဟာ အလိုကြီးလို့ အရနည်းတာပါပဲ၊ သန္တုဋ္ဌီမင်္ဂလာ ပျက်ကွက်မှုရဲ့ ရလဒ် ဖြစ်ပါတယ်။

ဇာတ်တော်ထဲမှာလည်း ပုဏ္ဏားကြီးတစ်ယောက်ဟာ သေသွားပြီး ရွှေဟင်္သာ သွားဖြစ်နေသတဲ့၊ သူ့မှာ ဇနီးနဲ့ သမီးသုံးယောက် ကျန်ရစ်ခဲ့တယ်၊ ဇနီးနဲ့သမီးများ ဆင်းရဲတာနဲ့ ရွှေဟင်္သာက ရွှေအတောင် တစ်တောင် တစ်တောင် လာပေးသတဲ့၊ နောက် လောဘကြီးပြီး ရွှေဟင်္သာရဲ့ အတောင်တွေကို ဝိုင်းနုတ်ကြတဲ့အခါမှာ ရွှေတောင်မဟုတ်ဘဲ ဖျင်းတောင်တွေ ဖြစ်နေသတဲ့၊ ဒါဟာလည်း သန္တုဋ္ဌီ ပျက်ကွက်ပြီး အလိုကြီးလို့ အရနည်းတာပါပဲ။

သန္တုဋ္ဌီသဘောကို အတိုချုပ်ပြောရရင် ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ မှန်မှန်ကန်ကန် ရိုးရိုးသားသား ကြိုးကြိုးစားစားနဲ့ ဆောင်ရွက်၊ မအောင်မြင်ခဲ့ရင်လည်း စိတ်မပျက်နဲ့၊ မတရားနည်းတွေနဲ့ တိုးတက်မှု မရှာနဲ့၊ ရေသာခိုအချောင်လိုက်ပြီး သူတစ်ပါး ပစ္စည်းအပေါ် မတရား မလုပ်နဲ့၊ ဇိဇာမကြောင်နဲ့၊

http://www.dhammadownload.com

ပုံကြီးမရှိနဲ့၊ အပိုတွေ သိပ်မလုပ်နဲ့၊ ပစ္စုပ္ပန်အခြေအနေအပေါ်မှာ ကျေနပ်တတ်ရမယ်၊ လောဘမကြီးနဲ့၊ ဒါဟာ စာပေသဘောကလည်း မလွတ်၊ ခေတ်နဲ့လည်း ဟပ်တဲ့ သန္တုဋ္ဌိသဘော ဖြစ်ပါတယ်၊ ဒီမင်္ဂလာရဲ့ သင်ခန်းစာအဖြစ် စတုက္ကနိပါတ်၊ မြဟ္မဒတ္တဇာတ်ကို ပြောပါမယ်၊ ကဲ- နားထောင်။

မြဟ္မဒတ္တ ဇာတ်တော်

ဟိုရှေးရှေးတုန်းက ကပိလတိုင်း၊ ဥတ္တရာပဉ္စာလမြို့မှာ ဥတ္တရာပဉ္စာလ မင်းကြီး စိုးစံခိုက် ဆရာတို့ ဘုရားအလောင်းဟာ ပုဏ္ဏားမျိုးမှာဖြစ်ပြီး လောကကြီးကို ငြီးငွေ့လို့ ရသေ့ရဟန်းပြုပြီး တောထွက်ခဲ့ပါတယ်၊ သစ်သီးသစ်ရွက်မျှဖြင့် ရောင့်ရဲပြီး တောထဲမှာပဲ တရားအားထုတ်နေသတဲ့၊ တစ်နေ့တော့ ချဉ်ဆားမှီဝဲလိုတဲ့အတွက် ဥတ္တရာပဉ္စာလမြို့ကို ကြွလာပြီး ဆွမ်းခံရင်း မင်းနန်းတော်ရှေ့ရောက်တော့ ရသေ့မြတ်ရဲ့ ဣန္ဒြေကို ကြည်ညိုပြီး မင်းကြီးက နန်းတော်ပင့်ပြီး ဆွမ်းဆက်ကပ် လှူဒါန်းပါတယ်၊ ဥယျာဉ်ထဲမှာ သီတင်းသုံးပြီး နေ့တိုင်း ဆွမ်းလှူဒါန်းပါရစေလို့ တောင်းပန်ပြီး ရသေ့မြတ်ကို ဥယျာဉ်တော်မှာ သီတင်းသုံးစေသတဲ့။

ဒီလိုနဲ့ မိုးတွင်းလွန်လာတော့ ရသေ့မြတ်က ဟိမဝန္တာ ကြွလိုတဲ့အတွက် လှှာချင်းဖိနပ် တစ်ရံနဲ့ သစ်ရွက်ထီး တစ်စင်း လိုလာတယ်၊ မင်းကြီးထံ အလှူခံမယ်လို့လည်း ရည်မှန်းထားသတဲ့၊ နန်းတော်ကြွပြီး ဆွမ်းဘုဉ်းပေးပြီးနောက် မင်းကြီးထံမှ သစ်ရွက်ထီးနဲ့ လှှာချင်းဖိနပ်တစ်ရံ အလှူခံဖို့ စဉ်းစားတဲ့အခါမှာ "အင်း- တောင်းတဲ့သူဆိုတာဟာ ငိုတာနဲ့ တူတယ်၊ ပေးမယ့် သူကလည်း ပေးနိုင်လျက်နဲ့ မပေးရင် အတုငိုတာနဲ့ တူတယ်၊ ငါနဲ့ မင်းကြီး ငိုတာကို ပတ်ဝန်းကျင်က မမြင်သင့်ဘူး"လို့ စဉ်းစားပြီး မင်းကြီးကို "ဆိတ်ကွယ်ရာ အရပ်ကို အလိုရှိပါတယ်"လို့ အမိန့်တော်ရှိသတဲ့။

မင်းကြီးကလည်း အလိုက်သိစွာ လေသာဆောင်ဘက် ပင့်သွားသတဲ့၊ ဟိုကျတော့လည်း ရသေ့မြတ်ဟာ ဘုရင့်ထံမှာ ဒီသစ်ရွက်ထီးနဲ့ လှှာချင်းဖိနပ် အလှူခံဖို့ ဝန်လေးနေတာနဲ့ အလှူမခံဖြစ်ဘူးတဲ့၊ မင်းကြီးရဲ့ စေတနာ ပျက်သွားမှာစိုးလို့ စေတနာကို စောင့်ရှောက်တဲ့အနေနဲ့ ရသေ့မြတ်ဟာ သူ အလို

http://www.dhammadownload.com

ရှိတဲ့ ပစ္စည်းအတွက် လောဘကို သိမ်းဆည်းထားခဲ့တယ်၊ ဘာမှ အဖိုးတန်တဲ့ ပစ္စည်းတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် သူတော်စင်တို့ ဓလေ့ထုံးစံအတိုင်း တောင်းဖို့ ဝန်လေးနေပါတယ်၊ အဲဒီလိုနဲ့ နေလာလိုက်တာ ၁၂–နှစ်တောင် ကြာသွားသတဲ့ကွယ်၊ ဒါဟာ ရသေ့မြတ်ရဲ့ သန္တုဋ္ဌိမင်္ဂလာလို့ ဆိုရမှာပေါ့။

တစ်နေ့ကျတော့ ဘုရင်ကြီးက စဉ်းစားသတဲ့၊ ''အင်း– ရသေ့မြတ်ဟာ ဆိတ်ကွယ်ရာအရပ်ကို အလိုရှိတယ်ပြောပြီး ဟိုကျတော့လည်း ဘာမှ မပြော ဘူး၊ ဒီလိုနဲ့ နေလာလိုက်တာ ၁၂–နှစ်တောင် ကြာသွားပြီ၊ ကေန္တတော့ ရသေ့ မြတ်ဟာ မင်းစည်းစိမ်ကို လိုချင်ရှာတယ် ထင်တယ်၊ ဒီနေ့တော့ ငါဟာ ရသေ့မြတ်ကို မင်းစည်းစိမ်ကို အစထားပြီး တောင်းဆိုသမျှကို ပေးမယ်''လို့ ဆုံးဖြတ်လိုက်သတဲ့၊ ရသေ့မြတ်ကလည်း ဆွမ်းစားပြီး ထုံးစံအတိုင်း ဆိတ် ကွယ်ရာကို ခေါ်သွားတာပဲ၊ ဟိုကျတော့လည်း ထုံးစံအတိုင်း ဘာမှ မပြောဘူး တဲ့၊ ဒါနဲ့ မင်းကြီးက အကျိုးအကြောင်း လျှောက်ထားပြီး ''အရှင်မြတ် အလို ရှိရင် မင်းစည်းစိမ်ပါ ပေးပါ့မယ်''လို့ ပြောတော့မှ ခရီးသွားဖို့အတွက် လျှာချင်း ဖိနပ်နဲ့ သစ်ရွက်ထီး အလိုရှိကြောင်း အမိန့်ရှိသတဲ့၊ ဒီတော့မှ မင်းကြီးက ''ဒါလောက် ပစ္စည်းလေးကို မတောင်းဝံ့ဘဲ ဘာကြောင့် ဝန်လေးနေရပါသလဲ'' ဟု လျှောက်ထားရာ ရသေ့မြတ်က–

''မြတ်သောမင်းကြီး၊ ပညာရှိတို့သည် တောင်းခြင်းကို ငိုခြင်းဟု ပြောဆို ကုန်၏၊ တောင်းသော ဥစ္စာကို မပေးဟု မြစ်ပယ်ခြင်းကိုလည်း အတုငိုခြင်း ဟု ပြောဆိုကုန်၏၊ ငိုသော ငါ့ကိုလည်းကောင်း၊ အတုငိုသော သင်မင်းကြီးကို လည်းကောင်း ပဉ္စာလတိုင်း၌ စည်းဝေးသောသူတို့ မမြင်ခြင်းငှာ အလိုရှိပါ ၏၊ သို့အတွက် ငါသည် ဆိတ်ကွယ်ရာကို အလိုရှိပါ၏''လို့ မိန့်တော်မူသတဲ့။

တယ်မှတ်သားဖို့ ကောင်းတဲ့ စကားလေးတွေပဲကွယ်၊ မောင်မယ်တို့ လည်း ကိုယ့်မိဘ ကိုယ့်ဆွေမျိုးပဲ ဆိုပြီး ဘာဖြစ်ဖြစ် အရမ်းမတောင်းကြနဲ့ ကွယ့်၊ ရသေ့မြတ်ရဲ့ ၁၂–နှစ်လုံးလုံး တစ်ဖက်သား စေတနာကို ငဲ့ကွက်ပုံ၊ ဖြစ်သမျှ ရသမျှနဲ့ ရောင့်ရဲနေပုံ၊ မတရားနည်းနဲ့ အားမထုတ်ပုံတို့ကို အာရုံပြု ပြီး ဆရာတို့တစ်တွေ သန္တုဋ္ဌိမင်္ဂလာကို ကြိုးစား ဖြည့်ကြပါစို့လားကွယ်။

http://www.dhammadownload.com

ရောင့်ရဲမှုတ ဝတ်စားမယ်

- သန္တုဋ္ဌိခေါ် မင်္ဂလာဖြစ်ဖို့၊
ဖွေရှာစိစစ် မှတ်သားဖွယ်။
ကိုယ်ပိုင်ဥစ္စာ ရှိသမျှနဲ့၊
ရောင့်ရဲမှုတ ဝတ်စားမယ်။

- လောဘအလို ပိုမလိုက်နဲ့၊
ကိုယ်ထိုက်တာနဲ့ ကျေနပ်ကွယ်။
မင်္ဂလာကို လက်တွေ့ကျင့်လို့၊
ရှေ့သို့တစ်ဆင့် တက်ရမယ်။

- မိမိအကျိုး တိုင်းပြည်ကျိုး၊
သယ်ပိုးရွက်ဆောင်ကွယ်။
အဲဒါကြောင့် ရောင့်ရဲမှုတ ဝတ်စားက၊
မှတ်ကြ မင်္ဂလာကွယ်။

''မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေ''

မွေ့ဗျူဟာစာစောင်၊ အတွဲ (၆)–အမှတ်(၁၂)၊ အတွဲ(၄၅)အမှတ်(၁)

http://www.dhammadownload.com

၂၅ - ကတညုတာ



http://www.dhammadownload.com

မေတ္တာရှေးဦး၊ ပြုပေးဖူးကို၊ ကျေးဇူးသိမှု၊ ကတညုတည်း၊ ထိုသူ ထက်ပင်၊ ကျေးဇူးအင်ကို၊ ထင်ထင်မချွတ်၊ ပြောဆိုတတ်က၊ သူမြတ်မှန်လှ၊ ကတဝေဒီ၊ ဟူတံ့ပြီရှင့်၊ လောကီလူ့ရှ၊ ဉာဏ်မြင်နတို့၊ သူပြုအထူး၊ သူ့ကျေးဇူးကို ကြည်နူးဝမ်းမြောက်၊ မခေါက်မရက်၊ နှစ်သက်အင်ရှဲ၊ သိတတ်ခဲ၏။

သဝိညာဏက၊ မဟုတ်စွသေး၊ ရက္ခဆာယာ၊ သစ်ရိပ်သာဌ်၊ ရံခါ တစ်ခိုက်၊ ကြုံကြိုက်နေနား၊ ခိုမိငြားက၊ ပြစ်မှားလိုလျက်၊ တရားဖျက်၍၊ အခက်ကိုမျှ၊ မချိုးရဘူး၊ ချိုးကဗာလ၊ မိတ္တဒုဗ္ဘော်၊ ပျက်ခေါင်ကျော်သည့်၊ မတော်စရိုက်၊ လူငမိုက်တည့်။

(မဃဒေဝလင်္ကာသစ်)

မောင်မယ်တို့တစ်တွေ ကျောင်းတွေ ပြန်တက်ကြတဲ့အထဲက ဒီ သင်တန်းကို မပျက်မကွက် ဆက်လက် တက်ရောက်ကြတာကို တွေ့ရလို့ ဆရာ တအားတက်မိပါတယ်ကွယ်၊ ဆရာ့ကို ဆရာ့အပေါင်းအသင်း ရောင်းရင်းတွေ က ''ခင်ဗျား မင်္ဂလာသင်တန်းကတော့ ခေတ်နဲ့ လျော်ပါရဲ့ဗျာ၊ ဒါပေမယ့် ခင်ဗျားရဲ့ သရုပ်ပြပန်းချီကားတွေကတော့ ခေတ်နဲ့မလျော်ဘဲ ပဒေသရာဇ် ခေတ်ကို ပြန်သရုပ်ဖော်နေသလိုပဲ''တဲ့၊ ဒီလို ဝေဖန်ကြတယ်ကွယ့်၊ တကယ် တော့ ဇာတ်လမ်းတို့ ပန်းချီကားတို့ဆိုတာတွေဟာ ဥပမာဟပ်ကြည့်တတ်အောင် သင်ခန်းစာပြအဖြစ် တင်ပြခြင်းသာ ဖြစ်ပါတယ်၊ သိပ်အရေးကြီးတဲ့အချက်တွေ မဟုတ်ပါဘူး၊ မင်္ဂလာရဲ့ သဘောတရားရေးတွေကသာ အနှစ်ကျတဲ့ အဓိက အချက်တွေ ဖြစ်ပါတယ်၊ ဒီတစ်ပတ် ဆရာတင်ပြတဲ့ သရုပ်ပြ ပန်းချီကားကို မြင်တတ်တဲ့ မျက်စိနဲ့ စေ့စေ့စပ်စပ် သုံးသပ်ကြည့်ရင် အဓိပ္ပာယ်များစွာ ပါဝင် နေကြောင်း သူတို့တစ်တွေ သိတန်ကောင်းပါရဲ့ကွယ်၊

ကဲ- သင်တန်းစကြပါစို့။

http://www.dhammadownload.com

၂၅။ ကတညုတာ

(သူ့ကျေးဇူး သိတတ်ရေးခရီးလာ)

''မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ''

အသေ၀န မင်္ဂလာကနေပြီး သန္တုဋ္ဌီမင်္ဂလာအထိ တကယ် ကာယကံမြောက် လက်တွေ့ကျင့်သုံးလာခဲ့ရင် အပေါင်းအသင်းကောင်း ရှိသူတစ်ယောက်၊ ပညာတော်သူတစ်ယောက်၊ ပစ္စည်းရှိသူတစ်ယောက်၊ ထင်ပေါ် ကျော်ကြားသူတစ်ယောက်၊ အနေအထိုင် ကောင်းသူတစ်ယောက် ဖြစ်လောက်နေပါပြီ၊ ဒီအခြေအနေရောက်အောင် ဘယ်သူတွေက ဝိုင်းပြီး မြေတောင်မြှောက်ပေးလိုက်ကြသလဲ၊ ဘယ်သူတွေရဲ့ အကူအညီတွေနဲ့ ဒီအဆင့်ကို ရောက်လာသလဲ၊ ကိုယ်တစ်ယောက်တည်း အထီးကျန်ဘ၀နဲ့ ဒီအခြေအနေ ရောက်လာတာလား၊ လောကမှာ ဘုရားတောင် အမှီရှိမှ ပွင့်ရသတဲ့၊ ဒီလိုဆိုရင် ဒီ အခြေအနေ ဒီအဆင့်အတန်း ရောက်လာအောင် ဝိုင်း၀န်း ချီးမြှောက်လိုက်တဲ့သူတွေ ကေန်ရှိရမယ်၊ ဒါဖြင့် သူတို့အပေါ် ဘယ်လို သဘောထားမလဲ၊ ကိုယ့်ဒူးကိုယ်ချွန် ကိုယ့်အားကိုယ်ကိုးပြီး ဒီအခြေအနေ ရောက်လာတယ်လို့ ကျေးဇူးရှင်တွေကို ကျေးစွပ်ရင် မုချ ဒုက္ခရောက်တော့မယ်၊ ဟော- ဒီအခြေအနေတွေကို မြင်လို့ မင်္ဂလာတရားတော်က **ကတညုတာ- သူပြုထားတဲ့ ကျေးဇူးတရားတွေကို မေ့မထားပါနဲ့**တဲ့၊ ဒီလို ညွှန်ပြပါတယ်။

လူရယ်လို့ဖြစ်ဖို့ ပဋိသန္ဓေ နေတယ်ဆိုကတည်းက ပထမဆုံး အမိရဲ့ အကူအညီ အစောင့်အရှောက်ကို ခံယူရပါတယ်၊ နောက် ဖခင်ရဲ့ အစောင့်

http://www.dhammadownload.com

အရှောက်ကို ခံယူရပါတယ်၊ သန္ဓေသား ကျန်းကျန်းမာမာ ရှိဖို့အတွက် မိခင် ဖခင်နဲ့တကွ ဆွေမျိုးသားချင်းစတဲ့ ပတ်ဝန်းကျင်ရဲ့ အကူအညီကို ခံယူရပါ တယ်၊ ဝမ်းက အလွယ်တကူ ကျွတ်ဖို့အတွက် ဆရာဝန်, ဆရာမ စသူတို့ရဲ့ အကူအညီကို ခံယူပါတယ်၊ မွေးပြီးတော့ လူလားမြောက်ဖို့အတွက် အမိ, အဖ, အစ်ကို, အစ်မ, မိကြီးမိထွေး, ဘကြီး ဘထွေး စသူတို့ရဲ့ အစောင့် အရှောက်ကို ခံယူရပါတယ်၊ အိမ်နီးနားချင်း ပတ်ဝန်းကျင်တို့ရဲ့ အကူအညီ အစောင့်အရှောက်နဲ့လည်း မကင်းခဲ့ပါဘူး။ တကယ်လို့သာ မိဘ စတဲ့ပတ်ဝန်း ကျင်တွေက မကူညီ မဖေးမခဲ့လို့ရှိရင် လောကမှာ လူသားတစ်ယောက်အဖြစ် ရပ်တည်ဖို့ မလွယ်ပါဘူးကွယ်၊ မိဘ အစ, ဆွေမျိုးဉာတိ အလယ်, အပေါင်း အသင်း ရောင်းရင်းတို့ အဆုံး သူတို့တစ်တွေရဲ့ စားရေး နေရေး ဝတ်ရေး ကျန်းမာရေး ပညာရေး လိမ္မာရေး စတဲ့ အကူအညီတွေကို နဖူးပေါ် လက်တင် ပြီး တစိမ့်စိမ့် သရုပ်ပေါ်အောင် တွေးကြည့်ကြစမ်းပါ၊ ကြီးမား ကျယ်ပြောလှတဲ့ ကျေးဇူးတွေကို မရေမတွက်နိုင်အောင် တွေ့ရပါလိမ့်မယ်၊ ကျောင်းနေတဲ့အရွယ် ရောက်ပြန်တော့ ဆရာ, ဆရာမ စသူတို့ရဲ့ ကျေးဇူးတရားတွေ၊ အတူသွား အတူလာခဲ့ကြတဲ့ အပေါင်းအသင်း ရောင်းရင်းတို့ရဲ့ ကျေးဇူးတွေ၊ စီးပွားရှာချိန် ကျတော့လည်း မကင်းရာ မကင်းကြောင်း ကျေးဇူးရှင်တွေ၊ သွားရင်း လာရင်း တစ်လုတ်စားဖူး တစ်ရိပ်ခိုဖူး တစ်ခွန်းပြောဖူးတဲ့ ကျေးဇူးရှင်တွေ၊ သင်ဆရာ မြင်ဆရာ ကြားဆရာ စသူတို့ရဲ့ ကျေးဇူးတွေ၊ အိုကွယ် ‥ ပြောရရင် မဆုံး တော့ပါဘူး။

အမေ မွေးပြီးလို့ လူသားတစ်ယောက် ဖြစ်ခဲ့ပြီးပေမယ့် အထက်က ပြောခဲ့တဲ့ ပညာရေး ကျေးဇူးရှင်တွေ၊ စီးပွားရေး ကျေးဇူးရှင်တွေ၊ ပေါင်းရေး သင်းရေး ကျေးဇူးရှင်တွေရဲ့ အကူအညီ အစောင့်အရှောက် အထောက်အကူ အဖေးအမတွေကို မရခဲ့ရင် လူရာဝင်တဲ့ လူသားတစ်ယောက် ဖြစ်လာဖို့ မလွယ် ကူပါဘူး၊ အဲဒါတွေဟာ သူတစ်ပါးက မိမိအပေါ် ပြုထားတဲ့ ကျေးဇူးတွေပေါ့၊ ဒီကျေးဇူးတွေကို မချေဖျက်ပစ်ရဘူး၊ မေ့မပစ်ရဘူး၊ အစဉ် သတိရ အမှတ်ရ နေဖို့ လိုတယ်ကွယ့်၊ ဒါကြောင့် မင်္ဂလာတရားတော်က **ကတညုတာ-** သူ တစ်ပါးကျေးဇူးတွေကို မေ့မသွားပါနဲ့တဲ့၊ ဒီလို မှာပါတယ်။

http://www.dhammadownload.com

မျက်မှောက်မှာ မြင်တွေ့နေရတဲ့ ပဋိပက္ခ မြင်ကွင်းတွေဟာ တစ်ဦးနဲ့ တစ်ဦး အပြန်အလှန် ကျေးဇူးတရားတွေကို ချေဖျက်ပြီး ကတညုတမင်္ဂလာတွေ ပျက်ကွက်နေကြတဲ့အတွက် ပေါ်ထွက်နေရခြင်း ဖြစ်ပါတယ်၊ ကတညုတမင်္ဂလာကို တကယ် သဘောပေါက်လို့ တကယ် ကျင့်သုံးကြမယ်ဆိုရင် ပဋိပက္ခမှုတွေ ပျောက်ကွယ်ပြီး တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် ကျေးဇူးတရားတွေကို သတိရကာ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ ကိုယ်ချင်းစာတရား အပြည့်အဝနဲ့ သာယာတဲ့ လူ့လောကကြီးကို တည်ဆောက်နိုင်မှာ အမှန်ဖြစ်ပါတယ်၊ ဒီနေရာမှာ သတိထားဖို့က အများအားဖြင့် လူကြီးများက လူငယ်များကို စောင့်ရှောက်တာလောက်ကိုသာ ကျေးဇူးတရားလို့ အသိအမှတ်ပြုကြပြီး လူငယ်က ပြန်ကူညီတာကျတော့ ကျေးဇူးတရားလို့ အမှတ်မထားကြဘဲ ခပ်ပေါ့ပေါ့ သဘောထားတတ်ကြပါတယ်၊ ဒါဟာ မှားယွင်းမှုတစ်ခု ဖြစ်ပါတယ်၊ အပြန်အလှန် ကျေးဇူးတရားကို နားလည်ပြီး လက်ခံတတ်မှ မျှတပါမယ်။

ကျေးဇူးတင်တတ်တဲ့မျက်စိနဲ့ ကြည့်ရင် ကြီးသော ငယ်သော မြတ်သော ယုတ်သော မရွေးပါဘူး၊ အားလုံးဟာ ကျေးဇူးရှင်တွေချည်း ဖြစ်နေတာကို တွေ့ရပါလိမ့်မယ်၊ အလုပ်သမား၊ လယ်သမား၊ ကာယသမား၊ ဉာဏသမား၊ မိဘနဲ့ သားသမီး၊ ဆရာနဲ့ တပည့်၊ ပိုင်ရှင်နဲ့ လုပ်သား၊ ရောင်းသူနဲ့ ဝယ်သူ၊ အစိုးရနဲ့ ပြည်သူအားလုံးတို့ဟာ တစ်ဦးနဲ့ တစ်ဦး အညမည (အပြန်အလှန်) ကျေးဇူးတွေ ရှိကြပါတယ်၊ အပြန်အလှန် ကျေးဇူးရှင်တွေ ဖြစ်ကြပါတယ်၊ ဒီ ခံယူချက်ကို လူတိုင်း ခံယူနိုင်ဖို့ မလွယ်ကူဘူးကွယ့်။

ဂါရဝ နိဝါတမင်္ဂလာ ရှိသူတွေမှာသာ ဒီခံယူချက်ကို ခံယူနိုင်ပါတယ်၊ ဘဝင်မြင့်နေတဲ့ လူတွေ၊ အရှိအသေ ကင်းမဲ့တဲ့သူတွေဟာ ဒီခံယူချက်ကို ခံယူနိုင်ဖို့ မလွယ်ပါဘူး၊ ဒါကြောင့်လည်း ဂါရဝ နိဝါတပြီးမှ ကတညုတမင်္ဂလာကို ပြထားခြင်း ဖြစ်ပါတယ်၊ ကွင်းဆက် အဓိပ္ပာယ်တွေ ရှိပါတယ်၊ မိမိကိုယ်ကို နှိမ်ချထားနိုင်မှသာ လူတိုင်းလူတိုင်းအပေါ် (သူ့နေရာနဲ့သူ) ကျေးဇူးရှင်အဖြစ် အသိအမှတ် ပြုနိုင်ပါတယ်၊ သို့မဟုတ်ရင် မလွယ်ကူပါဘူး၊ ကတညုတမင်္ဂလာကို မာနတရားက ကာဆီးတတ်ပါတယ်၊ ဒီ မာနတရားကို ဂါရဝ နိဝါတ မင်္ဂလာနဲ့ ဖောက်ခွဲနိုင်မှ တကညုတမင်္ဂလာကို နှစ်နှစ်ကာကာ

http://www.dhammadownload.com

ခံယူ သဘောပေါက်နိုင်ပါတယ်၊ ဒါပေမယ့် လောကမှာ တကယ် ဖြစ်ရပ်တွေကျ တော့ ဒီလို မဟုတ်ကြဘူးကွယ့်၊ အများအားဖြင့် လူတွေဟာ ကျေးဇူးတရားကို မသိတတ်ကြဘူး၊ သူပြုဖူးတဲ့ ကျေးဇူးတွေကို ချေဖျက်ပစ်တတ်ကြတယ်၊ ကျေးဇူးကန်းတတ်ကြတယ်၊ ကတညုတမင်္ဂလာတွေ ပျက်ကွက်ကြတယ်။

ကျောက်သင်ပုန်းမှာ ရေးပြထားတဲ့ မဃဒေဝလင်္ကာကို ဖတ်ကြည့်ကြ စမ်းပါ၊ သူတစ်ပါး ပြုဖူးတဲ့ ကျေးဇူးကို သိရင် ''ကတညုတ''လို့ ခေါ်သတဲ့၊ ဒီထက်တိုးပြီး လူထဲသူထဲမှာ ''ဒါဟာ ကျုပ်ရဲ့ ကျေးဇူးရှင်ပဲ၊ သူဟာ ဘယ် တုန်းက ဘယ်လို စောင့်ရှောက်ဖူးတာပဲ''စသည်ဖြင့် ကျေးဇူးတရားကို မကွယ် မထောင့် ပြောဆို ဂုဏ်ပြုရင် ''ကတဝေဒီ''လို့ ခေါ်ပါသတဲ့၊ ကျွေးတင်ရင် ကျွေးပြန်ဆပ်ရသလို ကျေးဇူးတင်ရင်လည်း ကျေးဇူးပြန်ဆပ်ရပါတယ်။

ပစ္စည်း ပစ္စယအင်အားနဲ့ ဆပ်နိုင်ရင် ဆပ်ပါ၊ ကာယအားနဲ့ ဆပ်နိုင်ရင် ဆပ်ပါ၊ ဉာဏအားနဲ့ ဆပ်နိုင်ရင် ဆပ်ပါ၊ ဒီလို မဟုတ်ဘဲ ဘယ်နည်းနဲ့မှ ဆပ်နိုင်တဲ့ အခြေအနေ မရှိရင်လည်း အားမငယ်ပါနဲ့၊ မိမိရဲ့ ကျေးဇူးရှင်တွေကို မှန်းဆ အာရုံပြုပြီး ရှိခိုးပါ၊ ဦးတင်ပါ၊ မေတ္တာပို့ပါ၊ အကောင်းဆုံးနည်းတစ်ခု ကတော့ ညဘက်ဖြစ်စေ၊ နံနက်ဘက်ဖြစ်စေ (သို့မဟုတ်) ည–နံနက်ဖြစ်စေ အနန္တ ငါးပါးကို ဦးချပြီးရင် မိမိရဲ့ ကျေးဇူးရှင်အပေါင်းကိုလည်း သတိတရ ရှိခိုးတဲ့ အလေ့လေး ပြုထားကြဖို့ပါပဲ၊ အောက်ထစ်ဆုံး ဘယ်လိုနည်းနဲ့မှ ကျေးဇူး ပြန်မဆပ်နိုင်တောင် ကျေးဇူးရှင်တွေအပေါ် မစော်ကားမိပါစေနဲ့၊ မတော်လှန်မိပါစေနဲ့၊ ဒါကို ကြပ်ကြပ် သတိထားသင့်တယ်ကွယ့်၊ ''ဆရာ ကာပြန်လို့ အာခေါင်လုံစူး''တဲ့ ဗျိုင်းဆရာနဲ့ လုံမင်းသားတို့ရဲ့ ဇာတ်လမ်းဟာ ကတညုတ ကတဝေဒီမင်္ဂလာ ပျက်ကွက်မှုအတွက် သင်ခန်းစာပဲ၊ တစ်လုတ် စားဖူး သူ့ကျေးဇူး၊ တစ်ရိပ်ခိုဖူး သူ့ကျေးဇူး တစ်ခွန်းဆိုဖူး သူ့ကျေးဇူးတဲ့ကွယ့်၊ ဘယ်တော့မှ အရိပ်နေနေ အခက်ချိုးချိုး မလုပ်ကြနဲ့၊ သားရေပေါ်အိပ် သားရေ နား မစားကြနဲ့၊ အချိန်သိပ်မရလို့ ပြောရတာ အားမရလှဘူးကွယ်။

မြတ်စွာဘုရားရှင်က ''**ဒွေ မေ ဘိက္ခဝေ ဒုလ္လဘာ လောကသ္မိံ ပုဗ္ဗ ကာရီ ကတဝေဒီ**– လောကမှာ ရှေးဦးမဆွ ကျေးဇူးပြုတတ်တဲ့သူ၊ သူ ပြုဖူးတဲ့ ကျေးဇူးတရားကို သိတတ်ပြီး ထင်ရှားစွာ ပြောကြားတတ်သူ၊ ဒီပုဂ္ဂိုလ်

http://www.dhammadownload.com

နှစ်ဦးဟာ အလွန် ရှားပါတယ်''လို့ မိန့်တော်မူတယ်၊ ဒါကြောင့် မောင်မယ်တို့တွေဟာ လုပ်သားပြည်သူတို့အပေါ် ရှေးဦးမဆွ ကျေးဇူးပြုတတ်တဲ့သူတွေ ဖြစ်အောင် ကြိုးစားကြစမ်းပါ၊ လုပ်သားပြည်သူတွေရဲ့ ကျေးဇူးတရားတွေကို သိပြီး လုပ်သားပြည်သူတွေကို မိမိတို့ရဲ့ ကျေးဇူးရှင်တွေလို့ ခံယူကြစမ်းပါ။

''ကျွန်ုပ်တို့သည် ပုဂ္ဂိုလ်များစွာ သတ္တဝါ အနန္တတို့အား စွမ်းအားရှိသလောက် စောင့်ရှောက် ကူညီခြင်းဖြင့် ကျေးဇူးပြုကြပါမည်၊ ကျွန်ုပ်တို့သည် သူတစ်ပါး၏ အကူအညီ အစောင့်အရှောက်ကို ခံယူတိုင်း ခံယူတိုင်း ကျေးဇူးရှင်ဟူ၍ အာရုံပြုကာ မှတ်ယူ နှလုံးသွင်းကြပါမည်''လို့ အဓိဋ္ဌာန် ပြုကြရပါမယ်၊ ပြီးတော့ ကတညုတမင်္ဂလာကို ကာယကံမြောက် ကျင့်သုံးတဲ့အနေနဲ့ အချင်းချင်း တွေ့ရင် ကြီးငယ်မဟူ အပြန်အလှန် ကျေးဇူးတရားကို အာရုံပြုပြီး လက်အုပ်ချီကာ ''မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေ''လို့ နှုတ်ဆက်ရပါမယ်၊ မိမိတို့မှာ လွှမ်းခြုံနေတဲ့ မာနတရားကို လက်အုပ်ချီခြင်းဆိုတဲ့ ဂါရဝ နိဝါတနဲ့ ရိုက်ချိုးပြီး ကတညုတမင်္ဂလာကို ကာယကံမြောက် ကျင့်သုံးကြရပါမယ်၊ ဒီတစ်ပတ် မင်္ဂလာ သင်ခန်းစာအဖြစ် စတုက္ကနိပါတ်၊ မဟာအဿာရောဟဇာတ်ကို ပြောပြပါမယ်၊ ကဲ– နားထောင်။

မဟာအဿာရောဟဇာတ်

ဟို ရှေးရှေးတုန်းက ဗာရာဏသီမင်းကြီးဟာ ပစ္စန္တရစ်မှာ သူပုန်ထားပြထကြွနေတာနဲ့ ကိုယ်တိုင် သွားရောက် နှိမ်နင်းရာမှာ အကြောင်းမလှလို့ စစ်ရှုံးပြီး ထွက်ပြေးခဲ့ရပါတယ်၊ ထွက်ပြေးရင်း ရွာတစ်ရွာ ရောက်တဲ့အခါမှာတော့ ရွာသားတစ်ယောက်က ခရီးဦးကြိုပြုပြီး သူ့ရဲ့အိမ်ရှင်မကို ညွှန်သည်ရဲ့ ခြေထောက်ကို ရေဆေးနိုင်းပြီး အစားအသောက် အနေအထိုင်မှ စလို့ အစစအရာရာ ကူညီ စောင့်ရှောက်ရှာသတဲ့၊ ဘုရင်ရယ်လို့လည်း မသိကြဘူးတဲ့ကွယ်၊ ဘုရင်ကြီးက ရွာသားကို ''အသင် မြို့ကို လာလည်ပါ၊ တောင်တံခါးမှူးကို မြင်းစီးကြီးအိမ် ဘယ်မှာလဲလို့ မေးရင် လိုက်ပို့ပါလိမ့်မယ်၊ ကျွန်ုပ်အမည် မြင်းစီးကြီးလို့ ခေါ်ပါတယ်''လို့ ပြောခဲ့ပြီး နန်းတော်ကို ပြန်လာခဲ့သတဲ့၊ တောင်တံခါးမှူးကိုလည်း ''မြင်းစီးကြီးလို့ မေးပြီး လိုက်လာတဲ့လူကို တွေ့ရင် နန်းတော်အရောက်ပို့၊ ဆုငွေတစ်ထောင် ချီးမြှင့်မယ်''လို့ မှာထားသတဲ့။

http://www.dhammadownload.com

တိုတိုပြောတော့ တစ်နေ့မှာ ရှာသားကြီးက စားစရာနဲ့ အဝတ်အထည်များကို လက်ဆောင်အဖြစ် ယူလာပြီး မြင်းစီးကြီးထံ လိုက်လာခဲ့တယ်၊ နန်းတော်ရောက်မှ ဘုရင်မှန်း သိတော့သတဲ့၊ ဘုရင်ကြီးဟာ ဝမ်းမြောက် ဝမ်းသာ ခရီးဦးကြိုပြုပြီး ကိုယ်တိုင် ရွှေခရားနဲ့ ရှာသားရဲ့ ခြေထောက်ကို ရေလောင်း ပေးပြီး မိဖုရားက ခြေကို ပွတ်တိုက် ဆေးကြောပေးပါတယ်၊ ရှာသားကြီး ယူလာတဲ့ စားစရာများကိုလည်း ဝမ်းပန်းတသာ ရွှေခွက်ထဲ ထည့်ပြီး ကိုယ်တိုင် လည်း စား၊ မှူးကြီး မတ်ကြီးများကိုလည်း စားစေသတဲ့၊ ယူလာတဲ့ အဝတ် အထည်များကိုလည်း ချက်ချင်း ဝတ်ဆင်တော်မူသတဲ့၊ ဘုရင်ကြီးရဲ့ ကျေးဇူး တရား သိတတ်ပုံတွေ၊ ကျေးဇူး ပြန်ဆပ်ပုံတွေဟာ ကြက်သီးမွေးညင်း ထလောက် အောင် အံ့သြ အတုယူစရာပဲကွယ်၊ သူဆင်းရဲ ယူလာတဲ့ အစားအသောက် အဝတ်အထည်ရယ်လို့ မထိမဲ့မြင် မပြုဘူး၊ မြတ်မြတ်နိုးနိုးနဲ့ တစ်ဖက်လူကို ဂုဏ်ပြုပါတယ်၊ ဆရာက ခပ်တိုတို ပြောသွားတာ မူရင်းစာအုပ်မှာ သေသေ ချာချာကြည့်ပြီး ဘုရင်ကြီးရဲ့ ကတညုတမင်္ဂလာပြုပုံတွေကို အတုယူကြစမ်း ပါကွယ်၊ နောက်ဆုံး ဘုရင်ကြီးဟာ ထီးနန်းကို တစ်ဝက် ခွဲပေးပြီး ဘုရင်နှစ်ပါး တိုင်းပြည်အုပ်ချုပ်တဲ့အထိ ကျေးဇူးဆပ်ပါတယ်၊ ဘုရင်ကြီးရဲ့ အတုကို ယူပြီး ဆရာတို့ မောင်မယ်တို့တစ်တွေ ကျေးဇူးရှင်တွေအပေါ် အတတ်နိုင်ဆုံး ပြန် လည် ကျေးဇူးဆပ်ရင်း တကညုတမင်္ဂလာကို လက်တွေ့ကျင့်သုံးကြပါစို့ကွယ်။

သူ့ကျေးဇူးကို သိရမယ်

- ကတညုတာ မင်္ဂလာတရားကို၊ ရှင်တော်မြတ်ဘုရား ဟောခဲ့တယ်။ ရှေးကတင်ကြို ရှိခဲ့ဖူးတဲ့၊ သူ့ကျေးဇူးကို သိရမယ်။
- အတုယူဖွယ် ဇာတ်လာသဘောက၊ အဿာရောဟ မှတ်သားကွယ်။ မင်္ဂလာကို လက်တွေ့ကျင့်လို့၊ ရှေ့သို့တစ်ဆင့် တက်ရမယ်။
- မိမိအကျိုး တိုင်းပြည်ကျိုး၊ သယ်ပိုးရွက်ဆောင်ကွယ်။ အဲဒါကြောင့် သူ့ကျေးဇူးများ မမေ့ဗြား၊ မှတ်သား မင်္ဂလာကွယ်။

''မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ''

ဓမ္မဗျူဟာစာစောင်၊ အတွဲ (၇)–အမှတ်(၁)၊ အတွဲ(၄၅)အမှတ်(၂)

http://www.dhammadownload.com



Ko Oo'F/34-R

http://www.dhammadownload.com

ဂါရဝေါ စ နိဝါတော စ၊

သန္တုဋ္ဌီ စ ကတညုတာ၊

ကာလေန ဓမ္မဿဝနံ၊

ဧတံ မင်္ဂလ မုတ္တမံ။

ဘောဒေဝပုတ္တ– အိုနတ်သား၊ **ဂါရဝေါစ**– ရိုသေထိုက်သော သူတို့ကို ရိုသေရခြင်းသည်လည်းကောင်း၊ **နိဝါတောစ**– မိမိကိုယ်ကို နှိမ်ချရခြင်းသည် လည်းကောင်း၊ **သန္တုဋ္ဌီစ**– ရောင့်ရဲလွယ်ရခြင်းသည်လည်းကောင်း၊ **ကတညု တာစ**– သူပြုဖူးသော ကျေးဇူးကို သိရခြင်းသည်လည်းကောင်း၊ **ကာလေန**– သင့်တင့် လျောက်ပတ်သောအခါ၌၊ **ဓမ္မဿဝနဉ္စ**– သူတော်ကောင်းတရားကို နာရခြင်းသည်လည်းကောင်း၊ **အတ္ထိ**– ရှိ၏၊ **ဧတံ**– ဤငါးပါးသော တရား သည်လျှင်၊ **ဥတ္တမံ**– မြတ်စွာသော၊ **မင်္ဂလံ**– မင်္ဂလာမည်၏ ဟူ၍၊ **တွံ**– သင်နတ်သားသည်၊ **ဂဏှာဟိ**– မှတ်လေလော့။

မင်္ဂလာ ပါဠိကဗျာလေးတွေ ၇–ပုဒ်တောင် ရှိသွားပြီကွယ့်၊ နောက် သုံးပုဒ်ပဲ ကျန်တော့တယ်၊ ပါဠိရော အနက်ကိုပါ ရအောင်လည်း ကျက်ထား ကွယ့်နော်၊ အရိုးပေါ် အရွက်မဖုံးရဘူးဆိုသလို မူရင်းကို မပျောက်အောင် ဆုပ်ကိုင်ထားဖို့ လိုတယ်ကွယ့်။

ကဲ– သင်တန်း စကြပါစို့။

http://www.dhammadownload.com

၂၆- ကာလေန ဓမ္မဿဝနံ

(သင့်လျော်သောအခါ တရားနာရေးမင်္ဂလာ)

''မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ''

ရှိသေထိုက်တဲ့သူတွေကို ရှိသေတတ်အောင် မိမိကိုယ်ကို နှိမ့်ချပြီး မာန်မာန မကြီးရအောင်၊ တင်းတိမ် ရောင့်ရဲလွယ်အောင်၊ သူတစ်ပါးကျေးဇူးကို သိတတ်အောင် ဘယ်လို လုပ်ရမလဲ၊ ရှိသေတယ်၊ နှိမ့်ချတယ်၊ ရောင့်ရဲတယ်၊ ကျေးဇူးသိတယ်ဆိုတာတွေက သူတော်ကောင်းအလုပ်တွေ ဖြစ်ပါတယ်၊ ဒီ သူတော်ကောင်း အလုပ်တွေကို တကယ် ကာယကံမြောက် ကျင့်သုံးနိုင်ဖို့ အတွက် မင်္ဂလာတရားတော်က ဆက်လက်ပြီး ''**ကာလေန ဓမ္မဿဝနံ**''လို့ ညွှန်ကြားတော်မူပါတယ်၊ သင့်တင့် လျောက်ပတ်တဲ့အခါမှာ (အခါအခွင့်သင့်တိုင်းမှာ) သူတော်ကောင်းတရားကို နာကြား မှတ်သားပါလို့ ဆိုလိုပါတယ်။

သူတော်ကောင်းတရားကို နာကြားရင် စိတ်ဓာတ်တွေ နူးညံ့လာမယ်၊ သိမ်မွေ့လာမယ်၊ သူတော်ကောင်း စိတ်ဓာတ်တွေ ဝင်လာမယ်၊ ဒီလို သူတော်ကောင်းတရား နာကြားလို့ သူတော်ကောင်းစိတ်ဓာတ်တွေ ဝင်လာရင် သူတော်ကောင်းအလုပ်ဖြစ်တဲ့ ဂါရဝ၊ နိဝါတ၊ သန္တုဋ္ဌိ၊ ကတညုတ မင်္ဂလာတွေကို ကာယကံမြောက် လက်တွေ့ ကျင့်သုံးလာမယ်၊ ဒါကြောင့် ကျောက်သင်ပုန်းမှာ ရေးပြထားတဲ့ မင်္ဂလာ ပါဠိလေးကို ဖတ်ကြည့်စမ်းပါ၊ ဒီ ဂါရဝအုပ်စု မင်္ဂလာမှာ ကာလေန ဓမ္မဿဝန မင်္ဂလာကို နောက်ဆုံးပိတ် (နှုတ်ခမ်းသတ်) ခေါင်းချုပ် အနေနဲ့ ဟောကြားထားတာကို တွေ့ရပါလိမ့်မယ်၊ ကဲ- ဒါလောက်ဆိုရင် မင်္ဂလာကွင်းဆက်သဘောကို ရိပ်မိလောက်ပါပြီ။

Ko Oo'F/35-A

http://www.dhammadownload.com

ကာလေန ဓမ္မဿဝနဆိုတာ အခါအခွင့် သင့်တိုင်း သူတော်ကောင်း တရားကို နာကြားပေးရမယ်လို့ ဆိုလိုပါတယ်၊ ဒီလို တရားနာတဲ့အတွက် ရအပ်တဲ့ အကျိုးတရား ငါးပါးကို ပါဠိစာပေ (အင်္ဂုတ္တိုရ်)မှာ-

(၁) မကြားဖူးတာများကို ကြားဖူးခြင်း၊

(၂) ကြားဖူးတာများကို ပိုမို ရှင်းလင်းစွာ သိခြင်း၊

(၃) ယုံမှားသံသယ ကင်းပျောက်ခြင်း၊

(၄) အယူအဆ (အတွေးအခေါ်) မှန်ကန်ခြင်း၊

(၅) စိတ်ဓာတ် ကြည်လင် ရွှင်ပျခြင်း-လို့ ဖော်ပြထားပါတယ်။

ဒါကြောင့် မင်္ဂလာတရားတော်က **ကာလေန**- အခါအခွင့် သင့်တိုင်း၊ **ဓမ္မဿဝန**- သူတော်ကောင်းတရား နာကြားပါလို့ ညွှန်ပြခြင်း ဖြစ်ပါတယ်၊ အဲဒီလို သူတော်ကောင်းတရား နာကြားတဲ့အခါမှာလည်း အစအဆုံး နာကြား တတ်ဖို့ လိုပါတယ်၊ အစအဆုံး နာကြားမှလည်း ရသင့် ရထိုက်တဲ့ အကျိုး တရားတွေကို ရပါတယ်၊ သူတော်ကောင်းတရားကို တစ်ပိုင်းတန်းလန်း နာ ကြားရလို့ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ ဆုံးရှုံးသွားပုံတွေကို ကျမ်းဂန် များမှာ ဖော်ပြ သတိပေးထားတယ်ကွယ့်၊ ဒါကြောင့် မောင်မယ်တို့အတွက် သူတော်ကောင်း စိတ်ဓာတ်ကို အများဆုံး မျိုးစေ့ချပေးမည့် တရားနာခြင်း အလုပ်ကို အခွင့်သင့်တိုင်း ကြိုးစားဖို့ ဆရာ တိုက်တွန်းပါတယ်။

သူတော်ကောင်းဆိုတာ လူတော်လူကောင်းကို ဆိုလိုပါတယ်၊ လူတော် လူကောင်းတွေ ပေါ်များမှ တိုင်းပြည်တိုးတက်ရေး (လူတော်လူကောင်းတွေ ပေါ်ထွက်ရေး)အတွက် ဒီမင်္ဂလာဟာ ဘယ်လောက် အရေးပါတယ်ဆိုတာ မောင်မယ်တို့ သဘောပေါက်သင့်ပါပြီ၊ ကဲ- ဒီတစ်ပတ်တော့ ဝါဆိုလပြည့် နေ့နဲ့လည်း ကြုံကြိုက်နေလို့ မင်္ဂလာသင်ခန်းစာအဖြစ် 'ဓမ္မစကြာသုတ်တော်' အကြောင်းကို ပြောပြမယ်၊ ပဥ္စဝဂ္ဂီ ငါးဦးတို့အား မြတ်စွာဘုရား ဓမ္မစကြာ ဟောကြားခြင်းအကြောင်းကို လူတိုင်းလိုလို သိပြီးဖြစ်နေလို့ ဇာတ်လမ်းကို အကျယ်မချဲ့တော့ဘဲ ဓမ္မစကြာသုတ်တော် လိုရင်းကို မောင်မယ်တို့ နားလည် အောင် ပြောပြမယ်၊ ကဲ- နားထောင်။

http://www.dhammadownload.com

ဓမ္မစကြာသုတ်တော်

နေရာကတော့ မိဂဒါဝုန် ရဂုံမြိုင်တွင်းကွယ်၊ အချိန်ကတော့ နေစွယ်ယွန်းလို့ လဝန်းပေါ်စအချိန်၊ နေ့ကတော့ နွေအကုန် မိုးအစ ခုလို ဝါဆိုလပြည့်နေ့ပေါ့ကွယ်၊ အဲဒီနေရာ အဲဒီအချိန် အဲဒီနေ့မှာ ၃၅-နှစ်လုံး သားပစ် မယားပစ်နဲ့ သူတော်ကောင်းတရား နာကြားချင်ရှာလွန်းလို့ တောထွက်ပြီး စောင့်မျှော်ကာ နေရရှာကြတဲ့ ပဉ္စဝဂ္ဂီ ငါးဦးတို့အား သုံးလောကသခင် ဘုရားရှင်က **"ဒွေ မေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ"** အစဖြာတဲ့ ဓမ္မစကြာဒေသနာတော်ကို စတင် ဟောကြားတော်မူပါတယ်၊ ဒီ သာသနာတော်မှာ ပထမဦးဆုံး ဓမ္မဒေသနာ(တရားဟောခြင်း)မင်္ဂလာနဲ့ ဓမ္မသာဝန(တရားနာခြင်း) မင်္ဂလာကို စတင်လိုက်ခြင်းဖြစ်တယ်။

ဓမ္မစကြာသုတ်တော်ရဲ့ လိုရင်းအချုပ်က လမ်းစဉ်သုံးပါး၊ သစ္စာလေးပါး၊ ဉာဏ်တော် တစ်ဆယ့်နှစ်ပါးတို့ ဖြစ်ပါတယ်၊ ဉာဏ်တော် တစ်ဆယ့်နှစ်ပါးဟာ မောင်မယ်တို့နဲ့ မသက်ဆိုင်သေးတဲ့အတွက် ချန်လှပ်ထားခဲ့ပြီး လမ်းစဉ်သုံးပါးနဲ့ သစ္စာလေးပါးသဘောသွားများကို ပြောကြားပါမယ်။

လမ်းစဉ်သုံးပါး ဆိုတာက-

၁။ **အတ္တကိလမထာနုယောဂလမ်းစဉ်**
(ခန္ဓာကိုယ်ကို ပင်ပန်းအောင် ညှဉ်းဆဲနှိပ်စက်သော အကျင့်)၊

၂။ **ကာမသုခလ္လိကာနုယောဂလမ်းစဉ်**
(ကာမဂုဏ်ချမ်းသာကို ဖိမ်ခံသောအကျင့်)၊

၃။ **မဇ္ဈိမပဋိပဒါလမ်းစဉ်**
(ခန္ဓာကိုယ်ကို ပင်ပန်းအောင်လည်း မနှိပ်စက်၊ ဖိမ်ကျကျလည်း မခံစားဘဲ နှစ်ဖက်စွန်း အပြစ်လွတ်အကျင့်)တို့ ဖြစ်ပါတယ်။

အဲဒီ လမ်းစဉ်သုံးမျိုးမှာ ပထမလမ်းစဉ်ဟာ ကြမ်းတမ်းပြီး တစ်ဖက်စွန်းကျတဲ့အတွက် မလိုက်နာရဘူး၊ ဒုတိယလမ်းစဉ်ကျတော့လည်း နုလွန်းပြီး တစ်ဖက်စွန်းကျတဲ့အတွက် မလိုက်နာရဘူး၊ ခန္ဓာကိုယ်ကို နှိပ်စက် ညှဉ်းပန်းတဲ့အတွက်လည်း အမှန်တရားကို မရနိုင်ဘူး၊ ခန္ဓာကိုယ်ကို ဖိမ်ခံတဲ့အတွက်လည်း

http://www.dhammadownload.com

အမှန်တရားကို မရနိုင်ဘူး။ ဒါကြောင့် ဒီ လမ်းစဉ်နှစ်ခုကို ရှောင်ကွင်းပြီး အစွန်းလွတ် အလယ်လမ်းစဉ် (မဇ္ဈိမပဋိပဒါ)ကိုသာ ကျင့်ကြံ လိုက်နာရမယ်လို့ ညွှန်ကြားတော်မူတယ်။

မဇ္ဈိမပဋိပဒါ လမ်းစဉ်ဆိုတာ -

၁။	အမြင် မှန်ရမယ်	- **သမ္မာဒိဋ္ဌိ**	သီလမဂ္ဂင် (၃)ပါး
၂။	အတွေး မှန်ရမယ်	- **သမ္မာသင်္ကပ္ပ**	
၃။	အပြော မှန်ရမယ်	- **သမ္မာဝါစာ**	
၄။	အလုပ် မှန်ရမယ်	- **သမ္မာကမ္မန္တ**	သမာဓိမဂ္ဂင် (၃)ပါး
၅။	အသက်မွေးမှု မှန်ရမယ်	- **သမ္မာအာဇီဝ**	
၆။	ကြိုးစားမှု မှန်ရမယ်	- **သမ္မာဝါယာမ**	
၇။	သတိထားမှု မှန်ရမယ်	- **သမ္မာသတိ**	ပညာမဂ္ဂင် (၂)ပါး
၈။	နိုင်မြဲမှု တည်ကြည်မှု မှန်ရမယ်	- **သမ္မာသမာဓိ**	

အဲဒီ အင်္ဂါ ၈-ချက်နဲ့ ပြည့်စုံရတယ်၊ ဒီ ၈-ပါးကို အကျယ်ချဲ့ ပြောရရင်တော့ ပိဋကတ်သုံးပုံ အကုန်လုံး အကျုံးဝင်ပါတယ်၊ အကျုံးဝင်ပုံကို ရိပ်စားမိအောင် နည်းနည်း ပြောပြမယ်။

အဲဒီ ၈-ပါးမှာ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ သုံးပါးကို (သီလ)လို့ ခေါ်တယ်၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ သုံးပါးကို (သမာဓိ)လို့ ခေါ်တယ်၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ နှစ်ပါးကို (ပညာ)လို့ ခေါ်တယ်၊ သီလ, သမာဓိ, ပညာ သုံးပါး စုံသွားတယ် မဟုတ်လား၊ ဒီ သာသနာတော်မြတ်ကြီးရဲ့ အနှစ်သာရဟာလည်း ဒီသုံးပါးပဲ ဖြစ်ပါတယ်၊ အဲဒီမှာ သီလကို ဝိနည်းပိဋကနဲ့ အကျယ်ဟောပါတယ်၊ သမာဓိကို သုတ္တန်ပိဋကနဲ့ အကျယ်ဟောပါတယ်၊ ပညာကို အဘိဓမ္မာပိဋကနဲ့ အကျယ်ဟောပါတယ်၊ ဒါဟာ သီလ, သမာဓိ, ပညာက နေပြီး ပိဋကတ် သုံးပုံ ပေါက်ပွားလာပုံ ဖြစ်ပါတယ်၊ ကဲ- ဒါလောက်ဆိုရင် မဇ္ဈိမပဋိပဒါလမ်းစဉ်မှာ သီလ, သမာဓိ, ပညာ ပါဝင်နေပုံ၊ ပိဋကတ်သုံးသွယ် ပါဝင်နေပုံကို မောင်မယ်တို့ ရိပ်မိတန်ကောင်းပါရဲ့။

အမှန်တရား ရဖို့ (နိဗ္ဗာန်ရဖို့)ဟာ ခန္ဓာကိုယ်ကို နှိပ်စက်နေရုံမျှနဲ့လည်း

http://www.dhammadownload.com

(အတ္တကိလမထာနုယောဂ အကျင့်မျှနဲ့လည်း) မရနိုင်ပါဘူး။ ပြီးတော့ ခန္ဓာကိုယ် အပေါ် ဇိမ်ယစ်နေရုံမျှနဲ့လည်း (ကာမသုခလ္လိကာ နုယောဂအကျင့်မျှနဲ့လည်း) မရနိုင်ပါဘူး။ အထက်က ဖော်ပြခဲ့တဲ့ အင်္ဂါ ၈–ပါး (သို့မဟုတ်) သီလ, သမာဓိ, ပညာ အကျင့်မြတ်နဲ့ (မဇ္ဈိမပဋိပဒါအကျင့်နဲ့) ကျင့်ကြံ ကြိုးကုတ် အားထုတ်မှ အမှန်တရားကို ရနိုင်ပါတယ်၊ ဒါကြောင့် လောကီရေးရာမှာ ဖြစ်စေ၊ လောကုတ္တ ရာရေးရာမှာဖြစ်စေ တစ်ဖက်စွန်းကျတဲ့ လမ်းစဉ်များသို့ မလိုက်ကြဘဲ အစွန်း လွတ် (အပြစ်လွတ်)တဲ့ မှန်ကန်တဲ့ အလယ်လမ်းစဉ်နဲ့သာ ချီတက်ကြရမယ်၊ ''**တင်းလွန်းလျှင် ပြတ်၊ လျော့လွန်းလျှင် ပတ်**''ဆိုတာ ကြားဖူးကြတယ် မဟုတ်လား၊ ဒါကြောင့် အသေးအဖွဲ့ကိစ္စလေးကအစ အရာရာမှာ တစ်ဖက် သတ် မတွေး၊ မပြော၊ မလုပ်ကြဘဲ မျှမျှတတ အလယ်အလတ် တည့်မတ် မှန်ကန်စွာ တွေးတတ်၊ ပြောတတ်၊ လုပ်တတ်ဖို့ သတိထားရမယ်ကွယ့်။

ကဲ– သစ္စာလေးပါးအကြောင်း နည်းနည်း ပြောမယ်၊ သစ္စာဆိုတာ အမှန်တရားလို့ ခေါ်တယ်၊ တိုတိုချုံးပြောရရင် ဒီခန္ဓာကိုယ်ကြီးတစ်ခုလုံးဟာ သူ့အတွက် စားဖို့သောက်ဖို့၊ နေဖို့ထိုင်ဖို့၊ ဝတ်ဖို့ စတဲ့ ကိစ္စများကို အမြဲမပြတ် တရစပ် ပြုလုပ် ပေးနေရပါတယ်၊ မိုးလင်းက မိုးချုပ်၊ မွေးသည်မှာ သေသည် အထိ နာရီ စက္ကန့်မလပ် သူ့အတွက် အမြဲ လုပ်ပေးနေရပေမယ့် ကိုယ့်အလို ပါတယ်မရှိဘူး။ မမွေးချင်ဘဲ မွေးရ၊ မအိုချင်ဘဲ အိုရ၊ မနာချင်ဘဲ နာရ၊ မသေချင်ဘဲ သေရ၊ ချစ်တဲ့သူနဲ့လည်း ကွဲရ၊ မုန်းတဲ့သူနဲ့လည်း အတူနေရ၊ လိုချင်တာလည်း မရ၊ မလိုချင်တာလည်း ရနဲ့ သူ့သဘောအတိုင်းချည်း ဖြစ်နေရတယ်၊ အဲဒီတော့ ဒီခန္ဓာကိုယ်ကြီးဟာ ဆင်းရဲတုံးကြီးအစစ်ပေါ့၊ ဒီ ခန္ဓာကိုယ်ကြီးဟာ ဆင်းရဲတုံးကြီး အစစ်ပဲလို့ အမှန်အတိုင်း သိတာကို ''**ဒုက္ခ သစ္စာ**''လို့ ခေါ်တယ်။

အဲဒီ ဒုက္ခဟာလည်း ဘယ်သူ့ကြောင့်မှ ဖြစ်တာမဟုတ်ဘူး။ ''ဘယ်သူ မပြု မိမိမှု''ဆိုတာလို အဲဒီခန္ဓာကိုယ်ကြီးအပေါ် တွယ်တာ တပ်မက်နေတဲ့ တဏှာလောဘကြောင့် ဖြစ်ရတယ်၊ ဒါကြောင့် ဒီ တဏှာလောဘဟာ ဒုက္ခ ဖြစ်ခြင်းရဲ့ အကြောင်းမှန် တရားခံဖြစ်လို့ ''**သမုဒယသစ္စာ**''လို့ ခေါ်ရတယ်၊ အပူရှိရင် အအေးရှိသလို ဒုက္ခရှိရင် ဒုက္ခငြိမ်းရာလည်း ရှိရပါတယ်၊ အဲဒီ

http://www.dhammadownload.com

ဒုက္ခငြိမ်းရာကို "**နိဗ္ဗာန**-နိဗ္ဗာန်"လို့ ခေါ်တယ်၊ အဲဒီ နိဗ္ဗာန်ဟာ ဒုက္ခ ချုပ်ရာအမှန် ဖြစ်လို့ "**နိရောဓသစ္စာ**"လို့ ခေါ်ရတယ်၊ မြို့ရှိရင် မြို့ကိုသွားတဲ့ လမ်း ရှိရသလို နိဗ္ဗာန်ရှိရင် နိဗ္ဗာန်သွားရာလမ်းလည်း ရှိရပါတယ်၊ အထက်က ပြောပြခဲ့တဲ့ အင်္ဂါရှစ်ပါးရှိတဲ့ မဇ္ဈိမပဋိပဒါလမ်းစဉ်ဟာ နိဗ္ဗာန် ရောက်ကြောင်း လမ်းကောင်းအမှန်ဖြစ်လို့ "**မဂ္ဂသစ္စာ**"လို့ ခေါ်ရပါတယ်၊ ဒုက္ခသစ္စာနဲ့ နိရောဓ သစ္စာ နှစ်ပါးဟာ မြို့ကြီးနှစ်မြို့နဲ့ တူပါတယ်၊ သမုဒယသစ္စာနဲ့ မဂ္ဂသစ္စာ နှစ်ပါးဟာ လမ်းမကြီးနှစ်ခုနဲ့ တူပါတယ်၊ ဒုက္ခမြို့ ရောက်ချင်ရင် သမုဒယလမ်း က သွား၊ နိရောဓမြို့ ရောက်ချင်ရင် မဂ္ဂလမ်းက သွား၊ ကဲ- ရှင်းကြပြီလား။

အဲဒါဟာ သစ္စာလေးပါးရဲ့ သဘောအချုပ်ပါပဲ၊ အဲဒီ သစ္စာလေးပါးမှာ မဂ္ဂသစ္စာဟာ အလုပ်တရားဖြစ်လို့ လိုရင်းအကျဆုံး ဖြစ်ပါတယ်၊ မဂ္ဂကို အထပ်ထပ် (**ပွား**)နေရင် ဒုက္ခကို (**သိ**)လာပါတယ်၊ ဒုက္ခကို သိလာရင် သမုဒယကို (**ပယ်**)လာပါတယ်၊ သမုဒယကို ပယ်ရင် နိရောဓသို့ (**ဆိုက်**)ပါတယ်၊ ဒါကြောင့် "**သိ, ပယ်, ဆိုက်, ပွား၊ လေးပါးသစ္စာ**"လို့ ဆိုရိုးထားကြပါတယ်၊ အဲဒါ ဟာ ဓမ္မစကြာရဲ့ အနှစ်သာရပါပဲ၊ ပဉ္စဝဂ္ဂီ ငါးဦးတို့ဟာ ဓမ္မစကြာတရားကို နာကြားခြင်းတည်းဟူသော ဓမ္မဿဝနမင်္ဂလာကြောင့် သူတော်ကောင်းစစ်စစ် ကြီးတွေ ဖြစ်သွားကြရပါတယ်၊ ကဲ- တော်ကြဦးစို့။

ယုံမှားကင်းစင် အယူဖြောင့်မှို

- အခွင့်သာလျှင် ဒေသနာတရားကို၊ ဝေနေအများ နာကြားကွယ်။
  မကြားဖူးတာ ကြားနာရလို့၊ ကြားဖူးတာတော့ ရှင်းစေတယ်။
- ယုံမှားကင်းစင် အယူဖြောင့်လျက်၊ စိတ်ဓာတ်ကိုလည်း ကြည်စေဖွယ်။
  မင်္ဂလာကို လက်တွေ့ကျင့်လို့၊ ရှေ့သို့တစ်ဆင့် တက်ရမယ်။
- မိမိအကျိုး တိုင်းပြည်ကျိုး၊ သယ်ပိုးရွက်ဆောင်ကွယ်။
  အဲဒါကြောင့် အခါသင့်ငြား မြတ်တရား၊ နာကြား မင်္ဂလာကွယ်။

"မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ"

ဓမ္မဗျူဟာစာစောင်၊ အတွဲ (၇)-အမှတ်(၂)၊ အတွဲ(၃၅)အမှတ်(၃)

၂၇- ဝတ္ထု ဝ

http://www.dhammadownload.com

လောင်ချစ်ပွက်ဆူ၊ မျက်ထွက်သူကို၊ တုန့်မူအမျက်၊ ပြန်မထွက်က၊ အောင်ခက်နိုင်ခဲ၊ စစ်မြေထဲဝယ်၊ အောင်ပွဲရသည်၊ သူဟုမည်ရှင့်၊ မကြည်စိတ်ခက်၊ အမျက်ထွက်သူ၊ ဆိုသည့်လူနှင့်၊ အတူပြန်လျက်၊ မျက်မာန်ထွက်သော်၊ ရေးထက်နောက်လူ၊ မိုက်သောဟူ၍၊ မှတ်ယူပိုက်ကျုံး နှလုံးထဲနှစ်၊ စွဲစေရစ်လော့။

မုန်းချစ်နှစ်တန်၊ လူတို့ဩာန်ဝယ်၊ အမှန်သဘော၊ မရှိသောရှင့်၊ လောကီအစုတ်၊ လူတို့နှုတ်ကား၊ မဟုတ်လည်းပြော၊ ဟုတ်လည်းပြော၍၊ မင်းစောသားချစ်၊ မာန်မယစ်နှင့်၊ ခံလစ်သည်းညည်း၊ သာညှံ့ဖြည်း၍၊ အောင့်ဆည်းနိုင်ဘိ၊ မြတ်ခေါင်ထိ၍၊ အဓိဝါသီ၊ ခန္တီမည်ပြား၊ ဤတရားကို၊ လွန်အားကြီးစွာ၊ သူတကာထက်၊ ကိုယ်မှာအစဉ်၊ မြဲယှဉ်စင်စစ်၊ ကဲစေရစ်လော့။

(မဃဒေဝလင်္ကာသစ်)

လေ့ခါးထစ်လေးများဟာ တစ်ထစ်ပြီးတစ်ထစ် မြင့်မြင့်လာသလို မင်္ဂလာတရားတော်ကလည်း တစ်ပါးထက် တစ်ပါး လေးနက်လာတယ်ကွယ့်၊ လေ့ခါးထစ်ဟာ ဘယ်လောက်မြင့်မြင့် တစ်ထစ်ချင်း မှန်မှန်တက်သွားရင် မပင်ပန်းဘဲ လွယ်လွယ်ကူကူ ဖြစ်သလို မင်္ဂလာတရားကိုလည်း ညွှန်ပြခဲ့တဲ့အတိုင်း တစ်ပါးချင်း လက်တွေ့ ကျင့်ကြံသွားရင် မခက်ပါဘူး၊ လေ့ခါးထစ်ကို ကျော်တက်ရင် မောလည်း မောတယ်၊ ချော်လည်း လဲတတ်တယ်၊ ဒီသဘောပဲ၊ မင်္ဂလာတရားကိုလည်း လောကြီးပြီး စိတ်စောနေရင် မနိုင်မနင်းဖြစ်ပြီး မကျင့်နိုင် မကြံနိုင် ဖြစ်သွားတတ်ပါတယ်၊ ဒီသဘောလေးကို စွဲနေအောင် မောင်မယ်တို့ သတိထားရမယ်၊ ဒီလို မဟုတ်ရင် မင်္ဂလာတရားအပေါ် စိတ်ပျက်သွားမှာ ဆရာ ရိပ်မိတယ်၊ တစ်နေ့တစ်လံ ပုဂံဘယ်ရွေ့မလဲ ဆိုတဲ့ စကားပုံကို အာရုံပြုပြီး ကြိုးစားကြပါလို့ ဆရာ တိုက်တွန်းပါတယ်။

ကဲ- သင်တန်း စကြပါစို့။

http://www.dhammadownload.com

၂၇။ ခန္တိစ

(မြေကြီးပမာ သည်းခံရေးမင်္ဂလာ)

''မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ''

လူတိုင်း လူတိုင်းမှာ မဟုတ်မခံတဲ့ စိတ်ဓာတ်ဟာ သဘာဝအားဖြင့် တည်နေပါတယ်၊ ရှိသေသင့်တဲ့သူတွေကို ရှိသေဖို့ လွယ်သလောက် မိမိကိုယ်ကို နှိမ်ချဖို့ ကြိုးစားရင် လွယ်သလောက် ကိုယ့်ကို မဟုတ်မတရား စွပ်စွဲပြောဆိုလာရင် သည်းခံဖို့ဆိုတာ မလွယ်ကူပါဘူး၊ မြွေဟောက်ကို ကြည့်ပါလား၊ မြွေဟောက်ဟာ နှိမ့်ချတဲ့သဘော ရှိတယ်၊ သူ့ကို မထိရင် ဘယ်တော့မှ အန္တရာယ် မပြုဘူး၊ ထိရင်တော့ မီးပွင့်သွားမယ်သာ မှတ်ပေတော့၊ အဲ- လူတွေမှာလည်း အများအားဖြင့် ဒီသဘောတွေကို ရှိကြတယ်၊ ဒီသဘောတွေ မြင်လို့ မဖြစ်သင့်တာတွေ မဖြစ်ရအောင် မင်္ဂလာတရားတော်က **ခန္တိစ** လို့ ဆက်လက် သတိပေးပါတယ်၊ အစစ အရာရာ သည်းခံပါတဲ့၊ ဒီလိုဆိုပါတယ်။

ပန်းပုဆရာဟာ သူ့ရဲ့ ပန်းပုရုပ်ကလေးကို အဖုအထစ် အပြစ် အနာအဆာလေးတွေ ကင်းနိုင်သမျှ ကင်းအောင် စိတ်ရှည်လက်ရှည် ထုလုပ်သလို မင်္ဂလာတရားတော်ကလည်း လူတော်လူကောင်းတစ်ယောက် ဖြစ်လာရေးအတွက် လိုအပ်တဲ့ အရည်အချင်းတွေကို တစ်ခုချင်း ထောင့်လုံအောင် တပ်ဆင် ပေးနေပါတယ်၊ ဒီ ခန္တီဆိုတဲ့ မင်္ဂလာဟာ အလွန် အရေးကြီးတဲ့ မင်္ဂလာ ဖြစ်ပါတယ်၊ တချို့ မိဘ ဆရာသမား စသူတွေအပေါ် ရှိသေတယ်၊ လေးစား

KO UoF/36-A

http://www.dhammadownload.com

တယ်၊ လုပ်ကျွေးတယ်၊ ပြုစုတယ်၊ ဒါပေမယ့် မိဘဆရာသမား စသူတို့ရဲ့ အန္တအတာကို သည်းမခံတတ်ကြဘူး၊ စိတ်မရှည်ကြဘူး၊ ပြန်လှန် နှုတ်လှန်ထိုး တတ်ကြတယ်၊ ဒီတော့ ဘာဖြစ်သလဲ၊ ဖုံးသမျှ ကုန်းမှ ပေါ်တာပေါ့၊ ခဲလေသမျှ သဲရေကျ ဖြစ်ရတာပေါ့၊ ဒီ မင်္ဂလာ မပြည့်စုံရင် ရှေးက မင်္ဂလာတွေဟာ အရောင်တောက်သင့်သလောက် မတောက်တော့ဘဲ မှေးမှိန်သွားတတ်ပါတယ်၊ ကြပ်ကြပ် သတိထားရမယ့် မင်္ဂလာကွယ့်၊ မောင်မယ်တို့ နားလည်လွယ်အောင် ဘောလုံးသမားဥပမာနဲ့ ပြောပြဦးမယ်။

ဘောလုံးကန်တဲ့လူဟာ ဂိုးရရေးအတွက် အမျိုးမျိုး အခက်အခဲတွေကို ဖြတ်ကျော်ခဲ့ပြီး ဂိုးသွင်း ခါနီးကျမှ တစ်ဖက်လူက စိတ်တိုအောင် လူကို စ၊ လူကို ချတဲ့အခါ ကိုယ်လုပ်ရမယ့် ဂိုးသွင်းရမယ့် အလုပ်ကို မလုပ်ဘဲ ပြန်လှန် တုန့်ပြန်လိုက်ရင် အနိုင်အရှုံးကို အဆုံးအဖြတ်ပေးမယ့် တန်ဖိုးကြီးလှတဲ့ ဂိုး တစ်လုံး လျော့သွားတော့တာပဲ၊ ဒီသဘောပဲ၊ လူတိုင်း လူတိုင်းဟာ ဘဝခရီး အတွက် ရုန်းကန် လှုပ်ရှားနေတဲ့အခါမှာ ပတ်ဝန်းကျင်ရဲ့ စော်ကားမှု ခြေထိုးမှု စွပ်စွဲ ပြောဆိုမှု၊ ကုန်းတိုက်မှု၊ ရန်စမှု၊ ကျူးကျော်မှု စတဲ့ အမျိုးမျိုးသော အနှောင့်အယှက်တွေကို ဆက်တိုက် တွေ့ရမယ်၊ ဒါတွေကို အရေးလုပ်ပြီး တုန့်ပြန်နေရင် ဘောသမားလို ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ ဆုံးရှုံးသွား နိုင်တယ်၊ ကြိုးစားခဲ့သမျှတွေဟာ အကုန်လုံး အရေမရ အဖတ်မရ ဖြစ်ကုန် တတ်တယ်၊ ဥပမာ– လူတစ်ယောက်ဟာ ကြိုးစားခဲ့လို့ ပညာလည်း တတ် တယ်၊ လိမ်လည်း လိမ္မာတယ်၊ ပစ္စည်းလည်း ချမ်းသာတယ် ဆိုပါတော့၊ တစ်နေ့တော့ အဲဒီလူဟာ သူ့ကို လာစော်ကားတဲ့လူကို ဓားနဲ့ ထိုးသတ်လိုက် တယ်ဆိုရင် ဒီလူဟာ ဘာဖြစ်သွားမလဲ၊ တစ်သက်လုံး ကြိုးစားခဲ့တဲ့ ဂုဏ် တွေဟာ တစ်ခါတည်းနဲ့ ရေစုံ မျောသွားတတ်တယ်၊ ဒါကြောင့် အလောင်း တော်ကြီးများဟာ ဒီ ခန္တီပါရမီကို သိပ်သတိထားကြတယ်ကွယ့်။

စကားသံ ရိုင်းပေမယ့် သဘာဝကျလှတဲ့ ''ခွေးဟောင်တိုင်း ထမကြည့် နဲ့''ဆိုတဲ့ စကားပုံလေးဟာ သိပ်ကို သတိထားဖို့ ကောင်းတယ်ကွယ့်၊ ခွေးဆို တာ မည်းမည်းမြင်တိုင်း ဟောင်နေတာ၊ သူ ဟောင်တိုင်းသာ ထကြည့်နေရင် တစ်ညလုံး အိပ်ရတော့မှာ မဟုတ်ဘူး၊ ဒီသဘောပဲ၊ လောကလူတွေဟာ

http://www.dhammadownload.com

လူများအကြောင်းဆိုရင် မဟုတ်လည်း ပြော၊ ဟုတ်လည်း ပြောနေကြတာပဲ၊ သူတို့ ပြောတိုင်းသာ အရေးလုပ်နေရရင် နေစရာ ထိုင်စရာတောင် မရှိတော့ဘူး၊ အလုပ်ပျက်တယ်၊ ဒါကြောင့် မန်လည်ဆရာတော်ဘုရားကြီးက "**လောကီ အစုတ်၊ လူတို့နှုတ်ကား မဟုတ်လည်းပြော၊ ဟုတ်လည်းပြော၏**"လို့ သတိပေးခဲ့တာပါ။

ရိုးရိုးလေး သတိထားဖို့ကတော့ သူများက မဟုတ်မတရား ပြောရင် "ဟုတ်မှမဟုတ်ဘဲ၊ ဘာနာစရာ ရှိလဲ" ဆိုပြီး သည်းခံပါ၊ ဟုတ်တာပြောရင်လည်း "ဟုတ်လို့ပြောတာ ဘာ နာစရာရှိလဲ"ဆိုပြီး သည်းခံပါ၊ အပြောလွယ်သလောက် အလုပ်ကျတော့ ခက်တယ်ဆိုတာ ဆရာ သတိပြုမိပါတယ်၊ ဆရာကိုယ်တိုင်လည်း ဒီမင်္ဂလာပျက်ကွက်ခဲ့လို့ ခုမှ တဖြည်းဖြည်း ကြိုးစားနေရတုန်းပါ၊ လောကမှာ ဘုရားတောင် အကဲ့ရဲ့ မလွတ်ဘူး၊ "**နတ္ထိ လောကေ အနိန္ဒိတော**– လောကမှာ ဘယ်သူမှ ကဲ့ရဲ့မလွတ်ပါဘူး"တဲ့၊ ဒါကြောင့် လူများကဲ့ရဲ့တာကို သိပ် အရေးမထားကြနဲ့၊ ကိုယ့်အလုပ် ပျက်တယ်၊ ဒါပေမယ့် ကိုယ်ကိုယ်တိုင်က ကဲ့ရဲ့စရာ ဖြစ်အောင်တော့ မလုပ်၊ မပြော၊ မကြံစည်နဲ့ပေါ့၊ ကိုယ်နေတာ ထိုင်တာ၊ ပြောတာ၊ ဆိုတာ မဟုတ်လို့ ကဲ့ရဲ့ကြရင်တော့ ကိုယ့်ရဲ့ ချွတ်ယွင်းချက်တွေကို ထောက်ပြတာ ဖြစ်လို့ ကျေးဇူးတောင် တင်ရဦးမယ်၊ ကိုယ်ကလည်း အကဲ့ရဲ့လွတ်အောင် ပြုပြင်ရမယ်။

မှတ်သားစရာ ကောင်းတာလေးတစ်ခု ပြောပြဦးမယ်၊ တစ်ခါတုန်းက မြတ်စွာဘုရားကို ပုဏ္ဏားတစ်ယောက်က ဆဲရေး တိုင်းထွာပါတယ်၊ မြတ်စွာဘုရားက သည်းခံတော်မူတယ်၊ ရဟန်းတော်တွေက ဒီအကြောင်းပြောတော့ မြတ်စွာဘုရားက "ချစ်သားတို့၊ ပုဏ္ဏားဆဲတာကို ငါဘုရားကမှ လက်မခံဘဲ၊ လက်မခံတော့ သူ့ဥစ္စာသူ ပြန်ယူသွားတော့တာပေါ့"တဲ့၊ ရိုးရိုးလေးနဲ့ ယဉ်တဲ့ စကားလေး ဖြစ်ပါတယ်၊ လောကမှာ လူတစ်ယောက်က လူတစ်ယောက်ကို ပစ္စည်းဥစ္စာတစ်ခုကို ပေးတဲ့အခါ ကာယကံရှင်က လက်မခံရင် ပြန်ယူသွားကြရသလို ဆဲတာကိုလည်း ကိုယ်က လက်မခံရင် သူ့ဘာသာသူ ပြန်ယူသွားရတဲ့သဘောပါပဲ၊ သူတစ်ပါး ဆဲတာကို ပြန် စိတ်ဆိုးမယ်၊ ပြန်ဆဲမယ်ဆိုရင် သူ့အဆဲကို ကိုယ်က လက်ခံတဲ့သဘော ရောက်ပါတယ်၊ ပုထုဇဉ်သဘာဝ

http://www.dhammadownload.com

လက်တွေ့ကျတော့ မလွယ်ပေမယ့် သိထားတော့ သက်သာတာပေါ့ကွယ်၊ သည်းခံခြင်း ခန္တိမင်္ဂလာကို ဘုရားရှင်တိုင်းက ''**ခန္တီ ပရမံ တပေါ တီတိက္ခာ၊ ခန္တျာဘိယော န ဝိဇ္ဇတိ**– သည်းခံခြင်းထက် လွန်မြတ်တဲ့တရား မရှိ''လို့ အမြဲ ချီးကျူးတော်မူပါတယ်။

ပြီးတော့ လောကမှာ ခန္တီတရားဟာ အားအကောင်းဆုံး တရားလို့လည်း ချီးကျူးတော်မူကြပါတယ်၊ အားကောင်းပုံကို နည်းနည်းပြောပြဦးမယ်၊ လူနှစ်ယောက် လမ်းလယ်မှာ ရန်ဖြစ်နေတယ် ဆိုပါစို့၊ လူတွေကလည်း ဝိုင်းအုံကြည့်နေကြတယ်၊ အဲဒီ နှစ်ယောက်ဟာ တစ်ယောက်တစ်ယောက် အရှုံးမပေးတမ်း ထိုးသတ်နေရင် ဘေးကလူတွေက ဝိုင်းလက်ခုပ်တီးပြီး မြှောက်ပေးတတ်တယ်၊ ဘယ်သူ့ဘက်မှလည်း ဘက်မလိုက်ကြဘူး၊ အဲဒီလို မဟုတ်ဘဲ တစ်ယောက်က သည်းခံပြီး တစ်ယောက်ရဲ့ ထိုးသတ်မှုကို ငုံ့ခံလိုက်ရင် ပွဲကြည့်ပရိသတ်ဟာ ချက်ချင်း လက်သီးလက်မောင်း တန်းပြီး သည်းခံတဲ့လူဘက်က နာပြီး စော်ကားနေတဲ့လူကို ဝိုင်းချုပ်တတ်ကြတယ်၊ သည်းခံနေတဲ့လူကို မေတ္တာတွေ ပိုလာတတ်ကြတယ်၊ သနားလာတတ်ကြတယ်၊ အလိုလို ဘက်ဂရောင်းတောင့်တဲ့ လူတစ်ယောက် ဖြစ်သွားတယ်၊ သာမန် မျက်စိနဲ့ကြည့်ရင် စော်ကားတဲ့လူက နိုင်တယ်ထင်ရပေမယ့် စူးရှတဲ့အမြင်နဲ့ ကြည့်လိုက်ရင် သည်းခံတဲ့ လူကသာ အနိုင်ရကြောင်း သိနိုင်ပါတယ်။

ဥပမာ– မောင်မယ်တို့ကို သူငယ်ချင်းတစ်ယောက်ယောက်က စိတ်ဆိုးပြီး လက်သီးနဲ့ လာထိုးတယ် ဆိုပါတော့၊ မောင်မယ်တို့ကသာ မတုန့်ပြန်ဘဲ သည်းခံပြီး ''သူငယ်ချင်းရယ်– မင်း ငါ့အပေါ် ဒီလို လုပ်ရက်သလား''လို့ သိမ်မွေ့တဲ့အမူအရာ အပြစ်မယူတဲ့အသွင်နဲ့ ပြောလိုက်ပါ၊ ထိုးနေတဲ့ သူငယ်ချင်းရဲ့လက်သီးဟာ နောက်တစ်ချက် ထပ်မဆင့်နိုင်တော့ဘဲ သူ့အမှားကို ချက်ချင်း မြင်ပြီး တောင်းပန်ပါလိမ့်မယ်၊ အဲဒါဟာ သည်းခံခြင်းရဲ့ အင်အားတွေပဲ။

စကားစပ်လို့ ပြောလိုက်ရဦးမယ်၊ မနှစ်က ရန်ကုန်မှာဖြစ်တဲ့ တရုတ်အရေးအခင်းကို ကြည့်ပါလား၊ တရုတ်ပြည် သမတနိုင်ငံက ဆရာတို့ မြန်မာ

http://www.dhammadownload.com

နိုင်ငံကို အမျိုးမျိုး စော်ကားတယ်၊ ခြိမ်းခြောက်တယ်၊ ဒါပေမယ့် ဆရာတို့ အစိုးရက သည်းခံနိုင်သမျှ သည်းခံပြီး လုပ်စရာရှိတာများကို ခေါင်းအေးအေးနဲ့ လုပ်သွားတယ်၊ ခွေးဟောင်တိုင်း ထမကြည့်တဲ့သဘောပဲ၊ ဆရာတို့ အစိုးရရဲ့ ဆောင်ရွက်ပုံဟာ နူးညံ့ပြီး ဆောင်ရွက်ရာမှာ ပြတ်သားတဲ့အတွက် ကမ္ဘာက ရင်သပ် ရှုမောရတဲ့အခြေ ရောက်ခဲ့တယ်၊ အဲဒါ ဘာလဲ- ဒီ ခန္တီမင်္ဂလာကို ကာယကံမြောက် လက်တွေ့ ကျင့်သုံးမှုရဲ့ ရလဒ်ပေါ့၊ နောင်တစ်ခေတ်မှာ ခေါင်းဆောင်ဖြစ်မယ့် မောင်မယ်တို့တစ်တွေဟာ ဒီလို လုပ်ထုံးလုပ်ကွက်တွေကို မေ့မပစ်ရဘူး၊ ခေါင်းထဲမှာ သံမှိုနဲ့ စွဲသလို စွဲထားရမယ်၊ ဒါမှ ကိုယ်တိုင် ခေါင်းဆောင်တဲ့အခါမှာ လွယ်ကူ အောင်မြင်နိုင်ပါတယ်၊ ကျောက်သင်ပုန်းမှာ ရေးပြထားတဲ့ မဃဒေဝလင်္ကာလေးကို အထပ်ထပ် ဖတ်ပြီး လက်တွေ့ဖြစ် အောင် ကြိုးစားကြပါ။

ခန္တီ-သည်းခံတယ်ဆိုတဲ့နေရာမှာ လူများက စော်ကားတာကို သည်းခံတာမှ သည်းခံတာ မဟုတ်ဘူး၊ ဒီမင်္ဂလာဟာ အလွန် ဘောင်ကျယ်ပါတယ်၊ အချမ်းအပူ ရာသီဥတုဒဏ်ကိုလည်း သည်းခံတတ်ရမယ်၊ အစားအသောက်နဲ့ ပတ်သက်ပြီးလည်း သည်းခံတတ်ရမယ်၊ အနေအထိုင်နဲ့ ပတ်သက်ပြီးလည်း သည်းခံတတ်ရမယ်၊ အလုပ်အကိုင်နဲ့ ပတ်သက်ပြီးလည်း သည်းခံတတ်ရမယ်၊ တိုတိုချုံးပြောတော့ စားဝတ်နေရေး ကျန်းမာရေးနဲ့ လူမှုရေးကိစ္စအဝဝ တရားဓမ္မ လုပ်ငန်းအဝဝတွေမှာ သည်းခံတတ်ရမယ်၊ သည်းခံတယ်ဆိုတာ စိတ်မတိုဘဲ စိတ်ရှည်လက်ရှည်ထားပြီး အရာရာအပေါ် ခွင့်လွှတ်တတ်တဲ့သဘော၊ အပြစ်မယူတဲ့သဘောကို ဆိုလိုပါတယ်၊ ပြောစရာတွေ ရှိသေးပေမယ့် အချိန်မရတော့တဲ့အတွက် ဒါလောက်နဲ့ပဲ ကျေနပ်ကြပါတော့၊ မင်္ဂလာသင်ခန်းစာ အဖြစ် ဒသကနိပါတ်၊ စူဠဗောဓိဇာတ်ကို ပြောပြမယ်၊ ကဲ- နားထောင်။

စူဠဗောဓိဇာတ်

ရှေးအခါတုန်းက ဆရာတို့ ဘုရားအလောင်းဟာ ပုဏ္ဏားရွာတစ်ရွာမှာ ဗောဓိဆိုတဲ့အမည်နဲ့ ပုဏ္ဏားတစ်ယောက် ဖြစ်ခဲ့ပါတယ်၊ ပစ္စည်းဥစ္စာ ကြွယ်ဝ ချမ်းသာပါတယ်၊ တစ်နေ့တော့ မိဘများက အိမ်ထောင်ချပေးသတဲ့၊ ဒါပေမယ့်

http://www.dhammadownload.com

လင်ရော မယားရော နှစ်ယောက်လုံးဟာ ကာမဂုဏ်စိတ်ဓာတ် မရှိကြတဲ့အတွက် နှစ်ဦးသဘောတူ ပစ္စည်းတွေစွန့်ပြီး တောထွက်လို့ ရသေ့ရဟန်း ပြုကြပါတယ်၊ တောထဲမှာ ၁၀–နှစ်လုံးလုံး တရားကျင့်သုံးကြပြီး တစ်နေ့တော့ ချဉ်ဆား မှီဝဲ လိုတဲ့အတွက် ဗာရာဏသီပြည် လာပြီး မင်းဥယျာဉ်မှာ ခေတ္တ သီတင်းသုံးကြ သတဲ့။

တစ်နေ့တော့ ဗာရာဏသီမင်းဟာ ဥယျာဉ်ကစားထွက် ကြွလာရာမှာ ရသေ့မကို မြင်ပြီး တပ်နှစ်သက်တာနဲ့ ရသေ့ကြီးနဲ့ ဘယ်လို တော်စပ်သလဲ မေးတဲ့အခါမှာ ခုအခြေအနေမှာ ဘာမှမတော်မှန်း သိတာနဲ့ အတင်းအဓမ္မ ရသေ့မကို သိမ်းပိုက်ပါတယ်၊ ရသေ့ကြီး ရှေ့မှာပဲ ရသေ့မကို ဆွဲခေါ်သွားကြ တဲ့၊ ဒါပေမယ့် ရသေ့ကြီးဟာ အပြစ်မယူ သည်းခံတော်မူပါတယ်၊ ဘုရင်ကြီးက ရသေ့မကို ပစ္စည်းဥစ္စာ အမျိုးမျိုးနဲ့ ဖြားယောင်းပေမယ့် မရတဲ့အတွက် ရသေ့ ကြီးထံ သွားပြီး အမျိုးမျိုး စွပ်စွဲတဲ့အခါမှာ ရသေ့ကြီးက သည်းခံခြင်းတရားကို ဟောကြားပါတယ်၊ တိုတိုပြောကြတော့ ဘုရင်ကြီးဟာ သူ့အမှား သူမြင်ပြီး သူတော်ကောင်း စစ်စစ်ဖြစ်ကြတဲ့ ရသေ့ကြီးနဲ့ ရသေ့မကို တစ်သက်လုံး ဥယျာဉ်အတွင်းမှာ ကိုးကွယ်သွားပါတယ်၊ ကဲ–တော်ကြဦးစို့။

အရာရာကို သည်းခံပါ

- ခန္တီစခေါ် မင်္ဂလာသဘောကို၊ ဖွေရှာစစ်ကြော ပြောပြမယ်။
  သည်းခံခြင်းဟာ အောင်မြင်ခြင်းမို့၊ မောင်မယ်တစ်သင်း ကျင့်စေဖွယ်။
- စားရာ, ဝတ်ရာ, နေရာကစ၊ သေချာကျန သည်းခံကွယ်။
  မင်္ဂလာကို လက်တွေ့ကျင့်လို့၊ ရှေ့သို့တစ်ဆင့် တက်ရမယ်။
- မိမိအကျိုး တိုင်းပြည်ကျိုး၊ သယ်ပိုး ရွက်ဆောင်ကွယ်။
  အဲဒါကြောင့် စားဝတ်နေရေး သည်းခံပေး၊ ကျင့်ရေး မင်္ဂလာကွယ်။

"မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ"

ဓမ္မဗျူဟာစာစောင်၊ အတွဲ (၇)–အမှတ်(၃)၊ အတွဲ(၄၅)အမှတ်(၄)

http://www.dhammadownload.com

http://www.dhammadownload.com

❖ ဆရာမိဖ၊ ဆုံးမစကား
မလိုက်ဖြားလည်း၊ ပျက်ပြားဆင်းရဲ
ဖြစ်မြဲကေန်၊ မသွေလှန်တည့်
အမှန်မုချ၊ ယွင်းမခွရှင့်။

❖ မဆွရေးက၊ သုပတ္တဟု
လင်းတကျေးသား၊ ဖစကားကို
နားမထောင်ချက်၊ ဆုံးမခက်ကြောင့်
ပျံတက်ကောင်းကင်၊ ပင်လယ်ပြင်ဝယ်
လေသင်တုန်းဖြတ်၊ လှိုင်းဟုန်ခတ်၍
သတ်ဖြတ်ကြေမွ၊ သေကုန်ကြ၏။

❖ မိဖစကား၊ နားထောင်ဖြားက
သံပြားကျောက်စောင်း၊ ကျိုးသော်ပြောင်းဟု
သူဟောင်းရေးလွန်၊ ဆိုမိန့်ညွှန်၏
သားမွန်မှတ်သား၊ သတိထား၍
တရားကိုယ်နှင့်၊ မခွာတည်း။

(မဃဒေဝလင်္ကာသစ်)

http://www.dhammadownload.com

၂၈။ သောဝစဿတာ

(ဆုံးမလွယ်သောသူဖြစ်ရေးဓမ္မဝေလာ)

''မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ''

လောကမှာ တချို့လူတွေဟာ လူကြီး မိဘ ဆရာသမား စတဲ့ပုဂ္ဂိုလ်တွေက အသာတကြည်နဲ့ သွန်သင် ဆုံးမတာကိုဖြစ်စေ၊ ကရုဏာဒေါသောနဲ့ ကြမ်းကြမ်းတမ်းတမ်း ဆုံးမတာကိုဖြစ်စေ၊ နောက်ဆုံး ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ဘာမှ နှုတ်လှန်မထိုးဘဲ သည်းခံတတ်ကြပါတယ်၊ သူငယ်ချင်း အပေါင်းအဖော် စသူတွေက ဘယ်လိုပဲ မခံချင်အောင် ပြော၊ ဘယ်လိုပဲ မခံချင်အောင် စနေပေမယ့် ဒေါသမဖြစ်တတ်ဘဲ သည်းခံတတ်ကြပါတယ်၊ ဒီလိုလူတွေကို မောင်မယ်တို့ သတိထားကြည့်ရင် တွေ့ရတတ်ပါတယ်။

အဲ– ဒါပေမယ့် အဲဒီလူတွေထဲက လူအချို့ဟာ လူကြီး မိဘ ဆရာသမားတွေက ဘယ်လောက်ပြောပြော၊ ဘယ်လောက် ဆုံးမ ဆုံးမ ရှေ့မှာတော့ ကုတ်ချောင်းချောင်းနဲ့ နေပြီး နောက်ကွယ်မှာ ထင်ရာစိုင်းတတ်ကြပါတယ်၊ ဆရာတို့နဲ့ အတူတူနေဖူးတဲ့ ပုဂ္ဂိုလ်တစ်ယောက် ရှိတယ်၊ သူ့ကို ဘယ်သူက ပြောပြော ''ဟဲ ဟဲ ဟဲ'' လုပ်နေတာပဲ၊ ဟုတ်ဟုတ် မဟုတ်ဟုတ် ဘာမှ ပြန်မပြောဘူး။ အဲ– ကွယ်ရာကျရင်တော့ ငါ့မြင်းငါစိုင်းပဲ၊ ဒီလိုလူတွေ လောကမှာ အများကြီး ရှိတယ်၊ တချို့များ သိပ်ပြီး သည်းခံစိတ် ရှိကြတယ်၊

Ko Oo'F/37-A

http://www.dhammadownload.com

ဘယ်သူကပြောပြော ဘယ်သူကဆိုဆို တကယ့်အရုပ်ပဲ၊ ဒါပေမယ့် လုပ်ရာကျတော့ ဘယ်သူ့စကားမှ နားမထောင်ဘဲ လုပ်ချင်ရာ လုပ်တတ်ကြတယ်၊ ဒီ ချွတ်ယွင်းချက်ကို မြင်လို့ မင်္ဂလာတရားတော်က ''သောဝစဿတာ''တဲ့၊ ဆိုဆုံးမ လွယ်သူဖြစ်ရမယ်၊ (စကား နားထောင်သူ ဖြစ်ရမယ်)လို့ ဆက်လက် ညွှန်ကြားတော်မူပါတယ်။

လူကြီးမိဘ ဆရာသမား စသူတို့ကဖြစ်စေ၊ ကိုယ့်ထက် တတ်ကျွမ်း နားလည်သူများကဖြစ်စေ ကိုယ်ရဲ့ နေပုံ ထိုင်ပုံ စားပုံ သောက်ပုံ သွားပုံ လာပုံ ပြောပုံ ဆိုပုံ (ရေးပုံ သားပုံ) အချိုးမကျလို့ ပြုပြင် ဆုံးမတဲ့အခါ ကိုယ့်အမှားကို ချက်ချင်းပြင်ပြီး ပြောစကား နားထောင်တာကို **သုဝစ(သောဝစ)** စကား နားထောင်သူလို့ ဆိုရပါတယ်၊ နောက်ဆုံး ကိုယ့်ထက် ငယ်သူကပင်ဖြစ်စေ ကိုယ့်အမှားကို ထောက်ပြရင် ပြုပြင်နိုင်ရမယ်၊ ဒါမှ သုဝစဂုဏ်နဲ့ ပြည့်စုံတယ်။

တစ်ခါက ရှင်သာရိပုတ္တရာ ကိုယ်တော်ကြီး သင်္ကန်းဝတ်တာ မညီမညာ ဖြစ်နေလို့ ကိုရင်ကလေးက ထောက်ပြတဲ့အခါမှာ မထေရ်မြတ်ကြီးဟာ ကွယ်ရာမှာ ချက်ချင်း သွားပြင်ဝတ်ပြီး ကိုရင်ကလေးထံ ရိုရိုသေသေနဲ့ သွားပြသတဲ့၊ မူရင်းမှာ (အဉ္ဇလိံ ပဂ္ဂယှ) လက်အုပ်ချီပြီးတော့ ပြောသတဲ့၊ ဘယ်လောက် အတုယူဖို့ ကောင်းသလဲ၊ မာနကို နှိမ်ချနိုင်ပြီး သည်းခံနိုင်တဲ့ ခန္တီရှိမှ စကား နားထောင်နိုင်တာ၊ နို့မဟုတ်ရင် ''အောင်မယ်၊ မိကျောင်းမင်း ရေကင်းပြ၊ စာတော် စာချ'' ရမလားဆိုပြီး ဆတ်ဆတ်ခါ နာတတ်တယ်၊ ဆရာတို့ မြတ်စွာဘုရားဟာ ဒီစကား နားထောင်လွယ်တဲ့ သောဝစမင်္ဂလာကို အလွန် ချီးကျူးတော်မူတယ်၊ ဆုံးမခက်သူကို ''ဒုဗ္ဗစ''လို့ ကဲ့ရဲ့ပြီး သံဃာတော် အချင်းချင်း တစ်ဦးအမှားကို တစ်ဦးက တွေ့ရင် ဆုံးမရမယ်တဲ့၊ တစ်ဦးချင်း ဆုံးမလို့ မရရင် အများနဲ့ ဆုံးမရမယ်တဲ့၊ အများနဲ့ ဆုံးမတာတောင် မနာခံရင် ဝိုင်းကြဉ်ထား ရမယ်တဲ့၊ ဝိနည်းပညတ်ချက်တွေမှာ အထင်အရှားပါတယ်။

၃၈–ဖြာ မင်္ဂလာမှာ သောဝစမင်္ဂလာဟာ တော်တော် အရေးပါတယ် ကွယ့်၊ ဒီမင်္ဂလာနဲ့ ပြည့်စုံမှလည်း **ပဏ္ဍိတာနဉ္စ–ပူဇာစမင်္ဂလာ**တွေ လုပ်ရကျိုး နပ်မှာ၊ ပညာရှိကို မှီဝဲလို့ ပညာရှိက ဆိုဆုံးမတဲ့အခါ ကိုယ်က နာခံ မှတ်သား

http://www.dhammadownload.com

ကျင့်ကြံမှ အကျိုးဖြစ်ထွန်းမယ် မဟုတ်လား။ ရေတံလျှောက်က ကျလာတဲ့ မိုးရေပေါက်တွေကို အောက်ခံကောင်းကောင်းနဲ့ ခံထားမှ ရေရသလို သူတော်ကောင်း ပညာရှိများ ဆိုဆုံးမတဲ့ စကားများကိုလည်း နာခံလွယ်တဲ့ သောဝစ မင်္ဂလာနဲ့ ခံယူတတ်မှ ရပါတယ်၊ ရေတံလျှောက်က ရေတွေ ဒလဟော ကျနေပေမယ့် မခံယူရင် မရသလို ပညာရှိ သူတော်ကောင်းများက ဘယ်လောက် ဆုံးမ ဆုံးမ မနာခံရင် အကျိုးမဖြစ်ပါဘူး၊ ဒါကြောင့် ဒီမင်္ဂလာဟာ အရေးပါလှတဲ့ မင်္ဂလာတစ်ပါးဖြစ်ကြောင်း သတိချပ်ရမယ်ကွယ့်။

နီတိကျမ်းများမှာ **ကိုယ့်အမှားကို ထောက်ပြသူကို မြှုပ်နေတဲ့ရွှေအိုးကို ပြန်ဖော်ပေးတဲ့ သူတစ်ယောက်လို သဘောထားပြီး ကျေးဇူးတင်ရမယ်တဲ့၊** ''မမှားသောရှေ့နေ၊ မသေသော ဆေးသမား''ဆိုတဲ့ စကားပုံကို ကြားဖူးတယ် မဟုတ်လား၊ လူဆိုတာ ဘယ်တော့မှ အမှားမကင်းဘူး၊ ဒါပေမယ့် ကိုယ့်အမှားကို ကိုယ်မြင်နိုင်ခဲတယ်၊ ပတ်ဝန်းကျင်ကသာ ကိုယ့်ရဲ့ ချို့ယွင်းချက်ကို ပိုပြီး မြင်နိုင်စွမ်း ရှိပါတယ်၊ ဒါကြောင့် ကြီးသူများကဖြစ်စေ၊ ငယ်သူများက ဖြစ်စေ ကိုယ့်အမှားကို ထောက်ပြ ပြောဆိုလာရင် သောဝစမင်္ဂလာ အပြည့်အဝနဲ့ ပြုပြင်ဖို့ ဦးမလေးသင့်ဘူးကွယ့်။

ပြီးတော့ **စကားပြောတဲ့အခါမှာ ကိုယ်က ပြောရမယ့် ပုဂ္ဂိုလ်လား။ ကိုယ်က နားထောင်ရမယ့် ပုဂ္ဂိုလ်လား ဆိုတာကိုလည်း သတိထားရမယ်၊** ကိုယ့်ထက် အစစအရာရာ ဗဟုသုတ ကြွယ်ဝသူများနဲ့ စကားပြောတဲ့အခါ အပြောထက် နားထောင်တတ်ဖို့ ပိုအရေးကြီးပါတယ်၊ ဒါမှသာ သူတို့ထံက အထွေထွေ ဗဟုသုတတွေကို ရနိုင်ပါတယ်၊ ဒီလိုမဟုတ်ဘဲ လူတတ်ကြီးလုပ်ပြီး ကိုယ်ကချည်း ပြောနေရင် ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေဟာ ဆုံးရှုံးသွားတတ်ပါတယ်။

မောင်မယ်တို့ကို **လူချစ်လူခင် ပေါများတဲ့နည်း** လက်ဆောင်ပေးလိုက်ရဦးမယ်၊ သူတစ်ပါးက ပြောတဲ့အခါ လေးလေးစားစား အမူအရာနဲ့ သည်းခံပြီး နားထောင်တတ်တဲ့ အလေ့အကျင့်ကို ကြိုးစားပါ၊ ဆရာ ကိုယ်တိုင်လည်း ကြိုးစားတုန်းပဲ၊ ဒါပေမယ့် သိပ်မရသေးဘူး၊ အဲဒီ အလေ့အထ အောင်မြင်သွား

http://www.dhammadownload.com

ရင် ဘယ်သွားသွား **အဝေရာ**– ရန်မရှိသလောက်ပဲဆိုတာ တွေ့ရပါလိမ့်မယ်၊ ဒါပေမယ့် တစ်ခုတော့ သတိထားရမယ်၊ သူပြောတဲ့စကားဟာ **သုဘာသိတ** (ကောင်းတဲ့စကား)လား၊ **ဒုဗ္ဘာသိတ** (မကောင်းတဲ့စကား)လား ဆိုတာကိုတော့ စဉ်းစားရမှာပေါ့၊ သုဘာသိတမင်္ဂလာနဲ့ ပြည့်စုံတဲ့ စကားသာလျှင် သောဝစ မင်္ဂလာအတွက် ဖြစ်ပါတယ်၊ ဒုဗ္ဘာသိတ စကားတွေဆိုရင်တော့ နားထောင်ရင် အချိန်သာကုန်မယ်၊ အကျိုးမရှိပါဘူး၊ တကယ်လို့ သူ ပြောတဲ့စကားဟာ အကျိုးမရှိသည့်တိုင်အောင် အကျိုးမယုတ်ဘူး ဆိုရင်တော့ သူနဲ့ ဆန့်ကျင်ဘက် ဖြစ်မသွားရအောင် ကြိုးစားပြီး နားထောင်သင့်ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ လူဆိုတာ အများအားဖြင့် ရင်ဖွင့်ချင်ကြတယ် မဟုတ်လား၊ ပြောချင်တာလေးတွေ ပြောလိုက်ရရင် ကျေနပ်သွားတတ်ကြတယ်၊ ဒါကြောင့် သူတို့ပြောတဲ့စကားကို လေးလေးစားစား နားထောင်နေရင် သူတို့ ရင်ပေါ့သွားတတ်ကြတယ်၊ ပြီးတော့ "စကားစကား ပြောဖန်များ၊ စကားထဲက ဇာတိပြ" ဆိုသလို သူ ပြောတဲ့စကားများကို ဂရုတစိုက် နားထောင်နေတဲ့အတွက် သူ့စကားထဲမှာ ပါလာတဲ့ သူ့ရဲ့ အတွင်းသဘောထားများကို သိခွင့်ရပါတယ်၊ လူလူချင်း ပေါင်းသင်းရာမှာ အတွင်းသဘောကို သိဖို့ဟာ နံပါတ်တစ် အရေးကြီးဆုံးပဲ၊ အချိုကြိုက်တဲ့လူလား၊ အချဉ်ကြိုက်တဲ့ လူလားလို့ ခွဲခြား သိထားရင် ပေါင်းသင်းတဲ့နေရာမှာ တပန်းသာပါတယ်၊ ဒါတွေဟာ သောဝစမင်္ဂလာက နေပြီး ဆက်သွယ်သွားတဲ့ လောကရေးရာတွေ ဖြစ်တယ်ကွယ်။

မိဘ ဆရာသမားစတဲ့ ပုဂ္ဂိုလ်တွေဟာ စကား နားထောင်တဲ့လူကို ချစ်ကြစမြဲပဲ၊ စကားနားထောင်ခြင်းဟာ တစ်ဖက်သားရဲ့ စိတ်နှလုံးကို အေးချမ်းစေတဲ့အတွက် ပစ္စည်းဥစ္စာတွေ အပုံလိုက်ကြီးပေးပေမယ့် ပြောစကား နားမထောင်ရင် သူသူကိုယ်ကိုယ် မကျေနပ်ကြဘူး၊ ပစ္စည်းဥစ္စာတွေ မပေးနိုင်သည့်တိုင်အောင် ပြောစကား နားထောင်ရင် ကျေနပ်ကြတယ်၊ ဒါကြောင့် မောင်မယ်တို့တစ်တွေဟာ သောဝစမင်္ဂလာကို အတတ်နိုင်ဆုံး ကြိုးစား ဖြည့်ကျင့်ကြပြီး မိဘ ဆရာသမားတို့ရဲ့ စိတ်နှလုံးကို ရွှင်ပြုံးစေခြင်းဖြင့် ကျေးဇူးတုံ့ပြန်ဖို့ ဆရာ တိုက်တွန်းပါတယ်။

http://www.dhammadownload.com

နေ့စဉ် သတင်းစာတွေမှာ ပါနေတဲ့ အမွှေပြတ် ကြော်ငြာတို့၊ စွန့်လွှတ်ခြင်းတို့၊ ပြတ်စဲခြင်းတို့ ဆိုတာတွေဟာ အများအားဖြင့် သောဝစမင်္ဂလာ ပျက်ကွက်ခြင်းရဲ့ ရှုခင်းတွေပေါ့၊ လူကြီးစကား နားထောင်ရင် အမှားနည်းပြီး အမှန်ဘက်က အလေးသာပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ လူကြီးဆိုတာက အတွေ့အကြုံ ရှိပြီး ရှေ့နောက် မြော်မြင်တတ်တယ်၊ ချင့်ချိန်တတ်တယ်၊ ဒီတော့ လူကြီးစကားဟာ အမှားနည်းတယ်။

ပြီးတော့ လူကြီးဆိုတာက လူငယ်ရဲ့ ကောင်းကျိုးကိုသာ အများအားဖြင့် မျှော်ကိုးကြတယ်၊ ကောင်းကျိုးကို မျှော်ကိုးတော့ ကောင်းတာတွေကိုသာ ရွေးပြီး ညွှန်ကြားတတ်ပါတယ်၊ အနည်းကပ်ဆုံး ဥပမာကို ကြည့်ပါ၊ လူကြီးက စာကြိုးစားဖို့ တိုက်တွန်းတာကို နားထောင်ရင် လက်ငင်း စာမေးပွဲအောင်ပြီး နားမထောင်ရင် လက်ငင်း စာမေးပွဲကျမယ် မဟုတ်လား၊ ကဲ- ကျောက်သင်ပုန်းမှာ ရေးထားတဲ့ မဃဒေဝ လင်္ကာလေးကို အထပ်ထပ် ဖတ်ပြီး သောဝစမင်္ဂလာကို ကာယကံမြောက် လက်တွေ့ကျင့်သုံးဖို့ ဆရာ တိုက်တွန်းပါတယ်၊ ဒီတစ်ပတ် မင်္ဂလာသင်ခန်းစာအဖြစ် ကေနိပါတ်၊ ကေပဏ္ဍဇာတ်ကို ပြောပြမယ်၊ ကဲ–နားထောင်။

တေဝဏ္ဏဇာတ်တော်

ရှေးရှေးတုန်းက မြတ်စွာဘုရား အလောင်းတော်ဟာ ပုဏ္ဏားမျိုးမှာ ဖြစ်ပြီး အရွယ်ရောက်တဲ့အခါ တက္ကသိုလ်မှာ ပညာများ သင်ကြားပြီးနောက် လူ့ဘောင်ကို ငြီးငွေ့တဲ့အတွက် တောထွက်လို့ ရသေ့ရဟန်း ပြုသတဲ့၊ အချိန်အတော်ကြာလာတော့ ချဉ်ဆား မှီဝဲဖို့အတွက် ဗာရာဏသီပြည်သို့ ကြွပြီး မင်းဥယျာဉ်မှာ ခေတ္တ သီတင်းသုံးတော်မူပါတယ်၊ နောက်တစ်နေ့ မြို့ထဲ ဆွမ်းခံကြွတဲ့အခါမှာ ဘုရင်ကြီးက ရသေ့ရဲ့ ဣန္ဒြေကို မြင်တော့ သူတော်ကောင်းဖြစ်မှန်း သိတာနဲ့ အပင့်ခိုင်းပြီး နန်းတော်မှာ ဆွမ်းဆက်ကပ်ပါတယ်၊ ပြီးတော့ ဥယျာဉ်တော်မှာပဲ အမြဲ သီတင်းသုံးဖို့ လျှောက်ထားပြီး ကျောင်းဆောက်လုပ် လှူဒါန်းသတဲ့။

http://www.dhammadownload.com

မင်းကြီးမှာ ဒုဋ္ဌကုမာရဆိုတဲ့ သားတော်တစ်ပါး ရှိပါတယ်၊ မင်းသားဟာ 'ငယ်သာငယ် နာမည် တော်တော်ကြီး' ဆိုသလို အလွန်ဆိုးသွမ်းပြီး ရက်စက်ယုတ်မာသတဲ့၊ ဘယ်သူ့စကားကိုမှလည်း မနာခံဘူး၊ အကုန်လုံးက လက်မြှောက်ထားရတဲ့အခြေ ဖြစ်နေပါတယ်၊ လူတိုင်းက ရွံမုန်းပြီး ပြည်သူ့ချဉ်ဖတ်ဖြစ်နေသတဲ့၊ အဲဒါ သောဝစမင်္ဂလာ ပျက်ကွက်မှုရဲ့ ရလဒ်ပဲ။

မင်းကြီးက သားအတွက် ရင်လေးပြီး ဒီသားဆိုးလေးကိုတော့ ဆရာရသေ့က လွဲပြီး ဘယ်သူမှ ဆုံးမနိုင်မှာ မဟုတ်ဘူးလို့ အကြံရတာနဲ့ တစ်နေ့တော့ မင်းသားကို ဆရာရသေ့ထံ လွှတ်လိုက်သတဲ့၊ ရသေ့ကြီးက မင်းသားကို ဥယျာဉ်ထဲ ခေါ်သွားပြီး တစ်နေရာရောက်တော့ အရွက် ၂-ရွက်သာ ထွက်သေးတဲ့ တမာပင်ပေါက်ကလေးကို လက်ညှိုးထိုးပြီး "မင်းသား၊ ဒီအပင်လေးရဲ့ အရွက်ကို စားကြည့်စမ်းပါ"လို့ ပြောသတဲ့။

မင်းသားက တမာရွက်ကို ချူး စားကြည့်တဲ့အခါ "ထွီ ... ဒီအပင်ကလည်း အဆိပ်ပင်လိုပဲ၊ ငယ်သေးလို့ ကြီးများကြီးရင် လူတွေကို တော်တော်ဒုက္ခပေးမယ့် အပင်ပဲ"လို့ ပြောပြီး တမာပင်ကို ဆွဲနုတ်လိုက်သတဲ့၊ ပြီးတော့ လက်ထဲမှာ ချေပစ်လိုက်တယ်၊ ဒီတော့မှ ရသေ့ကြီးက "မင်းသား၊ တမာပင်ဟာ ငယ်ငယ်လေးနဲ့ ဒါလောက် ခါးရင် ကြီးရင် ပိုခါးမယ်ဆိုပြီး သင်မင်းသားဟာ အမြစ်ပါ နုတ်ပြီး လွှင့်ချေလိုက်တယ် မဟုတ်လား၊ အေး-ဒီလိုပဲ၊ သင်မင်းသားကိုလည်း တိုင်းသူပြည်သားများက ဒီ မင်းသားလေးဟာ ငယ်ငယ်လေးနဲ့ ဒါလောက် ဆိုးနေရင် ကြီးရင် ပိုဆိုးလိမ့်မယ်ဆိုပြီး တိုင်းပြည်က နှင်ထုတ်ကြလိမ့်မယ်၊ ဒါကြောင့် လိမ္မာ ယဉ်ကျေးပါ၊ သည်းခံစိတ် မွေးပါ၊ သတ္တဝါတွေအပေါ် မရက်စက်ဘဲ သနားပါ၊ ချစ်ခင်ပါ"လို့ ဆုံးမတော်မူသတဲ့။

မင်းသားလေးဟာ ဆရာရသေ့ကြီး တစ်ကြိမ်တည်း ဆုံးမလိုက်တာနဲ့ တစ်ခါတည်း စကားနားထောင်ပြီး လိမ္မာသွားလိုက်တာ တစ်သက်လုံးပဲတဲ့၊ အရင်တုန်းကလို မဟုတ်တော့ဘဲ လိမ္မာ ယဉ်ကျေးလာတဲ့အတွက် ပြည်သူ့အချစ်တော်ကလေး ဖြစ်လာပြီး ဖခမည်းတော် နတ်ရွာစံတဲ့အခါမှာ မင်းသားလေးကိုပဲ တိုင်းပြည်က ကြည်ကြည်ဖြူဖြူနဲ့ ထီးနန်းအပ်ကြသတဲ့၊ ဒါဟာ သောဝစမင်္ဂလာ ပြည့်စုံမှုရဲ့ရလဒ်ပေါ့။

http://www.dhammadownload.com

ဆုံးမတယ် ဆုံးမတယ် ဆိုပေမယ့် အကွက်ကျကျ နားဝင်အောင် ဆုံးမတတ်ဖို့ လိုကြောင်းကိုလည်း ဒီဇာတ်လမ်းလေးက လူကြီးတွေကို သတိပေးနေပါတယ်၊ ခဏခဏ မြည်တွန်တောက်တီး နေရင်လည်း လူငယ်များက ရိုးသွားပြီး မလေးမစား ဖြစ်သွားတတ်ပါတယ်၊ အတိုချုပ်ကတော့ လူကြီးများက သုဘာသိတမင်္ဂလာနဲ့အညီ ဆုံးမကြပြီး လူငယ်များက သောဝစမင်္ဂလာနဲ့အညီ နားထောင်ကြရင် အိမ်တိုင်းအိမ်တိုင်းဟာ "သီရိဂေဟာ"တွေ ဖြစ်ဖို့ သေချာပါတယ်၊ ကဲ– တော်ကြဦးစို့။

ပြောဆိုညွှန်ကြား နာယူလွယ်

သောဝစသာတာ မင်္ဂလာဖြစ်ဖို့၊
သေချာစိစစ် မှတ်သားကွယ်။
ကြောင်းကျိုးပြညွှန် ဆုံးမစကားကို၊
ပြောဆိုညွှန်ကြား နာယူလွယ်။

မှတ်သားကာကွယ် လိုက်နာကြရင်၊
စည်းစိမ်တွေတိုး တန်ခိုးကြွယ်။
မင်္ဂလာကို လက်တွေ့ကျင့်လို့၊
ရှေ့သို့တစ်ဆင့် တက်ရမယ်။

မိမိအကျိုး တိုင်းပြည်ကျိုး။
သယ်ပိုး ရွက်ဆောင်ကွယ်။
အဲဒါကြောင့် ဆုံးမစကား နာလွယ်ပြား၊
မှတ်သား မင်္ဂလာကွယ်။

"မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ"

မွေ့ဖျူဟာစာစောင်၊ အတွဲ (၅)–အမှတ်(၄)၊ အတွဲ(၃၅)အမှတ်(၅)

http://www.dhammadownload.com

http://www.dhammadownload.com

ဘာလိုလိုနဲ့ တစ်ဝါတောင် ကျွတ်သွားပြန်ပြီကွယ့်၊ ဝါကျွတ်ရင် ဆရာ မိဘ လူကြီးသူမများကို ပူဇော် ကန်တော့ကြတာဟာ ဆရာတို့ မြန်မာ့ ယဉ်ကျေးမှုတစ်ရပ်ဆိုတာ မောင်မယ်တို့လည်း သိပြီး ဖြစ်ကြပါတယ်၊ ဒီလို လူကြီးမိဘတို့ကို ပူဇော် ကန်တော့တဲ့အခါမှာ အထူး သတိထားဖို့ကတော့ ဂုဏ်ပကာသန လာဘ်လာဘ(မုန့်ဖိုး) စသည်ကို မမျှော်လင့်ဘဲ မိမိတို့ရဲ့ ကျေးဇူးရှင်များကို ကျေးဇူးတုံ့ဆပ်တဲ့အနေ၊ အပြစ်ကြီး အပြစ်ငယ်များကို ဝန်ချ တောင်းပန်တဲ့အနေနဲ့ တကယ့်ကို လေးလေးနက်နက် ပူဇော်ကန်တော့ကြဖို့ လိုတယ်ကွယ့်၊ ဝတ်ကျေတန်းကျေ စိတ်မပါ့တပါ မလုပ်ဘဲ စိတ်အား ထက် ထက်သန်သန်နဲ့ ပူဇော်ကြ၊ ကန်တော့ကြ၊ ဝန်ချ တောင်းပန်ကြဖို့ ဆရာ သတိ ပေးပါတယ်။

ဒီနေရာမှာ စကားစပ်လို့ ဆရာတို့ မင်္ဂလာဗျူဟာအသင်းချုပ်ကြီးရဲ့ လုပ်ထုံးလေးကို ပြောရဦးမယ်၊ သီတင်းကျွတ် လပြည့်ကျော် တစ်ရက်နေ့မှာ ယခုဘဝက စပြီး တစ်သံသရာလုံးမှာ ရှိကြတဲ့ မရေမတွက်နိုင်တဲ့ အနန္တ ကျေးဇူးရှင်များကို ကျေးဇူး တုံ့ဆပ်ပြီး ပူဇော်ကန်တော့တဲ့အနေ၊ အပြစ်ကြီး အပြစ်ငယ်များကို ဝန်ချ တောင်းပန်တဲ့အနေနဲ့ တစ်သံသရာလုံးရှိ ၇–ရက် သားသမီး ကျေးဇူးရှင်တို့၏ကိုယ်စား ဆရာတော်ဘုရားကြီး ၇–ပါးနဲ့ လူပုဂ္ဂိုလ် ကြီး ၇–ယောက်တို့ကို ပင့်ဖိတ်ပြီး ပူဇော် ကန်တော့ခြင်း၊ ဝန်ချ တောင်းပန်ခြင်း များ ပြုကြတယ်ကွယ့်၊ ကျေးဇူးရှင် ပူဇော်ပွဲလို့လည်း ခေါ်တယ်၊ ကိုယ့်အပေါ် ပြုဖူး သူ့ကျေးဇူး အထူးဆပ်တဲ့ပွဲလို့လည်း ခေါ်တယ်၊ သံသရာ သင်ပုန်းချေ ပွဲလို့လည်း ခေါ်ပါတယ်၊ ပညာရှင်တိုင်း သာဓု အကြိမ်ကြိမ် အခေါ်ခံရတဲ့ ပူဇော်ပွဲကြီး ဖြစ်ပါတယ်၊ ဒါက လုပ်ဆောင်ချက် ဖြစ်ပါတယ်။

ရည်ရွယ်ချက်ကတော့ ဆရာတို့တစ်တွေမှာ ယခုဘဝက စပြီး မရေ မတွက်နိုင်တဲ့ ဘဝများစွာ သံသရာမှာ ကိုယ့်အပေါ် ကျေးဇူးပြုခဲ့ဖူးတဲ့ ကျေးဇူး ရှင်တွေဟာ မရေမတွက်နိုင်အောင် များပြားလှပါတယ်၊ အဲဒီ ကျေးဇူးရှင်တွေရဲ့ ကျေးဇူးကြွေးတွေဟာလည်း ဆရာတို့တစ်တွေအပေါ်မှာ တစ်ထပ်ကြီး တင်ရှိ

Ko Oo'F/38-A

http://www.dhammadownload.com

နေပါတယ်၊ ဒါတွေကို တစ်ဦးချင်း တစ်ယောက်ချင်း လိုက်ပြီး ကျေးဇူးဆပ်ဖို့ ဆိုတာကလည်း မလွယ်တော့ဘူး၊ ဒါကြောင့် တစ်နှစ်တစ်ခါ တစ်သံသရာလုံး ရှိ ကျေးဇူးရှင်ကြီးများကို သတိတရနဲ့ ယခုလို သံဃာတော် ၇–ပါးနဲ့ လူပုဂ္ဂိုလ် ၇–ဦးတို့ကို (ကျေးဇူးရှင်အားလုံးတို့၏ကိုယ်စား ရည်မှန်း အာရုံထားပြီး) ပြုဖူး ခဲ့တဲ့ ကျေးဇူးတော်တွေကို တုံ့ပြန်တဲ့အနေနဲ့ ပူဇော်ခြင်း၊ ပြစ်မှားမိခဲ့တဲ့ အပြစ်ကြီး အပြစ်ငယ်တွေကို ဝန်ချ တောင်းပန်ခြင်းများ ပြုခြင်း ဖြစ်ပါတယ်၊ သေသေချာ ချာ လေ့လာကြည့်ရင် အလွန် လေးနက် မွန်မြတ်တဲ့ ကျေးဇူးရှင် ပူဇော်ပွဲကြီး၊ သံသရာ သင်ပုန်းချေပွဲကြီး ဖြစ်တာကို တွေ့ရပါလိမ့်မယ်၊ မောင်မယ်တို့ကို ဒီပူဇော်ပွဲမှာ ပူဇော်ကန်တော့တဲ့ ဆရာ ရေးစပ်ထားတဲ့ ကဗျာလေးကို အရ ကျက်မှတ် ပူဇော်တောင်းပန်နိုင်အောင် လက်ဆောင်ပေးလိုက်ပါတယ်။

ဝန်ချပါ၏ တောင်းပန်ပါ၏

၇ အစမထင် သံသရာဘဝက၊ တွေ့ကြဆုံကြ ပုဂ္ဂိုလ်တွေ။
မှန်းချစ်လျစ်လျူ ယုတ်မြတ်မရွေး၊ ပြုပေးဖူးတဲ့ ကျေးဇူးတွေ။
အာရုံပြုကာ စိတ်မှာတွေးလို့၊ လေးလေးမြတ်မြတ် ပူဇော်မလေ။
မသိမလိမ္မာ တွေဝေမှုကြောင့်၊ ထွေထွေပြုတဲ့ အမှားတွေ။
သားသမီးပမာ စေတနာထားလို့၊ ခွင့်လွှတ်စေသား သည်းခံလေ။
သည်းခံကျေအေး အပြစ်ဘေး၊ ကင်းဝေးကြပါစေ။
အဲဒါကြောင့် လွန်သမျှ ဝန်ချတောင်းပန်သလေ။

ခွင့်လွှတ်ပါ၏ သည်းခံပါ၏

၇ ကျွန်ုပ်ပေါ်မှာ ပြုမိုက်မှားတဲ့၊ ဒုစရိုက်တရား အထွေထွေ။
အပြစ်မယူ အခွင့်ပေးလို့၊ သည်းခံကျေအေး သင်ပုန်းချေ။
အတုံ့လာသော် အလှည့်မပေးလို့၊ စင်ကြယ်အေးစို့ တို့တစ်တွေ။
ရန်ပြေမာန်ပြေ ရှုမျှော်တွေးလို့၊ သံသရာဘေး ဝေးကြစေ။
ခွင့်လွှတ်ပါကြ သည်းခံကြ၊ ရှိသမျှ အပြစ်တွေ။
အဲဒါကြောင့် လွန်သမျှ ဝန်ချတောင်းပန်သလေ။

ကဲ– သင်တန်း စကြရအောင်။

http://www.dhammadownload.com

၂၉။ သမဏာနဉ္စ ဒဿနံ

(ရဟန်းတော်တို့ကို ဖူးမြင်ရေးခင်းလာ)

''မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ''

သောဝစဿတာ– ဆုံးမတဲ့စကားကို နာလွယ်တဲ့သူ ဖြစ်ရမယ်လို့ ရှေ့မင်္ဂလာက ဆိုခဲ့ပါတယ်၊ ဒီ မင်္ဂလာက ပွဲမဝင်ခင် လေ့ကျင့်တဲ့မင်္ဂလာ ဖြစ်ပါတယ်၊ အဲဒီလို ဆုံးမလွယ်တဲ့သူ (စကား နားထောင်တဲ့သူ) ဖြစ်အောင် ကြိုးစားပြီးတဲ့အခါမှာ အခွင့်ရတိုင်း ချဉ်းကပ် မှီခိုရမယ့် ပုဂ္ဂိုလ်ကို ဆက်လက် ပြောပြလိုတဲ့အတွက် **သမဏာနဉ္စ ဒဿနံ**–တဲ့၊ ကိလေသာ ငြိမ်းပြီးတဲ့ ရဟန်းတော်တွေ၊ ကိလေသာ ငြိမ်းအောင် ကျင့်ကြံနေတဲ့ ရဟန်းတော်တွေကို ဖူးမြင်ပါလို့ ဆိုလိုပါတယ်။

သမဏဆိုတာ ကိလေသာ ငြိမ်းပြီးတဲ့ပုဂ္ဂိုလ်၊ ကိလေသာငြိမ်းအောင် ကျင့်ကြံနေတဲ့ပုဂ္ဂိုလ်လို့ အဓိပ္ပာယ်ရပါတယ်၊ ရဟန်းတော်တွေဟာ ကိလေသာ ငြိမ်းအောင် ကျင့်ကြံနေကြတဲ့အတွက် 'သမဏ'လို့ အမည်ရပါတယ်၊ ဒီ ရဟန်းတော် အရှင်မြတ်တွေကို မကြာမကြာ အခွင့်သင့်တိုင်း ဖူးမြော်ရမယ်တဲ့၊ ရဟန်းတော်တွေကို ဖူးမြော်တော့ ဘာအကျိုးရသလဲ၊ ရဟန်းတော်တွေကို ဖူးမြော်တော့ ရဟန်းတော်တို့ထံမှ အလွန်မွန်မြတ်တဲ့ သူတော်ကောင်း တရားတွေ၊ ဆုံးမဩဝါဒတွေ၊ နည်းကောင်း လမ်းမှန်တွေကို ရမယ်၊ ဒါတွေကို သောဝစမင်္ဂလာနဲ့အညီ လိုက်နာကျင့်ကြံရင် လောကီကျိုး,လောကုတ္တရာကျိုး, ပစ္စုပ္ပန်ကျိုး, တမလွန်ကျိုးတွေ များစွာရမယ်၊ ဒါသည်ပင် မင်္ဂလာ ဖြစ်ပါတယ်၊ တကယ်လို့ အခွင့်မသာတဲ့အတွက် ရဟန်းတော်တို့ထံမှ တရားမနာရသည့်

http://www.dhammadownload.com

တိုင်အောင် ကိလေသာ ငြိမ်းအောင် ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူနေကြတဲ့ ရဟန်းတော်တွေကို ဖူးမြင်ရတဲ့အတွက် ကိုယ်ကိုယ်တိုင် ကိလေသာတွေ ငြိမ်းအောင် ကျင့်ကြံချင်တဲ့ စိတ်တွေ၊ အတုယူစရာတွေ၊ အားကျစရာတွေကို အမြတ်အနေနဲ့ ရပါတယ်၊ ကိလေသာဗွက် တောထနေတဲ့ ပုထုဇဉ် လူသားတွေကို ကြည့်ရတာ နေကို ကြည့်ရတာနဲ့တူပြီး ကိလေသာငြိမ်းအောင် ကျင့်ကြံနေတဲ့ ရဟန်းတော်တွေ ကြည့်ရတာ လကို ကြည့်ရတာနဲ့ တူပါတယ်၊ ဒါကြောင့် တစ်ခါတစ်ရံ ကိုယ့်သန္တာန်ထဲ အအေးဓာတ်လေးတွေ စိမ့်ဝင်လာအောင် (စိတ်ချမ်းသာမှုရအောင်) ရဟန်းတော်တွေကို မကြာမကြာ ဖူးမြင်ပေးရပါတယ်။

ယခုလို သာသနာနဲ့ကြုံလို့ ဖူးတွေ့ကြရတဲ့ ရဟန်းတော်များကို ကြည်ညိုတဲ့ မျက်လုံးအစုံနဲ့ အခွင့်သာတိုင်း လေးလေးစားစား ရိုရိုသေသေနဲ့ ဖူးမြင်ကြဖို့ တိုက်တွန်းပါတယ်၊ အရှင်မြတ်တို့ရဲ့ ကျေးဇူးကြောင့် အင်မတန် တွေ့ရခဲကြုံရခဲတဲ့ သာသနာတော်မြတ်ကြီးကို ဆရာတို့တစ်တွေ မှီခို အားထားခွင့်ရကြပါတယ်၊ စပါး သီးနှံများဟာ လယ်ယာမြေကောင်းနဲ့ တွေ့မှ ဖွံ့ထွားတိုးတက်သလို ဆရာတို့တစ်တွေရဲ့ ဒါနမျိုးစေ့ဟာလည်း ရဟန်းသံဃာတော်တည်းဟူသော ကုသိုလ်ပြုရာ လယ်ယာမြေကောင်းကြီးများနဲ့ တွေ့မှ အကျိုးပေး ကြီးပွား ရှင်သန်ပါတယ်၊ ရဟန်းသံဃာတော်တွေဟာ ဆရာတို့ရဲ့ အနန္တကျေးဇူးရှင်ကြီးတွေ ဖြစ်ပါတယ်၊ ဒါကြောင့် ရိုသေပါ၊ လေးစားပါ၊ ပူဇော်ပါ၊ အားပေးပါလို့ တိုက်တွန်းလိုပါတယ်။

ယနေ့ မောင်မယ်တို့လို လူငယ်လူရွယ်တွေဟာ အနာဂတ် တိုင်းပြည်ရဲ့ သားကောင်းရတနာများ ဖြစ်သလို ယနေ့ ရဟန်းငယ် ရှင်ငယ်များဟာလည်း အနာဂတ်သာသနာရဲ့ သားကောင်းရတနာများ ဖြစ်ကြပါတယ်၊ အနာဂတ် သားကောင်း ရတနာချင်း တူကြတဲ့ ယနေ့ လူငယ်လူရွယ်များနဲ့ ယနေ့ ရဟန်းငယ် ရှင်ငယ်တို့ဟာ တစ်ဦးနှင့်တစ်ဦး နီးစပ်မှု ရှိသင့်ကြပါတယ်၊ ဒါကြောင့် မောင်မယ်တို့တစ်တွေဟာ ရဟန်းသံဃာတော်များနဲ့ သိပ်မစိမ်းကြဘဲ ရင်းနှီးမှုရအောင် ရဟန်းသံဃာများထံ မကြာမကြာ ချဉ်းကပ်ကြဖို့ ဆရာ သတိပေးပါတယ်၊ ရဟန်းတော်များကို ဖူးမြင်ခြင်း၊ ရဟန်းတော်များနဲ့ ရင်းနှီး

http://www.dhammadownload.com

ခြင်းဟာ မင်္ဂလာတစ်ပါး ဖြစ်ပါတယ်၊ ဒီအပတ် မင်္ဂလာသင်ခန်းစာအဖြစ် နိဂြောဓသာမဏေနဲ့ သီရိဓမ္မာသောကမင်းတရားကြီး အကြောင်းကို ပြောပြပါမယ်၊ ကဲ- နားထောင်။

နိဂြောဓ သာမဏေ

ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်၊ ရေကန်ပေါင်း ရှစ်သောင်းလေးထောင်၊ စေတီပေါင်း ရှစ်သောင်းလေးထောင် စသည် တည်ဆောက်သွားတဲ့ သီရိဓမ္မာသောကမင်းကြီးကို မောင်မယ်တို့ ကြားဖူးကြမှာပေါ့၊ ယနေ့တိုင်အောင် သာသနာတော်ကြီး စည်ပင် ပြန့်ပွားနေတာဟာ အသောကမင်းတရားကြီးရဲ့ ကျေးဇူးတွေ များစွာ ပါဝင်ပါတယ်၊ အဲဒီလို သာသနာ့သမိုင်းဝင် သာသနာပြုမင်းကြီးဖြစ်အောင် အကူအညီ ပေးလိုက်တာကလည်း ဒီ သာမဏေနှင့် ဒဿနံမင်္ဂလာ ဖြစ်ပါတယ်။

အသောကမင်းကြီးရဲ့ ခမည်းတော်က ဗိန္ဒုသာရမင်းတဲ့၊ အဲဒီ ဗိန္ဒုသာရမင်းကြီးဟာ နေ့စဉ် တိတ္ထိခြောက်သောင်းတို့ကို ဆွမ်းဝတ်ပြုခဲ့တဲ့အတွက် သားတော် အသောကမင်းကြီး လက်ထက်ကျတော့လည်း ခမည်းတော်ရဲ့ ဝတ္တရားကို ဆက်လက် ထမ်းဆောင်ရပါတယ်၊ ဒါပေမယ့် မင်းကြီးက တိတ္ထိတွေအပေါ် မကျေနပ်ဘူး၊ မလွှဲသာလို့ အောင့်ကာနမ်းနေရတယ်၊ တစ်နေ့တော့ မင်းကြီးဟာ လေသာပြတင်းကနေပြီး မြို့တွင်းကို လှမ်းမျှော်ကြည့်နေခိုက် ဣန္ဒြေသိက္ခာ အလွန် သိမ်မွေ့ နူးညံ့စွာဖြင့် ဆွမ်းခံကြွလာတဲ့ နိဂြောဓသာမဏေကို ဖူးတွေ့လိုက်ရတဲ့အတွက် အအေးဓာတ် အရှိန်ဟပ်မှုကြောင့် မင်းကြီးဟာ စိတ်ချမ်းမြေ့ပြီး ချက်ချင်း လိုက်ပင့်ခိုင်းပါတယ်၊ နန်းတော်ထဲရောက်တဲ့ အခါကျတော့ သွေးစမ်းတဲ့အနေနဲ့ "သင့်လျော်ရာမှာ ထိုင်ပါ"လို့ မတင်မကျ ပြောပါတယ်၊ ဒီတော့ နိဂြောဓသာမဏေက နန်းတော်တွင်းမှာ မိမိထက် ကြီးမြတ်တဲ့ ရဟန်းသံဃာတော်များ ရှိ မရှိ ကြည့်လိုက်ပြီး မရှိတာတွေ့ရတော့ ရာဇပလ္လင်ပေါ် တက်ထိုင်လိုက်ပါတယ်။

ဒီအခြေအနေ မြင်လိုက်ရကတည်းက သာမန်ပုဂ္ဂိုလ် မဟုတ်ဘူးဆိုတာ မင်းကြီးက အကဲခတ်လိုက်မိပါတယ်၊ ဆွမ်းများ ဆက်ကပ်ပြီးတဲ့အခါမှာတော့ မင်းကြီးက သာမဏေလေးကို "ဘယ်အမျိုး၊ ဘယ်အနွယ်၊ ဘယ်လိုဝါဒ၊

http://www.dhammadownload.com

ဘယ်သူ့တပည့်'' စသည် စုံစမ်းတဲ့အခါမှာ ''ရှင်တော်မြတ်ဘုရားရဲ့ အမျိုးအနွယ်၊ ရှင်တော်မြတ်ဘုရားရဲ့ အယူဝါဒ၊ ရှင်တော်မြတ်ဘုရားရဲ့ တပည့်ဖြစ်ကြောင်း'' ဖြေကြားပြီး ဓမ္မပဒ၊ အပ္ပမာဒဝဂ်ကို ဟောကြားတဲ့အခါမှာ မင်းကြီးဟာ အလွန် ကျေနပ်အားရဖြစ်ပြီး ဆွမ်းဝတ်များ လှူဒါန်းပါတယ်၊ နိဂြောဓသာမဏေဟာ မင်းကြီးလှူတဲ့ ဆွမ်းဝတ်များကို သူ့အတွက် လက်မခံဘဲ ဥပဇ္ဈာယ်ဆရာ၊ နိဿရည်းဆရာ၊ သီတင်းသုံးသော သံဃာတို့ကို တစ်ဆင့်လှူဒါန်းပြီး နောက်ဆုံးကျမှ မိမိအတွက် အလှူခံပါတယ်။

တိုတိုပြောတော့ မင်းကြီးဟာ ဗုဒ္ဓဘာသာဝင်စစ်စစ်ကြီး ဖြစ်သွားပြီး တိတ္ထိခြောက်သောင်းအစား ရဟန္တာခြောက်သောင်းကို နေ့စဉ် ဆွမ်းဝတ်ပြုပြီး သာသနာ့သမိုင်းဝင် သာသနာပြုမင်းကြီးတစ်ပါးအဖြစ် ခံယူသွားပါတယ်၊ အကျယ်ကို ဓိနတ္ထပကာသနီမှာ ကြည့်နိုင်ပါတယ်၊ အသောကမင်းကြီး သာသနာ့ ဒါယကာ ဖြစ်လာခြင်းကို အရင်းစစ်ရင် နိဂြောဓသာမဏေကို စတင်ဖူးမြင်ရတဲ့ သမဏာနဥ္စ ဒဿနမင်္ဂလာကြောင့် ဖြစ်တယ်ဆိုတာကို တွေ့ရတဲ့အတွက် ရဟန်းတော် သံဃာတော်များဘက်ကလည်း အစစ အရာရာ သမဏသာရုပ္ပဖြစ်အောင် ကြိုးစားသင့်ကြောင်း လျှောက်ထားရင်း ဒီတစ်ပတ် နိဂုံးချုပ်ကြပါစို့။

ရဟန်းတော်များ ဖူးမြော်ကွယ်

- သမဏာနံ့ ဒဿနလို့၊ မင်္ဂလာမြတ် ညွှန်ပြတယ်။
  လိုက်နာပါကွယ် မောင်မယ်များရဲ့၊ ရဟန်းတော်များ ဖူးမြော်ကွယ်။
- သီရိမ္မော အသောကနဲ့၊ နိဂြောဓ တုယှဉ်ဖွယ်။
  မင်္ဂလာကို လက်တွေ့ကျင့်လို့၊ ရှေ့သို့တစ်ဆင့် တက်ရမယ်။
- မိမိအကျိုး တိုင်းပြည်ကျိုး၊ သယ်ပိုးရွက်ဆောင်ကွယ်။
  အဲဒါကြောင့် ရဟန်းတော်များ ဖူးမြော်ငြား၊ မှတ်သား မင်္ဂလာကွယ်။

''မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ''

မွေဖျူဟာစာစောင်၊ အတွဲ (၇)-အမှတ်(၅)၊ အတွဲ(၄၅)အမှတ်(၆)

http://www.dhammadownload.com

၃၀ - ကာလေန ဓမ္မသာကစ္ဆာ



ခန္တီ စ သောဝစဿတာ၊

သမဏာနဉ္စ ဒဿနံ။

ကာလေန ဓမ္မသာကစ္ဆာ၊

ဧတံ မင်္ဂလ မုတ္တမံ။

ဘောဒေဝပုတ္တ– အို နတ်သား၊ **ခန္တီစ**– သည်းခံရခြင်းသည် လည်းကောင်း၊ **သောဝစဿတာ စ**– သူတော်ကောင်းတို့ ဆုံးမအပ်သော စကားကို နာလွယ်သောသူ၏ အဖြစ်သည်လည်းကောင်း၊ **သမဏာနံ**– ရဟန်း ပုဏ္ဏား တို့ကို၊ **ဒဿနဉ္စ**– ဖူးမြော်ရခြင်းသည်လည်းကောင်း၊ **ကာလေန**– သင့်တင့် လျောက်ပတ်သောအခါ၌၊ **ဓမ္မသာကစ္ဆာစ**– တရားတော်ကို ဆွေးနွေးမေးမြန်း ရခြင်းသည်လည်းကောင်း၊ **အတ္ထိ**– ရှိ၏၊ **ဧတံ**– ဤလေးပါးသော တရား သည်လျှင်၊ **ဥတ္တမံ**– မြတ်စွာသော၊ **မင်္ဂလံ**– မင်္ဂလာမည်၏ ဟူ၍၊ **တွံ**– သင်နတ်သားသည်၊ **ဂဏှာဟိ**– မှတ်လေလော့။

မင်္ဂလာ ပါဠိကဗျာလေးတွေ ၈–ပုဒ်တောင် ရှိသွားပြီကွယ့်၊ နောက် နှစ်ပုဒ်ပဲ ကျန်တော့တယ်၊ မြတ်စွာဘုရားရှင် နှုတ်တော်ထွက် ဓမ္မပါဠိတော် တွေကို မောင်မယ်တို့ရဲ့ နှုတ်ပေါ်မှာ အမြဲ ရွတ်ဆို ပူဇော်နိုင်အောင် ကြိုးစားကြ ပါလို့ တိုက်တွန်းလိုက်ပါတယ်၊ ဘာသာခြား လူမျိုးခြား စာတွေကိုတောင် နှုတ်ထက်ရွရွ ရွတ်ဆိုနိုင်ကြသေးရင် ပစ္စုပ္ပန်,သံသရာ နှစ်ဖြာကောင်းကျိုးလည်း ဖြစ်၊ သံသရာဆင်းရဲ လောကဆင်းရဲကနေ လွတ်ထွက်နိုင်အောင် အကျိုးကျေးဇူး ကြီးမားလှတဲ့ ဓမ္မ–တရားတော်ကို ဩပါနေယျိကဂုဏ်တော်နဲ့အညီ ဆောင်ထား ကပ်ထား သင့်လှတာမို့ ပါဠိရော အနက်ကိုပါ ရအောင်လည်း ကျက်ထားဖို့ မေတ္တာရှေ့ထား မှာကြားပါရစေကွယ်။

ကဲ ‥ သင်တန်း စကြပါစို့။

http://www.dhammadownload.com

၃၀။ ကာလေန ဓမ္မသာကစ္ဆာ

(သင့်လျော်သောအခါ တရားဓမ္မဆွေးနွေးရေးမင်္ဂလာ)

''မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ''

သူတော်ကောင်းတို့ ပြောဆို ဆုံးမတဲ့ စကားတွေကို နားထောင်လွယ်တဲ့သူဖြစ်အောင် ကြိုးစား ပြင်ဆင်ထားပြီး ကိလေသာ ငြိမ်းပြီးတဲ့၊ ကိလေသာ ငြိမ်းအောင် ကျင့်ကြံနေတဲ့ ရဟန်းသံဃာတော်များထံ အခါအခွင့်သင့်တိုင်း ချဉ်းကပ်ရမယ်၊ ဖူးမြော်ရမယ်လို့ ရှေ့မင်္ဂလာနှစ်ပါးက ညွှန်ပြပါတယ်၊ ဒီလို ရဟန်းတော်တို့ထံ ချဉ်းကပ် ဖူးမြော်တဲ့အခါမှာလည်း ဖူးမြော်ရုံ ချဉ်းကပ်ရုံမျှနဲ့ မရပ်တန့်ဘဲ ကိုယ်မသိတာ၊ မတတ်တာ၊ နားမလည်တာတွေကိုလည်း အခါအခွင့် ကြည့်ပြီး မေးမြန်းပါ၊ စုံစမ်းပါ၊ ဆွေးနွေးပါလို့ ဆက်လက် ညွှန်ပြလိုတဲ့အတွက် ''**ကာလေန ဓမ္မသာကစ္ဆာ**''လို့ မင်္ဂလာတရားတော်က ကွင်းဆက် ညွှန်ပြပါတယ်၊ **ကာလေန**- သင့်တင့် လျောက်ပတ်သောအခါ၌၊ **ဓမ္မသာကစ္ဆာစ**- တရားတော်ကို ဆွေးနွေး မေးမြန်းရခြင်းသည်လည်းကောင်းတဲ့။

သာကစ္ဆာကို သဒ္ဒါနည်းကျကျ ပြောရရင် **သဟကထနံ သာကစ္ဆာ**တဲ့၊ **သဟ**- အတူတကွ၊ **ကထနံ**- ပြောဆိုခြင်း၊ အတူတကွ ပြောဆိုတာကို ''**သာကစ္ဆာ**'' လို့ ခေါ်ပါတယ်၊ အတူတကွ ပြောဆိုတယ်ဆိုတော့ ပြဿနာတစ်ခုကို မူတည်ပြီး သူ့အမြင် ကိုယ့်အမြင် ဖလှယ်တာလည်း ဖြစ်နိုင်တယ်၊ ပြဿနာမပါဘဲ သူ့အသိ ကိုယ့်အသိ ဖလှယ်တာလည်း ဖြစ်နိုင်တယ်၊ ဒီလို မဟုတ်ဘဲ တစ်ယောက်က တစ်ယောက်ကို မေးမြန်း စုံစမ်းတာလည်း ဖြစ်နိုင်တယ်။

Ko Oo'F/39-A

http://www.dhammadownload.com

ဘယ်လိုပဲဖြစ်ဖြစ် အတူတကွ ပြောဆိုတာကို '**သာကစ္ဆာ**'လို့ ခေါ်ရပါတယ်၊ ပေါက်ကရ တွေ့ကရာတွေ အတူတကွ ပြောတာကို မင်္ဂလာ ထင်ကြမှာစိုးလို့ "**ဓမ္မ သာကစ္ဆာ**"လို့ ဓမ္မလေး ထည့်ထားပါတယ်၊ တရားသဘော (ကောင်းတဲ့စကား)တွေကို အတူတကွ ပြောဆိုမှသာ ဓမ္မသာကစ္ဆာမင်္ဂလာ ဖြစ်ပါသတဲ့၊ ပြီးတော့ အချိန်အခါကိုလည်း နားလည်ရမယ်တဲ့၊ အချိန်အခါ မရွေးဘဲ ပေါပေါလောလောကြီး လုပ်ပစ်လိုက်ရင် တန်ဖိုးပျက်ပြီး အရှိအသေ တန်တတ်လို့ "**ကာလေန**"တဲ့၊ သင့်လျော် လျောက်ပတ်တဲ့အခါ (အခွင့်သာတဲ့အခါ)မှသာ တရားစကားကို ဆွေးနွေး မေးမြန်းပါလို့ ဘောင်သတ်ပေးထားပါတယ်။

ဆရာတို့ မြန်မာစကားပုံမှာ "**ကံမပီ ကံချင်းဆက်၊ ဉာဏ်မပီ ဉာဏ်ချင်းဆက်**"ဆိုတဲ့ စကားပုံ ရှိပါတယ်၊ ဉာဏ်မပီ ဉာဏ်ချင်းဆက်ဆိုတာဟာ ဓမ္မသာကစ္ဆာမင်္ဂလာကို ပြောခြင်းဖြစ်ပါတယ်၊ လောကမှာ သိစရာ တတ်စရာတွေက များပြားလေတော့ သဗ္ဗညုဗုဒ္ဓက လွဲရင် ဘယ်သူမှ အကုန်မသိ၊ အကုန်မတတ်ကြပါဘူး၊ အဲဒီလို အကုန်မသိ အကုန်မတတ်ကြလေတော့ တတ်ယောင်ကား မလုပ်ကြဘဲ မသိတာကို မေးလို့ မြန်းလို့ စုံစမ်းလို့ ဆွေးနွေးလို့ တိုင်ပင်လို့ နှီးနှောလို့ သွားကြရင် ကိုယ် မသိတာလေးတွေ သိလာရတဲ့အတွက် တိုးတက်ကြီးပွားမှု ဖြစ်ပါတယ်။

လူ့သဘောကလည်း အခက်သားကွယ့်၊ ကိုယ်မသိတာ မသိဘူးလို့ ပြောလိုက်ရင် ဖြစ်နိုင်လျက်သားနဲ့ တတ်ယောင်ကား လုပ်တတ်ကြတယ်၊ တတ်ယောင်ကားလုပ်တော့ တစ်ဖက်လူက အမြင်ကပ်လို့ဖြစ်စေ, တကယ် တတ်တယ်ထင်လို့ဖြစ်စေ လျစ်လျူရှုသွားတတ်ပါတယ်၊ အဲဒီတော့ ကိုယ့်အခွင့်အရေး ဆုံးရှုံးရတယ်၊ မေးမြန်းတယ် စုံစမ်းတယ် ဆွေးနွေးတယ်ဆိုတဲ့နေရာမှာ မေးမြန်း စုံစမ်းတယ်ဆိုတာကတော့ ထင်ရှားပါတယ်၊ ဆွေးနွေးတယ်ဆိုတဲ့ စကားကိုတော့ "သူ့အမြင် ကိုယ့်အမြင် ဖလှယ်တယ်"လို့ ပြောမှ ပိုပြီး ထင်ရှားမယ် ထင်ပါတယ်၊ အခုခေတ်မှာ ပညာရေး နှီးနှောဖလှယ်ပွဲတို့၊ တောင်သူလယ်သမား ဆွေးနွေးပွဲတို့၊ အလုပ်သမား ဆွေးနွေးပွဲတို့ ဆိုတာတွေဟာ တိုင်းပြည်တိုးတက်ရေးရဲ့ လက္ခဏာရပ်တွေ ဖြစ်ပါတယ်၊ ကိုယ်မြင်

http://www.dhammadownload.com

တဲ့အပိုင်း ကိုယ်သိတဲ့အပိုင်း ကိုယ်ခံစားရတဲ့အပိုင်းတွေကို (အရိုးခံ လက္ခဏာတွေနဲ့) တင်ပြ ဆွေးနွေးခြင်းဟာ ပြဿနာတစ်ခုကို ကိုင်တွယ်တဲ့နေရာမှာ လွယ်ကူ အောင်မြင်စေတဲ့အတွက် အလွန် နှစ်သက်ဖွယ် ကောင်းပါတယ်။

မောင်မယ်တို့အရွယ် ပညာသင်ချိန်မှာလည်း ဆရာက ပေးလိုက်တဲ့ သင်ခန်းစာတွေကို တစ်ဦးနဲ့ တစ်ဦး တစ်ယောက်နဲ့တစ်ယောက် အမြင်ချင်း ဖလှယ်ပြီး ဆွေးနွေးသင့်ကြပါတယ်၊ ဒါမှ ကျေကျေလည်လည် ရှိပြီး တိုးတက်နိုင်ပါတယ်၊ ပညာရေးပိုင်းမှာဖြစ်စေ၊ စီးပွားရေးပိုင်းမှာဖြစ်စေ၊ ကုသိုလ်ရေးပိုင်းမှာဖြစ်စေ "**အကြံတူ ရန်သူ**"ဆိုတဲ့ စကားပုံကို မသုံးစွဲဘဲ "**အကြံတူ မိတ်ဆွေ**"ဖြစ်အောင် ဓမ္မသာကစ္ဆာမင်္ဂလာကို အခြေခံပြီး ကြိုးစားသင့်ကြပါတယ်၊ ဆွေးနွေးတယ်၊ အမြင်ချင်း ဖလှယ်တယ်ဆိုတဲ့နေရာမှာလည်း ကိုယ့်အမြင် ကိုယ့်အတွေးကို တစ်ဖက်သတ်(တရားသေ) စွဲကိုင်မထားဘဲ အပေးအယူ မျှမျှတတနဲ့ ယူဆဆုံးဖြတ်တာမျိုးသာ ဖြစ်စေသင့်ပါတယ်။

အများအားဖြင့် ဆွေးနွေးမယ်ဆိုပြီး ကိုယ့်အမြင် ကိုယ့်အယူတွေကိုသာ တစ်ဖက်သတ် တင်ပြပြီး တစ်ဖက်က တင်ပြတဲ့ အယူအဆတွေကိုတော့ လက်ခံ စဉ်းစားခြင်းမပြုဘဲ ပစ်ပယ်လေ့ ရှိကြပါတယ်၊ ဒါကို ဆွေးနွေးတယ်လို့ မခေါ်နိုင်ပါဘူး။ တိုးတက်ရေးကို မျှော်တွေးတယ် ဆိုကြရင်ဖြင့် ဓမ္မသာကစ္ဆာမင်္ဂလာကို ကျေလည်အောင် လေ့လာပြီး ဆွေးနွေးသင့်ကြပါတယ်၊ ပြီးတော့ ကိုယ်မနိုင်တဲ့ ပြဿနာဆိုရင်လည်း မကိုင်တွယ်သင့်ဘဲ ပိုင်နိုင်တဲ့ ပုဂ္ဂိုလ်ထံ ချဉ်းကပ်ပြီးမှ အဖြေမှန်ကို ယူသင့်ကြပါတယ်၊ အတိုချုပ်ကတော့ အတ္တစွဲတွေကို ခေတ္တ ဘေးဖယ်ပြီး အပေးအယူ မျှမျှတတနဲ့ အမြင်ချင်း အသိချင်း ဖလှယ်တာကိုသာ "**ဆွေးနွေးတယ်**"လို့ သုံးချင်ပါတယ်။

ဆရာတို့ မြန်မာစကားမှာ "**မသိတာ မေး မစင်တာ ဆေး**"ဆိုတာ ရှိပါတယ်၊ အဲဒီလို မသိလို့ မေးတဲ့အခါမှာ အမေးခံရတဲ့ ပုဂ္ဂိုလ်ကလည်း တတ်ယောင်ကား မလုပ်ဘဲ မိမိ သိရင် ဖြေပါ၊ မသိရင်လည်း မသိကြောင်း ရိုးသားစွာ ဝန်ခံပြီး သိတဲ့ပုဂ္ဂိုလ်ထံ ချဉ်းကပ် မေးမြန်းသင့်ပါတယ်၊ ပြီးမှ တစ်ဆင့် ဖြေသင့်ပါတယ်၊ ဒါလောက်ဆိုရင် ဓမ္မသာကစ္ဆာမင်္ဂလာသဘောကို

http://www.dhammadownload.com

မောင်မယ်တို့ ရိပ်မိတန်ကောင်းပါပြီ၊ ဒီတစ်ပတ် မင်္ဂလာသင်ခန်းစာအဖြစ် တိသနိပါတ်၊ သမ္ဘဝဇာတ်ကို ပြောပြပါမယ်၊ ကဲ… နားထောင်။

သမ္ဘဝဇာတ်

ဟိုးရှေးရှေးတုန်းက ကုရုရာဇ်တိုင်း၊ ဣန္ဒပတ္တနဂိုရ်ပြည်မှာ ဓနဥ္စယ ကောရဗျမင်း တိုင်းပြည်အုပ်ချုပ်ပါတယ်၊ အကျိုးအကြောင်း ဆုံးမတတ်တဲ့ ပုဏ္ဏားပညာရှိကြီးကတော့ 'သုစိရတ'တဲ့၊ တစ်နေ့မှာ ကောရဗျမင်းကြီးက သုစိရတပုဏ္ဏားကြီးကို–

''ဆရာပုရောဟိတ် … ဤမြေပြင်ကို တရားနှင့်အညီ အောင်လို၏၊ မတရားသဖြင့် မအောင်လိုပါ၊ မတရားသည်ကို ငါ မနှစ်သက်၊ ကောင်းစွာ ကျင့်အပ်သော တရားသည် ပြုလုပ်သောမင်း၏ အမှုကိစ္စဖြစ်၏၊ ငါတို့သည် ပစ္စုပ္ပန် တမလွန် နှစ်တန်သောဘဝတို့၌ သူတော်ကောင်းတို့ မကဲ့ရဲ့အပ်ကုန်၊ ငါတို့အား နတ်လူတို့၌ အစိုးရခြင်း၊ တင့်တယ်ခြင်းသို့ ရောက်ခြင်းအကြောင်း ကို ဟောကြားပါလော့၊ ငါသည် အကျိုးကိုလည်းကောင်း၊ အကြောင်းကိုလည်း ကောင်း ဆောက်တည်၍ ကျင့်လို၏၊ ဆရာပုရောဟိတ်သည် ငါ့အား အကျိုးကို လည်းကောင်း၊ အကြောင်းကိုလည်းကောင်း ဟောကြားပါလော့''ဟု ဓမ္မရာဂ ပြဿနာကို မေးမြန်းပါတယ်။

ဒီ ဓမ္မရာဂပြဿနာဆိုတာ ဘုရားနဲ့ ဘုရားအလောင်းတို့သာ ဖြေကြား နိုင်တဲ့ ပြဿနာ ဖြစ်တယ်ကွယ့်၊ ဒါကြောင့် သုစိရတပုဏ္ဏားကြီးက ဒီပြဿနာ ကို သူ မဖြေကြားနိုင်ကြောင်း၊ ဝိဓုရသုခမိန်သာ ဖြေကြားနိုင်ကြောင်း ရိုးသား စွာ ဝန်ခံပါတယ်၊ ပုဏ္ဏားကြီးဟာ တတ်ယောင်ကား မလုပ်ဘဲ ရိုးသားစွာ အမှန်ကို ပြောကြားတဲ့အတွက် အလွန် အတုယူစရာကောင်းတဲ့အချက် ဖြစ်ပါ တယ်၊ ဒီဇာတ်မှာပါတဲ့ ဝိဓုရသုခမိန်ဟာ ဝိဓုရဇာတ်က ဝိဓုရသုခမိန် မဟုတ် ဘူးနော်၊ နာမည်တူသာ ဖြစ်ပါတယ်၊ ဝိဓုရဇာတ်က ဝိဓုရက ဘုရားအလောင်း၊ ဒီဇာတ်က ဝိဓုရက ရှင်မဟာကဿပအလောင်း၊ ဒီလို ကွဲပြားပါတယ်၊ အဲဒီလို ပုဏ္ဏားကြီးက ဝိဓုရသုခမိန်သာ ဖြေကြားနိုင်ကြောင်း မှန်ရာကို ဖြေကြား တဲ့အတွက် ကောရဗျမင်းကြီးက ဝိဓုရသုခမိန်ထံသွားပြီး မေးမြန်း မှတ်သားခဲ့

http://www.dhammadownload.com

ဖို့ အဖိုးတစ်သိန်းထိုက်တဲ့ ရွှေပြား၊ စီးဖို့ ယာဉ်ရထား၊ အခြံအရံ ဗိုလ်ပါနှင့် လက်ဆောင်ပဏ္ဏာများပါ ပေးပြီး လွှတ်လိုက်ပါတယ်။

ဝိဓုရပညာရှိထံ ရောက်တော့လည်း ဝိဓုရပညာရှိက သူ အလုပ်များ နေတဲ့အတွက် သားတော် ဘဒြကာရထံ မေးဖို့ တစ်ဆင့် ညွှန်ကြားပါတယ်၊ ဘဒြကာရထံရောက်တော့လည်း သူဟာ သူတစ်ပါး သားမယားအပေါ် စိတ် ရောက်နေတဲ့အတွက် စိတ်ဓာတ် မကြည်လင်လို့ မဖြေပါရစေနဲ့လို့ တောင်း ပန်ပြီး ညီတော် သဉ္စယထံ လွှတ်ပြန်ပါတယ်၊ သဉ္စယထံ ရောက်ပြန်တော့ လည်း သူတစ်ပါး သားမယားကို ကျူးလွန် စော်ကားပြီး ဂင်္ဂါမြစ်ကို ကူးခဲ့ရ တဲ့အတွက် စိတ်ပင်ပန်း လူပင်ပန်း ဖြစ်နေလို့ မဖြေပါရစေနဲ့လို့ တောင်းပန်ပါ တယ်၊ ဒီတော့ သုစိရတပုဏ္ဏားကြီးဟာ တော်တော် စိတ်ပျက်သွားရှာတယ်။

ဒီတော့ သဉ္စယလုလင်က "ဖခင် ပုဏ္ဏားကြီး၊ စိတ်မပျက်ပါနှင့်၊ ကျွန်ုပ် တို့ထက် ပညာထက်မြက် ကြွယ်ဝတဲ့ ညီတော် သမ္ဘဝ ရှိပါသေးတယ်၊ သမ္ဘဝ ထံ သွားပြီးမေးပါ"လို့ ညွှန်ကြားပြန်တော့ သမ္ဘဝအကြောင်း စုံစမ်းတဲ့အခါမှာ ၇–နှစ်သားသာ ရှိသေးကြောင်း သိရတဲ့အခါမှာ ပုဏ္ဏားကြီးဟာ စိတ်ပျက်သွား ပြန်ပါတယ်၊ နောက်ဆုံး သဉ္စယက ပညာဆိုတာ အငယ်,အကြီးအပေါ် မူ မတည်ဘဲ ဉာဏ်ရည်ပေါ်မှာ မူတည်ကြောင်း အမျိုးမျိုး ပြောကြားတော့မှ သဘောကျပြီး မြို့လယ်ခေါင် လမ်းမအလယ်မှာ သူငယ်ချင်းတစ်စုနဲ့ ကစားနေ တဲ့ သမ္ဘဝသတို့သားထံ သွားပြီး ဓမ္မရာဂပြဿနာကို မေးမြန်းပါတယ်၊ တစ် နည်းပြောရရင် ဓမ္မသာကစ္ဆာ ပြုပါတယ်။

တိုတိုပြောတော့ သမ္ဘဝလုလင်ဟာ ပုဏ္ဏားကြီး မေးတဲ့ ဓမ္မရာဂပြဿနာ ကို ပြေလည်စွာ ဖြေကြားပါတယ်၊ ပုဏ္ဏားကြီးက ဓမ္မရာဂပြဿနာကို အဖိုး တစ်သိန်း ထိုက်တန်တဲ့ ရွှေပြားမှာ ရှိသေစွာ ကူးယူ မှတ်သားပြီး ကောရဗျ မင်းကြီးထံ ဆက်သပါတယ်၊ ဓမ္မရာဂပြဿနာ အဖြေကိုတော့ မူရင်း ဇာတ် တော်မှာ ကြည့်ကြဖို့ ညွှန်ကြားလိုက်ပါတယ်၊ ဒီဇာတ်တော်ကို သင်ခန်းစာ ယူလိုက်ရင် ကောရဗျမင်းကြီးဟာ မိမိ မသိတဲ့ ပြဿနာကို သိအောင် မေး ပါတယ်၊ သုစိရတပုဏ္ဏားကြီးဟာ တတ်ယောင်ကား မလုပ်ဘဲ အမှန်ကို ပြော

http://www.dhammadownload.com

ကြားပါတယ်၊ ဘဒြကာရန်နဲ့ သဥ္စယတို့ဟာလည်း ယံဝါ တံဝါ မလုပ်ဘဲ အမှန်ကို ဝန်ခံပါတယ်။

ဒါဟာ အတုယူသင့်တဲ့ သင်ခန်းစာတွေ ဖြစ်ပါတယ်၊ နိဂုံးချုပ် ပြောရရင် မိမိတို့ရဲ့ ရာဇဝင်၊ ဓနဂုဏ်၊ ပညာဂုဏ်တွေအတွက် မာန်ဟုန်မတက်ကြဘဲ "**ညာတ်မပီ ညာတ်ချင်းဆက်**" ဆိုတဲ့ ဓမ္မသာကစ္ဆာမင်္ဂလာကို ကာယကံမြောက် ကျင့်သုံးကြပြီး လောကီ လောကုတ္တရာ ပြဿနာများကို တစ်ဦးနဲ့တစ်ဦး၊ တစ်ယောက်နဲ့တစ်ယောက်၊ တစ်သင်းနဲ့တစ်သင်း၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ အသိဉာဏ် ဖလှယ်ကြခြင်းဖြင့် တိုးတက်မှုကို အရယူနိုင်ကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

တရားစကား ဆွေးနွေးကွယ်

၁။ ဓမ္မသာကစ္ဆာ မင်္ဂလာမြတ်ကို၊ သေချာမှတ်လို့ ကျင့်စေဖွယ်။
အခါသင့်လျော် ခွင့်သာခိုက်မှာ၊ တရားစကား ဆွေးနွေးကွယ်။

၂။ မသိသေးလျှင် သိကြရလို့၊ သိပြီးပါက ပိုင်စေတယ်။
မင်္ဂလာကို လက်တွေ့ကျင့်လို့၊ ရှေ့သို့တစ်ဆင့် တက်ရမယ်။

၃။ မိမိအကျိုး တိုင်းပြည်ကျိုး၊ သယ်ပိုးရွက်ဆောင်ကွယ်။
အဲဒါကြောင့် တရားစကား ဆွေးနွေးငြား၊ မှတ်သား မင်္ဂလာကွယ်။

"မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ"

ဓမ္မဗျူဟာစာစောင်၊ အတွဲ(၇)-အမှတ်(၆)၊ အတွဲ(၄၅)အမှတ်(၇)

http://www.dhammadownload.com

http://www.dhammadownload.com

မင်္ဂလာ လေ့ခါးထစ်များကို တစ်ထစ်ပြီး တစ်ထစ် မှန်မှန် တက်လာလိုက်ကြတာ တော်တော်ကြီးကို ခရီးပေါက်လာခဲ့ပြီ၊ သင်တန်းအနေနဲ့ ခရီးပေါက်ခဲ့သလို လက်တွေ့ ကျင့်သုံးရေးမှာတော့ ခရီးပေါက်မပေါက် ကိုယ့်ကိုယ်ကို ပြန်လည် စစ်ဆေးကြဖို့ လိုပါလိမ့်မယ်၊ ဒီသင်တန်းရဲ့ ရည်ရွယ်ချက်ဟာ "မင်္ဂလာတရားတော်ကို ကာယကံမြောက် လက်တွေ့ကျင့်သုံးရေး" ဖြစ်ပါတယ်၊ ဒါကြောင့် ရည်ရွယ်ချက် မပျက်ရအောင် စွမ်းနိုင်သမျှ ကာယကံမြောက် လက်တွေ့ ကျင့်သုံးကြဖို့ ထပ်မံ သတိပေးပါတယ်။

မင်္ဂလာဟာ အကြမ်းအားဖြင့် လောကပိုင်းဆိုင်ရာမင်္ဂလာ၊ (လောကမှ လွတ်မြောက်ရေး) လောကုတ္တရာပိုင်းဆိုင်ရာ မင်္ဂလာလို့ နှစ်မျိုးရှိပါတယ်၊ မောင်မယ်တို့ ယခု သင်ကြားပြီးခဲ့တဲ့ **အသေဝနာစ ဗာလာနံ** မင်္ဂလာကနေပြီး **ကာလေန ဓမ္မသာကစ္ဆာ** တိုင်အောင်သော မင်္ဂလာများဟာ လောကပိုင်းဆိုင်ရာ မင်္ဂလာများ ဖြစ်ပါတယ်၊ လောကလူသား တစ်ယောက်အနေနဲ့ လူနှင့်တူအောင် နေတတ် ထိုင်တတ်ဖို့ အလွန် အရေးကြီးပါတယ်၊ ဒါကြောင့်လည်း မင်္ဂလာတရားတော်က လူနှင့်တူအောင် လူ့အသွင် ပီပြင်အောင် ထောင့်မျိုးစုံမှ ပြင်ဆင် ထိန်းမတ်ပေးခဲ့ခြင်း ဖြစ်ပါတယ်။

ယခု သင်ကြားပြီးခဲ့တဲ့ မင်္ဂလာများကို သူ့ နေရာနှင့်သူ ကာယကံမြောက် လက်တွေ့ကျင့်သုံး နိုင်မယ်ဆိုရင် လူမှုကိစ္စများ ဖြစ်ကြတဲ့ ပေါင်းသင်းဆက်ဆံရေး ပညာရေး စီးပွားရေး ကျန်းမာရေး ကုသိုလ်ရေး ရပ်ရေးရွာရေး နိုင်ငံရေး စသည်တို့မှာ အောင်မြင်မှုရှိတဲ့ လူတစ်ယောက်အဖြစ် အသိအမှတ်

http://www.dhammadownload.com

ပြုခံရဖို့ မလွဲပါဘူး။ အသေ၀န မင်္ဂလာကနေပြီး ဓမ္မသာကစ္ဆာ မင်္ဂလာအထိ မင်္ဂလာတစ်ပါးချင်းကို ပြန်လည် သုံးသပ်ကြည့်ရင် လောကပိုင်းဆိုင်ရာအတွက် ဘာမှ လိုလေသေး မရှိရဘဲ အဖက်ဖက်မှ ပြည့်စုံအောင် ညွှန်ကြားထားတာကို ကျေနပ် နှစ်သက်ဖွယ်ရာ တွေ့မြင်ရပါလိမ့်မယ်။

ဉာဏ်ရှိတဲ့ ဆေးသမားအဖို့ ဆေးတစ်ခွက်ကို ရေလဲအမျိုးမျိုး သုံးစွဲပြီး ရောဂါအမျိုးမျိုးကို ပျောက်ကင်းအောင် ကုသနိုင်သလို ဉာဏ်ရှိတဲ့ လူသား အဖို့မှာလည်း ကိစ္စများမြောင် လူတို့ဘောင်မှာ အမှုကိစ္စအမျိုးမျိုးကို ပြဆိုခဲ့ပြီး တဲ့ လောကပိုင်းဆိုင်ရာ မင်္ဂလာ အပါး ၃၀–ဖြင့်ပင် ပြီးမြောက် အောင်မြင် အောင် ဆောင်ရွက်နိုင်ပြီ ဖြစ်ပါတယ်။

ဒါကြောင့် လောကအလယ်မှာ အောင်နိုင်သူအဖြစ် (ကြီးပွားတိုးတက် သူအဖြစ်) ရပ်တည်လိုသူတိုင်း မများလှတဲ့ မင်္ဂလာအပါး ၃၀–ကို ကာယကံ မြောက် ကျင့်သုံးကြဖို့ တိုက်တွန်းလိုပါတယ်၊ မာတာပိတု ဥပဋ္ဌာနံ ဂါထာမှာ မာတု ဥပဋ္ဌာန (အမိကို လုပ်ကျွေးခြင်း)၊ ပိတု ဥပဋ္ဌာန (အဖကို လုပ်ကျွေး ခြင်း)လို့ မင်္ဂလာကို နှစ်ခုခွဲပြီး ယူရပါမယ်၊ အသေ၀နမှ ဓမ္မသာကစ္ဆာအထိ မင်္ဂလာ အပါး ၃၀– ဖြစ်ရပါမယ်၊ ခု တစ်ပတ် တပေါစ မင်္ဂလာဟာ ၃၁– ဖြစ်ပါတယ်။

ကဲ ․․ သင်တန်းစကြစို့။

http://www.dhammadownload.com

၃၁။ တပေါ စ

(တိလေသာ ငြိမ်းအေးစေရေးစင်လာ)

''မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ''

ဗုဒ္ဓဘာသာတရားတော်မှာ လောကီပိုင်း၊ လောကုတ္တရာပိုင်းလို့ နှစ်မျိုး ရှိပါတယ်၊ လောကီထဲမှာ နေရင် လောကကျင့်ဝတ်ကို နားလည်ရပါမယ်၊ လောကမှ ထွက်မြောက်လိုရင် လောကုတ္တရာကျင့်ဝတ်ကို နားလည်ရပါမယ်၊ ဓမ္မသာကစ္ဆာ တိုင်အောင်သော မင်္ဂလာများဖြင့် လောကကျင့်ဝတ် အမျိုးမျိုး ကို ပြသခဲ့ပြီးနောက် လောကီကို လွတ်အောင် ရုန်းထွက်လိုတဲ့ သူတော်စင် များအဖို့ လောကုတ္တရာကျင့်စဉ် မင်္ဂလာကို ညွှန်ပြလိုတဲ့အတွက် ''တပေါ စ'' လို့ ဆက်လက် ညွှန်ကြားတော်မူပါတယ်၊ မောင်မယ်တို့ အထူး သတိထားကြ ဖို့က မင်္ဂလာတရားတော်ဟာ ကျင့်စဉ်ကို ပြတဲ့နေရာမှာ အခက်အခဲမရှိ လွယ်ကူ အောင် ကွင်းဆက်နဲ့ ညွှန်ပြထားတာကို သတိပြုသင့်ပါတယ်။

လောကီနဲ့ လောကုတ္တရာ ကူးပြောင်းခိုင်းတဲ့ နေရာမှာလည်း အတင်း အဓမ္မ တောမထွက်ခိုင်းပါဘူး၊ သင်္ကန်းဝတ် မခိုင်းပါဘူး၊ ဆင်ရိုင်းကို ယဉ်ပါး လာအောင် တဖြည်းဖြည်း ကျူးသွင်းယူသလို လူတွေရဲ့စိတ်ဆင်ရိုင်းကို မင်္ဂလာ ကျူးတော်နဲ့ အသာတကြည် ဖေးဖေးမမ တယုတယနဲ့ သိမ်းသွင်းယူခြင်း ဖြစ်ပါတယ်၊ လောကီချမ်းသာတွေကို စည်းစိမ်ခံစားနေတဲ့ လူတစ်ယောက်ကို ချက်ချင်း တရားအားထုတ်ခိုင်းရင် မလွယ်ကူလှပါဘူး၊ မလွန်ဆန်နိုင်လို့

http://www.dhammadownload.com

အားထုတ်ရတဲ့တိုင်အောင် တော်တော် ကသိကအောက် ဖောင့်အောင့်အည်း အည်းနဲ့ အားထုတ်ရမှာ ဖြစ်ပါတယ်၊ မင်္ဂလာက ဒီလိုမဟုတ်ပါဘူး၊ လူတွေကို စိတ်ကသိကအောက် မဖြစ်စေဘဲ အသာတကြည် လွယ်လွယ်ကူကူနဲ့ ဖြစ်အောင် လမ်းခင်းပေးပါတယ်၊ အင်မတန် နှစ်သက်စရာ, ချစ်စရာကောင်းတဲ့ ကျင့်စဉ် ဖြစ်ပါတယ်။

လောကီကနေ လောကုတ္တရာ ကူးခိုင်းချင်တော့ မင်္ဂလာက ကြိုတင်ပြီး စီစဉ်ပေးပါတယ်၊ ကူးတဲ့လူ လွယ်လွယ်ကူကူနဲ့ ကူးနိုင်အောင် (ကူးချင်အောင်) ဖန်တီးပေးပါတယ်၊ လောကီနဲ့ လောကုတ္တရာ အကူးကောင်းအောင် မင်္ဂလာက ဂါရဝေါ စ၊ နိဝါတော စ၊ သန္တုဋ္ဌိ စ၊ ကတညုတာ၊ ကာလေန ဓမ္မဿဝနံ၊ ခန္တီစ၊ သောဝစဿတာ၊ သမဏာနဉ္စဒဿနံ၊ ကာလေန ဓမ္မသာကစ္ဆာ လို့ လောကီနဲ့ လောကုတ္တရာကို ပေါင်းကူးတံတား ဆက်ပေးထားပါတယ်၊ ဂါရဝ ကစပြီး ဓမ္မသာကစ္ဆာ တိုင်အောင်သော မင်္ဂလာများကို ကာယကံမြောက် ကျင့်သုံးလာခဲ့ရင် ထိုသူရဲ့ စိတ်နှလုံးဟာ ပျော့ပျောင်း နူးညံ့ပြီး ထိုသူမှာ သူတော်ကောင်းစိတ်ဓာတ်များ ကိန်းဝပ်နေပြီ ဖြစ်ပါတယ်၊ အဲဒီလို သူတော်ကောင်း စိတ်ဓာတ်များ ကြိုတင် ကိန်းဝပ်စေပြီးမှ သူတော်ကောင်းတို့ လမ်းစဉ် ဖြစ်တဲ့ လောကုတ္တရာလမ်းစဉ်ကို ညွှန်ပြလိုတဲ့အတွက် ''တပေါ စ''လို့ ဒီလို ညွှန်ပြတော်မူပါတယ်။

တပေါစ အဓိပ္ပာယ်ကို ပြောပြပါမယ်၊ **''ပါပကေ ဓမ္မေ တပတီတိ တပေါ''** **ပါပကေ ဓမ္မေ**– အကုသိုလ်တရားတို့ကို၊ **တပတိ**– ပူလောင်စေတတ် ၏။ **ဣတိ**– ထို့ကြောင့်၊ **တပေါ**– တပ မည်၏တဲ့၊ အကုသိုလ်တရားတွေကို ပူလောင်စေတတ်တဲ့ တရားကို ''တပ''လို့ ခေါ်ပါတယ်၊ တပရဲ့ တရားကိုယ်ကတော့ **ဣန္ဒြိယသံဝရသီလနဲ့ ဝီရိယတရား**တို့ ဖြစ်ပါတယ်၊ အဘိဇ္ဈာ ဒေါမနဿ စတဲ့ အကုသိုလ်တရားတွေကို ပယ်ရှားတတ်လို့ ဣန္ဒြိယသံဝရ သီလကို တပလို့ ခေါ်ပါတယ်၊ ပျင်းရိခြင်း ကောသဇ္ဇတရားကို ပယ်ရှား တတ်လို့ ဝီရိယတရားကို တပလို့ ခေါ်ပါတယ်၊ စားသံ ပေးသံတွေ ပါလာလို့ မောင်မယ်တို့ ပျင်းများနေမလား၊ လောကုတ္တရာပိုင်းဆိုင်ရာ မင်္ဂလာများဖြစ်တဲ့ အတွက် ကြိုးစားပြီး နားထောင် မှတ်သားကြဖို့ ဆရာ မေတ္တာရပ်ခံပါတယ်။

http://www.dhammadownload.com

ဣန္ဒြိယသံဝရဆိုတာ ဣန္ဒြေကို စောင့်ထိန်းတယ်လို့ ဆိုလိုပါတယ်၊ မျက်စိအလို မလိုက်ဘဲ စောင့်ထိန်းတာကို **စက္ခုန္ဒြိယသံဝရ** နားအလိုကို မလိုက်ဘဲ စောင့်ထိန်းတာကို **သောတိန္ဒြိယသံဝရ** နှာခေါင်းအလိုကို မလိုက်ဘဲ စောင့်ထိန်းတာကို **ဃာနိန္ဒြိယသံဝရ** လျှာအလိုကို မလိုက်ဘဲ စောင့်ထိန်းတာကို **ဇိဝှိန္ဒြိယသံဝရ** ကိုယ်အလိုကို မလိုက်ဘဲ စောင့်ထိန်းတာကို **ကာယိန္ဒြိယသံဝရ** စိတ်အလိုကို မလိုက်ဘဲ စောင့်ထိန်းတာကို **မနိန္ဒြိယသံဝရ**လို့ ခေါ်ပါတယ်၊ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဆိုတဲ့ ဣန္ဒြေခြောက်ပါးကို ပေါက်လွှတ်ပဲစား မထားဘဲ (အလို မလိုက်ဘဲ) ချုပ်တည်း စောင့်ထိန်းတာကို ဣန္ဒြိယသံဝရသီလလို့ ခေါ်ပါတယ်။

မြန်မာလို တိုတိုပြောတော့ မျက်စိက ကြည့်ချင်တိုင်း အလိုမလိုက်ပါနဲ့၊ နားက ကြားချင်တိုင်း အလိုမလိုက်ပါနဲ့၊ နှာခေါင်းက မွှေးချင်တိုင်း အလိုမလိုက်ပါနဲ့၊ လျှာက စားလိုတိုင်း အလိုမလိုက်ပါနဲ့၊ ကိုယ်က ထိတွေ့ချင်တိုင်း အလိုမလိုက်ပါနဲ့၊ စိတ်ကစားချင်တိုင်း စိတ်ကို အလိုမလိုက်ပါနဲ့လို့ ဆိုလိုပါတယ်၊ အဲဒီလို ဣန္ဒြေခြောက်ပါးကို ထင်တိုင်း လွှတ်မထားဘဲ သတိလေးနဲ့ စောင့်ထိန်းထားတော့ မကောင်းတဲ့ အကုသိုလ်တရားများ ဖြစ်ပွားဖို့ လမ်းစပိတ်သွားပါတယ်။

အာရုံ ခြောက်ပါးဟာ ရန်သူ ခြောက်ယောက်နဲ့ တူပါတယ်၊ ဣန္ဒြေ ခြောက်ပါးဟာ တံခါးခြောက်ပေါက်နဲ့ တူပါတယ်၊ တံခါးခြောက်ပေါက်ကို ပိတ်မထားရင် အပြင်ရန်သူ ခြောက်ယောက်ဟာ တံခါးမရှိ ဓားမရှိ ဝင်ပြီး အတွင်းရန်ဖြစ်တဲ့ လောဘ ဒေါသ မောဟတရားများနဲ့ ပေါင်းသင်းလို့ ကိလေသာ သူပုန်ထကြပါတယ်၊ အဲဒီလို ကိလေသာသူပုန် မထနိုင်အောင် ဣန္ဒြေ ခြောက်ပါး ဆိုတဲ့ တံခါးခြောက်ပေါက်ကို ပိတ်ထားရပါတယ်၊ တံခါးပိတ်ထားတော့ အပြင်ရန်နဲ့ အတွင်းရန်တို့ဟာ မပူးပေါင်းမိနိုင်တဲ့အတွက် ကိလေသာ သူပုန် မထနိုင်ကြတော့ပါဘူး။ ဒါလောက်ဆိုရင် ဣန္ဒြိယသံဝရသီလသဘောကို မောင်မယ်တို့ ရိပ်စားမိလောက်ပါပြီ။

ပျင်းရိခြင်းကိုတော့ ပါဠိလို **ကောသဇ္ဇ**လို့ ခေါ်ပါတယ်၊ ဒီ ပျင်းရိခြင်း ကောသဇ္ဇတရားဟာ တိုးတက် ကြီးပွားမှုရဲ့ ကြီးမားသော ရန်သူ ဖြစ်ပါတယ်၊

http://www.dhammadownload.com

ပျင်းနေရင် ဘာမှလုပ်လို့ မဖြစ်တော့ပါဘူး။ အဲဒီ ပျင်းရိခြင်းကို ပယ်ရှားနိုင်တာကတော့ ဝီရိယဆိုတဲ့ ကြိုးစားအားထုတ်မှု ဖြစ်ပါတယ်၊ လောကမှာ ပျင်းနေရင် စီးပွားဥစ္စာများ မတိုးတက်နိုင်သလို လောကုတ္တရာမှာ ပျင်းနေရင်လည်း ဈာန်မဂ် ဖိုလ်တရားများကို မရနိုင်ပါဘူး။ ဒါကြောင့် ပျင်းရိခြင်းကို ပယ်ရှားတတ်တဲ့ ဝီရိယတရားဟာလည်း 'တပ' မည်ပါသတဲ့၊ မောင်မယ်တို့ မှတ်သားလွယ်အောင် အကျဉ်းချုပ် ပြောပါမယ်။

မျက်စိအလို၊ နားအလို၊ နှာခေါင်းအလို၊ လျှာအလို၊ ကိုယ်အလို၊ စိတ်အလိုတို့ကို မလိုက်ဘဲ စောင့်ထိန်း ချုပ်တည်းပြီး ကြိုးကြိုးစားစား အားထုတ်ဆောင်ရွက် ကျင့်ကြံတာကို ''တပ''လို့ ခေါ်ပါတယ်၊ ဒါကြောင့် တပေါ်စ–ခြိုးခြံစွာ ကျင့်ရခြင်းသည်လည်းကောင်းလို့ ရှေးဆရာများက အနက်ပြန်ကြပါတယ်၊ မျက်စိကို ခြိုးခြံပါ၊ နားကို ခြိုးခြံပါ၊ နှာခေါင်းကို ခြိုးခြံပါ၊ လျှာကို ခြိုးခြံပါ၊ ကိုယ်ကို ခြိုးခြံပါ၊ စိတ်ကို ခြိုးခြံပါလို့ ဆိုလိုပါတယ်။

ဆရာတို့သင်တန်းမှာ လူငယ် လူရွယ် လူကြီး အစုံပါဝင်တာမို့ အားလုံးနဲ့ကိုက်အောင် ကြိုးစားပေးနေပါတယ်၊ လောကုတ္တရာပိုင်း မင်္ဂလာများကျတော့ လူကြီးများနဲ့ ပိုပြီး သင့်လျော်တဲ့အတွက် လူကြီးနားနဲ့ အံဝင်ခွင်ကျ ဖြစ်ပါတယ်၊ ဒါပေမယ့် လူငယ်များ နားလည်လွယ်အောင်လည်း ကြိုးစားပေးပါတယ်၊ တပေါ်စ မင်္ဂလာအုပ်စုမှ တပ၊ ဗြဟ္မစရိယ၊ အရိယ သစ္စာနဒဿန၊ နိဗ္ဗာနသစ္ဆိကိရိယလို့ လေးပါး ရှိပါတယ်။

အဲဒီလေးပါးမှာ တပက **သီလ**ကို ညွှန်ပြပါတယ်၊ ဗြဟ္မစရိယက **သမာဓိ** နဲ့ **ပညာ**ကို (သမထနဲ့ ဝိပဿနာကို) ညွှန်ပြပါတယ်၊ အဲဒီလို သီလ, သမာဓိ, ပညာနဲ့ ပြည့်စုံရင် **အရိယသစ္စာနဒဿန**– သစ္စာလေးပါးကို သိမြင်ပြီး **နိဗ္ဗာနသစ္ဆိကိရိယ**– နိဗ္ဗာန်ကို မျက်မှောက်ပြုရမယ်လို့ ကွင်းဆက် ညွှန်ပြပါတယ်၊ ပြီးတော့ လောကုတ္တရာလမ်းစဉ် ဆိုတာဟာ ဝိသုဒ္ဓိလမ်းစဉ် (စင်ကြယ်တဲ့ လမ်းစဉ်) ဖြစ်ပါတယ်၊ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၊ ဉာဏဒဿနဝိသုဒ္ဓိရယ်လို့ ဝိသုဒ္ဓိ ၇–ပါးမှာ တပက **သီလဝိသုဒ္ဓိ**ကို ညွှန်ပြပါတယ်၊

http://www.dhammadownload.com

ဖြဟ္မစရိယက **စိတ္တဝိသုဒ္ဓိ**ကို ညွှန်ပြပါတယ်၊ အရိယသစ္စာနဒဿနက **အသယ် ဝိသုဒ္ဓိ လေးပါး**ကို ညွှန်ပြပါတယ်၊ နိဗ္ဗာနသစ္ဆိကရိယက နောက်ဆုံး **ဉာဏ ဒဿနဝိသုဒ္ဓိ**ကို ညွှန်ပြပါတယ်။

သီလ, သမာဓိ, ပညာဆိုတာနဲ့ ဝိသုဒ္ဓိ ၇-ပါးနဲ့ဟာ အဓိပ္ပါယ် အတူ တူပါပဲ၊ အကျဉ်းနဲ့အကျယ် အမည်သာ ကွဲသွားပါတယ်၊ ဒါကြောင့် ဒီ တပ မင်္ဂလာအရ သီလတရား (သီလဝိသုဒ္ဓိ)ကို အဓိကထားပြီး မှတ်သားခဲ့ရန် ဖြစ်ပါတယ်၊ နောက်မင်္ဂလာများ ပြောတဲ့အခါ လွယ်ကူအောင် လမ်းစချထား ခဲ့ခြင်း ဖြစ်ပါတယ်၊ ဒါလောက် ညွှန်ပြလိုက်ရင် လူကြီးပိုင်းအတွက် များစွာ ဉာဏ်ကျက်စားနိုင်သွားပြီလို့ ယုံကြည်ပါတယ်။

မောင်မယ်တို့အနေနဲ့ လောကုတ္တရာပိုင်းမင်္ဂလာ ဆိုပြီး ကိုယ်နဲ့မဆိုင် သလို မမြင်ကြဖို့ အရေးကြီးပါတယ်၊ ယခုလို စနစ်သစ်နဲ့ ခေတ်သစ်ကို ထူထောင်နေတဲ့အချိန်မှာ ဒီ တပမင်္ဂလာကို လူတိုင်း လူတိုင်း ကာယကံမြောက် လက်တွေ့ ကျင့်သုံးဖို့ လိုပါတယ်၊ ''***နည်းနည်းတော့ အပျော်အပါး လျှော့စေ ချင်ပါသည်၊ မြန်မာပြည်ထောင်စုကို ပြန်လည် ထူထောင်မှုနဲ့ ပြုပြင်မည်***'' ဆိုတဲ့ သီချင်းလေးကို မောင်မယ်တို့ ကြားဖူးမှာပေါ့၊ နိုင်ငံသစ် ထူထောင်နေ တဲ့ လုပ်သားကောင်းများ ဖြစ်ကြတဲ့ လုပ်သားပြည်သူများဟာ ယခုအချိန်မှာ မျက်စိအလိုကို ခြိုးခြံ၊ နားအလိုကို ခြိုးခြံ၊ နှာခေါင်းအလိုကို ခြိုးခြံ၊ လျှာအလိုကို ခြိုးခြံ၊ ကိုယ်အလိုကို ခြိုးခြံ၊ စိတ်အလိုကို ခြိုးခြံပြီး ကုန်ထုတ်စွမ်းအား မြင့်မားဖို့အတွက် လူတိုင်း လူတိုင်း ကြိုးကြိုးစားစား အလုပ်လုပ်ကြဖို့ အချိန် ဖြစ်ပါတယ်။

တိုတိုနဲ့ရှင်းရှင်း ပြောရရင် ကုန်ထုတ်အရင်းအနှီးများ တိုးပွားရေး အတွက် ခြိုးခြံ၊ ကုန်ထုတ်စွမ်းအား မြင့်မားရေးအတွက် ကြိုးစားရင် ''တပ'' မင်္ဂလာ ဖြစ်ပါတယ်၊ ဒါက လောကပိုင်းအတွက် ဖြစ်ပါတယ်၊ လောကုတ္တရာ ပိုင်းကတော့ အကုသိုလ်တရားများ မတိုးပွားရေးအတွက် ခြိုးခြံ၊ ဈာန် မဂ်ဖိုလ် တရားများ တိုးပွားရေးအတွက် ကြိုးစားရင် ''တပ''မင်္ဂလာ မြောက်ပါတယ်၊ ''တပ''မင်္ဂလာရဲ့ အနှစ်သာရဟာ ခြိုးခြံမှုနဲ့ ကြိုးစားမှု ဖြစ်ပါတယ်၊ ဒါကို

http://www.dhammadownload.com

မြန်မာက **"စီးတဲ့ရေ ဆည်တဲ့ကန်သင်း"**တဲ့၊ စီးတဲ့ရေက ကြိုးစားမှု ဖြစ်ပါတယ်၊ ဆည်တဲ့ကန်သင်းက ခြိုးခြံမှု ဖြစ်ပါတယ်၊ လောကီပိုင်းမှာဖြစ်ဖြစ်၊ လောကုတ္တရာပိုင်းမှာဖြစ်ဖြစ် ခြိုးခြံပြီး ကြိုးစား၊ ကြိုးစားပြီး ခြိုးခြံမှသာ လိုအပ်တဲ့ အောင်မြင်မှုကို ရနိုင်မည် ဆိုတာကို အလေးအနက် သတိပြုရန် ဖြစ်ပါတယ်။

ကဲ ‥ ဒါလောက်ဆို တပမင်္ဂလာကို မောင်မယ်တို့ ကျေညက်လောက်ပါပြီ၊ ဒီတစ်ပတ် မင်္ဂလာသင်ခန်းစာအဖြစ် အများသိပြီးဖြစ်ကြတဲ့ ကေနိပါတ်၊ မုဒုလက္ခဏဇာတ်ကို ပြောပြပါ့မယ်၊ လူသိများတဲ့ဇာတ်လမ်းဖြစ်လို့ သင်ခန်းစာပေါ်ရုံမျှသာ အကြမ်းဖျင်း ပြောပြမယ်၊ ကဲ– နားထောင်။

မုဒုလက္ခဏဇာတ်တော်

ရှေးအခါတုန်းက ကာသိတိုင်းသား ပုဏ္ဏားလုလင်တစ်ယောက်ဟာ လောကီကို လွတ်အောင် ရုန်းလိုတဲ့အတွက် တောထွက်ပြီး ရသေ့ရဟန်းအသွင်နဲ့ တရားကျင့်စဉ်များကို ကြိုးစား အားထုတ်ပါသတဲ့၊ ဈာန်အဘိညာဉ်ရတဲ့အထိ ကြိုးစားပြီး တောထဲမှာပဲ တရားအားထုတ်နေခဲ့ပါတယ်၊ တစ်နေ့တော့ ချဉ်ဆား မှီဝဲလိုတဲ့အတွက် ဗာရာဏသီမြို့ကို ကြွပြီး ဘုရင့်နန်းတော်အလှူခံ ဝင်ပါတယ်။

ဘုရင်ကြီးက ကြည်ညိုလို့ ဥယျာဉ်တော်မှာ သီတင်းသုံးဖို့ လျှောက်ထားပြီး ကျောင်းဆောက်ပေးတဲ့အပြင် ပစ္စည်းလေးပါးနဲ့ ထောက်ပံ့ လှူဒါန်းကိုးကွယ်ထားပါတယ်၊ တစ်နေ့တော့ ဘုရင်ကြီးဟာ နယ်စပ်မှာ မငြိမ်မသက်ဖြစ်နေတာနဲ့ ကိုယ်တိုင် စစ်တိုက်ထွက်ဖို့ အရေးကြုံလာတော့ စစ်ထွက်ခါနီးမှာ မိဖုရားကြီးကို ဆရာရသေ့အား ဝတ္တရားမပျက် ပြုစုဖို့ တာဝန်ပေးအပ်ခဲ့ပြီး စစ်ထွက်ခဲ့ပါတယ်၊ ရသေ့ကြီးကလည်း ကောင်းကင်ခရီးနဲ့ ကြွလာပြီး နေ့စဉ်နန်းတော်မှာ ဆွမ်းဘုဉ်းပေးပါတယ်၊ တစ်နေ့တော့ မိဖုရားကြီးဟာ ရေမိုးချိုးအဝတ်အစားလဲပြီး ဖီးလိမ်းပြင်ဆင် ကိုယ်လက်သန့်စင်ပြီး လေသာပြတင်းနားက သလွန်တော်မှာ လဲလျောင်းပြီး ရသေ့ကြီးကို စောင့်နေခဲ့ပါတယ်။

ရသေ့ကြီးကလည်း အချိန်ကျတော့ ကောင်းကင်ခရီးနဲ့ ဆွမ်းခံဝင်လာ

http://www.dhammadownload.com

တဲ့အခါ မိဖုရားကြီးကလည်း ဆရာရသေ့ လာသံကြားလို့ ကပျာကယာ ထလိုက်တဲ့အခါမှာ ဝတ်လဲတော် တင်သားပေါ်အောင် လျှောအကျ၊ ရသေ့ကြီးကလည်း ဆွမ်းခံအကြွ သွားတိုက်ဆိုင်တဲ့အတွက် ရသေ့ကြီးဟာ စက္ခုနဲ့ ရူပါရုံ ပေါင်းဆုံလို့ ရာဂသားလေး ပေါက်ဖွားပြီး ဒုက္ခများခဲ့ရပါတယ်။

ဒီ ဇာတ်လမ်းဟာ အားလုံးသိပြီးတဲ့ ဇာတ်လမ်းဖြစ်တဲ့အတွက် အကျဉ်းချုံး ပြောတော့မယ်၊ ရသေ့ကြီး ဈာန်လျှောပြီး ကိလေသာသူပုန် ထနေခိုက် ဘုရင်ကြီးကလည်း နယ်စပ်သူပုန်များကို နှိမ်နင်းပြီး ပြန်အလာ ဆရာဒကာ ဆုံကြတော့ ကျိုးကြောင်းစုံလင် သိမြင်လို့ အနာနဲ့ဆေး သင့်အောင်ပေးတဲ့အနေနဲ့ မိဖုရားကြီးကို ဆရာရသေ့အား ပေးအပ်ပါတယ်၊ မိဖုရားကြီးကိုလည်း ''သင့်ရဲ့ ပရိယာယ်နဲ့ ဆရာရသေ့ သတိတရား ပြန်ရအောင် ကြိုးစားပါ''လို့ မှာကြားထားပါတယ်၊ မိဖုရားကြီးဟာ ရသေ့လူထွက်ကြီး စိတ်ပျက်သွားအောင် လုပ်ကိစ္စများကို တစ်ခုချင်း စေခိုင်းပါတယ်၊ တစ်နေ့လုံး ချွေးတလုံးလုံးနဲ့ တကုန်းကုန်း အလုပ်လုပ်ရပြီး ညအိပ်ခါနီး ခုတင်ပေါ်မှာ မိဖုရားကြီးက မုတ်ဆိတ် ဆွဲဆောင့်ပြီး ''သင်ဟာ ရဟန်းချမ်းသာကို မသိတဲ့လူ''လို့ ပြောဆို သတိပေးတဲ့အခါမှာ သူတော်ကောင်းဇာတ်ခံရှိတဲ့ ရသေ့လူထွက်ကြီးဟာ ချက်ချင်း သတိရပြီး မိဖုရားကို ဘုရင်ကြီးအား ပြန်အပ်ပြီး ဈာန်တရားကို ပြန်ကြိုးစားလိုက်တာ ခဏချင်းပဲ ဈာန်ပြန်ရလို့ မင်းမိဖုရား နှစ်ပါးကို ဆုံးမကာ ကောင်းကင်ခရီးနဲ့ တောထဲကို ပြန်ကြွသွားပါတယ်။

ကဲ ‥ ဇာတ်လမ်းကတော့ ဒါပါပဲ၊ ဒီ ဇာတ်လမ်းကို သင်ခန်းစာ ထုတ်ကြည့်လိုက်ရင် တောထွက်ပြီး တရားကျင့်ခြင်းဟာ 'တပ'မင်္ဂလာ ဖြစ်ပါတယ်၊ အကုသိုလ် မဖြစ်နိုင်အောင် အကုသိုလ်ကို ခြိုးခြံတဲ့အနေနဲ့ တောထွက်ပါတယ်၊ ဒါဟာ ဣန္ဒြိယသံဝရသီလ လုံခြုံသွားတာပေါ့၊ နောက်ပြီး ဈာန်ရအောင် ကြိုးစားပါတယ်၊ ဒါက ဝီရိယတရားပေါ့၊ အကုသိုလ် အဖြစ်နည်းအောင် ခြိုးခြံပြီး ဈာန်ရအောင် ကြိုးစားတဲ့အတွက် တပမင်္ဂလာ ဖြစ်ပါတယ်၊ ရသေ့ကြီးဟာ မျက်စိအလိုကို မခြိုးခြံမိဘဲ စက္ခုန္ဒြေကို မစောင့်စည်းမိလို့ သတိလက်လွှတ် ငုက်တောင်ကျွတ်ခဲ့ရပါတယ်၊ နောက်တစ်ဖန် ပြန်လည် စောင့်စည်းလို့ ဈာန်တရားကို ပြန်ရခဲ့ပါတယ်၊ ဣန္ဒြေကို စောင့်စည်းတဲ့အတွက်

http://www.dhammadownload.com

အကျိုးအပြစ်ကို တစ်ပြိုင်နက် တွေ့နိုင်ပါတယ်၊ မောင်မယ်တို့တစ်တွေလည်း အစစ အရာရာမှာ ငြိုးငြိ၊ နေရာတိုင်းမှာ ကြိုးစားပြီး လိုလားတဲ့ ပန်းတိုင်ကို တပမင်္ဂလာရဲ့ အကူအညီနဲ့ အရောက်လှမ်းနိုင်ပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

သတိထား၍ စောင့်ထိန်းပါ

တပခေါ်ဆို မင်္ဂလာတရားကို၊
သေချာမှတ်သား ကျင့်ကြံဖွယ်။
မြင့်,ကြားအာရုံ စသည်များတော့၊
သတိထား၍ စောင့်ထိန်းကွယ်။

ကောသဖွခေါ် ပျင်းရိမှုက၊
ဝီရိယနဲ့ ပယ်ရတယ်။
မင်္ဂလာကို လက်တွေ့ကျင့်လို့၊
ရှေ့သို့တစ်ဆင့် တက်ရမယ်။

မိမိအကျိုး တိုင်းပြည်ကျိုး၊
သယ်ပိုး ရွက်ဆောင်ကွယ်။
အဲဒါကြောင့် အာရုံတွေပြား စောင့်ထိန်းငြား၊
မှတ်သား တပမင်္ဂလာကွယ်။

"မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ"

မွေ့ရှူပဟာစာစောင်၊ အတွဲ(၃)–အမှတ်(၃)၊ အတွဲ(၄၅)အမှတ်(၈)



Ko Oo'F/41-A

http://www.dhammadownload.com



Ko Oo'F/41-B

http://www.dhammadownload.com

ဒီအပတ်သင်တန်းမှာတော့ သာသနာတော်အတွက် ဆရာတို့ ဆောင်ရွက်လျက်ရှိတဲ့ သာသနာပြုကုသိုလ်ထူးများကို မောင်မယ်တို့ သိရှိပြီး သာဓုခေါ်ရအောင် ပြောပြချင်ပါတယ်၊ ဒီလို ပြောပြတာဟာ ကြွားဝါဂုဏ်ဖော်ခြင်း မဟုတ်ပါဘဲ ဒီသင်တန်း၊ ဒီအသင်းနဲ့ ဒီသာသနာအတွက် ဆရာတို့ရဲ့ နိုင်ရာဝန်ထမ်းနေခြင်းကို မောင်မယ်တို့ အတုယူ ဆက်လက် တာဝန်ထမ်းနိုင်စေလိုတဲ့ စေတနာအရင်းခံပါ၊ ဒီသင်တန်းကို ဆရာ တတ်နိုင်သလောက် အချိန်ယူ ပို့ချနေသလို တစ်ဖက်ကလည်း ဒီလို မင်္ဂလာတရားတွေကို မြန်မာတစ်ဝှမ်း သာမက ကမ္ဘာတစ်ဝှမ်း ပြန့်နှံ့စေရေး စိတ်ရည်သန်၍ –

(က) စာရိတ္တပျက်စီး၊ ကမ္ဘာကြီး၊ မင်္ဂလာစည်းနဲ့၊ တားလိုက်ကြ။

(ခ) မင်္ဂလာချုပ်၊ ကိုယ်မှာကပ်၊ မပြတ်ဝတ်ကာ၊ ဆင်လိုက်ကြ။

(ဂ) မင်္ဂလာထီးရိပ်၊ ကမ္ဘာထိပ်၊ မဆိတ်အမြဲ၊ ဖွင့်လိုက်ကြ။

(ဃ) မင်္ဂလာဗျူဟာ၊ အေးရိပ်သာ၊ ကြွပါဖိတ်ခေါ် ကြိုခဲ့ကြ။

အထက်ပါ ဆောင်ပုဒ်အတိုင်း "မင်္ဂလာဗျူဟာအသင်းချုပ်ကြီး"နဲ့ "ဓမ္မဗျူဟာစာစောင်"တို့ ပူးတွဲပြီး "**မင်္ဂလာဓမ္မဗိမာန်တော်ကြီး**"ကို "**တာဝန်မကြီးစေရ သဒ္ဓါတရား မညစ်နွမ်းစေရ**"လို့ မူချထားတဲ့အတိုင်း မောင်မယ်တို့နဲ့အတူ အနယ်နယ် အရပ်ရပ်မှ ဓမ္မဗျူဟာစာတော်ဖတ် ပရိသတ်အပေါင်းတို့သည် တစ်ဦးလျှင် အနည်းဆုံး ၅–ပြားထားပြီး လူတိုင်းကို ကုသိုလ်အခွင့်ရစေလိုပါတယ်၊ ဒီလို ဆရာ နှိုးဆော်စာကြောင့် လှူဒါန်းကြတဲ့ မောင်မယ်တို့ အားလုံးသောအလှူရှင်များကို ဒီစာစောင်မှ မှတ်တမ်းတင်နိုင်ဖို့ ကြိုးစားလျက် ရှိပါတယ်။

http://www.dhammadownload.com

ဒီအပြင် ဆရာတို့ရဲ့ ကာယကံမြောက် လက်တွေ့ကျင့်သုံးရေး မင်္ဂလာသင်တန်းသူ သင်တန်းသားများကိုလည်း ဆရာတို့ မင်္ဂလာဗျူဟာအသင်းချုပ်ကြီးရဲ့ ဩဝါဒါစရိယ ဆရာတော်ဘုရားကြီးများရဲ့ လမ်းညွှန်ချက်များအတိုင်း ကမ္ဘာကို မင်္ဂလာတရားနဲ့ လွှမ်းအောင် လက်တွဲကြိုးစားကြပါစို့ တိုက်တွန်းလိုက်ပါတယ်။

၃၈ - မြတ်မင်္ဂလာ ကမ္ဘာလွှမ်းအောင် တည့်စေသော်

သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတို့၊ ပျက်ပြားနေကြ ကမ္ဘာမြေ။
ဟိုတိုင်းဒီပြည် ရန်စစ်ခင်းလို့၊ လူနှင့်လူချင်း သတ်ကာနေ။
ငြိမ်းချမ်းပါစေ အာသီသနဲ့၊ စွမ်းနိုင်ရာက ကူညီသလေ။
သုံးဆယ့်ရှစ်ပါး၊ မင်္ဂလာတရား၊ ရေးသားဖြန့်ကာဝေ။
အဖိုးတန်တဲ့ ဗုဒ္ဓဝါဒ၊ ကမ္ဘာက သိပါစေ။

ဒီလို မင်္ဂလာဗျူဟာအသင်းချုပ်ကြီးနဲ့ ဓမ္မဗျူဟာစာစောင်တို့ဟာ ခွဲခြားမရအောင် ဆက်စပ်နေတဲ့အတွက် ဆရာသည် မင်္ဂလာဗျူဟာအသင်းကြီးမှာ တွဲဖက်အကျိုးဆောင် တာဝန်အပြင် မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ချုပ်ကြီးမှာ တွဲဖက်အကျိုးဆောင်အဖြစ်၊ ဟိတေသီအဖွဲ့ချုပ်မှာ တွဲဖက်အကျိုးဆောင်အဖြစ် ထမ်းရွက်ပြီး ဘာသာ, သာသနာတာဝန်ကို တစ်ဖက် တစ်လမ်းက ထမ်းဆောင်နေပါတယ်၊ မင်္ဂလာဗျူဟာအသင်း အကျိုးဆောင်ချုပ်က တာဝန် မထမ်းဆောင်နိုင်သဖြင့် ဆရာပဲ အကျိုးဆောင်ချုပ်တာဝန်ကို ထမ်းဆောင်နေရသည်မှာ အတော်ကြာနေပါပြီ ပြီးတော့ ဓမ္မဗျူဟာစာစောင်မှာလည်း ကလောင်နာမည်အမျိုးမျိုးနဲ့ ရေးသားနေပါတယ်၊ ယခုလည်း အနည်းဆုံး တစ်လမှာ သုံးပုဒ်တော့ အမြဲတမ်း ရေးသားနေပါတယ်၊ ဤ အခြေအနေများ ကြားထဲက ဤသင်တန်းကို ကြိုးစားရခြင်းဖြစ်လို့ အမှားတွေ့ရင် ပြင်ဆင်ပေးကြပါလို့ ကျိုးနွံတဲ့ စိတ်ထားနဲ့ လေးမြတ်စွာ ပန်ကြားပါတယ်။

ကဲ-စကားတွေလည်း ရှည်လှပါပြီ၊ ဒီ တစ်ပတ်သင်တန်း စကြပါဦးစို့။

http://www.dhammadownload.com

၃၂။ ပြဟ္မစရိယဥ္စ

(ကောင်းမြတ်သောအကျင့် ကျင့်ရေးမင်္ဂလာ)

"မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ"

လောကမှ လွတ်မြောက်ရေးကို ကြိုးစားတဲ့ နေရာမှာ သီလ, သမာဓိ, ပညာဆိုတဲ့ မျဉ်းကြောင်း သုံးကြောင်းကို ဖြောင့်အောင် သားနိုင်ဖို့ လိုပါတယ်၊ ဒီလမ်းစဉ်သုံးရပ်ကို သွေဖည်ပြီး ဘယ်တော့မှ လောကမှ လွတ်မြောက်ရေးကို ကြိုးစားလို့ မရပါဘူး၊ ဒါကြောင့် ဒီ သီလ, သမာဓိ, ပညာကို သိက္ခာသုံးပါး (ကျင့်စဉ်သုံးပါး)လို့လည်း ခေါ်ပါတယ်၊ သာသနာ သုံးပါး (ညွှန်ကြားချက် သုံးခု)လို့လည်း ခေါ်ပါတယ်။

အဲဒီ သုံးပါးအနက် **သီလ**ဆိုတာက အမှားနည်းအောင်(အကုသိုလ် နည်းအောင်) လေ့ကျင့်မှု(စောင့်ထိန်းမှု)သဘော ဖြစ်ပါတယ်၊

သမာဓိဆိုတာက အမှန်ကို ဦးတည်နိုင်အောင် စိတ်ဓာတ်ကို တည်ကြည် ဖြောင့်မတ်စွာထားခြင်းသဘော ဖြစ်ပါတယ်၊

ပညာဆိုတာက အမှားအမှန် ဝေဖန် ဆုံးဖြတ်ပြီး အမှားကိုပယ် အမှန် ကိုသာလျှင် မြတ်နိုးစွာ လက်ခံ ကျင့်သုံးမှုသဘော ဖြစ်ပါတယ်၊ အဲဒီ သီလ, သမာဓိ, ပညာ သိက္ခာသုံးပါးအနက် တပေါစမင်္ဂလာနဲ့ သီလကို ညွှန်ပြပြီး နောက် သမာဓိ, ပညာတို့ကို ဆက်လက် ညွှန်ကြားလိုတဲ့အတွက် "ပြဟ္မ စရိယဥ္စ"လို့ မင်္ဂလာတရားတော်က ဆက်လက် ညွှန်ကြားတော်မူပါတယ်၊ **ပြဟ္မစရိယဥ္စ**- မြတ်သောအကျင့်ကို ကျင့်ရခြင်းသည်လည်းကောင်းတဲ့။

http://www.dhammadownload.com

ဗြဟ္မ-မြတ်သော၊ **စရိယ**-အကျင့်၊ **ဗြဟ္မစရိယ**-မြတ်သောအကျင့်ဆိုတဲ့ နေရာမှာ အကျင့်မြတ်တွေက များစွာ ရှိပါတယ်၊ အမျိုးမျိုး ကောက်ယူပုံတွေကို ပိဋကတ်မှာ ပြထားပါတယ်၊ ဒါပေမယ့် ဒီနေရာမှာတော့ ဗြဟ္မစရိယအရ သမာဓိနဲ့ ပညာကိုသာ ကောက်ယူ မှတ်သားကြဖို့ ဖြစ်ပါတယ်၊ ကာယကံ, ဝစီကံအနေနဲ့ အကုသိုလ် မဖြစ်အောင် စောင့်ထိန်းဖို့က သီလရဲ့တာဝန်၊ မနောကံအနေနဲ့ အကုသိုလ်မဖြစ်အောင် စောင့်ထိန်းဖို့က သမာဓိ, ပညာတို့ရဲ့ တာဝန် ဖြစ်ပါတယ်။

ကံသုံးပါးနဲ့ သိက္ခာသုံးပါးကို အသီးသီး တာဝန်ပေးတဲ့ နေရာမှာ စိတ်ဆိုတဲ့ မနောကံက စောင့်ထိန်းဖို့ မလွယ်တဲ့အတွက် သမာဓိ, ပညာဆိုတဲ့ အစောင့်နှစ်ယောက်ကို ထားရပါတယ်၊ ကိုယ်, နှုတ်ဆိုတဲ့ ကာယနဲ့ ဝစီမှာ အကုသိုလ် မဖြစ်ဖို့ကတော့ သီလတစ်ပါးနဲ့ပဲ လုံလောက်ပါတယ်၊ ဒါကို ထောက်ချင့်ရင်ပဲ စိတ်ဟာ ဘယ်လောက် အရေးကြီးတယ်ဆိုတာ ထင်ရှားပါတယ်၊ ကိလေသာသုံးပါးနဲ့ သိက္ခာသုံးပါး တာဝန်ယူပုံကိုလည်း အနည်းငယ် ပြောပြပါဦးမယ်၊ ကိလေသာသုံးပါးဆိုတာက-

၁။ **ဝီတိက္ကမကိလေသာ** - လွန်ကျူးတဲ့ အကုသိုလ်၊

၂။ **ပရိယုဋ္ဌာနကိလေသာ** - ထကြွတဲ့ အကုသိုလ်၊

၃။ **အနုသယကိလေသာ** - ငြိမ်နေတဲ့ အကုသိုလ်တို့ ဖြစ်ပါတယ်။

ဥပမာအားဖြင့် မြွေဟောက်နဲ့ တူပါတယ်၊ မြွေဟောက်ဟာ သူ့ကို မထိ မစရင် ငြိမ်နေပါတယ်၊ ငြိမ်နေပေမယ့် သူ့မှာ စွမ်းရည်သတ္တိကတော့ အပြည့်အစုံ ရှိပြီး ဖြစ်ပါတယ်၊ သူ့ကို သွားထိမိ စမိရင်တော့ ရှူးဆို ပါးပြင်း ထောင်လာပါတယ်၊ စိတ်ဆိုးအောင် ထပ်စရင်တော့ ပေါက်တော့တာပါပဲ၊ မြွေဟောက် ငြိမ်နေတာနဲ့ အနုသယကိလေသာနဲ့ တူပါတယ်၊ ပါးပြင်းထောင်လာတာနဲ့ ပရိယုဋ္ဌာန ကိလေသာနဲ့ တူပါတယ်၊ ပေါက်တာနဲ့ ဝီတိက္ကမ ကိလေသာနဲ့ တူပါတယ်၊ ကိလေသာဆိုတဲ့ အကုသိုလ်တရားများဟာ ပုထုဇဉ်တိုင်းမှာ အမာခံအနေနဲ့ အမြဲကိန်းဝပ် ငြိမ်နေပါတယ်၊ အဲဒီ ငြိမ်နေတဲ့ အကုသိုလ်ဟာ အကြောင်းတိုက်ဆိုင်လာလို့ ထကြွလာပြီးရင် အများအားဖြင့် ကျူးလွန်

http://www.dhammadownload.com

ဖောက်ပြားတော့တာပါပဲ၊ ဒါကြောင့် လွန်ကျူးတဲ့ ဝီတိက္ကမ ကိလေသာကို သီလက တာဝန်ယူပါတယ်၊ ထကြွတဲ့ ပရိယုဋ္ဌာန ကိလေသာကို သမာဓိက တာဝန်ယူပါတယ်၊ အမာခံအနေနဲ့ ငြိမ်နေတဲ့ ကိလေသာကိုတော့ ပညာက တာဝန်ယူပါတယ်။

ကံသုံးပါးကို အမြစ်ပါမကျန် ဖြတ်နိုင်(သို့မဟုတ်) ကိလေသာသုံးပါးကို ဖြုခွင်းနိုင်ရင် လောကမှ လွတ်မြောက်တော့တာပါပဲ၊ ဒါကြောင့် လောကလွတ်မြောက်ရေးအတွက် သီလ, သမာဓိ, ပညာ ဆိုတဲ့ သိက္ခာသုံးပါး သာသနာသုံးရပ်ဟာ အဓိကအကျဆုံးတရားများ ဖြစ်ပါတယ်၊ ဒီသုံးပါးနဲ့ ပြည့်စုံရင် **တပ– ဖြပ္ပစရိယ**မဂ်လာတို့ကိုလည်း အလိုလို ကာယကံမြောက် ကျင့်သုံးပြီးသား ဖြစ်ပါတော့တယ်။

ဒီနေရာမှာ သမထလမ်းစဉ်ကို သမာဓိလို့ ခေါ်ပါတယ်၊ ဝိပဿနာလမ်းစဉ်ကိုတော့ ပညာလို့ ခေါ်ပါတယ်၊ ဒါကြောင့် သမထလုပ်ငန်း ဝိပဿနာလုပ်ငန်းများကို ကြိုးပမ်းနေတဲ့ ပုဂ္ဂိုလ်တိုင်းဟာ ဗြဟ္မစရိယမင်္ဂလာကို ကာယကံမြောက် ကျင့်သုံးနေတဲ့ပုဂ္ဂိုလ်များ ဖြစ်ပါတယ်၊ ဒီသင်တန်းမှာ သမထလမ်းစဉ်, ဝိပဿနာလမ်းစဉ်တွေကို ပြောဖို့ အချိန်မရတဲ့အတွက် ဗြဟ္မစရိယမင်္ဂလာကို ကာယကံမြောက် ကျင့်သုံးလိုတဲ့ ပုဂ္ဂိုလ်များဟာ နီးစပ်ရာ ကမ္မဋ္ဌာန်းရိပ်သာများသို့ ဝင်ရောက်ပြီး သမထဘာဝနာ, ဝိပဿနာဘာဝနာတို့ကို ဆရာနည်းကျကျ ကိုယ်ထိ လက်ရောက် ပေါက်မြောက်အောင် ကြိုးစားကြဖို့ အထူးတိုက်တွန်းလိုပါတယ်။

သာသနာတော်နဲ့ ကြုံကြိုက်တဲ့အခါ ကြုံကြိုက်ရကျိုးနပ်အောင် ဗုဒ္ဓဘာသာဝင်တိုင်း ဝိပဿနာတရားကို အချိန်ယူပြီး ရသလောက် ကြိုးစားအားထုတ်စေချင်ပါတယ်၊ ဝိပဿနာတရား အားထုတ်မှလည်း ဗြဟ္မစရိယ၊ အရိယသစ္စာနဒဿန၊ နိဗ္ဗာနသစ္ဆိကိရိယဆိုတဲ့ မင်္ဂလာများကို ကာယကံမြောက် ကျင့်သုံးနိုင်ပါလိမ့်မယ်၊ တစ်နည်းပြောရရင် ဒီမင်္ဂလာများဟာ **သာသနာတွင်းမင်္ဂလာ**များသာ ဖြစ်ပါတယ်၊ သာသနာပအခါမှာ ဒီ မင်္ဂလာတရားများကို ဘယ်လောက်ပဲ ကျင့်သုံးလိုသော်လည်း ကျင့်သုံးရန် နည်းလမ်းမရှိတဲ့အတွက် ကျင့်သုံးလို့ မရပါဘူး၊ ဒါကြောင့် လူ့ဘဝရပြီး သာသနာတော်နဲ့ ကြုံကြိုက်

http://www.dhammadownload.com

အနည်းဆုံး သာသနာ့ မျိုးစေ့လေးတွေ ရသွားအောင် ဝိပဿနာတရားကို အချိန်ရအောင်ယူပြီး အားထုတ်ကြဖို့ အလေးအနက် တိုက်တွန်းပါတယ်။

ပြီးတော့ ဗြဟ္မစရိယမင်္ဂလာဟာ ပဏ္ဍိတာနဥ္စ သေဝနမင်္ဂလာအရ သပ္ပုရိသ သံသေဝ ရဖို့လည်း အလွန် အရေးကြီးပါတယ်၊ ဒါကြောင့် အပြော တရား၊ အနာတရား၊ အရေးတရား၊ အဖတ်တရားလောက်နဲ့ ရပ်မနေကြဘဲ အလုပ်တရားရောက်အောင် ဆရာကောင်းထံ နည်းခံကြဖို့ ထပ်လောင်း သတိ ပေးပါတယ်၊ "**ကုန်ရှုံးတော့ တစ်ခေါက်၊ လင်ရှုံးတော့ တစ်သက်လုံး မှောက်၊ ဆရာရှုံးတော့ ထစ်သံသရာလုံး မှောက်**"ဆိုတဲ့ စကားကို ကြားဖူးကြမှာပေါ့၊ အများအားဖြင့် လူတွေဟာ အိမ်ထောင်ဖက် ရွေးတာမှာ အရေးထားကြ သလောက် ဆရာရွေးတဲ့ နေရာမှာ လေးလေးစားစား မရှိကြတာကို တွေ့ရပါ တယ်၊ အင်မတန် မှားယွင်းမှုတစ်ရပ် ဖြစ်ပါတယ်၊ ဆရာမှားရင် တစ်သံသရာ လုံး ဒုက္ခများနိုင်တာမို့ လူလိမ်လူညာတွေ ပေါ်များလှတဲ့ ခုလိုအခါကြီးမှာ ဆရာအရှာ မမှားကြဖို့လည်း သတိထားရပါမယ်။

သမထသံ ဝိပဿနာသံတွေ ပါလာတော့ မောင်မယ်တို့ အိပ်ဒိုက်ကုန်ပြီ ထင်ပါရဲ့၊ တိုတိုနဲ့ လိုရင်းကတော့ ဒီလိုကွယ့်၊ ကိုယ်, နှုတ်, စိတ် သုံးပါးမှာ အမှား မဖြစ်ရအောင် (အကုသိုလ် မဖြစ်ရအောင်) သတိထားပြီး ရှောင်ရှား နေထိုင်သွားရင် တပ-ဗြဟ္မစရိယမင်္ဂလာတို့ကို ကာယကံမြောက် ကျင့်သုံးရာ ရောက်ပါတယ်၊ စနစ်သစ်နဲ့ ခေတ်သစ်ကို ထူထောင်တဲ့နေရာမှာ စာရိတ္တ မဏ္ဍိုင်ဟာ သိပ်ကို အရေးကြီးပါတယ်၊ အလွန့် အလွန်ကို ကြံ့ခိုင်ရပါမယ်၊ ဒီ စာရိတ္တမဏ္ဍိုင်ကြီး ယိမ်းယိုင်နေကြလို့လည်း မလျော်တဲ့ သတင်းဆန်းတွေ ကို ဒလကြမ်း ကြားသိ မြင်တွေ့နေရခြင်း ဖြစ်ပါတယ်။

တပနဲ့ ဗြဟ္မစရိယ မင်္ဂလာအရ သီလ, သမာဓိ, ပညာ ဆိုတဲ့ ကျင့်စဉ် သုံးရပ်ကို ကိုယ်စွမ်းနိုင်သလောက် ကာယကံမြောက် ကျင့်သုံးကြရင် စာရိတ္တ မဏ္ဍိုင် ကြံ့ခိုင်ပြီး လိုရာပန်းတိုင်ကို အရောက်သွားနိုင်ကြပါလိမ့်မယ်၊ ဒါကြောင့် အနာဂတ် ခေါင်းဆောင်များ ဖြစ်ကြမယ့် မောင်မယ်တို့တစ်တွေဟာ ကံသုံးပါးနဲ့ အကုသိုလ် အဖြစ်နည်းအောင် (အမှားနည်းအောင်) ကြိုးစားကြဖို့ ဆရာ တိုက်တွန်းပါတယ်၊ ဒီတစ်ပတ် မင်္ဂလာသင်ခန်းစာအဖြစ် ဝိပ္ပလိလုလင်နဲ့

http://www.dhammadownload.com

မယ်ဘဒ္ဒါတို့အကြောင်း အနည်းငယ် ပြောပြပါမယ်၊ သာသနာတွင်းမဂ်လာများ ဖြစ်လို့ ငါးရာ့ငါးဆယ် နိပါတ်တွေ ပြောလို့ ခွင်မဝင်တဲ့အတွက် သာသနာ တွင်း ဇာတ်လမ်းကို ရွေးချယ်ပြောပြရခြင်း ဖြစ်ပါတယ်၊ ဇာတ်လမ်းအကျယ် ကိုတော့ ဇိနတ္ထမှာကြည့်ဖို့ ကြိုတင်မှာကြားလိုပါတယ်။

ပိပ္ပလိလုလင် နဲ့ မယ်ဘဒ္ဒါ

မြတ်စွာဘုရား လက်ထက်တော်အခါက မဂဓရေဇ်တိုင်း၊ မဟာတိတ္ထရွာ ကြီးမှာ 'ပိပ္ပလိလုလင်'ဆိုတာ ရှိတယ်၊ မဒ္ဒရာဇ်တိုင်း၊ သာဂလမြို့မှာ 'ဘဒ္ဒ ကာပိလာနီ'ဆိုတဲ့ အလွန် ချောမောလှပတဲ့ အမျိုးသမီးလေးတစ်ယောက်လည်း ရှိတယ်၊ နှစ်ယောက်စလုံး ဗြဟ္မာ့ပြည်က လာကြတဲ့ ပုဂ္ဂိုလ်များဖြစ်လို့ ရွှေ အဆင်းလို ဝါဝင်းပြီး ကိလေသာ အလွန်နည်းပါးကြသတဲ့၊ အချိန်တန် အရွယ် ရောက်လာတော့ ပိပ္ပလိလုလင်ကို အမေ အဖေတို့က အိမ်ထောင်ပြုဖို့ တိုက် တွန်းပါတယ်၊ ဒါပေမယ့် လုလင်ကလေးက အမြဲ ငြင်းပါတယ်။

နောက်ဆုံး ခဏခဏ နားပူတာနဲ့ အလွန် လှပတဲ့ ရွှေစင်ရုပ်ကို ထု လုပ်ပြီး ဒီရွှေစင်ရုပ်နဲ့ တူတဲ့ အမျိုးသမီးကို ရရင် ယူမယ်လို့ ပြောပါသတဲ့၊ လောကမှာ မရှိနိုင်တဲ့ အမျိုးသမီးတစ်ယောက်ကို ဖန်တီးပေးလိုက်တာပါပဲ၊ ဒါပေမယ့် ကံတူ အကျိုးပေး ဆိုသလို ပါရမီဖြည့်ဖက်ဖြစ်တဲ့ ဘဒ္ဒကာပိလာနီ သတို့သမီးလေး တစ်ယောက် ရှိနေတာကိုတော့ သူ မသိရှာပါဘူး၊ နောက်ဆုံး ကျတော့ ရွှေစင်ရုပ်နဲ့ တူတဲ့ ဘဒ္ဒကာပိလာနီကို သာဂလမြို့မှာ တွေ့တော့ နှစ်ဖက်သဘောတူ ပေးစားလိုက်ကြတာပေါ့ကွယ်၊ လင်မယား ဖြစ်ပေမယ့် တစ် ယောက်နဲ့ တစ်ယောက် ဖောက်ပြန်တဲ့ စိတ်နဲ့ မဆက်ဆံကြဘူးတဲ့၊ မောင်ရင်း နှမရင်းလိုပဲ ဆက်ဆံကြသတဲ့၊ ညအိပ်တာတောင် နှစ်ယောက်အကြားမှာ ပန်းများထားပြီး ကြားခြား အိပ်သတဲ့၊ သူ့ဘက်ကပန်း ညှိုးရင် သူမရိုးသားလို့၊ ကိုယ့်ဘက်က ပန်းညှိုးရင် ကိုယ်မရိုးသားလို့ ဆိုပြီး အထိမ်းအမှတ်ထားပြီး အိပ်ကြပါတယ်၊ ပါရမီရှင်တွေဆိုတော့ တယ် ထူးခြားကြပါတယ်။

တစ်နေ့တော့ ပိပ္ပလိက မယ်ဘဒ္ဒါကို ရှိသမျှ ပစ္စည်းတွေကို စွန့်ပြီး ရဟန်းပြုဖို့ ခွင့်တောင်းတဲ့အခါမှာ မယ်ဘဒ္ဒါကလည်း အညံ့မခံဘဲ "အရှင်

Ko Oo'F/42-A

http://www.dhammadownload.com

ထွေးပြီးသား တံတွေးကို မမျိုပါရစေနဲ့'' ဆိုပြီး သူလည်း တောထွက်ဖို့ ခွင့်တောင်းပါတယ်၊ ဒါနဲ့ နှစ်ယောက်စလုံး ရှိသမျှ ပစ္စည်းတွေ စွန့်ပြီး တောထွက်ခဲ့ကြပါတယ်၊ တောလမ်းခရီးပေါက်တော့ ရသေ့ရဟန်းအသွင်နဲ့ မိန်းမနဲ့ယောက်ျား အတူသွားတာ မြင်ရင် အများကဲ့ရဲ့ကြလို့ အများမှာ အကုသိုလ်ဖြစ်မှာ စိုးကြတဲ့အတွက် လမ်းခွဲလို့ ထွက်ကြပါတယ်၊ သံသရာဘဝခရီးမှာ တူမောင်မယ် အတူလာခဲ့ကြရာမှာ ဒီနေရာဟာ နောက်ဆုံး လမ်းခွဲခြင်းဖြစ်ပါတယ်၊ သူတော်စင်ဇတွေဆိုတော့ ဘာမှ လွမ်းမှု၊ ဆွေးမှုတွေ မရှိကြဘဲ မယ်ဘဒ္ဒါက နောက်ဆုံး ကန်တော့ခြင်းဖြင့် ကန်တော့ပြီး လမ်းခွဲကြပါတယ်၊ လွမ်းအောင်ရေး လွမ်းအောင် ပြောရင် လွမ်းစရာ ဇာတ်လမ်းလေးပေါ့ကွယ်၊ ကဲ .. ဒါတွေ အသာထား၊ အဲဒီအချိန်မှာ ဆရာတို့ မြတ်စွာဘုရားဟာ ပိပ္ပလိလုလင် တောထွက်လာတာကို သိတော်မူလို့ ကြိုဆိုတဲ့အနေနဲ့ ရာဇဂြိုဟ်နဲ့ နာလန္ဒမြို့အကြားရှိ ညောင်ပင်ကြီးတစ်ပင်အောက်မှာ စောင့်ဆိုင်းလို့နေတော်မူပါတယ်၊ ပိပ္ပလိလုလင်ကလည်း တောလမ်းခရီးအတိုင်း လျှောက်လာလိုက်တာ နောက်ဆုံးလည်းကျရော မြတ်စွာဘုရားနဲ့ တွေ့ပါလေရော။

တွေ့တယ်ဆိုရင်ပဲ အလွန်တရာ ဝမ်းသာအားရပြီး ''ဒါဟာ ငါ မျှော်မှန်းလာတဲ့ ဆရာပဲ'' ဆိုပြီး မြတ်စွာဘုရားကို လက်အုပ်ချီမိုးလို့ ''အရှင်မြတ်ဟာ တပည့်တော်ရဲ့ဆရာ ဖြစ်ပါတယ်၊ အရှင်မြတ်ကို အာရုံပြုပြီး ရဟန်းပြုခဲ့ခြင်း ဖြစ်ပါတယ်''လို့ လျှောက်ထားပြီး တပည့်ခံယူပါတယ်၊ မြတ်စွာဘုရားကလည်း အခဆုံးအမ ဩဝါဒနဲ့ ရဟန်းပြုပေးပြီး သမထလမ်းစဉ် ဝိပဿနာလမ်းစဉ်ဆိုတဲ့ ဗြဟ္မစရိယမဂ်လာကို ဟောကြားပါတယ်၊ ပိပ္ပလိရဟန်းကလည်း ကာယကံမြောက် ကျင့်သုံးလို့ နောက်ဆုံးမှာ ရဟန္တာအရှင်မြတ် ဖြစ်သွားပါတယ်။

ဆရာတို့ ဗုဒ္ဓသာသနာတော်မှာ မြတ်စွာဘုရားကလွဲရင် အလွန်တရာ ကျေးဇူးကြီးမားတော်မူလှတဲ့ ''အရှင်မဟာကဿပ မထေရ်မြတ်ကြီး'' ဆိုတာဟာ အဲဒီ ''ပိပ္ပလိအရှင်မြတ်''ဖြစ်ပါတယ်၊ ထို့အတူ ဘဒ္ဒကာပိလာနီဟာလည်း ဘိက္ခုနီမများနဲ့ တွေ့ပြီး ဗြဟ္မစရိယမဂ်လာကို ကာယကံမြောက် ကျင့်သုံးလို့

R0 U01742-a

http://www.dhammadownload.com

ရဟန္တာထေရီမ ဖြစ်သွားပါတယ်၊ ဇာတ်လမ်း အကျဉ်းချုပ်ကတော့ ဒါပါပဲ၊ ဇာတ်လမ်းက သင်ခန်းစာကိုလည်း မောင်မယ်တို့ ထုတ်ယူတတ်ကြရောပေါ့၊ အမှားနည်းအောင် အနည်းဆုံး ငါးပါးသီလကို လုံအောင်ထိန်း၊ ပညာသင်ချိန်မှာ ပညာပေါ်မှာသာ စိတ်စိုက်ပြီး သမာဓိယူ၊ အမှားအမှန် ဝေဖန် သုံးသပ်ပြီး အမှန်ကို မြတ်နိုးစွာ ဆုံးဖြတ်တတ်တဲ့ အသိဉာဏ်ပညာကို လေ့ကျင့်ကြလို့ အနာဂတ် လူရည်ချွန် လူရည်မွန်ကလေးများ ဖြစ်အောင် ကြိုးစားကြစေလို ပါတယ်၊ ကဲ .. ဒီတစ်ပတ် ဒါလောက်နဲ့ နိဂုံးသတ်ကြပါစို့။

အကျင့်မြတ်ကို ကျင့်ရမယ်

- သီလ,သမာ ပညာမြတ်လို့၊ သိက္ခာသုံးရပ် သိစေဖွယ်။
  ဗြဟ္မစရိယံ မင်္ဂလာမြတ်တွက်၊ သမာဓိ,ပညာ မှတ်ရမယ်။
- ပိပ္ပလိခေါ် လုလင်မြတ်နဲ့၊ မယ်ဘဒ္ဒါတို့ တူမောင်မယ်။
  အကျင့်မြတ်ကို စုံညီဖြည့်လို့၊ နိဗ္ဗာန်ခရီး တူဝင်တယ်။
- မင်္ဂလာကို လက်တွေ့ကျင့်လို့၊ ရှေ့သို့တစ်ဆင့် တက်ရမယ်။
  မိမိအကျိုး တိုင်းပြည်ကျိုး၊ သယ်ပိုး ရွက်ဆောင်ကွယ်။
  အဲဒါကြောင့် အကျင့်မြတ်များ ကျင့်လေငြား၊ မှတ်သား မင်္ဂလာကွယ်။

''မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ''

မွေ့ဖျူဟာစာစောင်၊ အတွဲ(၇)-အမှတ်(၈)၊ အတွဲ(၄၅)အမှတ်(၉)

http://www.dhammadownload.com

၃၃ - အရိယသစ္စာန ဒဿနံ

http://www.dhammadownload.com

၃၃ အရိယသစ္စာန ဒဿနံ

အခု မင်္ဂလာပါဆိုရင် ၃၃–ပါးတောင် ဖြစ်သွားပြီ၊ ၃၈–ဖြာမင်္ဂလာ ပြည့်ဖို့ ၅–ပါးပဲ လိုပါတော့တယ်၊ ပြီးသွားတဲ့ မင်္ဂလာများရဲ့ သဘောတရားများကို တစ်ပါးချင်း ပြန်ပြီး လေ့လာ ဆည်းပူးပါ၊ လေ့လာပြီး မောင်မယ်တို့ အနေနဲ့ မင်္ဂလာ ဘယ်နှစ်ပါးလောက်ကို ကာယကံမြောက် လက်တွေ့ ကျင့်သုံး နိုင်တယ်ဆိုတာကို သုံးသပ်ပါ၊ တကယ်လို့ လက်တွေ့ မကျင့်သုံးနိုင်တဲ့ မင်္ဂလာများ တွေ့ရင် အကြောင်းရှာပြီး ထပ်မံ ကြိုးစားပါ၊ ဒီ သင်တန်းမှာ စာတွေ့ထက် လက်တွေ့ကို ပိုပြီး ဦးစား ပေးထားပါတယ်၊ လက်တွေ့မင်္ဂလာ များကို ကျင့်သုံးသဖြင့် မောင်မယ်တို့မှာ ဘယ်လို အကျိုးရှိတယ်ဆိုတာကို လည်း စိစစ်ပါ၊ ပြီးခဲ့တဲ့ မင်္ဂလာများကို ရာခိုင်နှုန်းများများ မောင်မယ်တို့ ကာယကံမြောက် လက်တွေ့ကျင့်သုံးနိုင်ရင် ဘက်စုံတဲ့ အရည်အသွေး ပြည့်ဝ တဲ့ နိုင်ငံသားကောင်းတစ်ယောက် ဖြစ်လာနိုင်တာကို မောင်မယ်တို့ကိုယ်တိုင် သိနိုင်ပါတယ်၊ ဒါကြောင့် ဒီသင်တန်းကို ပို့ချရကျိုး, လေ့လာရကျိုး နပ်အောင် မင်္ဂလာများကို ကာယကံမြောက် လက်တွေ့ ကျင့်သုံးနိုင်ဖို့အစဉ် သတိရှိရန် အထူး လိုအပ်ပါတယ်။

ကဲ. . သင်တန်းစကြပါစို့၊

http://www.dhammadownload.com

၃၃။ အရိယသစ္စာန ဒဿနံ

(သစ္စာလေးပါးတို့ သိမြင်ရေးစင်လာ)

"မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ"

တပမင်္ဂလာအရ သီလတရားကို ကောက်ယူပြီး ဗြဟ္မစရိယ မင်္ဂလာအရ သမာဓိတရားနဲ့ ပညာတရားများကို ကောက်ယူခဲ့ပါတယ်၊ ဒါကြောင့် သီလ, သမာဓိ, ပညာ သုံးပါး ပြည့်စုံသွားပါပြီ၊ ဒီ သီလ, သမာဓိ, ပညာဆိုတဲ့ သာသနာသုံးပါး (အဆုံးအမ သုံးပါး)နဲ့ ပြည့်စုံနေတဲ့ ပုဂ္ဂိုလ်ဟာ မကောင်းမှုမှန်သမျှကို အစွမ်းကုန် ခွာရှောင်ပြီး ကောင်းမှုမှန်သမျှကို အစွမ်းကုန် တိုးတက်အောင် ဆောင်ရွက်နိုင်စွမ်း ရှိတဲ့အပြင် မိမိတို့ရဲ့ စိတ်အစဉ်ကိုလည်း ကြည်လင်အောင် ထားတတ်လာကြပါတယ်၊ ဒါဟာ သာသနာတော်ရဲ့ ကျင့်စဉ်အချုပ် ဖြစ်ပါတယ်၊ ဒီကျင့်စဉ်များကို ကျင့်သဖြင့် ရအပ်တဲ့အကျိုးကို ညွှန်ပြလိုတဲ့အတွက် မင်္ဂလာတရားတော်က "အရိယသစ္စာန ဒဿနံ"လို့ ဆက်လက် ညွှန်ကြားတော်မူပါတယ်၊ အရိယသစ္စာ လေးပါးကို သိမြင်ရခြင်း အကျိုးရှိတယ်၊ ဒီလို အရိယသစ္စာလေးပါးကို သိမြင်ခြင်းဟာလည်း ကောင်းမြတ်တဲ့ မင်္ဂလာပါပဲလို့ ဆိုလိုပါတယ်။

မင်္ဂလာတရားတော်ဟာ လောကီ တိုးတက်ဖို့အတွက်ကို အစဉ်အတိုင်း ပြခဲ့သလို လောကုတ္တရာ တိုးတက်ဖို့အတွက်ကိုလည်း ကွက်ကျော်မရိုက်ဘဲ အစဉ်အတိုင်းသာ ညွှန်ပြပါတယ်၊ လောကုတ္တရာလမ်းစဉ်ကို ဖြတ်လမ်းသွားလို

http://www.dhammadownload.com

သူများ အထူး သတိထားဖို့ ဖြစ်ပါတယ်၊ သီလ, သမာဓိ, ပညာဆိုတဲ့ အင်္ဂါ သုံးရပ် မညီညွတ်ဘဲ သစ္စာလေးပါးသိဖို့ မလွယ်ကူဘူးဆိုတာ ထင်ရှားပါတယ်၊ ဒါကြောင့် အရိယာသစ္စာလေးပါးကို တကယ် သိချင်ရင် သီလ, သမာဓိ, ပညာ ဆိုတဲ့ တပ ဖြဟ္မစရိယမဂ်လာတို့ကို ကြိုးတင်ပြီး ကာယကံမြောက် လက်တွေ့ ကျင့်သုံးရပါမယ်၊ ဒီမင်္ဂလာအရ အရိယာသစ္စာ လေးပါးကို သိဖို့ လိုလာပါတယ်၊ အရိယာသစ္စာ လေးပါးဆိုတာ–

၁။ ဆင်းရဲခြင်းအမှန် – **ဒုက္ခသစ္စာ** (ရုပ်နာမ်)၊

၂။ ဆင်းရဲဖြစ်ကြောင်းအမှန် – **သမုဒယသစ္စာ** (တဏှာ)၊

၃။ ဆင်းရဲချုပ်ခြင်းအမှန် – **နိရောဓသစ္စာ** (နိဗ္ဗာန်)၊

၄။ ဆင်းရဲချုပ်ကြောင်း လမ်းစဉ်အမှန် – **မဂ္ဂသစ္စာ** (မဂ္ဂင်ရှစ်ပါး)

တို့ ဖြစ်ပါတယ်။

အဲဒီ လေးပါးထဲမှာ နံပါတ် ၁,၃–တို့က အကျိုးသစ္စာ၊ နံပါတ် ၂,၄–တို့က အကြောင်းသစ္စာများ ဖြစ်ပါတယ်၊ စွဲလမ်းတပ်မက် မခွါရက် နှစ်သက်လိုချင် တမ်းတမှု သမုဒယ တဏှာကြောင့် ဒုက္ခ ဖြစ်ရပါတယ်၊ ဒုက္ခဟာ အကြောင်းမဲ့သက်သက် ဖြစ်ပေါ်လာတာ မဟုတ်ဘဲ အကြောင်းတရားကြောင့် ဖြစ်ပေါ်ရတဲ့ အကျိုးတရား ဖြစ်ပါတယ်၊ ဒါကြောင့် အကြောင်းဖြစ်တဲ့ သမုဒယ တဏှာကို ပယ်ခွါနိုင်ရင် အကျိုးဖြစ်တဲ့ ဒုက္ခဟာ အလိုလို ကင်းငြိမ်းသွားမှာ ဖြစ်ပါတယ်၊ "အရင်းလဲ အဖျားထင်းဖြစ်"ဆိုတဲ့ သဘောပါပဲ၊ အဲဒီလို သမုဒယကို ပယ်ခွါပြီး ဒုက္ခတွေ ကင်းချင်ရင် ဒုက္ခကင်းကြောင်း လမ်းကောင်းကို လိုက်ရပါမယ်၊ အဲဒီလို ဒုက္ခကင်းကြောင်း လမ်းကောင်းကို လိုက်ရင် လမ်းဆုံးသည်နှင့် တစ်ပြိုင်နက် ဒုက္ခကင်းရာ (နိဗ္ဗာန်)သို့ရောက်မှာ သေချာပါတယ်၊ ဒီတော့ နိဗ္ဗာန်ရောက်ဖို့ဆိုတာ အကြောင်းမဲ့သက်သက် မဖြစ်နိုင်ဘူးဆိုတာ ထင်ရှားလှပါတယ်၊ ဒါကြောင့် နိဗ္ဗာန်ရောက်ကြောင်း ကျင့်စဉ်ဆိုတဲ့ မဂ္ဂသစ္စာက အကြောင်းတရား၊ နိဗ္ဗာန်ဆိုတဲ့ နိရောဓသစ္စာက အကျိုးတရား ဖြစ်လာပါတယ်၊ သစ္စာလေးပါးကို ချုပ်ပြောရင် အကြောင်းနဲ့အကျိုးသာ ဖြစ်ပါတယ်၊ အကြောင်းကြောင့် အကျိုးဖြစ်လာရတယ်၊ အကြောင်းမရှိရင် အကျိုးမဖြစ်တော့ဘူးလို့ ဆိုလိုပါတယ်။

http://www.dhammadownload.com

တစ်နည်းအားဖြင့် ဒုက္ခသစ္စာနဲ့ နိရောဓသစ္စာတို့က ရွာနဲ့ တူပါတယ်၊ သမုဒယသစ္စာနဲ့ မဂ္ဂသစ္စာတို့က လမ်းနဲ့ တူပါတယ်၊ သမုဒယလမ်းအတိုင်း လျှောက်သွားရင် ဒုက္ခရွာကို ရောက်ပါမယ်၊ မဂ္ဂလမ်းအတိုင်း လျှောက်သွားရင် နိရောဓရွာကို ရောက်ပါမယ်၊ ကြိုက်ရာရွေး လမ်းနှစ်သွယ်လို့ဆိုတာ ဒါပါပဲ။

လောကကြီးတစ်ခုလုံးကို ခြုံပြီး သုံးသပ်လိုက်ရင် အကြောင်းနဲ့အကျိုးသာ ရှိတယ်လို့ ပြောလိုရင်းပါပဲ၊ ဘယ်ကိစ္စမျိုးမှာမဆို အကြောင်းတရားကြောင့် အကျိုးတရား ဖြစ်ပေါ်ရပါတယ်၊ အကြောင်းတရား မရှိရင် အကျိုးတရားဟာ အလိုလို ချုပ်ငြိမ်းသွားပါတယ်၊ ဒါကိုပဲ အကျယ်ချဲ့ပြောတော့ ပဋိစ္စသမုပ္ပါဒ် ဖြစ်လာပါတယ်၊ အကြောင်းကိုစွဲပြီး အကျိုးဖြစ်တာကို ပဋိစ္စသမုပ္ပါဒ်လို့ ခေါ်ပါတယ်။

ဝိပဿနာနယ်မှာ လောကကြီးတစ်ခုလုံးကို ချုံးပြီး ပြောထားတဲ့ စကားတစ်လုံး ရှိပါတယ်၊ အဲဒီစကားကတော့ "ဖြစ်ပျက်"ဆိုတာပါပဲ၊ ဖြစ်ပျက်ဆိုတဲ့ မြန်မာစကားနဲ့ "လောက"ဆိုတဲ့ ပါဠိစကားဟာ အဓိပ္ပါယ်တူ ဖြစ်ပါတယ်၊ **"လုဇ္ဇတိ ပလုဇ္ဇတီတိ လောကော" လုဇ္ဇတိ ပလုဇ္ဇတိ**- ဖြစ်တတ် ပျက်တတ်၏၊ **ဣတိ**- ထို့ကြောင့်၊ **လောကော**- လောက မည်၏တဲ့၊ ဖြစ်တာ ပျက်တာကို လောကလို့ ခေါ်ပါတယ်တဲ့၊ အဲဒီတော့ အဖြစ်ဆိုတာက အကြောင်းတရား၊ အပျက်ဆိုတာက အကျိုးတရား၊ အဖြစ်ရှိလို့ အပျက်ရှိရတယ်၊ အဖြစ်မရှိရင် ဘယ်တော့မှ အပျက်မရှိတော့ပါဘူး၊ အဖြစ်ဆိုတာက သမုဒယသစ္စာ၊ အပျက်ဆိုတာက ဒုက္ခသစ္စာ၊ ဒါကြောင့် ဒီခန္ဓာကိုယ်ကြီး တစ်ခုလုံးဟာ၊ ဒီ လောကကြီးတစ်ခုလုံးဟာ သမုဒယကြောင့် ဖြစ်နေရတဲ့ ဒုက္ခခန္ဓာကြီး၊ ဒုက္ခလောကကြီးလို့ သဘောပေါက်ကြဖို့ပါပဲ။

ဒီ သစ္စာနှစ်ပါးကို လောကသစ္စာ (လောကီသစ္စာ)လို့ ခေါ်ရပါတယ်၊ အဖြစ်အပျက်က လွတ်မြောက်သွားတာကို လောကုတ္တရာလို့ ခေါ်ပါတယ်၊ လောကဆိုတာက အဖြစ်အပျက်၊ ဥတ္တရာ ဆိုတာက လွတ်မြောက်တာ၊ နှစ်ခုပေါင်းလိုက်တော့ အဖြစ်အပျက်က လွတ်မြောက်သွားတာကို လောကုတ္တရာလို့ အဓိပ္ပါယ်ထွက်လာပါတယ်၊ အဖြစ်အပျက်က လွတ်မြောက်သွားတာဟာ ဘာလဲ ဆိုရင် "မဖြစ်၊မပျက်" ဖြစ်ပါတယ်၊ မဖြစ်တရားက အကြောင်းတရား၊ မပျက်

http://www.dhammadownload.com

တရားက အကျိုးတရား၊ မဖြစ်ရင် ဘယ်တော့မှ မပျက်တော့ဘူး မဟုတ်လား၊ မဖြစ်ဆိုတာက မဂ္ဂသစ္စာ၊ မပျက်ဆိုတာက နိရောဓသစ္စာ၊ ဒါကြောင့် ဒီသစ္စာနှစ်ပါးကို လောကုတ္တရာသစ္စာလို့ ခေါ်ရပါတယ်၊ သစ္စာလေးပါးကို အကျဉ်းချုံးပြောရရင်– ၁။ ဒုက္ခသစ္စာ (ပျက်)
၂။ သမုဒယသစ္စာ (ဖြစ်)
၃။ နိရောဓသစ္စာ (မပျက်)
၄။ မဂ္ဂသစ္စာ (မဖြစ်)

ဖြစ်ပျက်က လောက၊ မဖြစ်မပျက်က လောကုတ္တရာ၊ ဒီတော့ သစ္စာလေးပါးကို သိရင် လောကကြီးကိုရော, လောကမှ လွတ်မြောက်ရေးကိုရော သိတယ်ဆိုတာ ထင်ရှားပါတယ်၊ ဒါကြောင့် **အရိယသစ္စာနဒဿနံ**– အရိယသစ္စာလေးပါးကို သိမြင်ခြင်းဟာ မင်္ဂလာလို့ ခေါ်ရတာပေါ့၊ မောင်မယ်တို့နားလည်လွယ်အောင် ကြိုးစားထားပါတယ်၊ သဘောပေါက်ကြရဲ့ မဟုတ်လား၊ ဒီနေရာမှာ အရိယသစ္စာနဲ့ သမုတိသစ္စာအကြောင်းကို သိထားဖို့ လိုပါလိမ့်မယ်၊ **အရိယသစ္စာ** ဆိုတာက အမှန်အကန်သစ္စာ (ပရမတ်သစ္စာ)ကို ပြောတာ၊ **သမုတိသစ္စာ** ဆိုတာက ပညတ်သစ္စာ (အတုသစ္စာ)ကို ပြောတာ၊ ရုပ်နာမ်နှစ်ပါးကို ဒုက္ခသစ္စာ၊ တဏှာလောဘကို သမုဒယသစ္စာ၊ နိဗ္ဗာန်ကို နိရောဓသစ္စာ၊ မဂ္ဂင်ရှစ်ပါးကို မဂ္ဂသစ္စာလို့ ခေါ်တာဟာ အမှန်အတိုင်း ခေါ်ဝေါ်ခြင်းဖြစ်တဲ့အတွက် အဲဒီလေးပါးကို အရိယသစ္စာ(ပရမတ်သစ္စာ)လို့ ခေါ်ပါတယ်။

အမေ, အဖေ, အစ်ကို, နှမ, ယောကျ်ား, မိန်းမ, ကျွဲ, နွား စသည်ဖြင့် ခေါ်ဝေါ်ခြင်းဟာ ရုပ်နာမ်နှစ်ပါးကို အမည်အမျိုးမျိုး ပညတ်ပြီး (သမုတ်ပြီး) ခေါ်ဝေါ်ခြင်း ဖြစ်တဲ့အတွက် 'သမုတိ'လို့ ခေါ်ပါတယ်၊ တကယ့် သဘာဝကတော့ လောကကြီးတစ်ခုလုံးမှာ ရုပ်နာမ်နှစ်ပါးပဲ ထင်ရှားရှိပါတယ်၊ အမေ, အဖေ စတဲ့ ပညတ်တွေဟာ တကယ် မရှိပါဘူး၊ ဒါပေမယ့် နယ်ကန့်သတ်တတ်ဖို့ လိုပါတယ်၊ ဥပမာအားဖြင့် အမေ,အဖေ ဆိုတာ ပရမတ္ထအားဖြင့် တကယ် မရှိဘူး၊ ပညတ်ထားတာ ဖြစ်တဲ့အတွက် မိဘကျေးဇူးဆပ်ဖို့ မလိုဘူး စသည်ဖြင့် ရောထွေး ယူဆလို့ မဖြစ်ပါဘူး၊ ရုပ်နာမ်လို့ ခေါ်တာက အရိယသစ္စာအမြင်နဲ့ ခေါ်ဝေါ်ခြင်း ဖြစ်ပါတယ်၊ အမေ, အဖေလို့ ခေါ်ဝေါ်ခြင်းက

http://www.dhammadownload.com

သမုတိသစ္စာအမြင်နဲ့ ခေါ်ဝေါ်ခြင်း ဖြစ်ပါတယ်။

ရွှေစစ်ကို ရွှေစစ်ဈေးနဲ့ ရောင်းရပြီး ရွှေတုကို ရွှေတုဈေးနဲ့ ရောင်းရသလို ပါပဲ၊ သူ့နယ်နဲ့သူ ကန့်သတ်တတ်ရပါမယ်၊ **အရိယသစ္စာအမြင်**နဲ့ ရုပ်နာမ်တို့ ရဲ့ အနိစ္စ ဒုက္ခ အနတ္တ သဘောတရားတွေကို ထင်အောင် သုံးသပ်ပြီး ရှုမြင် တတ်ရပါမယ်၊ **သမုတိသစ္စာအမြင်**နဲ့ မိဘတို့ရဲ့ ကျေးဇူးတရားများကို ထင် အောင် သုံးသပ်ပြီး ရှုမြင်တတ်ရပါမယ်၊ သူ့အပိုင်းနဲ့သူ မှန်တာချည်းပါပဲ၊ ဒါကြောင့်လည်း သစ္စာဆိုတဲ့ စကားလုံးဟာ နှစ်ဖက်စလုံးမှာ ပါနေတာပေါ့၊ အဲ .. ဒါပေမယ့် အစစ်နဲ့ အတုတော့ ကွာခြားပါတယ်၊ အဲဒီ အရိယသစ္စာ (ပရမတ်သစ္စာ) သမုတိသစ္စာ(ပညတ်သစ္စာ) နှစ်ပါးကို သူ့နယ်နဲ့သူ ယထာ ဘူတကျအောင် ယူဆတတ်ရင် မဖွိုမပဋိပဒါ ကျပြီလို့ ခေါ်ရပါတယ်၊ အချိန်မရ လို့ ပြောရတာ တယ် အားမရလှပါဘူး၊ ဒါပေမယ့် သစ္စာနှစ်ပါးအကြောင်း ဖြတ်ပြီး "**အသိနှစ်ပါး**"အကြောင်း ပြောကြဦးစို့ရဲ့။

သစ္စာလေးပါးကို သိတယ်ဆိုတဲ့နေရာမှာ အနုဗောဓသိ၊ ပဋိဝေဓသိလို့ နှစ်မျိုးရှိတယ်၊ **အနုဗောဓသိ** ဆိုတာက တဖြည်းဖြည်း တစ်ဆင့်ပြီးတစ်ဆင့် သိတာကို ပြောတာ၊ **ပဋိဝေဓသိ** ဆိုတာက တစ်ပြိုင်နက် အပြတ် သိသွားတာ ကို ပြောတာ၊ တရားနာလို့, စာပေဖတ်လို့, စဉ်းစားလို့ သိတဲ့အသိမျိုးကို 'အနုဗောဓသိ'လို့ ခေါ်ပါတယ်၊ တရားအားထုတ်လို့ မဂ်ပေါက်ဖိုလ်ဝင် ဖြစ်ပြီး သိတာကို 'ပဋိဝေဓသိ'လို့ ခေါ်ပါတယ်၊ ဒီနေရာမှာ အရိယသစ္စာလေးပါးကို ပဋိဝေဓသိနဲ့ သိတာကိုသာ အရိယသစ္စာန ဒဿနံလို့ ဆိုလိုပါတယ်၊ ဒါပေ မယ့် အရိယသစ္စာ လေးပါးကို အနုဗောဓသိနဲ့ သိရင်လည်း ဒီမင်္ဂလာကို ခံယူထိုက်တယ်လို့ သဘောရပါတယ်။

ကဲ-ဒါလောက်ဆိုရင် ဒီမင်္ဂလာသဘော တော်လောက်ပါပြီ၊ မောင်မယ် တို့ အရွယ်နဲ့ ဒီမင်္ဂလာကို လိုရင်း ထုတ်တတ်ဖို့ကတော့ "**အမှန်တရားကို ယထာဘူတကျအောင် ရှုမြင် သုံးသပ်တတ်ဖို့ လိုတယ်**"ဆိုတဲ့ အချက်ပါပဲ၊ အရာရာမှာ အမှန်တရား ထွန်းကားအောင် ကြိုးစားပါ၊ အမှန်တရားကို မဖုံး ကွယ်ပါနဲ့၊ အမှန်တရားကို အမှန်အတိုင်းမြင်အောင် ရှုမြင် သုံးသပ်ပါ၊ အမြဲ တမ်း အမှန်တရားဘက်က ရပ်တည်ပါ၊ ဒါဟာ ဒီမင်္ဂလာနဲ့ ပတ်သက်ပြီး

http://www.dhammadownload.com

မောင်မယ်တို့အတွက် လုံလောက်တဲ့ အနှစ်သာရပါပဲ၊ ဒီတစ်ပတ်မင်္ဂလာနဲ့ တပို့တွဲလပြည့်နဲ့ ဆုံနေတဲ့အတွက် ''တိုင်းရက်တဲ့ ပက္ကလာ၊ မိုးရွာတာနဲ့ အခန့်သင့်''ဆိုသလို ဩဝါဒပါတိမောက်အခါတော်နေ့ ဖြစ်ပေါ်ပုံ ဇာတ်ကြောင်းကို မင်္ဂလာသင်ခန်းစာအဖြစ် ပြောပြပါမယ်၊ ကဲ. နားထောင်။

ဩဝါဒပါတိမောက်အခါတော်

မြတ်စွာဘုရားအလောင်းတော်ဟာ မဟာသက္ကရာဇ် ၁၀၃–ခုနှစ်၊ ကဆုန်လပြည့်နေ့မှာ ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူပြီး ဝါဆိုလပြည့်နေ့မှာ ဓမ္မစကြာသုတ်ကို ဟောပါတယ်၊ ဝါဆိုလပြည့်ကျော် ၅–ရက်နေ့မှာ အနတ္တလက္ခဏာသုတ်ကို ဟောပါတယ်၊ အဲဒီအခါမှာ ပဥ္စဝဂ္ဂီ ၅–ဦးတို့ဟာ အရိယသစ္စာလေးပါးကို မဂ်လေးဆင့်နဲ့ ထိုးဖောက် သိမြင်ပြီး ရဟန္တာမြတ်အဖြစ်သို့ ရောက်တော်မူကြပါတယ်။

အဲဒီနှစ် ဝါတွင်းမှာပဲ ရှင်ယသ တောထွက်လာလို့ မြတ်စွာဘုရားနဲ့ တွေ့ပြီး သစ္စာလေးပါး သိသွားပါတယ်၊ နောက် ရှင်ယသရဲ့ သူငယ်ချင်းချစ်များ ဖြစ်ကြတဲ့ ဝိမလ၊ သုဗာဟု၊ ပုဏ္ဏဇိ၊ ဂဝမ္ပတိတို့လည်း တောထွက်ကြလို့ မြတ်စွာဘုရား တရားတော် နာကြားရပြီး သစ္စာလေးပါးကို သိမြင်သွားကြပါတယ်၊ ရှင်ယသတို့ သူငယ်ချင်း ငါးယောက်သတင်း ကြားရတာနဲ့ အားကျပြီး နောက်ထပ် သူငယ်ချင်း ငါးကျိပ်တို့ကလည်း ရဟန်းပြုကြပြီး သစ္စာလေးပါး သိမြင်သွားကြပါတယ်၊ သာသနာတော်ကို စတင် တည်ထောင်တဲ့ ပထမဝါတွင်းမှာ အမှန်တရားကို သိမြင်သွားကြတဲ့ တပည့် လက်ရွေးစင် ၆၀–ရှိသွားပါပြီ၊ ဝါကျွတ်တာနဲ့ တစ်ပြိုင်နက် မြတ်စွာဘုရားရှင်က **စရထ ဘိက္ခဝေ** စသည်ဖြင့် ''ချစ်သားတို့၊ လောကမှာ အမှန်တရားကို ငံ့လင့်နေတဲ့ သတ္တဝါများရှိကြတယ်၊ ထိုအမှန်တရားကို မျှော်လင့်နေရှာကြတဲ့ သတ္တဝါများကို အမှန်တရားပြကြလော့''ဟု မိန့်ကြားတော်မူပြီး သာသနာပြု စေလွှတ်တော်မူပါတယ်။

မြတ်စွာဘုရားရှင်ကတော့ ဥရုဝေလတောသို့ ကြွတော်မူရာမှာ လမ်းခရီးအကြား၌ ဘဒ္ဒဝဂ္ဂီညီနောင် သုံးကျိပ်တို့နဲ့ တွေ့ပြီး သစ္စာလေးပါး ဟောကြားဟဲ့အတွက် အားလုံး အရိယာပုဂ္ဂိုလ်တွေ ဖြစ်သွားကြပါတယ်၊ ထို့နောက် ရသေ့

http://www.dhammadownload.com

ညီနောင် ရှင်တစ်ထောင်ကို ချွတ်တော်မူပြီး သစ္စာလေးပါး သိစေတော်မူပါတယ်၊ ဥရုဝေလတောမှာ အတန်ငယ် သီတင်းသုံးတော်မူပြီး ပြာသိုလပြည့်ကျော် ၁၃–ရက်နေ့မှာ နောက်တော်ပါ ရဟန္တာတစ်ထောင်နဲ့ ရာဇဂြိုဟ်ပြည်သို့ ကြွပြီး သစ္စာတရား ဟောကြားတော်မူရာ ဗိမ္ဗိသာရမင်းနဲ့ နောက်ပါ တစ်သိန်းတစ်သောင်းသော ပရိသတ်တို့ သစ္စာလေးပါးကို သိမြင်ကြပြီး တစ်သောင်းသော ပုဂ္ဂိုလ်တို့ကတော့ သရဏဂုံ တည်သွားကြပါတယ်၊ မကြာမီမှာပဲ ဗိမ္ဗိသာရမင်းကြီးက ဝေဠုဝန်ကျောင်းတော်ကြီးကို ဆောက်လုပ် လှူဒါန်းပါတယ်၊ မြတ်စွာဘုရားက တပည့်သာဝကများကို သာသနာပြု စေလွှတ်တော်မူပြီး ဝေဠုဝန်ကျောင်းတော်မှာ ခေတ္တ သီတင်းသုံးတော်မူနေပါတယ်။

အဲဒီအချိန်မှာ ဥပတိဿနဲ့ ကောလိတ သူငယ်ချင်း နှစ်ယောက်တို့ကလည်း အမှန်တရား လိုက်ရှာနေရာမှာ သာသနာပြု အရှင်အဿဇိမထေရ်နဲ့ တွေ့ကြလို့ အမှန်တရားကို မြင်ပြီး သစ္စာသိကြတဲ့အတွက် နောက်ပါတပည့် ၂၅၀–တို့နဲ့အတူ တပို့တွဲလဆန်း ၁–ရက်နေ့မှာ ဝေဠုဝန်ကျောင်းတော်သို့ လာရောက်ကြပြီး တပည့်သားအဖြစ် ခံယူကြပါတယ်၊ အထက်မဂ်ဖိုလ်များကိုလည်း ရသွားကြပါတယ်၊ 'ကောလိတ'က တပို့တွဲလဆန်း ၇–ရက်နေ့မှာ ရဟန္တာဖြစ်ပြီး 'ဥပတိဿ'ကတော့ တပို့တွဲလပြည့်နေ့ နံနက်ပိုင်းကျမှ ရဟန္တာဖြစ်ပါတယ်။

မဟာသက္ကရာဇ် ၁၀၃–ခု၊ တပို့တွဲလပြည့်နေ့၊ နေဝင် လထွက်ချိန် ဖြစ်ပါတယ်၊ နေရာကတော့ ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတော် ဖြစ်ပါတယ်၊ အဲဒီအချိန်မှာ–

၁။ တပို့တွဲလပြည့်နေ့နှင့် ကြုံကြိုက်ခြင်း၊
၂။ ဟေဘိဘိက္ခုချည်းသာ ဖြစ်ခြင်း၊
၃။ ဆဠာဘိညာ၊ ပဋိသမ္ဘိဒါပတ္တ ရဟန္တာချည်းသာ ဖြစ်ခြင်း၊
၄။ မည်သူမျှ မပင့်မဖိတ် အချိန်းအချက် မရှိဘဲ အလိုအလျောက် ကြွရောက် စုဝေးခြင်း–

လို့ဆိုတဲ့ အင်္ဂါလေးရပ်နဲ့ ပြည့်စုံတဲ့ ၁၂၅၀–သော သာဝကပရိသတ်ကြီးဟာ (လမင်းကို ကြယ်တာရာများ ခြံရံနေသလို) မြတ်စွာဘုရားဘမှာ ခစားနေကြ

http://www.dhammadownload.com

ပါတယ်၊ အဲဒီ သာဝကပရိသတ်ကြီးအလယ်မှာ ဥပတိဿကို ရှင်သာရိပုတ္တရာ ဆိုတဲ့အမည်နဲ့ 'လက်ယာတော်ရံဘွဲ့ထူး' ပေးပါတယ်၊ ကောလိတကို ရှင်မောဂ္ဂလာန် ဆိုတဲ့အမည်နဲ့ 'လက်ဝဲတော်ရံဘွဲ့ထူး'ကို ပေးတော်မူပါတယ်။

အဲဒီနောက်မှာတော့ ဘုရားရှင်တိုင်း ဟောကြားတော်မူမြဲဖြစ်တဲ့ **ဩဝါဒပါတိမောက်**(အပါယ်ဘေးမှ ကင်းဝေးသော အဆုံးအမတော်ကြီး)ကို ဟောကြားတော်မူပါတယ်၊ ဘုရားရှင်တိုင်း ဘုရားဖြစ်တော်မူပြီးနောက် တပို့တွဲလပြည့်နေ့ ရောက်ရင် ဒီ ဩဝါဒပါတိမောက်ကို ဓမ္မတာအနေနဲ့ ဟောတော်မူမြဲ ဖြစ်ပါတယ်၊ ဩဝါဒပါတိမောက်အကြောင်းကို စာစောင်အတွက်ရော မင်္ဂလာဗျူဟာ အသင်းချုပ်အတွက်ရော ဆရာ ရေးသား ဖြန့်ဝေခဲ့တာ စာရွက်စာတမ်းပေါင်း ၃-သောင်းလောက် ရှိပါပြီ၊ အချိန်မရတာနဲ့ တွန်းပြောသွားရတယ်။

ကဲ. ဒါလောက်ဆိုရင် ပြည့်စုံလောက်ပါပြီ၊ တပို့တွဲလပြည့်နေ့ ရောက်တိုင်း ဩဝါဒပါတိမောက်အခါတော်ပွဲကို ကျင်းပကြပြီး ဒီ သာသနာပြု ဇာတ်လမ်းမှာ ပါဝင်ကြတဲ့ အရှင်မြတ်ကြီးတို့လို အမှန်တရား သိအောင် မြင်အောင် ကြိုးစားကြဖို့ တိုက်တွန်းရင်း နိဂုံးချုပ်ပါတယ်။

ပါတိမောက်လာ လိုက်နာဖွယ်

- အရိယာသစ္စာ သိမြင်ရဖို့၊ ပါတိမောက်လာ လိုက်နာဖွယ်။
အကုသိုလ်ကင်း ကုသိုလ်သွင်းလို့၊ စိတ်ရင်းဖြူအောင် ကျင့်ရမယ်။
- သစ္စာလေးပါး အကျင့်များက၊ လောကအသိ လွန်မြောက်တယ်။
ဖြစ်ပျက်ကိုမြင် သမုဒယစင်၊ ဒုက္ခစက်ကွင်း လွတ်လိမ့်မယ်။
- မင်္ဂလာကို လက်တွေ့ကျင့်လို့၊ ရှေ့သို့တစ်ဆင့် တက်ရမယ်။
မိမိအကျိုး တိုင်းပြည်ကျိုး၊ သယ်ပိုး ရွက်ဆောင်ကွယ်။
အဲဒါကြောင့် ဆူဆူဘုရား ဆုံးမတရား၊ မှတ်သား မင်္ဂလာကွယ်။

"မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ"

ဓမ္မဗျူဟာစာစောင်၊ အတွဲ(၇)-အမှတ်(၉)၊ အတွဲ(၄၅)အမှတ်(၁၀)

http://www.dhammadownload.com



http://www.dhammadownload.com

တပေါစ ဗြဟ္မစရိယဉ္စ၊ အရိယာနဥ္စ ဒဿနံ။
နိဗ္ဗာန သစ္ဆိကရိယာ စ၊ ဧတံ မင်္ဂလ မုတ္တမံ။

ဘောဒေဝပုတ္တ– အိုနတ်သား၊ **တပေါစ**– မြိုးမြိစွာ ကျင့်ရခြင်းသည် လည်းကောင်း၊ **ဗြဟ္မစရိယဉ္စ**– မြတ်သောအကျင့်ကို ကျင့်ရခြင်းသည်လည်း ကောင်း၊ **အရိယသစ္စာနံ**– အရိယာသစ္စာတို့ကို၊ **ဒဿနဥ္စ**– သိမြင်ရခြင်းသည် လည်းကောင်း၊ **နိဗ္ဗာန သစ္ဆိကရိယာစ**– နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းသည် လည်းကောင်း၊ **အတ္ထိ**– ရှိ၏၊ **ဧတံ**– ဤလေးပါးသော တရားသည်လျှင်၊ **ဥတ္တမံ**– မြတ်စွာသော၊ **မင်္ဂလံ**– မင်္ဂလာမည်၏ ဟူ၍၊ **တွံ**– သင်နတ်သား သည်၊ **ဂဏှာဟိ**– မှတ်လေလော့။

မင်္ဂလာ ပါဠိဂါထာလေးတစ်ပုဒ် စေ့သွားပြန်ပြီ၊ နောက်တစ်ပုဒ်ပဲ ကျန်ပါ တော့တယ်၊ နောက်တစ်ပုဒ်စေ့ရင် မင်္ဂလာ ၃၈–ပါး ပြည့်ပါပြီ၊ ဆရာလည်း မင်္ဂလာဗျူဟာအသင်းအတွက် အလုပ်တွေ များနေတာနဲ့ ဒီသင်တန်း မပျက် အောင် တော်တော် ကြိုးစားနေရတယ်၊ ပြီးခဲ့တဲ့ (၁–၂–၁၉၆၉) တပို့တွဲလပြည့် နေ့က မင်္ဂလာဓမ္မဗိမာန်တော်ကြီးကို ဆရာတော်ဘုရားကြီးများ ကိုယ်တော်တိုင် သာသနာ့မော်ကွန်း ပန္နက်ချတော်မူပါတယ်၊ အဲဒီ အခမ်းအနားကို မောင်မယ် တို့ထဲက အချို့လည်း လာရောက်ကြတာကို တွေ့ရလို့ ဝမ်းသာပါတယ်၊ ဒီ ဗိမာန်ကြီး ပြီးသွားရင်တော့ လက်တွေ့မင်္ဂလာသင်တန်းတွေကို အနယ်နယ် အရပ်ရပ်မှာ ဖွင့်နိုင်ဖို့ ဆရာတို့ ကြိုးစားနေကြပါတယ်၊ အောင်မြင်ပါစေလို့ ဝိုင်းဝန်း ဆုတောင်း မေတ္တာပို့ ကူညီကြဖို့ အထူးပဲ တိုက်တွန်းပါတယ်။

လပြည့်နေ့ ပန္နက်ချပြီး လပြည့်ကျော် ၅–ရက် (၆–၂–၁၉၆၉)နေ့မှာ အသင်းချုပ်ကြီးရဲ့ ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဦးဘိုးစိန်၊ ဆော်ဩရေးမှူး ဒီးဒုတ် ဦးသာခင်၊ တွဲဖက်အကျိုးတော်ဆောင် ဆရာကြီး ဦးထွန်းလှ၊ ဆရာကြီး ဦးလှမောင်၊ ဆရာ ဦးတင်မောင်တို့နဲ့အတူ ဆရာတို့ အဖွဲ့ဝင် ၁၆–ယောက်

http://www.dhammadownload.com

တို့ဟာ ကျိုက်ထိုမင်္ဂလာဗျူဟာအသင်းခွဲက ပုဂ္ဂိုလ်ကြီးများနဲ့ သာသနာရေး အတွက် တွေ့ဆုံ ဆွေးနွေးရန် ခရီးထွက်ခဲ့ကြပါတယ်၊ ဆရာက အကျီး ဆောင်ချုပ် ဖြစ်နေလေတော့ ခေါင်းရှောင်လို့ မရဘဲ အဘကြီးတွေနောက် တကောက်ကောက် ပါသွားခဲ့ရပါတယ်၊ ကျိုက်ထို ရောက်တာနဲ့ တစ်ပြိုင်နက် မင်္ဂလာဆောင်နဲ့ တန်းတွေ့ပြီး မင်္ဂလာ ဒန်ပေါက်ထမင်းကို မင်္ဂလာအပြည့် အဝနဲ့ စားရ သောက်ရပါတယ်၊ ဆရာတို့အဖွဲ့ကို ဦးဆောင်တဲ့ပုဂ္ဂိုလ်ကတော့ ခြောက်ထပ်ကြီးဘုရားကြီးတိုက်မှ ဦးဣန္ဒောဘာသ ဖြစ်ပါတယ်၊ အရှင်မြတ် ကျေးဇူးကြောင့် တည်းခိုရာ နေရာအိမ်နဲ့တကွ အစစ အရာရာ အဆင်ပြေကြ ပါတယ်၊ အိမ်ရှင်ဖြစ်ကြတဲ့ ဦးပန်းထွေးတို့ မိသားစုကလည်း လှိုက်လှိုက်လှဲလှဲ ဧည့်ဝတ်ပြုကြလို့ ကျေးဇူးတင်မဆုံး ဖြစ်ရပါတယ်၊ ယခုတိုင် သူတို့ကျေးဇူးကို အမှတ်တရ ရှိနေပါတယ်။

ည ၇–နာရီ အချိန်မှာတော့ ဆရာတို့အဖွဲ့နဲ့ ကျိုက်ထို မင်္ဂလာဗျူဟာ အသင်းခွဲမှ ဆရာဦးချစ်ရွှေ ဦးချန်ထွန်း၊ ဦးမောင်ခင်၊ ဦးထွန်းရင်၊ ဦးမောင်တင်၊ ဦးဘခင်၊ ဦးဘကြူ၊ ဦးဘိုးခိုင်၊ ဦးကံ၊ ဦးသာဉာဏ်တို့နဲ့ မင်္ဂလာဗျူဟာအသင်း ချုပ်ကြီးရဲ့ ရည်ရွယ်ချက်နဲ့ လုပ်ငန်းစဉ်တို့ကို ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ဆွေးနွေးခွင့် ရကြပါတယ်၊ ဒီလို ဆွေးနွေးခွင့်ရတဲ့အတွက် ကျိုက်ထို မင်္ဂလာ ဗျူဟာအသင်းခွဲမှ ပုဂ္ဂိုလ်ကြီးများကို အထူး ကျေးဇူးတင်ရပါတယ်၊ သာသနာ ရေးကိစ္စနဲ့ ကျိုက်ထိုရောက်ရင် မယ်ဇယ်ကျောင်းတိုက်ကို ဦးခိုက်မှ ပြည့်စုံမယ် လို့ ယူဆပါတယ်၊ တောင်တွင်းကြီး မဟာရလောပအကျော် ခင်ကြီးဖျော်ဆရာ တော်ရဲ့ ပညာအမွေကို ဆက်လက် ယူနိုင်တဲ့ ပုဂ္ဂိုလ်ကျော်ဟာ မယ်ဇယ်ဆရာ တော်သာလျှင် ဖြစ်တယ်ဆိုရင် မမှားပါဘူး၊ ဆရာတော် သီတင်းသုံးသွားတဲ့ ကျောင်းငယ်ကလေးကို မူလလက်ရာအတိုင်း ဖူးမြင်ခဲ့ရပါတယ်၊ ဆရာတော် ဘုရားကြီးရဲ့ အမိန့်အတိုင်း မပြုမပြင် သဘာဝအတိုင်းထားတဲ့အတွက် ဇရာ ထောင်းလို့ ကျောင်းအိုကလေး ဖြစ်နေပါပြီ၊ ဆရာတော်ဘုရားကြီး မရှိတော့ သည့်တိုင်အောင် ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူရာ ကျောင်းအို ကလေးကိုပဲ ဆရာတော်ဘုရားကြီးအမှတ်နဲ့ ပူဇော် ကန်တော့ပြီး သာသနာရေး အတွက် ဆရာတို့တစ်တွေ အမိန့်ခံပြုခဲ့ကြပါတယ်။

http://www.dhammadownload.com

ဆရာတော်ဘုရားကြီးရဲ့ ကျောင်းပေါ်မှာ ထီးရိပ်ပမာ မိုးနေတဲ့ ကံ့ကော်ပင်ကြီးအောက်က ပင်ပေါက်ကလေးများကိုလည်း ရန်ကုန် မင်္ဂလာဗိမာန်တော်ကြီး မြေနေရာမှာ (သာသနာမျိုးဆက်တဲ့အနေနဲ့) စိုက်ပျိုးဖို့ ယူဆောင်လာခဲ့ကြပါတယ်၊ မယ်ဇယ်ဆရာတော်ဘုရားကြီးကို ကိုယ်တိုင် မဖူးမမြင်ရပေမယ့် ဆရာတို့နဲ့ဆိုရင် အဆက်မဝေးလှပါဘူး၊ ဆရာရဲ့ ကျေးဇူးရှင် ဆရာမြတ်ဖြစ်တဲ့ ဖျာပုံမြို့ ဝေဇယန္တာကျောင်း ဆရာတော် ဦးဝိလာစက္ကဟာ မယ်ဇယ်ဆရာတော်ဘုရားကြီးရဲ့တပည့် ဖြစ်ပါတယ်၊ ဖျာပုံမြို့ အဝပြန်ဆရာတော်ဘုရားကြီးနဲ့ ကျိုက်ထိုမြို့ မယ်ဇယ်ဆရာတော်ဘုရားကြီးတို့ဟာ ငယ်သူငယ်ချင်းများ ဖြစ်ကြပါတယ်၊ ဆရာတော် ဦးဝိလာစက္ကဟာ ထိုဆရာတော်ဘုရားကြီးနှစ်ပါးရဲ့ တပည့်ရင်းဖြစ်တဲ့အတွက် ဆရာတို့နဲ့ဆိုရင် ''ဆရာ့ဆရာဘဆရာ''တော်တယ်လို့ ဆိုနိုင်ပါတယ်၊ ငယ်ရွယ်စဉ်ကတည်းက မယ်ဇယ်ဆရာတော်ဘုရားကြီးအကြောင်းကို ဆရာသမားများထံက ကြားသိနေခဲ့ရတော့ ဆရာတော်ဘုရားကြီး ကျောင်းကလေးကို ဦးတိုက်တယ်ဆိုရင်ပဲ ခံစားမှုအမျိုးမျိုးနဲ့ ကြုံလိုက်ရပါတယ်၊ ပိုပြီး နီးစပ်ချင်တော့ ဆရာတို့အသင်းအပေါ်မှာ ကိုယ်နဲ့မခြား စေတနာထားတော်မူတဲ့အပြင် ဩဝါဒါစရိယ ဖြစ်တော်မူတဲ့ ယခု ရန်ကုန်မြို့ ခြောက်ထပ်ကြီးဆရာတော်ဟာ ကျောင်းသားဘဝနဲ့ မယ်ဇယ်ဆရာတော်ဘုရားထံမှာ ပညာသင်ခဲ့တယ်လို့ ပဋ္ဌာန်းပစ္စည်း ဆက်နေတာကို တွေ့ရပြန်ပါတယ်။

မယ်ဇယ်ဆရာတော်ဘုရားကြီးအကြောင်းများကို ကျိုက်ထီးရိုး ဂေါပကအဖွဲ့ဝင်လူကြီးဖြစ်တဲ့ ဆရာတော်ဘုရားကြီးရဲ့ သားတပည့်ဖြစ်သူ ကျိုက်ထိုမြို့ သဇင်လမ်း၊ ဦးမောင်ခင်ထံမှ စုံစုံလင်လင် ကြားသိရတဲ့အတွက် ဦးမောင်ခင်ကိုလည်း အထူးပဲ ကျေးဇူးတင်ရပါတယ်၊ ဆရာတို့ တည်းခိုတဲ့ ဦးပန်းထွေးတို့အိမ်နဲ့ မယ်ဇယ်ကျောင်းတိုက်ဟာ ခြံစည်းရိုးပဲ ခြားပါတယ်၊ ရည်ရွယ်ချက်မရှိပေမယ့် ကျိုက်ထိုရောက်လို့မှ ကျိုက်ထီးရိုး မရောက်ရင် မဖြစ်တာနဲ့ ကျိုက်ထီးရိုးကိုလည်း ကြိုးစားပြီး တက်ရောက် ဖူးမြော်ခဲ့ကြပါသေးတယ်၊ ပြခဲ့သမျှ ကုသလတွေကို မောင်မယ်တို့ သာဓုခေါ်ကြဖို့ အမျှပေးဝေပါတယ်၊ ကဲ– သာဓုခေါ်ပြီး သင်တန်းစကြပါစို့။

http://www.dhammadownload.com

၃၄။ နိဗ္ဗာန သစ္ဆိကိရိယာ စ

(အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရေးမင်္ဂလာ)

''မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ''

မင်္ဂလာတရားတော်ဟာ ကွင်းဆက် ညွှန်ပြလာတဲ့အတိုင်း လောကုတ္တရာပိုင်း မင်္ဂလာများမှာလည်း **တပေါစ**-သီလနဲ့ ပြည့်စုံခဲ့ရင် **ဗြဟ္မစရိယဥ**-သမာဓိ ပညာနဲ့လည်း ပြည့်စုံမယ်၊ အဲဒီလို သီလ, သမာဓိ, ပညာ သုံးချက်နဲ့ ပြည့်စုံရင် အရိယသစ္စာနဒဿန-အရိယသစ္စာလေးပါးကို သိမြင်မယ်၊ အဲဒီလို သစ္စာလေးပါးသိလို့ အရဟတ္တဖိုလ်ဆိုက်ရင် ဖလသမာပတ် ဝင်စားပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တယ်ဆိုတဲ့ ကွင်းဆက်ကို ညွှန်ပြလိုတဲ့အတွက် ''**နိဗ္ဗာန သစ္ဆိကိရိယာစ**''လို့ ဆက်လာက် ညွှန်ပြတော်မူပါတယ်၊ နိဗ္ဗာန်တရားတော်ကို မျက်မှောက်ထင်ထင် ကိုယ်တွေ့ သိမြင်နေရခြင်းဟာ အထွတ်အမြတ် မင်္ဂလာပါလို့ ဆိုလိုပါတယ်။

အရိယသစ္စနမင်္ဂလာမှာ မဂ္ဂသစ္စာအရ မဂ်တရားနဲ့ နိရောဓသစ္စာအရ နိဗ္ဗာန်တရားတို့ကို ကောက်ယူပြီး ဖြစ်တဲ့အတွက် နိဗ္ဗာနသစ္ဆိကိရိယမင်္ဂလာအရ ဖိုလ်ဉာဏ်နဲ့ ပစ္စဝေက္ခဏာဉာဏ်တို့ကို ယူရမယ်လို့ အဋ္ဌကထာက ဖွင့်ပြထားပါတယ်၊ နိဗ္ဗာန်တရားတော်ကို ဖလသမာပတ် ဝင်စားပြီး မျက်မှောက်ပြုခြင်း၊ ပစ္စဝေက္ခဏာဉာဏ်နဲ့ ဆင်ခြင်ခြင်းသဘောကို နားလည် လွယ်အောင် ဥပမာ

http://www.dhammadownload.com

လွယ်လွယ်နဲ့ ပြောရရင် ရုပ်ရှင်သွားကြည့်ပြီး အိမ်ပြန်ရောက်တော့ ဇာတ်လမ်းကို ပြန်ပြီး စဉ်းစား သုံးသပ်တာနဲ့ တူပါတယ်၊ ရုပ်ရှင်ကို ကိုယ်တိုင်ကြည့်နေတာနဲ့ ဖလသမာပတ် ဝင်စားပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုနေတာနဲ့ သဘောချင်း တူပါတယ်၊ ဇာတ်လမ်းကို ပြန်စဉ်းစား သုံးသပ်တာနဲ့ ပစ္စဝေက္ခဏာဉာဏ်နဲ့ ဆင်ခြင်တာနဲ့ သဘောချင်း တူပါတယ်၊ ဗုဒ္ဓဘာသာတရားတော်ရဲ့ အထွတ်အထိပ်ဟာ နိဗ္ဗာန် ဖြစ်ပါတယ်၊ အဲဒီ နိဗ္ဗာန်အကြောင်းကို ပြောရမှာ ဆရာ့အဖို့ ဝန်အလေးဆုံးပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ် မသိသေးတဲ့ အကြောင်းအရာ ဖြစ်လို့ပါပဲ၊ ရှေးက ဆရာတော်ကြီးတစ်ပါးကို ဒကာတစ်ယောက်က ပဋ္ဌိစ္စသမုပ္ပါဒ်ရဲ့အစ (သံသရာရဲ့အစ)တရားကို ဟောတော်မူဖို့ တောင်းပန်သတဲ့၊ ဆရာတော်ကြီးက ''အိမ်း ... မင်းကိုယ်တိုင် ဘုရားဖြစ်အောင် ကျင့်ပြီးမှ သံသရာအစတရားကို ဟောပေတော့''လို့ မိန့်ကြားသတဲ့၊ အခုလည်း ဒီကိန်းဆိုက်နေပြီ၊ ''မောင်မယ်တို့ ကိုယ်တိုင် မဂ်ပေါက် ဖိုလ်ဝင် ကျင့်ပြီးမှ ဒီမဂ်လာအကြောင်းကို ကာယကံမြောက် သိကြပေတော့''လို့ ပြောပါရစေ။

ဒီလိုဆိုတော့လည်း တာဝန်မဲ့ရာ ကျနေပါလိမ့်မယ်၊ ဆရာသိသလောက် နိဗ္ဗာန်သဘောကို နည်းနည်း ပြောပြပါမယ်၊ တိုတိုပြောရင်တော့ တဏှာမရှိတော့တာကို နိဗ္ဗာန်လို့ ခေါ်ပါတယ်၊ နိဗ္ဗာန်ချမ်းသာဆိုတာ ဘယ်လိုနေသလဲဆိုရင် ချမ်းသာနှစ်မျိုး ယှဉ်ပြီး ပြောမှ လွယ်ကူမယ် ထင်ပါတယ်၊ ချမ်းသာနှစ်မျိုးက ဝေဒယိတသုခ(ခံစားမှုချမ်းသာ)၊ သန္တိသုခ(ငြိမ်းချမ်းမှုချမ်းသာ) ဖြစ်ပါတယ်၊ အဲဒီနှစ်ပါးမှာ ဝေဒယိတသုခ ဆိုတာက အဖက်ရှိမှ (အဖော်ရှိမှ) ချမ်းသာပါတယ်၊ သန္တိသုခကတော့ အဖက်မရှိဘဲ ချမ်းသာတဲ့ တစ်ပင်တိုင် ချမ်းသာ ဖြစ်ပါတယ်၊ တစ်နည်း ပြောရရင် ဝေဒယိတသုခဟာ မင်းသားခေါင်းဆောင်းထားတဲ့ ဘီလူးနဲ့ တူပါတယ်၊ သန္တိသုခကတော့ မင်းသားစစ်နဲ့ တူပါတယ်၊ လောကမှာ စားကောင်းလို့ ချမ်းသာတယ်၊ ပစ္စည်းရှိလို့ ချမ်းသာတယ်၊ ရုပ်ချောလို့ ချမ်းသာတယ်၊ ပညာတတ်လို့ ချမ်းသာတယ်၊ အိမ်ထောင်ကျလို့ ချမ်းသာတယ် စသည်ဖြင့် ချမ်းသာအမျိုးမျိုး ရှိပါတယ်၊ အဲဒီ ချမ်းသာအမျိုးမျိုးတွေကို သေသေချာချာ ထိုးဖောက် သုံးသပ်ကြည့်ရင် အဖော်ရှိမှ ချမ်းသာပြီး အဖော်မဲ့သွားရင် ဆင်းရဲရပါတယ်၊ စားကောင်းလို့ ချမ်းသာဘယ်

http://www.dhammadownload.com

ဆိုရာမှာ ခံတွင်းလည်း ကောင်းမှ၊ ဟင်းလည်း ကောင်းမှ၊ တစ်ခုခု ချို့ယွင်းသွားရင် (အဖော်မဲ့သွားရင်) မချမ်းသာတော့ဘူး၊ ထို့အတူ ပစ္စည်းရှိနေတုန်းသာ၊ ရုပ်ချောနေတုန်းသာ၊ ပညာတတ်နေတုန်းသာ၊ အိမ်ထောင် ရှိနေတုန်းသာ အထင်အားဖြင့် ချမ်းသာတယ်လို့ ထင်ရပေမယ့် အဖော်မဲ့သွားတာနဲ့ တစ်ပြိုင်နက် ဆင်းရဲရတော့တာပါပဲ၊ တစ်နည်းတော့ မင်းသားခေါင်း ချွတ်လိုက်တာနဲ့ တစ်ပြိုင်နက် ဘီလူးအသွင် ပေါ်တော့တာပါပဲ၊ ဝေဒယိတသုခဟာ ဒီသဘော အတိုင်းပါပဲ၊ လောကမှာ ကောင်းတယ် ချမ်းသာတယ်ဆိုသမျှ အားလုံးဟာ ဝေဒယိတသုခချည်းပါပဲ၊ ဝေဒယိတသုခ မှန်သမျှ ချမ်းသာတုချည်းပါပဲ။

သန္တိသုခဆိုတာကတော့ အဖော်မလိုဘဲ တစ်ပင်တိုင်ချမ်းသာ ဖြစ်ပါတယ်၊ ခံစားမှု မပါဘဲ ငြိမ်းအေးမှုသက်သက်လေးဖြင့် ချမ်းသာနေပါတယ်၊ ခံစားမှု ချမ်းသာဆိုတာက ခံစားမှုမရှိတာနဲ့ တစ်ပြိုင်နက် ဒုက္ခ ဖြစ်ရပါတော့တယ်၊ သန္တိသုခကတော့ ဒီလိုမဟုတ်ဘူး၊ ခံစားမှုမပါဘဲနဲ့ သူ့အလိုလို သဘာဝအားဖြင့် ငြိမ်းအေး ချမ်းသာနေပါတယ်၊ ဘာမှ အနှောင့်အယှက် မရှိပါဘူး၊ ပုထုဇဉ်တို့အနေနဲ့ သန္တိသုခသဘောကို နားလည်ဖို့ ခဲယဉ်းလှပါတယ်၊ ခံစားမှု ချမ်းသာကိုသာ အထင်ကြီးနေကြတဲ့ ပုထုဇဉ်တွေဟာ ငြိမ်းအေးမှု ချမ်းသာကို ထိုးဖောက် မြင်နိုင်စွမ်း မရှိရှာကြပါဘူး၊ ချေးထဲကလောက်ဟာ ချေးထဲမှာ ပျော်သလို ဝေဒယိတသုခကိုပဲ အဟုတ်ကြီး ထင်နေကြပါတယ်၊ ဘုရား ရဟန္တာ အရိယာ သူတော်ကောင်းကြီးများကတော့ ဘီလူးခေါင်းဆောင်းထားမှန်း သိကြတဲ့အတွက် ဝေဒယိတသုခကို အထင်မကြီးကြတော့ဘဲ အင်မတန် အေးမြ ချမ်းသာလှတဲ့ သန္တိသုခဆိုတဲ့ နိဗ္ဗာန်ချမ်းသာမြတ်ကိုသာလျှင် အချိန်ရတိုင်း ဖိုလ်ဝင်စားပြီး မျက်မှောက်ပြုခြင်း၊ ပစ္စဝေက္ခဏာဉာဏ်နဲ့ ဆင်ခြင်ခြင်းများကို ပြုတော်မူကြပါတယ်၊ အဲဒီ သန္တိသုခ နိဗ္ဗာနဓာတ်(အငြိမ်းဓာတ်)ကို ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်တို့နဲ့ မျက်မှောက်ထင်ထင် ဆင်ခြင် သုံးသပ်နေခြင်းကိုပဲ **နိဗ္ဗာနသစ္ဆိကိရိယာ**– နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းလို့ ခေါ်ပါတယ်၊ ကဲ– ဒါလောက်ဆိုရင် တော်လောက်ပါပြီ၊ ဒီတစ်ပတ် မင်္ဂလာသင်ခန်းစာအဖြစ် မင်္ဂလာ ကွင်းဆက်ပြသလို ယခင်လက သာသနာပြုဇာတ်လမ်းကိုပဲ ဆက်ပြီး ပြောပြပါမယ်၊ ကဲ– နားထောင်။

http://www.dhammadownload.com

ဘုရားရှင် တပိလဝတ်နေပြည်တော် ကြွတော်မူခန်း

ပြီးခဲ့တဲ့လက ဇာတ်လမ်းကို ဆက်ပြောပါမယ်၊ မြတ်စွာဘုရားရှင်ဟာ တပို့တွဲလပြည့်နေ့မှာ ဩဝါဒပါတိမောက် ဒေသနာတော်ကို ဟောကြားတော်မူပြီး ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတော်မှာပဲ ဆက်လက် သီတင်းသုံးတော်မူကာ သာသနာပြုတော်မူနေပါတယ်၊ ဒီသတင်းကို ဖခမည်းတော်ဖြစ်တဲ့ သုဒ္ဓေါဒနမင်းကြီး ကြားသိရတော့ သားတော်နဲ့ ကွဲကွာနေရတာ ၇–နှစ်မျှ ရှိပြီမို့ လွမ်းဆွတ်တော်မူတဲ့အတွက် အမတ်တစ်ယောက်ကို နောက်လိုက် တစ်ထောင်နဲ့ ဘုရားရှင်ကို ပင့်လျှောက်ဖို့ စေလွှတ်လိုက်ပါတယ်၊ အဲဒီအမတ်နဲ့ နောက်ပါ တစ်ထောင်တို့ဟာ ဝေဠုဝန်ကျောင်းတော် ရောက်ပြီး တရားနာရတဲ့အတွက် အားလုံး ဧဟိဘိက္ခု ရဟန္တာအရှင်မြတ်တွေ ဖြစ်သွားကြပါတယ်၊ လောကကို လွန်မြောက်ပြီး လောကုတ္တရာနယ်ထဲ ရောက်သွားပြီဖြစ်တဲ့အတွက် လောကီကိစ္စတွေကို ဘာမျှ ငဲ့ကွက်တော် မမူကြတော့သဖြင့် သုဒ္ဓေါဒနမင်းကြီး ပင့်လျှောက်ခိုင်းလိုက်တဲ့ ကိစ္စကိုလည်း ဆက်လက် မဆောင်ရွက်ကြတော့ဘဲ နိဗ္ဗာန်ကိုသာ မျက်မှောက်ပြုပြီး နေတော်မူကြသတဲ့၊ ဒီလိုချည်းပဲ အမတ်တစ်ယောက်နဲ့ နောက်လိုက် တစ်ထောင်ကို ၉–ကြိမ်တိတိ စေလွှတ်ပြီး ဘုရားရှင်ကို ပင့်ခိုင်းပါတယ်၊ ဒါပေမယ့် အားလုံး ဧဟိဘိက္ခု ရဟန္တာချည်း ဖြစ်ကုန်ပြီး ဘာသတင်းမျှ မကြားရတော့တဲ့အတွက် မင်းကြီးလည်း စိတ်ပျက် အားငယ်တော်မူရှာတယ်။

နောက်ဆုံးတော့ ဖွားဖက်တော် ကာဠုဒါယီအမတ်ကို ရှေးနည်းအတိုင်း တာဝန်ပေးတဲ့အခါမှာ ကာဠုဒါယီအမတ်က ရဟန်းပြုခွင့်ပေးဖို့ ခွင့်တောင်းသတဲ့၊ ဒီတော့ မင်းကြီးက "မင်းဟာမင်း ရဟန်း ပြုချင်ပြု မပြုချင်နေ၊ ငါ့သားကိုသာ ရအောင်ပင့်ခဲ့ပါ"လို့ ပြောကြားတဲ့အတွက် ကာဠုဒါယီအမတ်လည်း နောက်ပါ ပရိသတ်တစ်ထောင်နဲ့ ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတော်ဆီသို့ ဘုရားပင့်ရန် ထွက်လာခဲ့ပါတယ်၊ ဝေဠုဝန်ကျောင်းတော် ရောက်တော့ တရားနာကြားရလို့ ဧဟိဘိက္ခု ရဟန္တာဖြစ်တော်မူကြပါတယ်၊ အဲဒီအချိန်ဟာ မဟာသက္ကရာဇ် ၁၀၃–ခု၊ တပေါင်းလဆန်း ၈–ရက်နေ့လောက် ဖြစ်ပါတယ်၊

http://www.dhammadownload.com

ကာဠုဒါယီ မထေရ်ကတော့ ရဟန္တာ ဖြစ်သွားပေမယ့် မူလ ရည်ရွယ်ချက်ကို ဆက်လက် ဆောင်ရွက်တဲ့အနေနဲ့ တပေါင်းလရာသီရဲ့ တောခင်းတောင်ခင်း သာယာပုံတွေကို ပါဠိဂါထာပေါင်း ၆၀-တိတိနဲ့ မြတ်စွာဘုရားကို လျှောက်ထားပြီး ခရီးထွက်ဖို့ သင့်လျော်တဲ့အကြောင်း၊ ခမည်းတော်ကြီး သက်တော် ရွယ်တော်ကြီးပြီဖြစ်ကြောင်း၊ သားတော်ဘုရားကို အလွန် ဖူးမြင်လိုသော ဆန္ဒဖြင့် မျှော်လင့်နေရှာကြောင်း စသည်ဖြင့် လျှောက်ထားပါတယ်၊ ဂါထာ ခြောက်ဆယ်ပျို့ဆိုတာကို မောင်မယ်တို့ ကြားဖူးကြမှာပေါ့၊ အဲဒီပျို့ဟာ ကာဠုဒါယီမထေရ်ရဲ့ ပါဠိဂါထာ ၆၀-ကို ပျို့အဖြစ် ရေးသားထားခြင်း ဖြစ်ပါတယ်။

ခမည်းတော်ထံ ကြွဖို့ အချိန်ကလည်းကျ၊ ကာဠုဒါယီမထေရ်ကလည်း အလျှောက် ကောင်းတာနဲ့ တပေါင်းလပြည့်ကျော် တစ်ရက်နေ့မှာ မဂဓတိုင်းသား ရဟန္တာတစ်သောင်း၊ ကပိလဝတ်ပြည်သား ရဟန္တာတစ်သောင်း အားလုံး ရဟန္တာနှစ်သောင်း ခြံရံပြီး ကပိလဝတ် နေပြည်တော်သို့ ထွက်ကြွတော်မူပါတယ်၊ သဘာဝရာသီကလည်း သာတောင့်သာယာ၊ မြတ်စွာဘုရားနဲ့ ရဟန္တာနှစ်သောင်းတို့ရဲ့ အသရေတော်ကလည်း ဖူးမြော်လို့မဝ၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ အဲဒီ ပြည်တော်ဝင်ခန်းကို အာရုံပြုပြီး ကြည်ညိုလိုက်ရင် ကြက်သီး ထခမန်း ဝမ်းသာ ကြည်နူးဖွယ် ဖြစ်ပါတယ်၊ ဆရာတို့ရဲ့ သာသနာ့သမိုင်းမှာ ပထမဆုံး နောက်ပါ သာဝကအများဆုံးနဲ့ ကြွချီတဲ့ သာသနာပြုခရီး ဖြစ်ပါတယ်၊ အဲဒီလို ဒေသစာရီ ကြွချီတော်မူတဲ့အခါမှာ ကာဠုဒါယီ မထေရ်က ရှေးဦးစွာ ကပိလဝတ် နေပြည်တော်ရောက်အောင် ကြွပြီး သုဒ္ဓေါဒနမင်းကြီးကို သတင်းစကား ကြိုတင် မိန့်ကြားပါတယ်၊ မြတ်စွာဘုရားဟာ နောက်ပါ တပည့်သားများနဲ့ တစ်နေ့ တစ်ယူဇနာခရီးနဲ့ ကပိလဝတ်နေပြည်တော်ကို နှစ်လတိတိ ကြွချီတော်မူပါတယ်။

အဲဒီ နှစ်လအတွင်းမှာ ကာဠုဒါယီမထေရ်က ခမည်းတော် သုဒ္ဓေါဒနမင်းကြီး လှူတဲ့ဆွမ်းကို အဘိညာဉ်နဲ့ ပျံသန်း အလှူခံပြီး နေ့စဉ် ဆွမ်းဝတ်ပြုပါတယ်၊ မြတ်စွာဘုရားရှင်ဟာ ဖခမည်းတော်ကို ချီးမြှောက်တဲ့အနေနဲ့ အဲဒီ နှစ်လခရီးစဉ်မှာ ဘယ်သူ့ဆွမ်းကိုမျှ အလှူမခံဘဲ ဖခမည်းတော်ရဲ့ဆွမ်းကိုသာ အလှူခံတော်မူပါတယ်၊ ကာဠုဒါယီမထေရ်ကလည်း ကပိလဝတ်နေပြည်တော်

http://www.dhammadownload.com

ကို နေ့စဉ် ဆွမ်းပြန်ခံပြီး မင်းကြီးကိုလည်း သားတော်ဘုရား ဘယ်ခရီးရောက်ပြီ၊ ဘယ်နားမှာ ရပ်နားတော်မူသည် စသည်ဖြင့် နေ့စဉ် အဆက်အသွယ် ပြုပေးတော်မူပါတယ်၊ နောက်ဆုံး ကဆုန်လပြည့်နေ့မှာ ကပိလဝတ်နေပြည်တော်ကို ဆိုက်ရောက်တော်မူပြီး ကြိုတင် စီမံဆောက်လုပ်ထားတဲ့ နိဂြောဓာရုံကျောင်းမှာ သီတင်းသုံး စံပယ်တော်မူပါတယ်။

ကဲ–ဒါလောက်နဲ့ပဲ ဇာတ်လမ်းဖြတ်ကြဦးစို့ရဲ့၊ နောက်မင်္ဂလာကျမှ ဒီဇာတ်လမ်းကို ပြန်ဆက်ပါမယ်၊ ဒီဇာတ်လမ်းမှာ ကာဠုဒါယီအမှူးရှိတဲ့ တစ်သောင်းသော ပုဂ္ဂိုလ်တို့ဟာ ဗောဓိကျွ ရဟန္တာဖြစ်ပြီး နိဗ္ဗာန် ချမ်းသာကို ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်နဲ့ မျက်မှောက်ပြုတော်မူကြပါတယ်၊ ထို့အတူ ခရီးစဉ်တစ်လျှောက်မှာလည်း အခွင့်သာလို့ အချိန်ရတိုင်း ဘုရားရှင်နဲ့ တပည့်နှစ်သောင်းတို့ဟာ နိဗ္ဗာန်ကို ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်တို့နဲ့ မျက်မှောက်ပြုတော်မူကြပြီး နိဗ္ဗာနသစ္ဆိကိရိယာ မင်္ဂလာကို ကာယကံမြောက် ကျင့်သုံးတော်မူကြပါတယ်၊ ဇာတ်လမ်းတစ်ပုဒ်မှာ မင်္ဂလာများစွာ ပါဝင်ပေမယ့် မင်္ဂလာ ၃၈–ပါးကို ဇာတ်လမ်း ၃၈–ပုဒ် ပြည့်အောင် မောင်မယ်တို့အတွက် စိတ်ရှည်လက်ရှည်နဲ့ ကြိုးစားပေးခြင်း ဖြစ်ပါတယ်၊ နောက်တစ်ပတ် နကမ္မတိမင်္ဂလာမှာ ဒီဇာတ်လမ်းကို ဆက်ပြီးပြောပါ့မယ်၊ ကဲ– တော်ကြဦးစို့။

ပြုပြင်မှုကောင်း ချမ်းသာမယ်

- ဝါနခေါ်ဆို တဏှာငြိမ်းတော့၊ သန္တိသုခ နိဗ္ဗာန်ကွယ်။
  ကံ,စိတ်,ဥ,ဟာ ကြောင်းလေးသင်းတို့၊ ပြုပြင်မှုကင်း ချမ်းသာမယ်။
- ဖိုလ်ဝင်စားကာ မျက်မှောက်ပြုလို့၊ ပစ္စဝေက္ခဏာနဲ့ ဆင်ခြင်တယ်။
  မင်္ဂလာကို လက်တွေ့ကျင့်လို့၊ ရှေ့သို့တစ်ဆင့် တက်ရမယ်။
- မိမိအကျိုး တိုင်းပြည်ကျိုး၊ သယ်ပိုး ရွက်ဆောင်ကွယ်။
  အဲဒါကြောင့် မျက်မှောက်ပြုကြား နိဗ္ဗာန့်အား၊ မှတ်သား မင်္ဂလာကွယ်။

"မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ"

မွေးမြူဟာစာစောင်၊ အတွဲ(၇)–အမှတ်(၁၀)၊ အတွဲ(၄၅)အမှတ်(၁၁)

http://www.dhammadownload.com



http://www.dhammadownload.com

၃၅။ န ကမ္ပတိ

(လောကဓံကြောင့် မတုန်လှုပ်ရေးဓမ္မလာ)

နွေရာသီ ကျောင်းပိတ်ရက်နဲ့ သင်္ကြန်တွင်းအချိန် ရောက်ခဲ့ပြန်ပြီ၊ ဆရာတို့တစ်တွေ အသက်တစ်နှစ်ကြီးလို့ သေဖို့ တစ်နှစ်နီးလာပြီလို့ ဆိုရမှာပေါ့၊ စကားစပ်လို့ ပြောရဦးမယ်၊ တချို့က မြန်မာသက္ကရာဇ် ပြောင်းရင် သာသနာတော်နှစ်လည်း ပြောင်းတယ်လို့ ထင်တတ်ကြတယ်၊ မဟုတ်ဘူးကွယ့်။

သာသနာတော်နှစ်က နှစ်စဉ် ကဆုန်လပြည့်နေ့ကျမှ နှစ်ပတ်လည်တယ်၊ ဒါကြောင့် သာသနာတော်နှစ်ကို ကဆုန်လပြည့်နေ့ကျမှ ပြောင်းရတယ်လို့ ဗဟုသုတအဖြစ် မှတ်သားထားစေလိုပါတယ်၊ မောင်မယ်တို့လည်း အသက်တစ်နှစ်ကြီးလာကြလို့ အသိဉာဏ် တစ်ရစ်တိုးအောင် ကြိုးစားကြရမယ်၊ ဒါကြောင့် သင်္ကြန်တွင်းမှာ အပျော်ကြူးမှုတွေနဲ့သာ အချိန်မကုန် လွန်စေဘဲ မိမိတို့ရဲ့ လုပ်အားကို လူမှုရေးကိစ္စတွေမှာ များများ အသုံးချပြီး မင်္ဂလာရှင်လေးတွေဖြစ်အောင် ကြိုးစားကြဖို့ ဆရာ တိုက်တွန်းလိုက်ပါတယ်။

ကဲ- သင်တန်း စကြစို့။

''မင်္ဂလာအပေါင်းနဲ့ ပြည့်စုံတော်မူကြပါစေ''

မင်္ဂလာ ၃၈-ပါး ပြည့်ဖို့ သုံးပါးပဲ လိုပါတော့တယ်၊ တပေါ့စ မင်္ဂလာတုန်းက 'အသေဝနာစ ဗာလာနမင်္ဂလာ'က နေပြီး 'ဓမ္မသာကစ္ဆာ'တိုင်အောင် ၃၀-သော မင်္ဂလာများကို **လောကီပိုင်းမင်္ဂလာ**၊ 'တပ'ကစပြီး ကျန် ၈-ပါးကို '**လောကုတ္တရာပိုင်းမင်္ဂလာ**'လို့ ဆရာ ခွဲပြခဲ့ပါတယ်၊ ဒါက နယ်နိမိတ်အပိုင်းအခြားအနေနဲ့ အကြမ်းဖျင်း သတ်မှတ်ပေးခြင်း ဖြစ်ပါတယ်။

http://www.dhammadownload.com

အတိအကျ သတ်မှတ်ရမယ်ဆိုရင်တော့ **အသေဝနာစ**က နေပြီး **ဖြဟ္မစရိယ**အထိ ၃၂–ပါးကို **လောကီမင်္ဂလာ၊ ကျန်တဲ့ ၆–ပါးကို လောကုတ္တရာမင်္ဂလာ**တို့ မှတ်သားရပါမယ်၊ တစ်နည်းအားဖြင့် ဗြဟ္မစရိယအထိ ၃၂–ပါးကို **အကြောင်းမင်္ဂလာ၊** ကျန် ၆–ပါးကို **အကျိုးမင်္ဂလာ**လို့ ခွဲခြားထားရပါမယ်၊ ဗြဟ္မစရိယအထိ ၃၂–ပါးသော လောကီမင်္ဂလာများနဲ့ ပြည့်စုံရင် အရိယသစ္စာန ဒဿန စတဲ့ လောကုတ္တရာမင်္ဂလာ ၆–ပါးဟာ အလိုလို ပြည့်စုံတော့တာပါပဲ၊ ဒီ လောကုတ္တရာမင်္ဂလာ ၆–ပါးမှာပဲ အကြောင်းအကျိုး ထပ်ခွဲရင် အရိယသစ္စာန ဒဿနမင်္ဂလာနဲ့ နိဗ္ဗာနသစ္ဆိကိရိယ မင်္ဂလာနှစ်ပါးကအကြောင်း၊ နကမ္ပတိ စတဲ့ မင်္ဂလာ ၄–ပါးက အကျိုးလို့ ဖြစ်လာပါတယ်။

ယခု လောကုတ္တရာ အကြောင်းမင်္ဂလာ နှစ်ပါးကို ညွှန်ပြပြီးနောက် အကျိုးမင်္ဂလာများကို ညွှန်ကြားလိုတဲ့အတွက် ''နကမ္ပတိ''မင်္ဂလာကို ဆက်လက် ညွှန်ကြားတော်မူပါတယ်၊ အပြည့်အစုံကတော့ ''**ဖုဋ္ဌဿ လောကဓမ္မေဟိ စိတ္တံ ယဿ န ကမ္ပတိ**''တဲ့၊ **လောကဓမ္မေဟိ**– လောကဓံ ၈–ပါးတို့နှင့်၊ **ဖုဋ္ဌဿ**– တွေ့ထိသော၊ **ယဿ**– အကြင် ရဟန္တာပုဂ္ဂိုလ်၏၊ **စိတ္တံ**– စိတ်သည်၊ **န ကမ္ပတိ**– မတုန်လှုပ်၊ ရဟန္တာ အရှင်မြတ်တွေရဲ့စိတ်ဟာ လောကဓံ ရှစ်ပါးနဲ့ တွေ့ကြုံရင် မတုန်လှုပ်ဘူးလို့ ဆိုလိုပါတယ်။

ဒါကြောင့် လောကဓံကို ကြံ့ကြံ့ခံနိုင်တယ်ဆိုတာ အစစ်အမှန်ကတော့ အာသဝေါ ကင်းကွာပြီး ရဟန္တာဖြစ်မှ ခံနိုင်ပါတယ်၊ အနာဂါမ်များတောင် **လာဘော**– ဗြဟ္မာပြည်ကို လိုချင်တဲ့ လောဘ (ဘဝတဏှာ)ဆိုတဲ့ လောကဓံကို မခံနိုင်သေးတဲ့အတွက် ဒီ မင်္ဂလာနဲ့ လုံးဝ ကိုက်ညီတယ်လို့ မဆိုနိုင်သေးပါဘူး၊ ဒီ မင်္ဂလာကို အပြည့်အဝ ခံစားနိုင်ဖို့ကတော့ အာသဝေါ ကုန်ခန်းပြီး ရဟန္တာဖြစ်မှ ခံစားနိုင်ကြောင်း မှတ်သားကြဖို့ပါပဲ။

ဒီနေရာမှာ လောကဓံရှစ်ပါးဆိုတာကို သိဖို့ လိုလာပါတယ်၊ လောကဓံ ရှစ်ပါးဆိုတာက–

၁။ **လာဘော** – လာဘ်ရခြင်း၊

၂။ **အလာဘော** – လာဘ်မရခြင်း၊

၃။ **ယသော** – အခြံအရံရှိခြင်း၊

http://www.dhammadownload.com

၄။ **အယသော** – အခြံအရံ မရှိခြင်း၊
၅။ **နိန္ဒံ** – ကဲ့ရဲ့ခံရခြင်း၊
၆။ **ပသံသံ** – ချီးမွမ်းခံရခြင်း၊
၇။ **သုခံ** – ချမ်းသာခြင်း၊
၈။ **ဒုက္ခံ** – ဆင်းရဲခြင်း တဲ့။

အဲဒါကို လောကဓံတရား ၈–ပါးလို့ ခေါ်တယ်၊ လောကထဲမှာ နေရင် အမြဲ တွေ့ကြုံရတတ်တဲ့ တရားများဖြစ်လို့ လောကဓမ္မတာတရား (လောကဓံ တရား)လို့ ခေါ်ပါတယ်၊ အဲဒီ ရှစ်ပါးမှာ အကောင်းလောကဓံက လေးပါး၊ အဆိုးလောကဓံက လေးပါး ကွဲပြားနေပါတယ်၊ ပိုက်ဆံရှိတဲ့အခါ ပျော်တယ်၊ မရှိတဲ့အခါ မပျော်ဘူး၊ အပေါင်းအသင်း ရှိတဲ့အခါ ရွှင်တယ်၊ မရှိတဲ့အခါ မှိုင်တယ်၊ ကဲ့ရဲ့ခံရရင် စိတ်ဆိုးတယ်၊ ချီးမွမ်းခံရရင် ဝမ်းသာတယ်၊ ချမ်းသာတဲ့ အခါ ပြုံးတယ်၊ ဆင်းရဲတဲ့အခါ ငိုတယ်၊ ဒါဟာ လောကဓံရဲ့ဒဏ်ချက်တွေပဲ၊ ပိုက်ဆံရှိတဲ့အခါ ပျော်ပြီး မရှိတဲ့အခါ မပျော်ဘူးဆိုတာ လောကဓံကို မခံနိုင် ခြင်းရဲ့ ပြယုဂ်ဖြစ်ပါတယ်၊ ကျန် ခြောက်ပါးမှာလည်း ထိုနည်းလည်းကောင်း ပါပဲ၊ အတက်အကျ အနိမ့်အမြင့်ဆိုတာ လောကမှာ ဓမ္မတာသဘောနဲ့ အမြဲ တည်ရှိနေပါတယ်။

မြစ်ထဲက ဗေဒါပန်းလေးလို ရေတက်တဲ့အခါ သူလည်း တက်လာတယ်၊ ရေကျတဲ့အခါ သူလည်း ကျသွားတယ်၊ သတ္တဝါတွေဟာလည်း အကောင်း လောကဓံနဲ့ ကြုံတဲ့အခါ တက်လာပြီး အဆိုးလောကဓံနဲ့ ကြုံတဲ့အခါ ကျသွား တာပါပဲ၊ ဗေဒါပန်းလေးဟာ ရေတက် ရေကျရဲ့ဒဏ်ကို ပန်းပန်ပြီး ခံနိုင်ရည် ရှိသလို ဆရာတို့ မောင်မယ်တို့တစ်တွေဟာလည်း လောကဓံရဲ့ အတက်အကျ ကို ရဟန္တာအရှင်မြတ်ကြီးတို့လို ကြံ့ကြံ့ကြီး မခံနိုင်တောင်မှ ခံနိုင်အောင်တော့ ကြိုးစားကြရမယ်၊ ပိုက်ဆံရှိလည်း မှန်မှန်၊ မရှိလည်း မှန်မှန်၊ ကဲ့ရဲ့လည်း မှန်မှန်၊ ချီးမွမ်းလည်း မှန်မှန်၊ ချမ်းသာလည်း မှန်မှန်၊ ဆင်းရဲလည်း မှန်မှန် နေတတ် ထိုင်တတ်ဖို့ ကြိုးစားကြရမယ်၊ အတက်အကျ အနိမ့်အမြင့် အကွေ့ အကောက် အမြင့်အမောက် ဆိုတာတွေဟာ ဓမ္မတာသဘောတွေပဲ၊ ကိုယ် ဖြစ်စေချင်တိုင်း ဖြစ်တာမဟုတ်ပါဘူး၊ ဖြစ်အောင်တော့ ကြိုးစားရမှာပေါ့၊

http://www.dhammadownload.com

ဒါပေမယ့် မဖြစ်တဲ့အခါ စိတ်မညစ်ရအောင်၊ ဖြစ်လာတဲ့အခါမှာလည်း အောက်ခြေမလွတ်ရအောင် သတိထားတတ်ရပါမယ်။

အကောင်းလောကဓံများနဲ့ တွေ့တဲ့အခါ ဘာကြောင့် တွေ့တယ်၊ အဆိုးလောကဓံများနဲ့ တွေ့တဲ့အခါ ဘာကြောင့် တွေ့တယ်ဆိုတာကို အကြောင်းကို တွေ့အောင် ရှာတတ်ရမယ်၊ ''သြော်- ဒါကြောင့်ကိုး''လို့ အကြောင်းကို တွေ့လာရင် ပြင်သင့်တာကို ပြင်ပြီး ပိုကောင်းအောင် ကြိုးစားသင့်တာကို ကြိုးစားရမယ်၊ ဒီသဘောနှစ်ခုက ပိုလွန်ပြီး အကောင်းနဲ့တွေ့တဲ့အခါ နတ်ရူးဘုံမြှောက်သလို၊ အဆိုးနဲ့တွေ့တဲ့အခါ ငါးရံ့ပြာလူးသလို မဖြစ်စေဖို့ သတိထားရမယ်၊ လောကဓံဆိုတာက အမြဲ တွေ့နေရတဲ့ ဓမ္မတာပါ၊ အဲဒီ ဓမ္မတာကို ဘယ်သူမှ မကျော်လွန်နိုင်ပါဘူး၊ ခံနိုင်ရည် ရှိ-မရှိကိုသာ ကြိုးစားဖို့ လိုပါတယ်၊ လောကဓံကို ခံနိုင်မှ လောကမှာ စိတ်ချမ်းသာမှုရတယ်၊ လောကဓံကို ခံနိုင်မှလည်း သတ္တိရှိတယ်လို့ ခေါ်တယ်၊ မောင်မယ်တို့ လိုက်နာဖို့ကတော့ ရှေးဦးစွာ လောကဓံ ရှစ်ပါးကို သိအောင် ကြိုးစားပါ၊ အဲဒီနောက် လောကဓံ ရှစ်ပါးရဲ့သဘောကို စဉ်းစားပါ၊ သဘောပေါက်တဲ့အခါ ကိုယ့်ကိုယ်ကို လောကဓံကွက်ရှင် ထုတ်ပါ၊ အဆိုးလောကဓံအလှည့် ဖြစ်နေရင် အကြောင်းကို ရှာပြီး ကောင်းအောင် ပြုပြင် ကြိုးစားပါ၊ အကောင်း လောကဓံအလှည့် ဖြစ်နေရင် အကြောင်းကို ရှာပြီး ပိုကောင်းအောင် ကြိုးစားပါ၊ နောက်ပြီး ပတ်ဝန်းကျင် လူသားများကို လောကဓံမျက်စိနဲ့ သုံးသပ်ပါ၊ အဆိုးလောကဓံ ဒဏ်ချက် ထိုးနှက်ခြင်း ခံနေရသူများကိုတွေ့ရင် သနားပါ၊ ကူညီပါ၊ အကောင်း လောကဓံရဲ့ မြှောက်ပင့်မှုကို ခံနေရသူများကို တွေ့ရင် ဝမ်းမြောက်ပါ၊ သာဓုခေါ်ပါ၊ ရှုတ်ချခြင်း၊ ချီးမွမ်းခြင်းဆိုတဲ့ တစ်ဖက်စွန်းသို့ မရောက်အောင် မဇ္ဈိမပဋိပဒါကျကျ သုံးသပ်ပါ။

လောကဓံနဲ့ပတ်သက်လို့ ဆရာ သတိထားမိတာလေး တစ်ခုကို ဖောက်သည်ချရဦးမယ်၊ အများအားဖြင့် လူတွေဟာ ဆင်းရဲတဲ့အခါ လောကဓံလို့ နားလည်ပြီး ချမ်းသာတဲ့အခါ လောကဓံလို့ နားမလည်တတ်ကြတော့ဘူး၊ ဆင်းရဲနေတဲ့အခါ ''လောကဓံပေါ့ကွာ၊ လောကဓံဆိုတာ ကြုံကြုံခံနိုင်ရမယ်'' ဆိုတဲ့ စကားများကို သုံးပြီး ကိုယ့်ကိုယ်ကို အားပေးတတ်ကြတယ်၊ ချမ်းသာ

http://www.dhammadownload.com

လာတဲ့အခါကျတော့ ''တယ်ဟုတ်တဲ့ ငါပါလား''လို့ ဘဝင်မြင့်ပြီး အောက်ခြေတွေ လွတ်ကုန်ကြတယ်၊ လောကဓံဆိုတာကို မေ့ထားပစ်လိုက်ကြတယ်၊ သူ့ကိုယ်သူတော့ အဟုတ်ကြီး ထင်နေတယ်၊ အမှန်ကတော့ လောကဓံရဲ့ လှည့်ကွက်ကို ခံနေရရှာတဲ့ လောကဓံ အကျဉ်းသားတစ်ယောက်ပါပဲ၊ ဒါပေမယ့် ချမ်းသာလာတဲ့အခါ ငါ လောကဓံရဲ့ဒဏ်ကို ခံနေရတယ်လို့ နားလည်တဲ့သူဟာ အင်မတန် ရှားပါတယ်၊ လောကဓံရဲ့ ချီးမြှောက်မှုကို မခံယူတတ်တဲ့ လူဟာ မကြာခင်မှာပဲ ရိုင်းရိုင်းပြောရရင် ခွေးကျ ဝက်ကျ ကျတော့တာပါပဲ၊ အမှန်ကတော့ ဆင်းရဲလည်း လောကဓံ၊ ချမ်းသာလည်း လောကဓံပါပဲ၊ အကောင်းအဆိုးသာ ကွာခြားပါတယ်၊ ဒါကို မျက်ခြည်မပြတ်ဖို့ လိုတယ်၊ အများအားဖြင့် လူတွေဟာ အဆိုးလောကဓံကို ကြိုးစားပြီး ခံနိုင်ကြသလောက် အကောင်းလောကဓံနဲ့ တွေ့ကြုံလာတဲ့အခါ ခံနိုင်ရည် မရှိကြတော့ဘဲ မိုးမမြင် လေမမြင် ဖြစ်တဲ့အပြင် လောကဓံကိုတောင် လောကဓံမှန်း မသိကြတော့ဘဲ ဖောက်ပြန်ကုန်ကြတယ်၊ အောက်ခြေ လွတ်ကုန်ကြတယ်၊ ဒါဟာ ကြပ်ကြပ် သတိထားသင့်တဲ့ အချက်ပဲလို့ ဆရာတော့ ကောက်ချက်ချထားပါတယ်။

အာသဝေါ ကင်းကွာပြီးတဲ့ ရဟန္တာအရှင်မြတ်ကြီးများကျတော့ သဘာဝကို သဘာဝအတိုင်း သိမြင်တော်မူကြတဲ့အတွက် ဘယ်လိုလောကဓံနဲ့ တွေ့တွေ့ မတုန်လှုပ်တာကို 'နကမ္ဗတိမင်္ဂလာ'လို့ ခေါ်ပါတယ်၊ ဒီမင်္ဂလာနဲ့ နည်းနည်းပြည့်စုံရင် နည်းနည်း စိတ်ချမ်းသာပြီး များများပြည့်စုံရင် များများစိတ်ချမ်းသာပါတယ်၊ လုံးဝ ပြည့်စုံရင်တော့ လုံးဝ စိတ်ချမ်းသာရတော့တာပါပဲ၊ ဒါကြောင့် ကြွက်လည်း ကြွက်အထွာ၊ ဆင်လည်း ဆင်အထွာ ဆိုသလို ကိုယ်နဲ့ တန်သလောက်ကိုတော့ လောကဓံကို ခံနိုင်အောင် ကြိုးစားကြရမယ်၊ ခံနိုင်ရင် ခံနိုင်သလောက် နကမ္ဗတိမင်္ဂလာ မြောက်တယ်လို့ ဆိုနိုင်ပါတယ်၊ ကဲ- ဒီလောက်ဆိုရင် ဒီမင်္ဂလာရဲ့သဘောကို မောင်မယ်တို့ ကျေနပ်လောက်ပါပြီ၊ ဒီတစ်ပတ် မင်္ဂလာသင်ခန်းစာအဖြစ် ယခင်လက ဗုဒ္ဓဝင်ဇာတ်လမ်းကိုပဲ ဆက်ပြောပါမယ်၊ လောကုတ္တရာ မင်္ဂလာများအတွက် ငါးရာ့ငါးဆယ် နိပါတ်များကို ထုတ်လို့ မသင့်လျော်တဲ့အတွက် သာသနာတွင်း ဇာတ်လမ်းများကို တမင် ရွေးချယ်ပြောခြင်း ဖြစ်ပါတယ်၊ ငါးရာ့ငါးဆယ်နိပါတ်များဟာ သာသနာ

http://www.dhammadownload.com

တွင်း ဇာတ်လမ်းများ မဟုတ်ကြတဲ့အတွက် လောကုတ္တရာ မင်္ဂလိုလ်နိဗ္ဗာန်များ အထိ မရှိပါဘူး။ သမာဓိစွမ်းအားနဲ့ ပြဟ္မာ့ပြည်အထိသာ ရှိပါတယ်၊ ယခု မင်္ဂလာများက လောကုတ္တရာမင်္ဂလာများ ဖြစ်တဲ့အတွက် ဒီအချက်ကို သတိ ပြုရပါတယ်၊ ကဲ– နားထောင်။

ယသောဓရာ ဦးတင်ခန်း

ပြီးခဲ့တဲ့လက မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်က နေပြီး ကပိလဝတ် နေပြည်တော်ကို သံဃာတော် နှစ်သောင်း ခြံရံပြီး ကြွချီတော်မူလာခဲ့ရာ ကဆုန်လပြည့်နေ့မှာ ကပိလဝတ် နေပြည်တော်ရောက်ပြီး နိဂြောဓာရုံကျောင်း မှာ သီတင်းသုံးတော်မူတဲ့အထိ ရောက်ပါပြီ၊ မြတ်စွာဘုရား ကြွရောက်တော် မူတယ်လို့ သတင်းကြားလျှင်ပဲ ဆွေတော်ရှစ်သောင်း မျိုးတော်ပေါင်းတို့ဟာ သောင်းသောင်းဖြဖြ လာရောက်ကြပါတယ်၊ မာနကြီးတဲ့ သာကီဝင်မင်းမျိုးတွေ ဆိုတော့ ဘုရားရှေ့ ရောက်ပေမယ့် သူတို့ထက် အသက်ငယ်တယ် ဆိုပြီး ဘယ်သူမှ ရှိမခိုးကြဘူးတဲ့၊ ဒီတော့မှ မြတ်စွာဘုရားက ဆွေတော်မျိုးတော် တွေရဲ့ မာန်မာနကို နှိမ်ချလိုတဲ့အတွက် ကောင်းကင်မှာ တစ်ယူဇနာမျှရှိတဲ့ ရတနာ စင်္ကြံတော်ကြီး ဖန်ဆင်းပြီး ရေမီးအစုံစုံ စတဲ့ တန်ခိုး ပြာဋိဟာတွေကို ပြတဲ့အခါကျတော့မှ ဖခမည်းတော် သုဒ္ဓေါဒနမင်းကြီးက ငယ်ရွယ်စဉ် ဒေဝိဋ္ဌ ရသေ့ကြီး ခေါင်းပေါ်မှာ မတ်တတ်ရပ်စဉ်က တစ်ကြိမ်၊ လယ်ထွန်မင်္ဂလာပြု စဉ် ဇမ္ဗူသပြေပင်ရင်း၌ ဈာန်ဝင်စားစဉ်က တစ်ကြိမ် ရှိခိုးကန်တော့ပြီး ယခု တတိယအကြိမ် ရှိခိုးကန်တော့တဲ့အခါမှာ ဆွေတော်မျိုးတော်ထဲမှာ အကြီးဆုံး ဖြစ်တဲ့ သုဒ္ဓေါဒနမင်းကြီးကိုယ်တိုင် ရှိခိုးတော်မူတဲ့အတွက် ဘယ်သူမှ မနေနိုင် ကြတော့ဘဲ မာန်မာနတွေ နှိမ်ချကာ မြတ်စွာဘုရားကို ရှိခိုးဦးတင် ဖူးမြင် ပူဇော်ကြပါတယ်။

အဲဒီ ရတနာစင်္ကြံတော်ပေါ်မှာ ရေမီးအစုံစုံ ယမက ပြာဋိဟာကို ပြ တော်မူရင်း ရှင်သာရိပုတ္တရာရဲ့ လျှောက်ထား တောင်းပန်ချက်အရ မဟာ ဗုဒ္ဓဝင် ဒေသနာတော်ကြီးကို ဟောကြားတော်မူပါတယ်၊ ဆွေတော်မျိုးတော် တို့ရဲ့ ပန်ကြားချက်အရ ဂါထာတစ်ထောင်ရှိတဲ့ ဝေဿန္တရာဇာတ်တော်ကြီး ကိုလည်း ဟောကြားတော်မူပါတယ်၊ ဝေဿန္တရာဇာတ်တော်ကြီး အဆုံးမှာ

http://www.dhammadownload.com

သာကီဝင်မင်းတွေဟာ အလွန်အမင်း ဝမ်းမြောက် ကြည်ညိုသဒ္ဓါပွားပြီး ရှိခိုးကန်တော့လို့ ပြန်သွားကြသတဲ့၊ ဖခမည်းတော်ကြီး အပါအဝင် ဆွေတော်မျိုးတော်တွေဟာ ဘယ်သူကမှ ဆွမ်းဝတ်ပြုဖို့ မလျှောက်ကြားတဲ့အတွက် နံနက်မိုးသောက် အလင်းရောက်တဲ့အခါမှာ ရှေးဘုရားရှင်တို့ရဲ့ ထုံးတမ်းတော်အတိုင်း ဆရာတို့မြတ်စွာဘုရားဟာ တပည့်သံဃာ နှစ်သောင်းနဲ့အတူ ကပိလဝတ်နေပြည်တော်ထဲသို့ ဆွမ်းခံကြွတော်မူပါတယ်။

မြတ်စွာဘုရားနဲ့ သံဃာတော်နှစ်သောင်းကို မြင်တယ်ဆိုရင်ပဲ တစ်မြို့လုံး အုတ်အုတ်ကျက်ကျက် ပွက်ပွက်ညံညံဖြစ်ပြီး ရှိခိုးသူက ရှိခိုး၊ ဆွမ်းလောင်းသူက လောင်းကြတဲ့အခါမှာ ယသောရောမိဖုရားက ဒီသတင်းစကား ကြားတာနဲ့ လေသာပြတင်း ဖွင့်ပြီး လှမ်းကြည့်လိုက်တဲ့အခါမှာ ရောင်ခြည်တော်ခြောက်ဆိုင်နဲ့ တစ်ကိုယ်တော်လုံးမြိုင်ပြီး တပြိုင်ပြိုင် ကျက်သရေတွေ ပွားနေတဲ့ မောင်တော်ဘုရားကို ဖူးမြင်ရတဲ့အတွက် ရှေးဖြစ်ဟောင်းတွေ အောက်မေ့ပြီး ပရိဒေဝမီး တောက်ရှာတဲ့အပြင် သားမယား မိဘတို့ရဲ့ မျက်နှာကို မထောက်မညှာဘဲ တစ်အိမ်တက်ဆင်း တောင်းစားရက်လေခြင်း ဆိုပြီး တစ်ပူပေါ် နှစ်ပူဆင့်လို့ ခမည်းတော် မင်းကြီးထံ အပြေးဝင်ပြီး သတင်းပေးတော့ မင်းကြီးလည်း ပုဆိုးစွန်တောင်ဆွဲ မြတ်စွာဘုရားထံ သတင်းမေးဖို့ အတင်းပြေးပြီး "သားတော်ဘုရား၊ လုပ်ႇကျက်လေခြင်းဘုရား၊ ပြုရက်လေခြင်းဘုရား၊ တပည့်တော်နဲ့ သားမယားတို့ရဲ့မျက်နှာကို ထောက်တော်မူပါဦးဘုရား၊ တပည့်တော်တို့အမျိုးဟာ တောင်းစားတဲ့အမျိုး မဟုတ်ပါဘူးဘုရား၊ ခမည်းတော်ဟာ သားတော်နဲ့ သံဃာတော်နှစ်သောင်းကို မကျွေးနိုင်ဘူး ထင်လို့ ဒီလို အရှက်ခွဲတာလားဘုရား" နဲ့ ငိုကြွေးမြည်တမ်းတဲ့အခါမှာ မြတ်စွာဘုရားက ဆွမ်းခံခြင်းဟာ ဘုရားရှင်တိုင်းရဲ့ ဓမ္မတာဖြစ်တဲ့အကြောင်း၊ ကောင်းမြတ်တဲ့ကျင့်ဝတ်ဖြစ်တဲ့အကြောင်းများကို တရားဟောကြားတဲ့အခါမှာ မင်းကြီး သောတာပန်တည်ပါတယ်၊ မြတ်စွာဘုရားနဲ့ သံဃာတော် နှစ်သောင်းကို နန်းတော်ပင့်သွားပြီး ဆွမ်းဆက်ကပ်ပါတယ်၊ ဆွမ်းစားပြီးတော့ သီဟာသနပလ္လင်ပေါ်က နေပြီး တရားဟောပြန်တဲ့အခါမှာ မင်းကြီး သကဒါဂါမ်တည်ပြီး မိထွေးတော် ဂေါတမီ သောတာပန် တည်ပါတယ်။

http://www.dhammadownload.com

အဲဒီအချိန်မှာ ယသောဓရာမိဖုရားရဲ့ မောင်းမများက သုံးလောကထွတ်ထားကို ထွက်ပြီး ဖူးမြော်ဦးတင်ဖို့ သခင်မကို ပြောကြားတဲ့အခါမှာ ''အမတော်ရဲ့ ကျေးဇူးကို ထောက်မျှော်ပြီး ကြွလာတော်မူမှ ဖူးပါရစေ''လို့ ပြောကြားတဲ့အတွက် ဒီသတင်းစကားကို မြတ်စွာဘုရားအား လျှောက်ထားတဲ့အခါမှာ သဗ္ဗညုတ ဘုရားဖြစ်ရေးအတွက် နမတော်ရဲ့ အကူအညီ ပါရမီတွေ များစွာပါခဲ့တာမို့ ချီးမြှောက်တော်မူတဲ့အနေနဲ့ အဆောင်တော်ကို ကိုယ်တော်တိုင်ကြွတော်မူပြီး ''နမတော် စိတ်တိုင်းကျ ဖူးမြင်စေ၊ ဘယ်သူမှ မတားမြစ်ကြလင့်''ဟု ခွင့်ပေးတော်မူသတဲ့၊ အဲဒီတော့မှ ယသောဓရာမိဖုရားဟာ ၇-နှစ်လုံးလုံး မျိုသိပ်ထားခဲ့ရတဲ့ ပရိဒေဝတွေကို မြတ်စွာဘုရားရဲ့ ခြေဖမိုးတော်အစုံမှာ နဖူးပြင် ဦးတင်ပြီး အမျိုးမျိုး အားရအောင် ငိုကြွေး မြည်တမ်းရှာပါတယ်၊ မြတ်စွာဘုရားအဖို့တော့ အာသဝေါ ကင်းကွာတော်မူပြီး ဖြစ်တဲ့အတွက် ''န ကမ္ပတိ''ပေါ့၊ ခမည်းတော်မင်းကြီးကလည်း ချွေးမတော်ရဲ့ ဂုဏ်ကျေးဇူးတွေကို အမျိုးမျိုး ချီးကျူးတဲ့အခါမှာ စန္ဒကိန္နရီဇာတ်တော်ကြီးကို ပြန်လည်ဟောကြားတော်မူပြီး နမတော်ရဲ့ ကျေးဇူးတရားများကို ထပ်ဆင့် ချီးမွမ်းတော်မူလို့ တရားတော်ပုခက်မှာ နမတော်ကို အိပ်စက် အနားယူစေတော်မူပါတယ်၊ ကဲ- တော်ကြဦးစို့။

နိမ့်တစ်ခါ မြင့်တစ်လှည့် ကြုံရမယ်

ဦ လောကဓံခေါ် ဒဏ်ရှစ်ပါးတို့၊ တွေ့ကြုံနေကြ လူအများရယ်။
မြစ်ပြင်မျောလာ ဗေဒါပန်းနှယ်၊ နိမ့်တစ်ခါ မြင့်တစ်လှည့် ကြုံရမယ်။

ဦ တွေ့ကြုံလာလျှင် မဖြုံတမ်းပေါ့၊ မတုန်စမ်းနဲ့ စိတ်ခိုင်ကွယ်။
မင်္ဂလာကို လက်တွေ့ကျင့်လို့၊ ရှေ့သို့တစ်ဆင့် တက်ရမယ်။

ဦ မိမိအကျိုး တိုင်းပြည်ကျိုး၊ သယ်ပိုးရွက်ဆောင်ကွယ်။
အဲဒါကြောင့် လောကဓံတရား တွေ့ကြုံငြား၊ စိတ်ထားခိုင်မာ မင်္ဂလာကွယ်။

''မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ''

မွေ့မျှော်ဟာစာစောင်၊ အတွဲ(၇)-အမှတ်(၁၁)၊ အတွဲ(၇၅)အမှတ်(၁၂)

http://www.dhammadownload.com

Ko Oo'F/46-A

http://www.dhammadownload.com

ဒီနေ့ ကဆုန်လပြည့်နေ့ဟာ သာသနာတော်နှစ် နှစ်ပတ်လည်တဲ့ နေ့ပဲ ဖြစ်ပါတယ်၊ ခုဆိုရင် သာသနာတော်နှစ် ၂၅၃၃–ခု ဖြစ်သွားပါပြီ၊ ဆရာတို့ သင်တန်းလည်း ၃၆–ပတ် ရှိသွားပြီဖြစ်လို့ ၃၈–ဖြာ မင်္ဂလာပြည့်ရန် နှစ်ပတ်ပဲ ကျန်ပါတော့တယ်၊ ဝါဆိုလပြည့်နေ့ကျရင် ဒီသင်တန်း ပြီးဆုံးပါမယ်၊ အချို့ သင်တန်းသူ သင်တန်းသားများက ဒီသင်တန်း ပြီးဆုံးသွားရင် စုပေါင်းစာအုပ် ရိုက်ဖို့ တောင်းဆိုကြပါတယ်၊ ဆရာလည်း ရည်ရွယ်ရင်း ရှိပါတယ်၊ စာအုပ် သီးခြား ရိုက်နှိပ်ဖို့အတွက် အချောသတ် ထပ်ကိုင်ဖို့တောင် အချိန်မရတာနဲ့ ခုအထိ ဘာမှ မပြင်ဆင်ရသေး ဖြစ်နေပါတယ်၊ စာအုပ်အဖြစ် ပို့ဆောင်တဲ့ အခါမှာ ပိုပြီးကောင်းအောင် ကြိုးစားပေးဖို့ ဆန္ဒရှိပါတယ်၊ အပို အလိုကလေး တွေ ဖြည့်စွက် ပြင်ဆင်ပြီး သပ်သပ်ရပ်ရပ်ဖြစ်အောင် နည်းနည်းတော့ အချိန် ယူရပါမယ်၊ ဒါပေမယ့် အခုလာမယ့် ဝါတွင်းမှာတော့ ဒီသင်တန်းကို စာအုပ် အဖြစ်ရောက်အောင် ပို့ဆောင်ပေးပါ့မယ်ဆိုတာကို မကြာမကြာ တောင့်တ မျှော် လင့်နေရှာကြတဲ့ ပုဂ္ဂိုလ်များကို လေးလေးစားစား ကတိပြုပါတယ်၊ ဒီသင်တန်း ရဲ့ ရည်ရွယ်ချက်အတိုင်း မင်္ဂလာတရားတော်တွေကို ကာယကံမြောက် လက်တွေ့ ကျင့်သုံးသူတွေ ဆတက်ထမ်းပိုး တိုးပွားကြပါစေလို့ သာသနာတော် နှစ်အကူး မှာ အထူး ဆုတောင်းလိုက်ပါတယ်။

ကဲ ။ သင်တန်းစကြပါစို့။

http://www.dhammadownload.com

၃၆။ အသောကံ

(အရဟတ္တဇိုလ်ကို မျက်မှောက်ပြုရေးမင်္ဂလာ)

''မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ''

လောကုတ္တရာ အကျိုးမင်္ဂလာများဟာ တစ်ခုနဲ့တစ်ခု သဘောသွားချင်း သိပ်မဝေးတဲ့အတွက် ပြောကွက် သိပ်မရှိလှပါဘူး။ တစ်ခုနဲ့ တစ်ခု ဆက်ပြောလိုက်ရင် အလွယ်ကလေး ဖြစ်ပါတယ်၊ ဇာတ်လမ်းအနေနဲ့လည်း တစ်ခုတည်းနဲ့ ပြီးနိုင်ပါတယ်၊ ဒါပေမယ့် သင်တန်းကို မကျော်ရအောင် တစ်ပတ် တစ်မင်္ဂလာကိုတော့ ကြိုးစားပြီး မှတ်သားကြဖို့ တိုက်တွန်းလိုပါတယ်။

ရဟန္တာအရှင်မြတ်ကြီးတို့ရဲ့ စိတ်တော်ဟာ လောကဓံတရား ရှစ်ပါးနဲ့ တွေ့ကြုံလာတဲ့အခါမှာ ကျောက်တိုင်ကြီးများလို ကြံ့ကြံ့ ခံနိုင်တော်မူကြသလို စိုးရိမ် ပူဆွေး ငိုကြွေး တမ်းတ သောကဖြစ်စရာများနဲ့ ကြုံတွေ့လာတဲ့အခါမှာလည်း သောကချုပ်ငြိမ်း အပူဇာတ်သိမ်းနိုင်ကြပုံကို ဆက်လက် ညွှန်ပြလိုတဲ့အတွက် 'အသောကံ'လို့ မိန့်တော်မူပါတယ်၊ သောက ကင်းငြိမ်း အပူဇာတ်သိမ်းခြင်းဟာလည်း မင်္ဂလာတစ်ပါးပါပဲလို့ ဆိုပါတယ်၊ ဒီ မင်္ဂလာတွေရဲ့ တကယ့် တရားကိုယ်အစစ်တွေကတော့ အာသဝေါ ကင်းကွာပြီးတဲ့ ရဟန္တာအရှင်မြတ်ကြီးတို့ရဲ့ စိတ်တော်သာ ဖြစ်ပါတယ်၊ အာသဝေါ ကင်းမှလည်း သောက ကင်းပါတယ်၊ သောကကင်းမှလည်း ဒီမင်္ဂလာမြောက်ပါတယ်။

http://www.dhammadownload.com

ဒီနေရာမှာ 'သောကအကြောင်း' သိဖို့ လိုလာပါတယ်၊ သောကဆိုတာ မြန်မာလိုတော့ ''စိုးရိမ်မှု''လို့ ခေါ်ပါတယ်၊ အဘိဓမ္မာ တရားကိုယ်ကတော့ ဒေါမနဿဝေဒနာ စေတသိက် ဖြစ်ပါတယ်၊ မောင်မယ်တို့ ဘုရားရှိခိုးထဲမှာ ပါတဲ့ ဗျသနတရား ငါးပါးနဲ့ တွေ့ကြုံတဲ့အခါမှာ ဒီ စိုးရိမ်မှု သောကဟာ ဖြစ်ရစမြဲပါပဲ၊ ဗျသနတရား ငါးပါးကော အလွတ်ရကြရဲ့လား၊ ပိုပြီး မှတ်မိအောင် ထပ်ပြောပေးပါမယ်။

၁။ **ဉာတိဗျသန** – ဆွေမျိုးဉာတိများ ပျက်စီးခြင်း၊

၂။ **ဘောဂဗျသန** – စည်းစိမ်ဥစ္စာများ ပျက်စီးခြင်း၊

၃။ **ရောဂဗျသန** – အနာရောဂါ ဖြစ်ပြီး ပျက်စီးခြင်း၊

၄။ **ဒိဋ္ဌိဗျသန** – အယူအဆ မှားယွင်း ပျက်စီးခြင်း၊

၅။ **သီလဗျသန** – ကိုယ်ကျင့်တရား ပျက်စီးခြင်း၊

အဲဒါကို ဗျသနတရား ငါးပါးလို့ ခေါ်ပါတယ်၊ ရဟန္တာအရှင်မြတ်ကြီးများမှာ ရှေ့သုံးပါးနဲ့သာ တွေ့ကြုံနိုင်ပြီးနောက် နှစ်ပါးနဲ့ကတော့ ဘယ်တော့မှ မကြုံရတော့ပါဘူး၊ ရဟန္တာမပြောနဲ့ သောတာပန်တွေတောင် မိစ္ဆာဒိဋ္ဌိ (အယူမှားခြင်း)၊ သီလပျက်ခြင်းများ မရှိတော့ပါဘူး၊ ဒီ ဗျသနဆိုတဲ့ ပျက်စီးခြင်းတရား ငါးပါးမှာလည်း ဉာတိ, ဘောဂ, ရောဂ ဆိုတဲ့ ဗျသန သုံးပါးကတော့ ပစ္စုပ္ပန်ဘဝမှာ စောင့်ရှောက်မှု ချွတ်ယွင်းအားနည်းမှုကြောင့် ပျက်စီးရခြင်းထက် အတိတ်ကံ အကျိုးပေးနဲ့ အများဆုံး သက်ဆိုင်ပါတယ်၊ ဒီ သုံးပါးကိုတော့ **ကိုယ်မပိုင်တဲ့တရား**တွေလို့ နှလုံးသွင်းပြီး ဉာတိ,ဘောဂ,ရောဂဗျသနဆိုတဲ့ ပျက်စီးခြင်း ၃–ပါးနဲ့နဲ့ ကြုံလာရင် ခန္တီမင်္ဂလာကို လက်ကိုင်ထားပြီး စိတ်မပူပန်ရအောင် လေ့ကျင့် နှလုံးသွင်းတတ်အောင် ကြိုးစားထားကြရပါမယ်။

ဒိဋ္ဌိဗျသနနဲ့ သီလဗျသန နှစ်ပါးကတော့ သာသနာတော်နဲ့ ကြုံနိုက် ဒီ ဗျသန ၂–ပါးနဲ့ ကြုံတွေ့လာလျှင် ကြုံတွေ့ရခဲတဲ့ ဗုဒ္ဓသာသနာတော်ကြီး အပေါ် ယုံကြည်ချက်–သဒ္ဓါတရားဖြင့် အယူ မမှားအောင်၊ သီလ မပျက်အောင် မိမိ အယူအဆ, ကိုယ်ကျင့်တရားများကို မပျက်စီးရအောင် **ကိုယ်ပိုင်တရား အနေဖြင့်** မိမိကိုယ်တိုင် စောင့်ရှောက်ကြဖို့ အထူး တိုက်တွန်းလိုပါတယ်။

http://www.dhammadownload.com

ဆရာတို့တစ်တွေဟာ လောကဓံ ရှစ်ပါးကြုံလာရင် ကြံ့ကြံ့ခံနိုင်အောင် ကြိုးစားကြသလို ဒီ ဗျသန(ပျက်စီးခြင်း)တရားနဲ့ ကြုံတွေ့လာရင်လည်း ပုထုဇဉ်စတဲ့ ပုဂ္ဂိုလ်များဟာ စိုးရိမ်သောက အနည်းနဲ့အများ ဆိုသလို ထိုက်သလောက် ဖြစ်ကြရပါတယ်၊ ရဟန္တာအရှင်မြတ်ကြီးများကျတော့ ဘယ်လို ပျက်စီးမှုမျိုးနဲ့ကြုံကြုံ တုန်လှုပ်မှု စိုးရိမ်မှု ပူဆွေးမှု မရှိတော့ပါဘူး၊ အဲဒါဟာ အသောကမင်္ဂလာ ဖြစ်ပါတယ်။

ဆရာတော့ စိုးရိမ် ပူဆွေးမှုတွေ ဖြစ်ရတဲ့အခါ စိုးရိမ် ပူပန်မှု ကင်းတဲ့ ဒီ အသောကမင်္ဂလာနဲ့ ပြည့်စုံတော်မူကြတဲ့ ရဟန္တာပုဂ္ဂိုလ်တို့ရဲ့ဘဝကို မှန်းဆပြီး ကြည်ညိုမိပါတယ်၊ **အနန္တသုခ**– အတိုင်းမသိ ချမ်းသာတော်မူပေစွလို့ အားကျမိပါတယ်၊ စိုးရိမ် ပူဆွေးရတယ်ဆိုတာ အင်မတန် ကြီးမားတဲ့ ဆင်းရဲဒုက္ခပဲ၊ အဲဒီ သောကဟာ ဒေါသ မကင်းသေးသမျှ ဘယ်တော့မှ မပျောက်ဘူး၊ သောကဖြစ်တာဟာ ဒေါသက မြစ်ဖျားခံလာခြင်း ဖြစ်ပါတယ်၊ **သောက**– စိုးရိမ်ခြင်း၊ **ပရိဒေဝ**– ငိုကြွေး မြည်တမ်းခြင်း၊ **ဒုက္ခ**– ဆင်းရဲခြင်း၊ **ဒေါမနဿ**– စိတ်နှလုံး မသာယာခြင်း၊ **ဥပါယာသ**– စိတ်နှလုံး ပြင်းစွာ ပူလောင်ခြင်းဆိုတဲ့ တရားတွေဟာ ဒေါသတရားရဲ့ အဖွဲ့ဝင်တွေ ဖြစ်ပါတယ်၊ ဒါက အဘိဓမ္မာသဘောအရ ဖြစ်ပါတယ်၊ ပဋိစ္စသမုပ္ပါဒ်သဘောနဲ့ ပြောရရင် **'ဇာတိပစ္စယာ ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသာ သမ္ဘဝန္တိ'**လို့ ဆိုတဲ့အတိုင်း ပဋိသန္ဓေ နေရခြင်းဆိုတဲ့ ဇာတိတရားကြောင့် ဖြစ်ပေါ်ရတဲ့ ရလဒ်(အကျိုးတရား)တွေ ဖြစ်ပါတယ်၊ ရဟန္တာ အရှင်မြတ်ကြီးများကျတော့ ဒေါသကိုလည်း သတ်၊ ပဋိစ္စသမုပ္ပါဒ်ကိုလည်း ပယ်ဖြတ်ပြီးလို့ ဘာမှ သောက ဖြစ်စရာ မလိုတော့ပါဘူး၊ သောက မရှိရင် မျက်ရည်မကျတော့ပါဘူး။

အမှန်က ဒီလို သောကဖြစ်ရတာဟာ သဘာဝကို သဘာဝအတိုင်း မသိကြလို့ ဖြစ်ကြရတာပါ၊ လောကဆိုတာ အဖြစ်အပျက်ကို ပြောတာမဟုတ်လား၊ ဒါကြောင့် လောကထဲမှာ ရှိသမျှ ပုပုရွရွ ဖြစ်သမျှ သက်ရှိသက်မဲ့ အားလုံးဟာ ဖြစ်ပြီးရင် ပျက်ရမှာပါပဲ၊ ဘယ်လိုမှ တားဆီးလို့ ဝိတ်ပင်လို့ မရပါဘူး၊ ဒီသဘာဝကို သဘာဝအတိုင်း အမှန်အကန် သိမြင်ထားရင် သောက ဖြစ်မှု နည်းပါးသွားနိုင်ပါတယ်၊ ဒါကြောင့် ပျက်စီးမှု ဆုံးရှုံးမှုတွေနဲ့ တွေ့တိုင်း

http://www.dhammadownload.com

ပျက်စီးတတ်တဲ့ သဘာဝမို့ ပျက်စီးဆုံးရှုံးရတယ်လို့ သဘာဝကို မြင်အောင် သုံးသပ်ပြီး သောကကို ဖြေဖျောက်နိုင်အောင် ကြိုးစားကြရမယ်၊ တရား အားထုတ်တယ်ဆိုတာ သဘာဝကို သဘာဝအတိုင်းမြင်အောင် လေ့လာ သုံးသပ်ခြင်း ဖြစ်တယ်ဆိုတာ မောင်မယ်တို့ နားလည်စေချင်ပါတယ်။

လောကဓာတ်ဆိုတဲ့စကားကို နားလည်ကြတယ် မဟုတ်လား၊ လောက ဆိုတာ အဖြစ်အပျက်၊ ဓာတ်(ဓာတု)ဆိုတာက သူ့သဘောသူ ဆောင်တာ နှစ်ခု ပေါင်းလိုက်တော့ '**လောကဓာတ်**ဆိုတာ' အဖြစ်က အဖြစ်သဘောကို ဆောင်တယ်၊ အပျက်က အပျက်သဘောကို ဆောင်တယ်လို့ ဆိုလိုရင်းပါပဲ၊ ဒါကြောင့် '**ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ**' ဖြစ်ပြီးရင် ပျက်ရမယ်ဆိုတဲ့ ဓမ္မသဘာဝကို ယထာဘူတကျကျ သုံးသပ်ပြီး သောက ဖြစ်စရာများနဲ့ ကြုံရင် ရုပ်ပျက် ဆင်းပျက် ဣန္ဒြေမဲ့ မဖြစ်ရလေအောင် ကြိုးစားကြဖို့ သတိပေးပါတယ်၊ ဒါ လောက်ဆိုရင် ဒီမင်္ဂလာသဘော တော်လောက်ပါပြီ၊ ဒီတစ်ပတ် မင်္ဂလာ သင်ခန်းစာအဖြစ် ကဆုန်လပြည့်နေ့နဲ့လည်း ကိုက်ညီအောင် မြတ်စွာဘုရား မာရ်နတ်ရန်ကို အောင်မြင်ပြီး ဘုရားဖြစ်တော်မူခန်းကို ပြောပြပါမယ်၊ ကဲ.. နားထောင်။

ဘုရားဖြစ်တော်မူခန်း

မဟာသက္ကရာဇ် ၁၀၃-ခု၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့ ဖြစ်ပါတယ်၊ အဲဒီနေ့ နံနက်မှာ မြတ်စွာဘုရား အလောင်းတော်ဟာ သုဇာတာ လှူတဲ့ ဃနာနို့ဆွမ်းကို ရွှေခွက်နဲ့တကွ အလှူခံတော်မူပြီး နေရဉ္ဇရာမြစ်ရဲ့ သုပ္ပတိဋ္ဌိတ ဆိပ်ကမ်းမှာ ရေချိုးတော်မူပါတယ်၊ ရေချိုးပြီး နို့ဃနာဆွမ်းကို ၄၉-လုတ် ဘုဉ်းပေးတော်မူပြီး ''**ငါ ယနေ့ ဘုရားအဖြစ်သို့ ရောက်မည်ဆိုပါက ဤ ရွှေခွက်သည် ရေညာသို့ ဆန်တက်ပါစေသတည်း**''ဟု အဓိဋ္ဌာန်ရွှေခွက် မျှောလိုက်ရာ ရွှေခွက်ဟာ ရေညာကို ဆန်တက်သွားပါသတဲ့၊ ဒီအခြင်းအရာကို မြင်ရတော့ အလောင်းတော်မြတ်ဟာ အလွန် စိတ်နှလုံး ချမ်းသာလို့ နေရဉ္ဇရာ မြစ်ရဲ့အနီး အင်ကြင်းတောကြီးမှာ တစ်နေ့လုံး နေ့သန့်စင်တော်မူပြီး ကာယ ဂတာသတိကမ္မဋ္ဌာန်းကို စီးဖြန်းတော်မူပါတယ်၊ ညနေဘက်ကျတော့မှ

http://www.dhammadownload.com

အင်ကြင်းတောကနေပြီး မဟာဗောဓိပင် ရှိရာအရပ်ကို ကြွတဲ့အခါ လမ်းမှာ သောတ္ထိယဆိုတဲ့ မြက်ထမ်းသမားက မြက်ရှစ်ဆုပ်ကို လှူဒါန်းတဲ့အတွက် ကိုင်ဆောင်လာပြီး မဟာဗောဓိပင်ခြေရင်း ရောက်တဲ့အခါမှာ အဲဒီ မြက်ရှစ်ဆုပ်ကို အဓိဋ္ဌာန်ပြုပြီး ကြဲဖြန့်တော်မူလိုက်တာ ပါရမီတော်အဟုန်တို့ကြောင့် အပရာဇိတပလ္လင်ကြီး ပေါ်ပေါက်လာပါတယ်၊ အဲဒီ ပလ္လင်တော်ထက်မှာ 'ဘုရားမဖြစ်သမျှ ငါ မထတော့'' လို့ အဓိဋ္ဌာန် ပြုတော်မူပြီး ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းတော်မူပါတယ်။

အဲဒီအချိန်မှာ မာရ်နတ်မင်းဟာ ရှိရှိသမျှ စစ်သည်ဗိုလ်ပါတွေ စုဆောင်းကာ ပလ္လင်တော် လုယူဖို့ လာပြီး အမျိုးမျိုး ခြိမ်းခြောက်ပါတယ်၊ ဘယ်လိုပဲ ခြိမ်းခြောက်ပေမယ့် စိုးရိမ်သောက ဖြစ်တော်မမူပါဘူး၊ ဒေါသကို အမြစ်က မဖြတ်ရုံတမယ်ပဲ ကျန်တော့တဲ့အပြင် မကြာခင်မှာပဲ ဒီဒေါသကို အရဟတ္တမဂ်ဉာဏ်နဲ့ ပယ်ဖြတ်တော်မူတော့မှာဖြစ်လို့ အလောင်းတော်အဖို့ မာရ်နတ်အတွက်ကြောင့် ဘာမှ သောကရောက်စရာ မရှိတော့ပါဘူး၊ အသောကမင်္ဂလာသရဖူကို မကြာခင် ဆောင်ယူတော်မူတော့မှာမို့ မာရ်နတ် ခြိမ်းခြောက်သမျှကို မေတ္တာစာတ်နဲ့ ခံယူတော်မူပြီး ပါရမီလက်နက်များနဲ့ နေမဝင်မီမှာ မာရ်နတ်ရန်ကို အောင်မြင်တော်မူပါတယ်၊ လူတိုင်း သိပြီးတဲ့ဇာတ်လမ်း ဖြစ်တဲ့အတွက် အကျဉ်းချုံး ပြောပါမယ်။

ဒီနေရာမှာ သတိထားဖို့က မြတ်စွာဘုရား အလောင်းတော်က အဓိဋ္ဌာန်ပြုတော့ ဝသုန္ဒြေမြေစောင့်နတ်သား ပေါ်လာပြီး ဆံပင်ညှစ်ချလိုက်တာ ရေတွေ ဖြစ်ပြီး မာရ်နတ်နဲ့ စစ်သည်ဗိုလ်ပါ အားလုံး ဆံညှစ်ရေကြောမှာ မျောပါကုန်တယ်လို့ ပြောလေ့ပြောထ ရှိကြတဲ့အပြင် သီချင်းတွေလည်း ရေးစပ်ကြပါတယ်၊ ဒါဟာ ဆရာတို့ ထေရဝါဒ ဗုဒ္ဓဘာသာစာပေက လာတဲ့အကြောင်းအရာ မဟုတ်ပါဘူး၊ ဆရာတို့စာပေမှာ အလောင်းတော်က အဓိဋ္ဌာန် ပြုလိုက်တော့ မဟာပထဝီမြေကြီး တုန်လှုပ်ပြီး ရန်သူများ ထွက်ပြေးကုန်ကြတယ်လို့သာ ပါပါတယ်၊ ခုနက အကြောင်းက မြောက်ပိုင်း ဗုဒ္ဓဘာသာ လလိတဝိတ္ထာရသုတ္တန်က လာတဲ့အကြောင်း ဖြစ်ပါတယ်၊ ဒီလို ကွဲကွဲပြားပြား မှတ်သားကြစေလိုပါတယ်။

http://www.dhammadownload.com

နောက်ပြီးတော့ ဒုက္ကရစရိယ ၆–နှစ် ကျင့်နေတုန်းက သိကြားမင်း လာပြီး စောင်းတီး သတိပေးတယ်ဆိုတာကိုလည်း ပြောကြ ဟောကြတဲ့အပြင် သီချင်းရေး ဆရာတွေကလည်း ဒီအကြောင်းကို သိပ် ပုံကြီးချဲ့ကြပါတယ်၊ သုံးလောကထွတ်တင် ပါရမီရှင်ကြီးဟာ သိကြားမင်းက စောင်းကြိုးညှင်းပြီး သတိပေးမှ နားလည်ရတယ်ဆိုတာ စဉ်းစားဖို့ ကောင်းပါတယ်၊ ဒါဟာလည်း ထေရဝါဒ ဗုဒ္ဓဘာသာစာပေက လာတဲ့အကြောင်း မဟုတ်ပါဘူး၊ ခုနပြောတဲ့ လလိတဝိတ္ထာရသုတ္တန်က အကြောင်းပဲ ဖြစ်ပါတယ်၊ အမှားအမှန်ကို ဆရာ မဝေဖန်လိုပါဘူး၊ ကိုယ့်စာပေကလာတဲ့ အကြောင်းအရာ ဟုတ်,မဟုတ်ကို ကွဲကွဲပြားပြား နားလည်ထားကြဖို့ လိုမယ်ထင်လို့ ခုလို စကားစပ်တုန်း ကြား ညှပ်လိုက်ခြင်း ဖြစ်ပါတယ်၊ ကိုယ်ပိုင်ဉာဏ်နဲ့ ချင့်ချိန် ဝေဖန်လက်ခံကြဖို့ပါပဲ၊ ကဲ– ဇာတ်လမ်း ပြန်ဆက်ရအောင်။

အဲဒီလို နေမဝင်မီမှာ မာရ်နတ်ကို အောင်မြင်တော်မူပြီး အလောင်းတော်ဟာ ဘာဝနာတရား ဆက်လက် အားထုတ်တဲ့အခါမှာ သက်ကြီးခေါင်းချဆိုတဲ့ ညဉ့်ဦးယံအချိန်မှာ **ပုဗ္ဗေနိဝါသာနုဿတိဉာဏ်** (ဘဝဟောင်းများကို ပြန်ပြောင်း မြင်နိုင်သောဉာဏ်)တော်ကြီးကို ရတော်မူပါတယ်၊ သန်းခေါင် ကြက်တွန်ချိန် သန်းခေါင်ယံအချိန်မှာတော့ **ဒိဗ္ဗစက္ခုဉာဏ်** (နတ်မျက်စိတို့ထက် အဆပေါင်း ရာထောင် သာလွန်ပြီး အရာရာကို ဖောက်ထွင်း မြင်နိုင်စွမ်းရှိတဲ့ဉာဏ်)တော် ကြီးကို ရတော်မူပါတယ်၊ လင်းကြက်တွန်ချိန် အရုဏ်တက်ချိန်မှာတော့ **အာသဝက္ခယဉာဏ်** (အာသဝေါ ကုန်ခန်းတဲ့ဉာဏ်)တော်ကြီးကို လက်ရပိုင်ပိုင် ရရှိတော်မူပြီး လောဘ ဒေါသနဲ့ မောဟ စတဲ့ ကိလေသာ ရန်သူပုန်တွေကို အရဟတ္တမဂ် ဉာဏ်လက်နက်ကြီးနဲ့ နုပ်နုပ်စင်း ပယ်ဖျက်ခုတ်ထွင် သုတ်သင် တော်မူကာ (အသောကမင်္ဂလာ သရဖူကို ဆောင်ယူတော်မူပြီး) ဘုရားအဖြစ် သို့ ရောက်ရှိတော်မူပါတယ်။

အဲဒီ ဘုရားဖြစ်တော်မူတဲ့ နေ့ရက်ကိုလည်း သတိထားဖို့ လိုတယ်ကွယ့်၊ အခု အများ ထင်နေကြတာက အလောင်းတော်ဟာ ကဆုန်လဆန်း ၁၄– ရက်နေ့ နေမဝင်မီမှာ မာရ်နတ်ရန်ကို အောင်ပြီး လပြည့်နေ့ နံနက် အရုဏ် တက်မှာ ဘုရားဖြစ်တယ်လို့ မှတ်ယူနေကြပါတယ်၊ အမှန်က ဒီလို မဟုတ်ပါ

http://www.dhammadownload.com

ဘူး၊ ကဆုန်လပြည့်နေ့ကနေ လပြည့်ကျော် ၁–ရက်ကို ကူးတော့မယ့် (ကဆုန်လပြည့်နေ့ နံနက် အရုဏ်တက်ချိန်မှာ) ဘုရားအဖြစ်သို့ ရောက်ခြင်း ဖြစ်ပါတယ်၊ ဒါကြောင့် ဇိနတ္ထမှာ ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီးက–

> ''**မဟာသက္ကရာဇ် ၁၀၃–ခု၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့အကုန် နေအရုဏ်တက်သည်နှင့် တစ်ပြိုင်နက် စန်းနှင့် ဝိသာခါနက္ခတ်ယှဉ်ကြုံသည့်အချိန်၌ ဘုရားအဖြစ်သို့ ရောက်တော်မူ၍ 'အနေကဇာတိ သံသာရံ' စသော ဥဒါန်းကို ကျူးတော်မူ၏**'လို့

တိတိကျကျ မိန့်ဆိုထားပါတယ်။

ဒါကြောင့် ဗုဒ္ဓဖြစ်တဲ့နေ့၊ ဗုဒ္ဓဖြစ်တဲ့အချိန်များကို ကျမ်းဂန်လာအတိုင်း တိတိကျကျ မှတ်သားကြစေလိုပါတယ်၊ ကဲ . . တော်ကြဦးစို့။

သောကကင်းလို့ ငြိမ်းစေကွယ်

ဗျာသနခေါ် ပျက်စီးခြင်းသို့၊ တွေ့ကြုံကြရ များလှရယ်။
စိုးရိမ်ပူပန် ငိုကြွေးမှုနဲ့၊ ဒုက္ခခပ်သိမ်း ကြုံရမယ်။

ရဟန္တာထေရ် အရှင်မြတ်လို၊ သောကကင်းလို့ ငြိမ်းစေကွယ်။
မင်္ဂလာကို လက်တွေ့ကျင့်လို့၊ ရှေ့သို့တစ်ဆင့် တက်ရမယ်။

မိမိအကျိုး တိုင်းပြည်ကျိုး၊ သယ်ပိုး ရွက်ဆောင်ကွယ်။
အဲဒါကြောင့် သောကကင်းငြိမ်း အပူဇာတ်သိမ်း၊
အေးငြိမ်းချမ်းသာ မင်္ဂလာကွယ်။

''မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ''

မွေ့ဗျူဟာစာစောင်၊ အတွဲ(၇)–အမှတ်(၁၂)၊ အတွဲ(၃၆)အမှတ်(၁)

Ko Oo'F/47-A

http://www.dhammadownload.com



http://www.dhammadownload.com

မောင်မယ်တို့လည်း ကျောင်းများ ပြန်ဖွင့်လို့ လွယ်အိတ်ကိုယ်စီနဲ့ ကျောင်းတက်နေကြရပြီ၊ "**ပထမအရွယ် ပညာ**" ဆိုတဲ့ စကားအတိုင်း ဒီအချိန် ဒီအရွယ်မှာ နံပါတ် ၁– ဦးစားပေးရမှာကတော့ ပညာရေးပဲ ဖြစ်ပါတယ်၊ "**ပညာတတ်လျှင်၊ ကြံအောင်မြင်၊ တွင်တွင်ဥစ္စာရ**"ဆိုတဲ့အတိုင်း ပညာတတ်ရင် "**ဒုတိယအရွယ်ဥစ္စာ**"အတွက်လည်း စိတ်အေးရတော့တာပါပဲ၊ ပစ္စည်းဥစ္စာအတွက် စိတ်ချရရင် လူမှုရေး ကုသိုလ်ရေး စသည်တို့မှာ အင်တိုက်အားတိုက် ဆောင်ရွက်နိုင်တော့တဲ့အတွက် လူ့ဘဝတစ်သက်တာမှာ အရေးကြီးဆုံး "မိန်း"ကတော့ ပထမအရွယ်မှာ ပညာရေး ပြည့်စုံဖို့ပဲ ဖြစ်ပါတယ်၊ ဒါကြောင့် ဘယ်လိုတန်ဖိုးနဲ့မှ လဲယူလို့ မရနိုင်တဲ့ "အချိန်အခါ"ကို တန်ဖိုးရှိရှိ အသုံးချသွားတတ်ကြဖို့ သတိပေးလိုပါတယ်၊ နောက်တစ်ပတ်ဆိုရင် မင်္ဂလာ ၃၈–ပါး ပြည့်တော့မှာမို့ ဒီသင်တန်းကိုလည်း မပျက်မကွက် ကြိုးစားကြဖို့ တိုက်တွန်းလိုပါတယ်၊ မင်္ဂလာတရားများကို ကာယကံမြောက် လက်တွေ့ ကျင့်သုံးကြပြီး မောင်မယ်တို့တစ်တွေ မိမိအကျိုး,တိုင်းပြည်အကျိုးများကို သယ်ပိုးနိုင်ကြပါစေလို့ ဆရာ ဆန္ဒပြုနေပါတယ်။

ကဲ သင်တန်းစကြပါစို့ ..။

http://www.dhammadownload.com

၃၇။ ဝိရင်

(ကိလေသာအညစ်အကြေး ကင်းစင်ရေးမင်္ဂလာ)

"မင်္ဂလာအပေါင်းနဲ့ ပြည့်စုံတော်မူကြပါစေ"

ကိလေသာ အာသဝေါ ကင်းသွားပြီးတဲ့ ရဟန္တာအရှင်မြတ်ကြီးများဟာ လောကဓံနဲ့ ကြုံတွေ့ရင်လည်း တုန်လှုပ်မှု မရှိဘူး၊ စိုးရိမ် ပူဆွေးစရာတွေနဲ့ ကြုံလည်း သောကမဖြစ်ဘူး၊ အဲဒီလို တုန်လှုပ် ချောက်ချားမှု ကင်းခြင်း၊ စိုးရိမ်သောက ကင်းခြင်းများဟာ အလွန့်အလွန် ကောင်းခြင်းမင်္ဂလာများ ဖြစ်သလို လောဘ ဒေါသ မောဟစတဲ့ ကိလေသာ မြူအညစ်အကြေးတွေ ကင်းဝေးရခြင်းဟာလည်း မင်္ဂလာတစ်ပါးပါပဲလို့ ညွှန်ပြလိုတဲ့အတွက် "**ဝိရဇံ**" လို့ ဆက်လက် ညွှန်ပြတော်မူပါတယ်၊ ဒီမင်္ဂလာများဟာ လောကုတ္တရာ မင်္ဂလာများ ဖြစ်တဲ့အတွက် ကိုယ်နဲ့ မဆိုင်သလို သဘောမထားသင့်ကြပါဘူး၊ လောကမှာ ကြီးပွားတိုးတက်ရေးအတွက် ကိုယ့်ထက် သာလွန် မြင့်မြတ်တဲ့ ပုဂ္ဂိုလ်ကျော်ကြီးများကို "**စံ**"ထားပြီး လေ့လာခြင်းဟာ အင်မတန် ထိရောက်တဲ့ သင်ခန်းစာတွေကို လက်တွေ့ရပါတယ်၊ ဥပမာ– ဆရာတို့ မြန်မာရာဇဝင်မှာ ထင်ရှားခဲ့တဲ့ အနော်ရထာ၊ တပင်ရွှေထီး၊ အလောင်းမင်းတရားတို့ အကြောင်း တွေကို လေ့လာ သုံးသပ်ရင် သူတို့ရဲ့ အတုယူဖွယ်ကောင်းတဲ့ အချက်အလက် တွေကို သင်ခန်းစာရတဲ့အပြင် သူတို့ရဲ့ မျိုးချစ်စိတ်ဓာတ်များဟာလည်း ကိုယ့် အပေါ် တန်ပြန်ဟပ်ပြီး ကိုယ့်စိတ်ဓာတ်တွေပါ နိုးကြား တက်ကြွလာပါတယ်။

http://www.dhammadownload.com

လောကုတ္တရာ မင်္ဂလာများကို လေ့လာတဲ့အခါမှာလည်း ဒီသဘောကို နားလည်ရပါမယ်၊ ရဟန္တာအရှင်မြတ်ကြီးများရဲ့ လောကဓံကို ခံနိုင်တော်မူပုံ၊ စိုးရိမ်သောက ပူပန်မှုတွေကို တွန်းလှန် ဖြိုဖျက်တော်မူပုံ၊ လောဘ ဒေါသ မောဟ တရားဆိုးများကို တားဆီးတော်မူပုံများကို ''စံ''ထားပြီး လေ့လာ အတုယူပါက မောင်မယ်တို့မှာ ဒီစိတ်ဓာတ်တွေ ဒီသဘောတရားတွေ တန်ပြန် ဟပ်ပြီး တိုးတက်လာနိုင်ပါတယ်၊ ဒါကြောင့် ကြီးပွား တိုးတက်ချင်ရင် လောကီ လောကုတ္တရာဘက်မှာ နမူနာယူလောက်တဲ့ ပုဂ္ဂိုလ်ကြီးတွေရဲ့ အကြောင်းတွေ ကို များများဖတ်ပြီး များများ သင်ခန်းစာ ထုတ်ယူတတ်ရပါမယ်၊ အဲဒီလို သင်ခန်းစာယူပြီးတဲ့အခါလည်း သဘောတရားအဖြစ်မှာသာ မထားဘဲ အလှည့် သင့်လို့ ကြုံကြိုက်လာရင် လက်တွေ့အဖြစ် ကျင့်သုံးရပါမယ်၊ ဒါမှလည်း **ဗာဟုသစ္စဉ္စ**– စာတွေ့ ဗဟုသုတတွေလည်း ရှိရမယ်၊ **သိပ္ပဉ္စ**– လက်တွေ့ လည်း ကျင့်သုံးရမယ်ဆိုတဲ့ မင်္ဂလာညွှန်ကြားချက်နဲ့ ကိုက်ညီမှာပေါ့၊ သဘော တရားကို လက်တွေ့နဲ့ ပေါင်းစပ်နိုင်မှ လူတော်လို့ ခေါ်နိုင်ပါတယ်။

ဝိရဇမင်္ဂလာအကြောင်း ဆက်ကြရအောင် ... **ရဇ**–ဆိုတာက မြူ အညစ်အကြေး၊ **ဝိ**–ဆိုတာက ကင်းရှင်းတယ်လို့ အဓိပ္ပာယ်ရပါတယ်၊ နှစ်ခု ပေါင်းလိုက်တော့ မြူအညစ်အကြေး ကင်းရှင်းတာကို ''**ဝိရဇ**''လို့ ခေါ်ပါတယ်၊ လောကုတ္တရာဆိုတာ စိတ်ပိုင်းဆိုင်ရာ ဖြစ်တဲ့အတွက် အညစ်အကြေးဆိုတဲ့ နေရာမှာ စိတ်ရဲ့အညစ်အကြေးကိုသာ ဆိုလိုပါတယ်။

စိတ်ရဲ့အညစ်အကြေး ဆိုတာက အကျဉ်းအားဖြင့်တော့ လောဘ ဒေါသ မောဟ တရားသုံးပါးပါပဲ၊ ပကတိစိတ်ဟာ ရေနဲ့တူပါတယ်၊ ရေဟာ အေးမြ ခြင်း ကြည်လင်ခြင်း သဘောကို ဆောင်ပါတယ်၊ ပကတိစိတ်ဟာလည်း အေးမြ ကြည်လင်တဲ့သဘော ရှိပါတယ်၊ ဒါပေမယ့် ရေထဲကို အနီရောင် ထည့်ရင် ရေဟာ နီသွားပါတယ်၊ အပြာရောင်ထည့်ရင် ပြာသွားပါတယ်၊ စိတ်ဟာလည်း ဒီသဘောအတိုင်းပါပဲ၊ လောဘနဲ့ယှဉ်ရင် လောဘစိတ် ဖြစ်သွားပါတယ်၊ ဒေါသ နဲ့ယှဉ်ရင် ဒေါသစိတ် ဖြစ်သွားပါတယ်၊ မောဟနဲ့ယှဉ်ရင် မောဟစိတ် ဖြစ်သွား ပါတယ်၊ ရေထဲက အညစ်အကြေးတွေ ပျောက်သွားရင် ရေဟာ ရေသဘော

http://www.dhammadownload.com

အတိုင်း အေးမြ ကြည်လင်သလို စိတ်ထဲက အညစ်အကြေးတွေ ကင်းရှင်းသွားရင်လည်း စိတ်ဟာ စိတ်သဘောအတိုင်း အေးမြ ကြည်လင်ပါတယ်။

ရေထဲက အညစ်အကြေးတွေ အနည်ထိုင်သွားအောင် ကျောက်ချဉ် ထည့်ပေးရသလို စိတ်အညစ်အကြေးတွေ ကင်းရှင်းသွားအောင် တရား အားထုတ်ပေးရပါတယ်၊ ရေထဲကို ကျောက်ချဉ်ထည့်လိုက်တဲ့အခါ အညစ်အကြေးတွေ အနယ်ထိုင်ပြီး ရေဟာ ကြည်လင် အေးမြလာတဲ့အတွက် ရေထဲမှာရှိတဲ့ အရာဝတ္ထု မှန်သမျှကို ထင်းထင်းလင်းလင်းကြီး သိမြင်နိုင်သလို တရား အားထုတ်တဲ့အခါမှာ လောဘ ဒေါသ မောဟ ဆိုတဲ့ စိတ်အညစ်အကြေး တွေဟာ အနည်ထိုင်ပြီး နောက်ဆုံးမှာ လုံးလုံး ပျောက်ကင်းသွားတဲ့အခါ ဘာမှ အညစ်အကြေး မရှိတော့တဲ့အတွက် စိတ်သဘောအတိုင်း အေးမြ ကြည်လင်ပြီး သိမြင်စရာအဝဝကို ယထာဘူတကျကျ သိမြင်ပါတော့တယ်၊ အမှတ်လွဲမှု- **သညာဝိပ္ပလ္လာသ**၊ စိတ်ဖောက်ပြန်မှု- **စိတ္တဝိပ္ပလ္လာသ**၊ အယူ အဆလွဲမှားမှု- **ဒိဋ္ဌိဝိပ္ပလ္လာသ**တွေ ကင်းရှင်းသွားပါတယ်၊ အဲဒီ ဝိပ္ပလ္လာသ တရား (ဖောက်ပြန်မှု)တွေ ကင်းရှင်းသွားခြင်း၊ လောဘ ဒေါသ မောဟများ ကင်းရှင်းသွားခြင်းကို "ဝိရဇ" မင်္ဂလာလို့ ခေါ်ပါတယ်၊ စိတ်ဓာတ် ကြည်လင် သန့်ရှင်းပြီး အရာရာတိုင်းကို အတွင်းစွဲကင်းစွာ ယထာဘူတကျကျ မြင်စွမ်းနိုင် တော်မူတဲ့ ဒီ ဝိရဇမင်္ဂလာနဲ့ ပြည့်စုံတော်မူကြတဲ့ ရဟန္တာအရှင်မြတ်ကြီးတို့ရဲ့ စိတ်တော်ကို မှန်းမျှော်ကြည်ညိုပြီး ဆရာတို့တစ်တွေ အတုယူကြရပါမယ်။

ဒီမင်္ဂလာနဲ့ ပတ်သက်ပြီး စိတ်အညစ်အကြေးဖြစ်တဲ့ လောဘ ဒေါသ မောဟ တရားများကို မောင်မယ်တို့ စမ်းဝါးမိအောင် နည်းနည်း ပြောပြဦးမယ်၊ အဲဒီ သုံးပါးထဲမှာ မောဟဟာ တရားခံပဲ၊ မောဟက ဘာနဲ့တူလဲဆိုတော့ မျက်မှန်စိမ်းနဲ့ တူတယ်၊ ရှေးအခါက စစ်မြေပြင်မှာ ဝန်ထမ်းရတဲ့ မြင်းတွေကို မြက်အစို (မြက်အစိမ်း) မရှိတဲ့နေရာမှာ မျက်ခြောက်တွေကို မြက်စိမ်းထင်ပြီး စားအောင် မျက်မှန်စိမ်း တပ်ပေးရသတဲ့၊ မျက်မှန်စိမ်းတပ်ထားတဲ့ မြင်းတွေ ဟာ မြက်ခြောက်တွေကို မြက်စိမ်းတွေထင်ပြီး စားကြသတဲ့၊ မောဟဟာလည်း ဒီသဘောအတိုင်းပဲ၊ သတ္တဝါတွေကို အမှန်တရားမမြင်နိုင်အောင် ဖုံးကွယ်

http://www.dhammadownload.com

ထားတယ်၊ ဒါကြောင့် မျက်မှန်စိမ်းနဲ့တူတယ်လို့ ဥပမာပြုကြတယ်၊ မျက်မှန်စိမ်း တတ်ထားတဲ့ မြင်းဟာ မြက်ခြောက်မှန်း၊ မြက်စိမ်းမှန်း မခွဲခြားတတ်တော့သလို မောဟမျက်မှန်စိမ်း တပ်ထားတဲ့ သတ္တဝါတွေဟာလည်း အမှားအမှန် မခွဲခြား တတ်တော့ဘဲ လောဘထွက်စရာရှိရင် အစွမ်းကုန် ထွက်ကြတယ်၊ သူ့ဥစ္စာ ကိုယ့်ဥစ္စာ မျှမျှတတ မရှိ၊ ကိုယ်ချင်းစာတရား မထား၊ လုစရာရှိလု၊ ယက်စရာ ရှိယက်၊ သတ်စရာရှိသတ်၊ ဖြတ်စရာရှိဖြတ် ဖြစ်ကုန်ကြတော့တယ်။

မျက်မှောက်ကမ္ဘာမှာ စီးပွားရေးနယ်ချဲ့မှု၊ လူမျိုးရေးနယ်ချဲ့မှု စသည်တို့ ဟာ လောဘအကြောင်းခံပြီး ဖြစ်ပေါ်လာတဲ့ လောဘနယ်ချဲ့မှုတွေ ဖြစ်တယ်၊ လောဘနဲ့ ဒေါသဟာ အမြွာပူးညီအစ်ကိုပဲ၊ လောဘဖြစ်ရင် ဒေါသက နောက် ကျောနားမှာ ကပ်နေတယ်၊ ဒါကြောင့် စစ်ရေးနယ်ချဲ့ ခြိမ်းခြောက်မှုကြီးတွေ ဟာလည်း မျက်မှောက်ကမ္ဘာမှာ မပြတ် ဖြစ်နေတယ် မဟုတ်လား၊ ဒါကို လက်သည်ရှာရင် မှိုင်းတိုက်ပြီး အမှန်တရားကို မမြင်နိုင်အောင် ဖုံးကွယ်ထား တဲ့ မောဟကို တွေ့ရလိမ့်မယ်၊ လောဘ ဒေါသ မောဟဆိုတဲ့ စကားသုံးလုံး ဟာ ကြားရဖန်များလို့ ရိုးနေတယ် ထင်ရပေမယ့် စေ့စေ့စပ်စပ် တွေးကြည့်ရင် အင်မတန် ကြောက်စရာကောင်းတဲ့ နယ်ချဲ့ကောင်ကြီးများ ဖြစ်တယ်၊ မျက် မှောက် နယ်ချဲ့တင် မရပ်ဘဲ သံသရာ နယ်ချဲ့ရေးလုပ်ငန်းတွေကိုပါ မပြတ် လုပ်ဆောင်နေကြတယ်၊ နေ့စဉ်မပြတ် တွေ့ကြုံ ခံစား သိမြင်နေရတဲ့ စိတ် မချမ်းသာမှုရလဒ် မှန်သမျှဟာလည်း ဒီတရားခံကြီး သုံးကောင်ကြောင့်သာ ဖြစ်တယ်ဆိုတာကို ကိုယ့်ကိုယ်ကို သုံးသပ်ပြီးကြည့်ရင် သိနိုင်ပါတယ်၊ ပုထုဇဉ် ဆိုတော့ ဒီတရားသုံးပါးနဲ့တော့ ဘယ်နည်းနဲ့မှ မကင်းကွာနိုင်ဘူး၊ ဒါပေမယ့် တစ်ဖက်စွန်းရောက်တဲ့ လောဘ၊ တစ်ဖက်စွန်းရောက်တဲ့ ဒေါသ၊ တစ်ဖက်စွန်း ရောက်တဲ့ မောဟများ မဖြစ်ရအောင် ဝိရဇမင်္ဂလာနဲ့ ပြည့်စုံတော်မူကြတဲ့ ရဟန္တာအရှင်မြတ်တို့ရဲ့ စိတ်ဓာတ်များကို အတုထားပြီး ကြိုးစားကြရပါမယ်။

ဗုဒ္ဓမြတ်စွာရဲ့ ဓမ္မသတ်ကတော့ လောဘနဲ့သေရင် ပြိတ္တာ၊ ဒေါသနဲ့ သေရင် ငရဲ၊ မောဟနဲ့သေရင် တိရစ္ဆာန်နဲ့ အသူရကာယ်လို့ ဆုံးဖြတ်ချက် ချထားပါတယ်၊ မျက်မြင်မှာဆိုလည်း စီးပွားရေး သောင်းကျန်းမှု (လောဘ)၊

http://www.dhammadownload.com

ဓော်ကားရမ်းကား လက်ရောက်ကျူးလွန်မှု(ဒေါသ)၊ မိုက်မဲတွေဝေမှု (မောဟ) တို့ဟာ ဖြစ်မှုအလိုက် ပုဒ်မ,မသေးဘူးဆိုတာ တွေ့ရပါလိမ့်မယ်၊ ဒါကြောင့် ပစ္စုပ္ပန်မှာရော တမလွန်မှာရော ကောင်းကျိုးမပေးတဲ့ ဒီ လောဘ ဒေါသ မောဟ တရားများကို နည်းပါးနိုင်သမျှ နည်းပါးအောင် ချုပ်တည်းမှုအမျိုးမျိုးနဲ့ တားဆီးပေးရပါတယ်၊ သူတို့ကို အကောင်းဆုံး တားဆီးပေးနိုင်တဲ့ တရားများ ကတော့ သမထ,ဝိပဿနာ ဘာဝနာတရားများ ဖြစ်ပါတယ်၊ လူကြီးများအဖို့ ဘာဝနာတရားများကို ကာယကံမြောက် ကျင့်သုံးရန် လွယ်ကူသော်လည်း လူငယ်များအနေနဲ့ သိပ်မလွယ်ကူသေးတဲ့အတွက် ကြိုတင် ကြိုးစားမှုအနေနဲ့ လောဘ ဒေါသ မောဟ ခေါင်းပါးစေမယ့် စာပေများ လုပ်ငန်းများ မြင်ကွင်းများ စသည်ကို မှတ်သားလုပ်ကိုင် ကြည့်ရှု သင့်ပါတယ်၊ လောဘ ဒေါသ မောဟ တိုးပွားမယ့် စာပေ,လုပ်ငန်း,မြင်ကွင်း စသည်တို့ကို လျော့ပါးနိုင်သမျှ လျော့ ပါးအောင် ကြိုးစား ရှောင်ကြဉ်သင့်ပါတယ်၊ အကောင်းဆုံးကတော့ မောင်မယ် တို့အရွယ်မှာ ကျောင်းစာကို အဓိကထားပြီး ကြိုးစား သင်ယူခြင်းဖြင့် မကောင်း တဲ့ လောဘ ဒေါသ မောဟများ ခေါင်းမထောင်အောင် ဖိထားသင့်ပါတယ်။

ဒါလောက်ဆိုရင် ဝိရဇမင်္ဂလာအတွက် ကျေနပ်လောက်ပါပြီ၊ ဒီတစ်ပတ် မင်္ဂလာသင်ခန်းစာ ဇာတ်လမ်းကိုလည်း ဗုဒ္ဓဝင်ဇာတ်လမ်းကိုပဲ ဆက်လက် ပြောပြပါမယ်၊ တစ်ချက်ခုတ် နှစ်ချက်ပြတ်သဘောနဲ့ နောက်ပိုင်းမှာ ဗုဒ္ဓဝင် ဇာတ်လမ်းများကို စီစဉ်ပေးခြင်းဖြစ်ပါတယ်၊ ကဲ–နားထောင်။

ဓာရိနတ်သမီးများ ဖြားယောင်းခန်း

ယခင်လ မင်္ဂလာဇာတ်လမ်းမှာ အလောင်းတော်မြတ်ဟာ သဗ္ဗညုဗုဒ္ဓ အဖြစ်သို့ ရောက်တော်မူပြီး မာရ်ငါးပါးကို အောင်တော်မူသွားပါပြီ၊ အဲဒီလို ဘုရား ဖြစ်တော်မူပြီးတဲ့နောက် မဟာဗောဓိပင်ရဲ့ ပတ်ဝန်းကျင်မှာ သတ္တ သတ္တာဟ (၄၉)ရက် စံပယ်တော်မူပါတယ်၊ မြတ်စွာဘုရားသခင်ဟာ ဘုရားဖြစ် တော်မူပြီးတဲ့အခါ ပဋိစ္စသမုပ္ပါဒ်ကို အနုလုံပဋိလုံ (အပြန်အလှန်) အကြိမ် ပေါင်းများစွာ သုံးသပ်တော်မူပြီး ကုဋ္ဌေတစ်သိန်းမကတဲ့ ဖလသမာပတ်တွေကို ဝင်စားတော်မူကာ နတ်ဗြဟ္မာတို့ရဲ့ ပူဇော်မှုကို ခံယူတော်မူပြီး အဲဒီ ဗောဓိပင်နဲ့

http://www.dhammadownload.com

ရွှေပလ္လင်တော်ပေါ်မှာ ၇–ရက်လုံးလုံး သီတင်းသုံးတော်မူပါတယ်၊ ပလ္လင်ပေါ်မှာ ၇–ရက် သီတင်းသုံးလို့ "**ပလ္လင်္ကသတ္တာဟ**"လို့ ခေါ်ပါတယ်၊ အဲဒီနောက် ပလ္လင်ထက်မှ ထတော်မူကာ ဗောဓိပင်ရဲ့ မြောက်ဘက် တစ်ဆယ့်လေးလံ အကွာက ရပ်တော်မူပြီး "ဒီ ဗောဓိပင်နဲ့ ရွှေပလ္လင်ပေါ်မှာ သဗ္ဗညုတဉာဏ်ကို ရခဲ့တယ်"လို့ ကျေးဇူးတင်သောအနေဖြင့် ပလ္လင်တော်နဲ့ ဗောဓိပင်ကို မမှိတ်တဲ့ မျက်စိနဲ့ ၇–ရက်လုံးလုံး ကြည့်ရှုတော်မူပါတယ်၊ မျက်စိမမှိတ်ဘဲ ၇–ရက် သီတင်းသုံးလို့ "**အနိမိသသတ္တာဟ**"လို့ ခေါ်ပါတယ်။

အဲဒီလို ပလ္လင်တော်ကို စိမ်းစိမ်းကြီး ၇–ရက်လုံး ကြည့်ရှုနေတော့ တချို့နတ်ပြဟ္မာတွေက မြတ်စွာဘုရားအပေါ် ပလ္လင်ကို တပ်မက် စွဲလမ်းနေတယ်လို့ အထင်လွဲလာကြတယ်၊ ဒါကြောင့် သူတို့အထင်လွဲမှုကို ပယ်ဖျောက်တော်မူလိုတဲ့အတွက် ပလ္လင်္ကသတ္တာဟနဲ့ အနိမိသသတ္တာဟအကြားမှာ ရတနာအတိပြီးတဲ့ ရတနာစင်္ကြံပေါ်မှာ ၇–ရက် သီတင်းသုံးလို့ "**ရတနစင်္ကမသတ္တာဟ**"လို့ ခေါ်ပါတယ်၊ ထို့နောက် မဟာဗောဓိပင်မှ အနောက်မြောက်ဘက် အတောင် လေးဆယ်အကွာမှာ နတ်တို့ ဖန်ဆင်းအပ်တဲ့ ရတနာရွှေအိမ်တော်မှာ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူပြီး အဘိဓမ္မာ ၇–ကျမ်းကို ဆင်ခြင် သုံးသပ်တော်မူပါတယ်၊ နောက်ဆုံးကျမ်းဖြစ်တဲ့ ပဋ္ဌာန်းကျမ်းတော်ကြီးကို ဆင်ခြင် သုံးသပ်တော်မူတဲ့အခါမှာ ဉာဏ်တော်နဲ့ ဒေသနာတော် နှစ်ပါးပြိုင်မိတော့ အဆိုင်အဆိုင် အခိုင်အခိုင်နဲ့ ရောင်ခြည်တော် ခြောက်သွယ်တို့ဟာ မြိုင်မြိုင်ကြီး ပေါ်ထွက်လာပါတော့တယ်၊ ရွှေအိမ်တော်မှာ ၇–ရက် သီတင်းသုံးလို့ "**ရတနာဃရသတ္တာဟ**"လို့ ခေါ်ပါတယ်။

အဲဒီနောက်မှာ မဟာဗောဓိမှ အရှေ့မျက်နှာ သုံးဆယ့်နှစ်လံ အကွာအဝေးမှာရှိတဲ့ အဇပါလ ညောင်ပင်ရင်းမှာ သီတင်းသုံးတော်မူပါတယ်၊ အဲဒီအချိန်မှာ မာရ်နတ်ကြီးဟာ စစ်ရှုံးလို့ ထွက်ပြေးရပေမယ့် မြတ်စွာဘုရားကို တစေ့တစောင်း ချောင်းမြောင်းပြီး ကြည့်ရှုသော်လည်း အပြစ်မတွေ့တဲ့အတွက် စိတ်ပျက်ပြီး ထိုင်မှိုင်နေတဲ့အခါမှာ သူ့ရဲ့သမီးတော် သုံးယောက်က အကျိုးအကြောင်းမေးလို့ အဖြေကို သိတဲ့အခါမှာ ဒီကိစ္စအတွက် စိတ်မပျက်ဖို့နဲ့ သူတို့ မိန်းမမာယာနဲ့ လှည့်စားမယ့်အကြောင်း ပြောကြားပြီး သမီးသုံးယောက်က

Ko Oo'F/48-A

http://www.dhammadownload.com

မြတ်စွာဘုရားရှေ့သွားလို့ အမျိုးမျိုးသော ပရိယာယ် မာယာတွေနဲ့ လှည့်စားဖြားယောင်းကြပါတယ်၊ ဒါပေမယ့် ဘယ်ရတော့မလဲ၊ လောဘ ဒေါသ မောဟတွေကို အမြစ်ကစပြီး ပယ်ဖြတ်တော်မူထားတဲ့ မြတ်စွာဘုရားအတွက် ဒါတွေဟာ အလကားသက်သက်ဆိုတာ သူတို့က မသိရှာဘဲကိုး။

ဒီနေရာမှာ မောင်မယ်တို့ စဉ်းစားကြည့်စမ်းပါ၊ လောဘ ဒေါသ မောဟဆိုတဲ့ စိတ်အညစ်အကြေးတွေ ပေကျံနေတဲ့ သာမန်လူသာဆိုရင် မာရ်နတ်သမီး သုံးယောက်ရဲ့ ဖြားယောင်းမှုအောက်မှာ သပေါက်သားအဖြစ် ရောက်သွားဖို့ သေချာပါတယ်၊ မာရ်နတ်သမီး သုံးယောက်က မောဟဆိုတဲ့ မျက်မှန်စိမ်း လာတပ်တာ မဟုတ်လား၊ စိတ်အညစ်အကြေးတွေရှိတဲ့ လူသာဆိုရင် မျက်မှန်စိမ်း အတပ်ခံပြီး မြက်ခြောက်ကို မြက်စိမ်းထင်ပြီး စားမှာ သေချာတယ်၊ ရှင်တော်မြတ်ဘုရားကတော့ ကိလေသာဆိုတဲ့ စိတ်အညစ်အကြေးမှန်သမျှကို ဆေးကြောသုတ်သင် ဖြူစင်စေတော်မူပြီးတဲ့အတွက် ''နကမ္ပတိ'' ပေါ့ကွယ်၊ အဲဒီလို နကမ္ပတိ လုပ်နိုင်တာဟာ ဘာဖြစ်လို့လဲ ထပ်မေးရင် 'ကိလေသာ အညစ်အကြေးတွေ ကင်းလို့'လို့ အဖြေထွက်မှာပေါ့၊ တိုတိုဖြေတော့ ဝိရဇမင်္ဂလာနဲ့ ပြည့်စုံတော်မူလို့ ဖြစ်ပါတယ်၊ အဲဒီတော့ မာရ်နတ်သမီး သုံးယောက်ဟာလည်း လက်လျှော့ပြီး ပြေးကြရတယ်၊ အဇပါလ ညောင်ပင်ရင်းမှာ ၇–ရက် သီတင်းသုံးလို့ ''**အဇပါလသတ္တာဟ**''လို့ ခေါ်ပါတယ်။

အဲဒီနောက်တော့ မုစလိန္ဒာအိုင်အနီး ကျည်းပင်ကြီးရင်းမှာ သီတင်းသုံးတဲ့အခါမှာ အခါမဲ့မိုးကြီး သည်းထန်စွာ ရွာသွန်းလိုက်တဲ့အတွက် မုစလိန္ဒနဂါးမင်းကြီးက မြတ်စွာဘုရားကို မိုးဒဏ်နဲ့ အခြားပိုးမွှားဒဏ်များ မခံရလေအောင် ကိုယ်နဲ့ရစ်ပတ်ပြီး ပါးပျဉ်းကို ထီးလုပ်လို့ မိုးပေးထားပါတယ်၊ မုစလိန္ဒနဂါးမင်းရဲ့ ကိုယ်ပေါ်မှာ ၇–ရက် သီတင်းသုံးလို့ ''**မုစလိန္ဒသတ္တာဟ**''လို့ ခေါ်ပါတယ်၊ ထို့နောက် လင်းလွန်းပင်ရင်းမှာ ၇–ရက် သီတင်းသုံးတော်မူပါတယ်၊ အဲဒီလို လင်းလွန်းပင်ရင်းမှာ သီတင်းသုံးနေတုန်း ဥက္ကလာပဇနပုဒ်က တပုဿနဲ့ ဘလ္လိကတို့ ရောက်လာကြပါတယ်၊ ရွှေတိဂုံသမိုင်းက ဒီက စတယ်မဟုတ်လား၊ ကဲ–ဒါကိုတော့ ထားပါတော့၊ လင်းလွန်းပင်ရင်းမှာ ၇–ရက် သီတင်းသုံးလို့ ''**ရာဇာယတနသတ္တာဟ**''လို့ ခေါ်ပါတယ်၊ သတ္တာဟကို

http://www.dhammadownload.com

ပုဒ်ခွဲလိုက်တော့ သတ္တ–အဟလို့ ဖြစ်တယ်၊ သတ္တက–ခုနစ်၊ အဟက–ရက်၊ နှစ်ခုပေါင်းတော့ သတ္တာဟဆိုတာ ခုနစ်ရက်ကို ပြောတာ၊ သတ္တသတ္တာဟ ဆိုတာ ၄၉–ရက်ကိုပြောတာ၊ ၇ x ၇–လီ ၄၉–မဟုတ်လား။ မြတ်စွာဘုရား သတ္တသတ္တာဟ စံတော်မူတယ်ဆိုတာ ၇–ရက် x ၇–ကြိမ်= ၄၉–ရက် စံတော်မူတာကို ပြောခြင်းဖြစ်ပါတယ်၊ ကဲ– တော်ကြဦးစို့။

ကိလေသာမြူ ကင်းရမယ်

ဝိရဇခေါ်ဆို မင်္ဂလာတရားကို၊ မောင်မယ်အများ မှတ်သားကွယ်။
ရဇ–ဆိုတာ မြူညစ်ကြေးပေါ့၊ ဝိ–ဆိုတာက ကင်းရှင်းတယ်။

လောဘ,ဒေါသ မောဟတရားတို့၊ ကင်းရှင်းပါက ဝိရဇကွယ်။
မင်္ဂလာကို လက်တွေ့ကျင့်လို့၊ ရှေ့သို့တစ်ဆင့် တက်ရမယ်။

မိမိအကျိုး တိုင်းပြည်ကျိုး၊ သယ်ပိုး ရွက်ဆောင်ကွယ်။
အဲဒါကြောင့် မြူညစ်ကြေးများ ကင်းစင်ငြား၊ မှတ်သား မင်္ဂလာကွယ်။

"မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ"

မွေ့ဖျူဟာစာစောင်၊ အတွဲ(၈)–အမှတ်(၁)၊ အတွဲ(၄၆)အမှတ်(၂)

http://www.dhammadownload.com

http://www.dhammadownload.com

ဖုဋ္ဌဿ လောကဓမ္မေဟိ၊
စိတ္တံ ယဿ န ကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊
ဧတံ မင်္ဂလ မုတ္တမံ။

ဘောဒေဝပုတ္တ– အိုနတ်သား၊ **လောကဓမ္မေဟိ**– လောကဓံတရားရှစ်ပါးတို့နှင့်၊ **ဖုဋ္ဌဿ**– တွေ့ထသော၊ **ယဿ**– အကြင်ရဟန္တာပုဂ္ဂိုလ်၏၊ **စိတ္တံ**– ရမ္မက်ဟူသော မြူလည်းမရှိ၊ **ခေမံ**– ဘေးလည်းမရှိ၊ **အတ္ထိ**– ရှိ၏၊ **ဧတံ**– ဤလေးပါးသော တရားသည်လျှင်၊ **ဥတ္တမံ**– မြတ်စွာသော၊ **မင်္ဂလံ**– မင်္ဂလာမည်၏ ဟူ၍၊ **တွံ**– သင်နတ်သားသည်၊ **ဂဏှာဟိ**– မှတ်လေလော့။

ကဲ ဒီတစ်ပတ်တော့ မင်္ဂလာ နိဂုံးသတ်တော့မယ်၊ မပျက်မကွက် သင်တန်းဆုံးတဲ့အထိ ဖွဲကောင်းကောင်းနဲ့ လေ့လာမှတ်သားကြတဲ့ မောင်မယ်တို့တစ်တွေကို အထူးပဲ ကျေးဇူးတင် သာဓုခေါ်ပါတယ်၊ လက်ဦးကတော့ မင်္ဂလာနိဂုံးမှာ မင်္ဂလာတွေကို ပြန်ပြီး ညွှန့်ပေါင်းပို့ချဖို့ ရည်ရွယ်ထားခဲ့ပါသေးတယ်၊ ဒါပေမယ့် အကြောင်းမညီညွတ်တဲ့အတွက် ရည်ရွယ်ချက်ကို အကောင်အထည် မဖော်နိုင်တော့ပါဘူး။ ဒီသင်တန်း ပို့ချချက်များကို သီးခြားစာအုပ် ရိုက်နှိပ်ကြဖို့ အများက တိုက်တွန်းနေတဲ့အတွက် စုပေါင်းပြီး စာအုပ်အဖြစ် ရိုက်နှိပ်ဖို့ စီစဉ်နေပါတယ်၊ အဲဒီ စာအုပ်ကျမှပဲ ပြည့်ပြည့်စုံစုံ ထပ်လေ့လာကြဖို့ မေတ္တာရပ်ခံပါတယ်၊ တစ်လကျော်ကျော်လောက် အချိန်ယူပြီး ကောင်းသထက် ကောင်း၊ ပြည့်စုံ

http://www.dhammadownload.com

သထက် ပြည့်စုံအောင် ရေးသားပြီးနောက် တော်သလင်း သီတင်းကျွတ်လောက်မှာ စာအုပ်အဖြစ် ရောက်အောင် ပို့ဆောင်ပေးမယ့်အကြောင်း ထပ်လောင်း ကတိပြုပါတယ်။

ဒီသင်တန်း ပြီးသွားရင် ဘာဆက်ပြီး သင်တန်းဖွင့်ဦးမလဲလို့ အများက မျှော်လင့် မေးမြန်းနေကြပါတယ်၊ ဗုဒ္ဓဘာသာရဲ့ အခြေခံလမ်းစဉ်ဖြစ်တဲ့ ဒုစရိုက် ၁၀–ပါး၊ သုစရိုက် ၁၀–ပါး၊ ပုညကိရိယဝတ္ထု ၁၀–ပါး၊ ပါရမီ ၁၀–ပါးတို့ကို အစဉ်အတိုင်း တစ်ပါးချင်း၊ တစ်ခုချင်း သင်တန်းပို့ချဖို့ ရည်ရွယ်ထားပါတယ်၊ ဒါကြောင့် ဒုတိယဝါဆိုလပြည့်ကစပြီး ဆက်လက် သင်တန်းဖွင့်မယ့်အကြောင်း ကိုလည်း ကြိုတင် သတင်းကောင်းပါးလိုက်ပါတယ်၊ တစ်လုံး မှတ်မိ တစ်လုံး အကျိုးရှိနိုင်တာမို့ ယခုလိုပဲ မပျက်မကွက် ဆက်လက် လေ့လာကြလိမ့်မယ်လို့ မျှော်လင့် ယုံကြည်ပါတယ်၊ လူတော်လူကောင်း ဖြစ်မြောက်ရေးအတွက် ဗုဒ္ဓဘာသာက ညွှန်ကြားထားတဲ့ သူမြတ်လမ်းစဉ်တွေကို တိတိကျကျ သိထားဖို့ လိုပါတယ်၊ သို့အတွက် မင်္ဂလာကို လေ့လာပြီးတဲ့ မောင်မယ်တို့အနေနဲ့ အရှိန် မပျက် ဆက်လက် လေ့လာနိုင်အောင် လူတော်လူကောင်း ဖြစ်မြောက်ရေး အတွက် ဗုဒ္ဓဘာသာက ညွှန်ကြားထားတဲ့ ''**သူမြတ်လမ်းစဉ်**''များကို လက်တွေ့ ကျတဲ့ ဖြစ်ရပ်များနဲ့ နှိုင်းယှဉ်ပြီး စိတ်ဝင်စားဖွယ်ရာ ကြိုးစား ပို့ချမည့်အကြောင်း သတင်းလက်ဆောင် ပါးလိုက်ပါတယ်။

ကဲ–သင်တန်းစကြစို့။

http://www.dhammadownload.com

၃၈။ ခေမံ

(ကြောက်လန့်ဖွယ် ဘေးမရှိရေးခေမံလာ)

''မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ''

ကိလေသာ အာသဝေါ ကင်းကွာတော်မူပြီးတဲ့ ရဟန္တာအရှင်မြတ်ကြီးတို့ရဲ့ စိတ်တော်ဟာ 'နကမ္ပတိမင်္ဂလာ'နဲ့လည်း ပြည့်စုံတယ်၊ 'အသောကမင်္ဂလာ'နဲ့လည်း ပြည့်စုံတယ်၊ 'ဝိရဇမင်္ဂလာ'နဲ့လည်း ပြည့်စုံတော်မူကြတယ်၊ အဲဒီလို တုန်လှုပ်မှု မရှိခြင်း၊ စိုးရိမ်မှုမရှိခြင်း၊ ရမ္မက် မရှိခြင်းတို့ကြောင့် ဘေးဟူသမျှတို့မှလည်း ကင်းရှင်းတယ်လို့ ဆက်လက် ညွှန်ကြားလိုတဲ့အတွက် ''**ခေမံ**''လို့ နိဂုံးသတ် မိန့်ကြားတော်မူပါတယ်၊ ဘေးရန်မရှိတော့တာကို **ခေမ**-လို့ ခေါ်တယ်၊ အဋ္ဌကထာအရ တိတိကျကျ ပြောရရင်တော့ ယောဂလေးပါး ကုန်ဆုံးသွားတာကို ''ခေမ''လို့ ခေါ်ပါတယ်၊ ယောဂဆိုတာ ပူးကပ်ယှဉ်တွဲတဲ့ သဘောတရားကို ဆိုလိုပါတယ်၊ သရုပ်တွေတော့ ထုတ်မပြတော့ပါဘူး၊ လိုရင်းအချုပ်ကတော့ လောဘ၊ ဒေါသ၊ မောဟ စတဲ့ အကုသိုလ် အသင်းအပင်းတွေ ကုန်ဆုံး ပျောက်ကွယ်သွားတာကို ''ခေမ''လို့ ခေါ်ပါတယ်၊ အကုသိုလ် မကင်းသမျှ ဘေးရန်တွေ ဘယ်တော့မှ မကင်းဘူး၊ အကုသိုလ် ကင်းသွားရင် ပစ္စုပ္ပန်ဘေးရန်ကော၊ သံသရာဘေးရန်ကော ဘာမှ မရှိတော့ဘူး၊ ဒီသဘောကိုယူပြီး ရှေးဆရာများက ''**ခေမံ–ဘေးမရှိ**''လို့ ဘာသာပြန် တော်မူကြပါတယ်။

နကမ္ပတိ၊ အသောက၊ ဝိရဇ၊ ခေမံဆိုတဲ့ မင်္ဂလာ လေးပါးဟာ ရဟန္တာအရှင်မြတ်ကြီးတို့ရဲ့ စိတ်တော်နဲ့သာ သက်ဆိုင်တဲ့ မင်္ဂလာများဖြစ်ပါတယ်၊

http://www.dhammadownload.com

တစ်နည်းအားဖြင့် အကျိုးပြုမင်္ဂလာ (သို့မဟုတ်) ပန်းတိုင်မင်္ဂလာများ ဖြစ်ပါတယ်၊ အသေဝနာကစပြီး တစ်ပါးချင်း၊ တစ်ထစ်ချင်း ချိတက်လာရင် နောက်ဆုံးကျရင် ဒီပန်းတိုင်ကို ရောက်ပါတယ်၊ ဒါကြောင့် ဒီမင်္ဂလာတွေနဲ့ ပြည့်စုံချင်ရင် နောက်ကမင်္ဂလာတွေနဲ့ ပြည့်စုံအောင် အရင် ကြိုးစားရပါမယ်၊ မင်္ဂလာဟာ လူ့ဘဝ လမ်းကြောင်းကို ဖြောင့်ဖြောင့်ကြီး မျဉ်းသားပေးထားပါတယ်၊ အဲဒီ မင်္ဂလာမျဉ်းဖြောင့်အတိုင်း မှန်မှန်ကြီး ချိတက်လာရင် ဘာမှ အကွေ့အကောက်မရှိဘဲ ပန်းတိုင်ကို မုချရောက်မှာ သေချာတဲ့အတွက် ဆရာတို့မောင်မယ်တို့တစ်တွေဟာ မင်္ဂလာ ၃၈–ပါးကို တစ်ပါးချင်း ပြန်လည် သုံးသပ်ပြီး ပေါင်းသင်းဆက်ဆံရေးအတွက် ဘယ်မင်္ဂလာများကို လက်တွေ့ ကျင့်ရမယ်၊ ပညာရေးအတွက် ဘယ်မင်္ဂလာများကို လက်တွေ့ ကျင့်ရမယ်၊ စီးပွားရေးအတွက် ဘယ်မင်္ဂလာများကို လက်တွေ့ကျင့်ရမယ်၊ အိမ်ထောင်ရေးအတွက် ဘယ်မင်္ဂလာများကို လက်တွေ့ကျင့်ရမယ်၊ လူမှုရေးအတွက် ဘယ်မင်္ဂလာများကို လက်တွေ့ကျင့်ရမယ်၊ လောကီရေးအတွက် ဘယ်မင်္ဂလာများကို လက်တွေ့ ကျင့်ရမယ်၊ လောက လွတ်မြောက်ရေးအတွက် ဘယ်မင်္ဂလာများကို လက်တွေ့ကျင့်ရမယ်ဆိုတဲ့ အချက်တွေကို အကွက်ကျကျ စနစ်တကျ နားလည် အသုံးချတတ်ဖို့ လိုပါတယ်။

ဒီလို မင်္ဂလာတွေကို သူ့ကဏ္ဍနဲ့သူ စနစ်တကျ အသုံးချမယ်ဆိုရင် လောကီကြီးပွားရေး၊ လောကုတ္တရာ ကြီးပွားရေးတွေကို မုချပြီး နောက်ဆုံးမှာ ခေမံ–ဆိုတဲ့ ပန်းတိုင်ကို အလွယ်ကလေးနဲ့ ရောက်မှာ သေချာပါတယ်၊ ဒါကြောင့် နောက်ကမင်္ဂလာတွေကို တစ်ပါးချင်း ပြန်လည် လေ့လာပြီး သူ့နေရာနှင့်သူ အကွက်ကျကျ အသုံးချကြဖို့ နောက်ဆုံး တိုက်တွန်းခဲ့ပါတယ်။

ကဲ ဒီတစ်ပတ် မင်္ဂလာသင်ခန်းစာအဖြစ် ဇာတ်လမ်းကိုတော့ တစ်ချက်ခုတ် နှစ်ချက်ပြတ်သဘောနဲ့ မင်္ဂလာဇာတ်လမ်းကိုပဲ ပြောပြပါမယ်၊ မောင်မယ်တို့ကို မင်္ဂလာဖြစ်ပေါ်လာပုံ ဇာတ်လမ်းကို မပြောရသေးဘူး မဟုတ်လား၊ ပြီးတော့ မင်္ဂလာအနက်မှာပါတဲ့ ဘောဒေဝပုတ္တ– အို နတ်သားဆိုတာကိုလည်း မောင်မယ်တို့ကို ရှင်းမပြရသေးဘူး။ ဒါကြောင့် မင်္ဂလာအဆုံးကို မင်္ဂလာအစနဲ့ ပြန်ပြီး ဂဟေဆက် နှုတ်ခမ်းသတ်ပါမယ်၊ ကဲ–နားထောင်။

http://www.dhammadownload.com

ဝေ်လာဆောင်လမ်း

သရုပ်ဖော်ပုံနဲ့ မင်္ဂလာကို အံကိုက်အောင်တော့ ခပ်တိုတိုပဲ ပြောပါမယ်၊ မင်္ဂလာတရားတော်ကို ဟောကြားတော်မူတဲ့ မြတ်စွာဘုရားရဲ့စိတ်တော်မှာ ယောဂလေးပါး (ကိလေသာ) ချုပ်ငြိမ်း ကွယ်ပျောက်နေတဲ့အတွက် "**ခေမံ**" ဖြစ်ပါတယ်၊ ဆရာတို့တစ်တွေဟာလည်း နောက်ဆုံးမှာ ယောဂလေးပါး (ကိလေသာ) ချုပ်ငြိမ်းအောင် ကြိုးစားကြရပါမယ်၊ ပြီးတော့ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးဟာ အသေဝနာအစ ခေမံအဆုံး ၃၈–ပါးသော မင်္ဂလာ တရားတော်များကို ဟောကြားတော်မူပါတယ်၊ အဲဒီလို ခေမမင်္ဂလာအထိ ဟောကြားတော်မူတဲ့ သဘောကလေးကိုယူပြီး သရုပ်ဖော်ပုံနဲ့ ခေမံကို တွဲစပ် ကြည့်လိုက်ရင် အဓိပ္ပာယ် ပေါ်လောက်ပြီလို့ ယူဆပါတယ်။

ကဲ မင်္ဂလာဇာတ်လမ်း ဆက်ကြရအောင် . . .၊ မင်္ဂလာဇာတ်လမ်းဟာ အများအားဖြင့် ကြားဖူးကြတာ များပါတယ်၊ ဒါကြောင့် လိုရင်းလောက်ပဲ ပြောပါမယ်၊ မင်္ဂလာတရားတော်ဟာ လွယ်လွယ်ကူကူနဲ့ ပေါ်လာတဲ့ တရား တော် မဟုတ်ဘူးကွယ့်၊ ၁၂–နှစ်လုံးလုံး လူတွေ နတ်တွေ အငြင်းအခုံဖြစ်ပြီးမှ ခက်ခက်ခဲခဲ ပေါ်ထွက်လာရတဲ့ တရားတော်ဖြစ်တယ်၊ ပြဿနာအစကတော့ ဒီလိုပါ၊ လူတွေဟာ မင်္ဂလာအယူအဆနဲ့ ပတ်သက်ပြီး အမျိုးမျိုး တွေးခေါ် ယူဆ ပြောဆိုကြတယ်၊ အချို့ကလည်း ကောင်းကောင်းမြင်ရတာကို မင်္ဂလာ၊ ကောင်းကောင်းကြားရတာကို မင်္ဂလာ၊ ကောင်းကောင်း စားရတာကို မင်္ဂလာ စသည်ဖြင့် ကိုယ့်အကြိုက် ကိုယ့်သဘောလေးတွေကိုပဲ အတ္တစွဲ ပြင်းစွာနဲ့ မင်္ဂလာအဖြစ် သတ်မှတ်ပြောဆို ငြင်းခုံကြသတဲ့၊ တစ်စတစ်စနဲ့ ဒီမင်္ဂလာ ပြဿနာဟာ ကြီးမားလာပြီး လူတွေသာမက နတ်တွေပါ ကူးစက်ပြီး ပြော ကြ ဆိုကြ ငြင်းခုံကြတယ်၊ နောက်ဆုံးတော့ ဒီပြဿနာဟာ သိကြားမင်းထံ အဆုံးအဖြတ်ခံဖို့ ရောက်သွားသတဲ့။

သိကြားမင်းကလည်း ဒီပြဿနာကို မြတ်စွာဘုရားမှသာ တိတိကျကျ ဖြေကြားနိုင်မှာကို သိတဲ့အတွက် နတ်သားတစ်ယောက်ကို စေလွှတ်ပြီး မြတ်စွာ ဘုရားထံ မင်္ဂလာပြဿနာကို လျှောက်ကြား မေးမြန်းစေပါတယ်၊ အဲဒီအချိန်မှာ

http://www.dhammadownload.com

မြတ်စွာဘုရားက သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံး နေတော်မူပါတယ်၊ နတ်သားဟာ ညသန်းခေါင် အချိန်မှာ ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာနဲ့ မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး လျှောက်ပတ်တဲ့နေရာမှာ မတ်တတ်ရပ် လက်အုပ်ချီပြီး "အရှင်မြတ်ဘုရား လူတွေရော နတ်တွေပါ မင်္ဂလာပြဿနာကို ၁၂-နှစ်လုံးလုံး ကြံစည် ပြောဆိုကြသော်လည်း အဖြေမှန်ကို မသိကြပါဘုရား၊ သို့အတွက် မင်္ဂလာအစစ်အမှန် (အဖြေမှန်)ကို ဟောကြားပြသတော်မူပါဘုရား"လို့ တောင်းပန် လျှောက်ထားပါတယ်၊ အဲဒီတော့မှ မြတ်စွာဘုရားက အသေဝနာကစပြီး ခေမတိုင်အောင်သော ၃၈-ဖြာ မင်္ဂလာတရားတော်ကို ဟောကြားတော်မူပါတယ်။

ဇာတ်လမ်းအကျဉ်းချုပ်ကတော့ ဒါပါပဲ...၊ အဲ ဒီအထဲမှာပဲ ထပ်ရှင်းပြစရာလေးတွေ နည်းနည်း ရှိနေပါတယ်၊ မင်္ဂလာနိဒါန်းပါဠိမှာ **အညတရ ဒေဝတာ**- မထင်ရှားတဲ့ နတ်သားတစ်ဦးကလာပြီး လျှောက်ကြားတယ်လို့ ပါပါတယ်၊ အဲဒါကို တချို့ကလည်း အညတရဒေဝတာအရ သိကြားမင်းလို့ ကောက်ယူကြပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မြတ်စွာဘုရားဟာ ညဦးပိုင်း ရဟန်းတော်များကို တရားဟောပြီးတဲ့အခါ ကျောင်းတော်ပေါ်မှာ အညောင်းအညာ ဖြေတော်မူတဲ့အနေနဲ့ လျောင်းတော်မူပါတယ်၊ ည ၁၀-နာရီ ၁၁-နာရီလောက်မှာ ဗြဟ္မာမင်းကြီးများ လာရောက် ဖူးမြော် တရားနာလေ့ ရှိပါတယ်၊ သန်းခေါင်အချိန်မှာတော့ သိကြားမင်း လာရောက် ဖူးမြော် တရားနာလေ့ မေးမြန်းလေ့ ရှိပါတယ်၊ ဒီအစဉ်အလာကို ကြည့်ပြီး မင်္ဂလာပြဿနာ လျှောက်ထားချိန်ဟာ သန်းခေါင်ချိန်ဖြစ်လို့ အညတရဒေဝတာအရ သိကြားမင်းကို ကောက်ယူကြပါတယ်၊ အချို့ကတော့ သူ့မူရင်းအတိုင်း သာမန်နတ်သားတစ်ယောက်လို့ပဲ ကောက်ယူကြပါတယ်။

အမှန်ကတော့ ဒီလိုပါ...၊ သိကြားမင်းက နတ်သားတစ်ယောက်ကို ကြိုတင် စေလွှတ် လျှောက်ထားစေပြီး နောက် မကြာခင်မှာပဲ နတ်ပရိသတ်အခြွေအရံ များစွာနဲ့ မင်္ဂလာတရားတော်ကို ဇေတဝန်ကျောင်းတော်မှာ သွားရောက် နာကြားခြင်းဖြစ်ပါတယ်၊ ဒါကြောင့် အညတရဒေဝတာအရ သာမန်နတ်သားတစ်ယောက်ပဲ ဖြစ်ပါတယ်၊ အညတရ နတ်သားက လျှောက်ကြား

http://www.dhammadownload.com

ပေမယ့် သိကြားမင်းက လျှောက်ကြားခိုင်းတဲ့အတွက် ရှေးဆရာများက ''သက္က သိကြား၊ တောင်းပန်ငြား၊ ဟောကြားဒေသနာ''လို့ မိန့်တော်မူခြင်း ဖြစ်ပါတယ်၊ ဒီသဘောကိုယူပြီး ရှေးဆရာများက ဘောဒေဝပုတ္တ– အိုနတ်သားလို့ အာလုတ် ပုဒ် ထည့်ထားခြင်း ဖြစ်ပါတယ်။

ဒါလောက်ဆိုရင် ရှင်းလောက်ပါပြီ၊ ဗဟုသုတအနေနဲ့ မှတ်သားဖို့က တော့ နတ်သားဟာ ကိုယ်ရောင်ကိုယ်ဝါနဲ့ ဇေတဝန်ကျောင်းတော်ကြီးကို လင်း ထိန်သွားစေတယ်လို့ ပါဠိမှာ ပါပါတယ်၊ ဒါပေမယ့် မြတ်စွာဘုရား ရှေ့မှောက် ရောက်လာရင် ဘယ်နတ် ဘယ်ဗြဟ္မာဖြစ်စေ နေရောင်အောက် ပိုးစုန်းကြူး ရောင် ပျောက်သလို ဖြစ်သွားရပါတယ်၊ ကဲ တခြား သိမှတ်ဖွယ်ရာများကို တော့ ''ပိတ်ကားပေါ်မှာ ဆက်လက် ရှုစားတော်မူပါ''ဆိုတဲ့ ကြော်ငြာအတိုင်း စာအုပ်ကျမှပဲ ထပ်မံပြီး ဆက်လက် လေ့လာကြဖို့ တိုက်တွန်းလိုက်ပါတယ်။

ကိလေသာငြိမ်း ဘေးကင်းမယ်

သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားကို၊ လိုက်နာကျင့်သုံး များမောင်မယ်။
လောဘ,ဒေါသ မောဟများနဲ့၊ ကိလေသာငြိမ်း ဘေးကင်းမယ်။

ဘေးကင်းရာကို 'ခေမံ'မှတ်ကွယ့်၊ ဒေသနာမြတ် ညွှန်ပြတယ်။
မင်္ဂလာကို လက်တွေ့ကျင့်လို့၊ ရှေ့သို့တစ်ဆင့် တက်ရမယ်။

မိမိအကျိုး တိုင်းပြည်ကျိုး၊ သယ်ပိုးရွက်ဆောင်ကွယ်။
အဲဒါကြောင့် ကိလေသာများ ချုပ်ငြိမ်းသွား၊ မှတ်သား မင်္ဂလာကွယ်။

နိဂုံးမသတ်မီ အထူး ပြောကြားလိုတာကတော့ သင်ကြား လေ့လာပြီးတဲ့ မင်္ဂလာတရားတော်များကို ပြီးပြီးပျောက်ပျောက် သဘောမထားကြဘဲ ကိုယ် ပေါ်အရောက် ကာယကံမြောက် လက်တွေ့ကျင့်သုံးခြင်း၊ နှုတ်ပေါ် အရောက် ဝစီကံမြောက် နှုတ်တွေ့ ကျင့်သုံးခြင်း၊ စိတ်ပေါ်အရောက် မနောကံမြောက် စိတ်တွေ့ ကျင့်သုံးခြင်းတို့ကို ပြုကြဖို့ အလေးအနက် ပန်ကြားပါတယ်။

ဒီသင်တန်းကာလအတွင်း ပြောမှား၊ ဆိုမှား၊ ရေးမှားတာများရှိရင် လည်း သည်းခံ ခွင့်လွှတ်ကြဖို့ အနူးအညွတ် တောင်းပန်ပါတယ်၊ ပြီးတော့

http://www.dhammadownload.com

ဆရာတို့ အစဉ်အလာအရ တစ်ယောက်နဲ့တစ်ယောက် ဘယ်မှာတွေ့တွေ့ လက်အုပ်ချီပြီး ''မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေ''လို့ နှုတ်ခွန်းဆက်ဖို့လည်း သတိမမေ့စေချင်ပါဘူး။ ဒီ နိဝါတဟာ ဘယ်လောက်အထိ အောင်မြင်မှု ရနိုင်တယ်ဆိုတာကို လက်တွေ့ ကျင့်သုံးကြည့်ရင် သိပါလိမ့်မယ်၊ ဒါကြောင့် တစ်ဦးနဲ့ တစ်ဦး လက်အုပ်ချီပြီး နှုတ်ဆက်ကြဖို့ကိုလည်း ထပ်မံပန်ကြားပါတယ်၊ အောက်ပါ ပါဠိတော်ကို ရွတ်ဆိုပြီး သင်တန်းနိဂုံးသတ်ကြရအောင် ...။

" ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု "

ဗုဒ္ဓသာသနံ- မြတ်စွာဘုရားသခင်၏ ဆုံးမမြွက်ဖော် တရားတည်းဟူသော သာသနာတော်မြတ်ကြီးသည်၊ **စိရံ**- အနှစ်ငါးထောင် ကာလကြာလေအောင်၊ **တိဋ္ဌတု**- အရှည်ခံ၍ တည်တံ့တော်မူပါစေသတည်း''

ကဲ-အားလုံး မတ်တပ်ရပ် .. လက်အုပ်ချီ ..။

''မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ''

ကလေးအရွယ် လိမ္မာနှင့်ပါမှ

ကလေးအရွယ် လိမ္မာနှင့်ပါမှ၊ ကြီးရင့်က လိမ္မာမည်။
မလိမ္မာ ပြည်ထောင်စုကြလျှင်၊ ကောင်းမှု မတည်။
ကလေးတို့ နေပြည်၊ တည်စေဖို့ စိတ်စော။
နံနက်မင်္ဂလာနဲ့၊ နေ့မကွာ ညဉ့်ပါသုံးလို့ ရယ်ကွယ်၊
ပြုံးကြစေသော် ...

တောင်ညိုမဟာဂန္ဓာရုံဆရာတော်ဘုရားကြီး

မွေ့ဗျူဟာစာစောင်၊ အတွဲ(၈)-အမှတ်(၂) (၂၉-၆-၁၉၆၉)၊
အတွဲ(၄၆)အမှတ်(၃)

သာကိန္ဒယ

http://www.dhammadownload.com

http://www.dhammadownload.com